ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

နဝမတွဲ

{ ပဏ္ဏာသနိပါတ် နိလိနီဇာတ်မှ-အသီတိနိပါတ်
မဟာသုတသောမဇာတ် အထိ၊ ဇာတ်ပေါင်း ၁၂။ }

မဟာပညာဗလ-ပဌမကျော်ဦးကြီးဖေ
ရေးသားစီရင်သည်။

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈
[ဟံသာဝတီ]

# နိဒါန်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော် ကောင်း ဥးသည်။စိရံ၊ကြာမြင့်စွာ။တိဋ္ဌတု၊ တည်ပါစေသတည်း။

## နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟော ကြားခတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ ဘွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ် ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး အခဏ်းပေါင်း နှစ်ဆယ့်တခဏ်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ် တို့ဖြင့် တန်ဆာဆင်ကာ ဟော ကြား ထားပါသည်၊ မဟာ နိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့် ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျော့နေ သော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ် စ[illegible]ကြ ါသည်။

### အဋ္ဌကထာ

[illegible]ကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ [illegible]ိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်- မထေရ် ပြုစီရင်တော်မူသည်၊ [illegible]၃၀) လောက်တွင် မြန်မာပြည် [illegible]သို့ ရောက်လာသည်၊ သာသနာ

သက္ကရာဇ် (၁၆၀၀) ကျော်၊ ကောဇာသက္ကရာဇ်(၄၀၀) ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တပြည်လုံး ဘဖြည်းဖြည်းပျံ့နှံ့ခဲ့ပါသည်။

## ဋီကာများ

ပါဠိဇာတ်ဋီကာတို့တွင်လီနတ္ထပကာသနီမည်သောဋီကာ ဟောင်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးတော်မူသော ဆရာဓမ္မပါလမထေရ် ပြုစီရင် တော်မူသည်၊ အသမ္မောဟဝိလာသိနီမည်သော ဋီကာသစ်ကိုကား၊ မြန်မာပြည်ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်း လက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးတော်မူသော "ပညာသာမိ သိရိကဝိဇမဟာ ဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ မောင်းထောင်ကြီးရွာ ဇာတိ ဒုတိယမောင်းထောင်[illegible]တော် ပြုစီရင်တော် မူပါသည်။

## နိသျနှင့်ဂဏ္ဌိများ

ပါဠိဇာတ် ပါဠိတော် နိသျနှင့် အဋ္ဌကထာနိသျများ ဆရာတော် အသီးသီးတို့ စီရင်တော်မူကြသည်၊ ဇာတက ဝိသောဓနီခေါ် ပါဠိဇာတ်ဂဏ္ဌိကို စစ်ကိုင်းမြို့ ထုပ်[illegible] တော်ဒါယကာ နရပတိမင်းလက်ထက် ပင်းယမြို့[illegible] အင်းရွာဇာတိ အရိယဝံသဓမ္မသေနာပတိမထေရ် ပြုစီ[illegible] တော်မူပါသည်။

## ဝတ္ထုများ

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုကို ဒိပဲယင်းမြို့ မုံတိုင်ဆရာတော်ပြုစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတွင် အဆိုရှိသည်၊ စာအုပ်ရိုက်၍ ယခုသုံးစွဲလျက်ရှိသော ငါးရာ့ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုကိုကား၊ ဘိုးတော်မင်းတရားလက်ထက် ကောဇာသက္ကရာဇ် (၁၁၈၁) ခုတွင် မင်္ဂလာဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယ ညောင်ကန်ဆရာတော်- ပြုစီရင်တော်မူပါသည်။

## အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ် ဇာတ် ဝတ္ထုတို့မှာ ဓမ္မကြောင်း, လောကကြောင်း,ရာဇကြောင်း စုံလင်လှသည်၊ စီးပွါးရေး,ကြီးပွါးချမ်းသာရေး,ကျန်းမာရေး, ပညာဉာဏ်ဗဟုသုတတိုးပွါးရေး, လိမ္မာယဉ်ကျေးရေး, ပေါင်းသင်းဆက်ဆံရေး စသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်၊ မှတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရအမျိုးမျိုးနှင့် ပြည့်စုံလှလောက်သည်၊ ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတို့၌ လိမ္မာကျွမ်းကျင်ပါလျှင်၊ သူတပါးတို့ မှီခိုအားထားရာ, ကိုးကွယ်ရာ,ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတို့ဖြစ်လာနိုင်ပါသည်။

## ရှေးခေတ်အခါ

ရှေးခေတ်အခါက ပျို့,ကဗျာ,လင်္ကာ,ချောင်း,မော်ကွန်း, ဘွဲ့မိုင်း,သံပိုင်း, ရတု,သီချင်းကြီး, သီချင်းခံ,ကြိုး,ပတ်ပျိုး,

ယိုးဒယားစသည်တို့ကို ဖန်တီးကြသော ကဗျာ့ပါရဂူကြီးတို့မှာ၊ ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတခုခုကိုပင် မူတည်ကြရသည်၊ ဝတ္ထု, ပုံပြင်, ပြဇာတ်စသည်တို့ကို ရေးသားကြသော ပညာရှိတို့လည်း ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတို့ကို အမှီပြု၍ ရေးသားကြရသည်၊ ကပြသော ပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခန်း, လွမ်းခန်း, ဆွေးခန်း၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ဖော်၍ သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရပါသည်။

## အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လို ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေးဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိဿျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသောကြောင့် ပညာဗဟုသုတလိုလား ရှာမှီးသူများ အတွက် အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြစ်သော နိပါတ်ဇာတ်နိဿျ, ဝတ္ထုစကားပြေတို့လည်း ဇာတ်ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသာဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမပြစ်ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်း, စကားအသုံးအနှုန်း ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ်လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှား သော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည် ခဲ့ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီ ညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

## သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည် လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့် အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ် လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည် ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရ ပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေး သားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန် ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင် ခြင်းသို့ ရောက်ခဲ့ပါသည်။

## ဥယျောဇဉ်

အို–ပညာရှိ သူတော်ကောင်း အပေါင်းတို့···· အနှစ် သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော် စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ, လော

ကုဿုရာ ပညာဗဟုဿုတနှင့် ပြည့်စုံကြလျက် လူအများတို့ အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်,သံသရာ,အတ္တ,ပရ နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ဟု ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပါသတည်း။

ဦးကြီးဖေ-ပဌမကျော်

# မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

## ပဏ္ဏာသနိပါတ်


၅၂၆။ နိဠိနိဇာတ် .... ၁

ဣသိသိင်္ဂရသေ့ငယ်၏ အကျင့်သီလ ပြင်းပြသည်ကို သိကြားမင်းသည် မိမိစည်းစိမ်အတွက် စိုးရိမ်ခြင်းရှိသည်ဖြစ်၍ ဗြဟ္မဒတ်မင်း၏သမီးတော် နိဠိနီမင်းသမီးဖြင့် ဣသိသိင်္ဂရသေ့ငယ်အား ဖျက်ဆီးစေသောအကြောင်း။

၅၂၇။ ဥမ္မာဒန္တီဇာတ် .... ၂၀

တန်ဆောင်မုန်းလပြည့်နေ့ ညဉ့်အချိန် နက္ခတ်ပွဲလှည့်လည်ကြည့်ရှုစဉ် ဥမ္မာဒန္တီကိုတွေ့မြင်ရ၍ မူးမေ့ပြီး ယောင်ယမ်းမြည်တမ်းနေသော သိဝိမင်းကြီးအား အဘိပါရကစစ်သူကြီးက ဥမ္မာဒန္တီကိုပေးဆက်သော်လည်း တရားမင်းဖြစ်၍ လက်မခံဘဲ တရားနှင့်ဆင်ခြင်ကာ ကိလေသမက်ဆိုးကို ပယ်ဖျက်သောအကြောင်း။

၅၂၈။ မဟာဗောဓိ ပရိဗ္ဗာဇကဇာတ် ... ၄၃

အလောင်းတော် ဗောဓိပရိဗိုဇ်သည် မိစ္ဆာဒိဋ္ဌိအမတ်တို့ ကုန်းတိုက်သဖြင့် အကြည်ညိုပျက်နေသောမင်းအား မိစ္ဆာဒိဋ္ဌိအယူများကို ပယ်ရှားစေ၍ မင်းတို့ကျင့်ရာတရားများကို ပြသလျက် တောသို့ထွက်ခွါကြွတော်မူသောအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

## သဋ္ဌိနိပါတ်

၅၂၉။ သောဏကဇာတ် ... ၇၉

ပညာသင်ဘက် အဆွေခင်ပွန်းဖြစ်သော အရိန္ဒမမင်းနှင့် သောဏကပုဏ္ဏားတို့ တက္ကသိုလ်ပြည်မှ အပြန် ဗာရာဏသီပြည်၌ အရိန္ဒမမင်းသားမင်းဖြစ်ပြီး သောဏကပုဏ္ဏား အရှင်ပစ္စေကဗုဒ္ဓါဖြစ်၍ မင်းကြီးအားတရားပြသရာ အရိန္ဒမမင်းကြီး တောထွက်တော်မူသော အကြောင်း။

၅၃၀။ သံကိစ္စဇာတ် ... ၁၀၀

အဘကိုသတ်မိ၍ ပူပန်သောက ရောက်နေသော ဗြဟ္မဒတ်မင်းအား အဆွေတော်ဖြစ်ဘူးသော သံကိစ္စရသေ့သည် ငရဲကျရောက်ရသောအပြစ်နှင့် ငရဲခံရပုံအမျိုးမျိုးကိုရင်း နတ်ချမ်းသာခံရပုံကိုရင်း ပြသ၍ မင်းကြီးအား သက်သာရာရစေသော အကြောင်း။

## သတ္တတိနိပါတ်

၅၃၁။ ကုသဇာတ် ... ၁၂၀

မိမိအားမချစ်မကြိုက်သော ပဘာဝတီမင်းသမီးကို မိမိပိုင်နက်အတွင်း မဒ္ဒရာဇ်မင်း၏ သမီးတော်ဖြစ်၍အာဏာပြပြီး သိမ်းပိုက်နိုင်သော်လည်း မသိမ်းပိုက်မူ၍ သူ့အလိုလိုက်ကာ ချစ်ကြိုက်အောင်ဆင်းရဲခံသော ကုသမင်းအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅၃၂။ သောဏနန္ဒဇာတ် ... ၁၀၁

ညီတော်နန္ဒရသေ့ငယ်သည် နောင်တော်သောဏရသေ့ထက် ရှေဦးစွာ မိဘတို့အား လုပ်ကျွေးသဖြင့် နောင်တော်ကဒဏ်ထား၍ နှင်လိုက်ရာ တရာ့တပါး သောမင်းတို့နှင့် အတူလာရောက်ကာ နောင်တော်အား ကန်တော့သောအကြောင်း။

## အသီတိနိပါတ်

၅၃၃။ စူဠဟံသဇာတ် ... ၂၁၀

ဓတရဋ္ဌဟံသာမင်း ကျော့ကွင်းတွင်မိရာ အခြံအရံဖြစ်သော ကိုးသောင်းခြောက်ထောင်သောဟံသာတို့ ဟံသာမင်းကိုစွန့်၍ ပြေးကြသော်လည်း သုမုခမည်သော ဟံသာစစ်သူကြီးသည် သေဘေးကိုပမာဏမထား ဟံသာမင်းအနီးမှာပင်နေလျက် မုဆိုး၏အဖမ်းကိုခံကာ တရားဟောသဖြင့် သေဘေးမှလွတ်မြောက်ခြင်းအကြောင်း။

၅၃၄။ မဟာဟံသဇာတ် ... ၂၃၅

သံယမမင်းကြီး၏ ခေမာမည်သောမိဖုရား ချင်ခြင်းတောင့်တချက်အရ ရေကန်ဖန်ဆင်း၍ မုဆိုးကိုဖမ်းစေရာ ဓတရဋ္ဌဟံသာမင်းကျော့ကွင်းတွင်မိသဖြင့် သုမုခမည်သော ဟံသာစစ်သူကြီးလည်း အဖမ်းခံ၍ မင်းကြီးအားတရားဟောသောအခါ သုမုခတရားကို မင်းမိဖုရားတို့ မနှစ်သက် ဓတရဋ္ဌ ရွှေဟံသာမင်း တရားကိုသာ နှစ်သက်၍ မိဖုရားအာသာပြေသဖြင့် ရွှေနန်းစည်းစိမ်ကို အပ်နှင်းခြင်းအကြောင်း။

## မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၅၃၅။ သုဓာဘောဇနဇာတ် ... ၂၅၈

ကောသိယရသေ့ကြီးအား သိကြားမင်း ပေးလှူအပ်သော တဆယ့်နှစ်ပါးသောဂုဏ်နှင့် ပြည့်စုံသည့် နတ်သုဓာဘုဇ်ကို သူ့ဘပါးကို တဆင့်ပေးလှူပြီးမှ စားမည်ဟု အလှူခံမြတ်ကို တောင့်တနေစဉ် သိရီ, အာသာ, သဒ္ဓါ, ဟိရီမည်သော နတ်သမီးလေးယောက်တို့ အလှူခံလာသည်တွင် အရှက်အကြောက်ရှိသော ဟိရီနတ်သမီးအား လှူဒါန်းခြင်းအကြောင်း။

၅၃၆။ မဟာကုဏာလဇာတ် ... ၂၈၁

မဟာကုဏာလ မည်သော ဥဩငှက် မင်းသည် အဆွေတော်ဖြစ်သော ဖုဿမည်သော ဥဩငှက်အား မိန်းမတို့၏အပြစ်နှင့် မိန်းမတို့၏မာယာလေးဆယ် မိန်းမတို့၏အကြောင်းအရာဝတ္ထု အစုံအလင်ကို ဟောကြားပြသသောအကြောင်း။

၅၃၇။ မဟာသုတသောမဇာတ် ... ၃၃၄

မဟာသုတသောမ မင်းကြီးသည် မိမိနှင့်တကွ တရာ့တယောက်သော မင်းတို့ကိုဖမ်း၍ ယဇ်နတ်ပူဇော်ရန် မီးပုံကြီးပြုလုပ်နေသော ပေါရိသာဒအား တရားဓမ္မ ပြသဆုံးမသဖြင့် ပေါရိသာဒသည် မဟာသုတသောမမင်းကြီးအား ကြည်ညို သောကြောင့် မင်းတို့ကိုလွှတ်၍ ယဉ်ကျေးလာသောအကြောင်း။

# ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့် ပဋိညာဉ်

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘော။
ဖုလ္လိံသု ဇာတကသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ဓတော သုံမေ၊
သုဂန္ဓေ မမ မတ္တကော။
အတ္ထာယ သုတကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိယံ။ ။

(၃) ကေဝိသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အဋ္ဌသံဟိတံ။
သတ္တတိံသပဉ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏိယံ၊
သာဓုနံ ကဏ္ဏ ဘူသနံ။
ဗဟုဿုတေဟိ သမ္ပုဏ္ဏံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝန္ဒိတွာ တံ သုဏာန္တာနံ၊
လောကုတ္တရာ စ လောကိယာ။
အတ္ထာ ဟိတာ သုခါ သဗ္ဗေ၊
နဒီသောတာ ဒိနေဒိနေ။ ။

(၁) မုနိန္ဒမုခသရဇေ၊ မုနိငါးဝ၊ အစိုးရသည့်၊ဘုရား ခံတွင်း၊ အိုင်တို့မင်းဝယ်၊ ထင်လင်းလျှစွာ၊ ပေါက်ပွား၍ လာထသော။ သုဘော၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာ သော။ နိပါတပဒုမေ၊ ကေ, ဒုက၊စသည်တည်ရှိ၊ အသီတိ အဆုံး၊ ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာ ကြာရုံ၌။ နာနာဇနာလိစုမ္ဗိတာ၊ အထူးထူး အထွေထွေ၊ ရှိသေညွှတ်ရုံး၊ လူသုံးပါးတည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကသုမာ၊ အပဏ္ဏ က၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုလ္လိံသု၊ ကားကားစွင့်စွင့်၊ မားမားဘင့်လျက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာ လှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရနံ့ရှိကုန် သော။ တေသုမေ၊အပဏ္ဏက၊စသည်မည်ဆန်း၊ထိုပဒုမာ ကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုတ်၊ အကျွန်ုပ်၏။ မတ္တကော၊ အမြတ်အဂ်ါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေငှါဟု၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုတကာမာနံ၊ကြား မြင်လိုလား၊အမျိုးသားတို့၏။အတ္ထာယ၊လောကုတ်,လော ကီ၊ နှစ်လီအကျိုး၊ပွားတိုးစေခြင်းငှါ။ ကေဝိသတိခဏ္ဍေဟိ၊ ကေကနိပါတ်အစ၊' အသီတိနိပါတ်အဆုံး၊ ပေါင်းရုံးတင့်

ဆန်း၊နှစ်ဆယ့်တခဏ်းတို့ဖြင့်။မင်္ဂလာတံ၊စုံစုံလင်လင်၊တန်ဆာဆင်အပ်သော။ အတ္တသံဟိတံ၊ အကျိုးစီးပွါး၊ ထွန်းကားအစဉ် စပ်ယှဉ်သော။ သတ္တတိံသ ပဉ္စသတဇာတကေဟိ၊ ငါးရာ့သုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လက္ခိတံ၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတစုက္ကိယံ၊ ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဆိုပေအံ့။

(၄) သာရဏီယံ၊ အသက်ထက်ဆုံး၊ ရှင်ပြီးအောက်မေ့အပ်သော။ သာဓုနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဏာဘူသနံ၊ နား၌ဆင်ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ ဗဟုသုတေဟိ၊ များများဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ဗုဏ္ဏံ၊ စုံလင်ကုံလုံ၊ကောင်းစွာပြည့်စုံသော။ ပညဝန္တေဟိ၊ဝရဇိန်တနဲ၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတံ၊ မြတ်နိုး စုံမက်အပ်သော၊ တံနိပါတစုက္ကိယံ၊ ထိုငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။ သာဓဝေါ၊ လောကီ,လောကုတ်၊ နှစ်လီအစီးအပွါး၊ လိုလားကြသော သူတော်ကောင်း တို့သည်၊ သုဏန္တု၊ ရိုသေလေးစား၊ သဒ္ဒါပွားလျက်၊ နာကြားကြပါစေကုန်သတည်း။

(၅) တံ၊ထိုငါးရာ့ငါးဆယ်၊နိပါတ်တော် စကားပြေကို။ သုဏန္တာနံ၊ ရိုသေလေးစား၊ သဒ္ဒါပွါးလျက်၊နာကြားကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီသောတာဝ၊ အဟုန်ဒီးဒီး၊စီးဆင်းအစဉ်၊ မြစ်ရေအလျှဉ်ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာစ၊ လော

ကုတ္တရာလည်း ဖြစ်ကုန်သော။ လောကိယာစ၊ လောကီလည်းဖြစ်ကုန်သော။ အတ္တာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသော အကျိုးတို့သည်ငှင်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသော အစီးအပွါးတို့သည်ငှင်း။သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်ငှင်း။ဝဍ္ဎန္တု၊ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွားပါစေကုန်သတည်း။

# ငါးရာ့ငါးဆယ်
# နိပါတ်တော် စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## နဝမတွဲ
## ပဏ္ဏာသနိပါတ်
## ၅၂၆-နိဠိနီဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ရဟန်းငြီးငွေ့မှု အကြောင်းပြု**

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် မယား ဟောင်းသည် ဖြားယောင်းအပ်သဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိသောရဟန်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**သမင်မမွေးဖွါး လူငယ်သား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ကျော်စော

ထင်ရှားသော ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ပညာသင်ကြားပြီးလျှင် ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် ဟိမဝန္တာအရပ်၌နေလေ၏၊ အလမ္ဗုသာဇာတ်၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရှင်ရသေ့ကို အစွဲပြု၍ သမင်တကောင်သည် ကိုယ်ဝန်ရ၍ သူငယ်ဘွားမြင်လေ၏၊ ရှင်ရသေ့သည် သားဟူသောအမှတ်ဖြင့် ကောက်ယူ၍ ဣသိသိင် ဟူသောအမည်ကို မှည့်ပြီးလျှင် ကြီးပျင်းအောင် မွေးမြူခဲ့၏။

**ရသေ့ကျင့်ရန်ဖျက် သိကြားကြံ** ခမည်းတော်ရသေ့ကြီးသည် ဣသိသိင်ကို အရွယ်သို့ရောက်လတ်သော် ရသေ့ရဟန်းပြုစေ၍ ကသိုဏ်းပရိကံကို ညွှန်ကြားလေ၏၊ ဣသိသိင် ရသေ့ငယ်လည်း ဘာဝနာကို အားထုတ်သဖြင့် မကြာမြင့်မီ ဈာန်အဘိညာဉ်ကို ရလျက် ဈာန်ချမ်းသာဖြင့် မွေ့လျော်ရွှင်ကာနေ၏၊ ပြင်းထန်သော အကျင့်သီလရှိ၏၊ ချုပ်တည်းစောင့်စည်းအပ်သော ဣန္ဒြေရှိ၏၊ ဣသိသိင် ရသေ့ငယ်၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်လေ၏။

ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ ဣသိသိင် ရသေ့၏ သီလကို ဥပါယ်တမျဉ်ဖြင့် ဖျက်ဆီးမည်ဟု ကြံစည်၍ ကာသိတိုင်း တတိုင်းလုံး၌ သုံးနှစ်တို့ပတ်လုံး မိုယ်းမရွာအောင်ပြုလုပ်လေ၏၊ ကာသိတိုင်းသည် မီးလောင်သကဲ့သို့ဖြစ်၏၊ လူတို့သည် မိုယ်းမရွာ၍ ကောက်ပဲအသီးအနှံ မပြည့်စုံသောကြောင့် တော်မွတ်ခေါင်းပါးခြင်း ဘေးအလွန်နှိပ်စက်ရကား မင်းရင်ပြင်၌ စည်းဝေးကုန်သျက် ကြွေးကြော်ကြကုန်၏။

**မိုးခေါင်နေခြင်း မင်းလျှောက်ကြား**

ထိုအခါ မင်းကြီးသည် ကြွေးကြော်သံကို ကြားလျှင် လေသာနန်းတံခါးဝ၌ ရပ်၍ မေးတော်မူရာ- "အရှင်မင်းမြတ်....သုံးနှစ်ပတ်လုံး မိုးမရွာသောကြောင့် တတိုင်းပြည်လုံးပျက်စီး၍ လူတို့ငတ်မွတ်ခေါင်းပါးကုန်၏၊ မိုးကိုရွာစေတော်မူပါ" ဟု လျှောက်ထားကုန်၏။

ထိုအခါ မင်းကြီးသည် ငါးပါးသီလကို ဆောက်တည်၍ ဥပုသ်စောင့်သုံးပါငြားလည်း မိုးရွာစေခြင်းငှါ မတတ်နိုင်၊ ညသန်းခေါင်အခါ သိကြားမင်းသည် မင်းကြီး၏အိပ်ရာကြက်သရေတိုက်ခန်းသို့လာလတ်၍ ကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် ထွန်းလင်းလျက် ကောင်းကင်၌တည်နေ၏။

**ဥပါယ်ကြံလျက် ရသေ့ဖျက်**

ထိုအခါ ဗြဟ္မဒတ်မင်းမြင်လျှင်- "သင်ကား....အဘယ်သူနည်း" ဟု မေး၏၊ "ငါကား.... သိကြားမင်းဖြစ်သည်" ဟု ပြောသောအခါ၊ "ဘယ်အကြောင်းကြောင့် လာသနည်း"ဟု မေးပြန်၏၊ "သင်မင်းကြီး၏နိုင်ငံ၌ သုံးနှစ်ပတ်လုံး မိုးရွာပါ၏လော" ဟု မေး၏၊ "မရွာပါ" ဟု ပြောသောအခါ၊ "မိုးမရွာခြင်းအကြောင်းကို သိပါ၏လော" ဟု မေးပြန်၏၊"မသိပါ" ဟု ပြော၏၊"မင်းကြီး...ဟိမဝန္တာ၌ ဣသိသိင်္ဂမည်သော ရသေ့ငယ်သည် ရှိခဲ့၏။ ထိုရသေ့ငယ်သည် ပြင်းထန်သောအကျင့်ရှိ၏၊ စောင့်စည်းချုပ်တည်းသော ဣန္ဒြေလည်းရှိ၏၊ မပြတ်မိုးရွာသည်ရှိသော် အမျက်ထွက်၍ ကောင်းကင်သို့ကြည့်၏၊ ထို့ကြောင့် မိုးမရွာနိုင်ပါ"ဟုပြော၏၊ "သိကြားမင်းယခုအဘယ်သို့

ပြုရမည်နည်း”ဟုမေး၏၊ “မင်းကြီးထိုရသေ့ငယ်၏သီလကို ဖျက်ဆီးလတ်သော် မိုယ်းရွာလတ့်”ဟု ပြော၏၊ “သိကြား မင်း ဖျက်ဆီးရန် အဘယ်သူစွမ်းနိုင်ပါမည်နည်း”ဟု မေး ၏၊ “မင်းကြီး····သင်၏သမီးတော် နိလိနိကာစွမ်းနိုင်ပါ သည် စေခိုင်းပါ” ဟု ဆုံးမခဲ့ပြီးလျှင် မိမိနေရာသို့ သွား လေ၏။

**ပြည်ကျိုးကိုကြည့် သွီးအမိန့်ရှိ**

နံနက် မိုးသောက်သောအခါ မင်းကြီး သည် တိုင်းသူပြည်သားတို့အတွက် စိုး ရိမ် သောကများလျက် သိကြားမင်း ဥပါယ်တမျဉ်ဖြင့် လှည့်စားသည်ကို အဟုတ်အမှန် မှတ် ထင်တော်မူလျက် မှူးမတ်တို့နှင့်တိုင်ပင်ကာ သမီးတော် နိလိနိကာကိုခေါ်စေ၍ ဘခမည်းတော်ဖြစ်လျက် အရှက် ကိုမငဲ့နိုင်တော့ဘဲ သမီးတော်အား–

“ချစ်သမီး···· ဇနပုဒ်သည် ပူပန်ဆင်းရဲခဲ့၏၊ တိုင်းပြည်အလုံးလည်း ပျက်စီးခဲ့၏၊ ချစ်သမီး သည် ဟိမဝန္တာသို့သွားပါလော့၊ ခမည်းတော်၏ အကျိုးမဲ့ကို ပြုလုပ်နေသော ဋ္ဌသိသိဂ် ရသေ့ငယ်၏ သီလကို ဖျက်ဆီးချေလော့”–

ဟု အကျိုးအကြောင်းပြောဆို၍ အမိန့်ပေးလေ၏။

**သမီးကိုမှာပုံ ချင်းရာစုံ**

ထိုအခါ သမီးတော် နိလိနိကာသည် မိမိသွားသောခရီးအကြားကိုဆင်းရဲစွာ သွားရမည့် အကြောင်းကို ခမည်း တော် မင်းကြီးအား–

“ခမည်းတော်···· ကောင်းပါပြီ၊ သို့သော် လည်း အကျွန်ုပ်သည် အဆင်းရဲမခံနိုင်ပါ သွားရန်

ခရီးလမ်းကိုလည်းမသိပါ၊ တောဆင်ရိုင်းတို့ ကျက်စားရာ တောကြီးထဲတို့ အဘယ်သို့ သွားရမည်နည်း”—

ဟု ပြန်၍လျှောက်ထားပြန်၏၊ ထိုအခါ မင်းကြီးသည် သမီးအား—

“ချစ်သမီး…. အလွန်ပြည့်စုံသော တိုင်းနိုင်ငံကြီးဖြစ်၍၊ ဆင်စီးလိုလျှင်ဆင်စီး၍, မြင်းစီးလိုလျှင်မြင်းစီး၍, ရထားစီးလိုလျှင် ရထားစီး၍ ရေသို့ရောက်သောအခါ လှေစီး၍သွားပါ”။

“ချစ်သမီး…. ချစ်သမီး၏ အဆင်းအင်္ဂါလက္ခဏာဖြင့် ထိုရသေ့ကို ကိလေသာနိုင်ငံသို့ဆောင်ယူခြင်းငှာ စွမ်းနိုင်လိမ့်မည်၊ ဆင်, မြင်း, ရထား, ခြေသည် သူရဲတို့ကိုခေါ်၍ သွားပါလေ”—

ဟု အမိန့်ပေး မှာထားပြန်၏။

**မင်းကြီးနိုင်းစေချက် သမီးတော်ထွက်**

ဤသို့လျှင် မင်းကြီးသည် တိုင်းပြည်ကို ငဲ့ကာ သမီးတော်နှင့် မပြောဆိုသင့်သောစကားတို့ကို ပြောဆို တိုင်ပင်၍ ပေးကမ်းဘွယ်တို့ကို ပေးလိုက်ပြီးလျှင် အမတ်တို့နှင့်တကွ သမီးတော်နိဠိနိကာကို လွှတ်လိုက်၏၊ အမတ်တို့လည်း ပစ္စန္တရစ်သို့ရောက်လျှင် သစ်ခက်တဲနန်းဆောက်လုပ်ကာ တည်းခိုလျက် နိဠိနိကာကို ထမ်းစင်ဖြင့်ထမ်းစေ၍ မှုဆိုးကိုခရီးညွှန်ပြကာ သွားကြရာ ကျောင်းအနီးသို့ ရောက်ကုန်၏၊ ထိုအခါ အဘရသေ့ကြီးသည် သားရသေ့ကို ကျောင်း၌နေစေ၍ သစ်သီးကြီးငယ်ရှာဖွေရန် တောသို့ဝင်လေ၏။

**မင်းသမီးပြင်ဆင် ရသေ့ထံဝင်**

မူဆိုးသည် ကျောင်းကိုမြင်ကောင်းရာ အရပ်၌ ရပ်တည်လျက် မင်းသမီး နိလိနိကာအား–

"အရှင့်သမီးတော်.... ငှက်ပျောပင် ဘုဇပတ်ပင်စသည်တို့ဖြင့် ခြံရံ၍ မွေလျော်ဘွယ်ကောင်းသောနေရာကား ဣသိသိင်္ဂရသေ့ငယ်၏ ကျောင်းဖြစ်၏၊ ရသေ့ငယ်သည် မီးမွေး၍ထားသဖြင့် မီးခိုးတလူလူမြင်ရ၏၊ ထိုအရပ်ဝယ် ဣသိသိင်္ဂရသေ့ငယ်ရှိပါ၏"–

ဟု ညွှန်ပြလေ၏၊ အမတ်တို့လည်း ကျောင်းသို့ရောက်လျှင် ပတ်ပတ်လည် အစောင့်အရှောက်တို့ကို ချထား၍ မင်းသမီးအား ရသေ့အသွင်ကိုယူစေလျက် တန်ဆာဆင်စေပြီးလျှင် ချည်ကြိုးဖြင့်ရစ်ပတ်၍လှည့်အပ်သော ကျင်ကိုကိုင်စေလျက် ကျောင်းတွင်းသို့ဝင်စေ၏၊ မင်းသမီးနိလိနိကာလည်း ကျင်ကိုလှည့်လည်ကာ စင်္ကြံဦးသို့ဝင်လေ၏။

**မင်းသမီးတွေ့မြင် ကြောက်စိတ်ဝင်**

ထိုခဏ၌ဣသိသိင်္ဂရသေ့သည် ကျောင်းတံခါးဝ၌ ကျောက်ဖျာပေါ်၌ နေလင့်၏၊ မင်းသမီးကိုမြင်လျှင် ကြောက်လန့်တကြားထကာ ကျောင်းတွင်းသို့ဝင်၏၊ နိလိနိကာကား လျှို့ဝှက်သော အင်္ဂါမှစ၍ အင်္ဂါကြီးငယ်တို့ကိုပြလျက် ကျင်ကိုလှည့်ကာ ကျောင်းတံခါးဝ၌ကစားမြဲကစားလျက်နေ၏။

ထိုအခါ ဣသိသိင်္ဂရသေ့ငယ်သည် ကျောင်းတွင်း၌နေလျက်ပင် ဤသူကား ဘီလူးဖြစ်ငြားအံ့၊ ငါ့ကိုစားခဲ့ရာ၏၊ ရသေ့တဦးဖြစ်တန်ရာ၏ဟု ကြံစည်ပြီးလျှင် ကျောင်းတွင်းမှ ထွက်၍–



P. 6 နိုလိနီမည်သောမင်းသမီးသည် ဣသိသိင်္ဂရသေ့အား အကျင့်ပျက်ရန်ဖြားယောင်းသွေးဆောင်နေပုံ

"အို-ရှင်ရသေ့…. ရှင်ရသေ့၏ သစ်သီးကား အဝေးသို့ပစ်လိုက်သော်လည်း ပြန်၍လာဘိ၏၊ ရှင်ရသေ့ကို စွန့်ပစ်၍မသွားလေ၊ ထိုသစ်သီးကား အဘယ်သစ်သီးတဲ့နည်း"—

ဟု ရှေးဦးစွာ မေးမြန်းလေ၏။

**လူ့ဇာတ်မသိရှာ ရသေ့ငယ်ခမျာ**

ဤဣသိသိင်္ဂရသေ့ငယ်ကား တော၌မွေးဘွား၍ တော၌သာ ကြီးပျင်းရသည့်အတွက် မိန်းမဖြစ်သည်ကိုလည်းမသိ၊ ကြားမျှမကြားစဘူး၊ ကစားစရာကျင်ကိုလည်းမသိ၊ မမြင်စဘူး၊အထူးအဆန်းဖြစ်၍ နေတော့၏၊ မင်းသမီးကိုလည်း မိမိကဲ့သို့ ရသေ့တဦးအနေသာ မှတ်ထင်မိ၏၊ ထိုနောက် နိလိနီကာသည် ရသေ့ငယ်အား—

"အို-အရှင်ရသေ့…. ငါ့ကျောင်း၏ အနီး၌ဖြစ်သော ဂန္ဓမဒနတောင်၌ ဤလို သစ်ပင်သစ်သီးမျိုးတို့သည် များစွာရှိကုန်၏"—

ဟု မဟုတ်မမှန် လှည့်ပတ်၍ ပြောလေ၏၊ ရသေ့ငယ်ကား ယုံကြည်သဖြင့် မင်းသမီးအား—

"အို-ရှင်ရသေ့….ဤကျောင်းတွင်းသို့ ဝင်တော်မူပါ၊သစ်သီးကြီးငယ်အစာအာဟာရကို ဘုဉ်းပေးတော်မူပါ၊ ခြေသုပ် ပုဆိုး၌ ခြေကို သုပ်တော်မူပါ၊ ဤနေရာ၌ ထိုင်နေတော်မူပါ"—

ဟု လောကွတ် ပျူငှာပြုလေ၏။

**မိန်းမခြင်းရာ မသိရှာ**

နိလိနီကာသည် ကျောင်းတွင်းသို့ ဝင်၍ သစ်သား ပျဉ်ပြား နေရာအထူး၌ နေလျက် ရွှေပြား စီချယ်ထားသော

အဝတ်ကို လှစ်၍ဖွင့်လိုက်သည်ရှိသော် ကိုယ်၏ ရှေ့မျက်နှာသည် အလုံးစုံပေါ်၍နေ၏။

[မှတ်ချက်— ဤနိလိနိကာ ဇာတ်၌ကား မိန်းမနှင့်စပ်သော စကားအသုံးအနှုန်းများသည် တိုက်ရိုက် ပြန်ဆိုထားသဖြင့် သာယာနာပျော်ဘွယ်မရှိ၊ ညစ်ညမ်းလှ၏၊ သို့အတွက် ဤစကားပြေ၌ကား သင့်လျော်ရုံသာ ပြန်ဆို ရေးသားပါအံ့။]

ထိုအခါ ဣသိသိင်္ဂ ရသေ့ငယ်သည် မိန်းမကိုမမြင်ဘူးသဖြင့် လျှို့ဝှက်အပ်သော အရာကိုမြင်လေလျှင် မိမိ၌ရှိသောအသွင်သဏ္ဌာန်နှင့် မတူသဖြင့် အနာတမျိုးဟုမှတ်ထင်ကာ—

"အို-ရှင်ရသေ့.... သင်၏ ပေါင်နှစ်ဘက်အကြား၌ ကောင်းစွာ စေ့သောအနာကား ဘယ်အနာဖြစ်သနည်း၊ အနာနှစ်ဘက်၌ မွှဲမည်းကဲ့သို့ထင်၏၊ သင်၏အင်္ဂါသည် သိုအိမ်အတွင်းသို့ဝင်နေလေသလော"—

ဟု အကယ်ပင် မသိသဖြင့် မေးမြန်းပြန်၏။

**မင်းသမီးသဘောလိမ်၍ပြော**

ထိုအခါ နိလိနိကာသည် မိန်းမအင်္ဂါကို ပရိယာယ် ဆင်ကာ အနာ အဖြစ်ကို မတွေ့ဘူးသော ဣသိသိင်္ဂ ရသေ့ငယ်အား ပြောကြားလျက်—

"အို-ရသေ့ငယ်.... အကျွန်ုပ်သည် သစ်သီးရှာသွားခိုက် ကြမ်းကြုတ်၍ ကြောက်မက်ဘွယ်ကောင်းသော ဝံတကောင်ကိုတွေ့၍ခဲနှင့်ပစ်မိပါ၏၊ ဝံသည် အကျွန်ုပ်ထံအတင်းလိုက်၍ တွန်းလှဲသဖြင့်

ပက်လက်လန်နေရာအင်္ဂါကိုကိုက်ဖြတ်၍ပြေးပါ၏၊ ထိုကြောင့် ဤအနာဖြစ်ရပါ၏၊ ကိုက်လည်းကိုက်ခဲလှ၏၊ ယားလည်း ယားလှပါ၏၊ ဘယ်အခါ မှချမ်းသာခွင့်မရပါ၊အရှင်သည် ဤဝံကိုက်နာကို ပျောက်အောင် ဆေးကုနိုင်ပါ၏၊ ကုသပေးတော်မူပါ”—

ဟု မဟုတ်မမှန် လှည့်ပတ်ပြောဆိုကာ ဆေးကုပေးရန် တောင်းပန်လေ၏။

**အနာထင်မှတ် ဆေးကုအပ်**

ဣသိသိင်္ဂ ရသေ့ငယ်သည် အကယ်ဝံကိုက်နာ မှတ်ထင်လျက် သနားကရုဏာရှိသဖြင့် သင့်မှာအကယ်၍ ချမ်းသာမည်ဖြစ်ပါမူ ကုသပေးပါမည်ဟု ဝန်ခံပြီးလျှင် အနာကိုကြည့်ရှုကာ—

“အို- ရှင်ရသေ့.... သင်၏ ဝံကိုက်နာကား အတော်နက်၏၊ အရောင်နီမြန်း၏၊ အသားဆွေးလည်းမရှိ၊အနည်းငယ်နံစော်၏၊ကျယ်လည်း ကျယ်လှ၏၊ ဖန်ရည်ဆေးလျှင် ချမ်းသာဘွယ်ရာရှိ၏၊ သို့အတွက် ဖန်ရည်ဆေးပေးမည်”—

ဟု ဖန်ရည်ဖြင့် ကုသပေးရန်ပြောလေ၏။

**လှည့်ပတ်ပြောလျက် သီလဖျက်**

ထိုအခါ နိလိနိကာသည် မိန်းမတို့မာယာကို သုံးလျက် ကုသပုံ နည်းကို သဘောမကျဟန် ပြုကာ တဖန် ပရိယာယ်ဖြင့် ရသေ့ငယ်အား—

“အို-ရှင်ရသေ့.... အကျွန်ုပ်၏ ဝံကိုက်နာကား ဂါထာမန္တရား မန်းမှုတ်ခြင်း, ဖန်ရည်ဆေးခြင်း,

ဆေးလိမ်းကျံခြင်းတို့ဖြင့် ကိုက်ခဲ ယားယံသော ဝေဒနာမပျောက်ပါ၊ အမှန်မှာ ဝေဒနာပျောက်၍ မွန်မြတ်သော ချမ်းသာကိုလည်း ခံစားရလေအောင် ဤဝံကိုက်နာထဲသို့ အရှင်၏ အင်္ဂါဖြင့် ထိုးသွင်း၍ ကုစားခြင်းသာ ကောင်းပါ၏"—

ဟု လှည့်ပတ်ကာ ပေါင်းသင်း မွေ့လျော်ရန် တိုက်တွန်းလေ၏။

**တဏှာအိုင်တွင်း ရသေ့ငယ်ဆင်း**

လူမှုရေးရာကို နားမလည်သော မိန်းမနှင့် ပေါင်းသင်း မွေ့လျော်ခြင်းကား သီလပျက်၏ ဟု မသိရှာသော ရသေ့ငယ်သည် မင်းသမီးစကားကို နာယူကာ ဆေးကုစားသောအနေဖြင့် နိလိနိကာ၌ မေထုန်မှီဝဲလေ၏၊ ထိုခဏ၌ပင် သီလပျက်လေ၏၊ ဈာန်လည်း ကွယ်ပျောက်လေ၏၊ ဣသိသိင်္ဂရသေ့ငယ်သည် နှစ်ကြိမ် သုံးကြိမ် မေထုန် မှီဝဲပြီးလျှင် ပင်ပန်းသဖြင့် ရေအိုင်၌ ရေချိုး၍ အပင်ပန်း ပြေလျှင် ကျောင်းပေါ်သို့ တက်လာပြန်၍ ကျောင်းတွင်းသို့ ဝင်ကာ နိလိနိကာအား—

"အို-ရှင်ရသေ့····သင်၏ ကျောင်းသခ်မ်းသည် ဘယ်အရပ်၌ တည်ရှိသနည်း၊သင်သည်နေရာတော ကျောင်း၌ ပျော်မွေ့ပါ၏လော၊ သစ်သီးကြီးငယ် ပေါများပါ၏လော၊ သားရဲဘေးရန်တို့ ကင်းပါ၏ လော"—

ဟု တဖန် မေးမြန်းပြန်၏။

ကိလေကြီးမျှင်
ရသေ့ငယ်င်

ထိုနောင် နိလိနိကာသည် ကိလေသာ ဘာကျာတွင်းမိနေသော ရသေ့ငယ်အား မိမိအလို ပြီးမြောက်ပြီး ဖြစ်သဖြင့် မိမိ သခ်မ်းကျောင်းသို့ ခေါ်ဆောင်ဟန်ပြုကာ—

"အို-ရှင်ရသေ့····ငါ၏ ကျောင်း သခ်မ်းကား ဤကျောင်းမှ မြောက်စူးစူးအရပ်ဝယ် ဟိမဝန္တာမှ စီးဆင်းလာသော ခေမာမြစ်ကမ်း၌ တည်ရှိပါ၏၊ ကျောင်းသို့တခေါက်လောက်ကြွလာတော်မူပါ"—

"အို-ရှင်ရသေ့···· ငါ၏ကျောင်း သခ်မ်းကား အသီးအပွင့်နှင့်ပြည့်စုံ၍ အထူးထူးသောသစ်ပင်တို့ ဖြင့် မွေ့လျော်ဘွယ်ကောင်းပါ၏၊ မြေအတို့လည်း စည်မျက်နှာကဲ့သို့ ညီညွတ်လှပါ၏၊ ရှင်ရသေ့ကို မြင်စေချင်လှပါ၏၊ ကြွတော်မူခဲ့ပါ"—

ဟု တဖန် တော်မိတော်ရာ လှည့်ပတ်ပြောဆိုပြန်၏။

တဏှာနောက်သာ
စိုက်စိုက်ပါ

ထိုအခါ ဣသိသိင်္ဂရသေ့ငယ်သည် နိလိနိကာ ပြောသောစကားကို အဟုတ် အဟုတ် ယုံကြည် မှတ်ထင်၍—

"အို-ရှင်ရသေ့····ငါ့ဘခင်ရသေ့ကြီး သစ်သီး ရှာဖွေရန် သွား၏၊ ယခုပင် ရောက်လာပါလိမ့်မည်၊ ဘခင်လာပါစေဦး၊ ညချမ်းသောအခါမှ ရှင်ရသေ့ ကျောင်းသို့ ငါတို့နှစ်ဦး အတူသွားပါအံ့"—

ဟု ခဏဆိုင်းငံ့ရန် ပြောကြားပြန်၏၊ ထိုအခါ နိလိနိကာသည် ဤရသေ့ငယ်ကား တောထဲ၌ကြီးပျင်းရ၍ မိန်းမ မှန်းမသိသည်ကို ထားဘိဦး၊ ဘခင်ရသေ့ကြီးမြင်လျှင်

မိန်းမမှန်းသိ၍ နင်ငါ့ကျောင်းသို့ ဘာလုပ်ရန်လာသနည်း ဟု ကြိမ်းမောင်း၍ ထမ်းပိုးနှင့်ရိုက်ခဲ့ပါလျှင် ခေါင်းကွဲရာ၏၊ မဖြစ်ဘူး မလာမိသွားမှ တော်တော့မည်၊ ငါ၏ကိစ္စလည်း ပြီးခဲ့ပြီ ဟု ကြံစည်ကာ—

**မင်းသမီးအောင်မြင် မြို့တော်ဝင်**

ရသေ့ငယ်အား တဖန် ပရိယာယ်ဖြင့် လှည့်ပတ်ပြောကြားကာ မိမိကျောင်း သခ်မ်း ကြွလာရန် မှာထားလျက်—

"အို-ရှင်ရသေ့....မင်းမျိုး ပုဏ္ဏားမျိုးမှတော ထွက်ကာ ရသေ့ရဟန်းပြုကြသဖြင့် သဘော ကောင်းသော ရသေ့များစွာတို့သည် ငါ၏ကျောင်း သို့ လာသောလမ်း၌ နေကြကုန်၏၊ ထိုရသေ့တို့ကို မေးပါ၊ ငါ့ထံသို့ လိုက်ပို့ကြလိမ့်မည်"—

ဟု မှာထားကာ မိမိယခု အမြန်သွားမှသင့်မည် ဟု ဥပါယ်တမျဉ်ဖြင့် ပြောဆိုပြီးလျှင် ကျောင်းမှထွက်၍ မျှော် ကြည့်နေသော ဣသိသိင်္ဂရသေ့ကို အိုရှင်ရသေ့ နေရစ်ပေ တော့ ဟု နှုတ်ခွန်းဆက်၍ အမတ်တို့ထံသို့သွားလေ၏၊ အမတ်တို့လည်း နိလိနိကာရောက်လာလျှင် သစ်ခက်တဲနန်း သို့သွား၍ ဗာရာဏသီပြည်သို့ သွားလေ၏၊ သိကြားမင်း လည်း အလွန်နှစ်သက်သည်ဖြစ်၍ ထိုနေ့မှာပင် တတိုင်း လုံး အနှံ့အပြား မိုယ်းကြီးစွာ ရွာသွန်းစေ၏။

**ဖခင်ပြန်လာ ဆင်ခြင်ကာ**

ဣသိသိင်္ဂရသေ့လည်း မိန်းမပျက် နိလိနိ ကာ ပြန်သွားလျှင် စိတ်ဘောက်ပြန် တုန်လှုပ်လျက် ကျောင်းတွင်းသို့ဝင်၍ သက်နန်းကို ခေါင်းမြီးခြုံပြီးလျှင် တအုံနွေးနွေး ပူဆွေးဒုက္ခ

ရောက်လျက် အိပ်လေ၏၊ ဘခင်ရသေ့ကြီး ပြန်လာ၍ သားရသေ့ငယ်ကို မမြင်ထည့်လျှင် အဘယ်သို့သွားပါလိမ့်နည်း ဟု ထမ်းပိုးကို ချကာ ကျောင်းတွင်းသို့ဝင်၍ ကြည့်ရှုလျှင် သက်နန်းကို ခေါင်းမြီးခြုံလျက် အိပ်နေသော ရသေ့ငယ်ကို မြင်လျှင်—

"ချစ်သား····သင်သည် ထင်းတို့ကို မခွေနှင့်ပါတကား၊ ရေလည်းမခပ်နှင့်ပါတကား၊ မီးကိုလည်း မမွေးနှင့်ပါတကား၊ စားစရာ သစ်မြစ်, သစ်ရွက်, သစ်သီးတို့ကို မပြုတ်ဖြောနှင့်ပါတကား၊ ငါ့အားလည်း စကားမပြောပါတကား၊ သင့်မှာဘယ်ဥစ္စာ ပျောက်သနည်း၊ ငါ့ကိုပင် စိတ်ဆိုး၍နေသလော"—

ဟု အိပ်နေခြင်း၏ အကြောင်းကို မေးလေ၏။

**အလွန်ချစ်ဘွယ်ရသေ့ငယ်**

ရသေ့ငယ်သည် ဘခင်ရသေ့ကြီးအား မိမိတွေ့ကြုံနေရသော အကြောင်းအရာကို ဘခင်အား ပြောကြားလျက်—

"ဘခင်···· ဆံကျစ်ထုံးသော ရသေ့တယောက် ဤကျောင်းသို့လာပါ၏၊ ထိုရသေ့ပျိုကား ရှုစချင်ဘွယ်ရှိ၏၊ တင့်တယ်သော ကိုယ်ရှိ၏၊ မြင့်လည်း မမြင့်လွန်း,နိမ့်လည်းမနိမ့်လွန်း,ပိတုန်းကဲ့သို့ မည်းနက်သောဆံရှိ၏မုတ်ဆိတ်ကျင်စွယ်လည်းမပေါက် ရသေ့ပြုသစ်စနှင့်တူ၏၊ လည်ပင်း၌ကရွတ်ခွေနှင့်တူသော တန်ဆာရှိ၏၊ ရင်ဘတ်၌ ရွှေတည်သီးနှင့်တူသော အသားစု အသားငုံတို့လည်းရှိကုန်၏။

မျက်နှာလည်း ရှစ်ချင်ဘွယ်ရှိ၏၊ နားနှစ်ဘက်တို့၌ အဖျားကော့သော တန်ဆာကိုလည်း ဝတ်ဆင်ထား၏၊ သွားသောအခါ ထိုတန်ဆာ တို့သည် အလွန်တောက်ပကုန်၏၊ဆံကျစ်ကိုစည်းထားသော ကြိုးလည်း ထွန်းပလှ၏။

**အဝတ်တန်ဆာ လှပစွာ**

ရသေ့ပျိုသည် အညို, အရွှေ, အနီ, အဖြူဟု ဆိုအပ်သော လေးမျိုးသော အဆင်းရှိသော တန်ဆာ တို့လည်းရှိကုန်၏၊ သွားသောအခါ မိုးတွင်းအခါ ပစင်းအပေါင်းပျံသကဲ့သို့ အချင်းချင်းထိသဖြင့် မြည်ကုန်၏။

ရသေ့ပျိုသည် ဖြူဆံမြက်ဖြင့် ရက်သောခါးကြိုးကို မစည်းပါ၊ ငါတို့သည် လျှော်တေ သက်နိုးပြိတ်မြက်သက်နိုးကိုဝတ်သကဲ့သို့လျှော်တေသက်နိုးပြိတ်မြက်သက်နိုးတို့ကို မဝတ်ဆင်ပါ၊ အစဉ်မပြတ်လက်သော လျှပ်စစ်နွယ်ကဲ့သို့ ခါးစည်းကြိုးတို့သည် တလက်လက် ထွန်းပကုန်၏။

**ကောသာကျော့ရှင်း လွန်ကောင်းခြင်း**

ရသေ့ပျိုခါး၌ စည်းထားသောအောက်သို့ မလျောကျသော အခွံအညှာမရှိသော သစ်သီးတို့သည် အချင်းချင်းထိပါးကာ အစဉ်သဖြင့် ရွှင်မြူးကြကုန်၏၊ ထိုသစ်သီးတို့ကား အဘယ်သစ်သီးတို့နည်း။

ရသေ့ပျို၏ ဆံကျစ်တို့သည် ရှစ်ချင်ဘွယ် ရှိကုန်၏၊ သားလိုးထားကဲ့သို့ အဖျား ကော့ကုန်၏၊ မွှေးကြိုင်ကုန်၏၊ နှစ်စုခွဲဝေကာ ထုံးထားကုန်၏၊

ငါ့ဆံကျစ်တို့သည် ထိုရသေ့ပျို၏ဆံကျစ်ကဲ့သို့ဖြစ်ပါ ကုန်ဘိတော့လော။

ရသေ့ပျိုသည် အဆင်းအနံ့နှင့် ပြည့်စုံသော ဆံကျစ်တို့ကို ဖြေချလိုက်သောအခါ ကြာညိုပန်းနံ့ ကိုလေဆောင်ယူလာသကဲ့သို့ တကျောင်းလုံးကြိုင် ကြိုင်မွှေးပေ၏။

ကိုယ်လုံးယနံ့ လွန်သင်းပျံ့

ရသေ့ပျို၏ကိုယ်၌ လူးထားသောညွန် သည်လည်း ရှုချင်စဘွယ်ရှိ၏၊ အကျွန်ုပ် ကိုယ်၌ လူးထားသော ညွန်ကဲ့သို့ရွံ ဘွယ်လိလိမရှိပါ၊ ပွင့်သစ်စပန်းတော၏ အနံ့ကဲ့သို့ လေသင့်ရာ တကြိုင်ကြိုင်မွှေးပေ၏။

ရသေ့ပျိုသည် အလွန်ထူးဆန်း ပြောင်ပြောင် တောက်သော ရှုချင်စဘွယ်သစ်သီးကို မြေ၌ပစ်၏၊ ထိုပစ်လိုက်သော သစ်သီးသည် ရသေ့ပျို၏ လက် တွင်းသို့လာပြန်၏၊ ထိုသစ်သီးကား အဘယ်သစ် သီးတဲ့နည်း။

ရသေ့ပျို၏သွားတို့လည်း ရှုချင်စဘွယ်ရှိကုန်၏၊ ပွတ်တိုက်ထားသောခရုသင်းနှင့်တူကုန်၏၊ စင်ကြယ် ကုန်၏၊ ဖွင့်လိုက်သော် သူတပါးစိတ်ကိုရွှင်စေကုန် ၏၊ သွားဖြင့်ဟင်းရွက်သစ်သီးကိုစားဟန်မထင်ပေ။

ရသေ့ငယ်အနာ ဆေးကုရာ

ရသေ့ပျို ပြောဆိုသော စကားသည် ပြေပြစ်၏၊ အဖန်ဖန် ပြောသော်လည်း မချွတ်ယွင်း နူးညံ့၏၊ ဖြောင့်မတ်၏၊ မပျံ့လွင့် မလျှပ်ပေါ် နှစ်သက်ဘွယ်ရှိ၏၊ သာယာ

၏၊ နှလုံးသို့ သက်ဝင်၏၊ ထိုရသေ့ ပြောဆိုသံကို အကျွန်ုပ်ကြိုက်နှစ်သက်၏၊ လုံး၏၊ တိုးတိုးသာသာ ပြောလေ့ရှိ၏၊ ကမ္ဗဋ္ဌာန်းဗေဒင် သင်အံသောအခါ ၌ အားမထုတ်လွန်းထင်၏၊ ထိုရသေ့ပျိုသည် ရှေးကာလ၌ ငါ၏အဆွေခင်ပွန်းဖြစ်ခဲ့၏၊ ထို့ကြောင့် နောက်ထပ်တဖန် မြင်ပြန်လိုသေး၏။

ရသေ့ပျို၏ ပေါင်ကြား၌ ဝံကိုက်နာတခုရှိ၏၊ ယောက်သွားဖုံးကဲ့သို့ စေ့စပ်၏၊ ပြေပြစ်ချောမော၏၊ ကောင်းသောသဏ္ဍာန်ရှိ၏၊ ကြီးလည်းကြီး၏၊ ပွင့်ခါဦး ပဒုမာကြာငုံနှင့်တူ၏၊ ထိုကြောင့်ထိုရသေ့ပျိုသည် ကိုယ်ဝတ်ကို လှစ်ဖွင့်ကာ ငါ့ကို ဖိထည့်၍ ပေါင်ခါးစောင်းတို့ဖြင့် ညှပ်ဘိ၏။

**နှစ်ကိုယ်ပျော်မွေ့ ကျင့်ကြံလေ့**

ရသေ့ပျိုသည် သူ၏ ပေါင်ကြားတွင် ရှိသော ဝံကိုက်နာကြီး ကိုက်ခဲယားယံသည့်အတွက် ချမ်းသာအောင် ကုသပေးပါဆို၍ အကျွန်ုပ်သည် ချမ်းသာအောင် ကုသပေးရပါ၏၊ထိုအခါ ချမ်းသာပေပြီဟု ပြောဆိုပါ၏။

ခမည်းတော်၏ မာလောရွက် မိုးထားသော ကျောင်းသင်္ခမ်းလည်း ယနေ့ အကျွန်ုပ်နှင့် ထိုရသေ့ပျိုတို့ အချင်းချင်း သုံးသပ် လုံးထွေး ဘက်ရမ်းခြင်း လူးလည်းခြင်းတို့ကြောင့် ဖရိုဖရဲ ပရမ်းပတာရှိခဲ့ပြီ၊ မွေ့လျော်၍ ပင်ပန်းသောအခါ ရေအိုင်၌ ရေချိုးပြီးလျှင် အဖန်ဖန် ကျောင်းတွင်းသို့ ဝင်ကြပါကုန်၏။

ရသေ့ပျိုတမ်းတ
စွဲလန်းလှ

"ဘခင်…အကျွန်ုပ်အား ယနေ့ဗေဒင်တို့သည် မထင်ကုန်၊မီးပူဇော်ခြင်းလည်း မထင်၊ ယဇ်ပူဇော်ခြင်းလည်း မထင်၊ အကျွန်ုပ်သည် ထိုအရပ်မှာပင် ရသေ့ပျိုကို မမြင်ရသေးသမျှ ကာလပတ်လုံး သစ်မြစ် သစ်သီးတို့ကို မစားတော့ပါ၊ မသေမီ ရသေ့ပျိုနေသောနေရာသို့ ပို့တော်မူပါ၊အသက်ကို မစွန့်ရမီ ရသေ့ပျိုနေရာသို့ အမြန်ပို့တော်မူပါ"—

ဟု မိမိတွေ့မြင်ရသောရသေ့ပျို၏ ကိုယ်အင်္ဂါလက္ခဏာ အဆင် တန်ဆာ အဆင်း အနံ့ အရသာ အတွေ့ အထိ စသည်တို့ကို ပါးစပ်မဆန့်အောင် ချီးကျူး ပြောဆိုလျက် အဖန်ဖန် တမ်းတလေ၏။

ကျိုးကြောင်းသိမှ
ပေါင်းသင်းရ

ထိုအခါ ဘခင်ရသေ့ကြီးသည် ငါ့သား ရသေ့ငယ်ကို မိန်းမ တယောက်လာ၍ ဖျက်ဆီးသည် ဖြစ်လိမ့်မည်ဟု သိ၍ သားရသေ့ငယ်အား—

"ချစ်သား…ဂန္ဓဗ္ဗနတ်သမီးတို့မှိဝဲရာ,ရသေ့တို့နေရာ, မီးပူဇော်ရာဖြစ်၍ ကြာရှည်စွာနေခဲ့သော ဤဟိမဝန္တာတော၌ နေသော သင်ချစ်သားကား မမွေ့လျော်ခြင်းဖြစ်ခဲ့ပြီ၊ ဤသို့မမွေ့လျော်ခြင်း မဖြစ်သင့်ပါတကား"။

"ချစ်သား…လောက၌ အဆွေခင်ပွန်းရှိသောသူ၊ မရှိသောသူဟု နှစ်မျိုးရှိခဲ့ရာတွင် အဆွေခင်ပွန်းရှိသောသူတို့သည် ဆွေမျိုးဖြစ်သော ခင်ပွန်းတို့

၌သာချစ်ခင်ကြကုန်၏တကား၊ချစ်သား… သင်ကား ငါ့ဘယ်အရပ်မှလာခဲ့သည်ဟူ၍ပင်မသိ၊သို့ပါလျက် ယုတ်မာသော သင်သည် မိန်းမ၌ အဘယ်ကြောင့် အဆွေခင်ပွန်း အမှတ်ဖြင့် ချစ်ခင်နေရသနည်း"။

သားကို ဆုံးမ ကျိုးကြောင်းပြ

"ချစ်သား…. အဖန်တလဲလဲ ပေါင်း ဘော်ခြင်းကြောင့်သာ အဆွေ ခင်ပွန်း တို့မည်သည် တပေါင်းတည်း ဖြစ် ကုန်၏၊ မပေါင်းဘော်သော သူအား အဆွေ ခင်ပွန်းသည် ပျက်စီးခဲ့၏"။

"ချစ်သား…. သင်သည် ဤကျောင်းသို့ လာ သော ရသေ့ကို အကယ်၍မြင်ရပြန်အံ့၊ အကယ်၍ စကားပြောဟောရပြန်အံ့၊ ထိုသို့မြင်ရပြောဟော ရပြန်သည်ရှိသော် ကောက်ပင်ကို ရေအယဉ် မျောအပ်သကဲ့သို့ မြတ်သောအကျင့်ကို လျင်စွာ မျောစေလတ့်"။

ဘီလူး ဖြစ်လတ် ပျက်စီးတတ်

"ချစ်သား… သင်သည် ဤကျောင်းသို့ လာသော ရသေ့ကို အကယ်၍ မမြင်ရ ပြန်အံ့၊ အကယ်၍ စကားမပြောဟော ရပြန်အံ့၊ ထိုသို့မမြင်ရ မပြောဟောရသည်ရှိသော် ကောက်ပင်ကို ရေအယဉ်သည် ရှင်စေဘိသကဲ့သို့၊ မြတ်သောအကျင့်ကို လျင်စွာရှင်စေလတ့်"။

"ချစ်သား… လောက၌ အထူးထူးသော အဆင်းဖြင့် ထိုဘီလူးမတို့သည် လှည့်ပတ်သွားလာ

ကုန်၏၊ ပညာရှိသည် ထိုဘီလူးမတို့ကို မမှီဝဲရာ၊
ရသေ့ရဟန်းသည် မှီဝဲသည်ရှိသော် ပျက်စီး
တတ်၏”—

ဟု ဥပမာဆောင်၍ အကြောင်း အကျိုးကို ပြကာ ဆုံးမလေ၏။

သားကိုတရားပြ အဘိညာဉ်ရ

ဣသိသိင် ရသေ့ငယ်သည် ဘခင်ရသေ့ကြီးဆုံးမသော စကားကို ကြားရလျှင် ထိုလာသော မိန်းမသည် ဘီလူးမဖြစ်သတဲ့ဟု ကြောက်လန့်ရကား မင်းသမီးထံ ပြေးသွားနေသောစိတ်ကို ပြန်လည် ယုတ်သိမ်း၍ ဤကျောင်းမှ မသွားပါတော့အံ့၊ ဘခင်သည် အကျွန်ုပ်အား သည်းခံတော်မူပါဟု ကန်တော့လေ၏၊ ဘခင် ရသေ့ကြီးသည် သားရသေ့ငယ်ကို သက်သာရာရစေလျက် ဗြဟ္မဝိဟာရ ဘာဝနာကိုပြောကြားလေ၏၊ သား ရသေ့ငယ်လည်း ဘခင်ပြောကြားသောအတိုင်း ဘာဝနာကို ပွားများ၍ ဈာန်အဘိညာဉ်ကို ဖြစ်စေပြန်၏။

ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ထိုအခါ နိလိနိကာသည်- ယခုအခါ မယား ဟောင်း။
※ဣသိသိင် ရသေ့သည်- သာသနာတော်၌ ငြီးငွေ့ သောရဟန်း။
※ ဘခင်ရသေ့ကြီးသည်–ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမဟူသည်၊ ဘီလူးမည်၊ တည်တည်ဆင်ရောင်ပြား။
(၂) လူတို့ပြည်ထဲ၊ လှည့်လည်မြဲ၊ မိုဝဲသူမိုက်များ။
(၃) ရဟန်းသော်မှ၊ မိုဝဲက၊ မုချကျင့်ပျက်ပြား။
(၄) သတိနှင့်ယှဉ်၊ ပညာရှင်၊ ဖဲကြဉ်ရှောင်၍သွား။

နိလိနိဇာတ် ပြီး၏။

---

# ၅၂၇–ဥမ္မာဒန္တီဇာတ်

ပဏ္ဏရသနိပါတ်

တကျော်မြှားဝင် ရဟန်းသွင် နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံသွားလတ်သော် တန်ဆာဆင်အပ်သော မိန်းမတယောက်ကိုမြင်လျှင် အလွန်တပ်စွန်းသော စိတ်ရှိလာည်ဖြစ်၍ ရှေးသို့ဆက်၍ မသွားတော့ဘဲ ကျောင်းသို့ပြန်ခဲ့၍ မြှားစူးခြင်းကြောင့် တုန်လှုပ်သော

သမင်ကဲ့သို့ ရာဂနှိပ်စက်ရကား ကြံ့သို့ဖြော့တော့သော ကိုယ်ရှိလေ၏၊ စိတ်ချမ်းသာခြင်းကိုလည်း မရချေ။

**ငါးဝကာမဂုဏ် အပြစ်များပုံ**

ထိုအခါ သီတင်းသုံးဘော်တို့မြင်၍ အကြောင်းကိုမေးကြလျှင် ဟုတ်တိုင်းမှန်ရာကို လျှောက်ထားလေ၏၊ ထိုအခါ သီတင်းသုံးဘော်တို့သည် ထိုရဟန်းအား "ငါ့ရှင်....ကာမဂုဏ်ငါးပါးတို့သည် ကြည်ညိုဘွယ်မရှိကုန်၊ များစွာပင်ပန်းဆင်းရဲကုန်၏၊ များစွာအပြစ်ရှိကုန်၏၊ အရိုးသက်သက်နှင့်တူကုန်၏၊ သားတစ်နှင့်တူကုန်၏၊ မီရှူးနှင့်တူကုန်၏၊ မီကျီးတွင်းနှင့်တူကုန်၏၊ မျက်လှည့်သည်နှင့်တူကုန်၏၊ အိပ်မက်နှင့်တူကုန်၏၊ ချေးငှားထားသော ဥစ္စာနှင့်တူကုန်၏၊ အဆိပ်နှင့်တူကုန်၏၊ လှံတံကျင်နှင့်တူကုန်၏၊ မြွေဟောက်ဦးခေါင်းနှင့်တူကုန်၏၊ သို့စင်အပြစ်များပါလျက် အဘယ့်ကြောင့်ကာမဂုဏ်အလိုသို့လိုက်ဘိသနည်း"ဟု အကြောင်းပြကာ ဆုံးမကြကုန်၏။

**ကိလေအလိုကျ မလိုက်ရ**

သီတင်းသုံးဘော်ရဟန်းတို့သည် ဆုံးမခြင်းငှာမတတ်နိုင်သဖြင့် တဖန် မြတ်စွာဘုရားထံ ဆောင်ယူသွားကြကုန်၏၊ မြတ်စွာဘုရားသည် "ရဟန်းတို့....မလာလိုသော ရဟန်းကို အဘယ့်ကြောင့် ဆောင်ယူခဲ့ကြသနည်း"ဟု မိန့်တော်မူပြီးလျှင် ထိုရဟန်းအား "ချစ်သားရဟန်း....ရှေးပညာရှိတို့သည် ကိလေသာဖြစ်လတ်သော် အလိုသို့မလိုက်ဘဲစိတ်ကိုတားမြစ်၍ မသင့်သောအမှုကို မပြုကုန်"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

သူငယ်နှစ်ဦး ချစ်ကြည်နူး

လွန်လေပြီးသောအခါ သိဝိတိုင်းအရိဋ္ဌပုရမြို့၌ သိဝိမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုသိဝိမင်းကြီး၏မိဖုရားကြီးဝမ်း၌ဖြစ်၍ မွေးဘွားသောအခါ သိဝိသတို့သားဟူသော အမည်ကိုပင်မှည့်ကြကုန်၏၊ စစ်သူကြီးအားလည်း သားတယောက်ဘွားမြင်၏၊ ထိုသတို့သားကို အဘိပါရကဟူသော အမည်ကို မှည့်ကြကုန်၏၊ ထိုမင်းသားနှင့် စစ်သူကြီးသားတို့သည် အလွန်ချစ်ကျွမ်းဝင်သော သူငယ်ချင်းဖြစ်၍ ကြီးပျင်းကြကုန်၏။

မင်းကြီးဖြစ်ငြား စစ်သူကြီးထား

ထိုသတို့သား နှစ်ယောက်တို့သည် တဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ကြားပြီးလျှင် တိုင်းပြည်သို့ ပြန်လာကြသောအခါ သိဝိမင်းသားသည် မင်းအဖြစ်ကိုရလေ၏၊ မင်းအဖြစ်သို့ရလျှင် သူငယ်ချင်းဖြစ်သော အဘိပါရကအား စစ်သူကြီးအရာကို ပေးလေ၏၊ သိဝိမင်းလည်း တရားနှင့်အညီ မင်းပြုလေ၏။

ထိုအရိဋ္ဌပုရမြို့ဝယ် တိရိတိဝစ္ဆမည်သော သူဌေးကြီးတယောက်ရှိလေ၏၊ ကုဋေရှစ်ဆယ်ကြွယ်ဝ၏၊ ထိုသူဌေးကြီး၌ ဥမ္မာဒန္တီမည်သော သမီးတယောက်ရှိသတတ်။

ဆုတောင်းနှင့်ညီ ဥမ္မာဒန္တီ

ထိုသတို့သမီးသည် မြတ်သောအဆင်းကိုဆောင်၏၊ အလွန်လှပတင့်တယ်၏ မိန်းမမြတ်တို့ အင်္ဂါလက္ခဏာနှင့် ပြည့်

စုံ၏၊ တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ နတ်သမီးကဲ့သို့ အလွန်အဆင်းလှ၏၊ [တခုသောဘဝဝယ် သူဆင်းရဲမဖြစ်စဉ် သုံးနှစ်ကျွန်ခံ၍ ရသောဝတ်ပန်းပုဆိုးကို သူခိုးတို့ခိုးယူသဖြင့် သစ်ခက်ကိုစည်းလာသော ရဟန်းတပါးအား လှူဒါန်းပြီးလျှင် ဆုတောင်းပတ္တနာ ပြုခဲ့ဘူး၏၊ သို့အတွက် ထိုသတို့သမီးကို မြင်သမျှယောကျ်ားတို့သည် သုရာယစ်သကဲ့သို့ သတိလစ်ကာ မူးရူး၍သွားရကုန်၏။]

**သူဌေးလာလျက် သမီးကိုဆက်**

ထိုအခါ အဘဖြစ်သော တိရိတိဝစ္ဆ သူဌေးကြီးသည် သိဝိမင်းကြီးထံ ဆည်းကပ်ခစားလျက် "အရှင်မင်းမြတ်.... အကျွန်ုပ်၏သမီးသည် အရှင်မင်းမြတ်တို့နှင့်သာ ထိုက်တန်သော မိန်းမရတနာဖြစ်ပါ၏၊ လက္ခဏာဘတ်ပုဏ္ဏားတို့ကိုလွှတ်၍ စုံစမ်းစေပြီးလျှင် အလိုတော်ရှိတိုင်း ပြုတော်မူပါ"ဟုလျှောက်ထားလေ၏။

သိဝိမင်းကြီးလည်း သူဌေးကြီး၏ စကားကို ကြားလျှင် လက္ခဏာဘတ် ပုရောဟိတ်ပုဏ္ဏားတို့ကို ခေါ်စေ၍ စုံစမ်းရန် သူဌေးကြီးအိမ်သို့ လွှတ်တော်မူ၏၊ ပုဏ္ဏားတို့လည်း သူဌေးကြီးအိမ်သို့ သွားကြကုန်၏။

**ပုဏ္ဏားတို့တွေ့မြင် အရူးသွင်**

ထိုအခါ သူဌေးကြီးသည်ပုဇော်သက္ကာရကိုပြု၍ ဃနာနို့ထမင်းဖြင့် ကျွေးမွေးညွှေ့ခံလေ၏၊ ပုဏ္ဏားတို့လည်း ဃနာနို့ထမင်းကိုစားကြကုန်၏၊ ထိုအခါ ဥမ္မာဒန္တီသည် အလုံးစုံသော တန်ဆာတို့ကို ဆင်မြန်းကာ လောကွတ်ပျူငှါပြုရန် ပုဏ္ဏားတို့ထံသို့သွားလေ၏၊ ပုဏ္ဏားတို့လည်း ဥမ္မာဒန္တီကို

မြင်လျှင် ကိလေသာဖြင့် မူးယစ်မေ့လျော့ကာ သတိလစ် ဟင်းကုန်လျက် ထမင်းစား၍ မပြီးသေးသည့် အဖြစ်ကိုပင် မသိကြတော့ဘဲ အချို့ပုဏ္ဏားတို့သည် ထမင်းလုပ်ကိုခေါင်း၌ တင်ကုန်၏၊ အချို့ပုဏ္ဏားတို့သည် လက်ကတီး ကြား (ချိုင်းကြား)သို့သွင်းကုန်၏၊ အချို့ပုဏ္ဏားတို့သည် အိမ်နံရံသို့ပစ်ချကုန်၏၊ ဤသို့လျှင် အလုံးစုံသော ပုဏ္ဏားတို့သည် မူးရူးကာ နေကြကုန်၏။

**ပုဏ္ဏားတို့ရှက်လှ ကုန်းတိုက်ကြ**

ပုဏ္ဏားတို့ ဖြစ်ပျက်ပုံကို ဥမ္မာဒန္တီမြင်လျှင် ဤပုဏ္ဏားတို့ကား အရူးတို့တည်း၊ ငါ၏လက္ခဏာကို ကြည့်ရှုစုံစမ်းနိုင်ကြမည်မဟုတ်ဟု လည်ပင်းကိုကိုင်ကာ အိမ်မှနှင်ထုတ်စေ၏၊ ပုဏ္ဏားတို့လည်း အရှက်ကြီးကွဲကာ မျက်နှာမသာကြသည်ဖြစ်၍ မင်းကြီးထံသို့သွားပြီးလျှင်“အရှင်မင်းကြီး····သူဌေးကြီး၏သမီး ဥမ္မာဒန္တီကား အမျက်ဟူးဟူးထွက်၏၊သူယုတ်မာမတည်း၊ အရှင်မင်းကြီးတို့နှင့် မထိုက်တန်ပါ”ဟုမဟုတ်မမှန် တင်လျှောက်ကုန်၏၊ မင်းကြီးလည်း သူယုတ်မာမဖြစ်သတဲ့ဟု နန်းတော်သို့ မဆောင်ယူစေ။

**စစ်သူကြီးနှင့်ဘဲ လက်ထပ်ပွဲ**

ထိုအကြောင်းကို ဥမ္မာဒန္တီ ကြားလျှင် သူယုတ်မာမကား ငါကဲ့သို့ပင် ဖြစ်သလား၊ သူယုတ်မာမမှတ်ထင်၍ ယူတော်မမူ ရှိစေဦး၊ ထိုမင်းကြီးကို မြင်မှမြင်ရစေ၊ ငါ့အကြောင်းကို သိစေမည်ဟု သိဝိမင်းကြီး၌ ရန်ငြိုးဖွဲ့ခဲလေ၏၊ အဘသူဌေးကြီးလည်း ဥမ္မာဒန္တီကို မင်းကြီးယူတော်မမူကြောင်း

သိလျှင် အဘိပါရကစစ်သူကြီးသည် ဥမ္မာဒန္တီကို အလွန်မြတ်နိုးနှစ်သက်လေ၏။

**မင်းကြီးကြွလာ မယားကိုမှာ**

တန်ဆောင်မုန်းလအခါ အရိဋ္ဌပုရမြို့၌ ပွဲသဘင်ခံရန် ကြွေးကြော်ကုန်၏၊ တမြို့လုံး တန်ဆာဆင်၍ ထား၏၊ လပြည့်နေ့ညအခါ အမျိုးမျိုးသောမီးတို့ကို ထွန်းညှိကြကုန်၏၊ ထိုအခါ အဘိပါရက စစ်သူကြီးသည် မိမိမယား ဥမ္မာဒန္တီကိုခေါ်၍ "ရှင်မ.... ယနေ့ပွဲသဘင်ခံသောနေ့ ဖြစ်သည်၊ မင်းကြီးသည် မြို့တော်ကို လှည့်လည်သည်ရှိသော် တို့အိမ်တံခါးသို့ ရောက်လာလိမ့်မည်၊ ရှင်မသည် ကိုယ်ကိုမပြပါလင့်၊ မင်းကြီးမြင်ရလျှင် မူးရူး၍ သွားပါလိမ့်မည်" ဟု မှာထားခဲ့၏၊ ဥမ္မာဒန္တီလည်း "အရှင်.... အလိုရှိရာသို့ ကြွသာကြွပါ၊ စိတ်ချပါ"ဟု ပြောလိုက်၏၊ အဘိပါရက လည်းသွားလေ၏၊ ဥမ္မာဒန္တီလည်း အဘိပါရကသွားလျှင် ကျွန်မတို့ကိုခေါ်၍ မင်းကြီးအိမ်တံခါးသို့ ရောက်လာလျှင် ငါ့ကို အမြန်လာ၍ပြောကြားကြဟု မှာထားလေ၏။

**ညချမ်းအခါ မင်းကြွလာ**

နေဝင်လတ်သော် လမင်းသည် ထွက်ပြူ၍လာလေ၏၊ အိမ်တိုင်းအိမ်တိုင်း မီးထွန်းကြကုန်၏၊အရိဋ္ဌပုရမြို့အလုံးသည် လရောင်မီးရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပလျက် နတ်မြို့ပမာ အလွန်သာယာလေတော့၏၊ ထိုအခါ သိဝိမင်းကြီးသည် မှူးမတ်စစ်သည်ဗိုလ်ပါ ခြံရံလျက် အာဇာနည်မြင်းကသော ရထားမြတ်ကို စီးပြီးလျှင် မြို့တော်ကို ရှုစားလျက် လှည့်လည်တော်မူရာ ကြီးကျယ်ခမ်းနားလှ

သော အဘိပါရက စစ်သူကြီး၏ အိမ်တံခါးသို့ ရောက်လေ၏။

**မင်းကြီးကိုယ်ပြ ပန်းပစ်ချ**

ထိုခဏ၌ မှာထားသော ကျွန်မတို့သည် မင်းကြီးရောက်လာသည်ကို မြင်လျှင် အရှင်မဥမ္မာဒန္တီထံသွား၍ မင်းကြီးရောက်လာကြောင်း ပြောကြားကြကုန်၏၊ ဥမ္မာဒန္တီလည်း အချက်ကောင်းရပေပြီ ဟု ဝမ်းမြောက်ဝမ်းသာ တန်ဆာဆင်ယင်ကာ ပန်းပုံတောင်းကို ကိုင်လျက် တင့်တယ်လှစွာသော ကိန္နရီမကဲ့သို့ လေသွန်တံခါး၌ရပ်ကာ ကိုယ်ကိုပြလျက် သိဝိမင်းကြီးကို ပန်းတို့ဖြင့် ပြစ်ကြဲလေ၏။

**မင်းကြီးတွေ့မြင် အရူးသွင်**

သိဝိမင်းကြီးသည် ဥမ္မာဒန္တီမိန်းမမြတ်ကို မြင်လျှင်မြင်ခြင်း ကိလေသာဖြင့် မူးယစ် မေ့လျော့ကာ စစ်သူကြီး အဘိပါရက၏ အိမ်ကိုပင် မသိနိုင်တော့ဘဲ တွေဝေ မိန်းမောလျက်—

"အို-ရထားထိန်း သုနန္ဒ…· နီမြန်းသော အုတ်တံတိုင်းဖြင့်ကာရံထားသော ဤအိမ်ကြီးကား မည်သူ့အိမ်နည်း၊ ထိုအိမ်ကြီးဝယ် လေသာပြူတင်းပေါက်၌ ရပ်နေသောအမျိုးသမီးကား ဝေးသော ကောင်းကင်ပြင်၌ မီးလျှံကဲ့သို့ထင်ဘိ၏၊ တောင်ထိပ်၌ မီးလျှံစုကဲ့သို့ထင်ဘိ၏၊ ထိုအမျိုးသမီးကား ဘယ်သူ၏သမီးနည်း၊ ဘယ်သူ၏ချွေးမနည်း၊ ဘယ်သူ၏မယားနည်း၊ သိမ်းဆည်းသူ လင်မရှိသလော၊ သိမ်းဆည်းသူ လင်ရှိသလော"—

ဟု ရထားထိန်း သုနန္ဒာအား မေးတော်မူ၏။



ရထားထိန်းလျှောက်ပုံ
အကြောင်းစုံ

ထိုအခါ ရထားထိန်း သုနန္ဒာသည် ဥမ္မာဒန္တီ၏ အမိအဘနှင့်တကွ အမျိုးအနွယ်ကို မင်းကြီးအား–

"အရှင်မင်းကြီး.... အမိဘက်မှရင်း, အဘဘက်မှရင်း, ထိုအမျိုးသို့ကို အကျွန်ုပ်သိပါ၏၊ လင်ကိုလည်းသိပါ၏၊ ထိုအမျိုးသမီး၏လင်ကား... အရှင်မင်းကြီး၏ အထံတော်၌ နေ့ညမပြတ် ခစား၍ မမေ့မလျော့ အမှုတော်ကို ထမ်းရွက်နေသော အဘိပါရက စစ်သူကြီးဖြစ်ပါ၏၊ အမည်ကား ဥမ္မာဒန္တီအမည်ရှိပါ၏"–

ဟု အကြောင်းစုံ လျှောက်ထားလေ၏။

ဥမ္မာဒန္တီချောလှ
ချီးမွမ်းရ

မင်းကြီးသည် ရထားထိန်းသုနန္ဒာ တင်လျှောက်သောစကားကိုကြားလျှင် မြင်ခဲ့ရသော ဥမ္မာဒန္တီ၏ အကြောင်းကို ချီးမွမ်းပြောဆိုလျက်–

"အို-အမတ်တို့.... ငါနှင့်သူ အချင်းချင်းကြည့်ရှုသော ဥမ္မာဒန္တီကား ကြည့်ရှုစဉ်ပင်လျှင် ငါ့ကို မူးရူးသွားအောင်ပြုနိုင်ဘိ၏၊ ထို့ကြောင့်သူ့မိဘတို့ မှည့်ခေါ်အပ်သော ဥမ္မာဒန္တီ ဟူသောအမည်သည် အလွန် ကောင်းပေစွ"–

ဟု ချီးကျူးစကား ပြောကြားတော်မူ၏၊ ဥမ္မာဒန္တီလည်း မင်းကြီး တုန်လှုပ်သည့်အဖြစ်ကို သိလျှင် လေသွန်တံခါးကို ပိတ်လျက် အိပ်ရာတိုက်ခန်းသို့ ဝင်လေ၏။

နန်းတော်ဝင်လျက် ယောင်ယမ်းချက်

မင်းကြီးသည် ဥမ္မာဒန္တီကို မြင်ရသောအခါမှစ၍ မြို့တော်ကို လှည့်လည်လိုသောစိတ်မရှိလေ၊ သုနန္ဒာ ရထားထိန်းကိုခေါ်၍ "အမောင်သုနန္ဒာ.... ပွဲသဘင်သည်ရှင်း, မင်းအဖြစ်သည်ရှင်း, ငါနှင့်မသင့်လျော်ချေ၊ အဘိပါရက စစ်သူကြီးနှင့်သာ သင့်လျော်ပေ၏" ဟု ပြောဆိုပြီးလျှင် ရထားကို ပြန်လည်စေ၍ နန်းတော်သို့တက်ကာ အသရေရှိသော တိုက်ခန်းသို့ဝင်လျက် အိပ်ရာ၌လျောင်းစက်၍—

"အမတ်တို့.... ကြာနီပွင့်နှင့်တူသော ကိုယ်ရေရှိလျက် သမင်ငယ်မျက်စိနှင့်တူသော ပြုံးရွှင်သော မျက်စိရှိသောမိန်းမသည် လပြည့်နေ့ည၌ ပဒုမာကြာပန်း အဆင်းရှိသော လက်ဝါးဖြင့်ပန်းတို့ကို ပစ်ကြဲ၍ ငါ့ကို စိန်းစိန်းကြည့်လျက် လေသွန်ပြူတင်း၌ ရပ်နေပေ၏၊ ငါကား ထိုမိန်းမကို မြင်ရလျှင် လနှစ်စင်းထွက်လာသည် ဟု မှတ်ထင်မိ၏။

ဟိမဝန္တာ၌ ကောင်းစွာပွင့်သော မြတ်လေးပန်းတော၌ စောင်းကိုယူ၍ စောင်းသံနှင့် သီချင်းသံကို နှီးနှော ညီညွတ်စေသော ကိန္နရီမသည် ကိန္နရာဖို၏ ချစ်စိတ်ကို ဆောင်ယူဘိ သကဲ့သို့၊ ထို့အတူ တင့်တယ်သော အခြင်းအရာနှင့် ပြည့်စုံ၍ မှင်ဆေးဖြင့် ရေးထားသကဲ့သို့ ညွတ်ကွေးသော မျက်ခုံးမွေးရှိသော မျက်စိဖြင့် တင့်တယ်စမွယ်သော ဥမ္မာဒန္တီသည် ငါ့ကိုကြိုက်နှစ်သက်ခြင်းကို ဖြစ်စေ

လျက် ရှုကြည့်သောအခါ၌ ငါ့၏စိတ်ကို ဆောင်ယူနိုင်သည်သာတည်း။

ထိုအဘိပါရက အိမ်နားသို့ ရောက်သောအခါ၌ မွန်မြတ်၍ ရွှေအဆင်းနှင့်တူသော အဆင်း,ပတ္တမြားနားဒေါင်းကိုဝတ်ဆင်ကာ တလွှာတည်းသော အဝတ်ကိုဝတ်ဆင်ထားသော ဥမ္မာဒန္တီသည် တုန်လှုပ်သော သမင်မကဲ့သို့ ငါ့ကိုကြည့်ရှုလိုက်၏။

တွေးတွေးနီသော လက်သည်း, ကောင်းမြတ်သောအမွေး, နူးညံ့သောလက်မောင်း, စန္ဒကူးဖြင့်လိမ်းကျံအပ်သောကိုယ်, ရှည်သွယ်ညံ့ပျောင်းသော လက်ညှိုး လက်ချောင်းရှိ၍တင့်တယ်သောဥမ္မာဒန္တီသည် ဘယ်အခါမှ ငါ့ကိုဦးခေါင်းမှစ၍ နူးနူးညံ့ညံ့ကောင်းစွာတွေ့စေခြင်း ဟူသောလိမ်မာသော အမူအရာဖြင့် နှစ်သက်စေလိမ့်မည်နည်း။

တောကြီးပြင်ကျယ်၌ မြတ်လေးပင်ကို မာလောနွယ်သည် ရစ်ပတ်ကာနွယ်သကဲ့သို့ ထို့အတူ ရွှေကွန်ယက်နှင့်တူသော ရင်လွှမ်းတန်ဆာ သေးသွယ်ငယ်လျသော ခါးရှိသော တိရိတိဝစ္ဆ သူဌေးကြီး၏သမီး ရှင်မဥမ္မာဒန္တီသည် ဘယ်အခါမှ ငါ့ကိုနူးညံ့သော လက်မောင်းတို့ဖြင့် ပိုက်ဘက်ပွေ့လိမ့်မည်နည်း။

သေသောက်ကြူး တယောက်သည် သေသောက်ကြူး တယောက်အား သေရည်ပြည့်သောခွက်ကို ကပ်လာဘိသကဲ့သို့ ထို့အတူ လက်ဘဝါး, ခြေဘဝါး, လက်သည်းဖျား, ခြေသည်း

ဖျား,နှုတ်ခမ်းသားတို့၌ ချိပ်ရည်ဆိုးသကဲ့သို့ တွေး တွေးနီ၍ ကောင်းသောအဆင်း,ရေပြွတ်ကဲ့သို့ လုံး ဝန်းသောအသားမြတ်,ကြာနီပွင့်နှင့်တူသောကိုယ် ရေရှိသော ရှင်မဥမ္မာဒန္တီသည် ဘယ်အခါမှ ငါ့ကို မျက်နှာချင်းချင်း ကပ်လာ အပ်လာ ပေလိမ့်မည် နည်း။

အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံ၍ နှလုံးမွေ့လျော်ဘွယ်ရှိလျက် လေသွန်ပြူတင်း၌ ရပ် နေသော ရှင်မဥမ္မာဒန္တီကို ငါမြင်မိခဲ့၏၊ မြင်ရသော နောက်အခါ၌ ငါ့စိတ်ကို တရံတခါမျှမသိနိုင်တော့ ပေ။

ဥစ္စာတထောင် ဆုံးရှုံးသောသူကဲ့သို့ ငါသည် ပတ္တမြားနားဒေါင်း ဝတ်ဆင်ထားသော ရှင်မ ဥမ္မာဒန္တီကို မြင်ခဲ့ရသောကြောင့် နေ့ရောညဥ့်ပါ မအိပ်စက်နိုင်တော့ပါ။

တညမျှဝင်း, နှစ်ညမျှဝင်း, ရှင်မဥမ္မာဒန္တီ သည် ငါ၏နန်းတော်၌ နေလာ စံလာသည် ဖြစ်ပါ လေစေတော့၊ ရှင်မဥမ္မာဒန္တီနှင့် မွေ့လျော်ပျော်ရွှင် ရသော အဘိပါရက စစ်သူကြီးသော်လည်း ဖြစ်ပါ လေစေတော့၊ နောက်မှ သိဝိမင်းဖြစ်ပါလေစေ တော့၊ ဤသို့သိကြားမင်းသည် ငါ့အားဆုပေးလာ ငြားအံ့၊ ထိုဆုကိုပင် ငါလိုချင်လှပါ၏''—

ဟု အိပ်ရာတွင် မအိပ်စက်နိုင်ဘဲ လူးလည်းကာ ဥမ္မာ ဒန္တီကို အစွဲလန်းကြီး စွဲလန်းလျက် ဘရမ်းဘတာ မြည် တမ်းရှာလေ၏။

**စစ်သူကြီးပြန်လာ မယားမေးကာ**

ထိုအခါ မှူးမတ်တို့သည် အဘိပါရက စစ်သူကြီးအား ထိုအကြောင်းကို ကြားကုန်၏၊ အဘိပါရက စစ်သူကြီးလည်း အိမ်သို့ပြန်ပြီးလျှင် ဥမ္မာဒန္တီကိုခေါ်၍ "ရှင်မ....မင်းမြတ်ကို ရှင်မကိုယ်ကိုပြလိုက်သလော"ဟု မေး၏၊ "အရှင်....ဝမ်းဘိုက်ကြီးကြီးဖြင့် ရထားစီးလာသော ယောကျ်ားကို မင်းဟူ၍ရင်း, မင်းခစားဟူ၍ရင်းမသိပါ၊ အရှင်တယောက်ဖြစ်သည်ဆို၍ လေသွန်တံခါးမှနေ၍ ပန်းတို့ဖြင့် ပစ်ကြဲလိုက်မိပါ၏"ဟု ပြောကြား၏၊ "ရှင်မ....ငါ့ကိုဖျက်ဆီးအပ်၏တကား"ဟု အပြစ်တင်လေ၏။

**စစ်သူကြီးကြံထွင် ပရိယာယ်ဆင်**

အဘိပါရက စစ်သူကြီးသည် နက်ဖြန်နံနက်စောစောကလျှင်နန်းတော်သို့သွား၍ဥမ္မာဒန္တီကိုအမှီပြု၍မြည်းတမ်းရောင်ယမ်းနေသော မင်းကြီး၏အသံကိုကြားရလျှင် ဤမင်းကား ဥမ္မာဒန္တီကို အလွန်တပ်စွန်း၍နေချေပြီ၊ မရသော်မုချသေလတံ့၊ နှစ်ဦးလုံးအကျိုးမရှိမဖြစ်စေသင့်၊ ဤမင်းအား ငါသည်အသက်ကိုပေးမည်ဟု နှလုံးသွင်းကာ မိမိအိမ်သို့သွားပြန်၍ လျှို့ဝှက်သောစကားကိုအတိုင်အပင်ရသောအလုပ်အကျွေးတယောက်ကို ခေါ်စေ၍ "အမောင်....ဤမည်သောအရပ်၌ အခေါင်းရှိသောလူတို့ပူဇော်ရာသစ်ပင်ကြီးတပင်ရှိလေ၏၊ နေဝင်သောအခါ ဘယ်သူ့ကိုမျှမသိစေဘဲသွား၍ သစ်ခေါင်းတွင်းဝင်ကာနေနှင့်လော့၊ပူဇော်ဘွယ်နှင့်တကွ ငါလာခဲ့မည်၊ထိုအခါ သင်သည် သစ်ခေါင်းတွင်းကအသံကိုဖျက်၍ဤလိုဤလိုပြောလော့"ဟု စကားသွင်းကာ

လွှတ်လိုက်၏၊ ထိုအလုပ်အကျွေးလည်း နေ့ဝင်သောအခါ သွား၍ ထိုသစ်ခေါင်းတွင်အောင်း၍ နေနှင့်၏။

**နတ်မင်းမေးဟန် ပူဇော်ပြန်**

နံနက် မိုးသောက်သောအခါ စစ်သူကြီးသည် နတ်ပူဇော်ဘွယ် တို့ကို ယူဆောင်စေလျက် အခြံအရံနှင့်တကွ ထိုသစ်ပင်ကြီးသို့သွားပြီးလျှင် ပူဇော်ပသခြင်းကိုပြု၍ ရှိခိုးလျက်"အရှင်နတ်မင်း...အကျွန်ုပ်တို့မင်းကြီးသည်မြို့တော်ဝယ် ပွဲသဘင်ခံနေပါလျက် ကြည့်ရှုရွှင်မြူးတော်မမူနိုင်ဘဲ အိပ်ရာထဲ၌ ယောင်ယမ်းမြည်တမ်းလျက် အိပ်စက်၍သာ နေဘိ၏၊ ဘယ်အကြောင်းကြောင့်နည်း၊ ဟုတ်မှန်ရာကို အမိန့်ရှိတော်မူပါ၊မင်းကြီးသည် နှစ်တိုင်း နှစ်တိုင်း ဥစ္စာတထောင် အကုန်ခံ၍ အရှင်နတ်မင်းတို့အား ပူဇော်ဘူးသော ကျေးဇူးလည်းရှိပါ၏"ဟု တောင်းပန်လေ၏။

**နတ်မင်းမိန့်ကြား မင်းကြီးထံသွား**

ထိုအခါ သစ်ခေါင်းတွင်၌ ရှိသောသူသည် အသံကို ဖျက်လျက် "အို-စစ်သူကြီး.... သင်တို့ မင်းကြီးအား အနာရောဂါမရှိ၊ သင့်မယား ဥမ္မာဒန္တီ၌ အလွန်တပ်စွန်းသောစိတ်ရှိ၏၊ ဥမ္မာဒန္တီကိုဆက်သလော၊ ဥမ္မာဒန္တီကိုရလျှင် အသက်ရှင်လိမ့်ဦးမည်၊မရလျှင်မုချသေလိမ့်မည်"ဟု ပြောကြားလေ၏။

ထိုအခါ အဘိပါရကစစ်သူကြီးလည်း နတ်မင်းစကားကိုကြားလျှင် အမတ်တို့ကို သိစေ၍ မြို့တော်သို့ဝင်ကာ နန်းတော်သို့တက်ပြီးလျှင် အိပ်ရာတိုက်ခန်း တံခါးကို ခေါက်လေ၏၊မင်းကြီးလည်း တံခါးခေါက်သံကို ကြားလျှင် သတိထား၍ မေးတော်မူ၏။

**နတ်မင်းမိန့်ပုံ ခြင်းရာအစုံ**

မင်းကြီးသည်အဘိပါရကစစ်သူကြီးဖြစ်ကြောင်းကိုသိလျှင် တံခါးကို ဖွင့်တော်မူ၏၊ အဘိပါရကလည်း အခန်းတွင်းသို့ဝင်၍ မင်းကြီးကို ရှိခိုးလျက်—

"အရှင်မင်းမြတ်....အကျွန်ုပ်ကိုယ်တိုင်သွား၍ ပူဇော်ပသလျက် နတ်မင်းကို မေးမြန်းရာ တန်ခိုးကြီးသော နတ်မင်းသည် လာ၍ သင်တို့မင်းကြီးသည် ဥမ္မာဒန္တီ၌ တပ်စွန်းသော စိတ်ရှိ၏ ဟုပြောပါ၏၊ အရှင်မင်းမြတ်.... အကျွန်ုပ်သည် ဥမ္မာဒန္တီကို အလုပ်အကျွေးပြုရန် အရှင်မင်းမြတ်အား ဆက်သပါအံ့၊ ဥမ္မာဒန္တီနှင့်တကွ မွေ့လျော်တော်မူပါ"—

ဟု မင်းကြီးအား လျှောက်ထား တင်ဆက်လေ၏။

**ရှက်နိုးလှသဘော မင်းကြီးပြော**

ထိုအခါ မင်းကြီးသည် အလွန်ရှက်နိုးတော်မူလျက် အဘိပါရကအား"အိုအဘိပါရက...ငါမင်းမြတ် ဥမ္မာဒန္တီ၌ တပ်စွန်းသောစိတ်ရှိသောကြောင့် ယောင်ယမ်းမြည်တမ်းသောအဖြစ်ကို နတ်တို့ပင် သိကြကုန်ပြီလော" ဟုမေး၏၊ "အရှင်မင်းမြတ်....သိကြပါကုန်ပြီ"ဟု ပြောသောအခါ၊ "အဘိပါရက....တလောကလုံး ငါယုတ်မာသည့် အဖြစ်ကို သိကြချေကုန်သတတ်"ဟု မိန့်တော်မူပြီးလျှင် သူတော်ကောင်းတို့ သဘော၌ တည်လျက် အဘိပါရက စစ်သူကြီးအား—

"အို-အဘိပါရက.... ငါသည် ဥမ္မာဒန္တီနှင့် တကွ ကိလေသာအစွမ်းဖြင့် မွေ့လျော် ပျော်ရွှင်တော်မူချေက၊ ကုသိုလ် ကောင်းမှုမှ ရွေ့လျောခဲ့ရာ၏၊ မသေဘဲနေရမည်လည်း မဟုတ်ချေ၊ လူအပေါင်းလည်း ငါယုတ်မာသည်၏အဖြစ်ကို သိရာ၏၊ဥမ္မာဒန္တီကို ငါ့အား ဆက်သသဖြင့် မမြင်ရသော သင့်အားလည်း စိတ်ဆင်းရဲ ပင်ပန်းခြင်းဖြစ်ရာ၏"—

ဟု ပြန်ကြား ပြောဆို လေ၏။

**ချေရှင်းလုပ်ကျွေး မင်းကြီးပေး**

ထိုနောက် အဘိပါရက စစ်သူကြီးသည် မင်းကြီးအား ဥမ္မာဒန္တီအား အလိုတော်ကျဆက်သကာ—

"အရှင် မင်းမြတ်.... အရှင် မင်းမြတ်နှင့် အကျွန်ုပ်ကိုထား၍ လူအပေါင်းသည် ဥမ္မာဒန္တီကို ဆက်သသော အဖြစ်ကို မသိရကုန် လတ့်၊ အရှင်မင်းမြတ်အား အကျွန်ုပ်သည် ဥမ္မာဒန္တီကို ဆက်သပေပြီ၊ ထိုကြောင့် အရှင်မင်းမြတ်သည် အလိုတော်ကို ဖြည့်တော်မူလော့"—

ဟု အကြောင်းပြကာ တင်လျှောက်ပြန်၏။

**မင်းကြီးငြင်းပယ် အဖြစ်တင်ဘွယ်**

ထိုအခါမင်းကြီးသည် အဘိပါရက စစ်သူကြီး အပ်နှင်းလာသော ဥမ္မာဒန္တီကို စဉ်စား ဆင်ခြင်ကာ အကြောင်းအရာကို ပြောကြားလျက်—

"အို-အဘိပါရက···· ဤလောက၌ ယုတ်မာသောအမှုကို ပြုသောသူသည် နောင်ကာလ၌ ငါ၏ ဤယုတ်မာသောအမှုကို တပါးသောသူတို့ မသိကြကုန်ဟု အောက်မေ့မှတ်ထင်တတ်၏၊ စင်စစ်ကား ပြုလုပ်စဉ်ပင် ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်တို့သည် သိမြင်ကြကုန်၏၊ တန်ခိုးရှိသောသူတို့လည်း သိမြင်ကြကုန်၏"။

"အို-အဘိပါရက····ဤလောက မြေအပြင်၌ တစုံတယောက်သောသူသည် သင်၏မယား ဥမ္မာဒန္တီကို ငါ၏မိဖုရားဟူ၍ စင်စစ် မယုံကြည်နိုင်လေရာ၊ ချစ်လှစွာသော ဥမ္မာဒန္တီကို ငါ့အားဆက်သ၍ နောက်ကာလ၌ သင့်အား မမြင်ရသည့်အတွက် အလွန် ပင်ပန်းဆင်းရဲခြင်း ဖြစ်ခဲ့ရာ၏"–

ဟု မိန့်ဆိုကာ ပယ်တော်မူပြန်၏။

**မင်းကြီးအလိုကျ မယားဆက်သ**

ထိုနောက်မှ အဘိပါရက စစ်သူကြီးသည် ဥမ္မာဒန္တီကိုအလုပ်အကျွေးပြုရန် မင်းကြီးအားတဖန်တိုက်တွန်း လျှောက်ထားလျက်–

"အရှင်မင်းမြတ်····ဥမ္မာဒန္တီကားအကျွန်ုပ်၏ ချစ်စွာသောမယားတည်း၊ဥမ္မာဒန္တီကား အကျွန်ုပ်၏ မယားမဟုတ်သည်ကား မဟုတ်ပါ၊ ကိလေသာဖြင့် ပူပန်လှသော ခြင်္သေ့မင်းသည် ခြင်္သေ့မနေရာ ပတ္တမြားဂူသို့ ကပ်လေသကဲ့သို့ အရှင်မင်း

မြတ်သည် ဥမ္မာဒန္တီနေရာသို့ ကြွတော်မူပါ၊ အရှင်မင်းမြတ်အား ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ”–

ဟု အဆက်သခံရန် တိုက်တွန်းလျှောက်ထားပြန်၏။

မင်းပါရမီကို ဖြည့်ဆည်းလို

ထိုစကားကို ကြားလျှင် မင်းကြီးသည် စဉ်းစား ဆင်ခြင်ကာ မလျှောက်ပတ်သော အခြင်းအရာတို့ကို အဘိပါရကအား ပြောကြားလျက်–

“အို-အဘိပါရက····ပညာရှိတို့မည်သည် မိမိအား ဆင်းရဲခြင်းဖြင့် နှိပ်စက်ပါသော်လည်း ချမ်းသာသောအကျိုးကို ပေးတတ်သော ကောင်းမှုကို မစွန့်ကြကုန်၊ ချမ်းသာခြင်းဖြင့် မေ့လျော့ယစ်မူးကုန်သည်ဖြစ်၍ငင်း, ပြင်းစွာတွေဝေ ကုန်သည်ဖြစ်၍ငင်း ယုတ်မာသောအမှုကို မပြုကျင့်ကြကုန်”–

ဟု တရားဟောတော်မူ၏၊ ထိုအခါ အဘိပါရကစစ်သူကြီးသည် နောက်ထပ်တဖန် မင်းကြီးအား–

“အရှင် မင်းမြတ်···· အရှင်မင်းမြတ် သည် အကျွန်ုပ်၏ အမိလည်းဖြစ်ပါ၏၊ အဘလည်း ဖြစ်ပါ၏၊ အရှင်သခင်လည်း ဖြစ်ပါ၏၊ ကိုးကွယ်ရာလည်း ဖြစ်ပါ၏၊ ကျွေးမွေးသော ထမင်းရှင်လည်းဖြစ်ပါ၏၊ နတ်လည်းဖြစ်ပါ၏၊ သားမယားနှင့်တကွ အကျွန်ုပ်သည် အရှင်မင်းမြတ်၏ ကျွန်လည်းဖြစ်ပါ၏၊ အရှင်မင်းမြတ်သည်ချမ်းသာတော်မူသလို အလိုတော်ကို ဖြည့်တော်မူပါ”–

ဟု တဖန် မင်းကြီးအား တင်လျှောက်ပြန်၏။

လှနတ်ကဲ့ရဲ့မှု ဖြင်းပယ်မြ

မင်းကြီးလည်း နောက်ထပ်တဖန် အဘိပါရက စစ်သူကြီး လျှောက်ထားသော စကားကို အကြောင်းပြကာ တားမြစ်ပြန်ကာ—

"အို-အဘိပါရက·· ငါအစိုးရသူဖြစ်ပါတကား ဟု မကောင်းမှုကိုပြုသောသူသည် ထိုမကောင်းမှုကို ပြုပြီး၍လည်း သူတပါးတို့အား မထိတ်လန့်စေ၊ ထိုသူကား ထိုမကောင်းမှုကြောင့် အသက်မရှည် အသက်တို၏၊ သူတပါးစိတ်ကို သိကုန်သော နတ်တို့သည်လည်း ထိုသူကို မကောင်းသော ကြည့်ရှုခြင်းဖြင့် ကြည့်ရှုကုန်၏"—

ဟုအဘိပါရကစကားကို အကြောင်းပြု၍ မြစ်ပယ်ပြန်၏။

မင်းကြီးအလိုကျ အလုပ်ကျွေးဘ၀

ထိုအခါအဘိပါရကသည် နောက်ထပ်တဖန် မင်းကြီးအား လျှောက်ထားတိုက်တွန်းပြန်လျက်—

"အရှင်မင်းမြတ်···· အရှင်မင်းမြတ်သည် သိတော်မူပါ၏၊ ဥမ္မာဒန္တီကား အကျွန်ုပ်၏ချစ်လှစွာသောမယားမှန်ပါ၏၊ အကျွန်ုပ်သည် ချစ်မြတ်နိုး၍ ကောင်းကျိုးကို လိုသောကြောင့် ချစ်မြတ်နိုးသော မယားကို အရှင်မင်းမြတ်အား ဆက်သပါ၏၊ ချစ်မြတ်နိုးသော အလှူ၀တ္ထုကို လှူလေ့ရှိကုန်သော သူတို့သည် သံသရာ၌ ချစ်မြတ်နိုးသော၀တ္ထုကို ရကုန်၏"—

ဟု အကြောင်းပြကာ တင်လျှောက် ပြန်၏။

ကာမဂုဏ်တွက် အကျင့်မပျက်

ထိုနောက်မင်းကြီးသည်မကောင်းသော ကိုယ်ကျင့်နှင့်တကွ သံသရာအဖြစ်တို့ကို ပြကာ ပယ်မြစ်လျက်–

"အို-အဘိပါရက···· ငါသည် ကာမဂုဏ်ဟူသောအကြောင်းကြောင့် မိမိကိုယ်ကို ဖျက်ဆီးရတော့မည်လော"–

"အဘိပါရက···· အမှန်အားဖြင့် ငါသည် တရားသဘော၏ ဆန္ဒကျင့်ဘက်ဖြင့် တရားသဘောကို မဖျက်ဆီးဝံ့ချေ"–

ဟု အကြောင်းပြကာ မြစ်ပယ်ပြန်၏၊ ထို့နောက်တဖန် အဘိပါရကသည်–

"အရှင်မင်းမြတ်···· အရှင်မင်းမြတ်သည် ဥမ္မာဒန္တီကို အကျွန်ုပ်၏ဥစ္စာဟူ၍ အကယ်၍အလိုတော်မရှိငြားအံ့၊ လူတို့အလယ်၌ ထိုဥမ္မာဒန္တီကို အကျိုးမဲ့ပြုကျင့်သော မယားဟု အပြစ်ပြကာ ကွာရှင်းပါအံ့၊ကွာရှင်းပြီးသောနောက်မှထိုဥမ္မာဒန္တီကို ခေါ်ယူတော်မူပါ"–

ဟု အကြောင်းတမျိုးပြကာ လျှောက်ထားပြန်၏။

စီးပွားမဲ့ကို မပြုလို

ထိုအခါ မင်းကြီးသည် အဘိပါရက စစ်သူကြီး၏ အကျိုးစီးပွားမဲ့ကို ပြောကြားကာ တားမြစ်လျက်–

"အို-အဘိပါရက····သင်သည် အပြစ်မရှိသော ဥမ္မာဒန္တီကို အကယ်၍စွန့်ပစ်ငြားအံ့၊ သင့်အား အကျိုးစီးပွားမဲ့ဖြစ်လေရာ၏၊ ကြီးစွာသော စွပ်စွဲ

ကွဲရှဲဘွယ်သည်လည်း ဖြစ်လေရာ၏၊ မြို့အလုံး၌ အပေါင်းအဘော်မရှိသည်လည်း ဖြစ်လေရာ၏”—
ဟု အပြစ်အမျိုးမျိုးပြကာ မြစ်ပယ်ပြန်၏၊ ထိုအခါ အဘိပါရကသည်—

“အရှင်မင်းမြတ်····အကျွန်ုပ်သည် စွပ်စွဲကဲ့ရဲ့ခြင်းကိုဧင်း,ရှုတ်ချခြင်းကိုဧင်း, ချီးမွမ်းခြင်းကိုဧင်း, အပြစ်တင်ခြင်းကိုဧင်း, ထိုအလုံးစုံကို သည်းခံနိုင်ပါ၏၊ အလုံးစုံသောအပြစ်သည် အကျွန်ုပ်ထံသို့ လာပါစေ၊ ချမ်းသာသလို အလိုတော်အတိုင်းပြုတော်မူပါ”—

ဟု အကြောင်းတမျိုးပြကာ လျှောက်ထားပြန်၏။

**တနည်းကြံဆ မင်းဆက်သ**

ထိုအခါ မင်းကြီးသည် အဘိပါရကစစ်သူကြီး လျှောက်ထားသော စကားကို ပယ်ရှားပြန်ကာ—

“အို-အဘိပါရက···· အယဉ်ထန်စွာ ရွာသွန်းချသော မိုးရေသည် မြင့်ရာကြည်းကုန်းမှ နိမ့်ရှိုင်းရာအရပ်သို့စီးသွားသကဲ့သို့ကဲ့ရဲ့ရှုတ်ချခြင်း, အပြစ်တင်ခြင်းကို မစိုးရိမ်ဂရုမစိုက်၊ ချီးမွမ်းခြင်း, ပူဇော်ခြင်းကိုလည်း မခံယူလို၊ ထိုသူမှာ ဘုန်းကြက်သရေ ပညာဉာဏ်ကင်းကွာတတ်၏ တကား”—

ဟု အပြစ်ကိုပြကာ မြစ်ပယ်ပြန်၏၊ တဖန် အဘိပါရကသည်—

“အရှင်မင်းမြတ်···· မြေကြီးမည်သည် အာသဝေါကုန်ပြီးသောသူ, မကုန်သေးသော ပုထုဇဉ်တို့တွင်အချို့သောသူတို့ကိုသာ သည်းခံသည်မဟုတ်၊

အလုံးစုံသောသူတို့ကို သည်းခံသကဲ့သို့ ထို့အတူ ဥမ္မာဒန္တီကို ကွာရှင်းခြင်းကြောင့်ဖြစ်သော အလုံးစုံသော ဆင်းရဲချမ်းသာ, အကုသိုလ်, စိတ်ပင်ပန်းခြင်းတို့ကို အကျွန်ုပ်ရင်ဖြင့်ခံပါမည်”–

ဟု လျှောက်ထား ပြန်၏။

ကုသိုလ်ပြုချင့်မခံလင့်

ထိုအခါမင်းကြီးသည် အဘိပါရက စစ်သူကြီး လျှောက်တင်သော အကြောင်းကိုပယ်ဖျက်ကာ ပြောကြားလျက်–

“အို-အဘိပါရက.... ငါသည် သူတပါးတို့၏ အကုသိုလ်ကိုငင်း, ဆင်းရဲခြင်း စိတ်ပင်ပန်းခြင်းကိုငင်း, အလိုမရှိပါ၊ အကုသိုလ်တရား၌ တည်ကာ တစုံတယောက်သောသူကို မဆင်းရဲ မပင်ပန်းစေဘဲ တယောက်ထီးတည်းသာ ဆင်းရဲခြင်းဝန်ကို ထမ်းပိုးရွက်ဆောင်တော့အံ့”–

ဟု တရားဟောပြန်၏၊ ထို့နောက် အဘိပါရကသည်–

“အရှင် မင်းမြတ်.... အရှင် မင်းမြတ်သည် အကျွန်ုပ်၏နတ်ရွာလားကြောင်းဖြစ်သော ကုသိုလ်ကောင်းမှုကို မဖျက်ဆီးပါလင့်၊ ပုဏ္ဏားတို့အား ယဇ်ပူဇော်ရန်ပေးလှူသကဲ့သို့ အရှင်မင်းမြတ်အား ကြည်ညိုသည်ဖြစ်၍ ဥမ္မာဒန္တီကို ဆက်သပါ၏”–

ဟု လျှောက်ထား ပြန်၏။

မင်းကြီးအာသာပြည့်စုံရာ

ထို့နောက်မင်းကြီးသည် မိမိအားနတ်နှင့်တကွ လူအများတို့သည် ကဲ့ရဲ့ပြစ်တင်မှုကိုမြင်သဖြင့် ပယ်မြစ်ကာ–

"အို-အဘိပါရက····စင်စစ် ငါ၏အစိုးအပွား ဖြစ်၏၊ သင်နှင့်ဥမ္မာဒန္တီသည် ငါ၏ အဆွေခင်ပွန်း ချည်းဖြစ်၏၊ ထို့ကြောင့် ဥမ္မာဒန္တီကိုသိမ်းဆည်း သည်ရှိသော် နတ်, ဗြဟ္မာ, အလုံးစုံသော နိုင်ငံ သားတို့သည် အဆွေခင်ပွန်းကို ပြစ်မှားသောမင်း ဟု ကဲ့ရဲ့ကုန်ရာ၏၊ တမလွန်ဘဝ၌ ယုတ်မာသော အဖြစ်သို့ရောက်ရာ၏"—

ဟု အပြစ်ပြ၍ မြစ်ပယ်ပြန်၏၊ထို့နောက် အဘိပါရက သည်—

"အရှင် မင်းမြတ်···· အရှင် မင်းမြတ်သည် အကျွန်ုပ်၏အလှူ ပူဇော်သက္ကာရကို ခံထိုက်ပါ၏၊ အကျွန်ုပ်အား အစိုးအပွားကိုလည်း လိုလားသည် ဖြစ်၍ သနားကြင်နာ၏၊ အကျွန်ုပ်အားဆောင်ရွက် ပေ၏၊စည်းစိမ်ချမ်းသာကိုလည်း ပေးတော်မူ၏၊အ လိုရှိတိုင်းကာမကိုလည်းစောင့်ရှောက်ပေ၏၊အရှင် မင်းမြတ်အား ပူဇော်သည်ရှိသော် အကျိုးကြီးမြတ် လှ၏၊ အကျွန်ုပ်၏အလိုအားဖြင့် ဥမ္မာဒန္တီကို ခံယူ တော်မူပါ"—

ဟု လျှောက်ထား တောင်းပန်ပြန်၏။

**အဘိပါရကကိုပင် ကြိမ်းမောင်းနှင့်**

ထိုအခါ မင်းကြီးသည် အကြိမ်ကြိမ် မြစ်ပယ်ကာ တရားဟောပါလျက် မနာ ယူဘဲ ဆန့်ကျင်ဘက်ဖြစ်ကာ လျှောက် ထား၍ နေသဖြင့်—

"အို-အဘိပါရက မည်သောချစ်သား···· သင် ချစ်သားသည် စင်စစ် ရှေးအခါ ငါ၏အလုံးစုံသော

အကျိုးစီးပွားကို ဆောင်ရွက်ခဲ့ဘူးပြီ၊ ဤလူ့ပြည်၌ အရဏ်တက်သည်ရှိသော် သင့်အား ငါမှတပါး ချမ်းသာခြင်းကို ပြုတတ်သော အဘယ်မင်းရှိသေးသနည်း"—

ဟု အတင်းကြိမ်းမောင်းကာ မြစ်ပယ်လေ၏၊ ထိုအခါမှ အဘိပါရကသည် တစုံတခုသောစကားကို မတင်လျှောက်ဝံ့တော့ဘဲ၊ မင်းကြီးအား ရှိုးကျူးထောပနာလျက်—

"အရှင်မင်းမြတ်···· အရှင် မင်းမြတ်သည် မင်းတကာတို့ထက် မြတ်တော်မူ၏၊ ပြိုင်ဘက်ကင်းတော်မူ၏၊ ကုသိုလ်ဆယ်ပါးတရား၌ အားထုတ်တော်မူ၏၊ တရားကို သိတော်မူ၏၊ ကောင်းသော ပညာရှိတော်မူ၏၊ တရားကို စောင့်တော်မူ၏၊ သက်တော်ရှည်ပါစေသော်၊ အကျွန်ုပ်အား တရားဟောတော်မူပါ"—

ဟု တောင်းပန် လေ၏။

**ကိုယ်ပိုင်မြင်သိဆင်ခြင်မိ**

ထိုနောက်မှ မင်းကြီးသည် အဘိပါရကအား မင်းတို့မည်သည် တိုင်းသူ ပြည်သားတို့၏အားထားရာ ဖြောင့်မှန်သော တရားတို့ကို ကျင့်ထိုက်ကြောင်းကို ပြောကြားလျက်—

"အို-အဘိပါရက···· သင်သည် ငါ့ကို တရားဟောရန် တောင်းပန်ပြန်၏၊ ငါသည် သင့်အား ဘုရားစသော သူတော်ကောင်းတို့သည် မှီဝဲအပ်သော တရားတော်ကို ဟောပေအံ့၊ သင်သည် ငါ၏စကားကို ရိုသေစွာနာယူလော့"။

"အဘိပါရက....အကုသိုလ်ကိုပယ်၍ ကုသိုလ်တရားကိုနှစ်သက်သောမင်းသည် ကောင်း၏၊ ပညာရှိသောပုဂ္ဂိုလ်သည် ကောင်း၏၊အဆွေခင်ပွန်းတို့ကို မပြစ်မှားခြင်းသည် ကောင်း၏၊ မကောင်းမှုကို မပြုကျင့်ခြင်းသည် နောင်အခါချမ်းသာကို ခံစားရခြင်းအကြောင်းတည်း"။

"အဘိပါရက.... အမျက်မထွက်ဘဲ ဝိနိစ္ဆယဓမ္မ,ပဝေဏိဓမ္မ,သုစရိတဓမ္မ ၌ တည်သောမင်း၏ နိုင်ငံ၌ နေသောသူတို့သည် ချမ်းမြေ့သာယာသော အရိပ်ဖြင့် မိမိတို့အိမ်၌ ချမ်းသာစွာနေရကုန်၏"။

"အဘိပါရက....မစူးစမ်းမဆင်ခြင်ဘဲ ပြုအပ်သောအမှုသည် မကောင်း၊ ငါသည် ထိုအမှုကို မနှစ်သက်သည်သာတည်း၊ ကိုယ်တိုင်သိ၍ ပြုသောမင်းတို့၏အမှုသာ နှစ်သက်တော်မူ၏၊ ဤနှစ်ပါးသော ဥပမာတို့ကို သင်နာယူလော့"—

"အဘိပါရက.... သွားကုန်သောနွားတို့တွင် ရှေ့ဆောင်နွားလားသည် ကောက်တကျစ်သွားငြားအံ့၊ ထိုသို့ကောက်တကျစ်သွားသည်ရှိသော် အလုံးစုံသောနောက်လိုက်နွားအပေါင်းတို့သည် ကောက်တကျစ် သွားကြကုန်၏"။

"အဘိပါရက.... ဤအတူလျှင် လူတို့သည် ပြည့်ရှင်မင်းသည် အမြတ် ဟု သမုတ်အပ်သောသူတည်း၊ထိုမင်းသည် မတရားကို ကျင့်ငြားအံ့၊ တပါး

သော တိုင်းသူပြည်သားတို့သည် အဘယ်ဆိုဘွယ် ရာရှိအံ့နည်း၊အလွန် လျှင်မတရားကို ကျင့်ကြသည် သာတည်း"။

"အဘိပါရက····ပြည့်ရှင်မင်းသည် တရားကို မကျင့်သည်ဖြစ်အံ့၊ ထိုသို့တရားမကျင့်သည်ရှိသော် အလုံးစုံသော တိုင်းသူပြည်သားတို့သည် ဆင်းရဲ ပင်ပန်းစွာ နေကြရ၏"။

"အဘိပါရက···· သွားကုန်သော နွားတို့တွင် ရှေ့ဆောင်နွားလားသည် ဖြောင့်စွာသွားသည်ဖြစ် အံ့၊ ထိုသို့ ဖြောင့်စွာသွားသည်ရှိသော် အလုံးစုံ သော နောက်လိုက်နွားအပေါင်းတို့သည် ဖြောင့် စွာ သွားကြကုန်၏"။

"အဘိပါရက····ဤအတူ လူတို့တွင် ပြည့်ရှင် မင်းသည် အမြတ်ဟု သမုတ်အပ်သောသူတည်း၊ ထိုမင်းသည် တရားကို ကျင့်ငြားအံ့၊ တပါးသော တိုင်းသူပြည်သားတို့သည် အဘယ်ဆိုဘွယ်ရာရှိအံ့ နည်း၊ အလွန်လျှင် တရားကို ကျင့်ကြသည်သာ တည်း"။

"အဘိပါရက··ပြည့်ရှင်မင်းသည် တရားစောင့် သည်ဖြစ်အံ့၊ထိုသို့တရား စောင့်သည်ရှိသော် အလုံး စုံသောတိုင်း သူပြည်သားတို့သည် ချမ်းသာစွာနေ ကြရ၏"။

"အဘိပါရက····ငါသည် တရားကို မကျင့်ဘဲ နိဗ္ဗာန်ကို ဆုမတောင်း၊ အလုံးစုံသော မြေအပြင် ကို အောင်နိုင်ခြင်းငှါလည်း အလိုမရှိ"၊

"အဘိပါရက… လောက၌ ရွှေငွေကျောက် သံပတ္တမြား စသော သက်မဲ့ ဥစ္စာ ရတနာ, မိန်းမ, ကျေးကျွန်,ဆင်မြင်း,ကျွဲ,နွား စသော သက်ရှိဥစ္စာ တို့သည် ရှိကြကုန်၏၊ ဤလနှင့် နေတို့သည် စောင့် ရှောက်ကုန်၏"။

"အဘိပါရက…ငါကား သိဝိတိုင်း၌ မြတ် သောမင်းဖြစ်ပေ၏၊ ရတနာ အပေါင်းတို့၏ အရှင် ဖြစ်သော စကြဝတေးမင်း၏ စည်းစိမ်ကြောင့် လည်း မညီညွတ်သောအကျင့်ကို မကျင့်အံ့"။

"အဘိပါရက… ငါကား လူအပေါင်း တို့ကို နတ်ပြည်သို့ ပို့တတ်သောမင်း, အစီးအပွားကို ဆောင်တတ်သောမင်း, တရား ကျင့်၏ဟု ဇမ္ဗူ ဒိပ်ကျွန်း၌ ထင်ရှားသောမင်း,ပြည်သူအပေါင်းကို စောင့်ရှောက်တတ်သောမင်း,ရှေးမင်းတို့၏ အစဉ် အဆက်ဖြစ်သောတရားကို ပူဇော်သော မင်းဖြစ်၍ တရားကိုသာလျှင် ကြံဆင်ခြင်တော်မူ၏၊ မိမိစိတ် ဖြင့်သာ ကျင့်တော်မူ၏"—

ဟု တရားဟောကာ အဆုံးအမ ပေးလေ၏။

**မင်း၏တရားနာ ကြည်ညိုစွာ**

ထိုနောက် အဘိပါရကစစ်သူကြီးသည် သိဝိမင်းကြီး၏တရားတော်ကို ကြားနာ ရလျှင် အလွန်ကြည်ညိုသည်ဖြစ်၍—

"အရှင်မင်းမြတ်… အရှင်မင်းမြတ်၏ ပညာ တော်သည် အကျင့်နှင့်တူသော သဘော ရှိပေ၏၊ ထိုကြောင့် အရှင်မင်းမြတ်သည် ရှည်မြင့်စွာ မင်း

အဖြစ်ကို အမြဲပျက်စီးခြင်းကင်းရန် အဆိပ်ကင်းရန် ပြုတော်မူလတံ့”

“အရှင် မင်းမြတ်.... အရှင် မင်းမြတ်သည် တရားတော်ကို မေ့လျော့တော်မမူပေ၊ ထိုကြောင့် အကျွန်ုပ်တို့သည် အရှင် မင်းမြတ်အား ဝမ်းမြောက်ပါကုန်၏။ မေ့မေ့ လျော့လျော့ အုပ်စိုးသော ပြည့်ရှင်မင်းသည် တိုင်းနိုင်ငံမှ ရွေ့လျောရပါ၏”–

ဟု ချီးမွမ်း ထောမနာခြင်းကို ပြုပြီး၍ တဖန်လည်း သိဝိမင်းကြီးအား [ဓမ္မဥ္စရ မဟာရာဇ။ လ။] စသည်ဖြင့် တေသကုဏဇာတ်တော်၌ လာသောအတိုင်း မင်းတို့ကျင့်အပ်သောတရားတို့ကို ကျင့်တော်မူရန် တိုက်တွန်းလျှောက်ထားပြန်၏၊ ဤသို့လျှောက်ထားသည်ရှိသော် သိဝိမင်းကြီးသည် ဥမ္မာဒန္တီ၌ တပ်စွန်းသော ကိလေသာစိတ်ကို ပယ်ဖျောက်တော်မူ၍ ချမ်းသာစွာ တရားသဖြင့် မင်းပြုတော်မူ၏။

ဤသို့လျှင် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည် အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ သုနန္ဒာ ရထားထိန်းသည်– ယခုအခါ အာနန္ဒာ။

※ အဘိပါရကသည်—သာရိပုတ္တရာ။
※ ဥမ္မာဒန္တီသည်—ဥပ္ပလဝဏ်။
※ ကြွင်းသော ပရိသတ်သည်—ငါဘုရားပရိသတ်။
※ သိဝိမင်းကြီးသည်—ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) တိ,ကျွတ်စသား၊ သတ္တဝါများ၊ လိုလား ကာမဂုဏ်။
(၂) ကြည်ညိုဘွယ်ကင်း၊ ပင်ပန်းခြင်း၊ ဆင်းရဲ ကာမဂုဏ်။
(၃) များစွာအပြစ်၊ အရိုးစစ်၊ သားတစ်ကာမဂုဏ်။
(၄) မီးကျီးတွင်းလား၊ မီးရှူးလား၊ အငှါးကာမဂုဏ်။
(၅) မျက်လှည့်သည်သွင်၊ အိပ်မက်သွင်၊ တံကျင်ကာမဂုဏ်။
(၆) မြွေဟောက် ခေါင်းလား၊ ဆိပ်သီးလား၊ ဆိုးရွား ကာမဂုဏ်။
(၇) ပညာရှိများ၊ သတိထား၊ ရှောင်ရှားကာမဂုဏ်။

ဥမ္မာဒန္တီ ဇာတ်ပြီး၏။

---

# ၅၂၈- မဟာဗောဓိပရိဗ္ဗာဇကဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ပညာတော်အရာ ချီးမွမ်းရာ**

နတ်လူ့ဘို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား၏ ပညာရှိတော်မူခြင်း,သူတပါး၏အယူဝါဒကို ချိုးဖွဲ့ဖျက်ဆီးတော်မူခြင်းကိုအကြောင်းပြု၍အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

**ပရိဗိုဇ်ပြုကာ တောနေရာ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ကာသိ တိုင်းဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥဒိစ္စပြာဟ္မဏမဟာ သာလမျိုး၌ဖြစ်၍ အမည်အားဖြင့် ဗောဓိသတို့သား မည် သတတ်။

ထိုဗောဓိသတို့သားသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် အိမ်ရာ တည်ထောင် လူတို့ဘောင်၌နေ၍၊ နောက်အဘို့၌ အကျွတ် တရားရလျက် ကာမဂုဏ်တို့ကို စွန့်ပယ်ကာ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင် တောသစ်သီးသစ်ဥ စသည်တို့ ဖြင့် မျှတကာ ကြာမြင့်စွာ နေလေ၏။

**ပရိဗိုဇ်ဥယျာဉ်ကို မင်းကြည်ညို**

တနေ့သ၌ မိုဃ်းလလွန်သော အခါ ဟိမဝန္တာမှ ထွက်ခဲ့၍ ဒေသစာရီလှည့် လည်သည်ရှိသော် အစဉ်သဖြင့် ဗာရာ ဏသီပြည်သို့ ရောက်၍ မင်းဥယျာဉ်၌နေ၏၊ နံနက်အခါ မြို့တွင်းသို့ ဆွမ်းခံ လှည့်လည်ရာ မင်းကြီး အိမ်တံခါးသို့ ရောက်လေ၏၊ လေသာပြူတင်းပေါက်မှ ကြည့်ရှုနေသော မင်းကြီးသည် ဗောဓိပရိဗိုဇ်ကို မြင်လျှင် ဣန္ဒြေငြိမ်သက် ခြင်း၌ ကြည်ညိုသည်ဖြစ်၍ နန်းတော်သို့ပင့်ခေါ်စေပြီးလျှင် မွန်မြတ်သောခဲဘွယ်ဘောဇဉ်တို့ကို လှူဒါန်းလေ၏။

**ဆွမ်းကိုခံယူ ဘုဉ်းပေးမှု**

ဗောဓိပရိဗိုဇ်လည်း အတန်ငယ်တရား ဟောပြီးလျှင် ခဲဘွယ်ဘောဇဉ် တို့ကို အလှူခံ၍ ဤမင်းမျိုးတို့ မည်သည်ကား

အပြစ်များလှ၏၊ ရန်သူများလှ၏၊ ငါ့အား ဖြစ်လာသော
ဘေးကို အဘယ်သူသည် ထုတ်ဆောင် ကယ်ဆယ်နိုင်မည်
နည်းဟု ကြံစည်လျက် မိမိအနီး၌ရှိ၍ မင်းကြီးနှင့်အကျွမ်း
ဝင်သော ပိင်္ဂလမည်သော ခွေးကြီးကိုမြင်၍ ထမင်းခဲကြီး
တခုကိုကိုင်ကာ ခွေးကြီးကို ကျွေးလိုသော အမူအရာကို
ပြတော်မူ၏၊ ထိုအခါ မင်းကြီးသည် သိတော်မူ၍ ခွေးစား
ခွက်ကို ယူစေပြီးလျှင် ထမင်းခဲကြီးကိုထည့်စေ၍ခွေးကြီးကို
ကျွေးစေ၏၊နောက် ပရိဗိုဇ်လည်း ဆွမ်းကိုဘုဉ်းပေးလေ၏။

**မင်းကိုမှီနေ**
**ကြာမြင့်လေ**

ဆွမ်း ဘုဉ်းပေးခြင်း ကိစ္စ ပြီးလျှင်
ဗြဟ္မဒတ်မင်းသည် ဗောဓိပရိဗိုဇ်အား
ဥယျာဉ်တော်၌ သီတင်းသုံးလျက် နေ
စဉ် နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးရန် တောင်းပန်၏၊
ဗောဓိပရိဗိုဇ်လည်း သည်းခံလျက်နေစဉ် နန်းတော်သို့ကြွ
၍ ရာဇပလ္လင်ပေါ်တွင် ဆွမ်းဘုဉ်းပေးတော်မူ၏၊ မင်းကြီး
လည်း ဥယျာဉ်တော်၌ ကျောင်းဆောက်၍ ကိုးကွယ်၏၊
ပရိက္ခရာတို့ကိုလည်း လှူဒါန်း၏၊ ဤသို့နေ၍လာခဲ့ရာ ဆယ့်
နှစ်နှစ်တို့သည် လွန်ကုန်၏။

**တံစိုးစားလတ်**
**အဆုံးအဖြတ်**

ဗြဟ္မဒတ်မင်းအား ငါးယောက်သော
အမတ်ကြီးတို့သည် အကျိုးအကြောင်း
ပြသဆုံးမ ကုန်၏၊ ထိုငါးယောက်တို့
တွင် တယောက်ကား အဟေတုကဝါဒရှိ၏၊ တယောက်
ကား ဣဿရကရဏဝါဒရှိ၏၊ တယောက်ကား ပုဗ္ဗေကတ
ဝါဒရှိ၏၊ တယောက်ကား ဥစ္ဆေဒဝါဒရှိ၏၊ တယောက်

ကား ခတ္တဗိဇ္ဇဝါဒရှိ၏၊ ထိုအမတ်တို့သည် ဗြဟ္မဒတ်မင်း၏ တရားသူကြီးအရာ၌တည်၍ တရားဆုံးဖြတ်ကြကုန်၏။

[မှတ်ချက်။ အဟေတုကဝါဒ-သတ္တဝါတို့အားအကြောင်း မရှိ၊ သံသရာဖြင့် စင်ကြယ်၏ဟု ယူသောအယူဝါဒ။ ။ ဣဿရကရဏဝါဒ-သတ္တဝါတို့ကို ဗြဟ္မာဗိသနိုး အစိုးရသူ တို့သည် ဖန်ဆင်း၏ဟုယူသော အယူဝါဒ။ ။ပုဗ္ဗေကတ ဝါဒ-သတ္တဝါတို့ချမ်းသာ, ဆင်းရဲဖြစ်သည်ရှိသော် ရှေးကံ ကြောင့်သာဖြစ်သည်ဟု ယူသောအယူဝါဒ။ ။ဥစ္ဆေဒဝါ ဒ-ပစ္စုပ္ပန်ဘဝမှတမလွန်ဘဝသို့သွားသောသူမည်သည်မရှိ၊ ဤလောကသည် ပြတ်၏ဟု ယူသောအယူဝါဒ။ ။ခတ္တဗိဇ္ဇ ဝါဒ၊ မိဘတို့ကိုလည်းသတ်၍ မိမိအလို ဆန္ဒကိုသာလျှင်ပြု အပ်၏ဟု ယူသောအယူဝါဒ။]

မှုရိုးဖြောင့်ကြွစဉ် ဝိုလျှောက်တင်

ထိုအမတ်တို့သည်တနေ့သ၌ တရားဆုံးဖြတ်သည်ရှိသော် တံစိုးလက်ဆောင်ကို စားကြ၍ ဥစ္စာရှင်မဟုတ်သူတို့ကို ဥစ္စာရှင်ပြုကာ အနိုင်ပေးကုန်၏၊ ထိုအခါ လိမ်လည် ကောက်ကျစ်၍ တရားတွေ့သောသူထံမှ တရားရှုံးသော ဥစ္စာရှင်တယောက်သည် နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာသော ဗောဓိပရိဗိုဇ်ကို မြင်လျှင် ရှိသေစွာရှိခိုး၍ "အရှင်ဘုရား....အရှင်ဘုရားတို့သည် နန်းတော်၌ ဆွမ်း ဘုဉ်းပေးကုန်၏၊ မင်းကြီးနှင့်လည်း အကျွမ်းဝင်ကုန်၏၊ အမတ်ငါးယောက်တို့သည် တံစိုးလက်ဆောင်ကို စား၍ လူတို့ကို ဖျက်ဆီးကာတရားဆုံးဖြတ်ကုန်၏၊ အရှင်ဘုရား တို့သည် အဘယ်ကြောင့်လျစ်လျူရှုကုန်သနည်း၊ ယခုအခါ လိမ်လည်ကောက်ကျစ်၍ တရားတွေ့သူထံမှ တံစိုးလက်

ဆောင်ကို ယူကြ၍ ဥစ္စာရှင်ဖြစ်ပါလျက် အကျွန်ုပ်အား အရှုံးပေးကြသည်” ဟု ငိုကြွေးကာ လျှောက်ထားလေ၏။

**ပရိဗိုဇ်အဝန်နှံ တရားစီရင်ရန်**

ထိုအခါ ဗောဓိပရိဗိုဇ်သည် တရားရှုံး သောယောကျ်ားကိုသနားသဖြင့်တရား ရုံးတော်သို့သွား၍ဥစ္စာရှင်ဖြစ်သူကိုသာ အနိုင်ပေးလျက် တရားသဖြင့်ဆုံးဖြတ်လေ၏၊ လူတို့သည် တပြိုင်နက် သည်းစွာသောအသံဖြင့် ကောင်းချီးပေးကာ ကြွေးကြော်ကြကုန်၏၊ မင်းကြီးကြား၍မေးတော်မူရာ ထိုအသံမှန်းသိ၍ ဗောဓိပရိဗိုဇ် ဆွမ်းဘုဉ်းပေးပြီးသောအခါ “အရှင်ဘုရား‥အရှင်ဘုရားသည်ယနေ့တရားဆုံးဖြတ်တော်မူသလော”ဟု လျှောက်၏၊ “ဆုံးဖြတ်သည်မှန်ပေ၏”ဟု ပြော၏၊“အရှင်ဘုရား‥‥ဆုံးဖြတ်သည်ရှိသော် လူအများ စီးပွားချမ်းသာဖြစ်လတံ့၊ ဤနေ့မှစ၍ အရှင်ဘုရားသာ ဆုံးဖြတ်တော်မူပါ၊ ငါတို့မှာ ရဟန်းဖြစ်၍ တရားဆုံးဖြတ်ခြင်း အမှုသည်မအပ်၊ လူအများကိုငဲ့ညှာသနားသဖြင့်အပ်ပါ၏၊ သို့အတွက် ဆွမ်းဘုဉ်းပေးကြွလာသောအခါ လေးတရား၊ ဆွမ်းဘုဉ်းပေးပြီး၍ ပြန်သောအခါ လေးတရား ဆုံးဖြတ်တော်မူပါ”ဟု အဖန်ဖန် တောင်းပန်၏၊ ဗောဓိပရိဗိုဇ်လည်း ကောင်းပြီဟု ဝန်ခံ၍ ထိုနေ့ကို အစပြုကာ တရားဆုံးဖြတ်တော်မူ၏၊တံစိုးလက်ဆောင်ပေး၍ တရားတွေ့သောသူတို့သည် အခွင့်မရကြကုန်။

**ပုဏ္ဏားယုတ်မိုက် မင်းကုန်းတိုက်**

ထိုအခါ အမတ်တို့သည် တံစိုးလက်ဆောင်ကို မစားရသဖြင့် ဆင်းရဲကုန် ရကား တိုင်ပင်ညီညွတ်ကာ မင်းကြီး

နှင့် ဗောဓိပရိဗိုဇ်ကို အချစ်ပျက်အောင် ကုန်းတိုက်မည် ဟု ကြံစည်းပြီးလျှင် မင်းကြီးထံသွား၍ "အရှင်မင်းကြီး.... ဗောဓိပရိဗိုဇ်ကား အရှင်မင်းကြီး၏ရန်သူဖြစ်၏၊ အကျိုး မဲ့ကိုပြု၏" ဟု လျှောက်ထားကုန်၏၊ "အမတ်တို့....ဗော ဓိပရိဗိုဇ်ကား သီလရှိ၏၊ဉာဏ်ပညာရှိ၏၊ သင်တို့လျှောက် သလိုပြုမည်မဟုတ်" ဟု ပြော၏၊ "အရှင်မင်းကြီး....နာ တော်မူဦးလော့၊ ဗောဓိပရိဗိုဇ်သည် တမြို့လုံးကို မိမိလက် နက်နိုင်ငံပြုဘိ၏၊ အကျွန်ုပ်တို့ငါးယောက်ကိုသာ မပြုနိုင်၊ ယုံတော်မမူလျှင် ဗောဓိပရိဗိုဇ် ဥယျာဉ်နန်းတော်သို့ကြွလာ သောအခါ ကြည့်တော်မူပါ" ဟု ယုံလောက်အောင် လျှောက်ထားကုန်၏။

ပရိဗိုဇ်ထင်လွဲ
မင်းချစ်ခွဲ

ထိုနောက် မင်းကြီးသည် လေသာပြူ တင်ပေါက်မှ ဗောဓိပရိဗိုဇ်လာသော အခါ ကြည့်ရှုလတ်သော် အခြံအရံကို မြင်တော်မူလျှင် ဉာဏ်ပညာ နည်းပါးလှသောကြောင့် ဗောဓိပရိဗိုဇ်၏အခြံအရံမှတ်ထင်လျက် ပရိဗိုဇ်အပေါ်၌ အချစ်ပျက်လေ၏၊ ထိုအခါ အမတ်တို့ကို ခေါ်စေ၍ "အမတ်တို့....ဗောဓိပရိဗိုဇ်ကို အသို့ပြုအံ့နည်း" ဟု မေး ၏၊ "အရှင်မင်းကြီး....ဖမ်းစေတော်မူလော့" ဟု ပြော၏၊ "ရန်ရင်းကြမ်းကြုတ်သောအဖြစ်ကို မမြင်ရဘဲလျက် အသို့ ဖမ်းရအံ့နည်း" ဟု ပြောသောအခါ "သည်လိုဖြစ်လျှင် ပူဇော်သက္ကာရကို ဆုတ်ယုတ်စေတော်မူလော့၊ ဆုတ်ယုတ် သည်ကို မြင်လျှင် ပညာရှိသော ပရိဗိုဇ်သည် မပြောကြား ဘဲ အလိုရှိရာအရပ်သို့ ပြေးလိမ့်မည်" ဟု လျှောက်ထား ကုန်၏။

**မင်းကြီးညှဥ်းဆဲ ဆွမ်းဆင်းရဲ**

မင်းကြီးလည်း အမတ်တို့စကားကို နှစ်သက်တော်မူသဖြင့် နက်ဖြန် နေ့မှစ၍ ပူဇော်သက္ကာရကို တဖြည်းဖြည်းဆုတ်ယုတ်စေ၍၊ ရှေးဦးစွာသောနေ့၌ ပလ္လင်တော်မှာအခင်းမခင်းချေ၊ ဗောဓိပရိဗိုဇ်မြင်လျှင် မင်းကြီးအချစ်ပျက်ကြောင်း သိ၍ သွားတော့မည် ဟု ကြံစည်သော်လည်း အကြောင်းကို သိမှသွားတော့မည် ဟု ဆုံးဖြတ်ကာ ဆွမ်းဘုဉ်းပေးပြီးလျှင် ဥယျာဉ်သို့ပြန်၍၊ နောက်တနေ့၌ လှူနေကျဆွမ်းတွင် တပါးသောဆွမ်းကို ရောနှော၍လှူ၍၊ ဘုဉ်းပေးမြဲ ဘုဉ်းပေး၍ နေမြဲပင်နေ၏၊ နောက်တနေ့၌ နန်းတော်သို့ မတက်စေဘဲ လှေခါးဦး၌လှူ၏၊ ထိုနေ့၌ ဥယျာဉ်သို့ယူ၍ ဘုဉ်းပေး၏၊ နောက်တနေ့၌ နန်းတော်အောက်၌ထား၍ ဆန်ကွဲထမင်းကိုလှူ၏၊ အလှူခံ၍ ဘုဉ်းပေးမြဲ ဘုဉ်းပေးတော်မူ၏။

**ပရိဗိုဇ်သတ်ရေး အကြံပေး**

ဗြဟ္မဒတ်မင်းသည် အမတ်တို့ကို ခေါ်ပြန်၍ "ဗောဓိပရိဗိုဇ်ကား ပူဇော်သက္ကာရကို ဆုတ်ယုတ်စေသော်လည်း မပြေးလေ၊ အသို့ပြုရမည်နည်း"ဟု မေးပြန်၏၊ ထိုအခါ အမတ်တို့သည် "အရှင်မင်းကြီး.... ဗောဓိပရိဗိုဇ်ကား ဆွမ်းအတွက် နေသည်မဟုတ်၊ ထီးနန်းအတွက် နေသည်၊ အကယ်၍ ဆွမ်းအတွက်နေပါမူ ရှေးဦးသောနေ့ကပင် ပြေးလေရာ၏" ဟု လျှောက်၏၊ "အမတ်တို့.... ယခုအခါ အသို့ပြုရအံ့နည်း" ဟု မေး၏၊ "အရှင်မင်းကြီး....နက်ဖြန် သတ်စေတော်မူလော့" ဟု ပြောကြ၏၊ "အမတ်တို့....

နက်ဖြန်သင်တို့သည် သန့်လျက်တို့ကို ကိုင်စွဲကာ တံခါးကြား၌နေနှင့်ကြရမည်၊ပေါဓိပရိဗိုဇ် တံခါးသို့ဝင်လာသောအခါ ဦးခေါင်းကိုဖြတ်၍ မည်သူမျှမသိရအောင် ရေအိမ်တွင်းထဲသို့ချ၍ ရေချိုးပြီးလျှင်လာခဲ့ကြ'' ဟု အမိန့်ပေးလိုက်၏။

**ကျေးငှက်သတိရ ပြုပင်လှ**

ဗြဟ္မဒတ်မင်းသည် ညအိပ်ရာဝင်သောအခါ ပေါဓိပရိဗိုဇ်၏ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်အောက်မေ့မိလျှင် ပြင်းစွာစိုးရိမ်ပူပန်လျက် ကိုယ်မှချွေးတို့သည် ယိုစီးကုန်၏၊ သက်သာရာမရသဖြင့် မအိပ်နိုင်ဘဲ တလွန့်လွန့်လူး၍သာနေ၏၊ ထိုအခိုက် အနီးတွင်အိပ်နေသော မိဖုရားကြီးသည် ''အရှင်မင်းကြီး···· အကျွန်ုပ်ကို စကားမပြောဘယ်အပြစ်ရှိသနည်း'' ဟု မေး၏၊ ''မိဖုရားကြီး···· သင်၌အပြစ်မရှိပါ၊ စင်စစ်ကား ပေါဓိပရိဗိုဇ်ကို ရန်သူဖြစ်သည်ဟု လျှောက်ထားကြသဖြင့် နက်ဖြန်သတ်ရန် အမတ်ငါးယောက်တို့ကို စေခိုင်းမိ၏၊အမတ်တို့သည် သတ်၍ ရေအိမ်တွင်းထဲသို့ချလတံ့၊ ပေါဓိပရိဗိုဇ်ကား ငါတို့အား တဆယ့်နှစ်နှစ်ပတ်လုံး တရားဟောသော ကျေးဇူးရှိပေ၏၊ တစုံတခုသော အပြစ်ကိုလည်း မမြင်စဘူး၊ သူတပါးတို့စကားကို ယုံကြည်သဖြင့် အသတ်ခိုင်းမိ၏၊ သို့အတွက် စိုးရိမ်ပူပန်ခဲ့၏'' ဟု မိန့်တော်မူ၏။

**မင်းမိဖုရားစကား ခွေးကကြား**

မိဖုရားကြီးသည် ''အရှင်မင်းကြီး···· ပေါဓိပရိဗိုဇ်သည် ရန်သူဖြစ်ငြားအံ့၊ သတ်စေသည်ကို အဘယ်ကြောင့်စိုး



P. 55 အမတ်တို့သည် ဗောဓိပရိဗိုဇ်အလာ သတ်ရန်စောင့်နေသည်ကို ခွေးလိမ္မာကြီးသိ၍ မလာရန်ဟန့်တားနေပုံ

ရိမ်ပူပန်သနည်း၊ ရန်သူမည်သည် သားရင်းပင်ဖြစ်လင့်ကစား၊ သတ်စေ၍ မိမိချမ်းသာခြင်းကို ပြုရမည်မဟုတ်ပါလော” ဟု လျှောက်ထားကာ သက်သာရာရစေ၏၊ ထိုအခိုက်တွင် မင်းမိဖုရားတို့စကားကို ပိင်္ဂလခွေးကြီးကြား၍ ငါ့အစွမ်းဖြင့် ဗောဓိပရိဗိုဇ်ကို လွတ်စေမည် ဟု ကြံစည် စိတ်ကူးလေ၏။

ခွေးကြီးလည်း နံနက်လင်းလျှင် တံခါးမသို့သွား၍ ဗောဓိပရိဗိုဇ်အလာကို စောင့်မျှော်ကာ တံခါးခုံ၌ မေးတင်လျက် ဝပ်လေ၏၊အမတ်တို့လည်း သန်လျက်တို့ကိုလက်စွဲကုန်လျက် သတ်ရန် တံခါးကြား၌ ပုန်းလျှိုးကာ စောင့်ကုန်၏။

**ခွေးကတားဘိ ပရိဗိုဇ်သိ**

ဗောဓိပရိဗိုဇ်လည်း ဥယျာဉ်တော်မှထွက်၍ နန်းတော်သို့သွားလေ၏၊တံခါးအနီးသို့ရောက်လျှင် ပိင်္ဂလခွေးကြီးမြင်၍ ခံတွင်းကို ဟပြီးလျှင် သွားတို့ကိုဖြီးလျက် “အရှင်ဘုရား····ဇမ္ဗူဒိပ်ကျွန်းကား ကျယ်ဝန်းလှ၏၊ အခြားနေရာ၌ ဆွမ်းမရသလော၊ မင်းကြီးသည် အရှင်ဘုရားကို သတ်ရန် သန်လျက် စွဲကိုင်သော အမတ်ငါးယောက်တို့ကို တံခါးကြား၌ထားဘိ၏၊ နဖူးပြင်တွင် သေမင်းကိုဆောင်၍ မလာနှင့်၊ အမြန်ဘဲသွားပါလော့” ဟူသောအဓိပ္ပါယ်မျိုးဖြင့် အသံကျယ်စွာဟောင်လေ၏၊ ဗောဓိပရိဗိုဇ်လည်း အလုံးစုံသောသတ္တဝါတို့အသံကို သိသောကြောင့် ထိုအကြောင်းကိုသိ၍ပြန်လည်ကာဥယျာဉ်တော်သို့သွား၍အရပ်တပါးသို့ရွှေ့ပြောင်းရန် ပရိက္ခရာတို့ကို ပြင်ဆင်လေ၏။

ပရိဗိုဇ်အကြံ စုံစမ်းပြန်

မင်းကြီးသည် လေသွန်တံခါးမှ အသင့် ရပ်၍ကြည့်ရှုတော်မူရာ ဗောဓိပရိဗိုဇ် အသွားကိုရင်း, အပြန်ကိုရင်း,မြင်လျှင် ဗောဓိပရိဗိုဇ်ကား ငါ့ရန်သူဖြစ်ငြားအံ့ ဗိုလ်ပါကို ရုံးစု လတံ့၊ မဖြစ်ငြားအံ့၊ ပရိက္ခရာတို့ကို ပြင်ဆင်လတံ့၊ ရန်သူ ဟုတ်မဟုတ်သိရအောင် ငါကိုယ်တိုင် သွား၍ စုံစမ်းမည် ဟု ကြံစည်လျက် ဥယျာဉ်တော်သို့သွားလေ၏၊ သစ်ရွက်မိုး ကျောင်းမှ ထွက်လာသော ပရိဗိုဇ်ကိုမြင်လျှင် စင်္ကြံဦးမှနေ ၍ ရှိခိုးလျက်—

"အရှင်ဘုရား.... အရှင်ဘုရားသည် လျင်မြန် စွာ တောင်ဝှေး,သစ်နက်ရေ, ထီး, ဘိနပ်, သပိတ် အိပ်ကိုဆွဲသော ချွန်းတောင်း, သပိတ်, ဒုကုဋ် သက်န်းတို့ကို အဘယ်ကြောင့် ယူဘိ သနည်း၊ ဘယ်အရပ်သို့ရွှေ့ပြောင်းလိုသနည်း"—

ဟု မေးမြန်း လျှောက်ထားလေ၏။

ခွေးကမြစ်တား မင်းပြောကြား

ပရိဗိုဇ်သည် မင်းကြီးစကားကို ကြား လျှင် ဤမင်းကား မိမိပြုအပ်သော အမှု ကို ငါမသိဟု မှတ်ထင်နေသည် ထိုမင်း ကို သိစေမည်ဟု ကြံစည်တော်မူလျက်—

"မြတ်သောမင်းကြီး.... သင်မင်းမြတ်အထံ၌ သင်မင်းမြတ်ကို အမှီပြု၍ ငါနေလာခဲ့သည်မှာ တဆယ့်နှစ်နှစ်ရှိခဲ့ပြီ၊ ထိုတဆယ့်နှစ်နှစ်တို့ ပတ်လုံး သင်၏ ပိင်္ဂလခွေးကြီးသည် တခါမျှကျယ်လောင် စွာ မဟောင်ခဲ့စဘူး။

ငါ၏အပေါ်၌ သဒ္ဓါကြည်ညိုခြင်း ကင်းသော သင်မင်းမြတ်နှင့် မိဖုရားတို့စကားကို ကြားရ၍သော ထိုပိင်္ဂလခွေးကြီးသည် ပါးစပ်ကိုဖြဲ၍ အစွယ်ကိုပြကာ ငါ့ကိုဆိုးမသောအနေဖြင့် ကျယ်လောင်စွာ ဟောင်ဘိ၏''—

ဟု အထင် အရှား မိန့်ကြားလေ၏။

**မင်းကြီးတောင်းပန် တားဆီးပြန်**

ထိုအခါမင်းကြီးသည် မိမိကြံစည်သော အတိုင်း ပရိဗိုဇ်အား အကြောင်းအရာ အလုံးစုံကို လျှောက်ထားကာ—

''အရှင်ဘုရား···· အရှင်ဘုရား မိန့်ကြားသော အတိုင်း အကျွန်ုပ်၌ အသတ်ခိုင်းမိသော အပြစ်သည်ရှိပါ၏၊ ထိုအပြစ်ကို သည်းခံတော်မူပါ၊ ယခုအခါ အတိုင်းထက်အလွန် ကြည်ညိုပါ၏၊ ဤအရပ်တွင်သာ နေတော်မူပါ၊ အရပ်တပါးသို့ မကြွပါလင့်''—

ဟု အပြစ်ကို ဝန်ခံကာ တောင်းပန်၍ မကြွရန်တားမြစ်လေ၏။

**အခါကိုသိလင့် မတားမြစ်သင့်**

ထိုအခါ ပရိဗိုဇ်သည် အခါကာလကို သိသဖြင့် ဤနေရာဌာန၌ မနေထိုက်သောအဖြစ်ကို မင်းကြီးအား ပြောကြားလျက်—

''မြတ်သောမင်းကြီး····ရှေးအခါ သင်မင်းကြီး လူ့အပ်သောဆွမ်းသည် အလုံးစုံဖြူ၏၊ နောက်ကြောင်ကျား၍လာ၏၊ ယခုကား အလုံးစုံနီခဲ့၏၊ ယခုအခါ ငါအရပ်တပါးသို့ သွားရန်သင့်၏''။

"မြတ်သောမင်းကြီး....ရှေးအခါ ငါ့အတွက် ခင်းအပ်သောနေရာသည် ထီးဖြူအောက်ရာဇပလ္လင် ပေါ်၌ဖြစ်၏၊ နောက်လှေခါးဦး၌ဖြစ်၏၊နောက်ပြင် ပ၌ဖြစ်၏၊ လည်ပင်းကိုကိုင်၍ မထုတ်သေးမီ ငါအ လိုလိုပင် သွားတော့အံ့"။

**ကြည်ညိုသူသာ ရှာမှီးရာ**

"မြတ်သောမင်းကြီး.... ရေမရှိသော ရေတွင်းကို မမှီဝဲရာသကဲ့သို့ ထိုအတူ မကြည်ညိုသော သူကိုမမှီဝဲရာ၊အကယ် ၍ ရေမရှိသော ရေတွင်းကို တူးပါ ယက်ပါငြား လည်း ညွန်စော်နံသော ရေသာထွက်ရာ၏"။

"မြတ်သောမင်းကြီး.... ရေကို အလိုရှိသော သူသည် နက်စွာသော ရေအိုင်ကြီးသို့ ရောက်၍ ကြည်လင်သော ရေကို မှီဝဲ သုံးဆောင်ရာသကဲ့သို့ ထိုအတူ ပညာရှိသည် မိမိအား ကြည်ညိုသူကိုသာ လျှင် မှီဝဲရာ၏၊မကြည်ညိုသူကို ဖဲခွါရာ၏"။

**ချင်းချင်းတုံ့ကာ ဆည်းကပ်ရာ**

"မြတ်သော မင်းကြီး.... မိမိအကျိုး စီးပွားကို လိုလား၍ မိမိထံ မှီဝဲဆည်း ကပ်လာသော သူကိုသာ မှီဝဲ ဆည်း ကပ်ရာ၏၊မိမိကိုမမှီဝဲ မဆည်းကပ်သော ရန်သူကို မမှီဝဲမဆည်းကပ်ရာ၊ မိမိကို မှီဝဲဆည်းကပ်သော အဆွေခင်ပွန်းကို မမှီဝဲ မဆည်းကပ်သော သူသည် ယုတ်မာ သောသူမည်၏"။

"မြတ်သောမင်းကြီး....သစ်ခက်ကို မှီသော မျောက်ကဲ့သို့ မိမိကို မှီဝဲ ဆည်းကပ်သော သူကို

မမှိဲ မဆည်းကပ်သောသူသည် စင်စစ် အလွန် ယုတ်မာသော သူမည်၏”။

**နှစ်သက်မှုတောင်းမှု ချစ်ပျက်သူ**

“မြတ်သောမင်းကြီး‥အလွန်ပေါင်း ဘော်သဖြင့်၎င်း, မပေါင်းဖေါ်ဘဲ နေသဖြင့်၎င်း၊ မလျောက်ပတ်သော အခါ ချစ်မြတ်နိုးသော ဥစ္စာကို တောင်းမိသဖြင့် ၎င်း, ဤအကြောင်းတို့ကြောင့် အဆွေ ခင်ပွန်း တို့ သည် ပျက်စီးတတ်ကုန်၏၊ထိုကြောင့် အလွန်လည်း မပေါင်းဖေါ်ရာ၊ ကြာမြင့်စွာ မပေါင်းဖေါ်ဘဲ လည်းမနေရာ၊ လျောက်ပတ်သောအခါ၌ တောင်း သင့်သော ဥစ္စာကိုသာ တောင်းရာ၏၊ဤအကြောင်း တို့ကြောင့် အဆွေခင်ပွန်းတို့သည် မပျက်စီးကုန်”။

“မြတ်သောမင်းကြီး‥‥ အလွန် ကြာမြင့်စွာ မပေါင်းဖေါ်ဘဲ နေခြင်းကြောင့် ချစ်မြတ်နိုးသော သူသည်လည်း မုန်းတည်းလာတတ်၏၊ ငါသည်မင်း ကြီးမုန်းတီးတော်မမူမီ သင်မင်းကြီးကိုပန်ကြား၍ သွားပါအံ့”–

ဟု အကြောင်းပြကာ ဆုံးမလေ၏။

**တောရပ်ကြွရန် မင်းတားမြန်**

ထိုအခါ မင်းကြီးသည် ဗောဓိပရိဗိုဇ် အား ရှိခိုးကာ တောင်းပန် လျှောက် ထားလျက်–

“အရှင်ဘုရား‥‥ အရှင်ဘုရားသည် အမျိုးမျိုး တောင်းပန်၍ အကျွန်ုပ်တို့၏ လက်အုပ်ချီမိုး ရှိခိုး ခြင်းကို အကယ်၍ သိတော်မမူငြားအံ့ အလုပ်

အကြွေး ဒါယကာဖြစ်သော အကျွန်ုပ်တို့စကားကို အကယ်၍ မနာယူငြားအံ့ အထူး တောင်းပန်လိုသည်မှာ ဤနေပြည်တော်သို့ တဖန် ပြန်ကြွတော်မူရန်ဖြစ်ပါ၏”–

ဟု တောင်းပန် လျှောက်ထား လေ၏။

**မင်းကိုဆုံးမ ပရိဗိုဇ်ကြွ**

ထိုအခါ ပရိဗိုဇ်သည် မင်းကြီးလျှောက်ထားသောအကြောင်းတို့ကိုဝန်ခံလျက် မင်းကြီးအား–

“မြတ်သောမင်းကြီး.... ဤသို့အရပ်တပါးသို့သွားကာ ကွေကွင်း၍နေရအံ့သော အရှင်မင်းကြီးနှင့် ငါတို့ကား အကယ်၍ ဘေးအန္တရာယ် မရှိခဲ့ငြားအံ့၊ ဘေးအန္တရာယ် ကင်းခဲ့သော် ကြာလွန်သောအခါ မုချတဦးနှင့် တဦး တွေ့မြင်ကြရကုန်လတ့်”–

ဟု မိန့်ကြားဝန်ခံလေ၏၊ ဤသို့တရားဟော ဝန်ခံပြီးလျှင် ပရိဗိုဇ်သည် မင်းကြီးအားမမေ့မလျော့နေရစ်လော့” ဟု ဆုံးမပြီးလျှင် ဥယျာဉ်တော်မှထွက်ခဲ့၍ အစဉ်အတိုင်းသွားရာ ဟိမဝန္တာသို့ ရောက်လေ၏။

**သူယုတ်တို့အကြံ ဖျက်ဆီးရန်**

ပရိဗိုဇ်သည် အတန်ငယ်နေ၍ တဖန်ဆင်းသက်ကာ ပစ္စန္တရစ်ရွာကို အမှီပြု၍တောအုပ်တခု၌နေလေ၏၊ ဗောဓိပရိဗိုဇ်ကြွသွားသောအခါမှစ၍ ငါးယောက်သောအမတ်မိုက်တို့လည်း တံစိုးလက်ဆောင်ကိုစားကာ တရားစီရင်ကြလျက် တိုင်းပြည်ကို ဖျက်ဆီးကြကုန်၏။

တနေ့သ၌အမတ်မိုက်တို့သည် တရားရုံးတော်၌ အချင်းချင်းတိုင်ပင်ကြကုန်၏၊"အမတ်မင်းတို့···· တဖန်ဗောဓိပရိဗိုဇ်ပြန်လာခဲ့လျှင် ငါတို့အသက်ရှိတော့မည် မဟုတ်ကုန်၊ သတ္တဝါတို့မည်သည်လည်း စွဲလမ်းရာတခုခုရှိတတ်၏၊ ပရိဗိုဇ်ကား မိဖုရားကြီး၌ စွဲလမ်း၏၊ မိဖုရားကြီးကိုအမှီပြုကာ ပြန်လာရာ၏၊ မလာနိုင်အောင် မိဖုရားကြီးကို သတ်စေမှ လျော်မည်"ဟုတိုင်ပင်ကြကုန်၏။

**လိမ်လည်စိတ်မိုက်**
**မင်းကုန်းတိုက်**

ထိုသို့ တိုင်ပင်ပြီးလျှင် မင်းကြီးထံသွားကြ၍ "အရှင်မင်းကြီး···· ယခုမြို့တော်ဝယ်သတင်းစကားတခုဖြစ်နေပါသည်၊ ဗောဓိပရိဗိုဇ်နှင့် မိဖုရားကြီးတို့သည် အချင်းချင်းတပ်စွမ်းကြသောကြောင့် စာပေးစာယူ ပြုလုပ်လျက်ရှိပါ၏၊ ဗောဓိပရိဗိုဇ်ထံမှ မိဖုရားကြီး····မိမိ၏ အစွမ်းဖြင့် မင်းကြီးကို သတ်၍ငါ့အား မင်းအဖြစ်ကို ပေးနိုင်မည်လား၊ မိဖုရားကြီးထံမှလည်း အရှင်ဘုရား···မင်းကြီးကိုသတ်၍မင်းအဖြစ်ကိုပေးခြင်းမှာ အကျွန်ုပ်တာဝန်ပါ၊ အရှင်ဘုရား အလျင်အမြန်ကြွလာ၍ မင်းပြုနိုင်ပါမည်လားဟု စာပေးစာယူပြုလုပ်ကြသည်''ဟု လျှောက်ထားကုန်၏။

**မင်းယုတ်အနှံ့**
**ပြည်လုံးနှံ့**

ပညာဉာဏ်နည်းပါးလျက် စုံစမ်းဆင်ခြင်ခြင်းမရှိသောမင်းမိုက်လည်းအမတ်မိုက်တို့ အဖန် တလဲလဲ လည်စယ် လျှောက်ထားခြင်းကို ယုံကြည်တော်မူပြန်၍ အပြစ်မရှိသောမိဖုရားကြီးကို အပြစ်ပြုကာ အသို့ပြုရမည်နည်းဟု အမတ်တို့ကို မေးလေ၏၊ အမတ်မိုက်တို့လည်း သတ်ပစ်

ရန်လျှောက်ထားကြကုန်၏၊ သင်တို့ပင်သတ်၍ ကျင်ကြီးတွင်း ထဲ၌ ချကြကုန်ဟု အမိန့်ပေးပြန်၏၊ အမတ်မိုက်တို့လည်း အပြစ်မရှိသော မိဖုရားကြီးကိုသတ်၍ အပိုင်းအပိုင်းဖြတ် ကာ ကျင်ကြီးတွင်းထဲသို့ ချကြကုန်၏၊ တမုဟုတ်ခြင်း မိဖုရားကြီးကို သတ်သောအကြောင်းသည် တမြို့လုံးထင် ရှား၍သွားလေ၏၊ ထိုအခါ မိဖုရားကြီး၏သားတော်လေး ယောက်တို့သည် မင်းကြီးရန်သူ ဖြစ်လာကုန်၏၊ မင်းကြီး သည် ဘေးကြီးစွာရောက်လေ၏။

**ပရိဗိုဇ်ဥပါယ်ဆင် မင်းထံဝင်**

ဗောဓိပရိဗိုဇ်သည် အဆင့်ဆင့်သတင်း စကားကိုကြားရ၍ ထိုအကြောင်းကိုသိ လေလျှင် ငါမှ တပါးသော သူသည် မင်းသားလေးယောက်တို့ကို နှစ်သက်စေ၍ မင်းကြီးကို ကန်တော့စိမ့်သောငှါ စွမ်းနိုင်သူမရှိ၊ မင်းကြီးအားအသက် ကိုပေးမည် မင်းသားတို့အားလည်း မကောင်းမှုမှလွတ်စေ မည်ဟု ကြံစည်ပြီးလျှင် နံနက်လင်းသောအခါ ပစ္စန္တရစ် ရွာသို့ဝင်၍ လူတို့လျှူဒါန်းအပ်သော မျောက်သားကိုစား ပြီးလျှင် မျောက်ရေကိုတောင်းခဲ့၍ အနံ့မရှိအောင် အ ချောက်လှမ်းပြီးလျှင် ဝတ်လည်းဝတ်၏၊ ရုံလည်းရုံ၏၊ ပခုံး ၌လည်းတင်၏၊ အဘယ့်ကြောင့် ဤသို့ပြုသနည်း၊ မျောက် သည်ငါ့အား များစွာကျေးဇူးပြုသည်ဟု ပြောဆိုရအောင် ပြုခြင်းဖြစ်သည်။

**မြို့တော်ဝင်လျက် ကျောက်ဖျာထက်**

ဗောဓိပရိဗိုဇ်သည် ထို မျောက်ရေကို ယူ၍ အစဉ်အတိုင်းသွားရာ ဗာရာဏ သီမြို့တော်သို့ ရောက်လျှင် မင်းသားတို့

ထုံချဉ်းကပ်၍ "အမောင်တို့···· အဘကိုမသတ်ကြကုန်လင့်၊ ပိတုဃာတကကံကား ကြမ်းကြုတ်သော မကောင်းကျိုးရှိ၏၊ မပြုလုပ်ကြလင့်၊ ငါသည်သင်တို့ကို အချင်းချင်းသင့်တင့်ညီညွတ်အောင် ပြုလုပ်မည်ဟုလာခဲ့သည်၊ ငါသည်သတင်းစကားမှာကြားလိုက်လျှင် ငါ့ထံလာခဲ့ကြ"ဟု မှာထားကာ မြို့တွင်းသို့ဝင်ပြီးလျှင် ဥယျာဉ်တော်သို့သွား၍ ကျောက်ဖျာပေါ်၌ မျောက်ရေကိုခင်း၍ ထိုင်လျက်နေ၏။

**မျောက်ရေပြလျက် ပရိယာယ်မြွက်**

ဥယျာဉ်စောင့် မြင်လျှင် မင်းကြီးထံ အမြန်လျှောက်ထားလေ၏၊ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ အမတ်တို့ကိုခေါ်၍ ဥယျာဉ်တော်သို့သွားကာ ဗောဓိပရိဗိုဇ်ကို ရှိခိုးလျက်နေ၏၊ ဗောဓိပရိဗိုဇ်လည်း မင်းကြီးနှင့်စကားမပြောသေးဘဲ မျောက်ရေကိုသာ သုံးသပ်လျက်နေ၏၊ ထိုအခါ မင်းကြီးသည် "အရှင်ဘုရား····အကျွန်ုပ်ကိုကား စကားမပြော မျောက်ရေကိုသာသုံးသပ်ဘိ၏၊ မျောက်ရေသည် အကျွန်ုပ်ထက်ပင် ကျေးဇူးများသလော"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး···· ကျေးဇူးများလှ၏၊ ငါသည် မျောက်၏ကျောကုန်း၌ စီး၍သွားရ၏၊ မျောက်သည် သောက်ရေကိုခပ်ပေ၏၊ တံမျက်လှည်းပေ၏၊ အားနည်းသောအခါ မျောက်သားကိုစားပြီးလျှင် အရေကိုခင်း၍ ထိုင်ရ၏၊ အိပ်လည်းအိပ်ရ၏၊ ထို့ကြောင့် ကျေးဇူးများလှ၏"ဟု အမတ်မိုက်တို့ အယူဝါဒကို ဖျက်ဆီးခြင်းငှာ မျောက်ရေ၌ မျောက်ပညတ်ကိုတင်၍ ပရိယာယ်ဖြင့်မိန့်ဆိုလေ၏။

ပုစ္ဆာပြမြန်
နှမ်နှင်းရန်

အမတ်တို့ကြားလျှင် ဗောဓိပရိဗိုဇ်ကား ပါဏာတိပါတကံပြု၏၊ ဟု အမှတ်ရှိကြ သဖြင့် "အချင်းတို့....ရဟန်း၏ အမှုကို ကြည့်ရှုကြကုန်လော၊ မျောက်ကိုသတ်၍ အသားကိုစားပြီးလျှင် အရေကိုယူ၍လှည့်လည်သတတ်"ဟု လက်ခုပ်လက်ဝါးတီးကာ ပြက်ရယ်ပြုကြကုန်၏၊ ထိုအခါ ပရိဗိုဇ်သည် ဤအမတ်တို့ကား မိမိတို့အယူဝါဒကို ဖျက်ဆီးခြင်းငှာ ငါ မျောက်ရေယူလာခဲ့သည်ကို မသိကြကုန်၊ ယခုသိစေမည်ဟု နှလုံးသွင်းလျက် အဟေတုက အယူဝါဒရှိသော အမတ်ကို ရှေးဦးစွာခေါ်၍ "ဒါယကာ....သင်သည် ငါ့ကိုအဘယ့်ကြောင့်ပြက်ရယ်ပြုဘိသနည်း"ဟု မေး၏၊ "အို-ရဟန်း.... သင်သည် အဆွေခင်ပွန်းကို ပြစ်မှားခြင်း, သူ့အသက်ကို သတ်ခြင်း အမှုကိုပြုသောကြောင့် ပြက်ရယ်ပြုသည်"ဟု ဆို၏။

အဟေတုကဝါဒ
နှိမ်နှင်းပြ

ထိုအခါဗောဓိပရိဗိုဇ်သည် အဟေတုက အယူဝါဒရှိသော အမတ်ကိုခေါ်၍ အယူဝါဒကို ဖျက်စေလျက်—

"ဒါယကာ.... လောကသည်(လူသည်)အမျိုးခြောက်ပါးတို့တွင် တပါးတပါးသော အမျိုးသို့ ရောက်သဖြင့်၎င်း, သဘောအားဖြင့်၎င်း, ချမ်းသာခြင်း, ဆင်းရဲခြင်းသို့ရောက်ရ၏၊ အလိုမရှိသဖြင့် မကောင်းမှုကို၎င်း,ကောင်းမှုကို၎င်းပြု၏၊ဤသို့သင်သည်ဆို၏၊ ဤစကားသည် သင်၏ စကားဖြစ်ငြားအံ့၊ လောက၌ အလိုမရှိဘဲပြုခဲ့သော် အဘယ်မည်

သော သတ္တဝါသည် မကောင်းမှုဖြင့် လိမ်းကျံနိုင်မည်နည်း"။

"ဒါယကာ ..... သင်၏ အကြောင်း မရှိဘဲ သတ္တဝါတို့ ဆင်းရဲချမ်းသာကို ခံစားရ၏ ဟူသော အနက်အဓိပ္ပါယ်သည်ငင်း၊ ထိုအနက် အဓိပ္ပါယ်ကိုပြတတ်သောသဒ္ဒါသည်ငင်း အကယ်၍ ကောင်းမြတ်ငြားအံ့၊ မယုတ်မာငြားအံ့၊ သင်၏ အကြောင်းမရှိငြားဘဲသတ္တဝါတို့ ဆင်းရဲချမ်းသာကို ခံစားရ၏ ဟူသောစကားသည် ဟုတ်မှန်ငြားအံ့၊ ထိုသို့ ဖြစ်ခဲ့သော်ငါသည် မျောက်ကိုသတ်ကောင်းစွတကား"။

"ဒါယကာ .. ငါပြောဆိုသောစကားမှန်လှ၏။ သင်၏အယူဝါဒသည် ငါပြုအပ်သော အမှုနှင့် တူနေသောကြောင့် ငါ့ကို ကဲ့ရဲ့ မိသည်ရှိသော် မိမိ၏ အယူဝါဒကို ကဲ့ရဲ့ မိသောအဖြစ်ကို သိငြားအံ့၊ ထိုသို့ သိခဲ့သော် သင်သည်ငါ့ကို မကဲ့ရဲ့ရာ"—

ဟု အဟေတုက အယူဝါဒရှိသော အမတ်ကို နှိပ်၍ ပညာဉာဏ် ကင်းသောအဖြစ်ကို ပြလေ၏။

**ဖန်ဆင်းဖြစ်ရ ဣဿရကရဏ**

အဟေတုက အယူဝါဒရှိသော အမတ်လည်းမျက်နှာ မသာ ပြောဆိုရာမရ ခေါင်းငိုက်ဆိုက်ကျလျက် နေတော့၏။ ဗောဓိပရိဗိုဇ်သည် အဟေတုကအယူဝါဒကို ချိုးဖွဲ့ပြီးလျှင် တဖန်ဣဿရကရဏ အယူဝါဒရှိသော အမတ်ကို ခေါ်ပြန်၍—

"ဒါယကာ..... အလုံးစုံသော သတ္တဝါတို့၏ အသက်မွေးခြင်း, တန်ခိုးနှင့်ပြည့်စုံခြင်း, ပျက်စီး

ခြင်း, ကောင်းမှု မကောင်းမှုတို့ကို အကယ်၍ ဖြုဟ္မာ- ဗိဿကိုး- အစိုးရသောသူတို့ ဖန်ဆင်းစီ ရင်သည်ဖြစ်အံ့၊ ထိုသို့ဖန်ဆင်းခဲ့သော် ထိုဗြဟ္မာ- ဗိဿကိုးအစိုးရသောသူတို့ ညွှန်ပြစီရင်တိုင်းပြုလုပ် သောသူသည်မကောင်းမှုဖြင့်မလိမ်းကျံပါတကား၊ ဗြဟ္မာ, ဗိဿကိုး,အစိုးရသောသူသည်သာ လိမ်း ကျံခဲ့ပါတကား"။

"ဒါယကာ····သင်၏ဗြဟ္မာ-ဗိဿကိုး အစိုးရ သောသူတို့သည် ဖန်ဆင်းစီရင်၏ဟူသော အနက် အဓိပ္ပါယ်သည်၎င်း, ထိုအနက်ဓိပ္ပါယ်ကို ပြုတတ် သော သဒ္ဒါသည်၎င်း, အကယ်၍ ကောင်းမြတ် ငြားအံ့၊ မယုတ်မာငြားအံ့၊ ဗြဟ္မာ ဗိဿကိုး အစိုး ရသူတို့ ဖန်ဆင်းစီရင်၏ ဟူသောစကားသည် မှန် ငြားအံ့၊ ထိုသို့ဖြစ်ခဲ့သော် ငါသည် မျောက်ကိုသတ် ကောင်းစွတကား"။

"ဒါယကာ····ငါပြောဆိုသောစကားသည် မှန် လှ၏၊ သင်၏အယူဝါဒသည် ငါပြုအပ်သော အမှု နှင့်တူနေသောကြောင့် ငါ့ကို ကဲ့ရဲ့မိသည် ရှိသော် မိမိ၏ အယူဝါဒကိုလည်း ကဲ့ရဲ့မိသော အပြစ်ကို အကယ်၍သိငြားအံ့၊ ထိုသို့သိခဲ့သော် သင်သည် ငါ့ကို မကဲ့ရဲ့ရာ"–

ဟု သရက်ပင်မှ တင်းပုတ်ကိုယူကာ သရက်သီးတို့ကို ကြွေစေသကဲ့သို့ သူ၏စကားဖြင့် သူ၏အယူဝါဒကို ချိုးဖဲ့ ဖျက်ဆီးပြန်၏။

ရှေးကပြစ်ချ ပုဗ္ဗေကတ

ပရိဗိုဇ်သည် တဖန် ပုဗ္ဗေကတ အယူဝါဒရှိသော အမတ်ကို ခေါ်ပြန်၍—

“ဒါယကာ .... ရှေးဘဝက ပြုအပ်သော ကံကြောင့်သာလျှင် သတ္တဝါသည် ဆင်းရဲခြင်း,ချမ်းသာခြင်းသို့ အကယ်၍ ရောက်ခဲ့ငြားအံ့၊ ရှေးဘဝကမကောင်းမှုကို ပြုခဲ့ပြီးသော သတ္တဝါသည် ဤဘဝ၌ ထိုမကောင်းမှု မြီဟောင်းမှ အကယ်၍ လွတ်ငြားအံ့၊ ထိုသူလွတ်သကဲ့သို့ ငါ့အားလည်း မြီဟောင်းမှလွတ်ရာ၏၊ လောက၌ အဘယ်သူသည် မကောင်းမှုဖြင့် လိမ်းကျံမည်နည်း”။

“ဒါယကာ....ရှေးဘဝကပြုခဲ့သော ကံကြောင့်သာလျှင် ဆင်းရဲခြင်း ချမ်းသာခြင်းသို့ ရောက်၏ ဟူသော အနက် အဓိပ္ပါယ်သည်ရှင်း, ထိုအနက် အဓိပ္ပါယ်ကို ပြတတ်သောသဒ္ဒါသည်ရှင်း အကယ်၍ကောင်းမြတ်ငြားအံ့၊ မယုတ်မာငြားအံ့၊ ရှေးဘဝက ပြုခဲ့သောကံကြောင့် ဆင်းရဲခြင်း ချမ်းသာခြင်းသို့ရောက်၏ ဟူသောစကားသည် ဟုတ်မှန်ငြားအံ့၊ ထိုသို့ ဖြစ်ခဲ့သော် ငါသည်မျောက်ကို သတ်ကောင်းစွတကား”—

“ဒါယကာ..ငါပြောဆိုသော စကားသည် မှန်လှ၏၊သင်၏အယူဝါဒသည် ငါပြုအပ်သော အမှုနှင့် တူနေသောကြောင့် ငါ့ကိုကဲ့ရဲ့သည်ရှိသော် မိမိ၏ အယူဝါဒကို ကဲ့ရဲ့မိသော အပြစ်ကို အကယ်၍

သိပြောအံ့၊ ထိုသို့သိခဲ့သော် သင်သည် ငါ့ကိုမကဲ့ ရဲ့ရာ”—

ဟု ပုဗ္ဗေကတ အယူဝါဒရှိသော အမတ်၏အယူဝါဒကို ဖျက်ဆီးပြီးလျှင်—

ဘဝပြတ်၏ဟူ ဥစ္ဆေဒအယူ

တဖန် ဥစ္ဆေဒအယူဝါဒရှိသောအမတ် ကိုတဖန်ခေါ်ပြန်၍ အယူဖျက်ဆီး နှိမ် နင်းလိုသောစိတ်ဖြင့် ပြောကြားလျက်-

“ဒါယကာ.... သတ္တဝါတို့၏ ရူပက္ခန္ဓာသည် ပထဝီစသော မဟာဘုတ်ကိုသာလျှင် စွဲ၍ဖြစ်၏၊ မဟာဘုတ်ကြောင့်သာလျှင် ရူပက္ခန္ဓာသည် ဖြစ်၏၊ သေသောအခါ ထိုပထဝီစသော ရုပ်အပေါင်းသို့ သာလျှင် ရူပက္ခန္ဓာသည် ဝင်၍သွား၏။

သတ္တဝါသည် ဤပစ္စုပ္ပန်ဘဝ၌သာ အသက် ရှင်၏၊ ဘဝတပါး၌ ဖြစ်သော သတ္တဝါသည် ဤပစ္စုပ္ပန်ဘဝသို့ မလာရောက်ဘဲ တမလွန်ဘဝ၌ သာ ပျက်စီးရ၏၊ လောက၌ရှိသော လူမိုက်နှင့် ပညာရှိတို့သည် တမလွန်ဘဝသို့မပြောင်းသွားဘဲ ဤပစ္စုပ္ပန်ဘဝ၌သာ ပြတ်လေတော့၏ဟု သင်ဆို ဘိ၏၊ ထိုသို့ပြတ်ခဲ့သော် ဤလောက၌ အဘယ်သူ အား မကောင်းမှုဖြင့် လိမ်းကျံမည်နည်း”။

“ဒါယကာ.... ဤပစ္စုပ္ပန်ဘဝ၌သာ ပြတ်လေ တော့၏ဟူသော အနက်အဓိပ္ပါယ်သည်ရင်း,ထိုအ နက်အဓိပ္ပါယ်ကို ပြသောသဒ္ဒါသည် အကယ်၍ ကောင်းမြတ်ပြောအံ့၊ မယုတ်မာပြောအံ့၊ သေလွန်

လျှင် ပြတ်လေတော့၏ ဟူသောစကားသည် ဟုတ် မှန်ငြားအံ့၊ ထိုသို့ဖြစ်ခဲ့သော် ငါသည် မျောက်ကို သတ်ကောင်းစွ တကား”။

“ဒါယကာ···· ငါပြောဆိုအပ်သော စကား သည် မှန်လှ၏၊ သင်၏အယူဝါဒသည် ငါပြုအပ် သော အမှုနှင့်တူနေသောကြောင့် ငါ့ကိုကဲ့ရဲ့သည် ရှိသော် မိမိ၏အယူဝါဒကို ကဲ့ရဲ့မိသောအဖြစ်ကို သိငြားအံ့၊ ထိုသို့သိခဲ့သော် ငါ့ကိုမကဲ့ရဲ့ရာ”-

ဟု ဥစ္ဆေဒ အယူဝါဒရှိသော အမတ်၏ အယူဝါဒကို ချိုးဖဲ့ဖျက်ဆီးပြီးလျှင်-

**ခတ္တဗိဇ္ဇအယူသီး ချိုးဖျက်ဆီး**

တဖန် ခတ္တဗိဇ္ဇအယူဝါဒရှိသောအမတ် ကို ခေါ်ပြန်၍ ထိုသူ၏ အယူဝါဒကို ပယ်ဖျက်ဆီးလျက်-

“ဒါယကာ···· လောက၌ ပညာမရှိဘဲလျက် မိမိကိုယ်ကို ငါပညာရှိဟု မှတ်ထင်ကာ မိဘဟူ သောချီးမွေကို ဖျက်ဆီးအပ်၏ဟု အယူဝါဒရှိ ကုန်သောသူတို့သည် မိမိတို့အလိုရှိခဲ့လျှင် မိဘတို့ ကို သတ်သင့်၏ဟု ယူငြားအံ့၊ ထိုသို့ယူခဲ့သော် အမိ, အဘ, အစ်ကို, ညီ, သားမယားတို့ကိုလည်း သတ် ကုန်ရာ၏၊ ထိုဆရာတို့တွင် သင်လည်း တယောက် အပါအဝင်ဖြစ်၏”။

“ဒါယကာ····အခွေခင်ပွန်းကို ပြစ်မှားသော သူသည် ယုတ်မာလှ၏၊ ထို့ကြောင့် အရိပ်၌နေခဲ့ ဘူး၊ အိပ်ခဲ့ဘူးသော သစ်ပင်၏အခက်အရွက်ကို

ပင် မချိုးဖဲ့ မဖျက်ဆီးရာ၊ ဤသို့ ငါတို့၏ဆရာတို့သည် မိန့်ကြားကုန်၏။

သင်မှုကား– အလိုရှိခဲ့လျှင် အမြစ်နှင့်တကွ မှုလည်းနုတ်ရာ၏ ဟု ဆိုဘိ၏၊ သင်ဆိုတိုင်းပြုလုပ်သင့်ခဲ့သော်၊ ငါ့မှာ ရိက္ခာဖြင့် အလိုရှိနေရကား ငါသည် မျောက်ကို သတ်ကောင်းစွတကား”။

“ဒါယကာ···· အလိုရှိခဲ့လျှင် မိဘကိုပင်သတ်ရာ၏ဟူသော အနက်အဓိပ္ပါယ်သည်ရှင်း, ထိုအနက်အဓိပ္ပါယ်ကို ပြသောသဒ္ဒါသည်ရှင်း အကယ်၍ ကောင်းမြတ်ငြားအံ့၊ မယုတ်မာငြားအံ့၊ အလိုရှိခဲ့လျှင် မိဘကိုပင်သတ်ရာ၏ဟူသော သင်၏စကားသည် ဟုတ်မှန်ငြားအံ့၊ ငါသည် မျောက်ကို သတ်ကောင်းစွတကား”–

“ဒါယကာ···· ငါပြောဆိုသော စကားသည် မှန်လှ၏၊ သင်၏အယူဝါဒသည် ငါပြုအပ်သော အမှုနှင့်တူသောကြောင့် သင်သည် ငါ့ကို အကယ်၍ကဲ့ရဲ့မိသည်ရှိသော် မိမိ၏အယူဝါဒကို ကဲ့ရဲ့မိသောအပြစ်ကိုလည်း သိငြားအံ့၊ ထိုသို့သိခဲ့သော် ငါ့ကို မကဲ့ရဲ့ရာ”၊

ဟု ခတ္တဝိဇ္ဇအယူဝါဒရှိသော အမတ်၏ အယူဝါဒကိုလည်း ဖျက်ဆီးလေ၏။

နိုးသားပမာပြမင်းဆုံးမ

ထို့နောက် ပညာဉာဏ်ကင်းသော အမတ်တို့သည် ပြောဆိုရာစကားမရှိတော့ဘဲ ငေးမှိုင်၍ နေကြသည်ရှိသော် မင်း

ကြီးကို ခေါ်၍ "မြတ်သောမင်းကြီး.... သင်ကား တိုင်းနိုင်ငံကို ဖျက်ဆီးနေသော သူခိုးကြီးငါးယောက်တို့ကို ချီးမြှောက်ကာ သိမ်းဆည်း၍ထားဘိ၏၊ ထိုသူခိုးကြီးတို့ကို ပေါင်းဘော်မှီဝဲခြင်းကြောင့် ပစ္စုပ္ပန် တမလွန်နှစ်ပါးသော ဘဝတို့၌ ကြီးစွာသောဆင်းရဲသို့ ရောက်ရာချေသည်တကား" ဟု အဆုံးအမ ဩဝါဒပေးပြီးလျှင်—

**သူယုတ်နှင့်ပေါင်း ပျက်စီးကြောင်း**

တဖန် မင်းကြီးအား သူယုတ်မာတို့၏ အကျင့်နှင့်တကွ ပေါင်းသင်းမှုကို ဆုံးမလျက်—

"မြတ်သောမင်းကြီး....လောက၌ အကြောင်းမရှိဟုအယူရှိသောသူ၊ ဗြဟ္မာ,ဗိဿနိုးအစိုးရသူတို့ဖန်ဆင်း၏ ဟု အယူရှိသူ၊ရှေးဘဝကပြုအပ်သောကံကြောင့်သာ ဆင်းရဲခြင်း, ချမ်းသာခြင်းဖြစ်၏ဟု အယူရှိသောသူ, သေသည်မှ နောက်၌သတ္တဝါမဖြစ်၊ ပြတ်လေတော့၏ဟု အယူရှိသောသူအလိုရှိခဲ့လျှင် အမိအဘကိုပင်သတ်ရာ၏ဟု အယူရှိသောသူတို့သည်ရှိကုန်၏၊ ထိုသူတို့သည် သူတော်မဟုတ်ကုန်၊ သူယုတ်မာတို့တည်း၊ ပညာမရှိဘဲလျက်မိမိကိုယ်ကို ပညာရှိဟု မှတ်ထင်ကုန်၏၊ ထိုသူယုတ်မာတို့သည် မကောင်းမှုကို ကိုယ်တိုင်လည်းပြုကုန်ရာ၏၊ သူတပါးကိုလည်း ပြုစေရာ၏၊ ထိုသူတို့နှင့်ပေါင်းဖော်မှီဝဲသောသူသည် ပြင်းထန်သော ဆင်းရဲ ပူပန်ခြင်း မကောင်းကျိုးကိုရ၏"။

မိစ္ဆာကျင့်မှား လွှန်လှည့်စား

"မြတ်သော မင်းကြီး.... ရှေးအခါ သားရဲ တကောင်သည် ဆိတ်ယောင်ဆောင်ကာ ရှုံရှာခြင်းကင်းလျက် ဆိတ်အပေါင်းသို့ချဉ်းကပ်၏၊ သတ်ပုတ် ညှဉ်းဆဲသော်လည်း မမြည်တတ်သော ဆိတ်မနှင့်ဆိတ်ဖိုကိုသတ်၍ ဆိတ်အပေါင်းကို ထိတ်လန့်စေ၏၊ မိမိလိုရာအရပ်သို့ ပြေးသွားလေ၏၊ မြတ်သောမင်းကြီး...ထိုသို့ ဆိတ်ယောင်ဆောင်ကာ ဆိတ်အပေါင်းကိုသတ်၍ စားသော သားရဲနှင့်တူသော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရဟန်းယောင်ဆောင်ကာ လူတို့ကို လှည့်စားကုန်၏၊ အဘယ်သို့ ရဟန်းယောင်ဆောင်ကုန်သနည်း၊ အစာကိုမစားဟန်ပြုကုန်၏၊ မြေကြီး၌ အိပ်ဟန်ပြုကုန်၏၊ မြူအညစ်အကြေးကို ဆောင်ကုန်၏၊ ဆောင့်ကြောင့်ထိုင်၍လုံ့လပြုကုန်၏။

ခုနစ်ရက် တကြိမ်, ဆယ်ရက် တကြိမ်, အလှည့်အားဖြင့် တင်လဲကို စားဟန်ပြုကုန်၏၊ ရေကို မသောက်ဟန်ပြုကုန်၏၊ ယုတ်မာသော အကျင့်ကို ကျင့်ကုန်လျက် မိမိကိုယ်ကို ရဟန္တာဟု ပြောကြကုန်၏"။

သူမိုက်ဟန်ဆောင် ဆင်းရဲမှောင်

"မြတ်သောမင်းကြီး.. လောက၌ပညာ မရှိကုန်ဘဲလျက် မိမိကိုယ်ကို ပညာရှိဟု ထင်မှတ်ကုန်သောသူတို့သည် သူယုတ်မာအစစ်တို့တည်း၊ ထိုသူတို့သည် ကိုယ်တိုင်လည်း မကောင်းမှုကိုပြုကုန်၏၊ သူတပါးကိုလည်း ပြုစေကုန်၏၊ ထိုသူတို့နှင့် ပေါင်းဘော်မှီဝဲသောသူတို့

သည် ပြင်းထန်သော ဆင်းရဲပူပန်ခြင်း သည် မကောင်းကျိုးကို ရကုန်၏”။

“မြတ်သောမင်းကြီး..ဉာဏ်နှင့်ယှဉ်သောဝီရိယ သည် အကျိုးမရှိဟုဆိုကုန်သောသူတို့သည် သတ္တဝါ တို့သည် အကြောင်းကင်း၍ ဖြစ်ကုန်၏ဟူသော မိမိ အယူကို အစွဲပြု၍ ဆိုကုန်၏၊ သူတပါးတို့အား ကျေးဇူးပြုခြင်းကိုငင်း, မိမိအား သူတပါးတို့ကျေး ဇူးပြုခြင်းကိုငင်း အချည်းနှီးဟူ၍ ဆိုကုန်၏”။

**အကျိုးမရှိဟု ယုံကြည်မှု**

“မြတ်သော မင်းကြီး....ဉာဏ်နှင့်ယှဉ် သောဝီရိယသည် အကယ်၍ အကျိုးမရှိ ငြားအံ့၊ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးသည်လည်း အကယ်၍မရှိငြားအံ့၊ဤသို့ဖြစ်ခဲ့ သော် မင်းကြီးသည် လက်သမားကို မမွေးမြူရာ၊ နန်းပြာသာဒ် စသည်တို့ကိုလည်းမပြုလုပ်စေရာ”။

“မြတ်သောမင်းကြီး....ဉာဏ်နှင့်ယှဉ်သောဝီရိယ ၏အကျိုးသည်ငင်း, ကောင်းမှုကံ,မကောင်းမှုကံ၏ အကျိုးသည်ငင်းရှိ၏၊ ထိုကြောင့် လက်သမားကို လည်း မွေးမြူရာ၏၊ နန်းပြာသာဒ်ကိုလည်း ပြုလုပ် စေရာ၏”။

**မိုးခေါင်ရေရှားသည့် ကောင်းပင်မှည့်**

“မြတ်သောမင်းကြီး.. အနှစ်တရာပတ် လုံး မိုးသည် မရွာငြားအံ့၊ဆီးနှင်း သည် အကယ်၍ မကျငြားအံ့၊ ထိုသို့ဖြစ် ခဲ့သော် လောကသည် ပျက်စီးရာ၏၊ သတ္တဝါအာ ပေါင်းသည် ပျက်စီးရာ၏”။

"မြတ်သောမင်းကြီး····လောက၌ မိုးသည် မပြတ်ရွာခဲ့၏၊ ဆီးနှင်းလည်း မပြတ်ကျခဲ့၏၊ ထို ကြောင့် ကောက်တို့သည်မှည့်ကုန်၏၊ ရှည်မြင့်စွာ တိုင်းနိုင်ငံသားတို့ကိုလည်း စောင့်ရှောက်ကုန်၏"။

"မြတ်သော မင်းကြီး····ချိုမြိန်သော အသီးကို ဆောင်သော သရက်ပင်သည်မြတ်၏၊ အသီးစိမ်းကို ဆွတ်ယူသောသူသည် သရက်သီး၏ အရသာကို လည်း မခံစားရ၊မျိုးစေ့သည်လည်း ပျက်စီး၏"။

သရက်သီးပမာပြု မင်းကျင့်မှု

"မြတ်သော မင်းကြီး····ချိုမြိန်သော အသီးကို ဆောင်သော သရက်ပင်မြတ် နှင့်တူသော တိုင်းနိုင်ငံကို အဂတိလိုက် စားလျက် စီရင်ဆုံးမသောမင်းသည် တိုင်းနိုင်ငံ၏ အရသာကိုလည်း မခံစားရ၊ တိုင်းနိုင်ငံလည်းပျက် စီး၏"။

"မြတ်သောမင်းကြီး···· ချိုမြိန်သော အသီးကို ဆောင်သောသရက်ပင်သည်မြတ်၏၊ အသီးမှည့်ကို ဆွတ်ယူသောသူသည် သရက်သီး၏ အရသာကို လည်း ခံစားရ၏၊ မျိုးစေ့လည်း မပျက်စီးပေ"။

"မြတ်သောမင်းကြီး···· ချိုမြိန်သောအသီးကို ဆောင်သော သရက်ပင်မြတ်နှင့်တူသော တိုင်းနိုင် ငံကို တရားသဖြင့် စီရင်ဆုံးမသောမင်းသည် တိုင်း နိုင်ငံ၏ အရသာကိုလည်း ခံစားရ၏၊ တိုင်းနိုင်ငံ လည်း မပျက်စီးပေ"။

တရားနည်းကျ ခွန်ဆက်သ

"မြတ်သောမင်းကြီး.... ဇနပုဒ်သူတို့ကို အဂတိလေးပါးလိုက်စားလျက် စီရင်ဆိုးမသောမင်းသည် အလုံးစုံသော အမြစ် အသီး အပွင့်စသော ဆေးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏"။

"မြတ်သောမင်းကြီး.... နိဂုံး၌ နေကုန်သော သူကြွယ်တို့ကိုဎင်း, ရောင်းခြင်းဝယ်ခြင်း၌ လုံ့လပြုကုန်လျက် ထိုထိုအရပ်မှ ဥစ္စာကိုဆောင်ယူခြင်း ခြောက်စုတစု, ဆယ်စုတစု, အခွန်အတုတ်ပေးခြင်းကိုပြုကုန်သော ကုန်သည်တို့ကို ညှဉ်းဆဲသောမင်းသည် ကြိုကျတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏"။

သူမြတ်ညှဉ်းဆဲ နတ်ပြည်လွဲ

"မြတ်သောမင်းကြီး.... ဗိုလ်မှူးဗိုလ်ချုပ်တို့နေသင့်ရာ ခေတ်ကိုသိကုန်သော လေးသမား တို့ကိုဎင်း, စစ်ထိုးရာ၌ ကောင်းစွာ သင်အပ် မလွှကျင့်အပ်သော သူရဲကောင်းဖြစ်၍ ကျော်စောသော အမတ်ကြီးတို့ကိုဎင်း, ညှဉ်းဆဲသောမင်းသည် စစ်သည်ဗိုလ်ပါနှင့် ဆန့်ကျင်ဘက်ဖြစ်၏"။

"မြတ်သောမင်းကြီး.... တရားမကျင့် အုပ်စိုးသောမင်းသည် နိဂုံးသူစသည်တို့ကို ညှဉ်းဆဲသကဲ့သို့ ထို့အတူ ကိုယ်, နှုတ်, နှလုံးကိုစောင့်သုံးလျက် မြတ်သောအကျင့် ရှိကုန်သော ရသေ့ရဟန်းတို့ကို ညှဉ်းဆဲတတ်၏၊ထိုမင်းသည် နတ်ပြည်နှင့် ဆန့်ကျင်ဘက်ဖြစ်၏"။

တရားလက်ကိုင် မင်းစစ်နိုင်

''မြတ်သောမင်းကြီး····တရား၌မတည်ဘဲ အပြစ်မရှိသော မိဖုရားကို သတ်ပုတ်ညှဉ်းဆဲသောမင်းသည် ကြမ်းကြုတ်သော ငရဲ၌ ဖြစ်ရခြင်းအကြောင်း၊ မကောင်းမှုကို တိုးပွားစေ၏၊ သားတို့နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်၏''။

''မြတ်သောမင်းကြီး····ဇနပုဒ်သူတို့၌၎င်း,နိဂုံးသူတို့၌၎င်း, ဗိုလ်ပါတို့၌၎င်း တရားကိုကျင့်ရာ၏၊ ရသေ့ရဟန်းတို့ကိုလည်း မညှဉ်းဆဲရာ၊ သားမယားတို့၌လည်း တရားကိုကျင့်ရာ၏''။

''မြတ်သောမင်းကြီး····အသုရာတို့ကို နှိပ်နင်းလွှမ်းမိုးအုပ်စိုးသော သိကြားမင်းသည် မိမိရန်သူတို့ကို ထိတ်လန့်တုန်လှုပ်စေသကဲ့သို့၊ ထို့အတူ ရေမြေကို အုပ်စိုး၍တရားစောင့်သောမင်းသည် ရန်သူတို့ကို မင်း၏တန်ခိုးဖြင့် ထိတ်လန့် တုန်လှုပ်စေနိုင်၏''—

ဟု ဗြဟ္မဒတ်မင်းအား တရားဟောလေ၏။

သားတော်လေးပါး ဆုံးမပြား

''ထိုနောက် မင်းသား လေးယောက်တို့ကိုခေါ်စေ၍ ဆုံးမတော်မူ၏၊ အဘမင်းကြီး၏အမှုကို ထင်ရှားပြတော်မူပြီးလျှင် မင်းကြီးကိုကန်တော့စေ၏၊ မင်းကြီးကိုလည်း''ဤနေ့မှစ၍ မစူးစမ်းမဆင်ခြင်ဘဲ မဟုတ်မတရား ကုန်းချောသောသူတို့စကားကို ယုံကြည်လျက် ဤသို့သဘောရှိသောနှင်ထက်ကလူပြုမူခြင်းအမှုကိုမပြုလင့်''ဟု ဆုံးမတော်မူ၏၊

မင်းသားတို့ကိုလည်း "ခမည်းတော်ကို မပြစ်မှားကြကုန်လင့်"ဟု ဆုံးမတော်မူ၏၊ အခြားသူတို့ကိုလည်း ဆုံးမတော်မူ၏။

**သူယုတ်ငါးဦးပင် တိုင်းပြည်မှုန်**

မင်းကြီးသည် ဗောဓိ ပရိဗိုဇ် အား "အရှင်ဘုရား.... အကျွန်ုပ်သည် ဤ သူယုတ်မာတို့စကားကို ယုံကြည်မိသဖြင့် အရှင်ဘုရားကိုဂင်း, မိဖုရားကြီးကိုဂင်း, ပြစ်မှားမိပါ၏၊ ထို့ကြောင့် ဤသူယုတ်မာတို့ကို သတ်ပါအံ့" ဟု လျှောက်ထား၏၊ "မင်းမြတ်.... မသတ်ပါလင့်"ဟု တားမြစ်၏၊ "အရှင်ဘုရား....လက်ခြေတို့ကို ဖြတ်ပါအံ့"ဟု လျှောက်ပြန်၏၊ "မင်းမြတ်.... လက်ခြေ တို့ကိုလည်း မဖြတ်ပါလင့်"ဟု တားမြစ်ပြန်၏၊ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ထိုအမတ် ငါးယောက်တို့ကို အလုံးစုံသော စည်းစိမ်ဥစ္စာတို့ကို ခိုးယူတတ်သော သူခိုးကြီးတို့အဖြစ်ကို ပြု၍ ဦးစွန်းငါးခုရိတ်ခြင်း, တောင်းဆွဲခြင်း, နွားချေးတို့ဖြင့် သွန်းလောင်းခြင်းတို့ဖြင့် မရှိမသေပြုကာ တိုင်းပြည်မှ နှင်ထုတ်စေ၏။

**မင်းကိုဆုံးမ တောသို့ကြွ**

ဗောဓိပရိဗိုဇ်လည်း ဗာရာဏသီပြည်၌ နှစ်ရက် သုံးရက်နေ၍ ဗြဟ္မဒတ်မင်းကြီးကို "မမေ့မလျော့နေရစ်"ဟုအဆုံးအမပေးပြီးလျှင် ဟိမဝန္တာသို့သွား၍ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် ဗြဟ္မဝိဟာရတရားကိုပွားများကာ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ မိစ္ဆာဒိဋ္ဌိ အမတ်ငါးယောက်တို့သည်- ယခုအခါ ပူရဏကဿပ, မက္ခလိဂေါသာလ, ပကုဓကစ္စာယန, အဇိတကေသကမ္ဗလ, နိဂဏ္ဌနာဋပုတ္တတို့။

※ ပိင်္ဂလခွေးကြီးသည်- အာနန္ဒာ။

※ မဟာဗောဓိပရိဗိုဇ်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) အဂတိလိုက်စား၊ မတရား၊ တိုင်းကားပျက်စီးမည်။
(၂) မစူးစမ်းငြား၊ မှုပြုငြား၊ တိုင်းကားပျက်စီးမည်။
(၃) ဇနပုဒ်သား၊ မတရား၊ ဆေးများဆန့်ကျင်မည်။
(၄) သူကြွယ်ညှဉ်းက၊ ကုန်သည်ပ၊ ကျီကျဆန့်ကျင်မည်။
(၅) လေးသမားပါ၊ မတ်ညှဉ်းရာ၊ ဗိုလ်ပါဆန့်ကျင်မည်။
(၆) ရဟန်းညှဉ်းကာ၊ ရသေ့ပါ၊ နတ်ရွာဆန့်ကျင်မည်။
(၇) ပြစ်မဲ့မိဖုရား၊ ညှဉ်းပြန်ငြား၊ သားနှင့်ဆန့်ကျင်မည်။
(၈) အမျက်လည်းကင်း၊ သူမညှဉ်း၊ မင်းလည်းမင်းကောင်းမည်။

မဟာဗောဓိပရိဗ္ဗာဇကဇာတ်ပြီး၏။

ပဏ္ဏာသနိပါတ်စကားပြေပြီး၏။

# သဋ္ဌိ နိပါတ်

## ၅၂၉—သောဏကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

နိက္ခမပါရမီစု ချီးကျူးပြီ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် တောထွက်ခြင်း နိက္ခမ ပါရမီတော်ကိုချီးကျူးသောရဟန်းတို့အားအောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

သူငယ်နှစ်ဦးပင် ပညာသင်

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမင်း၏ မိဖုရားကြီး ဝမ်း၌ဖြစ်၍ အရိန္ဒမသတို့သား ဟုအမည်မှည့်ကုန်၏၊ ထိုသတို့သားဘွားမြင်သောနေ့မှာပင် ပုရောဟိတ် အားလည်း သားတယောက် ဘွားမြင်၍ သောဏကဟု အမည်မှည့်ကုန်၏။

ထိုမင်းသားနှင့် ပုရောဟိတ် သားတို့သည် ဘွားဘက်တော်ဖြစ်ကုန်၏၊ အလွန်ချစ်ခင်ကုန်၏၊ အတူတကွသာ ကြီးပျင်းရကုန်၏၊ အဆင်းအရောင်လည်း လှပ၍တူမျှကုန်၏၊ အရွယ်သို့ ရောက်သောအခါ အတူတကွ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ကြားကြကုန်၏။

အရပ်စုံစမ်းငြား လှည့်လည်သွား

အတတ်ပညာသင်ကြားပြီး၍တက္ကသိုလ်ပြည်မှ ထွက်လာသောအခါ လူတို့၏ အတတ်ပညာ အယူဝါဒ အရပ်ဒေသ

တို့၏အကျင့်စရိုက်ဘို့ကို ကိုယ်တိုင်သိရအောင် စုံစမ်းမည်ဟု အစဉ်အတိုင်း လှည့်လည်ကြရာ ဗာရာဏသီပြည်သို့ ရောက်လျှင် ဥယျာဉ်တော်၌တည်းခို၍ နံနက် မိုးသောက်သောအခါ မြို့တွင်းသို့ ဝင်ကုန်၏။

ထိုနေ့၌ အချို့လူတို့သည် ပုဏ္ဏားတို့ထံ၌ ဗေဒင်သင်အံ့ဟု ယနာထမင်းကိုစီရင်၍ နေရာတို့ကို အသင့်ခင်းထားကြကုန်၏၊ ထိုအခိုက် အရိန္ဒမသတို့သားနှင့် သောဏကသတို့သားတို့ကိုမြင်လျှင် အိမ်သို့ပင့်ဘိတ်၍ကာနေရာဘို့၌ နေစေကုန်၏၊ အရိန္ဒမသတို့သားနေရာကား ပုရောဟိတ်ပုဆိုးဖြူခင်း၍ထား၏၊ သောဏကသတို့သားနေရာကား ကမ္ဗလာနီခင်း၍ထား၏။

**အရိန္ဒမမင်းထိုက်ရထားဆိုက်**

သောဏက သတို့သားသည် ထိုခင်းထားသောနေရာကိုမြင်လျှင် ငါ၏ချစ်လှစွာသော အရိန္ဒမကား ဤဗာရာဏသီပြည်၌ ယနေ့ပင်မင်းဖြစ်လတံ့၊ ငါ့အား စစ်သူကြီးရာထူးကို ပေးလတံ့ဟု သိလင့်၏၊ ထိုသတို့သား နှစ်ယောက်တို့လည်း ထမင်းစားပြီးလျှင် ဥယျာဉ်တော်သို့ ပြန်ခဲ့ကုန်၏။

ထိုအခါ ဗာရာဏသီမင်းသည် နတ်ရွာစံ၍ ခုနစ်ရက်မြောက်နေ့ဖြစ်၏၊ထီးနန်းကိုအမွေခံမည့် သားမရှိ၊မှူးတော်မတ်တော်စသော သူတို့သည် ဦးခေါင်း ဆေးလျှော်ကာ ရေချိုးပြီးလျှင် စည်းဝေး၍ ဖုဿရထားကိုစီရင်၍ လွှတ်ကုန်၏၊ ဖုဿရထားလည်း မြို့မှထွက်၍ ဥယျာဉ်တော်သို့ သွားပြီးလျှင် မင်္ဂလာကျောက်ဖျာအနီး၌ ရပ်လေ၏။

**ကျေးခံ့ဖျာအိပ်လင့် ပုဏ္ဏားတို့ပင့်**

မင်္ဂလာ ကျောက်ဖျာ၌ကား အရိန္ဒမ သတို့သားသည် ဦးခေါင်းပါခြုံ၍ အိပ်လင့်၏၊ သောဏက သတို့သားကား အရိန္ဒမသတို့သား၏အနီး၌နေလင့်၏၊ ထိုအခါ သောဏက သတို့သားသည် တူရိယာတီးမှုတ်သံကိုကြားလျှင် အရိန္ဒမ သတို့သားအား ဖုဿရထားဆိုက်ရောက်လာပြီ၊ ယနေ့ပင် မင်းဖြစ်လိမ့်မည်၊ ငါ့အား စစ်သူကြီးအရာကို ပေးသော်လည်း မယူလို၊ ကာမဂုဏ်စည်းစိမ်ဖြင့် အလိုမရှိ၊ တော ထွက်၍ ရဟန်းပြုမည်ဟု ကြံစည်လျက် ပုန်းကွယ်ရာအရပ် တခုတွင်နေ၏၊ ပုရောဟိတ်လည်း ကျောက်ဖျာပေါ်၌ အရိန္ဒမမင်းသား လျောင်းစက်နေသည်ကိုမြင်လျှင် တူရိယာ တို့ကိုတပြိုင်နက် တီးမှုတ်စေ၏။

**နန်းစည်းစိမ်မွေ့ သျှငယ်ချင်းမေ့**

အရိန္ဒမ မင်းသားသည် နိုး၍ ပြန်လှန် ကာအတန်ငယ် အိပ်ပြီးလျှင် အိပ်ရာမှ ထ၍ ထက်ဝယ်ပလ္လင်ဖြင့်နေတော်မူ၏၊ ထိုအခါ ပုရောဟိတ်သည် လက်အုပ်ချီလျက် "အလောင်း မင်းမြတ်····အလောင်းမြတ်အား မင်းအဖြစ်သည် ရောက် လာပါ၏"ဟု ပြော၏၊ "သင်တို့မင်းကြီး၌ သားတော် မရှိ သလော"ဟု မေး၏၊ "မရှိပါ"ပြောသောအခါ "သည်လို ဖြစ်လျှင် ကောင်းပြီ"ဟု မိန့်တော်မူ၏၊ ပုရောဟိတ်သည် ဥယျာဉ်တော်၌ပင် အဘိသိက်သွန်း၍ ရထားပေါ်သို့တင် ကာ မြို့သို့ဝင်စေ၏၊ အရိန္ဒမ မင်းလည်း မြို့တော်ကို လက်ျာ ရစ်လှည့်ပြီးလျှင် ရွှေနန်းပြာသာဒ်သို့ တက်တော်မူ၏၊ ကြီး မြတ်လှသော စည်းစိမ်ချမ်းသာဖြင့် ယစ်နေသော အရိန္ဒမ

မင်းကား အလွန် ချစ်မြတ်နိုးလှသော ဘွားဘက်တော် သောဏကသတ္တိုသားကိုပင် သတိမရတော့ချေ။

**အင်ကြင်းပင်မြင်ရ သောဏက**

သောဏကသတ္တိုသားလည်း အရိန္ဒမမင်း မြို့တော်သို့ဝင်လတ်သော် လာလတ်၍ မင်္ဂလာ ကျောက်ဖျာပေါ်၌ နေ၏၊ ထိုအခါ အင်ကြင်းပင်ကြီးမှ ရင့်ရော်သောအင်ကြင်းရွက်တို့သည် သောဏက သတ္တိုသားရှေ့၌ ကြွေကျကုန်၏၊ သောဏက သတ္တိုသားသည် ရင့်ရော်သော အင်ကြင်းရွက်တို့ကို မြင်လျှင် ဤအင်ကြင်းရွက်တို့ကဲ့သို့ ငါ၏ကိုယ်လည်း အိုမင်းခြင်းသို့ရောက်ရလတံ့ဟု လက္ခဏာယဉ်သုံးပါးဖြင့် ဝိပဿနာကို ပွားစေလျှင် ပစ္စေကဗောဓိဉာဏ်ကိုရလျက် လူ့အသွင်ကွယ်ပျောက်ပြီးလျှင် ရဟန်းအသွင်သို့ရောက်လေ၏၊ ထို့နောက် ရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ဥဒါန်းကျူးပြီးလျှင် ဟိမဝန္တာ နန္ဒမူလိုဏ်သို့ ကြွတော်မူ၏။

**နှစ်လေးဆယ်ကြာမှ အဆွေသတိရ**

အရိန္ဒမ မင်းသည် မင်းပြု၍ အနှစ်လေးဆယ်ကျော်လွန်မှ စည်းစိမ်တော်အယစ်ပြေသည့်အလား ချစ်ဆွေတော် သောဏက သတ္တိုသားကို သတိရလေတော့၏၊ အဖန်တလဲလဲအောက်မေ့၏၊ ဘယ်အရပ်မှာနေသည်ကိုလည်းမသိ၊ မေးမြန်းစုံစမ်း၍လည်းမရ၊ အလွန်တွေ့လိုလှ၏၊ ထိုအခါ စောင်းသမားကချေသည် သီချင်းသည်တို့ကိုခေါ်၍ တိုင်ပင်ပြီးလျှင်—

''အချင်းတို့…. မြေမှုန့်ကစားဘက်ဖြစ်သော အဆွေတော် သောဏကကို ငါ့အားအဘယ်သူပြော

ကြားပါအံ့နည်း၊ အဆွေတော် သောဏက၏
နေရာအရပ်ကို ပြောကြားနိုင်သောသူအား ရွှေ
စင်တရာပေးမည်၊ အဆွေတော် သောဏကကို
မြင်ခဲ့၏ဟု ပြောကြားနိုင်သောသူအား ရွှေစင်တ
ထောင်ပေးမည်”—

ဟု ဥဒါန်းသီချင်းကို သီကုံးကာ မပြတ်သီဆိုတော်မူ၏။

**မိတ်ဟောင်းချိန်တန် တရားဟောရန်**

ထို့နောက် ငါတို့မင်းကြီးနှစ်သက်တော်မူသော သီချင်းဖြစ်သည် ဟု မောင်းမတို့သည် သီဆိုကြကုန်၏၊ ဤသို့လျှင် တပြည်လုံးပျံ့နှံ့ကာ ကလေးသူငယ်ကအစ သီဆိုကြကုန်၏၊ အရိန္ဒမမင်းအား အနှစ်ငါးဆယ်လွန်သဖြင့် ဒီဃာဝု မင်းသားအမှူးရှိသော သားသမီးများစွာတို့သည် ထွန်းကားလာကုန်၏။

ထိုအခါ ရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ငါကား ယခုအခါ အဆွေတော် အရိန္ဒမမင်းထံသွား၍ ကာမဂုဏ်အပြစ်တို့ကို ပြလျက် တောထွက်ခြင်း အကျိုးတို့ကို ဟောပြော၍ ရဟန်းပြုစေအံ့ကြံစည်ပြီးလျှင် ခဏချင်းတန်ခိုးဖြင့်ကြွတော်မူ၍ ဗာရာဏသီပြည် ဥယျာဉ်တော်၌ နေတော်မူ၏၊ ထိုအခိုက် ပဉ္စစူဠကမည်သော ခုနစ်နှစ်အရွယ်သတို့သားငယ်သည် ဥယျာဉ်တော်အနီး ဖြစ်သော တောတွင်း၌ ထင်းခွေလျက် အရိန္ဒမမင်းကြီး၏ ဥဒါန်းသီချင်းကို တဖန်တလဲလဲ သီဆိုလေ၏။

**သူငယ်ကိုပင် ဂါထာသင်**

ရှင်သောဏက ပစ္စေကဗုဒ္ဓါကြားလျှင် သူငယ်ကိုခေါ်၍— “သူငယ်.... အခြားသီချင်းကိုမဆိုဘဲ သည်သီချင်းကိုသာ

အထပ်ထပ် သီဆိုဘိ၏၊ အခြားသီချင်းကို မဆိုတတ်သလော'' ဟု မေး၏၊ ''အရှင်.... ဆိုတတ်ပါ၏၊ သို့သော်လည်း အကျွန်ုပ်တို့မင်းကြီးနှစ်သက်သော သီချင်းဖြစ်၍ အထပ်ထပ်ဆိုပါသည်''ဟုပြော၏၊''အမောင်ဆိုသောသီချင်းကိုတုံ့ပြန်၍ ဆိုရသောသီချင်းကို ဆိုတတ်သလော''ဟုမေး၏၊မဆိုတတ်ပါ''ဟု လျှောက်၏၊''ငါသင်ပေးမည်၊မင်းကြီးထံသွား၍ဆိုဝံ့သလား''ဟုမေး၏၊သင်ပေးလျှင်ဆိုဝံ့ပါသည်ဟု ပြော၏၊ ထိုအခါ တုံ့ပြန်၍ဆိုရသောသီချင်းကိုသင်ပေးပြီးလျှင် ''သူငယ်....ထင်းခွေနေလို့အကျိုးမရှိ၊သည်သီချင်းကို မင်းကြီးထံသွား၍ဆိုလျှင် သင့်အား စည်းစိမ်ဥစ္စာများစွာပေးလိမ့်မည်'' ဟု မိန့်ဆိုမှာထား၍ လွှတ်လိုက်၏။

**သူငယ်နန်းဝင် မင်းလျှောက်တင်**

သူငယ်လည်း ဝမ်းမြောက်ဝမ်းသာအိမ်သို့ပြန်ပြီးလျှင် အမိအား– ''မိခင်.... အကျွန်ုပ်ကို တန်ဆာဆင်ပါ၊ ယခု မင်းကြီးထံသွားပြီး သီချင်းဆိုမည်'' ဟု ပြောလေ၏၊ မိခင်လည်း တန်ဆာဆင်၍ပေးလိုက်၏၊ သူငယ်လည်းနန်းတော်သို့သွား၍ မင်းကြီး သီချင်းကို တုံ့ပြန်သောသီချင်းကိုဆိုနိုင်သောသူငယ်သည် မင်းကြီးထံခစား၍ သီဆိုလိုကြောင်း ခွင့်တောင်းကာ ဝင်ပြီးလျှင် တမြို့လုံး စည်လည်စေ၍ ပရိသတ်အလယ်၌ သင့်တင့်သော နေရာ၌နေ၍ မင်းကြီးကို ရှေးဦးစွာ သီဆိုရန် လျှောက်ထားလေ၏။

**မင်းပြသနာကို သူငယ်ဖြေဆို**

မင်းကြီးလည်း သီချင်းကို သီဆိုတော်မူ၏၊ ထိုနောက် သူငယ်သည် မင်းကြီး ဆိုပြီးသောအခါ–

"အရှင်မင်းကြီး....အကျွန်ုပ်သည် အရှင်မင်းကြီး၏ မြေမှုန့်ကစားဘက်ဖြစ်သော အဆွေတော် သောဏက၏ နေရာအရပ်ကို သိပါ၏၊ အကျွန်ုပ်အား ရွှေစင်တရာ ပေးတော်မူပါ၊ အဆွေတော် သောဏကကို ကိုယ်တိုင် မြင်ခဲ့ပါ၏၊ အကျွန်ုပ်အား ရွှေစင်တထောင်ပေးတော်မူပါ"—

ဟု တုံ့ပြန်သော သီချင်းကို ရှင်သောဏက ပစ္စေကဗုဒ္ဓါ သင်ပေးလိုက်သောအဘိုင်း သီဆိုလေ၏။

ဥယျာဉ်တော်မှာ သီတင်းသုံးကာ

ထိုသီချင်းကို ကြားရလျှင် မင်းကြီးသည် အလွန်အားရ နှစ်သက်တော် မူသဖြင့် သူငယ်အား—

"အိုသူငယ် ....ငါ၏အဆွေတော် သောဏကကို သင်သည် ဘယ်ဇနပုဒ်,ဘယ်နိုင်ငံ,ဘယ်နိဂုံး၌ မြင်ခဲ့ရသနည်း၊ မြင်ခဲ့သောအရပ်ကို လျှောက်ထားပါလော့"။

"အရှင်မင်းကြီး.... အရှင်မင်းကြီး၏ အဆွေတော် သောဏကကို ဤနိုင်ငံအဘွင်းဝယ် အရှင်မင်းကြီး၏ ဥယျာဉ်တော်၌ စိမ်းညိုသော အရွက်တို့ဖြင့် တင့်တယ်၍ မွေ့လျော်ဘွယ်ရှိသော အင်ကြင်းပင်ကြီးအရင်း၌ နေသည်ကို မြင်ခဲ့ရပါ၏"—

ဟု လျှောက်ထား လေ၏။

မင်းကြီးတွေ့မြင် လျှောက်တင်

ထိုအခါ မင်းကြီးသည် သူငယ်လျှောက်ထား၍ အကြောင်းစုံ သိရလျှင် စစ်အင်္ဂါ လေးပါးဖြင့် ဥယျာဉ်တော်သို့

သွား၍ အဆွေတော် သောဏက ပစ္စေကဗုဒ္ဓါကို မြင်ရလျှင် အနီးသို့ချဉ်းကပ်၍ ရှိခိုးလျက်—

"အမတ်တို့.... ဦးပြည်း၍ ဒုကုဋ် သင်္ကန်းကို ဝတ်ရုံသော ဤရဟန်းကား အမိလည်းမရှိ, အဘလည်းမရှိ, အထီးကျန်စွတကား၊ သစ်ပင်ရင်း၌ သနားစဖွယ် မှိုင်တွေ၍နေဘိ၏တကား"—

ဟု အမတ်တို့ကို လှမ်း၍ ပြောဆိုလေ၏။

မင်းကြီးစကားကို အရှင်သောဏက ပစ္စေကဗုဒ္ဓါကြားတော်မူလျှင်—

"အို-မင်းမြတ်..ငါကား လောကုတ္တရာတရားကိုးပါးကို နာမကာယဖြင့် ဆင်ခြင်သုံးသပ်၍ နေသော သူတည်း၊ အထီးကျန်သော သူမဟုတ်"။

"အို-မင်းမြတ်..သုစရိုက်ဆယ်ပါးကို စွန့်လွှတ်၍ ဒုစရိုက်ဆယ်ပါးကို ကျင့်နေသောမင်းကြီးသည်သာ အထီးကျန်သော သူတည်း၊ ယုတ်မာသော မင်းတည်း၊ ယုတ်မာသော အရပ်သို့ သွားရမည့် မင်းတည်း"—

ဟု မင်းကြီးကို ကဲ့ရဲ့၍ မိန့်ဆိုတော်မူ၏—

**ချမ်းသာစေကြောင်း မိတ်ဆွေဟောင်း**

မင်းကြီးလည်း တဖန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် မိတ်ဟောင်းဖြစ်သော အရှင်သောဏကအား—

"အရှင်သောဏက....အကျွန်ုပ်၏ အမည်ကို အရိန္ဒမဟူ၍၎င်း,ကာသိမင်းဟူ၍၎င်း လူတိုင်းသိ

ကြကုန်၏၊ အဘယ်သို့နည်း၊ဥယျာန်တော်သို့ရောက်လာသော အရှင်ဘုရားအား ချမ်းသာစွာအိပ်ရပါ၏လော”—

ဟု မိမိအမည်ကို ဈေ့ာက်ထားကာ မေးမြန်ပြန်၏၊ ထိုအခါ အရှင်သောဏကပစ္စေကဗုဒ္ဓါသည်—

“မင်းမြတ် .... စင်စစ် ဤအရပ်၌၎င်း, တပါးသောအရပ်၌၎င်း, နေသော ငါ့အား မချမ်းသာမည်သည်မရှိ၊ ချမ်းသာသည်သာတည်း”—

ဟု မိန့်တော်မူပြီးလျှင် အောက်ပါစကား အစဉ်ဖြင့် တရားဟောတော်မူ၏။

“မင်းမြတ်....အိမ်လည်းမရှိ၊ ဥစ္စာလည်းမရှိသော ရဟန်းအား ကျီကျ, အိုးစရည်း, တောင်းခွက်တို့၌ သိမ်းဆည်း၍မထားရခြင်းသည် ပထမ ကောင်းခြင်းတည်း”။

“မင်းမြတ်....အိမ်လည်းမရှိ၊ဥစ္စာစပါးလည်း မရှိသော ရဟန်းအား သူတပါးအိမ်၌ကျက်ပြီး၍ အပြစ်မရှိ ငြိမ်းအေးလေပြီးသောဆွမ်းကို စားရခြင်းသည် ဒုတိယကောင်းခြင်းတည်း”။

“မင်းမြတ်....အိမ်လည်းမရှိ၊ ဥစ္စာစပါးလည်း မရှိသော ရဟန်းအား အပြစ်မရှိ ငြိမ်းအေးလေပြီးသောဆွမ်းကို စားရ၍ တစုံတခုသောကိလေသာ မနှိပ်စက်ခြင်းသည် တတိယ ကောင်းခြင်းတည်း”။

"မင်းမြတ်····အိမ်လည်းမရှိ၊ဥစ္စာစပါးလည်း မရှိသော ရဟန်းအား ဇနပုဒ်, မြို့ရွာ, နိဂုံးတို့၌ လှည့်လည်သွားလာသည်ရှိသော် ရာဂစသည်ဖြင့် မကပ်ငြိ မတွယ်တာခြင်းသည် စတုတ္ထကောင်းခြင်း တည်း"။

"မင်းမြတ်····အိမ်လည်းမရှိ၊ ဥစ္စာစပါးလည်း မရှိသော ရဟန်းအား မြို့ရွာကိုမီးလောင်သည်ရှိ သော် မိမိ၏တစုံတခုသောပရိက္ခရာကို မီးမလောင် ခြင်းသည် ပဉ္စမကောင်းခြင်းတည်း"။

"မင်းမြတ်····အိမ်လည်းမရှိ၊ဥစ္စာစပါးလည်း မရှိသော ရဟန်းအား တိုင်းနိုင်ငံကို သူခိုးတို့ လုယက်ဖျက်ဆီး ခိုးယူသည်ရှိသော် မိမိ၏တစုံတခု သောပရိက္ခရာကို မခိုးယူခြင်းသည် ဆဋ္ဌမကောင်း ခြင်းတည်း"။

"မင်းမြတ်····အိမ်လည်းမရှိ ဥစ္စာစပါးလည်း မရှိသော ရဟန်းအား သွားလာသော လမ်းခရီးတို့ ၌ သူခိုးခိုးယူခြင်း,ကင်းသမားတို့ နှောင့်ယှက်ခြင်းမ ရှိ ပရိက္ခရာကိုယူ၍ ချမ်းသာစွာ သွားရခြင်းသည် သတ္တမ ကောင်းခြင်းတည်း"။

"မင်းမြတ်····အိမ်လည်းမရှိ၊ဥစ္စာစပါးလည်း မရှိသော ရဟန်းအားမိမိတို့ သွားလိုရာအရပ်မျက် နှာသို့ မငဲ့ကွက်ဘဲ သွားလာနိုင်ခြင်းသည် အဋ္ဌမ ကောင်းခြင်းတည်း"–

ဤသို့လျှင် အရှင်သောဏကပစ္စေကဗုဒ္ဓါသည်ရဟန်းတို့၏ ကောင်းခြင်းတရားရှစ်ပါးတို့ကို ဟောကြားဆုံးမတော်မူ၏။

**ကာမဂုဏ်နှစ်သက်မပြစ်ရက်**

ထိုအခါ မင်းကြီးသည် ကောင်းခြင်းတရားရှစ်ပါးကို ကြားနာရသော်လည်း အလိုမရှိလေ၊ ကာမဂုဏ်၌သာ အလိုရှိသောအဖြစ်ကို လျှောက်ထားလျက်–

"အရှင် သောဏက ···· အရှင် ဘုရားကား များစွာသော ရဟန်းတို့ကောင်းခြင်းတို့ကို ချီးမွမ်းတော်မူဘိ၏၊အကျွန်ုပ်ကား ကာမဂုဏ်တို့၌ အလွန်တပ်မက်မောပါ၏၊ အဘယ်အကြောင်းဖြင့် စွန့်ပယ်နိုင်ပါအံ့နည်း။

အကျွန်ုပ်ကား–လူ၌ဖြစ်သော ကာမဂုဏ်တို့ကို ချစ်မြတ်နိုးပါ၏၊ထို့ပြင်နတ်၌ဖြစ်သောကာမဂုဏ်တို့ကိုလည်း ချစ်မြတ်နိုးပါ၏၊ ထိုသို့ ဖြစ်လျက် အဘယ်အကြောင်းဖြင့် နှစ်ပါးသော လောကကို ရပါအံ့နည်း"–

ဟု လျှောက်ထား ပြန်၏။

**ကာမဂုဏ်လိုက်စားအပါယ်လား**

ထိုနောက် အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် နောက်ထပ်တဖန် မင်းကြီးအား တရားဟောပြန်၏။

"မင်းမြတ်····ကာမဂုဏ်ငါးပါးတို့၌ တပ်မက်မောသောသူ,မွေ့လျော်သောသူ,အလွန်တွေဝေမိန်းမောသောသူတို့သည် မကောင်းမှုကိုပြု၍ အပါယ်သို့လားရကုန်၏"။

"မင်းမြတ်····ကာမဂုဏ်ငါးပါးတို့ကို တံတွေးပေါက်ကဲ့သို့ စွန့်ပယ်ခွါ၍ တောထွက်သောသူတို့

သည် ဘေးကင်းကုန်၏၊ တယောက်ထီးတည်း နေရကုန်၏၊ အပါယ်သို့မလားရကုန်”။

“မင်းမြတ်…. သင်မင်းမြတ်အား ဥပမာပြ၍ ဟောမည်၊ ထိုဥပမာကို နာတော်မူလော့၊ ဤလောကၥ အချို့သောပညာရှိတို့သည် ဥပမာဖြင့် အနက်အဓိပ္ပါယ်ကို သိကြကုန်၏”။

“မင်းမြတ်….ပညာနည်း၍ပညာနှင့်ယှဉ်သော စိတ်မရှိသော ကျီးတကောင်သည် နက်ကျယ်လှသော ဂင်္ဂါမြစ်တွင် မျောလာသော ဆင်သေကောင်ပုပ်မြင်သောအခါ ငါသည် ဤယာဉ်မြတ်ကို ရအပ်ပေစွတကား၊ ဤအစာလည်း များပေစွတကားဟု အကြံဖြစ်၍ ထိုဆင်သေကောင်ပုပ်ပေါ်၌စီး၍ နေ့ညပတ်လုံး မွေ့လျော်ပျော်ပါးလျက် အသားတို့ကိုစား၏၊ ဂင်္ဂါရေကိုသောက်၏၊ မိမိနေရာတောသို့ မပြန်ပြီ”၊

“မင်းမြတ်…. ထိုဆင်သေကောင် ပုပ်သည် ဂင်္ဂါမြစ်မှ အစဉ်အတိုင်းမျောကာ သမုဒ္ဒရာသို့ ဝင်သည်ရှိသော် ထိုကျီးမိုက်သည် မွေ့လျော့ကာ ၄က်တို့ တည်ရာမဟုတ်သော သမုဒ္ဒရာသို့ ပါသွားလေ၏”။

“မင်းမြတ်….ထိုကျီးမိုက်သည် ဆင်သေကောင်ပုပ်ပျက်စီး၍ အစာအာဟာရ ကုန်သည် ရှိသော် မစားရတော့ဘဲ နေစရာမရှိတော့ဘဲ ရေပြင်ပေါ်၌

ပုံသန်းလေ၏၊အရှေ့,အနောက်,တောင်,မြောက်မှ ထောက်တည်ရာ မရတော့ချေ”။

“မင်းမြတ်····ကောင်းကင်၌ ပုံသန်းနေသော ကျီးမိုက်သည် ထောက်တည် နားနေရာ အရပ်ကို မရတော့ချေ၊ ပုံရဖန်များ၍ အားနည်းခွဲ၍၊ ထို အခါသမုဒ္ဒရာ ရေပြင်၌ ကျလေတော့၏”။

“မင်းမြတ်····ထိုအခါ ပျက်စီး တုန်လှုပ်သော ကျီးမိုက်ကို သမုဒ္ဒရာ၌ ရှိသော ငါး,မကာရ်း, မိကျောင်း,လပိုင်တို့သည် အနိုင်အထက် နှိက်စက် ကာ စားသောက်ကြကုန်၏”။

“မင်းမြတ်····ဤကျီးမိုက် ဥပမာအတူ ကာမ ဂုဏ်ချမ်းသာ၌ ခံစား မက်မောကုန်သော သင် မင်းမြတ်နှင့် အခြားသူတို့သည် အကယ်၍ ကာမ ဂုဏ်ကိုမစွန့်ပယ်ငြားအံ့၊ ထိုသူတို့ကို ကျီးပညာနှင့် တူသော ပညာရှိတို့ဟူ၍ သူတော်ကောင်းတို့သိကြ ကုန်၏”။

“မင်းမြတ်····ငါသည် အကျိုး စီးပွား ပြတတ် သော ဤကျီး ဥပမာကို ဟောအပ်ပြီ၊ သင်မင်း မြတ်လည်း ထိုအကြောင်းဖြင့် ထင်ရှား လတ္တံ့၊ ငါ့စကားကို လိုက်နာလိုလျှင်လည်း လိုက်နာ လော့၊ မလိုက်နာလိုလည်း မလိုက်နာဘဲ နေ လော့”။

“မင်းမြတ်···· သနားငဲ့ညှာသောသူမည်သည် တခွန်းသောစကား သို့မဟုတ် နှစ်ခွန်းသောစကား

ကို ဆိုဆုံးမရာ၏၊ နှစ်ခွန်းထက်အလွန် မဆိုဆုံး
မရာ၊ ဆိုဆုံးမလျှင် အရှင် သခင်ထံ၌ ကျွန်ကဲ့သို့
ဖြစ်ပေရာ၏”—

ဤသို့အရိန္ဒမမင်းကြီးကို ဆိုဆုံးမပြီးလျှင် ကောင်းကင်သို့ပျံတက်ကာ မင်းကြီးဦးခေါင်းပေါ်၌ ခြေမှုန်မြူကို ကြဲချလျက် ဟိမဝန္တာ နန္ဒမူလိုဏ်သို့ကြွတော်မူ၏။

**မင်းကြီးဆင်ခြင်တောထွက်ချင်**

မင်းကြီးလည်း ရှင်သောဏကပစ္စေကဗုဒ္ဓါကို မျက်စိတဆုံးကြည့်၍ ကွယ်ပျောက်သွားသောအခါ ထိတ်လန့်တုန်လှုပ်လျက် ဤဇာတ်ယုတ် ပုဏ္ဏားမျိုးစဉ်လျက် မင်းမျိုးဖြစ်သော ငါ့ခေါင်းပေါ်၌ ခြေမှုန်မြူကြဲကာ ကောင်းကင်ဖြင့် သွားနိုင်သေး၏တကား၊ ငါလည်း ယခုပင် တောထွက်တော့မည်ဟု ကြံစည်ပြီးလျှင် အမတ်တို့ကိုခေါ်၍—

“အို-အမတ်တို့····စဖိုသည် ထင်ရှား၍ နှုတ်မင်္ဂလာရှိသော သူ့မင်းအာဏာကို ပြုစွမ်းနိုင်သူတို့သည် အဘယ်မှာနည်း၊ တိုင်းပြည်ကို အပ်နှင်းပါအံ့၊ ငါကား မင်းအဖြစ်ကို အလိုမရှိတော့ပြီ”။

“အို-အမတ်တို့····ငါသည် ယနေ့ပင် ရဟန်းပြုအံ့၊ နက်ဖြန်သေရမည်ကို အဘယ်သူ သိနိုင်အံ့နည်း၊ ငါသည် ဆင်သေကောင်ပုပ်၌ မွေ့လျော်ပျော်ပါး စီးသွားသော ကျီးမိုက်ကဲ့သို့ ကာမဂုဏ်တို့အလိုသို့ မလိုက်တော့ပြီ”—

ဟု တိုင်းပြည်ကို အပ်နှင်းလေတော့၏။

ဘုံးမတ်အများ မင်းလျှော်ထား

ထိုအခါ အမတ်တို့သည် သားတော် ဒီဃာဝု မင်းသား မင်းအဖြစ် တင်မြှောက်ရန်မင်းကြီးအား လျှောက်ထားကုန်လျက်—

"အရှင် မင်းကြီး····အရှင် မင်းကြီး၏ သားတော် ဒီဃာဝု မင်းသားသည် ရှိပါ၏၊ နုနယ်၏၊ တိုင်းသူတို့ စိတ်နှလုံးကို မွေ့စေနိုင်၏၊ ထိုမင်းသားကို အဘိသိက်သွန်း၍ မင်းမြှောက်တော် မူပါ၊ အကျွန်ုပ်တို့၏ မင်းဖြစ်ပါလတ့်"။

"အို-အမတ်တို့····တိုင်းသူတို့ စိတ်နှလုံးကိုပွားစေနိုင်သော ဒီဃာဝုမင်းသားငါ့ထံသို့ လျင်မြန်စွာ ဆောင်ခဲ့ကြကုန်၊ ယခုပင် အဘိသိက် သွန်း၍ မင်းမြှောက်ပါအံ့"—

ထိုအခါ အမတ်တို့သည် မင်းကြီး အမိန့်တော်အတိုင်း ဒီဃာဝုမင်းသားကို မင်းကြီးထံ ဆောင်ယူခဲ့ကြကုန်၏။

သားတော်ခေါ်လတ် ထီးနန်းအပ်

မင်းကြီးသည် သားတော် ဒီဃာဝုမင်းသားရောက်လာလျှင် ဒီဃာဝုမင်း သားအား—

"ချစ်သားဒီဃာဝု···· အလုံးစုံသော ပစ္စည်းဥစ္စာ ရတနာတို့နှင့်ပြည့်စုံသော ရွာခြောက်သောင်းတို့ကိုလည်း,အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ဆင်စီးသူရဲတို့ တက်စီးအပ်သော ဆင်ခြောက်သောင်းတို့ကိုလည်း, မြင်းစီးသူရဲတို့တက်စီးအပ်သော မြင်းခြောက်သောင်းတို့ကို လည်း,

ရထားစီးသူရဲတို့တက်စီးအပ်သော ရထားခြောက်သောင်းတို့ကိုရင်း,နွားလား ဥသဘနှင့်တကွ နို့ညှစ်နွားမ ခြောက်သောင်းတို့ကိုရင်း, အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော မောင်းမ တသောင်းခြောက်ထောင်တို့ကိုရင်း စီရင်အုပ်ချုပ်ပါလော့၊ ချစ်သားအား မင်းစည်းစိမ်ကို အပ်နှင်းပါ၏''။

''ချစ်သားဒီဃာဝု····ယနေ့ပင်လျှင် ရဟန်းပြုတော့အံ့၊ နက်ဖြန်သေရမည်ကို အဘယ်သူသိနိုင်အံ့နည်း၊ ငါသည် ဆင်သေကောင်ပုပ်ကိုစီး၍ လိုက်သော ကျီးမိုက်ကဲ့သို့ ကာမဂုဏ်တို့၏ အလိုနိုင်ငံသို့ မလိုက်တော့အံ့''–

ဟု ဆိုးမကာ အလုံးစုံသော မင်းစည်းစိမ်ကို အပ်နှင်းလေ၏။

**ခမည်းတော်မှီခိုတောနေလို**

ထိုအခါဒီဃာဝု မင်းသားသည် ခမည်းတော် မင်းကြီးစကားကို ကြားလျှင် ခမည်းတော်မင်းကြီးအား–

''ခမည်းတော်····အကျွန်ုပ်သည် ငယ်ရွယ်စဉ်ကပင် အကျွန်ုပ်၏ မယ်တော်မိဖုရားကြီး နတ်ရွာစံခဲ့ပြီ ဟု ကြားဘူးပါ၏၊ အကျွန်ုပ်သည် ခမည်းတော်မင်းနှင့် ကင်းကွာ၍ အသက်မရှည်နိုင်ပါ''။

''ခမည်းတော်···· ဥပမာကား-ညီညွတ်သော လမ်းခရီး,မညီညွတ်သော လမ်းခရီးတို့၌ သွားလာကျက်စားသော အဘဆင်မင်းသို့ သားဆင်သူငယ်

သည် အစဉ်လိုက်သကဲ့သို့၊ ထို့အတူ သားငယ်ကို ခေါ်၍ ကြွပါလော့၊ ခမည်းတော်နောက်မှ အစဉ် တစိုက်လိုက်ပါအံ့၊ သင်ခမည်းတော်အား အသက် မွေးလွယ်ကူပါလတ့်၊ အသက်မွေး မခက်ခဲပါ လတ့်"—

ဟု ခမည်းတော်နှင့်အတူ လိုက်လိုကြောင်းကို လျှောက် ထားလေ၏။

သားကိုနန်းအပ်
ဖြားယောင်းလတ်

ထိုအခါ ခမည်းတော် မင်းကြီးသည် စိတ်တော်၌ကြံစည်တော်မူကာ အမတ် တို့အား ခေါ်တော်မူလျက်—

"အို-အမတ်တို့.... ဥပမာကား- ဥစ္စာကိုရှာ သောကုန်သည်တို့၏ သမုဒ္ဒရာသို့သွားသော လှေ သင်္ဘောသည်၊ သမုဒ္ဒရာ၌ အထူးထူးသောဘေး ရန်သည် အကယ်၍ ဖြစ်ငြားအံ့၊ ထိုကုန်သည် ပျက် စီးရကုန်သကဲ့သို့၊ ထို့အတူ ဤသားမိုက်သည် ငါမင်းမြတ် ရဟန်းပြုခြင်းအန္တရာယ်ကို ပြုလုပ်ဘိ ၏၊ ဤမင်းသားကို မွေ့လျော်ခြင်းကို ဖြစ်ပွားစေ တတ်သော ရွှေနန်းပြာသာဒ်သို့ ပို့ဆောင်ကြ ကုန်လော့"။

"အို-အမတ်တို့.... ရွှေနန်း ပြာသာဒ်ထက်၌ နတ်သမီးအပေါင်းသည် သိကြားမင်းကို မွေ့လျော် ပျော်ပါးစေသကဲ့သို့၊ ထို့အတူ ရွှေတန်ဆာဖြင့် ဆင်အပ်သော မောင်းမအပေါင်းသည် ထိုမင်း သားကို မွေ့လျော်ပျော်ပါးစေကုန်လတ့်၊ မင်းသား

လည်း မောင်းမတို့နှင့်အတူ မွေ့လျော်ပျော်ပါး ပေလတံ့”—

ဟု မိန့်တော်မူပြီးလျှင် ဒီဃာဝုမင်းသားကို ဥယျာဉ်တော်မှာပင် အဘိသိက်သွန်း၍ မင်းမြှောက်ကာ ရွှေနန်းပြာသာဒ်ထက်သို့ ပို့ဆောင်စေ၏။

တောရစ်မှီလေ မျှတနေ

အရိန္ဒမ မင်းကြီးလည်း တယောက်ထီးသာ မြို့တော်မှထွက်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍ တောသစ်သီး သစ်ဥတို့ဖြင့် မျှတကာ နေတော်မူ၏။

အမတ်တို့လည်း ဒီဃာဝုမင်းသားကို ပင့်ဆောင်ကာ မြို့တော်ကို လက်ျာရစ်လှည့်ပြီးလျှင် ရွှေနန်းပြာသာဒ်ထက်သို့ ပင့်ဆောင်ကြကုန်၏၊ ထိုအခါ မောင်းမတို့သည် ဒီဃာဝုမင်းသားကိုမြင်လျှင် ဒီဃာဝုမင်းသားအား—

“အရှင်····အရှင်ကား-စာတုမဟာရာဇ်နတ်လေလော၊ သို့တည်းမဟုတ်၊ ဂန္ဓဗ္ဗနတ်လေလော၊ သို့တည်းမဟုတ်၊ သိကြားမင်းလေလော၊ အရှင်ကား အဘယ်သူနည်း၊ အဘယ်သူ၏ သားတော်နည်း၊အရှင့်ကို အဘယ်အကြောင်းဖြင့် သိရကုန်အံ့နည်း”—

ဟု မေးလျှောက် ကြကုန်၏။

မင်းကြီးကြွသွား သားတော်ထား

ထိုအခါ ဒီဃာဝုမင်းသားသည် နန်းတွင်းသူ နန်းတွင်းသား မောင်းမ အပေါင်းတို့အား—

"ရှင်မတို့···· ငါကား- စာတုမဟာရာဇ်နတ် မဟုတ်၊ ဂန္ဓဗ္ဗနတ်လည်းမဟုတ်၊ သိကြားမင်း လည်းမဟုတ်၊ ကာသိမင်း၏ သားတော်ဖြစ်သော ဒီဃာဝု မင်းသားဖြစ်၏၊ ရှင်မတို့သည် ငါ့ကိုလုပ် ကျွေးကြကုန်လော့၊ ငါသည် ရှင်မတို့ ချစ်လင်ဖြစ် ပါအံ့"—

ဟုမိန့်ကြားလေ၏၊ ထိုအခါ မောင်းမတို့သည် ဒီဃာဝု မင်းသားအား—

"အရှင်···· အကျွန်ုပ်တို့ သခင် အရိန္ဒမမင်း ကြီးသည် အဘယ်အရပ်သို့ ရောက်လေ သနည်း၊ အကျွန်ုပ်တို့တိုင်းပြည်မှအဘယ်အရပ်သို့ ကြွတော်မူ သနည်း"—

ဟု မေးလျှောက်ကြကုန်၏။

**မင်းသားပြောကြား နန်းတွင်းသား**

ထိုအခါ ဒီဃာဝုမင်းသားသည် နန်း တွင်းသား မောင်းမ အပေါင်းတို့အား ဆုံးမစကားကို ပြောကြားလျက်—

"ရှင်မတို့···· သင်တို့သခင် အရိန္ဒမ မင်းကြီး သည် ကိလေသာညွန်ကိုလွန်ခဲ့လေပြီ၊ရဟန်းအဖြစ် တည်းဟူသော ကြည်းကုန်းထက်၌ တည်လေပြီ၊ ရာဂစသော ဆူးငြောင့်မှ ကင်းလွတ်၍ ရာဂစသည် တို့သည် မစွဲလမ်းအပ်သော နတ်ရွာနိဗ္ဗာန်သို့သွား သောသူတို့၏ ခရီးလမ်းမသို့ ကြွသွားလေပြီ"။

"ရှင်မတို့···· ရာဂစသော ဆူးငြောင့် ရှိသော ရာဂစသည်တို့သည် စွဲလမ်းအပ်သော မကောင်းမှု

ပုံသူတို့ သွားရာဖြစ်သော လမ်းကောက်လမ်းမှား ပါယ်ခရီးသို့ ငါသည်သာ သွားရချေပြီ”–
ဟု မိဖုရားအပေါင်းတို့အား မိန့်ကြားပြန်၏။

မင်းသားပျော်မှု ဖြားယောင်းပြု

ထိုနောက် မောင်းမတို့သည် ငါတို့အရှင်မမင်းကြီးသည် ငါတို့ကိုစွန့်ခွါ၍ ရှေးဦးစွာ ရဟန်းပြုချေပြီ၊ ဤမင်းသားလည်း ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပါးသော စိတ်မရှိချေ၊ အကယ်၍ထိုမင်းသားကို ကာမဂုဏ်တို့ဖြင့်မမွေ့လျော်မပျော်ပါးစေငြားအံ့ ငါတို့ကိုစွန့်ခွါ၍ တောထွက်ကာ ရဟန်းပြုပြန်၏၊ ကာမဂုဏ်တို့၌ မွေ့လျော် ပျော်ပါးလာအောင် ဖြားယောင်းသွေးဆောင်မှ သင့်တော်မည်ဟု ကြံစည်ကြလျက် မင်းသားအား–

“အရှင်မင်းမြတ်····သားတို့သနင်း ခြင်္သေ့မင်းသည် ခြင်္သေ့မနေရာ မရွှေဂူသို့လာသကဲ့သို့အကျွန်ုပ်တို့ထံသို့ အရှင်မင်းမြတ်၏ လာတော်မူခြင်းကားကောင်းသော လာခြင်းပေတည်း၊ အကျွန်ုပ်တို့ကို ဆုံးမတော်မူပါ၊ အရှင်မင်းမြတ်သည် အလုံးစုံသောအကျွန်ုပ်တို့ကိုအစိုးရသောချစ်လင်ဖြစ်ပါ၏”–
ဟု ချီးသာစွာ ကာမဂုဏ်တို့ဖြင့် ဘိတ်မန္တကပြုပြီးလျှင် အလုံးစုံသော တူရိယာတို့ကို တီးမှုတ်ကြကုန်၏၊ အထူးထူးအပြားပြား ကပြကြကုန်၏၊ သာယာစွာသော အသံဖြင့် သီချင်းသီဆိုကြကုန်၏၊ ဤသို့လျှင် စည်းစိမ်ချမ်းသာ အခြံအရံသည် အလွန်များလေ၏။

မင်းဖြစ်ရှင်ပြုံး တသက်လုံး

ထိုအခါဒီဃာဝုမင်းသည် စည်းစိမ်ချမ်းသာ အခြံအရံဖြင့် မွေ့လျော်ယစ်မူးကာ ခမည်းတော်မင်းကြီးကို မေ့လျော့လေတော့၏၊ အသက်ထက်ဆုံး တရားနှင့်အညီ မင်းပြု၍ ကံအားလျော်စွာလားလေ၏၊ အရိန္ဒမမင်းကြီးလည်း ဈာန်အဘိညာဉ်ကိုဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

※ ထိုအခါ သောဏကပစ္စေကဗုဒ္ဓါသည်-ပရိနိဗ္ဗာန်ပြုလေပြီ။
※ ဒီဃာဝုမင်းသားသည်-ရာဟုလာ။
※ အရိန္ဒမမင်းကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ရဟန်းတို့အား၊ ကောင်းခြင်းကား၊ ရှစ်ပါးရှိလေသည်။
(၂) ဥဗ္ဗာဟူက၊ မသိမ်းရ၊ မှတ်ကြကောင်းခြင်းမည်။
(၃) ကျက်အေးပြီးမှ၊ ဆွမ်းစားရ၊ မှတ်ကြကောင်းခြင်းမည်။
(၄) ကိလေရမွက်၊ မန္ဒိပ်စက်၊ မှတ်ချက်ကောင်းခြင်းမည်။
(၅) လှည့်လည်သောခါ၊ မတွယ်တာ၊မှတ်ပါကောင်းခြင်းမည်။
(၆) မြို့ရွာမီးလောင်၊ ကိုယ့်သုံးဆောင်၊ မလောင်ကောင်းခြင်းမည်။

(၇) နိုင်ငံလူခိုး၊ သုံးဆောင်မျိုး၊ မခိုးကောင်းခြင်းမည်။
(၈) သူခိုးနှင့်ကင်း၊ နှောက်ရှက်ကင်း၊ သွားခြင်း ကောင်းသည်မည်။
(၉) မိမိလိုရာ၊ မငဲ့ညှာ၊ သွားလာကောင်းခြင်းမည်။

သောဏကဇာတ်ပြီး၏။

---

## ၅၃၀-သံကိစ္စဇာတ်

ပဥ္စ၊ပြန်ဝဆ၊

ဒေဝဒတ်မြေမျို ကြောင်းရာဆို

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇီဝက၏သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် အဇာတသတ်မင်းသည် ဒေဝဒတ်၏စကားကို နားထောင်၍ အဘဖြစ်သော ဗိမ္ဗိသာရမင်းကြီးကို သတ်လေ၏၊ ဒေဝဒတ်လည်း သံဃဘေဒကံကိုပြု၍ ပရိသတ်ပျက်စီးလျက် ကန်တော့ရန် မြတ်စွာဘုရားထံသို့အလာတွင် မြေမျို၍ အဝီစိငရဲသို့ ကျလေ၏။

ဇာတသတ်မင်း ကြောက်လန့်ခြင်း

ထိုအခါ အဇာတသတ်မင်းကြီးသည် ဒေဝဒတ်သည် မြတ်စွာဘုရားကို ဆန့်ကျင်ဘက်ပြု၍ မြေမျိုသည်ဟု ကြားရလျှင် ငါလည်း မြတ်စွာဘုရား၏ ဒါယကာအရင်းဖြစ်သော အဘ ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိ၏၊ ဘယ်အခါမြေမျိုမည်နည်းဟု အလွန်ထိတ်လန့်ကြောက်ရွံ့လျက် မင်းစည်းစိမ်ကို မခံစားနိုင်လေ၊ အနည်းငယ်အိပ်ကာမျှဖြင့် သံမြေ၌ကျ၍ သံတံကျင် လျှိုထားသကဲ့သို့ရင်း, ငရဲခွေးတို့သည်

လာ၍ ကိုက်ကုန်သကဲ့သို့ငှင်းဖြစ်၍ ကြောက်မက်ဘွယ်သောအသံဖြင့် မြည်တမ်းယောင်ယမ်းကာ အိပ်ရာမှထလေ၏။

**ပူလောင်အေးမှု ကြံစည်ပြ**

တနေ့သ၌ မိုးလကုန်ဆုံး၍ တန်ဆောင်မုန်းလပြည့်နေ့၌ အမတ်အပေါင်းခြံရံ ချက်နေစဉ် ခမည်းတော်မင်းကြီးကို သတ်ခဲ့မိသောအကြောင်းကို စဉ်းစားဆင်ခြင်မိသောအခါ တကိုယ်လုံးပူလောင်လျက် ချွေးဒီးဒီးကျလေ၏၊ ထိုအခါ အဘယ်သူသည် ငါ၏ ဤကဲ့သို့ပူလောင်ဆင်းရဲသောဘေးကို ပယ်ဖျောက်နိုင်ပါမည်နည်းဟု ကြံစည် စဉ်းစားရာ မြတ်စွာဘုရားမှ တပါးသောပယ်ဖျောက်နိုင်သူမရှိ၊ မြတ်စွာဘုရားအားလည်း ငါသည် ကြီးစွာပြစ်မှားခဲ့၏၊ သို့အတွက် ငါကိုယ်တိုင် မဖူးမျှော်ဝံ့ချေ၊ ဇီဝကကိုပို့စေ၍ ၎င်း၏ကျောအရိပ်ကိုကပ်၍ ဖူးမျှော်မည်ဟုဆုံးဖြတ်ကာ ည၌၏ သာယာကြောင်းကို ဥဒါန်းကျူးပြီးလျှင် ယနေ့ အဘယ်ရဟန်းပုဏ္ဏားထံ ဆည်းကပ်ရမည်နည်းဟု မိန့်တော်မူ၏။

**ဇီဝကခေါ်ကာ ဘုရားထံလာ**

ထိုအခါ ပူရဏကဿပစသော တိတ္ထိကြီးခြောက်ဦးတို့ တပည့်ဖြစ်ကုန်သော အမတ်တို့သည် အချက်ကောင်း ရပေပြီဟု ဝမ်းမြောက်ဝမ်းသာ အသီးအသီးထ၍ မိမိတို့ဆရာ၏ ဂုဏ်ကျေးဇူးကိုချီးကျူးကာ မိမိတို့ဆရာသို့ ဆည်းကပ်ရန်လျှောက်ကြကုန်၏၊ မင်းကြီးသည် ထိုအမတ်တို့စကားကို နာယူတော်မမူ၊ ဇီဝကကိုသာ မေးတော်မူ၏၊ ထိုအခါ ဇီဝကသည် မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကို ချီးကျူးပြီး

လျှင် မြတ်စွာဘုရားထံဆည်းကပ်ရန် လျှောက်ထားလေ၏၊ မင်းကြီးလည်း များစွာသောစစ်သည်ဗိုလ်ပါအခြံအရံဖြင့် ဇီဝကကိုရှေ့ဆောင်ပြုကာ မြတ်စွာဘုရားထံ ဆည်းကပ်လေ၏။

**ဘုရားနှင့်တွေ့ လွန်ချမ်းမြေ့**

မြတ်စွာဘုရားလည်း မင်းကြီး ရောက်လာလျှင် ပျူငှာလောကွတ် ပြုတော်မူ၏၊ မင်းကြီးလည်း မြတ်စွာဘုရားအား မျက်မှောက်ဖြစ်သော ရဟန်း၏အကျိုးကို မေးလျှောက်၏၊ မြတ်စွာဘုရားလည်း သာမညဖလသုတ်ကို ဟောတော်မူ၏၊ သုတ်၏အဆုံး၌ မင်းကြီးသည် သရဏဂုံတည်သော ဥပါသကာဖြစ်ပြီးလျှင် ကန်တော့၍ နန်းတော်သို့ပြန်၏၊ အဇာတသတ်မင်းကြီးသည် ထိုအခါမှစ၍ သီလဆောက်တည်ခြင်း, အလှူပေးခြင်းစသော ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်လျက် မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တနှင့် ပေါင်းဘော်ရသဖြင့် ကြောက်ခြင်း, ထိတ်လန့်ခြင်း, ကြက်သီးမွေးညှင်းထခြင်း မရှိတော့ဘဲ မင်းစည်းစိမ်ကိုခံစားကာ ချမ်းသာစွာနေရ၏၊ ချမ်းသာစွာအိပ်ရ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် အဇာတသတ်မင်းကြီး၏ အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် ''ရဟန်းတို့.... ဤအဇာတသတ်မင်းသည် အဘကိုသတ်မိသောကြောင့် စိတ်မချမ်းသာခြင်းသို့ရောက်ရာ ငါ့ကိုမှီ၍ ချမ်းသာစွာအိပ်ရသည်မဟုတ်၊ ရှေးအခါ၌လည်း အဘကို သတ်မိသောကြောင့် စိတ်မချမ်းသာခြင်းသို့ရောက်ရာ ငါ့ကို

မိ၍ ချမ်းသာစွာအိပ်ရဘူးပြီ”ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**သားပညာတတ် အိမ်ရှေ့အစ်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းအား သားတော်တယောက် မွေးဘွားရာ ဗြဟ္မဒတ္တ သတို့သားဟု အမည်မှည့်၏၊ ဘုရားအလောင်းကား ပုရောဟိတ် ပုဏ္ဏားအိမ်၌ဖြစ်၍ မွေးဘွားသောအခါ သံကိစ္စ သတို့သားဟု အမည်မှည့်၏။

ထိုဗြဟ္မဒတ္တ သတို့သားနှင့် သံကိစ္စ သတို့သားတို့သည် မင်းအိမ်၌ အတူတကွကြီးပြင်းကြကုန်၏၊ အလွန်အကျွမ်းဝင်သော အဆွေခင်ပွန်းဖြစ်ကုန်၏၊ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတူတကွ အတတ်ပညာ သင်ကြားပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်လာကုန်၏၊ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် သားတော်အား အိမ်ရှေ့မင်းအရာကိုပေးတော်မူ၏၊ သံကိစ္စ သတို့သားလည်း အိမ်ရှေ့မင်း အိမ်၌သာနေ၏။

**မင်းသားအကြံများ သံကိစ္စတား**

တနေ့သ၌ အိမ်ရှေ့မင်းသည် ဥယျာဉ်ကစားသွားသော ခမည်းတော် မင်းကြီး၏ စည်းစိမ် အခြံအရံကို မြင်လျှင် အလွန်တပ်နှစ်သက်သဖြင့် ခမည်းတော်ကား အစ်ကိုယ်နှင့်တူပေ၏၊ သေလွန်သည်တိုင်အောင် စောင့်ဆိုင်းနေလျှင်

ငါသည်ကြီးရင့်သောအခါမှ မင်းစည်းစိမ်ကို ရလတ့ံ၊ ကြီးရင့်သောအခါမှ ရသော မင်းစည်းစိမ်လည်း အဘယ် အကျိုးရှိအံ့နည်း၊ ယခုပင် ခမည်းတော်ကို သတ်၍ မင်းအဖြစ်ကို ယူမည်ဟု ကြံစည်ပြီးလျှင် အဆွေတော် သံကိစ္စအား ပြောကြားလေ၏၊ သံကိစ္စလုလင်လည်း မင်းသားအား "အရှင်··· အဘကို သတ်သော ပိတုဃာတကကံကား အလွန်ဝန်လေးလှ၏၊ သေလွန်သောအခါ ငရဲသို့လားရ၏၊ အဘကိုသတ်ခြင်းငှါ မတတ်ကောင်း၊ မသတ်ပါလင့်"ဟု တားမြစ်လေ၏၊ အိမ်ရှေ့မင်းသည် အဖန်တလဲလဲ ပြောကြား၏၊ သံကိစ္စလုလင်လည်း သုံးကြိမ်တိုင်အောင် တားမြစ်လေ၏။

**မင်းမိုက်ခွဲလေ တောထွက်နေ**

တဖန်အိမ်ရှေ့မင်းသည် ခြေရင်း၌ခစားသောသူတို့နှင့် တိုင်ပင်ပြန်၏၊ ခြေရင်း၌ ခစားသောသူတို့ကား မတားမြစ်ကုန်ဘဲ ဝန်ခံလျက် ဗြဟ္မဒတ်မင်းကြီး သေခြင်း၏အကြောင်းကို သာ စုံစမ်း ရှာဖွေကြကုန်၏၊ သံကိစ္စ လုလင်လည်းထိုအကြောင်းကို သိပြန်လျှင် ငါသည် ထိုသူတို့နှင့် မပေါင်းဖေါ်တော့အံ့၊ တပေါင်းတည်း မဖြစ်တော့အံ့ဟု နှစ်လုံးသွင်းကာ အမိအဘတို့ကိုပင် မပန်ကြားတော့ဘဲ တောထွက်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်း ပြုကာ ဈာန် အဘိညာဉ်ကို ဖြစ်စေ၍ တောသစ်သီး သစ်ဥကိုဖြင့်သာ မျှတကာနေလေ၏၊ အိမ်ရှေ့မင်းလည်း အဆွေတော် သံကိစ္စ လုလင်သွားလျှင် ခမည်းတော် မင်းကြီးကို သတ်၍ မင်းစည်းစိမ်ကို ခံစားလေ၏။

**ဖခင်သတ်မိ ပူပန်ဘိ**

သံကိစ္စလုလင် ရသေ့ရဟန်းပြုသတဲ့ ဟု ကြားလျှင် များစွာသော အမျိုးသားတို့သည် တောထွက်ကုန်၍ သံကိစ္စရသေ့ ထံ၌ ရသေ့ ရဟန်း ပြုကြ ကုန်၏၊ သံကိစ္စ ရသေ့လည်း များစွာသော ရသေ့တို့ ခြံရံကာဟိမဝန္တာ၌သာ နေလေ၏၊ အလုံးစုံသော ရသေ့တို့လည်း ဈာန်အဘိညာဉ်ကို ရကြ ကုန်၏။

ဗြဟ္မဒတ်မင်းလည်း ခမည်းတော်ကို သတ်သောအခါမှစ၍ မင်းစည်းစိမ်ကို အနည်းငယ်မျှ ကာလအတွင်း၌သာ ခံစားနိုင်၍ နောက်အခါ ခမည်းတော်ကို သတ်မိသည့်အတွက် စည်းစိမ်ချမ်းသာကို မခံစားနိုင်။

**မိတ်ကောင်းသတိရ မင်းတောင့်တ**

ဗြဟ္မဒတ္တမင်းသည် နေ့စဉ်မပြတ် အမြဲ ကြောက်လန့် တုန်လှုပ်၍သာ နေရသဖြင့်၊ ကောင်းစွာမအိပ်ရ၊ ငရဲထိန်းတို့ရောက်လာသကဲ့သို့ထင်၏၊ အမြဲပူပန်၍နေ၏၊ ငါ့အဆွေတော် သံကိစ္စလည်း တားမြစ်၍ မရသဖြင့် မိမိကိုယ်ကို အပြစ်လွတ်အောင် ထွက်ပြေးလေပြီ၊ ဤသံကိစ္စသာ ရှိပါမူကား အဘသတ်သော ပိတုဃာတကကံကို ပြုလုပ်ရမည် မဟုတ်၊ ငါ၏ကြောက်လန့် တုန်လှုပ်ခြင်းကို ပယ်ဖျောက်လေရာ၏၊ဘယ်အရပ်၌ နေပါလိမ့်မည်နည်း၊ဘယ်သူလာ၍ ပြောပါအံ့နည်းဟု ကြံစည်စဉ်းစားလျက် မင်းပွဲသဘင်တို့၌ သံကိစ္စ၏ဂုဏ်ကျေးဇူးကိုသာ ပြောဆိုလေ၏၊ ဤသို့လျှင် ကာလသည် ကြာမြင့်ခဲ့လေ၏။

သံကိစ္စ ကြွစဉ် မင်းလျှော်တင်

နှစ်ပေါင်း ငါးဆယ် ကျော်လွန်သော အခါ သံကိစ္စရသေ့သည် ဗြဟ္မဒတ်မင်းကား ငါ့ကိုမပြတ် အောက်မေ့ဘိ၏၊ ယခုအခါ ထိုမင်းအား တရားဟော၍ ထိတ်လန့် တုန်လှုပ်ခြင်းကို ပျောက်စေမည်ဟု နှလုံးသွင်းကာ ရသေ့ငါးရာခြံရံလျက် ကောင်းကင်ခရီးဖြင့် သွား၍ ဗာရာဏသီပြည်သို့ရောက်လျှင် ဒါယပဿမည်သော ဥယျာဉ်၌ ဆင်းသက်ပြီးလျှင် မင်္ဂလာကျောက်ဖျာ အပြင်၌ နေတော်မူ၏။

ဥယျာဉ်စောင့်မြင်လျှင် အနီးသို့ချဉ်းကပ်ကာ အမည်တော်ကို မေး၍ သံကိစ္စမှန်းသိလျှင် "အရှင်ဘုရား.... မင်းကြီးရောက်သည်တိုင်အောင် ဤနေရာ၌ ဆိုင်းငံ့တော်မူပါဦး၊ မင်းကြီးကို သွား၍ လျှောက်ထားပါမည်" ဟု ခွင့်ပန်ပြီးလျှင် မင်းကြီးထံအမြန်သွား၍ ဥယျာဉ်တော်၌ အဆွေတော် သံကိစ္စ ရသေ့ကြီး ရောက်လာကြောင်းကို လျှောက်ထားလေ၏။

သံကိစ္စကိုမြင် ဝမ်းမြောက်စဉ်

မင်းကြီးလည်း သံကိစ္စရသေ့ထံသို့သွား၍ ရှိခိုးပြီးလျှင် ဝတ်ကြီး ဝတ်ငယ်ကို ပြု၍—

"အရှင်ဘုရား.... ကုသိုလ်ဆယ်ပါး တရားကို လွန်၍ ကျင့်ကုန်သောသူတို့သည် တမလွန်ဘဝ၌ ဘယ်ဂတိသို့ လားရကုန်သနည်း၊ အရှင်ဘုရား အကျွန်ုပ်သည် သုစရိုက်တရားကို လွန်၍ကျင့်မိသောကြောင့် မေးလျှောက်ပါ၏၊ ဖြေကြားတော်မူပါ"—

ဟု ပြဿနာကို မေးလျှောက်လေ၏။



P. ၁၀၆ မင်းကြီးသည် အဘကိုသတ်ပြီး နောင်တတဖန်ပူပန်နေရာ သံကိစ္စရသေ့ တရားပြနေပုံ

ငရဲကိုပြ ဆိုဆုံးမ

ထိုအခါ သံကိစ္စရသေ့သည် မင်းကြီးအား ငရဲကြီးရှစ်ထပ်နှင့်တကွ အပြစ်တို့ကိုပြကာ ဆုံးမဟောကြားလျက်—

"မြတ်သောမင်းကြီး....ငါ၏စကားကို ရှိသေစွာနာလော့၊ သူခိုးဘေးရှိသော လမ်းခရီးဖြင့်သွားသောသူအား၊ သူခိုးဘေးမရှိသော လမ်းခရီးကို ညွှန်ကြားသော ရသေ့၏စကားကို အကယ်၍လိုက်နာငြားအံ့၊ ထိုလိုက်နာသောသူ၏မျက်နှာကို သူခိုးတို့ မမြင်ကုန်ရာ"။

"မြတ်သောမင်းကြီး....ဒုစရိုက်တရားကို ကျင့်နေသောသူအား သုစရိုက်တရားကို ညွှန်ကြားဆုံးမသော ရသေ့၏ စကားကို အကယ်၍ လိုက်နာငြားအံ့၊ ထိုလိုက်နာသော သူသည် ဒုဂ္ဂတိသို့ မလားရာ"။

ဤသို့ ဗြဟ္မဒတ်မင်းအား ဆုံးမဩဝါဒပေးပြီးလျှင် ငရဲကြီးရှစ်ထပ်နှင့် ငရဲငယ်တို့ကို ဖွင့်လှစ်၍ပြကာ အောက်ပါအတိုင်း တရားဟောတော်မူ၏။

ငရဲကြီးရှစ်ထပ်နှင့် ငရဲငယ်များ

"မြတ်သောမင်းကြီး....ကုသိုလ် ကမ္မပထ တရားဆယ်ပါးသည် ကုသိုလ်ပြုသူတို့သွားရာဘေးမရှိသော ခရီးမတည်း၊ အကုသိုလ် ကမ္မပထတရားဆယ်ပါးသည် မကောင်းမှုပြုသူတို့ သွားရာဘေးရှိသော ခရီးမတည်း၊ အကုသိုလ်တရားသည် ဒုဂ္ဂတိဘဝသို့ရောက်စေ၏၊ ကုသိုလ်တရားသည် သုဂတိဘဝသို့ရောက်စေ၏"။

ရသေ့တို့ကို ပုတ်ခတ်သောသူတို့သည် ငရဲကြီးရှစ်ထပ်၌ကျရောက်ရ၏''။

''မြတ်သော မင်းကြီး···· ခွန်အား ကြီးလျက် လေးသမားကြီးဖြစ်၍ ကေတကဘိုင်းသူ၏ အရှင်ဖြစ်သော အဇ္ဇုနမင်း လေးသမားငါးရာတို့၏ လက်ရုံးတထောင်တို့ဖြင့် တင်အပ်သောလေးကို တင်စွမ်းနိုင်သော လက်ရုံးရှိသော သဟဿဗာဟုမင်းတို့သည် ဂေါတမအနွယ်ဖြစ်သောရသေ့ကို သတ်မိ၍ ပျက်စီးခြင်းသို့ ရောက်ရ၏''။

''မြတ်သော မင်းကြီး···· ဒဏ္ဍကီမင်း သည် ကိလေသာမှုကင်းသောကိသဝစ္ဆရသေ့ကို ထန်းပင်ကို အမြစ်နှင့်တကွ ဖြတ်သကဲ့သို့ သတ်ဖြတ်မိ၏၊ ထိုမင်းလည်း ပျက်စီးခြင်းသို့ ရောက်ရ၏''။

''မြတ်သောမင်းကြီး····မဇ္ဈမင်းသည် အခြံအရံ များသော မာတင်္ဂရသေ့သူခမိန်ကို ပြစ်မှားသော စိတ်ဖြင့် ပရိသတ်နှင့်တကွ ဖျက်ဆီးမိ၏၊ ထိုအခါ မဇ္ဈမင်း၏ တိုင်းပြည်သည် ပျက်စီးခဲ့၏''။

''မြတ်သောမင်းကြီး····အန္ဓကဝိန္ဒတိုင်း၌ နေသောသူတို့သည် ကဏှဒီပါယနရသေ့ကို သတ်မိကုန်၍ အချင်းချင်းရှားနှစ်ကျည်ပွေ့တို့ဖြင့် သတ်၍ ငရဲသို့ရောက်ရကုန်၏''။

''မြတ်သောမင်းကြီး···· ကပိလရှင်ရသေ့သည် ဆုံးမ အပ်သည်ဖြစ်၍ ရှေးအခါ ကောင်းကင်၌ သွားလာနိုင်သော စေတိယမင်းလည်း သေခါနီး

သို့ ရောက်သောအခါ ယုတ်မာသော ကိုယ်ရှိလျက် မြေထဲသို့ဝင်ရ၏”။

“မြတ်သောမင်းကြီး·· ပညာရှိသူတော်ကောင်းတို့သည် ဆန္ဒာဂတိစသော မလားအပ်သောဂတိသို့ လားခြင်းကို မချီးမွမ်းကြကုန်၊မပြစ်မှားသော စိတ်ရှိသည်ဖြစ်၍ မှန်သည်နှင့်စပ်သော စကားကိုသာ ပြောဆိုရာ၏”။

“မြတ်သောမင်းကြီး····အကြင်သူသည်ပြစ်မှားလိုသောစိတ်ဖြင့် ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံသောမြတ်စွာဘုရားကို အကယ်၍ကြည့်ခြင်းအံ့၊ထိုသူသည် အောက်ငရဲသို့လားရ၏”။

“မြတ်သော မင်းကြီး···အကြင်သူတို့သည်ကြမ်းကြုတ်စွာလုံ့လပြု၍ ဝယဝုဒ္ဓိ ဂုဏဝုဒ္ဓိဖြစ်သောသူတို့ကို စွပ်စွဲဆဲရေးမိ၏၊ ထိုသူတို့သည် သားမီးမရှိ၊ မယားမရှိကုန်ဘဲ ထန်းပင်ငုတ်ကဲ့သို့ဖြစ်ရကုန်၏”။

“မြတ်သော မင်းကြီး···· အကြင် သူသည် သီလက္ခန္ဓစသည်ကို ရှာမှီးလေ့ရှိသဖြင့် ပြုအပ်ပြီးသောကိစ္စရှိသော ရသေ့ရဟန်းကို ပုတ်ခတ်ညှဉ်းဆဲ၏၊ ထိုသူသည် ကာလသုတ်ငရဲ၌ ကြာမြင့်စွာခံရ၏”။

“မြတ်သောမင်းကြီး····အကြင်မင်းသည် မင်းကျင့်တရား၌မတည် သားကောင်မိုက်ကဲ့သို့ အဂတိလိုက်စားလျက် တိုင်းပြည်ကိုဖျက်ဆီး၏၊ထိုမင်းသည်

တိုင်းသူတို့ကို ပူပန်စေတတ်သောကြောင့် တမလွန်ဘဝ၌ တာပနငရဲ၌ခံရ၏။

ထိုတိုင်းပြည်ကို ဖျက်ဆီးသောမင်းသည် နတ်တို့အရေအတွက်အားဖြင့် အနှစ်တသိန်း ကာလပတ်လုံး ငရဲ၌ခံရ၏၊ ထိုမင်းသည် မီးလျှံတို့ဖြင့် ခြိုးရိုက်အဆင်းရဲဝေဒနာကို ခံရ၏။

ထိုငရဲသူသတ္တဝါ၏ကိုယ်မှမီးလျှံတို့သည် ပြိုးပြိုးပြက် ထွက်ကုန်၏၊ မီးကိုစားရသော ငရဲသူ၏ကိုယ်တို့သည် အမွေးတွင်း ခြေသည်းလက်သည်းနှင့်တကွပြိုးပြိုးပြက် ထွက်ကုန်၏။

ထိုငရဲသူတို့သည် အမြဲအတွင်းအပကို တောက်လောင်သောကိုယ်ရှိလျက် ဆင်းရဲဖြင့် အလွန်နှိပ်စက်ကုန်ရကား လှံမ ချွန်းတောင်းတို့ဖြင့် နှိပ်စက်အပ်သော ဆင်ပြောင်ကဲ့သို့ ဟစ်ကြွေးမြည်တမ်းရကုန်၏”။

“မြတ်သောမင်းကြီး.... အကြင်သူသည် ပြည်တိုင်းကားကို လိုချင်သောစိတ်ဖြင့်၎င်း, ပြစ်မှားလိုသော စိတ်ဖြင့်၎င်း, ပုရိသမာန်ယစ်သဖြင့်၎င်းအဘကိုသတ်၏၊ ထိုသူသည် ကာလသုတ်ငရဲ၌ ကြာမြင့်စွာ ခံရ၏။

ထိုအဘကို သတ်သောသူသည် ကြေးနီအိုး၌ကျက်ရ၏၊ ကျက်သောသူကိုလည်း လှံတို့ဖြင့် ထိုးကုန်၏၊ အရေမရှိသည်ကိုလည်းပြုကုန်၏၊ ထိုအဘ

သတ်သောငရဲသူကို မျက်စိကန်းအောင်ပြု၍ ကျင်ကြီး ကျင်ငယ်ကို စားစေကုန်၏၊ကြေးနီရည်၌ ငုပ်စေကုန်၏။

ငရဲထိန်းတို့သည် ရဲရဲတောက်၍ ကျိုက်ကျိုက်ဆူပူနေသော ကြေးနီစိုင်ခဲကိုဂင်း, ကြာမြင့်စွာပူစေအပ်ပြီးသောသံငါးမျှားချိတ်ရှည်ကြီးတို့ကိုဂင်း ယူငင်၍ ကြိုးတို့ဖြင့် ဖွဲ့ချည်ကာ ခံတွင်းကိုဖွင့်၍ ဟင်းလင်းပွင့်နေသော ခံတွင်း၌ ထည့်သွင်းကြကုန်၏။

ထိုအဘကိုသတ်သောငရဲသူ၏လျှာကို ဖြတ်ကုန်၍ ဝါရှေသောအဆင်းရှိ၍ ဆင်မျှကြီးသောခွေးတို့သည်ဂင်း, ပြောက်ကျားသောအဆင်းရှိ၍ ဆင်မျှကြီးသောခွေးတို့သည်ဂင်း, သံနှုတ်သီးရှိ၍ ဝန်တင်လှည်းမျှကြီးသော လင်းတတို့သည်ဂင်း, တောကျီးကန်းအပေါင်းတို့သည်ဂင်း, ငှက်အပေါင်းတို့သည်ဂင်း, စည်းဝေး၍ ကျွဲ,နွားစသည်တို့ အသွေးအသားကို စားကုန်သကဲ့သို့ ထိုငရဲသူကို ကြွပ်ကြွပ်မြည်အောင် ဝါး၍စားကြကုန်၏။

မီးလောင်သော ထန်းပင်ငုတ်ကဲ့သို့ ကိုယ်ရှိ၍ အပေါက်အပေါက် ခုတ်ထွင်းအပ်သော ကိုယ်ရှိသော အဘသတ်ငရဲသူကို ငရဲထိန်းတို့သည်ပုတ်ခတ် ညှဉ်းဆဲကာ သွားကြကုန်၏။

ငရဲထိန်းတို့အား မွေ့လျော်ခြင်းဖြစ်ကုန်၏၊ ငရဲသူတို့ကား ဆင်းရဲခြင်း ဖြစ်ရကုန်၏၊ ဤလူ့ရွာ၌ အလုံးစုံသော အဘသတ်သောသူတို့သည် ဤသို့သဘောရှိသော ကြေးနီအိုးငရဲ၌ ခံကြရကုန်၏။

"မြတ်သောမင်းကြီး····သားသည်အမိကိုသတ်မိသောကြောင့် ဤလူ့ပြည်မှသွားလေ၍ ယမမင်း၏နေရာ၌ ပြင်းစွာသောဆင်းရဲသို့ရောက်ရ၏၊ မိမိပြုသော မကောင်းမှု၏အကျိုးဖြင့် ကပ်ရောက်ရ၏။

အမိကိုသတ်မိသောငရဲသူကို ငရဲထိန်းတို့သည် အလွန်ပြင်းထန်စွာ သံဖြင့်ပြုလုပ်အပ်သော လျှော်ကြိုးတို့ဖြင့် အထပ်ထပ်ရစ်ပတ်ကုန်လျက် သံယန္တရား၌ ကြိတ်ကုန်၏။

အမိကိုသတ်သော ငရဲသူကို ကြိတ်အပ်သော ကိုယ်မှယိုထွက်သော သွေးတို့ကို မြင်ကုန်စဉ်လျှင် ထိုငရဲသူ၏ ကိုယ်ကောင် ပကတိဖြစ်လာပြန်သော အခါ၌ မြည့်မြည့်ကြွေသောကြေးနီရည်နှင့်တူသော သွေးရည်ကို သောက်စေကုန်၏။

စက်ဆုပ်ဘွယ်သော အကောင်ပုပ်ဖြစ်၍ ပုပ်သောအဖြစ်သို့ ရောက်သဖြင့် မကောင်းသောအနံ့ရှိသော မစင်ညွန်ရှိလျက် သွေးပြည်နှင့်တူသော အိုင်သို့ပစ်ချကုန်၏၊ ထိုသူသည် ထိုအိုင်သို့သက်၍ နေရပြန်၏။

ထိုမစင်ငရဲ၌ အမိကိုသတ်သောငရဲသူကို ပိန်းကောလှေမျှကြီးမားသော ကိုယ်ရှိ၍ သံအပ်နှင့်တူသော နှုတ်သီးရှိသော ပိုးလောက်တို့သည် အရေကိုဖြတ်၍အသားအသွေးတို့ကိုဆွကာ စားသောက်ကြကုန်၏။

အမိကိုသတ်သောငရဲသူလည်း အသူတရာနက်သော ထိုမစင်ငရဲသို့ရောက်၍ ,နစ်မြုပ်ရ၏၊ မစင်

ပုပ်နံ့သည် ထက်ဝန်းကျင်တယူဇနာတိုင်တိုင် လှိုင်ရှိန်စေ၏။

အမှန်အားဖြင့် မျက်စိရှိသောသူတို့လည်း မျက်စိတို့သည် ထိုအပုပ်နံ့ဖြင့်ကြေမွပျက်စီးကုန်၏၊ အမိသတ်သော ငရဲသူသည် ဤသို့ သဘောရှိသော ဆင်းရဲကိုရ၏။

"မြတ်သောမင်းကြီး.... ကိုယ်ဝန်ကို ချသော မိန်းမတို့သည် အလွန်ကြောက်မက်ဘွယ်ကောင်း၍ ထက်လှစွာသော သင်တုန်းသွားကို လွန်မြောက်ကူးခတ်နိုင်ခဲ့သော ဝေတရဏီမည်သော ကြိမ်ပိုက်ချောင်းငရဲသို့ ကျကုန်၏။

သံဖြင့်ပြီး၍ လက်သစ် တဆယ့် ခြောက်သစ် ပမာဏ အဆူးရှိသော လက်ပန်ပင်၏ အခက်အရွက်တို့သည် ကမ်းနှစ်ဘက်တို့၌ ကူးခတ်နိုင်ခဲသော ဝေတရဏီ မည်သောကြိမ်ပိုက်ချောင်း ငရဲသို့ တွဲရရွဲကျကုန်၏။

ထို လက်ပံပင်တို့သည် အလျှံ ပြောင်ပြောင် တောက်လျက် ကြောက် မက်ဖွယ် ရှိသော မီးပုံကြီးတို့ကဲ့သို့ တည်ကုန်၏၊ မီးတောက် မီးလျှံဖြင့် ယူဇနာ တရာတိုင်အောင် အထက်သို့ တက်ကုန်၏"။

"မြတ်သောမင်းကြီး....မိမိ လင်ကို ကျူးလွန်၍ ကျင့်သော မိန်းမ၊ မိမိမယားကို ကျူးလွန်၍ ကျင့်သော ယောကျ်ားတို့သည် ထက်လှစွာသောအဆူးရှိသော ထိုလက်ပံပင် ငရဲ၌ တက်ကြရကုန်၏။

မိမိလင်ကို ကြူးလွန်၍ ကျင့်သောမိန်းမ၊ မိမိမယားကို ကြူးလွန်၍ ကျင့်သော ယောကျ်ားတို့သည် အထက်သို့ရောက်သောအခါ ဦးခေါင်း စောက်ထိုးဖြစ်၍ကျကုန်၏၊ အသီးအသီး စုတ်ပြတ်သော ကိုယ်ရှိကုန်၏၊ ပျက်စီးသော ကိုယ်ရှိကုန်၏၊ ထိုးကျင့်သောကိုယ်ရှိကုန်၏၊ ရှည်မြင့်စွာ အခါခပ်သိမ်း မအိပ်ရကုန်။

ထိုနောင်မှ များစွာသော နေ့ညဥ့်တို့ အဆုံး၌ ကြီးမားသော တောင်ပမာဏရှိ၍ ပြောင်ပြောင်တောက်သော မီးနှင့် တူသော ရေရှိသော လောဟကုမ္ဘီ ကြေးနီအိုးသို့ ငုပ်လျှိုး သက်ဝင်ရကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် နေ့၌ရင်း, ညဥ့်၌ရင်း မောဟဖြင့် ဖုံးလွှမ်းသော ထိုငရဲသူတို့သည် ရှေးအခါ၌ မိမိတို့ ပြုလုပ် အပ်သော မကောင်းမှုကံကို အစွဲပြုကုန်၍ ထိုကံ၏ အကျိုးကို ခံစားရကုန်၏။

“မြတ်သော မင်းကြီး....ဥစ္စာဖြင့် ဝယ်အပ်သော မယားတို့သည် မိမိလင်ကို မထေမဲ့မြင်ပြုကုန်၏၊ ယောက္ခမယောကျ်ားသူ,ယောက္ခမမိန်းမသူ, ခဲအို, ယောက်မတို့ကို မထေမဲ့မြင် ပြုကုန်၏၊ ထိုငရဲသူမတို့၏ခံတွင်းကိုသံချွန်းတောင်းဖြင့် ဖွင့်ကာ သံငါးမျှားချိတ်ဖြင့် လျှာဖျားကိုဆွဲ၍ ထုတ်ကုန်၏၊ ကြိုးဖြင့် ဖွဲ့ချည်ကာ ဆွဲငင်ကုန်၏။

လှေပိန်းကောမျှ ကြီးသော ပိုးလောက်တို့ဖြင့် ပြည့်နေသော တလံမျှ ရှည်လျားသော မိခိတို့လျှာကြီးကို မြင်ရကုန်၏၊ ငရဲထိန်းတို့ကိုလည်း တောင်းပန်ခြင်းငှါ မတတ်နိုင်ကုန်၊ တဖန် တာပန ငရဲ၌ ကျက်ရကုန်၏''။

''မြတ်သောမင်းကြီး....ဆိတ်ကိုသတ်၍အသက်မွေးသောသူ၊ ဝက်ကိုသတ်၍ အသက်မွေးသောသူ၊ တံငါ,မုဆိုး, သူခိုး, နွားသတ်သမား, ရန့်ရင်းကြမ်းကြုတ်သောသူ၊ မချီးမွမ်းထိုက်သောသူကို ချီးမွမ်းသောသူတို့ကို လှံ,သံဆောက်ပုဘ်, သန်လျက်,မြားတို့ဖြင့် ပုတ်ခတ် ညှဉ်းဆဲ ကုန်လျက် ဦးခေါင်းစောက်ထိုး ငရဲထိန်းတို့သည် ကြိမ်မိုက်ချောင်း ငရဲသို့ ပစ်ချကုန်၏''။

''မြတ်သောမင်းကြီး.... ကောက်ကျစ်စဉ်းလဲသော တရားသူကြီးတို့ကို ညနံနက် ပြောင်ပြောင်တောက်သော သံတွေခဲတို့ဖြင့် ညှဉ်းဆဲကုန်၏၊ ထိုနောက် ကူးခပ်နိုင်ခဲသော ကိုယ်ရှိသော ငရဲသူတို့သည် သူတပါးတို့ အန်ဖတ်ကို အမြဲမပြတ် စားရကုန်၏။

ကြမ်းကြုတ်သော အမှုကို ပြုသော တခပြောင်းပြန်ပြန်တုန်လှုပ်ကုန်သော ငရဲသူတို့ကို သံနှုတ်သီးရှိသော စွန်ရဲ, မြေခွေး, ဝန်တင်လှည်းမျှကြီးသော လင်းတ, တောကျီး အပေါင်းတို့သည် ထိုးဆိတ်ခဲစားကြကုန်၏''။

"မြတ်သောမင်းကြီး.... ကိလေသာမြူဖုံးလွှမ်းသောသူတော်မဟုတ် သူယုတ်မာတို့သည် သမင်တိန်ညင်ဖြင့် သားအပေါင်းကိုဖမ်း၍ သတ်ကုန်၏၊ ငှက်တိန်ညင်ဖြင့် ငှက်အပေါင်းကို ဖမ်း၍ သတ်ကုန်၏၊ ထိုသူတို့သည် ဥဿဒရက်ငရဲသို့ ကျရောက်ကုန်၏"။

**ကောင်းကျိုးသုခ နတ်ရွာပြ**

ဤသို့လျှင် သံကိစ္စ ရသေ့သည် ဤမျှလောက်သော ငရဲတို့ကို ဖွင့်လှစ်ကာ ဟောတော်မူ၏၊ ထိုနောက် အောက်ပါ အတိုင်းနတ်ပြည်တို့ကို ဖွင့်လှစ်ကာဟောပြန်၏။

## နတ်ပြည်များ

"မြတ်သောမင်းကြီး....ငြိမ်သက်သောသိကြားနတ်မင်း ဗြဟ္မာမင်းနှင့်တကွ ဖြစ်သော နတ်ဗြဟ္မာတို့သည် ဤလူ့ပြည်၌ ကောင်းစွာပြုကျင့်အပ်သော ကုသိုလ်ကံကြောင့် အထက်နတ်ပြည် ဗြဟ္မာပြည်သို့ ရောက်ကြရကုန်၏၊ ကောင်းစွာ ပြုကျင့်အပ်သော ကုသိုလ်ကံ၏အကျိုးကို ကြည့်ရှုပါလော၊ထိုကြောင့် သင်မင်းကြီးကိုငါဟောမည်၊"မြတ်သောမင်းကြီး... ကောင်းစွာ ကျင့်အပ်သော တရားကို ကျင့်လော့၊ ကောင်းစွာ ကျင့်အပ်သော တရားကို ကျင့်သည်ရှိသော် နောင်တတဖန် ပူပန်ခြင်းမရှိ"–

ထိုနောင် ဗြဟ္မဒတ်မင်းသည် သံကိစ္စရသေ့၏ တရားစကားကို ကြားနာရသဖြင့် ထိုနေ့မှစ၍ သက်သာရာရလေ

၏၊ ကောင်းစွာအိပ်ရလေ၏၊ သံကိစ္စရသေ့လည်း ဥယျာဉ်တော်၌ အနည်းငယ်နေပြီးလျှင် မိမိနေရာ ဟိမဝန္တာသို့ကြွလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ပြဟ္မဒတ်မင်းသည်- ယခုအခါ အဇာတသတ်မင်း။

※ တပည့်ရသေ့အပေါင်းသည်-ဘုရားပရိသတ်။

※ သံကိစ္စရသေ့သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဒုစရိုက်ကား၊ သူမိုက်များ၊ သွားရာခရီးပေ။
(၂) သုစရိုက်ကား၊ သူတော်များ၊ သွားရာခရီးပေ။
(၃) ဒုခရီးကား၊ ဘေးရန်များ၊ ရောက်ငြားပါယ်လေးထွေ။
(၄) သုခရီးကား၊ ဘေးရန်ရှား၊ ရောက်ငြားသုဂတေ။
(၅) အကုပြုက၊ ငရဲကျ၊ ခံရဆင်းရဲတွေ။
(၆) ကုသိုလ်ပြုပြန်၊ လူနတ်ထံ၊ အမှန်ရောက်လိမ့်လေ။
(၇) အကုပယ်ခွါ၊ ကုသိုလ်သာ၊ ကောင်းစွာပြုကျင့်လေ။
(၈) အကုကိုချစ်၊ လူမိုက်စစ်၊ ကုချစ်ပဏ္ဍိတေ။

သံကိစ္စဇာတ် ပြီး၏။

သဋ္ဌိနိပါတ်စကားခပြေပြီး၏။

# သတ္တတိနိပါတ်

## ၅၃၁–ကုသဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

သာသနာမပျော်ရှင် နိမိတ်ထင် နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည် အမျိုးသားတယောက်သည် သာသနာတော်၌ အသက်ကို စွန့်၍ ရဟန်းပြုသတတ်။

တနေ့သ၌ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံသွားသည်ရှိသော် တန်ဆာဆင်အပ်သော မိန်းမတယောက်ကို ခြေဆုံးခေါင်းဆုံး တကိုယ်လုံးကြည့်ရှုမိရာ အလွန် တင့်တယ်ပေစွတကားဟုယူဆကာ ကိလေသာဖြင့် အလွန် တပ်စွန်းသော စိတ်ရှိရကား သာသနာတော်၌ မပျော်မွေ့ဘဲ ငြီးငွေ့ပျင်းရိလေ၏၊ ရှည်သောဆံပင် ခြေသည်းလက်သည်းရှိ၏၊ ညစ်နွမ်းသောသင်္ကန်းကိုဝတ်၏၊ ဖက်ရွက်လျော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိ၏။

ဥပမာကား–နတ်ပြည်မှစုတေ့လိုသောနတ်တို့အား–

(၁) ပန်ဆင်သောနတ်ပန်းတို့သည် ညှိုးနွမ်းကုန်၏။
(၂) ဝတ်ဆင်သောနတ်ဝတ်တို့သည် ညစ်နွမ်းကုန်၏။
(၃) ကိုယ်၌အဆင်းမလှခြင်းသို့ ရောက်ကုန်၏။
(၄) လက်ကတီးကြားမှချွေးတို့သည်ယိုထွက်ကုန်၏။
(၅) နတ်တို့နေရာ၌ မမွေ့လျော်ကုန်။

ဤပုဗ္ဗနိမိတ် ငါးပါးတို့သည် ထင်လာကုန်၏၊ ထိုအတူ သာသနာတော်မှ ရွှေ့လျော့လိုသောရဟန်းတို့အား—

(၁) သဒ္ဓါပန်းတို့သည် ညှိုးနွမ်းကုန်၏။
(၂) သီလအဝတ်တို့သည် ညစ်နွမ်းကုန်၏။
(၃) မျက်မှောင်ကြွတ်ခြင်း, အရှိန်အစော်မရှိခြင်းဖြင့် အဆင်းမလှခြင်းသို့ ရောက်ကုန်၏။
(၄) ကိလေသာချွေးတို့သည် ယိုထွက်ကုန်၏။
(၅) ကျောင်း,သစ်ပင်ရင်း, ဆိတ်ငြိမ်ရာ၌ မမွေ့လျော်ကုန်။

ဤငါးပါးသောပုဗ္ဗနိမိတ်တို့သည် ထင်လာကုန်၏။

**ကိလေညစ်ငြမ်း ပျက်စီးလမ်း**

ထိုအခါ ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံသို့ ဆောင်ယူကြကုန်၏၊ မြတ်စွာဘုရားလည်း မေးတော်မူ၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိကြောင်းကို လျှောက်ထားလေလျှင်"ချစ်သားရဟန်း···· မိန်းမတို့ကား အလွန်ယုတ်မာကုန်၏၊ တပ်စွန်းသောစိတ်ကို ပယ်ဖျောက်လော့၊မိန်းမတို့၌ တပ်စွမ်းသောစိတ်ရှိသောကြောင့် ဘုန်းတန်ခိုးအာနုဘော်ရှိသော ရှေးပညာရှိတို့ပင် ဘုန်းတန်ခိုးအာနုဘော် အရှိန်အစော် ကင်းကုန်လျက် ပျက်စီးခြင်းသို့ ရောက်ဘူးကုန်ပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**တရားနှင့်ညီစွာ မင်းပြုရာ**

လွန်လေပြီးသောအခါ မလ္လတိုင်းကုသဝတီပြည်ဝယ် ဥက္ကာကရာဇ် မင်းကြီးသည် အဂတိတရား မလိုက်စားဘဲ

ဆယ်ပါးသော မင်းကျင့်တရားနှင့် အညီ မင်းပြုလေ၏၊ ထိုမင်းကြီးအား တသောင်းခြောက်ထောင်သော မောင်းမ တို့ အကြီးအကဲဖြစ်သော မိဖုရားကြီးကား သီလဝတီ အမည်ရှိ၏၊ အကျင့်သီလနှင့် ပြည့်စုံ၏၊ သားသမီးကား မရရှိလေ။

ထိုအခါ မြို့တော်၌နေသောသူတို့သည်၎င်း, မလ္လတိုင်း၌ နေသောသူတို့သည်၎င်း မင်းအိမ်တံခါး၌ အညီအညွတ် စည်းဝေးကုန်လျက် "အရှင်မင်းကြီး.... တိုင်းပြည်သည် ပျက်စီးလတံ့" ဟု-ကြွေးကြော်ကုန်၏။

နန်း ဆက်လိုလား ပြည်သူပြည်သား

မင်းကြီး ကြားလျှင် လေသွန်တံခါးကို ကိုဖွင့်၍ "အမောင်တို့.... ငါမင်းပြုရာ ဝယ် မတရားပြုသောအမှုမည်သည်မရှိ၊ အဘယ်ကြောင့် ကြွေးကြော်ကြသနည်း"ဟုမေး၏၊"အရှင် မင်းကြီး....မတရားပြုလုပ်သော အမှုမရှိသည်ကား မှန်ပါ ၏၊ အမျိုးအနွယ်ကို စောင့်ရှောက်မည့် သားတော်မရှိခဲ့ လျှင် အရှင်မင်းကြီးလွန်လျှင် မင်းတပါးတို့ တိုင်းပြည်ကို သိမ်းယူကာ ဖျက်ဆီးကြလိမ့်မည်၊ သို့အတွက် သားဆုကို တောင်းတော်မူပါ"ဟု လျှောက်ထားကုန်၏၊"အမောင်တို့ အဘယ်သို့တောင်းရမည်နည်း" ဟု မေး၏၊ "အရှင်မင်း ကြီး.... ခုနစ်ရက်ပတ်လုံး ရှေးဦးစွာ မောင်းမငယ်တို့ကို တရားစောင့်သော မောင်းမငယ်များပြု၍ လွှတ်တော်မူပါ၊ ထိုမောင်းမငယ်တို့အား သားကို ရပါလိမ့်မည်၊ အကယ်၍ မရပြန်လျှင် ခုနစ်ရက်ပတ်လုံး မောင်းမလတ်တို့ကို တရား

စောင့်သော မောင်းမလတ်တို့ပြု၍ လွှတ်တော်မူပါ၊ ထို့နောက် မောင်းမကြီးကို တရားစောင့်သောမောင်းမပြု၍ လွှတ်တော်မူပါ၊ ဤမျှသောမောင်းမတို့တွင်ဘုန်းကံရှိသော တယောက်ယောက် သော မောင်းမသည် မုချသားကို ရပါလိမ့်မည်''ဟု သားဆုတောင်းနည်းကို လျှောက်ထားကုန်၏။

**မောင်းမတို့မှာ ချည်းနှီးသာ**

မင်းကြီးလည်း တိုင်းသူ ပြည်သားတို့ လျှောက်ထားသောအတိုင်း ခုနစ်ရက်ပတ်လုံး ရှေးဦးစွာ မောင်းမငယ်တို့ကိုလွှတ်လိုက်၏၊ ယောက်ျားတို့သည် မိမိတို့အလိုရှိရာ မောင်းမငယ်တို့ကိုခေါ်ဆောင်၍ သွားကြကုန်၏၊ မောင်းမတို့လည်း ခုနစ်ရက်ပတ်လုံး အလိုရှိတိုင်းမွေ့လျော်ပျော်ပါး၍ ပြန်လာကြကုန်၏၊ မင်းကြီးသည် သားရကြ၏လောဟု မေးတော်မူရာ၊ မရကြောင်းလျှောက်ကြသဖြင့် နှလုံးမသာရှိတော်မူ၏၊ နောက်ခုနစ်ရက်ပတ်လုံး မောင်းမလတ်တို့ကို လွှတ်လိုက်ပြန်ပါသော်လည်း တယောက်မျှ သားမရချေ၊ အချည်းနှီးသာ ပြန်လာကြကုန်၏။

**သီလဝတီသာ ပြည့်စုံလာ**

နောက်တဖန် တိုင်းသူ ပြည်သား တို့သည် ကြွေးကြော်ကြပြန်ကုန်၏၊ ထိုအခါမင်းကြီးသည် ''အမောင်တို့.... ငါသည် သင်တို့ဆိုတိုင်း မောင်းမတို့ကိုလွှတ်အပ်ပြီ၊ သားမရချေ၊ယခု အဘယ်သို့ပြုရမည်နည်း''ဟု မေးပြန်၏၊ ''အရှင်မင်းကြီး.... မောင်းမတို့သည် သီလမရှိ ဘုန်းကံမရှိ၍သာ သားမရကြကုန်၊ကြောင့်ကြမဲ့နေတော်မမူပါလင့်၊ သီလရှိ၍

ဘုန်းကံရှိသော သီလဝတီမိဖုရားကြီးကို လွှတ်တော်မူပါ၊ မုချ ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသော သားကောင်းသားမြတ်ကို ရပါလိမ့်မည်’’ဟု လျှောက်ကြပြန်ကုန်၏၊ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံတော်မူလိုက်၏။

**မိဖုရားပါရမီ သိကြားကူညီ**

နောက်တဖန် မင်းကြီးသည် ဤနေ့မှ ခုနစ်ရက်မြောက်နေ့၌ သီလဝတီ မိဖုရားကြီးကို သားဆုတောင်းရန် လွှတ်လိမ့်မည်၊ ယောကျ်ားတို့ အသင့်စည်းဝေး၍ နေကြကုန်လော့ဟု မြို့အလုံး၌ စည်လည်စေ၏၊ ခုနစ်ရက်မြောက်နေ့၌ သီလဝတီမိဖုရားကြီးကို တန်ဆာဆင်၍ လွှတ်လိုက်၏။

ထိုအခိုက် မိဖုရားကြီး၏ သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် ပူသောအခြင်းအရာကိုပြလေ၏၊ သိကြားမင်းလည်း ဆင်ခြင်လတ်သော် သီလဝတီမိဖုရားကြီး သားဆုတောင်းခြင်းကိုသိလျှင် ငါသည် သားဆုကိုပေးမည်ဟု အလောင်းတော်နတ်သားထံသွား၍ တောင်းပန်၍ ခွင့်ရလျှင် အခြားနတ်သားတယောက်ကိုလည်း တောင်းပန်ပြီးလျှင် ပုဏ္ဏားအိုဟန်ဆောင်ကာ မင်းအိမ်တံခါးသို့သွားလေ၏။

**သူအိုယောင်ဖန်ဆင်း သိကြားမင်း**

လူတို့လည်း ရေချိုး၍ တန်ဆာဆင်ကုန်ပြီးလျှင် မိဖုရားကြီးကို ငါအရယူမည်၊ မိဖုရားကြီးကိုငါအရယူမည်ဟု အားခဲကာ သူ့ထက်ငါသွား၍ မင်းအိမ်တံခါး၌ စည်းဝေးကြကုန်၏။

လူတို့လည်း ပုဏ္ဏားအိုကိုမြင်လျှင် "သက်ကြီးအို…. သင်ကား အဘယ်ကြောင့်လာသနည်း"ဟု ပြက်ရယ်ပြုကြကုန်၏၊ "အမောင်တို့…. ငါ့မှာ လူကားအိုပေ၏၊ ရာဂကား မအိုသေးပေ၊ သီလဝတီမိဖုရားကြီးကို အကယ်၍ရပါအံ့ ယူ၍သွားမည်ဟုလာခဲ့သည်"ဟု ပြောဆိုကာ မိမိ၏အာနုဘော်ဖြင့် အလုံးစုံသောလူတို့ရှေ့မှ ရပ်လင့်၏၊တပါးသောသူတို့သည် ပုဏ္ဏားအိုရှေ့မှ မရပ်နိုင်ကုန်။

**ပုဏ္ဏားအိုပမာ မိဖုရားခေါ်ကာ**

ထိုအခိုက် မိဖုရားကြီးလည်း နန်းတော်တံခါးမှထွက်၍လာ၏၊ ပုဏ္ဏားအိုသည် လက်ကိုဆွဲကာ ဆောင်ယူ၍သွားလေ၏၊ လူတို့လည်း ငေးမောလျက်သာနေရကုန်၏၊ "အချင်းတို့…. ပုဏ္ဏားအိုကိုကြည့်ရှုပါကုန်၊ မိမိနှင့် လျောက်ပတ်သည် မလျောက်ပတ်သည်ကိုမသိ၊ မိဖုရားကြီးကို ယူ၍သွားဘိ၏"ဟု ကဲ့ရဲ့ကြကုန်၏၊ မိဖုရားကြီးလည်း ငါ့ကို ပုဏ္ဏားအိုယူ၍ သွားဘိသည်ဟု စိတ်လည်းမဆင်းရဲ၊ ရှုံ့လည်းမရှုံ့ရှာလေ၊ မင်းကြီးလည်း လေသွန်တံခါးမှကြည့်၍နေရာ ပုဏ္ဏားအိုယူသွားသည်ကိုမြင်လျှင် နှလုံးမသာယာခြင်း ဖြစ်လေ၏။

**သိကြားဆောင်ကာ တာဝတိံသာ**

သိကြားမင်းလည်း မိဖုရားကြီးကိုယူ၍ မြို့တံခါးမှ ထွက်ပြီးလျှင် ပျဉ်အခင်းရှိသော အိမ်ငယ် တဆောင်ကို ဖန်ဆင်း၏၊ ထိုအခါ မိဖုရားကြီးသည် "အရှင်…. ဤအိမ်ကား အရှင့်အိမ်လော" ဟု မေး၏၊ "ရှင်မိဖုရား….ဟုတ်ပါ၏၊ ရှေးအခါ ငါတယောက်ထည်းသာ၊ ယခုအခါ နှစ်

ယောက်ဖြစ်ခဲ့ပြီ၊ ငါဆွမ်းဆန်ခံသွားမည်၊ ဤပျဉ်ချပ်ပေါ်မှာ အိပ်နှင့်လော့”ဟု ဆို၍ နူးညံ့သောလက်ဖြင့် သုံးသပ်ကာ နတ်၏အတွေ့ဖြင့်အိပ်ခစေ၏၊ မိဖုရားကြီးလည်း နတ်၏အတွေ့ဖြင့် မိန်းမော၍သွားလေ၏၊ ထိုအခါ သိကြားမင်းသည် မိဖုရားကြီးကို တာဝတိံသာသို့ ဆောင်ယူကာ တန်ဆာဆင်အပ်သော ဗိမာန်ဝယ် နတ်တို့အိပ်ရာ၌အိပ်စေ၏။

**မိဖုရားအလိုကျ သားဆုရ**

မိဖုရားကြီးလည်း ခုနစ်ရက် မြောက်နေ့၌ အိပ်ရာမှနိုး၍ စည်းစိမ် ချမ်းသာ၏ ပြည့်စုံခြင်းကို မြင်ရလျှင် ဤပုဏ္ဏားအိုကား လူမဟုတ်၊ နတ်ဖြစ်ရာ၏ဟု သိလေ၏၊ ထိုအခါ သိကြားမင်းသည် ပင်လယ်ကသစ်ပင်ရင်း၌ နတ်သမီးကခြေသည့် အပေါင်း ခြံရံလျက်နေ၏၊ သီလဝတီ မိဖုရားကြီးလည်း အိပ်ရာမှထ၍ သိကြားမင်းထံသွားကာ ရှိခိုးလျက်နေ၏၊ သိကြားမင်းသည် “အရှင်မိဖုရား···· ငါဆုပေးမည် ယူလော့”ဟု ပေး၏၊ “အရှင် သိကြားမင်း···· သားဆုကို ပေးတော်မူပါ” ဟု တောင်း၏၊ “အရှင်မိဖုရား···· တယောက်ကိုထားဘိ၊ သားနှစ်ယောက် ပေးမည်၊ တယောက်ကား အလွန်ပညာရှိ၏၊ ရုပ်အဆင်းမလှ၊ တယောက်ကား ရုပ်အဆင်း အလွန်လှ၏၊ ပညာကား မရှိ” ဟု ပြော၏၊ “အရှင်သိကြားမင်း···· ပညာရှိသော သားကို အလိုရှိပါ၏”ဟု လျှောက်၏။

**လက်တော်နှင့်ရစ် သားဆုဖြစ်**

သိကြားမင်းလည်း ကောင်းပြီ ဝန်ခံ၍ သမန်းမြက်, နတ်ပုဆိုး, နတ်စန္ဒကူး နံ့သာ၊ ကောကနုဒစောင်းတို့ကို သက်

သေအဖြစ်ဖြင့် ပေးပြီးလျှင် မိဖုရားကြီးကိုယူ၍ ဥက္ကာကရာဇ်မင်းကြီး၏ အိပ်ရာကြက်သရေခန်းတွင် မင်းကြီးနှင့် တအိပ်ရာထည်းအိပ်စေလျက် မိဖုရားကြီး၏ချက်ကို လက်မဖြင့် သုံးသပ်၏၊ ထိုခဏ၌ အလောင်းတော် နတ်သားသည် မိဖုရားဝမ်း၌ ပဋိသန္ဓေနေလေ၏၊ သိကြားမင်းလည်း မိမိနေရာ တာဝတိံသာသို့ပြန်လေ၏။

**သိကြားသားရ သက်သေပြ**

မိဖုရားကြီးလည်း အိပ်ရာမှနိုးလျှင် မင်းကြီးမြင်၍ "အရှင်မိဖုရားကြီး.... သင့်ကို အဘယ်သူယူဆောင်သွားသနည်း" ဟု မေး၏၊ "အရှင်မင်းကြီး.... သိကြားမင်း ယူဆောင်သွားပါ၏"ဟု လျှောက်ထား၏၊ "အရှင်မိဖုရား..ပုဏ္ဏားအိုကြီးယူဆောင်သွားသည်ကို ငါကိုယ်တိုင် မြင်ပါလျက် အဘယ်ကြောင့် လှည့်စားသနည်း၊ ငါမယုံကြည်"ဟု ပြောသောအခါ "ယုံတော်မူလော့၊ သိကြားမင်း နတ်ပြည်သို့ ဆောင်သွားပါသည်" ဟုလျှောက်ပြန်၏၊ "မယုံကြည်"ဟု မိန့်တော်မူ၏၊ထိုအခါ မိဖုရားသည် မင်းကြီးအား သိကြားမင်းပေးလိုက်သော သမန်းမြက်ကိုပြလေ၏၊ သမန်းမြက်ကား ဘယ်နေရာမှာမဆို ရနိုင်သည်ဆို၍ မယုံကြည်လေ၊ နတ်ပုဆိုးကိုပြပြန်၏၊ဥက္ကာကရာဇ်မင်းကြီးသည်ယုံတော်မူ၍ သားရပြီလောဟု မေးလေ၏၊ ရပြီ ယခုကိုယ်ဝန်တည်ပြီဟု လျှောက်ထား၏။

**ဘုန်းပညာရှိခြား ကုသမင်းသား**

မင်းကြီးလည်း အလွန် နှစ်သက်တော်မူသဖြင့် ကိုယ်ဝန် အစောင့် အရှောက်ကိုပေးလေ၏၊ ဆယ်လလွန်၍ သား

ယောက်ျားဘွားမြင်၏၊ သမန်းမြက်ကို အစွဲပြု၍ ကုသသတို့သား ဟု အမည်မှည့်ကုန်၏၊ ကုသသတို့သား ခြေဖြင့်သွားနိုင်သောအခါ မိဖုရားကြီးသည် သားတယောက်ဘွားမြင်ပြန်၏၊ ထိုသတိုးသားအား ဇယပတိ သတို့သားဟု အမည်မှည့်ကုန်၏၊ထိုမင်းသားညီနောင်နှစ်ပါးတို့သည်များစွာသော အခြံ အရံဖြင့် ကြီးပြင်းကုန်၏၊ နောင်တော်ကုသမင်းသားသည် ဆရာထံ၌ တစုံတခုသောအတတ်ပညာကိုမသင်ကြားဘဲ မိမိ အလိုလို တတ်မြောက်၏၊ အလွန်ပညာရှိ၏။

**သား၏အလိုစွမ်း မယ်တော်စုံစမ်း**

တဆယ့် ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ခမည်းတော် ဥက္ကာကရာဇမင်းကြီးသည်သားတော်ကုသမင်းသားအဘိသိက်သွန်း၍ မင်းမြောက်မည် ကြံစည်ပြီးလျှင် မိဖုရားကြီးကိုခေါ်၍ တိုင်ပင်တော်မူပါ၏၊ "အရှင်မိဖုရား.... ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ငါ့သားတော် အလိုရှိသော မင်းသမီးကို မိဖုရားကြီး ပြုစေမည်၊ သားတော်၏ အလိုကိုသိရအောင်စုံစမ်းလော့"အမိန့်ပေး၏၊ မယ်တော် မိဖုရားကြီးလည်း အလုပ်အကျွေးမိန်းမငယ် တယောက်ကိုခေါ်၍ငါ့သားတော် အလိုကို သိအောင် ပြုလော့ဟု မှာထား၍သားတော်ကို အကြောင်းကြားစေရန် လွှတ်လိုက်၏။

**ထီးနန်းမလိုလား သားပြောကြား**

အလုပ်အကျွေး မိန်းမငယ်လည်း ကုသမင်းထံသွား၍ မိဖုရားကြီး မှာလိုက်သော အကြောင်းကို လျှောက်ထားလေ၏၊ ကုသမင်းသားသည် ထိုစကားကို ကြားလျှင်

ငါကား ရုပ်အဆင်းမလှ၊ ရုပ်အဆင်းနှင့်ပြည့်စုံသောမင်း သမီးကို ဆောင်ယူစေသော်လည်း ငါ့ကိုမြင်ရလျှင် ဤမင်း သားဖြင့် အဘယ်အကျိုးရှိအံ့နည်း ဟု ထွက်ပြေးလတံ့၊ ထိုအခါ ငါ့မှာအရှက်ကွဲရလတံ့၊ သို့အတွက် ငါအိမ်ရာ မထောင်လို၊ မယ်တော် ခမည်းတော်တို့ထင်ရှားရှိစဉ် လုပ် ကျွေးမွေးမြူ၍ နတ်ရွာစံကြသောအခါတောထွက်၍ ရဟန်း ပြုတော့မည်ဟု ကြံစည်ပြီးလျှင်-အလုပ်အကျွေး မိန်းမငယ် အား "ငါသည် မင်းအဖြစ်ကိုလည်းအလိုမရှိ၊အိမ်ထောင် လည်းမပြုလို၊ မယ်တော် ခမည်းတော်တို့ နတ်ရွာစံသော အခါ တောထွက်၍ ရဟန်းပြုမည်"ဟု မှာတော်မူလိုက်၏။

**မိဘချမ်းသာမှု ဥပါယ်ပြု**

အလုပ်အကျွေး မိန်းမငယ်လည်း မှာ တော်မူတိုင်း မိဖုရားကြီးကို လျှောက် ထား၏၊ မိဖုရားကြီးလည်း ကြားရ သောအတိုင်း မင်းကြီးကို လျှောက်ထား၏၊ မင်းကြီးလည်း ထိုအကြောင်းကို သိလျှင် နှလုံးမသာရှိလေ၏။

ဥက္ကာကရာဇ်မင်းကြီးသည် နှစ်ရက် သုံးရက်လွန်လျှင် တဖန် သားတော်ထံ သတင်းစကားပေးပို့စေပြန်၏၊ သား တော်လည်း ပယ်ပြန်၏၊ ဤသို့ သုံးကြိမ်တိုင်အောင်ပယ် တော်မူ၏၊ လေးကြိမ်မြောက်၌ကား- ငါသည် မယ်တော် ခမည်းတော်တို့နှင့်ဆန့်ကျင်ဘက်ဖြစ်ရန် မသင့်လျော်၊ တခု သော ဥပါယ်တမျဉ်ကို ပြုမှတော်ခည် ဟု ကြံစည်ကာ ရွှေပန်းထိမ်သည်ကြီးကို ခေါ်၍ ရွှေကိုပေးပြီးလျှင် လှပ သော မိန်းမရုပ်ကို ပြုစေ၏၊ ရွှေပန်းထိမ်သည်ကြီးလည်း မိန်းမငယ်ရုပ်ကို ပြုလုပ်၏၊ ကုသမင်းသားသည် ရွှေဖြင့်

မိန်းမငယ်ရုပ်ကို ကိုယ်တိုင်လည်းပြုလုပ်တော်မူ၍၊ ရွှေရုပ်၏ အဆင်းသည် အသက်ရှင်သော မိန်းမများမမှီနိုင်၊ ခေါမတိုင်းဖြစ်အဝတ်ကို ဝတ်ဆင်လျက် ကြက်သရေခန်းတွင်း၌ထား၏။

**ရွှေရုပ်ထုပြ လိုတော်ကျ**

ရွှေပန်းထိမ်သည်ကြီးသည် ရွှေရုပ်ပြီးလျှင် မင်းသားထံဆက်သလာ၏၊ မင်းသားမြင်လျှင် ကဲ့ရဲ့တော်မူ၍ မိမိကိုယ်တိုင်ပြုလုပ်ထားသောရွှေရုပ်ကို တိုက်ခန်းတွင်း၌ ယူစေ၏၊ ရွှေပန်းထိမ်သည်ကြီးသွား၍ယူရာ ရွှေရုပ်ကိုမြင်လျှင် အရှင့်သားနှင့်မွေ့လျော်ရန် နတ်သမီးတယောက်လာနေသည် မှတ်ထင်သဖြင့် မကိုင်ဝံ့ဘဲထွက်ခဲ့၍ "အရှင့်သား···· တိုက်ခန်းတွင်း၌ နတ်သမီးတယောက်ရှိပါ၏၊ အနားမကပ်ဝံ့ပါ" ဟု ပြော၏၊ "အမောင်····နတ်သမီးမဟုတ်၊ရွှေရုပ်ဖြစ်သည်၊ ဆောင်ယူချေဦးလော့" ဟု ခိုင်းပြန်၏၊ ရွှေပန်းထိမ်သည်ကြီးလည်း ဆောင်ယူခဲ့၏၊ ကုသမင်းသားလည်း ရွှေပန်းထိမ်သည်ကြီးပြုလုပ်သောရွှေရုပ်ကို တိုက်ခန်းတွင်း၌ထားစေ၍ မိမိပြုလုပ်သောရွှေရုပ်ကို တန်ဆာဆင်ကာ ယာဉ်၌တင်စေလျက် မယ်တော်ထံပို့စေ၍ "ဤရွှေရုပ်နှင့်တူသော မင်းသမီးကို ရလျှင်ယူမည်" ဟု လျှောက်ထားစေ၏။

**အမတ်တို့ခေါ်လျက် မယ်တော်စေချက်**

မယ်တော်မိဖုရားကြီးသည် အမတ်တို့ကိုခေါ်၍ "အမောင်တို့···· ငါ့သားတော်ကား ပညာကြီးလှ၏၊ သိကြွားမင်းပေးသော သားဖြစ်၏၊ လျှောက်ပတ်သော မင်းသမီးကို မုချရပေလတံ့၊ အမောင်တို့သည် ဤရွှေရုပ်ကို ဖုံး

လွှမ်းအပ်သော ယာဉ်၌တင်၍ ဇမ္ဗူဒိပ်ကျွန်း၌လှည့်လည်ကြပါကုန်၊ ဤရွှေနှင့်တူသော မင်းသမီးကို တွေ့လျှင် ဤရွှေရုပ်ကိုပေး၍ အကျွန်ုပ် အရှင်ဥက္ကာကရာဇ်မင်းကြီးသည် အရှင်မင်းကြီးတို့နှင့် ထိမ်းမြားလက်ထပ်ကာ ရွှေလမ်း ငွေလမ်းဖောက်ပါလိမ့်မည် ဟု နေ့ရက်ချိန်းပြီးလျှင် ပြန်ခဲ့ကြလော” ဟု မှာထားကာ လွှတ်လိုက်၏။

**ရွှေရုပ်ဆောင်ကာ လှည့်လည်ရာ**

အမတ်တို့လည်း မိဖုရားကြီးအမိန့်အတိုင်း ရွှေရုပ်ကို ယူဆောင်ကာ များစွာသောအခြံအရံဖြင့် လှည့်လည်သည်ရှိသော် ရောက်ရာရောက်ရာ မင်းနေပြည်တော်တို့၌ ညနေချမ်းအခါ လူစည်ကားရာလမ်းဝယ် ရွှေရုပ်ကို တန်ဆာဆင်၍ ရွှေထမ်းစင်၌ထားကြပြီးလျှင် ဘဲသွားကုန်၍ လာတိုင်းလာတိုင်းသော လူတို့စကားကို နားထောင်ရန် သင့်တင့်လျောက်ပတ်ရာအရပ်၌ နေကြကုန်၏။

လူတို့သည်လာကြ၍ ရွှေရုပ်ကိုမြင်လျှင် ရွှေရုပ်မထင်ကြဘဲ ဤသူကား လူမိန်းမဖြစ်လျက် နတ်သမီးနှင့် တူပေ၏၊ အဘယ်ကြောင့် ဤအရပ်၌နေလာသနည်း၊အဘယ်အရပ်မှလာခဲ့သနည်း၊ ငါတို့ပြည်ဝယ် ဤကဲ့သို့သော မိန်းမမရှိဟု ချီးမွမ်းအံ့သြ၍ သွားကြကုန်၏။

**သာဂလမြို့တော် ရောက်ကြသော်**

အမတ်တို့သည် ထိုသူတို့၏ စကားကို ကြားလျှင် ဤပြည်၌ ဤကဲ့သို့သော သတို့သမီး အကယ်၍ရှိငြားအံ့၊ ဤမည်သော မင်းသမီးနှင့်တူ၏၊ ဤမည်သောအမတ်သမီးနှင့်တူ၏

ဟု ပြောဆိုကြရာ၏၊ မဥ္စွတ်လျှင် ဤပြည်၌ ဤရွှေရုပ်နှင့် တူသော သတို့သမီးမရှိဟု ရွှေရုပ်ကိုယူကာ အခြားပြည်သို့ သွားကြပြန်ကုန်၏။

ဤသို့လျှင် အမတ်တို့သည် အစဉ်အတိုင်းသွားကြသည် ရှိသော် မဒ္ဒရာဇ်တိုင်း သာဂလမြို့တော်သို့ ရောက်ကြလျှင် ရေးနည်းတူ ရွှေရုပ်ကို ရွှေထမ်းစင်၌တင်၍ ခရီးလမ်း၌ ချထားကာ သင့်တော်ရာ အရပ်က စံနည်းနာ၍ နေကုန်၏။

**မဒ္ဒရာဇ်သမီးတော် ခေါင်းဆေးလျှော်**

ထို မဒ္ဒရာဇ်တိုင်း သာဂလမြို့၌ကား မဒ္ဒရာဇ်မင်းကြီးအား သမီးတော်တို့သည်ရှစ်ယောက်ရှိကုန်၏၊ မြတ်သော အဆင်းကို ဆောင်ကုန်၏၊ နတ်သမီးနှင့် တူကုန်၏၊ ထို ရှစ်ယောက်တို့တွင် အကြီးဆုံးကား ပဘာဝတီ အမည်ရှိ၏၊ တက်သစ်စနေလုလင်ကဲ့သို့ ပြိုးပြိုးပြက် အရောင်ထွက်၏၊ ကိုယ်ရောင်သည် လေးတောင်ရှိတိုက်ခန်း၌ မီးမထွန်းရကဲ လင်း၏၊ အထိန်းတော်ကြီးကား ခုဇ္ဇာမည်၏၊ထိုခုဇ္ဇာသည် ပဘာဝတီမင်းသမီးကို ထမင်းစားစေပြီးလျှင် ခေါင်းလျှော် ရေချိုးစေမည်ဟု ညချမ်းအခါ အဆင်းလှသော ကျွန်မရှစ်ယောက်တို့ကို ရေအိုးရှစ်လုံးကို ယူစေ၍ ရေခပ်အံ့သော ငှါ ရေဆိပ်သို့ သွားကြကုန်၏။

**ရွှေရုပ်ကိုပင် သခင်မထင်**

ခုဇ္ဇာသည် လမ်းခရီး၌ ရွှေရုပ်ကို မြင်လျှင် ပဘာဝတီ အမှတ်ဖြင့် "အဆုံးမခက်သော သူငယ်မ…သင်သည် ခေါင်းလျှော်၍ ရေချိုးမည်ဟု ငါတို့ကို ရေခပ် လွှတ်လိုက်၏၊ သင်ကား ရှေးဦးစွာလာ၍ ရေဆိပ်၌ နေလင့်"၏ဟု ပြော

ဆိုကာ လက်ဝါးဖြင့် ရိုက်ပုတ်လိုက်၏၊ လက်ဝါးပြင်ကား ကွဲအံ့ကဲ့သို့ နာကျင်လေ၏၊ ထိုနောက်မှ ရွှေရုပ်မှန်းသိ၍ ရယ်လျက် ကျွန်မတို့ထံသွားပြီးလျှင်“အချင်းတို့····ငါ့အမှုကိုကြည့်ကြပါကုန်၊ ရွှေရုပ်ကို ငါ့သမီးမှတ်၍ ရိုက်ပုတ်မိ၏၊ ဤရွှေရုပ်ကား အဘယ်မှာ ငါ့သမီးလောက် လှမည်နည်း၊ ငါ့မှာသက်သက်လက်ဝါးနာကျင်ရသည်”ဟု ပြောလေ၏။

**တမန်အမတ်တို့ ပဏ္ဏာပို့**

ထိုအခါ ဥက္ကာကရာဇ် မင်း၏ တမန်တော် အမတ်တို့သည် ခုဇ္ဇာ၏ အခြင်းအရာကိုမြင်ရ၍ပြောဆိုသောစကားကို ကြားရလျှင် ခုဇ္ဇာ၏လက်ကို ဆွဲလျက်၊ “အမိ····သင်သည် ငါ့သမီးသည် ဤရွှေရုပ် ထက်လှသည် ဟု ပြောဆိုဘိ၏၊ အဘယ်သူ၏ သမီးနည်း”ဟု မေး၏၊“မဒ္ဒရာဇ် မင်းကြီး၏ သမီးတော် ပဘာဝတီဖြစ်သည်၊ ပဘာဝတီကို ဤရွှေရုပ် သည် ဆယ့်ခြောက်စိတ် စိတ်၍ တစိတ်မျှမမှီပါ”ဟု ပြောလေ၏၊ ထိုစကားကို ကြားရလျှင် တမန်တော် အမတ်တို့ သည် အလွန် ဝမ်းမြောက် သည်ဖြစ်၍ မဒ္ဒရာဇ်မင်းကြီးထံ ဝင်၍ ခစားကုန်လျက် ပဏ္ဏာလက်ဆောင်တို့ကို ဆက်သကြကုန်၏။

**သမီးလက်ထပ်ခြင်း ရွှေလမ်းခင်း**

မဒ္ဒရာဇ် မင်းကြီးလည်း တမန်တော် အမတ်တို့နှင့် နှုတ်ခွန်း ဆက်သကာပျူငှါလောကွတ်ပြုပြီးလျှင်“အမောင်တို့··ဘယ်အကျိုးငှါ လာကြ သနည်း”ဟု မေး၏၊ “အရှင်မင်းကြီး···· အကျွန်ုပ်တို့မင်းကြီး၌ ခြင်္သေ့မင်းအသံကဲ့သို့ အသံရှိသော ကုသမည်သော သားတော်တပါးရှိပါ၏၊ ထို

သားတော်ကို ထီးနန်းအပ်နှင်း၍ မင်းမြှောက်လိုသဖြင့် အရှင်မင်းကြီး၏ သမီးတော် ပဘာဝတီကို ကုသမင်းသားနှင့် လက်ထပ်၍ နှစ်ပြည်တပြည် ရွှေလမ်း ငွေလမ်း ဖေါက်ရန် လွှတ်လိုက်၍ လာခဲ့ရပါသည်" ဟု လျှောက်ထားကာ ရွှေရုပ်ကို လက်ဆောင်တော်အဖြစ် ဆက်သကုန်၏။

**မင်္ဂလာပွဲ နေ့ရက်ခွဲ**

မဒ္ဒရာဇ် မင်းကြီးလည်း ဤကဲ့သို့သော မင်းမြတ်၏ သားတော်နှင့် သမီးတော်ပေး၍ ထိမ်းမြားလက်ထပ်ရခြင်းသည် အလွန်ကောင်းမြတ်လှ၏ဟုဝမ်းမြောက်ဝမ်းသာ "ကောင်းပြီ၊ထိမ်းမြားလက်ထပ်မည်"ဟု ဝန်ခံတော်မူလိုက်၏၊ထိုအခါ အမတ်တို့သည် "အရှင်မင်းကြီး.... အကျွန်ုပ်တို့ ကြာမြင့်စွာမနေနိုင်ပါ၊ ဥက္ကာကရာဇ် မင်းကြီးထံပြန်၍ သမီးတော်ရကြောင်း လျှောက်ထားပါဦးမည်၊ မင်းကြီးကိုယ်တိုင်ကြွလာ၍ သမီးတော်ကို ယူပါလိမ့်မည် ဟု လက်ထပ်မည့်နေ့ရက်ကို ချိန်းချက်တော်မူပါ" ဟု လျှောက်ထားခွင့်ပန်ပြီးလျှင် မိမိတို့တိုင်းပြည်သို့ပြန်ကုန်၏၊ မဒ္ဒရာဇ်မင်းကြီးလည်း နေ့ရက်ကို ချိန်းချက်၍ တမန်အမတ်တို့အား ပေးကမ်းဘွယ်တို့ကို ပေးကမ်း၍ လွှတ်လိုက်၏။

**သမီးတော်ရပြန် လျှောက်ထားရန်**

တမန်အမတ်တို့လည်းပြန်ခဲ့၍ ဥက္ကာကရာဇ် မင်းကြီးအား၎င်း, သီလဝတီ မိဖုရားကြီးအား၎င်း ရွှေရုပ်ထက်လှသော မင်းသမီးကို ရခဲ့ကြောင်းကို စုံလင်စွာလျှောက်ထားကုန်၏၊ မင်းကြီးနှင့်မိဖုရားကြီးတို့လည်း အလွန်ဝမ်းမြောက်ကြလျက် စစ်သည်ဗိုလ်ပါ အခြံအရံများစွာဖြင့်

မင်းသမီးကို ဆောင်ယူရန်တိုင်းပြည်မှထွက်ကုန်၏၊ အစဉ်သဖြင့် သာဂလမြို့တော်သို့ရောက်လျှင် မဒ္ဒရာဇ်မင်းကြီးလည်း အခြံအရံများစွာဖြင့် မြို့တော်မှထွက်၍ ခရီးဦးကြိုဆိုပြီးလျှင် မြို့တော်သို့ဝင်စေ၍ နေရာချထားကာ ပူဇော်သက္ကာရကို ပြုတော်မူ၏။

သီလဝတီ မိဖုရားကြီးလည်း ပညာရှိသည့် အဖြစ်ကြောင့် အသို့ဖြစ်မည်ကို မည်သူသိနိုင်မည်နည်း၊ နှလုံးသွင်း၍ တရက်နှစ်ရက်လွန်လျှင် မဒ္ဒရာဇ်မင်းကြီးအား အကျွန်ုပ်ချွေးမတော်မင်းသမီးကို မြင်လိုသည် ဟု လျှောက်ထား၏၊ မဒ္ဒရာဇ်မင်းကြီးလည်း သမီးတော် ပဘာဝတီကို ခေါ်စေ၏၊ ပဘာဝတီလည်း တန်ဆာဆင်၍ အခြံအရံနှင့်တကွ သီလဝတီမိဖုရားကြီးထံလာ၍ ရှိခိုးခစားကာနေ၏။

**အကြောင်းသင့်မှု ဥပါယ်ပြု**

ထိုအခါ သီလဝတီ မိဖုရားကြီးသည် ပဘာဝတီကို မြင်လျှင် ဤသတို့သမီးကား အလွန်အဆင်းလှ၏၊ ငါ့သားတော်ကား အလွန်အရုပ်ဆိုး၏၊ မြင်ရလျှင် တရက်မျှနေမည်မဟုတ်၊ ဥပါယ်တမျဉ်ဖြင့်ပြုမည် ဟု ကြံစည်ပြီးလျှင် မဒ္ဒရာဇ်မင်းကြီးအား "အရှင်မင်းကြီး.... ချွေးမတော်ကား အကျွန်ုပ်သားတော်နှင့် အလွန်သင့်တော်မူပါ၏၊ သို့ငြားလည်း အကျွန်ုပ်တို့အမျိုးအစဉ်အဆက်မှလာသော အကျင့်ရှိပါ၏၊ ကိုယ်ဝန်ရသည်တိုင်အောင် လင်၏မျက်နှာကို လုံးလုံးမမြင်ရပါ၊ ထိုအကျင့်ကို အကယ်၍လိုက်နိုင်ပါအံ့၊ သတို့သမီးကို ဆောင်ယူပါမည်" ဟု လျှောက်ထား၏၊ မဒ္ဒရာဇ်မင်းကြီးသည် သမီးတော်ကို "လိုက်နိုင်

မည်လော'' ဟု မေးရာ လိုက်နိုင်ကြောင်းကို လျှောက်ထား၏။

**ပြည်တော်ပြန်ရောက် ဘိသိက်မြှောက်**

ထိုနောက် ဥက္ကာကရာဇ် မင်းကြီးသည် မဒ္ဒရာဇ်မင်းကြီးအားများစွာသောဥစ္စာ ဘဏ္ဍာတို့ကို ပေးပြီးလျှင် ပဘာဝတီ မင်းသမီးကိုဆောင်ယူ၍ ကုသဝတီနေပြည်တော်သို့ပြန်လေ၏၊ မဒ္ဒရာဇ်မင်းကြီးလည်း များစွာသော အခြံအရံနှင့်တကွ သမီးတော် ပဘာဝတီကို ပေးလိုက်၏၊ဥက္ကာကရာဇ်မင်းကြီးလည်း နေပြည်တော်သို့ ရောက်လျှင် မြို့တော်ကို တန်ဆာဆင်စေ၍ ကုသမင်းသားအား အဘိသိက်သွန်းကာ ထီးနန်းကိုအပ်နှင်းတော်မူ၏၊ ပဘာဝတီမင်းသမီးအားလည်း အဘိသိက်သွန်းကာ မိဖုရားကြီးရာထူးကို အပ်နှင်းတော်မူ၏၊ ဇမ္ဗူဒိပ်ကျွန်းဝယ် သမီးရှိသောမင်းတို့သည် သမီးကို ကုသမင်းအား ဆက်သကုန်၏၊ သားရှိသောမင်းတို့သည်လည်း အခြွေအရံပြုရန် သားကိုဆက်သကုန်၏၊ ကုသမင်းအား အခြံအရံစည်းစိမ်သည်အလွန်များ၏၊ တရားသဖြင့် မင်းပြုတော်မူ၏။

ကုသမင်းနှင့်ပဘာဝတီမိဖုရားတို့သည် နေ့အခါ အချင်းချင်းတွေ့မြင်ခွင့်မရကုန်၊ ညအခါ၌သာ တွေ့မြင်ရကုန်၏၊ ညအခါရောက်လျှင် ပဘာဝတီ၏ကိုယ်ရောင်သည် မထင်ရှားလေ၊ကုသမင်းလည်း မိုးမလင်းမီပင် ကြက်း ၊ရေတိုက်ခန်းမှ ထွက်ခဲ့ရ၏။

**ပဘာမြင်ရန် ကုသမင်းကြံ**

နှစ်ရက် သုံးရက်လွန်လျှင် ကုသမင်းသည် နေ့အခါ ပဘာဝတီကိုမြင်လိုကြောင်း မယ်တော်အားလျှောက်ထား

၏၊ မယ်တော်လည်း-"ချစ်သား....သားတယောက်ရသည့် တိုင်အောင် နေ့အခါ ပဘာဝတီကို မမြင်လိုနှင့် ဆိုင်းငံ့ဦး" ဟု ပြော၍ ပယ်တော်မူ၏၊ ကုသမင်းလည်း မြင်လိုကြောင်း အဖန်ဖန်ပူဆာ၏၊ထိုအခါ မယ်တော်သည်-"ချစ်သား.... သင်သည်လောက်မြင်လိုလျှင် ဆင်တင်းကုပ်မှာ ဆင်ထိန်း ဟန်ပြု၍နေလင့်၊ငါတို့သားအမိ ဆင်တင်းကုပ်သို့ မယောင် မလည်လာမည်၊ ထိုအခါ မျက်စိတွင်ပြည့်နေအောင်ကြည့် လိုက်၊ လင်ဖြစ်မှန်းလည်းမသိစေလင့်၊သတိကြပ်ကြပ်ထား ဟု မှာ၍လွှတ်လိုက်၏။

ကုသမင်းမြင်ငြား ပြောင်၍ကစား

ကုသမင်းလည်း ဝမ်းမြောက်ဝမ်းသာ ဆင်တင်းကုပ်သို့ သွားကာ ဆင်ထိန်း ဟန်ဆောင်၍ တနေရာမှာ နေလင့်၏၊ မယ်တော်လည်း ပဘာဝတီကို ချစ်သမီး သင့်လင်၏ဆင် တော်တို့ကို သွား၍ကြည့်ရအောင် ဟု ဖျောင်းဖျကာ ဆင် တင်းကုပ်သို့ခေါ်သွားပြီးလျှင် ဟိုဟိုသည်သည်ကြည့်ရှု၍ ဤဆင်ကား ဤမည်သောဆင်ဖြစ်သည်၊ ဤဆင်ကား ဤ မည်သောဆင်ဖြစ်သည်ဟု ပြသပြောဆိုလျက်နေ၏၊ ကုသ မင်းမြင်လျှင် မချင့်မရဲဖြစ်ကာ ပဘာဝတီကျောကို ဆင်ချေး တုံးဖြင့်ပစ်လေ၏၊ပဘာဝတီသည် အမျက်ထွက်၍ကုသမင်း ကြီးကို လျှောက်တင်၍ သင့်လက်ကို ဖြတ်စေမည်ဟုပြော ဆိုကာ မယ်တော်ကြီးကို ဆုပ်နယ်စေ၏၊ မယ်တော်ကြီး လည်း ချော့မော့ကာ ဆုပ်နယ်၍ပေး၏။

နောက်တဖန် မြင်လို ပြန်သဖြင့် မယ်တော် ကြီးကို လျှောက်ထား၍ ခွင့်ရသောအခါ မြင်းတင်းကုပ်သို့ သွား၍

မြင်းထိန်းအသွင်ဖြင့် နေလင့်ပြန်၏၊ မယ်တော်ကြီးနှင့် ပဘာဝတီတို့ မြင်းတင်းကုပ်သို့လာပြန်ရာ၊ ပဘာဝတီ၏ ကျောကို မြင်းချေးတုံးဖြင့်ပစ်ပြန်၏၊ ထိုအခါလည်းအမျက် ထွက်၍ မယ်တော်ကြီးကို တိုင်ကြားလေ၏။

**အရှင်မင်းမြင်လို သမီးတော်ဆို**

တနေ့သ၌ပဘာဝတီသည် ချစ်လင်ကုသ မင်းကို မြင်လိုလှသည်ဟုမယ်တော်ကြီး အား ခွင့်တောင်းပြန်၏၊မယ်တော်ကြီး လည်း ပယ်တော်မူ၏၊ အဖန်တလဲလဲ ပူဆာလတ်သော် မယ်တော်ကြီးသည် ပဘာဝတီအား"ချစ်သမီး···· ကောင်း ပြီ၊ နက်ဖြန်ငါ့သားတော်သည် မြို့တော်ကို လှည့်လည်လိမ့် မည်၊ထိုအခါ လေသွန်တံခါးမှ ကြည့်ရှုလော့"ဟု မိန့်တော် မူ၏။

နက်ဖြန်နေ့၌မယ်တော်ကြီးသည် ညီတော်ဇယပတိမင်း သားကို မင်းအသွင်ကိုယူစေပြီးလျှင် ဆင်တော်ကို စီးနင်း စေလျက် မြို့တော်ကိုလှည့်လည်စေ၏၊ ထိုအခိုက်မယ်တော် ကြီးသည် ပဘာဝတီကိုခေါ်၍ လေသွန်တံခါးကို ဖွင့်ကာ "ချစ်သမီး···· ချစ်သမီး၏လင်တော်သည် တင့်တယ်ခြင်း အစုသို့ ရောက်သည်ကို ကြည့်ရှုလော့"ဟုဆို၏၊ ပဘာဝတီ မြင်လျှင် ဇယပတိမင်းသားကိုပင် မိမိလင် မှတ်ထင်လျက် ငါသည် အလွန်တင့်တယ် လျောက်ပတ်သောလင်ကို ရပေ သည်ဟု ဝမ်းမြောက်လေ၏။

**ဆင်ထိန်းဟန်တု ကုသမင်းပြု**

ကုသမင်းကား ဆင်ထိန်း အသွင်ဖြင့် ညီတော်၏နောက်မှနေ၍ ပဘာဝတီကို အားရအောင်ကြည့်ပြီးလျှင် လက်ဟန် ပြကာ ပြက်ရယ်ပြုဘိ၏။

ဆင်တော်အလွှန်တွင်ကား မယ်တော်ကြီးသည် ပဘာဝတီအား "ချစ်သမီး.... သင်၏ချစ်လင်ကို မြင်ပြီမဟုတ်လော"ဟုမေး၏၊ ထိုအခါပဘာဝတီသည် "မိခင်....မြင်ရပါ၏၊ နောက်၌နေသောဆင်ထိန်းကား အကျွန်ုပ်ကိုကြည့်၍ လက်ဟန်ပြကာ ပြက်ရယ်ပြုဘိ၏၊ အဘယ်ကြောင့် အရှက်မရှိသော ဆင်ထိန်းကို မင်းကြီးနောက်က ထားသနည်း၊ ထိုဆင်ထိန်းကို နှင်ထုတ်လျှင် ကောင်းမည်" ဟု လျှောက်ထား၏၊ မယ်တော်ကြီးလည်း"ချစ်သမီး....မင်း၏နောက်၌ အစောင့်အရှောက်မည်သည် ထားရာ၏" ဟု ဖျောင်းဖျကာ ပြောလေ၏။

**ယုံမှားဖြစ်လျက် စုံစမ်းချက်**

ထိုနောက်ပဘာဝတီသည် ဤဆင်ထိန်းသည် မင်းကြီးကိုလည်း မကြောက်ရှိ၊ မင်းဟူ၍ပင် အမှတ်မထား၊ ဤသူပင်လျှင် ကုသမင်းဖြစ်လေသလောဟုတ်မှန်ရာ၏၊မှချကုသမင်းသည် အရုပ်ဆိုးလတ့်၊ ထို့ကြောင့် ငါ့ကိုမပြဝံ့ဟု ကြံစည်ပြီးလျှင် ခုဇ္ဇာကိုခေါ်၍ နားရင်း၌ကပ်ကာ "မိခင်....ဆင်ပေါ်၌ ရှေ့ကထိုင်သောသူသည် ကုသမင်းလော၊ နောက်ကထိုင်သောသူသည် ကုသမင်းလော၊ သိအောင် စုံစမ်းချေ၊ မင်းဖြစ်သောသူသည် အလျှင်ဆင်းလိမ့်မည်၊ ကြည့်ချေ" ဟု အမှတ်သညာပေး၍ လွှတ်လိုက်၏၊ ခုဇ္ဇာလည်းသွား၍ လျှောက်ပတ်သော အရပ်မှနေ၍ ကြည့်လင့်၏၊ ထိုအခါ ကုသမင်းသည် ဆင်မှရှေးဦးစွာဆင်းလေ၏၊ ခုဇ္ဇာလည်း မြင်လေ၏၊ကုသမင်းသည် မယုံသင်္ကာရှိသဖြင့် ဟိုဟိုသည်သည်ကြည့်လတ်သော် ခုဇ္ဇာကိုမြင်လျှင် မုချငါ့ကို အစုံစမ်းခိုင်းသည်ဖြစ်လိမ့်မည်ဟုသိ၍ ခေါ်စေပြီးလျှင် ငါအလျှင်

ဆင်းသည်ကို ပဘာဝတီအား မပြောပါလင့်ဟု မြဲမြဲစွာ နှုတ်ပိတ်၍ လွှတ်လိုက်၏၊ ခုဇ္ဇာလည်း ပြန်၍မင်းသမီးအား ရှေကနေသောသူသည် အလျှင်ဆင်းပါ၏ဟုလျှောက်ထား၏၊ပဘာဝတီလည်း ယုံကြည်လေ၏။

ပဘာမြင်ရန် ကြံစည်ပြန်

တဖန် ကုသမင်းသည် ပဘာဝတီကို မြင်လို ပြန်သဖြင့် မယ်တော်ကြီးကို လျှောက်ထား ပြန်၏၊ မယ်တော်ကြီးလည်း တားမြစ်၍ မရသဖြင့်''ချစ်သား....မထင်ရှားသောအသွင်ဖြင့် ဥယျာဉ်တော်သို့သွား၍နေချေ၊ ငါတို့လာခဲ့မည်ဟု မှာထား၍လွှတ်လိုက်၏၊ ကုသမင်းလည်း မထင်ရှားသောအသွင်ဖြင့် ဥယျာဉ်တော်သို့သွား၍ မင်္ဂလာကန်တော်သို့ဆင်းသက်ကာရေလည်ပင်းတိုင်အောင်ဆင်းသွားပြီးလျှင် ပဒုမာကြာဘက်ကို ခေါင်းဆောင်း၍ ကြာပွင့်ကြီးတခုကို ပါးစပ်တွင်ကိုက်လျက်နေလင့်၏၊မယ်တော်ကြီးလည်း ပဘာဝတီကို ဥယျာဉ်တော်သို့ခေါ်ခဲ့၍ ညချမ်းအခါတွင် ဤပန်းတွေကိုကြည့်ပါ, ငှက်တွေကိုကြည့်ပါ,သမင်တွေကိုကြည့်ပါ စသည်ဖြင့် ပြောဆိုဖြားယောင်းကာ မင်္ဂလာကန်တော်သို့ သွားလေ၏။

လက်ကိုဆွဲ၍ ဘီလူးထင်

ပဘာဝတီလည်း ကြာတို့ဖြင့် ဖုံးလွှမ်းသော ကန်တော်ကိုမြင်လျှင် ရေချိုးချင်သဖြင့် အလုပ်အကျွေးမိန်းမတို့နှင့်အတူ ကန်တော်သို့ ဆင်းသက်၍ ရေကစားလေ၏၊ ထိုအခါ ပဘာဝတီသည် ပဒုမာကြာပွင့်ကြီးကိုမြင်လျှင် ဆွတ်ခူးရန် လက်ကိုလှမ်းလေ၏၊ ထိုအခါ ကုသမင်းသည် မအောင့်အီးနိုင်တော့ဘဲ ခေါင်းဆောင်းထားသော ပဒုမာကြာ

ဘက်ကိုဖယ်၍ ငါကုသမင်းတည်းဟုပြောဆိုကာ ပဘာဝတီ၏လက်ကို အတင်းဆွဲ၍ကိုင်ထား၏၊ ပဘာဝတီလည်း ငါ့ကိုဘီလူးကြီးဖမ်းမိပြီဟု ငိုမြည်တမ်းလျက် ထိတ်လန့်အားကြီး၍ သတိလစ်ကာ မျောမေ့၍သွားလေတော့၏၊ ကုသမင်းလည်း လက်ကိုလွှတ်၍ သွားလေ၏။

**မှူးမတ်တို့စီမံ ပြည်တော်ပြန်**

သတိရလာသောအခါ ငါ့ကိုကုသမင်းလက်ကိုဆွဲသတဲ့ ဤကုသမင်းပင် ဆင်ချေးတုံးနှင့် ပစ်ခဲ့၏၊ ဤ ကုသမင်းပင် မြင်းချေးတုံးနှင့် ပစ်ခဲ့၏၊ ဤကုသမင်းပင် ဆင်ပေါ်ကလက်ဟန်ပြကာ ပြက်ရယ်ပြုခဲ့၏၊ ငါ့အား ဤမျှလောက်အရုပ်ဆိုးလှသောလင်နှင့် ပေါင်းသင်းနေရသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါအသက်ရှင်ခဲ့သော် လင်တယောက်ရနိုင်ပါသေး၏ဟု ကြံစည်ဆုံးဖြတ်ပြီးလျှင် နန်းတော်သို့ရောက်လျှင် မိမိနှင့်ပါလာသော အမတ်တို့ကိုခေါ်၍ "အမောင်တို့.... ယနေ့ပင် ငါ၏ ဆင်ယာဉ်,မြင်းယာဉ်,ရထားယာဉ်တို့ကို စီရင်ကြလော့၊ ငါ့ခမည်းတော်ထံပြန်မည်"ဟု အမိန့်ပေးလေ၏၊ ထိုအကြောင်းကို အမတ်တို့သည် ကုသမင်းကြီးအား လျှောက်ထားကုန်၏၊ ကုသမင်းကြီးလည်း ပဘာဝတီကား အကယ်၍သွားခွင့်မရအံ့၊ နှလုံးကွဲခဲ့ရာ၏၊ သွားပေစေ ငါ့အစွမ်းဖြင့် တဖန်ပြန်ရအောင် ပြုလုပ်မည်ဟု ဆင်ခြင်စဉ်းစားကာ၊ ပြန်လိုလျှင်ပြန်စေဟု အခွင့်ပေးတော်မူလိုက်၏၊ ပဘာဝတီလည်းခွင့်ရလျှင် ခမည်းတော်ထံသို့ အခြွေအရံနှင့်တကွ ပြန်လေ၏၊ ကုသမင်းကြီးလည်း ရွှေနန်းတော်သို့ဝင်၍ တန်ဆာဆင်အပ်သော ပြာသာဒ်ထက်သို့တက်၍ နေလေ၏။

## ကုသမင်းနှင့် ပဘာဝတီတို့၏ ရှေးဆုတောင်း

**မုန့်လှူသည့်အတွက် အမျက်ထွက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည် တံခါးအနီးရွာ၌ အမျိုးသားလင်မယားနှစ်ဦးတို့သည်နေကြကုန်သတတ်၊ ဘုရားလောင်းကား သားမယားမမွေးမြူဘဲ အစ်ကိုကြီးထံ၌နေ၏၊ တနေ့သ၌ အိမ်ဝယ် အလွန်အရသာရှိသောမုံ့ကို ကြော်၏၊ ညီသည် ကိစ္စတခုဖြင့် တောသို့သွား၏၊ အစ်ကိုနှင့်မယားတို့လည်း ညီအဘို့ ဝေစုကိုထား၍ စားကြကုန်၏။

ထိုအခိုက် ပစ္စေကဗုဒ္ဓါသည် ဆွမ်းအလို့ငှါ အိမ်တံခါးဝ၌ရပ်လေ၏၊ မယားသည် တပါးသောမုံ့ကိုကြော်၍ပေးမည်ဟု နှလုံးသွင်းလျက် မတ်အတွက်ထားသောမုံ့ကို လှူလိုက်၏၊ မတ်လည်းတောမှပြန်လာ၏၊ မရီးသည် "အမောင်သာဓုခေါ်ပေတော့၊ အမောင်အတွက်ထားသောမုံ့ကို ပစ္စေကဗုဒ္ဓါအား လှူလိုက်ပြီ" ဟုပြော၏၊ ထိုအခါ မတ်သည် မရီးအား သင်တို့အစုတော့စားကြ၍ ငါ့အစုကိုလှူရာသလောဟု အမျက်ထွက်၍ ပစ္စေကဗုဒ္ဓါထံသွား၍ မိမိအစုမုံ့ကို ပြန်၍ယူ၏။

**မတ်နှင့်မနေလို တောင်းဆုဆို**

မရီးသည် အိမ်၌ရှိသော ထောပတ်ကို ယူ၍ ပစ္စေကဗုဒ္ဓါအားလှူပြီးလျှင် "ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတို့၌ ကိုယ်အရောင်ထွက်၍ အလွန် အဆင်းလှပါစေသတည်း၊ ဤသူယုတ်နှင့် အတူတကွ မနေရပါစေသတည်း" ဟု ဆုတောင်း၏၊ မတ်လည်း တဖန်မုံ့ကို ထောပတ်ထက်အုပ်၍ ပစ္စေကဗုဒ္ဓါအားလှူပြီးလျှင် "ဤကောင်းမှုကြောင့်အကျွန်ုပ်

၏မရိုးကို ယူဇနာတရာ ဝေးကွာသောအရပ်၌နေစေကာမူ ရအောင်ယူ၍ ခြေရင်း အလုပ်အကျွေးပြုနိုင်ရပါလို၏''ဟု ဆုတောင်းလေ၏။

ဤသို့လျှင် ကုသမင်းနှင့် ပဘာဝတီတို့သည် ရှေးဆုတောင်းအတိုင်း ဖြစ်ကြကုန်၏၊ ကုသမင်းလျှာရာ၌ အမျက်ထွက်ခဲ့သောကြောင့် အလွန်အရုပ်ဆိုး၏၊ ပဘာဝတီလည်း ရှေးဆုတောင်းကြောင့် အလွန်အဆင်းလှ၏၊ ကိုယ်ရောင်ထွက်၏၊ ကုသမင်းကိုလည်း အလိုမရှိလေ။

**ပဘာအတွက် သောကဖက်**

ကုသမင်းလည်း ပဘာဝတီ သွားသည်ရှိသော် ပြင်းစွာ ပူပန် ဆင်းရဲလေ၏၊ အခြား မောင်းမတို့သည် အမျိုးမျိုး လုပ်ကျွေးကြကုန်သော်လည်း မကြည့်ရှုနိုင်၊ ပဘာဝတီ မရှိသည့်အတွက် တနန်းတော်လုံး အချည်းနှီးကဲ့သို့ မှတ်ထင်လေ၏၊ ယခုပင် သာဂလမြို့တော်သို့ ရောက်လတံ့ဟု နှလုံးသွင်းကာ နံနက်မိုးသောက်လင်းသောအခါ မယ်တော်ထံသွား၍ ''မိခင်....ကျွန်ုပ်သည် ပဘာဝတီကို ဆောင်ယူပါချေအံ့၊မိခင်တို့သည် တိုင်းပြည်ကို အုပ်ချုပ်၍ဆုံးမရစ်ပါ'' ဟုလျှောက်ထား၍ မယ်တော်အား တိုင်းပြည်ကို အပ်နှင်းလေ၏။

မယ်တော် မိဖုရားကြီးလည်း သားတော်စကားကိုကြားလျှင် ''ချစ်သား....ကောင်းပြီ၊ ဆောင်ယူပါချေ၊ မမေ့မလျော့ သတိထားပါ၊မိန်းမတို့ မည်သည်ကား မစင်ကြယ်သောစိတ်နှလုံးရှိ၏''ဟု မှာတော်မူပြီးလျှင် အထူးထူးသော

အရသာနှင့် ပြည့်စုံသော ခဲဘွယ်ဘောဇဉ်တို့ကို ရွှေပခြုပ်၌ထည့်၍ပေးပြီးလျှင်"ချစ်သား..ခရီးလမ်း၌စားလော့"ဟု လွှတ်လိုက်၏။

**စောင်းတော်ကိုပိုက် ကုသမင်းလိုက်**

ကုသမင်းလည်း ရွှေပခြုပ်ကိုယူ၍ မယ်တော်ကြီးကို ရှိခိုး၍ လက်ျာရစ် လှည့်ပြီးလျှင် မယ်တော် အသက်ရှင်ပါလျှင် တဖန်ဖူးမြင်ရပါလိမ့်မည်ဟု လျှောက်ထား တောင်းပန်ပြီးလျှင် မိမိအိပ်ရာ ကြက်သရေတိုက်သို့ဝင်၍ လက်နက်ငါးပါးကို မြဲမြံစွာဖွဲ့၍ အသပြာတထောင်နှင့် ရွှေပခြုပ်ကို ငယ်အိပ်၌ထည့်လျက် သိကြားမင်းပေးလိုက်သော ကောကနဒစောင်းတော်ကိုပိုက်ကာမြို့တော်မှထွက်လေ၏၊အစဉ်သဖြင့် သွားလေရာ အလွန်ခွန်အား ကြီးမားသဖြင့် မွန်းတည့်လျှင် ယူဇနာ ငါးဆယ်တိုင်အောင် ရောက်သဖြင့် ထမင်းစား၍ ခေတ္တအပန်းဖြေ၏၊ တဖန် သွားပြန်ရာ ယူဇနာ ငါးဆယ်လွန်လျှင် သာဂလမြို့တော်သို့ ရောက်၍ ညအခါ မြို့တော်သို့ဝင်မိလေ၏၊ ပဘာဝတီလည်း ကုသမင်း မြို့တွင်းသို့ ဝင်မိလျှင်ပင် ကုသမင်း တန်းခိုးကြောင့် မိမိအိပ်ရာထက်၌ မအိပ်နိုင်တော့ဘဲ မြေကြီး၌ ဆင်း၍အိပ်ရလေ၏။

**ပဘာကြားရန် စောင်းတီးပြန်**

မိန်းမ တယောက်သည် ခရီးပန်းလာသော ကုသမင်းကိုမြင်လျှင်ခေါ်၍ ခြေတို့ကို ဆေးပြီးလျှင် အိပ်ရာနေရာကို ပေး၏၊ ကုသမင်းလည်း အလွန်ပင်ပန်းရကား အိပ်လျှင် အိပ်ခြင်းပျော်လေ၏၊ မိန်းမလည်း ထမင်းကို အသင့်စီရင်ထားပြီးလျှင် ကုသမင်းနိုးလျှင် ကျွေးမွေးလေ၏၊ကုသမင်း

လည်း အလွန်နှစ်သက်တော်မူသဖြင့် ထမင်းစားပြီးလျှင် ရွှေပခြုပ်နှင့်တကွ အသပြာတထောင်တို့ကို မိန့်မအား ပေးလေ၏။

ထိုနောက် လက်နက်ငါးပါးကိုထိုအိမ်၌ထမင်းစားပြီးလျှင် ငါ့မှာ စောင်းတီးဘို့ကိစ္စတခုရှိသည်ဟု ပြောခဲ့၍ စောင်းကို ပိုက်ကာ ဆင်ထိန်းအိမ်သွား၍ တရက်မျှ တည်းခိုပါရစေ ခွင့်ပန်ကာ တည်းခို၏၊ ညအခါ အနည်းငယ်အိပ်၍နိုးလျှင် ဤစောင်းသံသည် သာဂလ တမြို့လုံး ကြားစေသတည်းဟု မိဋ္ဌာန်၍ စောင်းတီးလျက် သီချင်းကိုဆိုလေ၏၊ ပဘာဝတီ ကြားလျှင် ဤစောင်းသံကား တပါးသူ၏ စောင်းသံမဟုတ် ကုသမင်း၏ စောင်းသံတည်း၊ မုချ ငါ့အတွက်လာသည်ဟု သိလေ၏၊ မဒ္ဒရာဇ်မင်းကြီးလည်း စောင်းသံကို ကြားလျှင် နက်ဖြန်စောင်းသမားကိုခေါ်စေ၊ ငါ့ထံမှာ တီးစေမည်ဟု ကြံစည်လေ၏။

**ရုပ်စုံလုပ်လျက်**
**အိုးတော်ဆက်**

ကုသမင်းလည်း နံနက် လင်းလျှင်ထ၍ ဤနေရာ၌ နေသဖြင့် ပဘာဝတီကို မြင်ရမည် မဟုတ် ဟု နှလုံးသွင်းကာထွက်ခဲ့ပြန်၍ မိမိတဲအိမ်မှာပင် နံနက်စာ စားပြီးလျှင် စောင်းကို ထားခဲ့၍ အိုးထိန်းသည်ထံ သွားကာ တပည့်ခံ၍ အထူးထူး အထွေထွေသော အိုးတို့ကိုလုပ်၏၊ ပဘာဝတီ အတွက် ကိုကား သီးခြားလုပ်၏၊ ထိုအိုးတို့၌ ဇာတ်စုံခင်းကာ အထူးထူးသော အရုပ်တို့ကို ထင်စေ၏။

အိုးထိန်းသည်လည်း အထူးထူးသော အိုးတို့ကို ယူကာ မင်းကြီးထံ ဆက်သလေ၏၊ မင်းကြီးလည်း အိုးတို့ကို

မြင်လျှင် "အချင်း····အဘယ်သူ လုပ်သနည်း"ဟု မေး၏၊ "အကျွန်ုပ်လုပ်ပါ၏"ဟုလျှောက်၏၊"မှန်တာကိုပြောပါ" ဟုမေးသောအခါ၊"သင်လုပ်သော အိုးကို ငါသိ၏" ဟု ပြောလေ၏၊ "မှန်လှပါ အကျွန်ုပ်တပည့် လုပ်ပါ၏"ဟု မြွက်ဆို၏၊ "ထိုသူကား သင့်တပည့်မဟုတ် သင့်ဆရာ ဖြစ်၏၊ ထိုသူ့ထံ ပညာသင်ဦးလော့" ဟု မိန့်တော် မူလျှင် "ထိုသူသည် ဤနေ့မှစ၍ ငါ့သမီးတော်တို့ အတွက်သာ လုပ်စေဟု အသပြာတထောင်ကို ဆုပေး လိုက်၏၊ ဇာဝဋ်စုံ ခင်းထားသော အိုးငယ် တို့ကိုလည်း ကစားရန် သမီးတော်တို့ထံပို့စေ"ဟုအမိန့်ပေးတော်မူ၏။

**ပဘာဆက်လျှင် ဒေါသဝင်**

အိုးထိန်းသည်လည်း အိုးငယ်တို့ကိုယူ၍ သမီးတော်တို့ထံ ဆက်သလေ၏၊ပဘာ ဝတီတို့ သီးခြားလုပ်ထားသော အိုးတို့ ကိုကား ပဘာဝတီအားသာ ဆက်သလေ၏၊ ပဘာဝတီ သည် အိုးတို့ကိုယူ၍ ကြည့်တော်မူရာ မိမိအရုပ်, ကုသ မင်းအရုပ်, ခုဇ္ဇာအရုပ်တို့ကိုမြင်လျှင် ကုသမင်းလုပ်သော အိုးမှန်းသိသဖြင့် အမျက်ထွက်၍ "ဤအိုးတို့ကိုငါမယူလို၊ ယူလိုသောသူတို့အား ပေးလော့"ဟုပြောလေ၏၊ ထိုအခါ ညီမတော်တို့သည် အမတော်ပဘာဝတီ အမျက်ထွက်သည် ကိုသိကြ၍"အမတော်···· ဤအိုးတို့ကို ကုသမင်းလုပ်သည် မှတ်ထင်သလော၊ မလုပ်ပေရာ၊ အိုးထိန်းသည်သာလုပ် အပ်၏၊ ယူသာယူပါ" ဟု ပြက်ရယ်ပြုကုန်၏၊ ပဘာဝတီ သည် တစုံတရာပြန်မပြောဘဲဆိတ်ဆိတ်သာနေ၏၊အိုးထိန်း သည်လည်း နန်းတော်မှပြန်ခဲ့၍ အိမ်သို့ရောက်လျှင် ကုသ

မင်းအား အသပြာတထောင်ပေး၍“အမောင်….အမောင်အား မင်းကြီးနှစ်သက်တော်မူ၏၊ ဤနေ့မှစ၍ သမီးတော်တို့အတွက်သာလုပ်၍ ဆက်သရမည်တဲ့”ဟု ပြောလေ၏။

**ကုသဖျာရက်ပဘာဆက်**

ကုသမင်းလည်း ဤအရပ်၌ နေသဖြင့် ပဘာဝတီကို မမြင်နိုင်၊ နေရာမဟုတ်သေးဟုကြံစည်ကာ အသပြာတထောင်ကို အိုးထိန်းသည်အား ပေးခဲ့ပြီးလျှင် ကျူထရံသည်ထံသို့သွားကာ တပည့်ခံ၍ အထူးထူးအပြားပြား ဆန်းကြယ်သော ကျူဖျာ,ထန်းရွက်ဖျာတို့ကိုရက်လေ၏၊ ထိုဖျာတို့၌ မိမိလိုရာအရုပ်တို့ကို ထင်စေ၏၊ ပဘာဝတီအတွက်ကိုကားသီးခြားရက်လေ၏။

ကျူထရံသည်လည်း ကျူဖျာ,ထန်းရွက်ဖျာတို့ကိုယူကာ မင်းကြီးထံ ဆက်သလေ၏၊ မင်းကြီးလည်း ဆန်းကြယ်သော ကျူဖျာ, ထန်းရွက်ဖျာတို့ကိုမြင်လျှင် ရှေးနည်းတူ မေးတော်မူ၍ အလွန်နှစ်သက်တော်မူသဖြင့် အသပြာတထောင်ပေး၍ ဤဖျာတို့ကို ငါ့သမီးတော်တို့ထံ ပို့ချေဟုစေခိုင်းလိုက်၏၊ ကျူထရံသည်လည်း ဖျာတို့ကိုယူ၍ သမီးတော်တို့အား ဆက်သ၏၊ ပဘာဝတီအတွက် သီးခြားရက်သောဖျာတို့ကို ပဘာဝတီအား ဆက်သ၏၊ ပဘာဝတီသည် ဖျာတို့၌ အထူးထူးအပြားပြားသော အရုပ်တို့ကို မြင်ပြန်လျှင် ကုသမင်းရက်မှန်းသိ၍ ဤဖျာတို့ကိုငါမယူလို၊ ယူလိုသောသူတို့အား ပေးလော့-ဟု အမျက်ထွက်သဖြင့် မြေကြီး၌ ပစ်ချလိုက်၏၊ ညီမတော်တို့လည်း ပြက်ရယ်ပြုကြပြန်၏၊ ကျူထရံသည်လည်း အိမ်သို့သွား၍ကုသမင်းအား အသပြာတထောင်ကိုပေး၏။

**ပန်းကုံးဆက်ပြန် လက်မခံ**

ကုသမင်းလည်း ဤနေရာလည်း မြင်နိုင်သောနေရာမဟုတ်သေးဟု နှလုံးသွင်းကာ အသပြာတထောင်ကို ကျွန်ုပ်ထရံ သည်အား ပေးခဲ့ပြီးလျှင် ပန်းကုံးသည်အထံသို့ သွား၍ တပည့်ခံကာ အထူးထူး အပြားပြား ဆန်းကြယ်သော ပန်းကုံးတို့ကို ကုံးပြန်၏၊ ပဘာဝတီအတွက်ကိုကား သီးခြားကုံး၏၊ထိုပန်းကုံးတို့၌ အထူးထူးအပြားပြားသောအရုပ်တို့ကို ထင်စေ၏။

ပန်းကုံးသည်လည်း ပန်းကုံးတို့ကိုယူကာ မင်းကြီးအား ဆက်သ၏၊ မင်းကြီးလည်း ဆန်းကြယ်သောပန်းကုံးတို့ကို မြင်လျှင် ရှေးနည်းအတူ မေးတော်မူ၍ အလွန်နှစ်သက်တော်မူသဖြင့် အသပြာတထောင်ပေးပြီးလျှင် သမီးတော်တို့ထံ ပို့ချေဟုလွှတ်လိုက်၏၊ ပန်းကုံးသည်လည်း ပန်းကုံးတို့ကိုယူ၍ သမီးတော်တို့အား ဆက်သ၏၊ သီးခြားပြုလုပ်သော ပန်းကုံးတို့ကိုကား ပဘာဝတီအားဆက်သ၏၊ ပဘာဝတီသည် ပန်းကုံးတို့ကိုကြည့်၍ မိမိဇာတ်ထုတ် ပေါ်နေသည်ကိုမြင်လျှင် ကုသမင်းကုံးမှန်းသိ၍ အမျက်ထွက်ကာ ပန်းကုံးတို့ကို မြေ၌ပစ်ချလိုက်၏။ ညီမတော်တို့လည်း ပြက်ရယ် ပြုကြကုန်၏။ ပန်းကုံးသည်လည်း အိမ်သို့ရောက်လျှင် ကုသမင်းအား အသပြာတထောင်ကိုပေး၏။

**စားတော်ချက်ထံ ဝင်ရောက်ပြန်**

ကုသမင်းသည် ဤနေရာလည်းမြင်နိုင်သောနေရာမဟုတ်သေးဟု နှလုံးသွင်းကာ အသပြာတထောင်ကို ပန်းကုံး

သည်အားပေးခဲ့၍ စားတော်ချက်ထံသွားကာ တပည့်ခံ၍ စားတော်တို့ကို ချက်၏။

တနေ့သ၌ စားတော်ချက်သည် မိမိတို့စားဘို့ အသင့်ချက်ထားနှင့်ရန် ကုသမင်းအား အရိုးသားကို ပေးခဲ့၍ ဘောဇဉ်အထုးကို ဆက်သရန် မင်းကြီးထံသွား၏၊ ကုသမင်းသည် ပေးခဲ့သောအရိုးသားကို စီမံ၍ ချက်လေ၏၊ ဟင်းနံ့သည်တမြို့လုံးမွှေး၏၊ မဒ္ဒရာဇ်မင်းကြီးသိလျှင် စားတော်ချက်အား "အချင်း....ဟင်းနံ့မွှေးလှ၏၊ သင့်အိမ်မှာ တပါးသောဟင်းကိုချက်သေးသလော" ဟု မေး၏၊ "မချက်ပါ" ဟု လျှောက်၏၊ "စင်စစ်ကား အကျွန်ုပ်တို့စားဘို့ချက်နှင့်ရန် တပည့်အား အရိုးသားကိုပေးခဲ့ပါ၏၊ ထိုအရိုးသားကိုချက်သောဟင်းနံ့ဖြစ်ပါလိမ့်မည်"၊ ထိုအခါမင်းကြီးသည် ထိုဟင်းကိုဆောင်ယူခစပြီးလျှင် အနည်းငယ်သျှာဖျား၌ထား၏၊ ဟင်းသည်ခဏချင်း ရသဟရဏီအကြောပေါင်းခုနစ်ထောင်စိမ့်၍တည်၏၊မင်းကြီးသည် ရသတဏှာဖြင့် ဖွဲ့ချည်မိရကား အသပြာတထောင်ပေး၍ "ဤနေ့မှစ၍ သင့်တပည့်ကိုသာစားတော်ထမင်းဟင်းလျာကို ချက်စေလော့၊ ငါ့ထံကိုသင်လာ၍ပို့လော့၊သမီးတော်ထံကိုကား သင့်တပည့်ကိုသာ ပို့စေလော့" ဟု မိန့်တော်မူ၏။

ပဘာနှင့်တွေ့အလိုပြည့်

စားတော်ချက်လည်း အိမ်သို့ ရောက်လျှင် မင်းကြီးအမိန့်ပေးလိုက်သောအကြောင်းကို ကုသမင်းသားအားပြောကြား၏၊ အသပြာတထောင်ကိုလည်းပေး၏၊ ကုသမင်းသည် စားတော်ချက်စကားကို ကြားရလျှင် ယခုအခါ

ငါ့အလိုပြည့်စုံပြီ၊ ပဘာဝတီကို မြင်ရတော့မည် ဟု ဝမ်းမြောက်ဝမ်းသာ အသပြာတထောင်ကိုမယူဘဲ စားတော်ချက်အား ပြန်၍ပေး၏၊ နံနက်မိုးသောက်လင်းသောအခါ စားတော်ထမင်းဟင်းလျာတို့ကို ပြည့်စုံစွာချက်ပြုတ်စီမံပြီးလျှင် မင်းကြီးအတွက်စားတော်ခွက်ကိုပို့ရန် စားတော်ချက်အား ပေး၏၊ စားတော်ချက်လည်း မင်းကြီးထံ စားတော်ခွက်ကို ပို့လေ၏၊ကုသကား သမီးတော်တို့အတွက်စားတော်ထမင်းဟင်းလျာတို့ကို ခွက်၌ထည့်ပြီးလျှင် ကိုယ်တိုင်ထမ်းပိုး၍ ပဘာဝတီ၏ နန်းပြာသာဒ်သို့ တက်လေ၏။

**မင်းစည်းစိမ်ဖျက်**
**စွဲလမ်းချက်**

ပဘာဝတီသည် စားတော်ထမင်းဟင်းလျာတို့ကို ထမ်းပိုးလာသော ကုသမင်းကိုမြင်လျှင် ဤကုသမင်းကား မိမိနှင့် မလျောက်ပတ်သော ကျွန်အမှုကို ပြုဘိ၏၊ အကယ်၍ ငါသည် နှစ်ရက်သုံးရက်ဆိတ်ဆိတ်နေငြားအံ့၊ ပဘာဝတီသည် ငါ့ကိုနှစ်သက်နေလေပြီ ဟု မှတ်ထင်ကာ အရပ်တပါးသို့ မသွားတော့ဘဲ၊ ငါ့ကိုကြည့်လျက် ဤအရပ်၌သာ နေပေရာ၏၊ ယခုပင်ပြေးအောင်ပြုမည် ဟု ကြံစည်လျက် တံခါးရွက်တဝက်ကိုဖွင့်၍ လက်ဖြင့် တံခါးကျည်ကိုနှိပ်ကာ—

"အို-ကုသမင်း.... ကောက်သောရာဂစိတ်ဖြင့် ထမ်းပိုးကြီးကို ထမ်းလျက် နေ့ညဉ့်မပြတ် ကြီးစွာသောဆင်းရဲကိုခံစား၍ နေဘိတကား၊ လျင်စွာ ကုသဝတီပြည်သို့ ပြန်ပါတော့၊အလွန်အရုပ်ဆိုးလှ၍ ငါတို့ပြည်၌ မနေစေလိုပါ"—

ဟု ဆဲရေး မြည်တမ်း လေ၏။

အလိုတော်ကျ ပြောဆိုရ

ကုသမင်းလည်း ဆဲရေးမြည်တမ်းသံကို ကြားလျှင် ငါ့မှာ ပဘာဝတီထံမှစကား ရပေပြီ ဟု အလွန်ဝမ်းမြောက်လျက်–

"အို-ရှင်မပဘာဝတီ.... သင်၏လှပတင့်တယ်သောအဆင်းဖြင့် ဖြားယောင်း ထားသည်ဖြစ်၍ သာဂလပြည်မှ ကုသဝတီပြည်သို့မပြန်နိုင်တော့ပါ၊ အလွန်ချစ်သောသင့်ကို မြင်နေရသဖြင့် ပျော်မွေ့လှပါ၏၊ ဤသာဂလပြည်ကိုစွန့်၍ တဘာဝါးမှ မသွားနိုင်တော့ပါ"။

"အို-ရှင်မပဘာဝတီ.... သင်၏အဆင်းရူပါရုံဖြင့် ဖြားယောင်းထားသည့်အတွက် ချစ်စိတ်တွေမွှန်နေသောကြောင့် သွားမည်ဆိုပါကလည်း ဘယ်အရပ်မှ ငါလာခဲ့သည်ကို မမှတ်မိတော့ပါ၊ လာခဲ့ရာအရပ်ကို မေ့လျော့နေပါပြီ"။

"အို-ရှင်မပဘာဝတီ....ယနေ့မွေးစသမင်ငယ်မျက်စိကဲ့သို့ ကြည်လင်သောမျက်စိရှိ၍ ရွှေခြည်ဖြင့်ရက်အပ်သော အဝတ်ကိုလည်း ဝတ်ဆင်ကာ၊ ရွှေခါးကြိုးကိုလည်း စည်းနှောင်ထားလျက် ခါးသေးသွယ်သောရှင်မကို အလွန် ချစ်ကြိုက်နေသောကြောင့် မင်းစည်းစိမ်ကို အလိုမရှိတော့ပြီ"–

ဟု ပဘာဝတီအား စကားတို့ပြန်ကာပြောဆိုလေ၏။

ကုသထမင်းချက် ပွဲတော်ဆက်

ထိုအခါ ပဘာဝတီသည် ငါကား ကုသမင်းအား နှလုံးမသာအောင်ပြုလုပ်သည်ကို ငါ၌သာတပ်စွန်း၍ ပြောဆိုဘိသည်၊ အကယ်၍ ငါကုသမင်းတည်း ဟု ကြုံးဝါးကာ

လက်ကိုဆွဲငြားအံ့၊ အဘယ်သူမှ ဘားမြစ်နိုင်တော့မည် မဟုတ်၊ ငါပြောသောစကားကိုလည်း တစုံ တယောက် သောသူ ကြားသွားပေလိမ့်မည် ဟု တံခါးကို ပိတ်ပြီးလျှင် အခန်းတွင်း၌သာ နေလေ၏။

ထိုအခါ ကုသမင်းသည် ထမ်းပိုးလာခဲ့သော စားတော် ထမင်းဟင်းကိုတို့ဖြင့် မင်းသမီးတို့ကို လုပ်ကျွေး၏၊ ပဘာ ဝတီလည်း ခုဇ္ဇာကိုခေါ်၍"သွားချေ၊ ကုသမင်းချက်သော ထမင်းဟင်းကိုယူချေ"ဟု စေခိုင်း၏၊ ခုဇ္ဇာလည်းသွား၍ယူ ပြီးလျှင် ပဘာဝတီအားပေး၏၊ငါသည်ကုသမင်းချက်သော ထမင်းဟင်းကိုမစားလိုသင်စားလော့၊သင့်အတွက်ရသော ရိက္ခာကိုယူ၍ ချက်ပြီးလျှင် ငါ့အားပေးလော့၊ ကုသမင်း လာနေသောအကြောင်းကို ဘယ်သူကိုမျှ မပြောလေနှင့်" ဟု မှာထား၏၊ ခုဇ္ဇာလည်း ထိုနေ့မှစ၍ ပဘာဝတီအစုကို မိမိစား၏၊ မိမိအစုကိုကား ပဘာဝတီအား ပေး၏။

**ပဘာကိုမြင်ရန် ကုသမင်းကြံ**

ကုသမင်းလည်း ထိုနေ့မှစ၍ စားတော် ချက်အလုပ်ဖြင့် နေ့စဉ် လုပ်ကျွေးနေ သော်လည်း ပဘာဝတီကိုမမြင်ရတော့ သဖြင့် အကြံတမျိုးထုတ်ပြန်၏၊ ပဘာဝတီသည် ငါ့၌ မေတ္တာရှိသေးသလော၊ မရှိတော့ ဘူးလော၊စုံစမ်းမည်ဟု ကြံစည်လျက် တနေ့သ၌ ထမင်းပို့၍အပြန်တွင် ပဘာဝတီ၏ တိုက်ခန်းတံခါးအနီး ပြာသာဒ်အပြင်ဝယ် ခြေချော်ဟန်ပြု၍ ဝုန်းခနဲ မှောက်ခုံလဲလေ၏၊ အိုးခွက်ပန်းကန်တို့လည်း လွင့် စင်၍သွား၏၊ ထမ်းပိုးလည်း လည်ပင်းတွင် ဖိ၍နေ၏၊ ကျည်းညီးလျက် မေ့မျောဟန်ပြု၍နေ၏။



P. 153 ကုသမင်းစားတော်ဆက်အလာ ချော်လဲဟန်-မှေ့ဟန်ပြု၍နေရာ ပဘာဝတီထွက်လာ၍ကြည့်ရှုနေပုံ

ပဘာဝတီလည်း ကုသမင်း ကျည်းညီးသံကို ကြားလျှင် တံခါးကိုဖွင့်၍ကြည့်ရာ ကုသမင်း လဲနေသည်ကိုမြင်သော အခါ ရှေးအခါ အကြင်လင်မယား ဖြစ်ဘူးသောကြောင့် ကရုဏာသက်၍လာ၏၊ "ဩော်..ဤကုသမင်းကား ဇမ္ဗူဒိပ် ကျွန်းဝယ် မြတ်သောမင်းပေသတည်း၊ ငါ့အတွက် ဤမျှ လောက်အဆင်းရဲခံရ၏၊ နူးညံ့သောကြောင့် ထမ်းပိုးဖိကာ နေ၏၊ အသက်များမှ ရှိပါလေသေးသလား"ဟု ကြံစည် ကာ အလျှင်အမြန်လာပြီးလျှင် နှာခေါင်းလေကိုခံ၍ ကြည့် ရှုရန် လည်ပင်းကိုဆန့်၍ မျက်နှာကိုကြည့်လေ၏။

တံတွေးနှင့်ထွေးကာ ကုသပြောရာ

ကုသမင်းလည်း အချက်ကောင်းရလှပြီ ဟု ခံတွင်းအပြည့်ငုံထားသော တံထွေး ဖြင့် ပဘာဝတီကိုထွေးလေ၏၊ ပဘာဝတီ လည်း ကုသမင်းကိုဆဲရေးလျက် အခန်းတွင်းသို့ဝင်ပြီးလျှင် တံခါးကိုပိတ်ကာမတ်တတ်ရပ်လျက် တဦးနှင့်တဦး အပြန် အလှန်ပြောဆိုကုန်၏။

"အို-ကုသမင်း....အကြင်သူကားသူတပါးက အလိုမရှိပါဘဲလျက် အလိုရှိဘိ၏၊ မနှစ်သက်ပါဘဲ လျက် နှစ်သက်ဘိ၏၊ မနှစ်မျိုပါဘဲလျက် နှစ်မျိုဘိ ၏၊ ထိုသူ၏အလိုရှိခြင်း၊ နှစ်သက်ခြင်း၊ နှစ်မျိုခြင်း ကား အကျိုးမရှိပါ"။

"အို-ရှင်မ ပဘာဝတီ....သူတပါးက အလိုရှိ သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိအလိုရှိအပ် နှစ် သက်အပ်သောအရာကို ရအောင်ယူနိုင်သောသူကို ချီးမွမ်းကြကုန်လတံ့၊ မယူနိုင်သောသူကား လူမိုက် တည်း"။

"အို–ကုသမင်း....မဟာ လှေကားသားဖြင့် အနှစ်ပြည့်သောကျောက်ကို တူးသကဲ့သို့ ပိုက်ကွန်ဖြင့်ထောင်၍ လေကိုဖမ်းသကဲ့သို့ ထို့အတူ အလိုမရှိသောငါ့ကို သင်အလိုရှိဘိ၏"။

"အို–ရှင်မ ပဘာဝတီ.... သင့် နှလုံးတွင်း၌ ကျောက်ဖျာကိုထားလေသလော၊ တပြည်မှရောက်လာခဲ့သောငါသည် သင့်ထံ၌ ဘယ်အခါမျှ ချမ်းသာကို မရခဲ့ပါ"။

"အို–ရှင်မ ပဘာဝတီ....သင်ပဘာဝတီသည် ငါ့ကို မျက်မှောင်ကြုတ်၍ ကြည့်ရှုသောအခါ၌ ငါသည် မဒ္ဒရာဇ်မင်းကြီး၏နန်းတွင်း၌ စားတော်ချက်၏ကျွန် ဖြစ်ခဲ့ရ၏"။

"အို–ရှင်မ ပဘာဝတီ....သင်ပဘာဝတီသည် ငါ့ကို ပြုံးရယ်၍ကြည့်ရှုသောအခါ၌ ငါသည် စားတော်ချက်၏ကျွန် မဖြစ်ရပါ၊ကုသမင်းကဲ့သို့ ဖြစ်ရပေ၏"။

"အို-ကုသမင်း....နိမိတ်ဘတ်တတ်သောသူတို့ စကားသည် အကယ်၍မှန်ခဲ့ငြားအံ့၊ စင်စစ် ငါ၏ ကိုယ်ကို ခုနစ်ပိုင်းဖြတ်စေကာမူ သင်သည် ငါ၏ လင်မဖြစ်နိုင်ရာဟု ဘတ်ကြပါ၏"။

"အို-ရှင်မပဘာဝတီ....နိမိတ်ဘတ်တတ်သောသူတို့၏ စကားသည်ရင်း, ငါ၏ စကားသည်ရင်း အကယ်၍ မှန်ခဲ့ငြားအံ့၊ သင့်အား ခြင်္သေ့မင်းအသံနှင့်တူသော အသံရှိသော ငါကုသမင်းမှ တပါးသော လင်မရှိတော့ပေ"–

ထို့နောက်ပဘာဝတီသည် ဤကုသမင်းကိုရှက်အောင် မတတ်နိုင်၊ နေလိုလဲနေပါစေ, ပြေးလိုလဲပြေးပါစေ၊ငါ့မှာ အကျိုးမရှိဟု အောက်မေ့လျက် တံခါးပိတ်၍ နေလေ၏၊ ကုသမင်းလည်းသွားလေ၏၊ထိုနေ့မှစ၍ ပဘာဝတီကိုမမြင် ရတော့ပြီ၊ စဖိုသည်အမှုကိုပြုလျက် အလွန်ဆင်းရဲ ပင်ပန်း လေ၏၊ချစ်ကြိုက်ခြင်း ရာဂကိုမှီ၍ ဆင်းရဲကိုခံစားရ၏။

**ဥစ္စာဖြင့်ချော ခုဇ္ဇာပြော**

တနေ့သ၌ ကုသမင်းသည် စဖိုအိမ် တံခါးအနီး၌ သွားသော ခုဇ္ဇာကိုမြင် လျှင်ခေါ်၏၊ ခုဇ္ဇာလည်း ပဘာဝတီကို ကြောက်သဖြင့် အလျင်လိုသကဲ့သို့ လျင်စွာသွား၏၊ ထို အခါ ကုသမင်းသားသည် အတင်းလိုက်၍ ခုဇ္ဇာ....ဟု ခေါ်လိုက်၏၊ ခုဇ္ဇာလည်း ရပ်၍အဘယ်သူနည်း၊ "အရှင် မင်းကြီးတို့စကားကို မကြားဝံ့ပါ"ဟု ပြော၏၊"ခုဇ္ဇာနား ထောင်၊ သင်နှင့်သင့်သခင်မတို့သည် အလွန်မာကျောကုန် ၏၊ ဤမျှလောက်သင်တို့ထံ၌ငါလာနေပါလျက်မပေးကမ်း သည်ကားရှိစေတော့၊ ကျန်းမာပါရဲ့လား ဟု စကားမျှပင် မေးဘော်မရ၊ နေရက်ပေစွ"ဟု အပြစ်တင်လေ၏။ ထို နောက် အထိန်းတော် ခုဇ္ဇာကို ငါဖြားယောင်းဦးမည်ဟု ကြံစည်ပြီးလျှင် စကားဆက်၍—

"အို-ခုဇ္ဇာ.... ပဘာဝတီကို နူးညံ့အောင်ပြု၍ ငါ့အား အကယ်၍ပြနိုင်ငြားအံ့၊ သင့်အား ကျွန် အဖြစ်မှ တော်လှန်စေမည်၊ လည်ရွဲ တန်ဆာကို လည်းပေးမည်"။

အို-ခုဇ္ဇာ····ပဘာဝတီ ငါ့ကို ကြည့်အောင်ပြု နိုင်ငြားအံ့၊ ကုသဝတီပြည်သို့ ရောက်သောအခါ သင့်အား ရွှေလည်ရွဲတန်ဆာကို ငါပေးမည်"။

"အို-ခုဇ္ဇာ···· ပဘာဝတီ ငါ့ကို ခေါ်အောင် ပြုနိုင်ငြားအံ့၊ ကုသဝတီပြည်သို့ ရောက်သောအခါ သင့်အား ရွှေလည်ရွဲတန်ဆာကို ငါပေးမည်"။

"အို-ခုဇ္ဇာ····ပဘာဝတီ ငါ့ကို ဖြည်းညှင်း သာယာစွာရယ်အောင် ပြုနိုင်ငြားအံ့၊ ကုသဝတီပြည်သို့ ရောက်သောအခါ သင့်အား ရွှေလည်ရွဲတန်ဆာကို ငါပေးမည်"။

"အို-ခုဇ္ဇာ····ပဘာဝတီ ငါ့ကိုကျယ်ကျယ်ရယ် အောင် ပြုနိုင်ငြားအံ့၊ ကုသဝတီပြည်သို့ ရောက် သောအခါ သင့်အား ရွှေလည်ရွဲ တန်ဆာကို ငါပေးမည်"။

"အို-ခုဇ္ဇာ····ပဘာဝတီ ငါ့ကိုလာ၍လက်ဖြင့် သုံးသပ်အောင် ပြုနိုင်ငြားအံ့၊ ကုသဝတီပြည်သို့ ရောက်သောအခါ သင့်အား ရွှေလည်ရွဲတန်ဆာ ကို ငါပေးမည်"—

ဟု ခုဇ္ဇာအား ပစ္စည်းလာဘ်လာဘဖြင့် ဖြားယောင်း ပြောဆိုလေ၏၊ ခုဇ္ဇာလည်း "အရှင်မင်းကြီး····စိတ်ချ၍ သာ ကြွတော်မူပါ၊ နှစ်ရက်သုံးရက်နေလျှင် ပဘာဝတီကို အရှင်မင်းကြီး အလိုသို့ လိုက်အောင် ပြုလုပ်ပေးပါမည်၊ အကျွန်ုပ်၏ အစွမ်း လုံ့လကို ကြည့်တော်မူပါဦး" ဟု လျှောက်ထားဝန်ခံ၍ သွားလေ၏။

ကုသမင်းဂုဏ်ကို ခုဇ္ဇာပြောဆို

ထိုနောက် ခုဇ္ဇာသည် ပဘာဝတီ ထံသို့ သွား၍ အိမ်နေရာ တိုက်ခန်းကို သုတ်သင် ရှင်း လင်း ပြီးလျှင် ပဘာဝတီကို ခေါ်၍ မိမိ ပေါင်ပေါ်၌ ဦးခေါင်းကို ထားစေပြီးလျှင် သန်းရှာ၍ပေး၏၊ မိမိ ခေါင်းမှ သန်းတို့ကို ယူကာ ပဘာဝတီ၏ခေါင်းမှ ရလေဟန်ပြု၍ ပြလေ၏၊ တဦးနှင့် တဦး စပ်မိစပ်ရာ စကား ပြောဆိုနေစဉ်—

"ချစ်သမီး···· ချစ်သမီးသည် ကုသဝတီပြည်ကြီး၌အနည်းငယ်မျှ ချမ်းသာကို မရပါသလော၊ ဤကုသမင်းကြီးသည် စဖိုသည် အိမ်၌ အခမယူဘဲ အခစားကဲ့သို့ဖြစ်လျက် ချစ်သမီးတို့ကို ကျွေးမွေးလေ၏"—

ဟု ကုသမင်းကြီး၏ ဂုဏ်ကျေးဇူးကို စကားစ၍ပြောလိုက်၏။

ပဘာမနှစ်သက် အမျက်ထွက်

ပဘာဝတီသည် ခုဇ္ဇာအား ပြင်းစွာအမျက်ထွက်လေ၏၊ ခုဇ္ဇာလည်း ပဘာဝတီ၏ လည်ပင်းကိုကိုင်၍ အခန်းတွင်းသို့သွင်းပြီးလျှင် တံခါးကိုပိတ်၍ တံခါးလှည့်ကြိုးကို ကိုင်ဆွဲကာ ရပ်လျက်နေ၏၊ ပဘာဝတီလည်း ခုဇ္ဇာကို မဖမ်းနိုင်သဖြင့်—

"ဟယ်-ခုဇ္ဇာ····နင်ကား ငါ့ကိုမကောင်းသောစကားကို ပြောဆိုဘိ၏၊ နင့်လျှာကို ထက်စွာသွေးထားသော ဒါးဖြင့် မဖြတ်နိုင်ဘူး ထင်သလား၊ ဖြတ်နိုင်လိမ့်မည်"—

ဟု ဆဲရေး ကြိမ်းမောင်း၏။

ခုဇ္ဇာပြောပြ
ပဘာနားချ

ထိုအခါ ခုဇ္ဇာသည် ပဘာဝတီအား နားချကာ ကုသမင်းသားကို နှစ်သက်စေ၍ အဖန်ဖန်ပြောဆိုလျက်–

“ရှင်မ-ပဘာဝတီ····ရှင်မ၏ အဆင်း သဏ္ဌာန် ကြန်အင်လက္ခဏာဖြင့် ကုသမင်းမြတ်ကို မာန်မမူလင့်၊ တန်ခိုးကြီးသော မင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသော ကုသမင်းကို ပြန်၍ ချစ်ကြိုက်ပါလော့”။

“ရှင်မ-ပဘာဝတီ···· ရှင်မသည် အဆင်း သဏ္ဌာန် ကြန်အင်လက္ခဏာဖြင့် ကုသမင်းမြတ်ကို မာန်မမူလင့်၊ များသော ဥစ္စာရှိသော မင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသောကုသမင်းကို ပြန်၍ ချစ်ကြိုက်ပါလော့”။

“ရှင်မပဘာဝတီ····ရှင်မသည် ကုသမင်းမြတ်ကို အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာဖြင့် မာန်မမူလင့်၊ ခွန်အားကြီးသော မင်းပေတည်း ဟု အောက်မေ့ကာ ချစ်ကြိုက်နေသော ကုသမင်းကို ပြန်၍ ချစ်ကြိုက်ပါလော့”။

“ရှင်မပဘာဝတီ···· ရှင်မသည် ကုသမင်းကို အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာဖြင့် မာန်မမူပါလင့်၊ ပြန့်ပြောသော တိုင်းနိုင်ငံရှိသော မင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသောကုသမင်းကို ပြန်၍ ချစ်ကြိုက်ပါလော့”။

"ရှင်မပဘာဝတီ····ရှင်မသည် ကုသမင်းမြတ်ကို အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာဖြင့် မာန်မမူလင့်၊ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မြတ်သောမင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသောကုသမင်းကို ပြန်၍ ချစ်ကြိုက်ပါလော့"။

"ရှင်မပဘာဝတီ····ရှင်မသည် ကုသမင်းမြတ်ကိုအဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာဖြင့်မာန်မမူလင့်၊ ခြင်္သေ့မင်းအသံနှင့်တူသော အသံရှိသောမင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသောကုသမင်းကို ပြန်၍ချစ်ကြိုက်ပါလော့"။

"ရှင်မပဘာဝတီ····ရှင်မသည် ကုသမင်းမြတ်ကို အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာဖြင့်မာန်မမူလင့်၊ တင့်တယ်စမ္ပယ်သော အသံရှိသောမင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသောကုသမင်းကို ပြန်၍ချစ်ကြိုက်ပါလော့"။

"ရှင်မပဘာဝတီ····ရှင်မသည် ကုသမင်းမြတ်ကို အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာဖြင့် မာန်မမူလင့်၊ရာထောင်မက များစွာသောအတတ်ပညာကိုတတ်မြောက်သော မင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသောကုသမင်းကို ပြန်၍ချစ်ကြိုက်ပါလော့"။

"ရှင်မပဘာဝတီ····ရှင်မသည် ကုသမင်းမြတ်ကို အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာဖြင့် မာန်မမူလင့်၊ ဥက္ကာကရာဇ်မင်းမျိုးမှ ဖြစ်သောမင်း,

သိကြားပေးသောမင်းပေတည်းဟု အောက်မေ့ကာ ချစ်ကြိုက်နေသော ကုသမင်းကို ပြန်၍ချစ်ကြိုက်ပါလော့”။

ဟု ကုသမင်းကြီး၏ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ပြောဆိုကာ ဖျောင်းဖျလျက် ချစ်ကြိုက်ရန် နားချလေ၏။

**ခုဇ္ဇာခြိမ်းချောက်ပြန် ပဘာဝတောင်းပန်**

ထိုအခါ ပဘာဝတီသည် “ခုဇ္ဇာ…. သင်ကား ငါ့ကိုအလွန် ကြီးဝါးဘိ၏၊ ငါ့လက်သို့ရောက်လာလျှင် အရှင်ရှိမှန်းသိစေမည်” ဟု ခြိမ်းချောက်ပြန်၏၊ ခုဇ္ဇာလည်း တဖန်သင့်ကိုငါစောင့်ထိန်းရ၏၊ သင့်ခမည်းတော်အား ကုသမင်းလာနေသောအဖြစ်ကို ငါမကြားသိစေ၊ ကောင်းပြီ- ယနေ့သင့်ခမည်းတော်မင်းကြီးကို လျှောက်ထားမည် ဟု ကျယ်စွာသောအသံဖြင့် အော်ဟစ်၍ကြိုးဝါးပြန်၏၊ထိုအခါ ပဘာဝတီသည် သူတပါးကြားသွားမည်ကိုစိုးရိမ်၍ ခုဇ္ဇာကို တောင်းပန်ရလေ၏။

**တမန်တော်ဟန် သိကြားဖန်**

ကုသမင်းလည်း တနေ့သ၌ ငါလာ၍ နေသည်မှာ ခုနစ်လရှိခဲ့ပြီ၊ အစား အသောက်အနေအထိုင်လည်း ဆင်းရဲလှပြီ၊ ပဘာဝတီကို မြင်ရုံမျှပင် မမြင်ရတော့ပေ၊ စိတ်နှလုံးခိုင်မာလှ၏၊ ငါ့ကိုအလွန်ညှဉ်းဆဲလေစွတကား၊ငါတို့ ကုသဝတီပြည်ကြီးသို့ ပြန်၍မယ်တော် ခမည်းတော်တို့ကို ဖူးမြင်အံ့ဟု ကြံစည်တော်မူ၏။

ထိုအကြောင်းကို သိကြားမင်းသိလတ်သော် ကုသမင်းလည်း ဆင်းရဲလှပြီ၊ ငြိုးငွေ့ပျင်းရိလှပြီ၊ ပဘာဝတီကို

ရအောင်ငါပြုလုပ်ပေးမည်ဟု ကြံစည်ပြီးလျှင် မဒ္ဒရာဇ်မင်းကြီး၏ တမန်တော်အမတ်အသွင် ဖန်ဆင်းကာ မဒ္ဒရာဇ်မင်းကြီးက လွှတ်လိုက်သောအနေဖြင့် "အဆွေတော်.... အကျွန်ုပ်သမီးတော် ပဘာဝတီသည် ကုသမင်းကြီးကို စွန့်လွှတ်၍လာခဲ့၏၊ အကျွန်ုပ်ထံသို့ လာတော်မူပါ၊ သမီးတော် ပဘာဝတီကို ယူဆောင်တော်မူပါ၊ လက်ထပ်ပါမည်"ဟု သဝဏ်စာရေးကာအနီးရှိ ခုနစ်ပြည်ထောင်မင်း အသီးသီးထံသွား၍ ဆက်သလေ၏။

**ခုနစ်ပြည်မင်းတို့ ရာဇသံပို့**

ခုနစ်ပြည်ထောင်မင်းတို့လည်း သဝဏ်စာရလျှင် ဝမ်းမြောက်ဝမ်းသာ များစွာသောဗိုလ်ပါအခြံအရံဖြင့် သာဂလပြည်သို့ အသီးသီး လာကြကုန်၏၊ သာဂလပြည်သို့ ရောက်ကြလျှင် အချင်းချင်း အကြောင်းကို မသိကြကုန်၊ ထိုခုနစ်ပြည်ထောင်မင်းတို့သည် အချင်းချင်း မေးမြန်းစုံစမ်းကြသောအခါ ပဘာဝတီကို ယူရန်လာကြောင်းကို သိကြလျှင် အလွန် ရှက်နိုးကြ၍ အမျက် ထွက်ကုန်၏၊ "အချင်းတို့.... မဒ္ဒရာဇ်မင်းအမှုကို ကြည့်ရှုကြကုန်၊ သမီးတယောက်ထည်းကို ငါတို့ခုနစ်ပြည်ထောင် မင်းတို့အား ပေးမည်တဲ့၊ မသင့်သောအမှုကိုပြုဘိ၏၊ ငါတို့ကိုအရှက်ခွဲဘိ၏၊ ချုပ်ချယ်ဘိ၏ဟု အမျက်ထွက်ကြကုန်၏။

ထို ခုနစ်ပြည်ထောင်မင်းတို့သည် မဒ္ဒရာဇ်မင်းကိုဖမ်းမည်ဟု တိုင်ပင်ညီညွတ်၍ မြို့တော်ကို ဝန်းရံကုန်လျက် "အဆွေတော် .... ငါတို့အား သမီးတော် ပဘာဝတီကိုလည်းပေးမည်လော, ငါတို့နှင့် စစ်ကိုလည်းထိုးမည်လော

အကြောင်းပြန်ကြားပါ''ဟု မဒ္ဒရာဇ်မင်းကြီးထံ ရာဇသံ သတင်းစကားကို ပေးပို့စေကုန်၏။

**ပဘာကိုပေးရန် လျှောက်တင်ပြန်**

မဒ္ဒရာဇ် မင်းကြီးလည်း ထိုခုနစ်ပြည် ထောင်မင်းတို့ထံမှ ရာဇသံကို ကြားရလျှင် အလွန်ကြောက်ရွံ့ထိတ်လန့်သည် ဖြစ်၍အမတ်တို့ကိုခေါ်ပြီးလျှင်''အမတ်တို့..ရာဇသံကိုကြားကြပြီမဟုတ်လော၊ အဘယ်သို့ပြုရလျှင် သင့်တော်မည်နည်း''ဟု မေးတော်မူ၏၊ အမတ်တို့သည်မင်းကြီးအား—

''အရှင်မင်းကြီး.... ခုနစ်ပြည် ထောင်သောမင်းတို့ ချပ်မိန်ညိုတို့ကိုဝတ်ဆင်ကုန်လျက် မြို့ရင်းသို့ ချဉ်းကပ်ကြကုန်၏၊ ဆင်တို့လည်း အလွန်ခက်ထန် ကြမ်းကြုတ်ကုန်၏၊ မြို့တော်တံတိုင်းကိုမဖျက်ဆီးမီ ပဘာဝတီကို ပေးတော်မူပါ''—

ဟု လျှောက်ထားကြကုန်၏။

**ခုနစ်ပိုင်းပိုင်းလေ ပေးပို့စေ**

ထိုအခါ မဒ္ဒရာဇ်မင်းကြီးသည် အမတ်တို့အားသမီးတော်ပဘာဝတီသည်တပါးသောကုသမင်းကိုပေးပါလျက် ပြန်လာဘိ၏ဟုဆိုလျက်—

''အမတ်တို့.... ပဘာဝတီကို တယောက်သောမင်းအား ပေးငြားအံ့၊ ကြွင်းသောမင်းတို့သည် စစ်ထိုးကုန်ရာ၏၊ ပဘာဝတီကား ဇမ္ဗူဒိပ်ကျွန်း၌ မြတ်သောမင်းဖြစ်သော ကုသမင်းကိုစင်လျက် စွန့်၍လာဘိ၏၊ လာရကျိုးနပ်အောင် ပဘာဝတီကို ခုနစ်ပိုင်းပိုင်း၍ ခုနစ်ပြည်ထောင်မင်းတို့ထံ ပို့စေမည်''—ဟု တင်းမာစွာ အမိန့်ပေးလေ၏။

**ကြောက်ရွံ့သွေးလျှမ်း ငိုမြည်တမ်း**

ထိုစကားသည်တမဟုတ်ချင်းနန်းတော်အလုံး ထင်ရှား၍ သွား၏၊ ထိုအခါ အလုပ် အကျွေးတို့သည် ပဘာဝတီထံ သွား၍ ရှင်မကို ခုနစ်ပိုင်းပိုင်း၍ ခုနစ်ပြည်ထောင်မင်းတို့ထံ ပို့စေမည်တဲ့ဟု လျှောက်ထားကြကုန်၏၊ ပဘာဝတီ ကြားလျှင် သေဘေးမှ အလွန်ကြောက်သဖြင့် နေရာမှထ၍ ညီမတော်တို့နှင့်တကွ အလုပ်အကျွေးအပေါင်း ခြံရံကာ မျက်ရည်ယိုစီးလျက် မယ်တော်မိဖုရားကြီးထံ သွား၍ရှိခိုးလျက် ငိုကြွေး မြည်တမ်းလေ၏။

"မိခင်.... အကျွန်ုပ်မျက်နှာကား ဆင်စွယ်ရိုးတပ်သော ကြေးမုံပြင်၌ကြည့်အပ်ပါ၏၊ တင့်တယ်ကောင်းမြတ်သော မျက်စိလည်းရှိပါ၏၊ အညစ်အကြေးမရှိ မှဲ့အမာရွတ်လည်းမရှိပါ၊ ကသယ်မှုံ့ဖြင့် အမြဲလိမ်းကျံပါ၏၊ သို့စင်လှပသောမျက်နှာကို ခုနစ်ပြည်ထောင်မင်းတို့သည် တောထဲ၌ စွန့်ပစ်ကြလိမ့်မည်တကား"။

"မိခင်.... အကျွန်ုပ်၏ဆံပင်တို့ကား ကောင်းစွာမည်းနက်ကုန်၏၊ အဖျားကော့ကုန်၏၊ နူးညံ့ကုန်၏၊ စန္ဒကူးဖြင့် လိမ်းကျံအပ်ကုန်၏၊ ကောင်းစွာညီညွတ်ကုန်၏၊ သို့စင် ကောင်းသောဆံပင်တို့ကို သုသာန်လယ်၌ လင်းတတို့သည် ခြေတို့ဖြင့် ဆွဲငင်ကြကုန်လိမ့်မည်တကား"။

"မိခင်.... အကျွန်ုပ်၏လက်တို့ကား နူးညံ့ကုန်၏၊ စန္ဒကူးဖြင့်လိမ်းကျံအပ်ကုန်၏၊ ကောင်းသောအမွေးရှိကုန်၏၊ နီသောလက်သည်းရှိကုန်၏၊ သို့စင်

လှပသောလက်တို့ကို ခုနစ်ပြည်ထောင်မင်းတို့သည် ဖြတ်၍ တော၌ပစ်သည်ရှိသော် ကျီးတို့သည် နှုတ်သီးဖြင့် ချီယူကိုက်ခဲလျက် အလိုရှိရာသို့ သွားကြကုန်လိမ့်မည်တကား”။

“မိခင်···· အကျွန်ုပ်၏သားမြတ်တို့ကား ရွှေထန်းသီးမှည့်နှင့်တူကုန်၏၊ ရင်၌ တွဲရွဲဆွဲကုန်၏၊ နူးညံ့သော စန္ဒကူးနံ့သာဖြင့် အမြဲထုံအပ်ကုန်၏၊ သို့စင်လှပသော သားမြတ်တို့ကို သားငယ်သည် အမိ၏သားမြတ်ကို စို့သကဲ့သို့ သုသာန်ပြင်၌ မြေခွေးအိုတို့သည် စို့ကြကုန်လိမ့်တကား”။

“မိခင်···· အကျွန်ုပ်၏ခါးသည်ကား နွားမေးရိုးဖြင့်ခတ်၍ ကောင်းစွာကြီးစေအပ်၏၊ ရွှေခါးကြိုးတို့ဖြင့် အမြဲတန်ဆာဆင်အပ်၏၊ သို့စင်လှပသောခါးကို ခုနစ်ပြည်ထောင်မင်းတို့သည် တော၌ အချည်းနှီးစွန့်ပစ်အပ်သဖြင့် စွန်ရဲတို့သည် နှုတ်သီးဖြင့် ချီယူစားသောက်ပြီး အလိုရှိရာ သွားကြကုန်လိမ့်တကား”။

“မိခင်····အိမ်ခွေး, မြေခွေး, ကျီးတို့သည်ရင်း, ခွေး ကျီး မှတပါး အခြားအစွယ်ရှိသော သတ္တဝါတို့သည်ရင်း အကျွန်ုပ်ပဘာဝတီ၏အသားကို စားရကုန်သောကြောင့် မအိုဘဲ နေကြလိမ့်ယောင်တကား”။

“မိခင်···· အဝေးသို့သွားကုန်သောမင်းသားတို့သည် အကျွန်ုပ်အသားကို အကယ်၍ယူဆောင်

သွားကုန်ပြားအံ့၊ အရိုးတို့ကို တောင်းယူ၍ ခရီးလမ်းမအနီး၌ သင်္ဂြိုဟ်ရစ်ပါ"။

"မိခင်···· အကျွန်ုပ်ကို သင်္ဂြိုဟ်ရာအရပ်၌ ပန်းခင်းတို့ကို ပြုတော်မူရစ်ပါ၊ ပန်းခင်းတို့၌ မဟာလှေကားပန်းတို့ကို စိုက်ပျိုးရစ်ပါ၊ ထိုမဟာလှေကားပန်းတို့သည်ဆောင်းလလွန်၍ ပွင့်သောအခါ၌ ငါ့သမီးတော် ပဘာဝတီသည် ဤမဟာလှေကားပန်းနှင့်တူသော အဆင်းရှိလေ၏ဟု အကျွန်ုပ်ကို အောက်မေ့တော်မူရစ်ပါ"။

ဤသို့လျှင် ပဘာဝတီသည် မယ်တော်ထံ၌ သေဘေးမှကြောက်သဖြင့် တီတီတာတာငိုကြွေးမြည်တမ်းရှာ၏။

**မယ်တော်မိဖုရား တောင်းပန်ပြား**

ခမည်းတော် မင်းကြီးလည်း သူသတ်ယောက်ျားတို့ကို ပုဆိန်နှင့် သားလှီးထားတို့ကို ယူဆောင်ကာလာကြကုန်ဟု ပြင်းပြင်းထန်ထန် အမိန့်ပေးတော်မူ၏၊ သူသတ်ယောက်ျားတို့လည်း အမိန့်တော်အတိုင်းရောက်လာကြကုန်၏၊ ထိုအကြောင်းလည်း တနန်းတော်လုံးထင်ရှား၍ သွားလေ၏။

မယ်တော်မိဖုရားကြီးလည်း ထိုအကြောင်းကိုကြား၍ သူသတ်ယောက်ျားတို့ကို မြင်လျှင် နေရာမှ လျင်စွာထ၍ မင်းကြီးထံသွားကာ ငိုကြွေးမြည်တမ်းလျက်—

"အရှင်မင်းကြီး···· ကောင်းမြတ်သောအမှတ်သညာ သေးငယ်သောခါးရှိသော သမီးတော်ပဘာ

ဝတီကို ဤပုဆိန်ကြီးဖြင့်သတ်၍ ခုနစ်ပြည်ထောင်မင်းတို့အား ပေးတော်မူလိမ့်မည်လား”–

ဟု လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးသည် “အရှင်မိဖုရားကြီး.... အဘယ်သို့ပြောဆိုသနည်း၊ ရှင်မိဖုရား၏သမီးသည် ဇမ္ဗူဒိပ်ကျွန်း၌ မြတ်သောမင်းဖြစ်သော ကုသမင်းကိုစင်လျက် အဆင်းမလှ ဟု စွန့်ပစ်၍ လာခဲ့သောလမ်းခရီး၌ ခြေရာမပျက်သေးမီ သေမင်းကို နဖူးပြင်ဖြင့်ဆောင်ယူ၍လာပြန်၏၊ မိမိအဆင်းကိုမှီ၍ ဤသို့ ခုနစ်ပိုင်းအပိုင်း ခံရသောအကျိုးကို ရသည်မဟုတ်လော” ဟု တင်းမာစွာ မိန့်ကြားလိုက်၏၊

**ကြောင်းကျိုးကိုပြ မိခင်ဆုံးမ**

ထိုအခါ မိဖုရားကြီးသည် တစုံတရာ ပြန်၍ မလျှောက်ထားဝံ့ဘဲ ငိုကြွေးမြည်တမ်းလျက် သမီးတော် ပဘာဝတီထံ လာပြန်၍–

“ချစ်သမီး.... သင်၏အကျိုးကို လိုလား၍ တောင်းပန်သောမိခင်စကားကို မလိုက်နာခဲ့၊ ချစ်သမီး ပဘာဝတီသည် ယနေ့ သွေးလိမ်းကျံလျက် သေမင်းအိမ်သို့ လိုက်ရလိမ့်မည်တကား”။

“ချစ်သမီး.... ရှည်မြင့်သောအကျိုးစီးပွားကို မြင်လေ့ရှိသဖြင့် အကျိုးစီးပွားကို လိုလားသောသူတို့စကားကို အကယ်၍မလိုက်နာငြားအံ့၊ထိုမလိုက်နာသောသူသည် ဤသို့ပျက်စီးခြင်းသို့ရောက်ရချေ၏၊ ယုတ်မာခြင်းသို့ ရောက်ရချေ၏တကား”။

"ချစ်သမီး····သင်သည် စိတ်အလိုသို့မလိုက်မူ၍ ကုသမင်းကြောင့်ဖြစ်သော နှစ်လိုဘွယ် ရွှေခါးကြိုး ပတ္တမြားခါးကြိုးကို ဆင်ယင်အပ်သောဆွေမျိုးအပေါင်းသည် ပူဇော်အပ်သော သတို့သားကို ဆောင်ရလတံ့၊ ဤသို့ဆောင်ရသည်ရှိသော် ယနေ့သေမင်းအိမ်သို့ မလိုက်ရလေတကား"။

"ချစ်သမီး···· ကုသဝတီ မင်းမျိုးအိမ်၌ စည်ကြီးကိုတီးဘိ၏၊ ဆင်ပြောင်သည်လည်း ကြိုးကြာသံမည်ဘိ၏၊ ထိုကုသဝတီမင်းမျိုးထက် အဘယ်မှာလွန်မြတ်သောချမ်းသာကို မြင်၍ ဤအရပ်သို့ ပြေးလာဘိသနည်း"။

"ချစ်သမီး····ကုသဝတီမင်းမျိုး၌ အဆောင်မက မြင်းတို့ဖြင့် ခြံရံအပ်သော မင်္ဂလာမြင်းသည် မြူးရွှင်ဘိ၏၊ စောင်းသမားလည်း နန်းတော်တံခါး၌သီချင်းဆိုကာတီးဘိ၏၊ ထိုကုသဝတီမင်းမျိုးထက် အဘယ်မှာလွန်မြတ်သောချမ်းသာကိုမြင်၍ ဤအရပ်သို့ ပြေးလာဘိသနည်း"။

"ချစ်သမီး····ကုသဝတီမင်းမျိုး၌ ဥဒေါင်းကြိုးကြာတို့တွန်မြူးရာဖြစ်၏၊ ဥဩတို့ မပြတ်တွန်မြူးရာဖြစ်၏၊ ထိုကုသဝတီမင်းမျိုးထက် အဘယ်မှာလွန်မြတ်သောချမ်းသာကို မြင်၍ ဤအရပ်သို့ ပြေးလာဘိသနည်း"။

ဤသို့လျှင် မယ်တော်မိဖုရားကြီးသည် ပဘာဝတီနှင့်ငိုယိုမြည်တမ်း ပြောဆိုပြီးလျှင်"ချစ်သမီး····ယခုအခါ ကုသ

မင်းမြတ်သည် ငါတို့ပြည်၌ အကယ်၍ရှိပါမူ၊ ခုနစ်ပြည် ထောင်မင်းတို့ကို ပြေးစေ၍ ငါ့သမီးတော် ပဘာဝတီကို ဆင်းရဲမှ လွတ်စေပြီးလျှင် ခေါ်ဆောင်၍ သွားပေရာ၏”ဟု ပြောဆိုလျက် သမက်တော်ကို တမ်းတတော်မူရှာ၏၊ ကုသ မင်း၏ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုတော်မူရှာ၏။

ကုသမင်းရောက်နေ လျှော့ထားလေ

ထိုအခါ ပဘာဝတီသည် ကုသမင်း၏ အကြောင်းကို ပါးစပ် မဆန့်အောင် ပြောဆို တမ်းတနေသော မယ်တော် ကြီး စကားကို ကြားလျှင် သက်သာရာရ၍ အားတက်သ ရောဖြစ်ကာ မယ်တော်ကြီးကို ကုသမင်း ဤပြည်၌ပင် ရှိကြောင်းကို ဖွင့်၍ပြောတော့မည် ဟု ကြံစည်လျက်—

“မိခင်····တပါးသောရန်သူ တပါးသောတိုင်း ပြည်ကို နှိမ်နင်းနိုင်၍ ကောင်းမြတ်သော ပညာရှိ သော ကုသမင်းမြတ်ကား ဤပြည်၌ပင် ရှိပါ၏၊ ကုသမင်းမြတ်သည် ရန်သူအလုံးစုံကို သတ်ပါ လိမ့်သတည်း”—

ဟု ကုသမင်း ထင်ရှားရှိကြောင်းကို အတိအလင်း လျှောက်ထားလေ၏။

မိခင်မြင်ရန် ညွှန်ပြပြန်

ထိုအခါ မယ်တော်ကြီးသည် ဤပဘာ ဝတီကား သေဘေးမှ ကြောက်သဖြင့် ယောင်ယမ်း မြည်တမ်းသည် ဟု အောက်မေ့လျက်—

“ချစ်သမီး···· သင်စိတ် ဖေါက် ပြန်သဖြင့် ယောင်ယမ်း မြည်တမ်း သလော၊ သင်အလွန်မိုက်

မဲ တွေဝေသည်ဖြစ်၍ ဤစကားကို ဆိုသလော၊
အကယ်၍ ကုသမင်း လာသည်ရှိသော် ငါတို့သည်
ထိုကုသမင်းကို အဘယ်သို့ သိရကုန်လိမ့်နည်း”—

ဟု ပြောဆိုကာ မောင်းမဲလေ၏၊ ထိုအခါ ပဘာဝတီသည် ငါ့မယ်တော်ကား ဤပြည်သို့ရောက်၍ ခုနစ်လရှိသည်ကိုမသိလေ၊ လက်ညှိုးထိုး၍ ပြတော့မည်ဟု ကြံစည်လျက် “မိခင်....မယုံလျှင် ပြပါမည်ဆို၍ လက်ကိုဆွဲကာလေသွန်တံခါးကိုဖွင့်၍ ကုသမင်းကို လက်ညှိုးညွှန်းပြီးလျှင်—

“မိခင်.... ကြည့်တော်မူပါ၊ ခါးတောင်းမြဲစွာ ကျိုက်လျက် ဦးခေါင်းကို ငုံ့ပြီး အိုးခွက် ဆေးနေသော စဖိုသည်ကား ကုသမင်းမြတ် ပင်တည်း၊ မိခင်သည် သမီးတော်တို့လေသာနန်းတံခါးကြားမှ ကြည့်တော်မူပါ”—

ဟု အသေ အချာပြလေ၏၊ ကုသမင်းလည်း အိုးခွက်တွေဆေးနေရင်း“အင်း....ယနေ့ ငါ့စိတ်အလို ပြီးမြောက်တော့မည်၊ ပဘာဝတီသည် သေဘေးမှ ကြောက်သောကြောင့် ငါလာနေသော အဖြစ်ကို ပြောဆိုပေလတံ့”ဟု ကြံစည်မိလေ၏။

**မိခင်ဝမ်းမြောက်**
**မင်းကြီးလျှောက်**

မယ်တော် မိဖုရားကြီးလည်းကုသမင်းမြတ်ကို ကိုယ်တိုင်ဒိဋ္ဌမြင်ရသောအခါ ဖြစ်လေခြင်းဟု ရင်ထုမနာဖြစ်လျက်—

“ချစ်သမီး.... သင်ကား တောင်းရွေသမားသမီးလေလော၊ ဒွန်းစဏ္ဍားသမီးလေလော၊ သို့မဟုတ် အမျိုးဖျက် မိန်းမလေလော၊ မဒ္ဒရာဇ်မင်း

မျိုး၌ဖြစ်ပါလျက် မိမိလင်ယောကျ်ားကို အဘယ်ကြောင့် ကျွန်ပြုရသနည်း”–

ဟု ဆဲရေး မြည်တမ်းလေ၏၊ ထိုနောက် ပဘာဝတီသည် ဤကုသမင်းကား ငါ့ကိုမှီ၍ စဖိုသည် လုပ်နေသည်ကို မသိယောင်တကား၊ သိအောင် လျှောက်ထားမည်ဟု ကြံစည်က–

“မိခင်…· အကျွန်ုပ်သည် တောင်းရွှေသမားသမီးမဟုတ်ပါ၊ ဒွန်းစဏ္ဍားသမီးလည်းမဟုတ်ပါ၊ အမျိုးဖျက် မိန်းမလည်းမဟုတ်ပါ၊ သင်မိခင်သည်သာ ဥက္ကာကရာဇ် မင်းကြီး၏ သားတော် ကုသမင်းမြတ်ကို ကျွန်ဟု အောက်မေ့တော် မူဘိ၏တကား”။

“မိခင်…·ဥက္ကာကရာဇ် မင်းကြီး၏ သားတော် ကုသမင်းမြတ်သည် နှစ်သောင်းသော ပုဏ္ဏားတို့ကို အခါခပ်သိမ်း ဆွမ်းကျွေးတော်မူဘိ၏၊ မိခင်သည် ထိုကုသမင်းမြတ်ကို ကျွန်ဟု မှတ်ထင်တော် မူသလော”။

“မိခင်…·ဥက္ကာကရာဇ် မင်းကြီး၏ သားတော် ကုသမင်းမြတ်သည် နှစ်သောင်းသောဆင်တို့ကိုအခါခပ်သိမ်းက စေတော်မူဘိ၏၊ မိခင်သည် ထိုကုသမင်းမြတ်ကိုကျွန်ဟု မှတ်ထင်တော်မူသလော”။

“မိခင်…· ဥက္ကာကရာဇ်မင်းကြီး၏ သားတော် ကုသမင်းမြတ်သည် နှစ်သောင်းသော မြင်းတို့ကို အခါခပ်သိမ်းကစေတော်မူဘိ၏၊မိခင်သည် ထိုကုသမင်းမြတ်ကိုကျွန်ဟုမှတ်ထင်တော်မူသလော”။

"မိခင်…ဥက္ကာကရာဇ်မင်း၏သားတော် ကုသမင်းမြတ်သည် နှစ်သောင်းသောရထားတို့ကို အခါခပ်သိမ်း ကစေတော်မူဘိ၏၊ မိခင်သည် ထိုကုသမင်းမြတ်ကို ကျွန်ဟုမှတ်ထင်တော်မူသလော"။

"မိခင်…. ဥက္ကာကရာဇ်မင်းကြီး၏ သားတော် ကုသမင်းမြတ်သည် နှစ်သောင်းသော နို့ညှစ်နွားမတို့ကို အခါခပ်သိမ်း နို့ညှစ်စေတော်မူဘိ၏၊ မိခင်သည်ထိုကုသမင်းမြတ်ကို ကျွန်ဟုမှတ်ထင်တော်မူသလော"။

ဤသို့လျှင် ပဘာဝတီသည် ကုသမင်း၏ ဂုဏ်ကျေးဇူးတို့ကိုချီးကျူးကာ ချေပလျှောက်ထားလေ၏။

**ခမည်းတော်သိပြန်**
**ကုသတောင်းပန်**

ထိုအခါ မယ်တော်သည် ဤပဘာဝတီကား မကြောက်မရွံ့ ပြောဆိုဘိ၏၊ စဖိုအိမ်၌ နေသောသူသည် မုချကုသမင်းဖြစ်၏ဟု ယုံကြည်သဖြင့် မဒ္ဒရာဇ်မင်းကြီးထံ သွား၍ ထိုအကြောင်းကို တင်လျှောက်လေ၏၊ မဒ္ဒရာဇ်မင်းကြီးလည်း လျင်မြန်စွာ သမီးတော်ပဘာဝတီထံသို့ လာလတ်၍ "ချစ်သမီး….ကုသမင်းငါတို့ပြည်ရောက်နေသည်ဆိုရာမှန်သလော"ဟု မေး၏၊ "ဘခင်…မှန်ပါ၏၊သမီးတော်တို့စားတော်ချက် ပြုလုပ်နေသည်မှာ ယနေ့ခုနစ်လပြည့်ပါပြီ"ဟု လျှောက်ထားလေ၏၊ မဒ္ဒရာဇ်မင်းကြီးလည်း ယုံတော်မမူသဖြင့် အထိန်းတော်ခုဇ္ဇာကို မေးတော်မူပြန်ရာ၊ဟုတ်မှန်ကြောင်းလျှောက်ထားမှ ယုံကြည်တော်မူသဖြင့် အံ့အားသင့်ကာ သမီးတော်ကို အမျက်ထွက်လျက်—

''ဟယ်–အမိုက်မ···· ခွန်အားကြီးမားလျက် ပြည့်ရှင်မင်းဖြစ်သော ကုသမင်းမြတ်ကို နင်တို့ ဘားသူငယ်ကဲ့သို့ ပြုကျင့်ခြင်းသည် စင်စစ်မကောင်း စွတကား-ငါတို့ပြည်သို့ ကုသမင်းမြတ် ရောက်နေ ခြင်းကို ငါ့အား မပြောကြားခြင်းသည် မကောင်းစွ တကား''–

ဟုကဲ့ရဲ့ပြစ်တင်ပြီးလျှင် ကုသမင်းမြတ်ထံသို့ လျင်မြန် စွာသွား၍ လက်အုပ်ချီလျက်–

''ကုသမင်းမြတ်··အရှင်မင်းမြတ်သည်အကျွန်ုပ် တို့အပြစ်ကို သည်းခံတော်မူပါ၊ မထင်ရှားသော အသွင်ဖြင့် ဤသာဂလမြို့တော်သို့ အရှင်မင်းမြတ် ရောက်လာတော်မူခြင်းကို အကျွန်ုပ်တို့ မသိရပါ ကုန်''–

ဟုမိမိတို့အပြစ်ကို ပြကာ တောင်းပန်လေ၏။

ကုသမင်းကြားရ ဝမ်းမြောက်လှ

ကုသမင်းသည် ထိုစကားကိုကြားလျှင် ငါသည် ယခုအခါ ကြမ်းကြုတ်သော စကားကိုဆို ငြားအံ့၊ မဒ္ဒရာဇ်မင်းကြီး သည် ဤနေရာမှာပင် မုချရင်ကွဲပေလတ့်၊ သက်သာရာကို ရစေမည်ဟု နှလုံးသွင်းကာ အိုးခွက်ကြား၌ရပ်လျက်–

''အရှင်မင်းကြီး···· အကျွန်ုပ်သည် စဖိုသည် ဖြစ်ရ၏၊ထိုသို့ဖြစ်ရခြင်းသည် အကျွန်ုပ်ကဲ့သို့သော မင်းအား မလျောက်ပတ်ပါ၊ အရှင်မင်းကြီးသာ အကျွန်ုပ်ကိုကြည်ညိုတော်မူလော့၊ အရှင်မင်းကြီး အား မကောင်းသဖြင့်ပြုအပ်သောအပြစ်မရှိပါ''–

ဟုမဒ္ဒရာဇ်မင်းကြီးအားပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ မဒ္ဒရာဇ်မင်းကြီးသည် ကုသမင်းထံမှ အစေ့အစပ်စကားကိုရခဲ့လျှင် လျင်မြန်စွာ နန်းပြာသာဒ်သို့တက်ပြီးလျှင် ပဘာဝတီကိုခေါ်၍ "အမိုက်မ…ယခုအမြန်သွား၍ ကျေးဇူးရှင် ကုသမင်းမြတ်ကို ကန်တော့ချေ၊ ကန်တော့သည်ရှိသော် ကုသမင်းမြတ်သည် သင့်အား အသက်ကိုပေးလိမ့်မည်" ဟုမိန့်ဆို၍ အကန်တော့လွှတ်လိုက်၏။

**ပဘာ သွားရောက် တောင်းပန်ချော့**

ထိုအခါ ပဘာဝတီသည် ညီမတော်တို့နှင့်တကွ အလုပ်အကျွေးတို့ဖြင့် ခြံရံလျက် ကန်တော့ရန် ကုသမင်းမြတ်ထံသွားရလေ၏၊ ထိုအခိုက် ကုသမင်းမြတ်လည်း အမှုလုပ်အသွင်ဖြင့် ရပ်လျက် ပဘာဝတီ မိမိထံလာသည်ကို သိ၍ ယနေ့အမိုက်မ၏ မာနကိုချိုးလျက် ငါ့ခြေရင်း၌ ညွန်ထဲ၌ ဝပ်စေမည်ဟု နှလုံးသွင်းကာ ခပ်ထားသောအလုံးစုံသော ရေတို့ကိုသွန်၍ နင်းနယ်ပြီးလျှင် ပတ်ပတ်လည် ညွန်ဖြစ်အောင် ပြုလုပ်၍ထားလင့်၏၊ ပဘာဝတီရောက်လာလျှင် ကုသမင်းမြတ်ခြေရင်းဖြစ်သောညွန်ပျောင်းအပြင်၌ ရင်ဖြင့်ဝပ်လျက်—

"အရှင်မင်းမြတ်…· အရှင်မင်းမြတ်နှင့်ကင်းကွာ၍ လွန်ခဲ့သောညဉ့်တို့ကား ခုနစ်လရှိကုန်ပြီ၊ အရှင်မင်းမြတ်၏ ခြေတော်တို့ကို ရှိခိုးပါ၏၊ အကျွန်ုပ်အား အမျက်မထွက်ပါလင့်"။

"အရှင်မင်းမြတ်…·အရှင်မင်းမြတ်မနှစ်သက်သော အမှုတို့ကို ပြုလုပ်မိပါ၏၊ အလုံးစုံသော

အပြစ်ကို ဝန်ခံပါ၏၊ အရှင်မင်းမြတ်·· အကျွန်ုပ်
၏စကားကို နာတော်မူပါ၊ တဖန် အရှင်မင်းမြတ်
မနှစ်သက်သောအမှုကို မပြုတော့ပါ"။

"အရှင်မင်းမြတ်·· ဤသို့အကျွန်ုပ်တောင်းပန်
သောစကားကို အကယ်၍ မလိုက်နာသည်ဖြစ်အံ့၊
ထိုသို့မလိုက်နာခဲ့သော် ယခု အကျွန်ုပ်ကိုသတ်၍
ခုနစ်ပြည်တောင်မင်းတို့ကို ပေးပါလိမ့်မည်"–
ဟု ခယတောင်းပန် လျှောက်ထားလေ၏။

သည်းခံပြန်ရ
မင်းကုသ

ထိုအခါ ကုသမင်းမြတ်သည် "ပဘာ
ဝတီ···· သင်သာသိရပေလိမ့်မည်"ဟု
အကယ်၍ ပစ်ပစ်ခါခါဆိုလိုက်ငြားအံ့၊
ဤနေရာမှာပင် ရင်ကွဲ၍သေရာ၏၊ ငါသက်သာရစေမည်
ဟု ကြံစည်လျက်–

"ရှင်မပဘာဝတီ···· ရှင်မ မကြောက်ပါလင့်၊
ရှင်မအား အမျက်မထွက်ပါ၊ ဤသို့ရှင်မ ပဘာဝတီ
တောင်းပန်ပါလျက် ရှင်မ၏စကားကို အဘယ်မှာ
မလိုက်နာဘဲနေပါမည်နည်း၊ လိုက်နာပါမည်"။

"ရှင်မပဘာဝတီ···· ရှင်မ၏အလုံးစုံသောအ
ပြစ်ကို ငါသည်းခံပါ၏၊ ငါ့စကားကို နားထောင်
ဦးလော့၊ ငါလည်းနောက်ထပ်တဖန် ရှင်မမနှစ်
သက်သောအမှုကို မပြုတော့ပါ"။

"ရှင်မပဘာဝတီ···· ငါသည် များစွာသော
မဒ္ဒရာဇ်မင်းမျိုးတို့ကို သတ်၍ ရှင်မကို ယူနိုင်သော

အစွမ်းရှိပါလျက် ရှင်မကို အလိုရှိ၍သာ များစွာ
သောဆင်းရဲကို သည်းခံပါ၏”—

ဟု ပဘာဝတီအား အပြစ်မထား သည်းခံကြောင်းကို ပြောဆိုလေ၏။

**ကြွေးကြော်ကြိုးဝါး စစ်ဆင်ငြား**

ထိုနောက် သိကြားမင်း၏ အခြံအရံနှင့်တူသော မိမိ၏အခြံအရံကို မြင်တည့်လျှင် မင်းဟူသော မာန်မာနကို ဖြစ်စေလျက် “ငါထင်ရှားရှိနေစဉ် ငါ့မယားကို တပါးသောမင်းတို့ယူ၍ သွားကြမည်တဲ့” ဟု ခြင်္သေ့မင်းကဲ့သို့ မင်းရင်ပြင်၌ တင့်တယ်စမ္ပယ်တော်မူလျက် မြို့တော်အလုံး၌နေသောသူတို့သည် ငါလာသောအဖြစ်ကို သိစေကုန်သတည်း ဟု ဟစ်ကြွေးကြော်ကာ လက်ပမ်းပေါက်ခပ်လျက် ယခု ခုနစ်ပြည်တောင်မင်းတို့ကို အရှင်ဖမ်းယူမည်” ဟု ကြိုးဝါးတော်မူလျက်—

“အချင်းတို့.... ရှေးဦးစွာ အထူးထူးသော
တန်ဆာတို့ဖြင့် ဆန်းကြယ်လျက် ရဲရင့်တည်ကြည်
ကုန်သောမြင်းတို့ကို ရထား၌ကကြကုန်၊ နောက်
ရန်သူမင်းတို့ကို နှိမ်နင်းသောငါ၏ လုံ့လအားအ
စွမ်းတို့ မြင်ကြရလိမ့်မည်”—

ဟု အမိန့်ပေးကာ စစ်သည်ဗိုလ်ပါတို့ကို ပြင်ဆင်စေ၏၊ ထိုနောက် ပဘာဝတကိုခေါ်၍ “ရှင်မပဘာဝတီ....ရန်သူတို့ကို ဖမ်းခြင်းကား ငါ၏တာဝန်တည်း၊ “ရှင်မ....သင်သွားချေ၊ ရေချိုး၍တန်ဆာဆင်ပြီးလျှင် ပြာသာဒ်ထက်သို့ တက်နှင့်လေ” ဟု ပဘာဝတီကို စေလွှတ်လိုက်၏။

**လက်ပမ်းခပ်ရုံ သိမ့်သိမ့်တုန်**

မဒ္ဒရာဇ်မင်းကြီးလည်း ကုသမင်းမြတ်ကို ပြုပြင်ပေးရန် အမတ်တို့ကို စေလွှတ်လိုက်၏၊ အမတ်တို့လည်း ကုသမင်းမြတ်အား စဖိုအိမ်တံခါးဝမှာပင်တင်းတိမ်ကာရံစေလျက် ဆေတ္တာသည်ကို မုတ်ဆိတ်ဆံပင်တို့ကို ပြုပြင်စေ၏၊ ပြုပြင်ပြီးလျှင် ကုသမင်းမြတ်လည်း ဦးခေါင်းနှင့်တကွ ရေချိုး၍ တန်ဆာဆင်ပြီးလျှင် အမတ်အပေါင်းခြံရံလျက် ပြာသာဒ်ထက်သို့တက်တော့မည်အပြုတွင် အရပ်မျက်နှာတို့ကိုကြည့်၍ လက်ပမ်းပေါက်ခပ်လေ၏၊ ကြည့်တိုင်း ကြည့်တိုင်းသောအရပ်မျက်နှာသည် သိမ့်သိမ့်တုန်၍သွား၏၊ ထိုအခါ ကုသမင်းသည် "အချင်းဘို့ ယခုအခါ ငါ၏လုံ့လအားအစွမ်းကို ကြည့်ရှုကြကုန်"ဟု ကြုံးဝါးတော်မူပြန်၏။

**ဆင်တော်စီးလျက် စစ်ချီတက်**

ထို့နောက်မဒ္ဒရာဇ်မင်းကြီးသည် ကုသမင်းမြတ်ထံသို့ မြတ်သောထီးဖြူကိုစိုက်ထောင်၍ တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်ကို ပို့စေ၏၊ ကုသမင်းမြတ်လည်း မင်္ဂလာဆင်တော်၏ ကျောက်ကုန်းထက်သို့ တက်တော်မူပြီးလျှင် ကြင်ယာတော်ပဘာဝတီကို နောက်ကနေစေ၍ အင်္ဂါလေးပါးရှိသော စစ်သည်အပေါင်းခြံရံလျက် အရှေ့တံခါးမှ ထွက်တော်မူလတ်၍ သူတပါးစစ်သည်ကို ကြည့်တော်မူလျက် "ငါကုသမင်းတည်း၊ အသက်ကိုအလိုရှိကုန်သောသူတို့သည် ရင်ဖြင့်ဝပ်ကြကုန်"ဟု ခြင်္သေ့မင်း၏အသံနှင့်တူသော အသံကို ဟစ်ကြွေးကြုံးဝါးလျက် ရန်သူတို့ကို နှိမ်နင်းတော်မူ၏။

**ရန်သူထွက်ပြေး သိကြားဆုပေး**

ကုသမင်းမြတ်၏ အသံကိုကြားရသော ခုနစ်ပြည်ထောင် မင်းတို့သည် ခြင်္သေ့မင်း၏ အသံကိုကြားရသော သားအပေါင်းတို့သည် သေဘေးမှကြောက်သည်ဖြစ်၍ ပြေးကြကုန်သကဲ့သို့ ကုသမင်း၏အသံဘေးမှ ကြောက်ကုန်သည်ဖြစ်၍ ပြေးကြကုန်၏၊ ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ, ခြေသည်သူရဲတို့သည် အချင်းချင်း ထိုးခုတ်ရိုက်နှက် ပစ်ခတ် သတ်ဖြတ်ကြကုန်၏၊ ထိုအခါသိကြားမင်းသည် စစ်မြေပြင်ဦး၌မြင်ရ၍ အလွန်နှစ်သက်ဝမ်းမြောက်သော စိတ်ရှိရကား ကုသမင်းမြတ်အား ဝေရောစနမည်သောပတ္တမြားကို ဆက်သလေ၏။

**ရန်သူချည်နှောင် မင်းထံဆောင်**

ကုသမင်းမြတ်သည် ခုနစ်ပြည်ထောင်မင်းတို့ကို အောင်မြင်၍အရှင်လတ်လတ် ဖမ်းဆီးချည်နှောင်ပြီးလျှင် မဒ္ဒရာဇ်မင်းကြီးထံသို့ ယူဆောင်ကာ "ဘခင်မင်းမြတ်....ဤခုနစ်ပြည်ထောင်မင်းတို့ကား ဘခင်မင်းမြတ်၏ ရန်သူတို့ဖြစ်သည်၊ ထိုမင်းတို့ကို အလိုရှိတိုင်းပြုတော်မူပါ၊ သတ်လိုကလည်း သတ်တော်မူပါ၊ လွှတ်လိုကလည်း လွှတ်တော်မူပါ" ဟု လျှောက်ထားပြီးလျှင် ဆက်သလေ၏။

မဒ္ဒရာဇ်မင်းကြီးလည်း လက်ခံတော်မမူဘဲ "ကုသမင်းမြတ်.... ဤခုနစ်ပြည်ထောင်မင်းတို့ကား အကျွန်ုပ်၏ရန်သူတို့မဟုတ်ကုန်၊အရှင်မင်းမြတ်၏ ရန်သူတို့သာဖြစ်ပါသည်၊ အရှင်မင်းမြတ်လည်း အကျွန်ုပ်တို့ကိုအစိုးရသော မင်းဖြစ်

ပါ၏၊ အရှင်မင်းမြတ်သည်သာ ထိုခုနစ်ပြည်ထောင်မင်းကို အလိုရှိတိုင်းပြုတော်မူပါ၊ သတ်လိုကလည်း သတ်တော်မူပါ၊ လွှတ်လိုကလည်းလွှတ်တော်မူပါ” ဟု လျှောက်ထားပြီးလျှင် ကုသမင်းမြတ်အား တဖန်ပြန်၍ အပ်နှင်းတော်မူ၏။

**သမီးတော်ပေးလျက် ရွှေးလမ်းဆက်**

ထိုအခါ ကုသမင်းမြတ်သည် မဒ္ဒရာဇ်မင်း၏ စကားကိုကြားလျှင် “ဘခင်မင်းမြတ်.... ထို ခုနစ်ပြည်ထောင်မင်းတို့ကို အကျွန်ုပ်အား အပ်နှင်းပါလျှင် ဤမင်းတို့ကိုသတ်သဖြင့်အကျိုးမရှိပါ၊ထိုမင်းတို့လာခဲ့ရခြင်းလည်း အကျိုးမဲ့မဖြစ်စေသင့်ပါ၊ ပဘာဝတီ၏ ညီမတော်ခုနစ်ယောက်တို့ရှိပါ၏၊ ထိုညီမတော်တို့လည်း နတ်သမီးတမျှ လှပတင့်တယ်ပါကုန်၏၊ ထိုညီမတော် ခုနစ်ယောက်တို့ကို ခုနစ်ပြည်ထောင်မင်းတို့အားတယောက်စီ ပေးစားလက်ထပ်၍ ရွှေသမက် ဖမ်းတော်မူပါ” ဟုလျှောက်ထားပြန်၏။

မဒ္ဒရာဇ်မင်းကြီးသည် ကုသမင်းမြတ်၏စကားကိုကြားရလျှင် ခုနစ်ပြည်ထောင်မင်းတို့လည်း လာရကျိုးနပ်ကြမည်၊ ငါ့မှာလည်း သမီးတော်ခုနစ်ယောက်ကို အကြောင်းပြု၍ ခုနစ်ပြည်ထောင်မင်းတို့နှင့် ရွှေသမက်ဖမ်းကာ ရွှေလမ်းငွေလမ်း ဖေါက်ရပေမည်ဟု အလွန်နှစ်သက်ဝမ်းမြောက်လျက် “ကုသမင်းမြတ်.... အရှင်မင်းမြတ်သည် အကျွန်ုပ်တို့ကိုဋ္ဌင်း, သမီးတော်တို့ကိုဋ္ဌင်း, တိုင်းသူပြည်သားတို့ကိုဋ္ဌင်း အစိုးရသောမင်းဖြစ်ပါ၏၊ သမီးတော်တို့ကို အလိုရှိတိုင်း ပေးတော်မူပါ” ဟု အပ်နှင်းတော်မူပြန်၏။

**သို့းတော်ယူပြန် တိုင်းပြည်ပြန်**

ကုသမင်းသည် မဒ္ဒရာဇ်မင်းကြီးထံမှခွင့် ရလျှင် ခုနစ်ပြည်ထောင် မင်းတို့ကို အနှောင်အဖွဲ့မှ လွှတ်ကာ အသက်ကို ချမ်းသာပေးတော်မူ၏၊ ပဘာဝတီ၏ ညီမတော် ခုနစ်ယောက်တို့ကိုလည်း အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၍ ခုနစ်ပြည်ထောင်မင်းတို့အား တယောက်စီ လက်ထပ်ကာ ပေးအပ်တော်မူ၏၊ ခုနစ်ပြည်ထောင်မင်းတို့လည်း အသက်ကိုလည်းရကြ၍ မိမိတို့အလိုရှိသော သမီးကညာကိုလည်းရကြသဖြင့် ကုသမင်းအား အလွန်ကြည်ညို လေးစားကြကုန်၏၊ မိမိတို့ရသောသမီးကညာကို ဆောင်ယူကာ မိုလ်ပါနှင့်တကွ မိမိတို့တိုင်းပြည်သို့ အသီးအသီးပြန်ကြကုန်၏။

**ကုသမင်းလိုပြည့် ထီးနန်းမွေ့**

ကုသမင်းမြတ်လည်း မိမိ အလိုတော်ပြည့်၍ မဒ္ဒရာဇ်မင်းကြီးနှင့် မိဖုရားကြီးတို့ကိုရှိသေစွာပန်ကြားပြီးလျှင် သိကြားမင်းဆက်သသော ဝေရောစနပတ္တမြားရတနာကို ယူလျက် ပဘာဝတီနှင့်အတူ ရထားတစီးတည်းစီးနင်း၍ စစ်သည်မိုလ်ပါအပေါင်းခြံရံကာ မိမိနေရာ ကုသဝတီပြည်ကြီးသို့ ပြန်လေ၏၊ အထူးအားဖြင့် ကုသမင်းမြတ်နှင့် ပဘာဝတီ မင်းမိဖုရားတို့လည်း ဝေရောစန ပတ္တမြားရတနာတန်ခိုးကြောင့် တဦးနှင့်တဦး သူမသာငါမသာညီမျှသောအဆင်းအရောင်ရှိကြသဖြင့် မေတ္တာသက်ဝင် ချစ်ခင်နှစ်သက်ကြကုန်၏။

ထိုကုသဝတီပြည်ကြီးသို့ ကုသမင်းမြတ်နှင့် ပဘာဝတီ မိဖုရားတို့ရောက်လျှင်ခမည်းတော်ဥက္ကာကရာဇ်မင်းကြီးနှင့်

မယ်တော် သီလဝတီမိဖုရားကြီးမှစ၍ နန်းတွင်းသူနန်းတွင်းသားမှူးမတ်ဗိုလ်ပါ တိုင်းသူပြည်သားတို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကြကုန်၏။

ဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိရသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မယ်တော်ခမည်းတော်တို့သည်-ယခုအခါ မယ်တော်ခမည်းတော်တို့။
※ သိကြားမင်းသည်-အနုရုဒ္ဓါ။
※ ညီတော်ဇယပတိမင်းသားသည်-အာနန္ဒာ။
※ အထိန်းတော်ခုဇ္ဇာသည်-ခုဇ္ဇုတ္တရာ။
※ ပဘာဝတီသည်-ရာဟုလာမယ်တော်။
※ မင်းပရိသတ်သည်-ငါဘုရားပရိသတ်။
※ ကုသမင်းမြတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိလေသာညှဉ်း၊ အရှက်ကင်း၊ ကြောက်ခြင်းမရှိပါ။
(၂) ဂုဏ်သရေကင်း၊ တန်ခိုးကင်း၊ ကင်း၏အားစွမ်းပါ။
(၃) ပညာဉာဏ်ကင်း၊ လုံ့လကင်း၊ မသွင်းလူ့နေရာ။

(၄) ကိလေသာဖမ်း၊ ရှင်ရဟန်း၊ လူ့ပြမ်းခိုချင်ရှာ။
(၅) ထိုရဟန်းကား၊ နိမိတ်ငါး၊ ထင်ရှားပြလိမ့်မှာ။
(၆) သီလဝတ်နွမ်း၊ သဒ္ဓါပန်း၊ ညှိုးနွမ်းတော့သည်သာ။
(၇) အဆင်းညစ်ထေး၊ ကိလေချွေး၊ နေရေးမမွေ့ရှာ။
(၈) စုတိလိုက၊ နတ်ပြည်မှ၊ တူမျှ နတ်ပမာ။

ကုသ ဇာတ်ပြီး၏၊

---

## ၅၃၂-သောဏနန္ဒဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

မိခင်လုပ်ကျွေး ရဟန်းကလေး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အမိအဘကို လုပ်ကျွေးသော ရဟန်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

သောဏ-နန္ဒ သားနှစ်ဝ

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်သည်ဗြဟ္မဝဍ္ဎနမြို့အမည်ရှိသတတ်၊ ထိုဗြဟ္မဝဍ္ဎနမြို့၌ မနောဇမင်း မင်းပြုသည်ရှိသော် ထိုမြို့၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗြာဟ္မဏ မဟာသာလမျိုးဖြစ်သော ပုဏ္ဏားတယောက်သည် သားသမီးမရှိ၊ ထိုပုဏ္ဏားသည် တနေ့သ၌ ပုဏ္ဏေးမကို "ရှင်မ.. သားဆုကို တောင်းပါ"ဟု တိုက်တွန်း၏၊ ပုဏ္ဏေးမသည် သားဆုကိုတောင်းလေ၏။

ထိုအခါ ဘုရားအလောင်းသည် ဗြဟ္မာပြည်မှ စုတိခဲ့၍ ထိုပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေနေ၏၊ ဘွားမြင်သောအခါ သူငယ်အား သောဏသတို့သားဟု အမည်မှည့်ကုန်၏၊ ထိုသတို့သား ခြေဖြင့် သွားနိုင်သောအခါ အခြားဗြဟ္မာတယောက်သည် ဗြဟ္မာပြည်မှ စုတိ၍ ထိုပုဏ္ဏားမဝမ်း၌ပင် ပဋိသန္ဓေနေလာပြန်၏၊ ဘွားမြင်သောအခါ သူငယ်အား နန္ဒသတို့သားဟု အမည်မှည့်ကုန်၏။

**အိမ်ထောင်ပြုရန် လက်မခံ** ထိုသတို့သား ညီအစ်ကို နှစ်ယောက်တို့သည် အရွယ်သို့ရောက်၍ အတတ်ပညာ သင်ကြား တတ်မြောက်သောအခါ ပုဏ္ဏားကြီးသည် သောဏ သတို့သားကို အိမ်ရာထောင်ခြင်းအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ကြမည်ဟု ပုဏ္ဏေးမအား ပြောကြားတိုင်ပင်၏၊ ပုဏ္ဏေးမလည်း ကောင်းပြီဟု ဝန်ခံ၍ သားကြီးသောဏ သတို့သားအား အိမ်ရာထောင်ရန် တိုက်တွန်းလေ၏၊ ထိုအခါ သောဏ သတို့သားသည် "မိခင်.... အိမ်ရာမထောင်လိုပါ၊ အသက်ရှည်သမျှ မိခင်ဘခင်တို့ကို လုပ်ကျွေးပါမည်၊ မိခင်ဘခင်တို့ ကွယ်လွန်သောအခါ ဟိမဝန္တာသို့ဝင်၍ ရဟန်းပြုပါမည်"ဟု ပြောကြားလေ၏၊ ပုဏ္ဏေးမလည်း ထိုအကြောင်းကို ပုဏ္ဏားအား ပြောကြား၏။

အမိအဘတို့လည်း သောဏ သတို့သားကို အဖန်ဖန် တိုက်တွန်း၍ မရလျှင် နန္ဒသတို့သားကို ခေါ်၍ အိမ်ရာထောင်ရန် တိုက်တွန်းပြန်၏၊ နန္ဒ သတို့သားလည်း "မိခင်ဘခင်တို့....အကျွန်ုပ်အိမ်ရာမထောင်လိုပါ၊ နောင်

တော်ထွေးပစ်သော တံထွေးကို ဦးခေါင်းဖြင့် မရွက်လိုပါ၊ မိဘတို့လွန်လျှင် ရဟန်းပြုပါအံ့” ဟု ပြောကြားပြန်၏။

**မိခင်နှင့်တကွ တောထွက်ကြ**

ထိုအခါ အမိအဘတို့သည် ဤသူငယ်တို့ကား ငယ်ရွယ်စဉ်ကပင် ကာမဂုဏ်ချမ်းသာကို စွန့်ကြ ကုန်သေး၏၊ ငါတို့ကား အဘယ်မှာဆိုဖွယ်ရာရှိအံ့နည်း၊ ငါတို့အလုံးစုံ ရဟန်းပြုအံ့ဟု အကြံအစည်ဖြစ်၍ “အမောင်တို့..ငါတို့သေလွန်မှ ရဟန်းပြုသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အလုံးစုံငါတို့ လေးယောက်လုံးပင် ရဟန်းပြုကုန်အံ့”ဟု ပြောဆိုတိုင်ပင်ပြီးလျှင် မင်းကြီးကို ပန်ကြား၍ သက်ရှိသက်မဲ့ အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ ဗြဟ္မဝဍ္ဎန မြို့တော်မှ ထွက်ပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုလျက်တော သစ်သီး သစ်ဥတို့ဖြင့် မျှတကာ နေကုန်၏။

**ရသေ့ညီနောင် သစ်သီးဆောင်**

ရသေ့ ညီနောင် နှစ်ယောက် တို့သည် နံနက် စောစောထ၍ မျက်နှာသစ်ရေ ဒန်ပူပေးခြင်း,သောက်ရေ, သုံးဆောင်ရေတည်ထားခြင်း,သစ်သီးကိုရှာဖွေ၍ကျွေးမွေးခြင်း,ရေချိုးစေခြင်း, ခြေဆုပ်လက်နယ် ပြုခြင်းစသော ဝတ်ကြီး ဝတ်ငယ်တို့ကို မလစ်လပ်ရအောင် ပြုလုပ်၍ မိဘတို့ကို မွေးမြူကြကုန်၏၊ ဤသို့လျှင် ရှိသေစွာ လုပ်ကျွေး ပြုစုကြကုန်၏၊ သားနှစ် ယောက်ကို အမှီပြုကာ အမိ အဘ တို့လည်း ချမ်းသာစွာ နေရကုန်၏။

ကာလ ရှည်ကြာလတ်သော် နန္ဒပညာရှိသည် အစ်ကိုကြီးအရင် ဦးအောင် အမိ အဘတို့ကို ငါလုပ်ကျွေးမည်၊

ငါ၏ သစ်သီးကြီး ငယ်တို့ကိုသာ အမိအဘတို့ကို စားစေမည်ဟု ကြံစည်လျက် စောစောကပင် တောသို့ သွား၍ ရရသမျှသော သစ်သီးတို့ကို ဆောင်ယူကာ အမိအဘတို့အား ဆက်ကပ်လေ၏၊ အမိအဘတို့လည်း နန္ဒပညာရှိ၏ သစ်သီးတို့ကို စားပြီးလျှင် ခံတွင်းကို ဆေးကြော၍ ဥပုသ် စောင့်ကြ၏။

**နန္ဒကျွေးလျက် သစ်သီးပျက်**

သောဏ ပညာရှိကား ဝေးလံသော တောအရပ်သို့သွား၍ ကောင်းနိုးရာ, ချိုနိုးရာ,မှည့်နိုးရာသစ်သီးတို့ကိုသာရွေးချယ်ဆွတ်ခူးခဲ့၍ အမိ,အဘ တို့အား ဆက်ကပ်လေ၏၊ ထိုအခါ အမိ,အဘတို့သည် "ချစ်သားသောဏ····ညီတော် နန္ဒယူဆောင်ခဲ့သောသစ်သီးတို့ကို စောစောကပင် စား၍ ဥပုသ်ဆောက်တည်အပ်ပြီ၊ ငါတို့အား အလိုမရှိပြီ" ဟု ပြစ်ပယ်ကုန်၏၊ ထို့ကြောင့် သောဏပညာရှိ၏သစ်သီးတို့သည် သုံးဆောင်ခွင့်မရသဖြင့် ပျက်စီးကုန်၏၊ နက်ဖြန်နေ့၌လည်း ထို့အတူ ပျက်စီးကုန်၏။

**ညီငယ်ပြောပြ ဆိုဆုံးမ**

ဤသို့ ပျက်စီးဖန်များလတ်သော် သောဏပညာရှိသည် ငါကား အဘိညာဉ်ရသော သူဖြစ်သောကြောင့် ဝေးလံသောအရပ်သို့သွားကာ ကောင်းနိုးရာ,ချိုနိုးရာ,မှည့်နိုးရာ, သစ်သီးတို့ကိုသာ ဆောင်ယူခဲ့၏၊ အမိ,အဘတို့အိုမင်းကုန်၏၊ငါ့ညီနန္ဒကား ရရသမျှမမှည့်သော မကောင်းသောသစ်သီးတို့ကို ဆောင်ယူ၍ ကျွေးမွေး၏၊ ဤသို့ပြုလျှင် ကြာမြင့်စွာအသက်ရှည်ကြမည်မဟုတ်၊ ငါ့ညီနန္ဒကို တားမြစ်မှ

တော်မည် ဟု ကြံစည်လျက် နန္ဒပညာရှိကိုခေါ်၍"ညီတော်နန္ဒ.... အမောင်သည် ငါလာသည်တိုင်အောင် ဆိုင်းငံ့ဦးလော့၊ ငါလာမှ ငါတို့အတူတကွ မိဘတို့ကို ကျွေးမွေးမည်"ဟု ပြောဆိုလေ၏၊ ညီတော်နန္ဒပညာရှိကား နောင်တော်ဆုံးမသောစကားကို မလိုက်နာ၊ မိမိတဦးတည်းကုသိုလ်ဖြစ်ရန်ကိုသာ ရည်စူး၍ နောင်တော်လာအောင်မဆိုင်းငံ့ဘဲ ကျွေးမြဲတိုင်းသာ ကျွေးနှင့်၏။

**ညီကိုဒဏ်ပြု နှင်ထုတ်မှု**

ထိုအခါ နောင်တော် သောဏသည် ငါ့ညီနန္ဒကား ဆုံးမစကားကို နားမထောင်၊ ပြုမြဲတိုင်းသာပြုဘိ၏၊ နှင်ထုတ်တော့မည်၊ နောက်မှ ငါတဦးတည်းသာ မယ်တော် ခမည်းတော်တို့ကို လုပ်ကျွေးတော့မည် ဟု ကြံစည်ပြီးလျှင် နန္ဒကို ခေါ်၍ "အမောင်နန္ဒ.... အမောင်ကား ငါဆုံးမသောစကားကိုမလိုက်နာ၊ငါကား အစ်ကိုကြီးဖြစ်၍ အမိ,အဘတို့ကား ငါ့တာဝန်သာဖြစ်၏၊ ငါသာလုပ်ကျွေးတော့မည်။ သင်ဤအရပ်မှာမနေလင့်၊ အရပ်တပါးသို့သွားလေ"ဟု နှင်ထုတ်လေ၏။

ထိုအခါ ညီတော်နန္ဒသည် နောင်တော်နှင်ထုတ်သဖြင့် နောင်တော်ထံ၌ မနေဝံ့ရကား နောင်တော်ကို ရှိခိုးပြီးလျှင် ထိုအကြောင်းကို အမိ, အဘတို့ထံ ပြောကြား၍ မိမိကျောင်းတွင်းသို့ဝင်ကာ ကသိုဏ်းပရိကံကို ကြိုးစားအားထုတ်သဖြင့် ထိုနေ့မှာပင် အဘိညာဉ်သမာပတ်ကိုရလေ၏။

**နောင်တော်တောင်းပန် ကန်တော့ရန်**

ထိုနောက် အကြံတခုဖြစ်သည်မှာ ငါသည် ယခုအခါမြင်းမိုရ်တောင် ခြေရင်းမှ ရတနာသဲတို့ကို ယူ

ဆောင်ကာ နောင်တော်၏ကျောင်းပရိဝုဏ်၌ကြွ၍ ကန်တော့ခြင်းငှါစွမ်းနိုင်၏၊သို့သော်လည်း မတင့်တယ်၊ အခနောတတ်ရေကိုယူ၍ ကန်တော့သော်လည်း မတင့်တယ်၊ စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်, သိကြားမင်းတို့ကိုခေါ်၍ ကန်တော့သော်လည်း မတင့်တယ်၊ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မနောဇမင်းကို မြတ်သောမင်းပြုလျက် ၎င်းမင်းနှင့်တကွ တကျွန်းလုံးရှိမင်းတို့ကို ဆောင်ယူ၍ ကန်တော့လျှင် ငါ့နောင်တော်၏ဂုဏ်ကျေးဇူးတို့သည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေလတို့အသွင် ထင်ရှားကုန်ရာ၏၊ ဤနည်းဖြင့်ကန်တော့မည် ဟု ကြံစည်လေ၏။

**မနောဇမင်းအား အကြံပြောကြား**

ထိုနောက် နန္ဒပညာရှိသည် မိမိကြံထားသောအတိုင်းပြီးမြောက်ရန် ခဏချင်းလျှင် ဗြဟ္မဝဍ္ဎနမြို့ မနောဇမင်းထံသွား၍ နန်းတော်တံခါးတွင်ရပ်လျက် မင်းကြီးကို တွေ့လိုသည်ဟု အကြောင်းကြားစေ၏၊ မနောဇမင်းလည်း ရသေ့ရဟန်းအား တွေ့မြင်ခြင်းဖြင့် အကျိုးမရှိ၊ အာဟာရအကျိုးငှါ လာသည်ဖြစ်လိမ့်မည် ဟု ထမင်းကို ပို့စေ၏၊ နန္ဒပညာရှိသည် အလိုမရှိ၊ ဆန်ကိုပို့စေပြန်၏၊ အလိုမရှိ၊ အဝတ်ကို ပို့စေပြန်၏၊ အလိုမရှိ၊ ကွမ်းကိုပို့စေပြန်၏၊ အလိုမရှိ၊ ထိုအခါမင်းကြီးသည် ရသေ့ထံအဘယ်အကျိုးငှါ ကြွလာသနည်း ဟု တမန်စေလိုက်၏၊နန္ဒပညာရှိလည်း မင်းကြီးကို လုပ်ကျွေးရန်လာသည် ဟု ပြောကြား၏၊ မင်းကြီးကတဖန် ငါ့မှာအလုပ်အကျွေးများ၏၊ ရဟန်းတရားကိုသာ အားထုတ်ပါ ဟု လျှောက်စေပြန်၏၊ ထိုအခါ နန္ဒပညာရှိသည် ငါသည် မင်းကြီးကို ငါ၏အစွမ်းဖြင့်

ဇမ္ဗူဒိပ်တကျွန်းလုံးကို သိမ်းယူပေးပြီးလျှင် မြတ်သောမင်း အဖြစ်ကိုပြုမည် ဟု ပြောလိုက်ပြန်၏။

**မင်းကြီးနှစ်သက် စစ်ချီတက်**

မနောဇမင်းသည် ထိုစကားကိုကြား လျှင် ရသေ့ရဟန်းတို့မည်သည် ပညာ ရှိကုန်၏၊ တစုံတခုသောအကြောင်းကို သိကုန်လတံ့ဟု ကြံစည်၍ နန္ဒပညာရှိကို ပင့်စေပြီးလျှင် မြတ်သောနေရာ၌ နေစေ၍ ရှိခိုးလျက် "အရှင်ဘုရား.... အရှင်ဘုရားတို့သည် အကျွန်ုပ်အား ဇမ္ဗူဒိပ်တကျွန်းလုံး ကို ယူပေးပြီးလျှင် မြတ်သောမင်းအဖြစ်ကို ပြုမည်ဆိုရာ ဟုတ်မှန်ပါသလော"ဟုမေး၏၊ "မြတ်သောမင်းကြီး.... ဟုတ်မှန်ပေ၏၊ "ကောင်းပြီ ဘယ်နည်းဖြင့် ယူပေးမည် နည်း"ဟုမေး၏ "အယုတ်ဆုံးယင်ယယ်သောက်လောက်ရုံမျှ သွေးမထွက်စေဘဲ အရှင်မင်းကြီး၏ ဥစ္စာကိုလည်း မကုန် စေဘဲ ငါ၏တန်ခိုးဖြင့် ယူပေးမည်၊ အနည်းငယ်ပြောလို သည်မှာ မကြာမြင့်စေနှင့် ယနေ့ပင်လျှင် ထွက်သင့်သည်" ဟု မိန့်ဆိုလေ၏၊ ထိုအခါ မနောဇမင်းလည်း နန္ဒပညာရှိ စကားကို ယုံကြည်သဖြင့် စစ်သည်အပေါင်းခြံရံလျက်ထွက် လေ၏။

**မင်းကြီးစစ်ချီ နန္ဒကူညီ**

နန္ဒပညာရှိသည် ပူသောအခါ အရိပ် ကိုဖန်ဆင်း၍ပေး၏၊ မိုးရွာသောအခါ စစ်သည်တို့အပေါ်၌မိုးမရွာအောင်ဖန် ဆင်း၍ပေး၏၊ အအေးကိုဖင်း,အပူကိုဖင်း တားမြစ်၍ပေး ၏၊ ခရီးလမ်း၌လည်း ဆူးငြောင့်ခလုတ်မှစ၍ ခပ်သိမ်း သော ဘေးရန်တို့ကို ကာကွယ်၏၊ ခရီးလမ်းကိုလည်း ကသိုဏ်းဝန်းကဲ့သို့ ညီညွတ်အောင်ပြုပြင်၏၊ မိမိကိုယ်တိုင်

စစ်သည်တို့အပေါ်ကောင်းကင်၌ စမ္မခဏ်ကိုခင်း၍ ထက်ဝယ်ပလ္လင်ဖြင့်နေ၍ လိုက်တော်မူ၏။

**ကောသလတိုင်းတွင် ထိုးစစ်ဆင်**

ဤနည်းဖြင့် စစ်သည်တို့ကို ယူဆောင်လျက် ရှေးဦးစွာ ကောသလတိုင်းသို့ သွား၍ ရောက်လျှင် မြို့တော်အနီး၌ သစ်တပ်တည်၍ နေပြီးလျှင် ငါတို့အားစစ်ကိုလည်းထိုးမည်လော၊ ထီးနန်းကိုလည်း ပေးမည်လောဟု ရာဇသံကိုစေလွှတ်လိုက်၏၊ ထိုအခါကောသလမင်းသည် လွန်စွာအမျက်ထွက်၍ ငါတို့လည်း မင်းမဟုတ်ပါလောဟု ကြုံးဝါးကာ စစ်ထိုးရန် စစ်သည်အပေါင်းခြံရံလျက် မြို့တော်မှထွက်၏၊ စစ်သည်နှစ်ဦးတို့လည်း ပြိုင်ဆိုင်မိလျှင် တဦးနှင့်တဦးစစ်ထိုးရန် ပြင်ဆင်အားထုတ်ကုန်၏။

**သွေးမြေမကျ အောင်ပွဲရ**

နန္ဒပညာရှိသည် စစ်သည်နှစ်ဦးတို့အလယ်၌နေ၍ မိမိနေရာ စမ္မခဏ်ပိုင်းကိုကြီးစွာဖန်ဆင်းပြီးလျှင် ဖြန့်၍စစ်သည်နှစ်ဦးတို့ ပစ်အပ်သောမြားတို့ကိုခံ၏၊ တဦးသောစစ်သည်မှမြားမမှန်လေ၊ လက်ရှိမြားတို့ကုန်လတ်သော် လက်မှိုင်ချကာ ရပ်ကြရကုန်၏၊ ထိုအခါနန္ဒပညာရှိသည် မနောဇမင်းထံသွား၍ "မြတ်သောမင်းကြီး ·· မကြောက်လင့်"ဟု အားပေးပြီးလျှင်ကောသလမင်းထံသွားပြန်၍ "မြတ်သောမင်းကြီး··မကြောက်လင့်၊ အရှင်မင်းကြီးအား ဆန့်ကျင်ဘက်ရန်သူမရှိ၊ အရှင်မင်းကြီးတိုင်းပြည်သည် အရှင်မင်းကြီးအားသာဖြစ်လတ္တံ့၊ စင်စစ်ကား မနောဇမင်းအလိုသို့ လိုက်ပါ"ဟု ပြောဆို၏၊ ကောသလမင်းလည်း နန္ဒပညာရှိစကားကိုယုံကြည်၍ ကောင်းပြီဟု ဝန်ခံ၏၊ ထိုအခါကော

သလမင်းကြီးကို မနောဇ မင်းကြီးထံသို့ ဆောင်ယူ၍ "မြတ်သောမင်းကြီး… ဤကောသလမင်းကြီးသည် အရှင်မင်းကြီးတို့အလိုသို့လိုက်လတံ့၊ ထိုကြောင့် ဤကောသလတိုင်းပြည်သည် ကောသလမင်းအား ဖြစ်ပါစေ" ဟု စေ့စပ်၏၊ မနောဇမင်းလည်း ကောင်းပြီဟု ဝန်ခံ၍ နှစ်ဦးသောစစ်သည်တို့ကို ယူကာအင်္ဂတိုင်းသို့ သွားကြကုန်၏။

**ဇမ္ဗူဒိပ်တွင် အောင်ပွဲဆင်**

အင်္ဂတိုင်းသို့ရောက်ပြန်လျှင်လည်း ရှေးနည်းအတူသိမ်းယူပြီးလျှင် မဂဓတိုင်းသို့သွား၍ သိမ်းယူပြန်၏၊ ဤသို့လျှင် ဇမ္ဗူဒိပ် တကျွန်းလုံးရှိ တိုင်းပြည်တို့ကို သိမ်းယူပြီးလျှင် မင်းတို့ကို မိမိအလိုသို့လိုက်စေ၍ မင်းအပေါင်း ခြံရံကာ ဗြဟ္မဝဍ္ဍနမြို့သို့ သွားလေ၏၊ နန္ဒပညာရှိသည် မိမိတန်ခိုးဖြင့် ဇမ္ဗူဒိပ်တကျွန်းလုံးကိုသိမ်းယူခဲ့ရာ(ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်) ကြာလေ၏၊ မနောဇမင်းလည်း အထူးထူးသောမင်းနေပြည်တို့မှ အထူးထူးသော ဘောဇဉ်တို့ကို ဆောင်ယူခဲ့စေပြီးလျှင် တရာ့တပါးသော မင်းတို့ကိုခေါ်၍ အတူတကွ မွန်မြတ်သော အဖျော်ကိုသောက်လျက် ခုနစ်ရက်ပတ်လုံး ဇမ္ဗူဒိပ်တကျွန်းလုံး အလိုပြည့်သော အထိမ်းအမှတ်ဖြင့် အောင်ပွဲကြီးခံလေ၏၊ နန္ဒရသေ့လည်း အောင်ပွဲမပြီးမီ မိမိကိုယ်ကို မပြလိုသဖြင့် ခုနစ်ရက်ပတ်လုံး မြောက်ကျွန်း၌ ဆွမ်းခံကာမျှတပြီးလျှင် ဟိမဝန္တာ၌ နေတော်မူ၏။

**ကျေးဇူးဆပ်ရန် မင်းကြီးကြံ**

မနောဇ မင်းလည်း ခုနစ်ရက်မြောက်နေ့၌ မိမိ၏ကြီးစွာသော စည်းစိမ်ချမ်းသာ ဂုဏ်ကြက်သရေဖြင့် တင့်တယ်

ခြင်းကိုမြင်လျှင် ဤစည်းစိမ်ကို ငါ့မယ်တော်လည်းမပေး၊ ခမည်းတော်လည်းမပေး၊ နန္ဒပညာရှိသည် ပေးအပ်၏၊ နန္ဒပညာရှိကို မမြင်သည်မှာ ခုနစ်ရက်ရှိချေပြီ၊ ဤစည်းစိမ်ကိုပေးသဖြင့် ကျေးဇူးရှင်ဖြစ်ပေသော နန္ဒပညာရှိကား အဘယ်မှာနည်းဟု ကြံစည်အောက်မေ့တော်မူ၏။

နန္ဒပညာရှိလည်း မနောဇမင်း၏ စိတ်အကြံကို သိလျှင် လာလတ်၍ကောင်းကင်၌ရပ်၏၊ ထိုအခါ နန္ဒရသေ့ကိုမြင်လျှင် မနောဇမင်းသည် ကြံပြန်၏၊ ဤရသေ့ကို နတ်ဖြစ်သည်၊ လူဖြစ်သည်ကို ငါမသိခဲ့၊ အကယ်၍ လူဖြစ်ငြားအံ့၊ ဇမ္ဗူဒိပ်ကျွန်းအလုံး မင်းအဖြစ်ကိုငါပေးအံ့၊ အကယ်၍ နတ်ဖြစ်ငြားအံ့၊ ပူဇော်သက္ကာရကိုပြုအံ့ဟု ကြံစည်ပြန်၍–

> "အို-ရှင်ရသေ့.... ရှင်ရသေ့သည် စာတုမဟာရာဇ် နတ်လော၊ ဂန္ဓဗ္ဗနတ်လော၊သို့မဟုတ်သိကြားမင်းလော၊ သို့မဟုတ် တန်ခိုးကြီးသောလူ ဖြစ်သလော"-

ဟု မသိသဖြင့် မေးလျှောက်လေ၏။

**နန္ဒအလိုကျမင်းပြောပြ**

နန္ဒပညာရှိသည် မနောဇမင်းကြီးအား လူသားဖြစ်သောသူမြတ်တို့၏ အကျင့်ကို ကျင့်သောသူဖြစ်သည်ကိုပြောလျက်–

> "မြတ်သောမင်းကြီး.... ငါကား စာတုမဟာရာဇ် နတ်လည်းမဟုတ်၊ ဂန္ဓဗ္ဗနတ်လည်း မဟုတ်၊ သိကြားမင်းလည်းမဟုတ်၊ တန်ခိုးကြီးသော လူသားစစ်ဖြစ်၏"–

ဟု ပြန်ကြားပြောဆိုလေ၏၊ထိုအခါ မနောဇမင်းသည် ရသေ့အား–

"အို-ရှင်ရသေ့.... ရှင်ရသေ့ကား အကျွန်ုပ်တို့အား အလွန်ကျေးဇူးများပေ၏၊ ဘေးရန်အပေါင်းကို ကာကွယ်လျက် ဇမ္ဗူဒိပ်ကျွန်း အလုံး၌ရှိသော တိုင်းပြည်တို့ကို သိမ်းယူပေးပြီးလျှင် တရာ့တပါး သောမင်းတို့ကို အလို သို့လိုက်စေ၍ အကျွန်ုပ်အား ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မြတ်သောမင်းအဖြစ်ကိုလည်း ပေးပေ၏"။

"အို-ရှင်ရသေ့....အကျွန်ုပ်တို့သည် အရှင်ရသေ့အား ဝမ်းမြောက်စွာ လိုရာဆုမြတ်ကို ပေးလှူပါမည်၊ လိုရာဆုမြတ်ကို မိန့်တော်မူပါ၊ ဇမ္ဗူဒိပ်ကျွန်း၌ မင်းအဖြစ်ကို လိုသလော၊ မြို့ရွာကို လိုသလော၊ ဥစ္စာရတနာကိုတည်းလိုသလော"-

ဟု ဖိတ်မန်လေ၏၊ ထိုအခါ နန္ဒရသေ့သည် မင်းကြီးအား-

"မြတ်သောမင်းကြီး.... ငါသည်ဇမ္ဗူဒိပ်ကျွန်း မင်းအဖြစ်ကိုလည်း မလို၊ မြို့ရွာကိုလည်း မလို၊ ပစ္စည်းဥစ္စာရတနာကိုလည်း မလို၊ငါ့ကို အကယ်၍ ချစ်ခင်ကြည်ညိုပါအံ့၊ ငါပြောလတံ့သော စကားတခွန်းကိုသာ လိုက်နာပါ"။

"မြတ်သောမင်းကြီး.... အရှင်မင်းကြီး နိုင်ငံတော်အတွင်း၌ ငါ၏ မိဘနှစ်ဦးတို့နေကြပါကုန်၏၊ ထိုမိဘ နှစ်ဦးတို့အား ငါသည် နောင်တော်ကိုပြစ်မှားမိသောကြောင့် လုပ်ကျွေးခွင့် မရပါ၊ လုပ်ကျွေးခွင့်ရအောင် နောင်တော် ပဉာရှိကို ကန်တော့တောင်းပန် ပေးစေ လိုပါ၏"။

"အို-ရှင်ရသေ့.... ရှင်ရ၏လွှအမိန့် အတိုင်း လိုက်နာပါမည်၊ နောင်တော် ပညာရှိကို တောင်းပန်ရာ၌ အဘယ ဖျလောက် လူများ တောင်းပန်ရမည်ကို အမိန့်ပေးတော်မူပါ"။

"မြတ်သောမင်းကြီး.... ဇနပုဒ်တရာ၌ နေကြသော ဂဟပတိ မဟာသာလ, ဗြာဟ္မဏ မဟာသာလ, တရာသောမင်း, အရှင်မင်းကြီး ဤအလုံးစုံသော သူတို့ လိုက်၍ကန်တော့ စေလိုပါ၏"—ဟု မိန့်တော်မူ၏။

**ရသေ့သောဏ တန်ခိုးပြ**

ထိုအခါ မနောဇ မင်းကြီးသည် အရှင်ဘုရား ကောင်းပြီဟု ဝန်ခံပြီးလျှင် အမတ်တို့ကိုခေါ်၍ စစ်အင်္ဂါလေးပါးရှိသော စစ်သည်တို့ကို စီရင်စေပြီးလျှင် ဂဟပတိ မဟာသာလ, ဗြာဟ္မဏ မဟာသာလ, တရာသော မင်းတို့နှင့်တကွ နှစ်ဆယ့်လေးခေါဘိဏီ အရေ အတွက် ရှိသော စစ်သည်ဗိုလ်ပါတို့ဖြင့် ခြံရံကာ နန္ဒ ပညာရှိ နောက်သို့ လိုက်ကြလျက် သောဏပညာရှိနေရာ ရသေ့ကျောင်းသို့ သွားကြကုန်၏။

ထိုအခါ သောဏပညာရှိသည် နန္ဒပညာရှိ ထွက်သွားသည်မှာ ခုနစ်နှစ်,ခုနစ်လ,ခုနစ်ရက်ရှိခဲ့ပြီ အကြောင်းအသို နည်းဟု ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်ရှုလတ်သော် နှစ်ဆယ့်လေးခေါဘိဏီရှိသောစစ်သည်နှင့်တကွ တရာ့ တပါးသော မင်းတို့ကို ခေါ်၍ ကန်တော့ရန်လာသည်ကို မြင်လေ၏၊ ထိုအခါ နန္ဒနှင့်ပါလာသော ပရိသတ်သည် နန္ဒ၏တန်ခိုး

ပြာဒိုဟာကိုမြင်ရ၍ ငါ၏တန်ခိုးပြာဋိဟာကို မမြင်ရလျှင် ငါ့ကိုပြစ်မှား၍ အဝီစိငရဲ၌ ကျကြကုန်လတ့်၊ ထိုသူတို့ကို သနားသဖြင့် ငါ၏တန်ခိုးပြာဋိဟာကိုပြမည်ဟုကြံစည်ကာ လက်လေးသစ်ရှိသော ပခုံးစွန်းကိုမထိစေဘဲ ကောင်းကင်၌ ထမ်းပိုးကိုထားလျက် အနောတတ်အိုင်သို့ ရေခပ်အံ့သောငှါ မနောဇမင်း၏ မနီးမဝေးကောင်းကင်၌ ကြွတော်မူ၏။

**မင်းအများမြင်မေးလျှော်တင်**

နန္ဒပညာရှိ လည်း အစ်ကို သောဏပညာရှိလာသည်ကို မြင်လျှင် ကိုယ်ကို မပြဝံ့သဖြင့် ကွယ်၍ ပြေးသွားကာ ဟိမဝန္တာသို့ဝင်လေ၏၊ မနောဇမင်းလည်း သောဏပညာရှိကို အံ့ဘွယ်သရဲဖြင့် လာလတ်သည်ကိုမြင်လျှင်—

"အို—ရှင်ရသေ့.... လက်လေးသစ် ရှိသော ပခုံးစွန်းကို မထိစေဘဲ ကောင်းကင်သို့ သွားဘိ၏၊ ရေခပ်အံ့သောငှါ သွားသောအရှင်ဘုရား၏ ထိန်သားဖြင့်ပြီးသော ထမ်းပိုးသည် အဘယ်သူ၏ထမ်းပိုးပေနည်း"—

ဟု မေးလျှောက်လေ၏၊ထိုအခါ သောဏပညာရှိသည် မင်းကြီးအား—

"မြတ်သောမင်းကြီး... ငါကားသီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သောဏမည်သော ရသေ့ပေတည်း၊ မပျင်းမရိနေ့ညဉ့်မပြတ် အမိအဘတို့ကို လုပ်ကျွေးမွေးမြူပါ၏"။

"မြတ်သောမင်းကြီး···· ရှေးအခါ ငယ်စဉ်က ပြုခဲ့ဘူးသော ကျေးဇူးကို အစဉ်အောက်မေ့လျက် တောအရပ်၌ သစ်သီးကြီးငယ်တို့ကိုရင်း, သစ်မြစ် သစ်ဥတို့ကိုရင်း ဆောင်ယူ၍ အမိအဘတို့ကိုမွေးမြူပါ၏"—

ဟု ပြောဆိုမိန့်ကြားလေ၏၊ ထိုအခါ မနောဇမင်းကြီး သည် သောဏပညာရှိနှင့် အကျွမ်းတဝင်ဖြစ်လိုရကား—

"အို—ရှင်ရသေ့···· ကောသိယ အနွယ်ဖြစ် သော အရှင်သောဏရသေ့နေသောကျောင်းတော် သို့ အကျွန်ုပ်သွားလိုပါကုန်၏၊ လမ်းခရီးကိုညွှန် ကြားတော်မူပါ၊ အရှင်ဘုရား ကျောင်းတော်သို့ သွားပါကုန်အံ့"—

ဟု ထပ်မံ၍ လျှောက်ထားပြန်၏။

**ကျောင်းသို့သွားရန် လမ်းညွှန်ပြန်**

ထိုအခါသောဏရသေ့သည် တန်ခိုးဖြင့် ခရီးလမ်းဖန်ဆင်းပြီးလျှင်မင်းကြီးအား-

"မြတ်သော မင်းကြီး···· ဤတယောက်သွား လောက်ရုံမျှဖြစ်သော ခြေကြောင်းခရီးဖြင့် သွား ကြပါ၊ သွားလတ်သော် တိမ်ညို အဆင်းရှိသော ကသစ်ပွင့်တို့ဖြင့် ဖုံးလွှမ်းအပ်သော တောအုပ်ကို မြင်ရပါလိမ့်မည်၊ ထိုတောအုပ်၌ နေပါ၏"—

ဟု ကျောင်းသို့သွားရာ ခရီးလမ်းကို ညွှန်ပြပြီးလျှင် အနောတတ်အိုင်သို့ လျင်မြန်စွာသွား၍ သောက်ရေကို ခပ်ယူကာ တောပန်းတို့ဖြင့် ရေအိုးတို့ကို ဖုံးလွှမ်းလျက်

တရာ့တပါးသောမင်းတို့ ကျောင်းသို့မရောက်မီပြန်ခဲ့၍ လူ အများသောက်ရန် ရေအိုးစဉ်၍ထားလေ၏၊ မြက်ဆုပ်ကို ယူပြီးလျှင် ကျောင်းကို တံမြက်လှည်း၏၊ ခမည်းတော် ရသေ့ကြီးထိုင်ရန် နေရာခင်းပြီးလျှင် ကျောင်းတွင်းသို့ဝင်၍ ခမည်းတော်ရသေ့ကြီးအား များသော အခြံအရံရှိသော တရာ့တပါးသောမင်းတို့ ကန်တော့ရန် လာကြပါသည်၊ ထို့အတွက် အပြင်သို့ထွက်၍နေတော်မူရန် လျှောက်ထား ၏၊ ခမည်းတော်ရသေ့ကြီးလည်း ကျောင်းအပြင်သို့ ထွက် ၍ ခင်းထားသောနေရာ၌ ထိုင်တော်မူ၏၊ မယ်တော်ရသေ့ မကြီးလည်း နောက်နိမ့်သောနေရာ၌နေတော်မူ၏၊ သော ဏရသေ့ကား နိမ့်သောနေရာ၌ နေတော်မူ၏။

**မင်းပေါင်းရုံကာ နန္ဒ လာ**

မနောဇမင်းကြီးလည်း သောဏရသေ့ ညွှန်ပြသောလမ်းခရီးဖြင့်အစဉ်အတိုင်း သွားကာ ရသေ့ကျောင်းအနီးသို့ရောက် လျှင် သစ်တပ်တည်ကာ တည်းခို၍နေ၏၊ ညီတော် ရသေ့ လည်း နောင်တော် သောဏ ရသေ့သည် ရေခပ်ပြီး ၍ ကျောင်းသို့ ပြန်လာသောအခါမှ မနောဇမင်းကြီး ၏ အထံသို့ သွား၍ သစ်တပ်၌ နေတော်မူ၏၊ မနောဇ မင်းကြီးလည်း သစ်တပ်၌ခေတ္တအပန်းဖြေပြီးလျှင် ရေချိုး၍ တန်ဆာဆင်ကာ တရာသောမင်းတို့ဖြင့်ခြံရံလျက် နန္ဒရသေ့ ကို ယူဆောင်ပြီးလျှင် ကန်တော့ရန် ရသေ့ကျောင်းသို့လာ လေ၏။

**အကြောင်းသိရေး ခမည်းတော်မေး**

ခမည်းတော် ရသေ့ကြီးသည် တရာ သောမင်းတို့ဖြင့် ခြံရံလျက်လာသော မနောဇမင်းကြီးကို မြင်လျှင် မနိုင်း

ယှဥ်အပ်သော စည်းစိမ်ဥစ္စာအခြံအရံ စစ်သည်ဗိုလ်ပါတို့ဖြင့် တင့်တယ်စွာလာသောမင်းကြီးကား အဘယ်မင်းဖြစ်သနည်း”ဟုမေးတော်မူ၏၊ ထိုအခါ သောဏရသေ့သည် “ခမည်းတော်…ယခုလာသောမင်းကား ရန်အပေါင်းကိုမြင်၍ ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော မနောဇမင်းဖြစ်ပါ၏၊ ထိုမင်းသည် ညီတော်နန္ဒရသေ့ပြစ်မှားလွန်ကျူးမိသောအပြစ်ကို ကန်တော့တောင်းပန်ရန် လာပါ၏” ဟု လျှောက်လေ၏။

**ပဋိသန္ထာရစကား မင်းလျှောက်ထား**

ကျောင်းသို့ ရောက်လျှင် မနောဇမင်း အမှူးရှိသော တရာ့တပါးသောမင်းတို့သည် ရသေ့တို့ကို ရှိခိုးလျက် လျှောက်ပတ်သောအရပ်၌နေကုန်၏၊ ထိုအခါ မနောဇမင်းကြီးသည် သောဏ ရသေ့ကို ရှိခိုးလျက်—

“အရှင်ဘုရား… အသို့နည်း၊ အရှင်ဘုရားအား အပြစ်ကင်းပါ၏လော၊ အနာကင်းပါ၏လော၊သပိတ်လက်စွဲ၍ဆွမ်းခံသဖြင့်မျှတပါ၏လော၊ သစ်မြစ်, သစ်ဥ, သစ်သီးတို့ များပြားပါကုန်၏လော၊ အသို့နည်း သားရဲတို့ပေါများသောတောကြီးထဲ၌ မြွေကင်းသန်းတို့နည်းပါ၏လော၊ခြင်မှက်တို့နည်းပါ၏လော၊ သတ်ဖြတ်ညှဥ်းဆဲခြင်းကင်းပါ၏လော”။

ဟု ပဋိသန္ထာရစကား လျှောက်ထား မေးမြန်းလေ၏။

**သောဏာမိန့်မြွက် နှုတ်ခွန်းဆက်**

ထိုအခါ သောဏရသေ့သည် မနောဇမင်းကြီးနှင့်တကွ မင်းအပေါင်းအား အစေ့စပ်စကား ပြောကြားလျက်—

"မြတ်သောမင်းကြီး.... ငါတို့အား အပြစ်ကင်းပါ၏၊ အနာကင်းပါ၏၊ သပိတ်လက်စွဲ၍ဆွမ်းခံသဖြင့် မျှတပါကုန်၏၊ သစ်မြစ်,သစ်ဥ, သစ်သီးတို့လည်း များပြားပါကုန်၏။

သားရဲတို့ ပေါများသော တောကြီးထဲ၌ ဖြစ်သော်လည်း မြွေကင်းသန်းတို့နည်းပါ၏၊ ခြင်မှက်တို့လည်းနည်းပါ၏၊ သတ်ဖြတ်ညှဉ်းဆဲခြင်း မရှိပါ၊ နှစ်ပေါင်းများစွာ နေခဲ့သော်လည်း ဖျားနာခြင်း မရှိပါ"။

"မြတ်သောမင်းကြီး.... ဤအရပ် သို့ကြွလာတော်မူခြင်းကား ကောင်းသော ကြွလာတော်မူခြင်းဖြစ်ပါ၏၊အလိုရှိရာကို ပြောကြားတော်မူပါ၊ ချိုနိုးရာရာသစ်သီးများစွာရှိပါကုန်၏၊ သုံးဆောင်တော်မူပါ၊ အနောတတ်အိုင်မှ ယူဆောင်ခဲ့သော ရေလည်းရှိပါ၏၊ သောက်တော်မူပါ"။

ဟု ပဋိသန္ထာရစကား ပြန်ကြားပြောဆိုပြီးလျှင် ညီ့ဝတ်ကျေပြွန်စွာ ဘိတ်မန္တက ပြုတော်မူ၏။

**နန္ဒကိုသည်းခံရန် မင်းတောင်းပန်**

ထိုနောက် မနောဇ မင်းကြီးသည် သောဏရသေ့ ပြောဆို ဆုံးမသော စကားကို ဝန်ခံပြီးလျှင်—

"အရှင်ဘုရား.... အကျွန်ုပ်တို့သည် ညီတော် နန္ဒရသေ့အတွက် တောင်းပန်ကန်တော့ပါကုန်၏၊ နန္ဒရသေ့အားပြစ်မှားကျူးလွန်မိသမျှ အပြစ်တို့ကို အနာမယူ သည်းခံတော်မူပါ"။

ဟု တောင်းပန် ကန်တော့ကြကုန်၏။

နောင်တော်ရသေ့ကို ခွင့်တောင်းဆို

မနေ၁၉ မင်းကြီး တောင်းပန် ကန် တော့ပြီးသောအခါ နန္ဒရသေ့သည် နေရာမှထလတ်၍ မယ်တော် ခမည်း တော်တို့ကိုဥင်း နောင်တော်သောဏာရသေ့ကိုဥင်း ရှိခိုး၍ တရာ့တပါးသောမင်းနှင့်တကွ "ယခု ကြွရောက်လာကြ သော လူပရိသတ်တို့…. ဤအရပ်သို့ အညီညွတ်စည်းဝေး ရောက်လာကြသော နတ်ပရိသတ်တို့…. ယခု နောင် တော်အားလျှောက်ထားမည့်စကားကို နားထောင်ကြပါ" ဟု ပရိသတ်အား တိုင်တယ်ပြီးလျှင် နောင်တော်သောဏာ ရသေ့အား—

"အို-နောင်တော်…. ကောင်းမြတ်သောအ ကျင့်ရှိ၍ သီလကွန္တစသော ကျေးဇူးကို ရှာမှီးလေ့ ရှိသော"အကျွန်ုပ်သည် နောင်တော်အား ညာ လက်ရုံးကဲ့သို့ မှတ်ထင်ကာ လျှောက်ထားပါအံ့"။

"အို-နောင်တော်…. နောင်တော်သည် အမိ အဘတို့ကိုလုပ်ကျွေးလိုသဖြင့် ရှာမှီးပါ၏၊ ထိုသို့ အမိအဘတို့ကို လုပ်ကျွေးခြင်း ဟူသော ကုသိုလ် ကောင်းမှုကို ပြုသောအကျွန်ုပ်ကို တားမြစ်တော် မမူပါလင့်"။

"အို-နောင်တော်…. အမှန်အားဖြင့် အမိ အဘတို့အား လုပ်ကျွေးခြင်းကို ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်၏၊ အမိ အဘတို့အား လုပ်ကျွေးခြင်းဟူသော ကောင်းမှု ကို အကျွန်ုပ်အား ပေးတော်မူပါ"။

"အို-နောင်တော်···· နောင်တော်သည် ထကြွလုံ့လပြုခြင်း, လုပ်ကျွေးခြင်းဖြင့် ရှည်မြင့်စွာသော ကာလပတ်လုံး အမိအဘတို့အား လုပ်ကျွေးခြင်း ကောင်းမှုကို ပြုရပေပြီ၊ ယခုအခါ အကျွန်ုပ်သည် အမိအဘတို့၌ ကောင်းမှုကိုပြုလိုပါ၏၊ အကျွန်ုပ်အား နတ်ရွာကို ပေးတော်မူပါ"။

"အို-နောင်တော်···· သီလက္ခန္ဓစသော ကျေးဇူးကိုရှာမှီးလေ့ရှိသော သင်နောင်တော် သိတော်မူသကဲ့သို့ ထို့အတူကြီးသောသူတို့အား အရိုအသေပြုခြင်း ဟူသော တရားအစု၌ ထိုတရားအစု၏ အကြောင်းကို တပါးသောသူတို့သည် သိပါကုန်၏၊ အသို့သိသနည်း၊ နတ်ပြည်ရခြင်း၏ အကြောင်း ဟူ၍ သိပါကုန်၏"။

"အို-နောင်တော်···· ထကြွလုံ့လပြုခြင်း,လုပ်ကျွေးခြင်းဖြင့် အမိအဘတို့ ချမ်းသာကို ဆောင်သောအကျွန်ုပ်ကို ကောင်းမှုမှ ပိတ်ပင်တားမြစ်သောသူသည် ချစ်မြတ်နိုးအပ်သော နတ်ရွာခရီးကို ပိတ်ပင်တားမြစ်သူ မည်၏"—

ဟု ရှည်လျားစွာ အကျိုးအကြောင်းပြ၍ လျှောက်ထားလေ၏။

**သောဏမိန့်မြွက် အများနှစ်သက်**

နောင်တော် သောဏရသေ့သည် ယခု ကြွရောက်လာသော ပရိသတ်တို့သည် ရှေးဦးစွာ ညီတော်နန္ဒ၏ စကားကို ကြားရပေပြီ၊ ငါ၏စကားကိုလည်း နားထောင်ကြဦးလော့ဟု တိုက်တွန်းပြီးလျှင်—

"မြတ်သောမင်းကြီး....ရှေး၌ဖြစ်သော အမျိုးအနွယ်ကို ယုတ်စေလျက် အသက်သိက္ခာဂုဏ်ဝါကြီးသောသူတို့၌ မရိုမသေပြုခြင်းဟူသော ဒုစရိုက်ကိုပြုကျင့်လေ့ရှိသောသူသည် ငရဲသို့ရောက်ရ၏"။

"မြတ်သောမင်းကြီး.... ရှေး၌ဖြစ်သော အသက်သိက္ခာ ဂုဏ်ဝါကြီးသောသူတို့၌ အရိုအသေပြုခြင်းဟူသောသုစရိုက်တရားကိုပြုကျင့်ရာ၌ လိမ္မာ၍အကျင့်သီလနှင့် ပြည့်စုံသောသူတို့သည် ဒုဂ္ဂတိဘဝသို့ မရောက်ရကုန်"။

"မြတ်သောမင်းကြီး.... အမိ, အဘ, ညီ,နှမ, ဆွေမျိုးဉာတိ, အဆွေခင်ပွန်း ဤအလုံးစုံသောသူတို့သည် သားကြီး၏ တာဝန်တို့တည်း၊ သိတော်မူလော့"။

"မြတ်သောမင်းကြီး.... လှေမှူးသည် လေးသောဝန်ကို တင်၍လုံ့လပြုသကဲ့သို့ ထို့အတူငါသည်လည်း အမိအဘတို့ကို လုံ့လပြုရ၏၊ ကြီးသောသူတို့၌ ကျင့်ရသောတရားကိုလည်း ငါမမေ့ပါ၊ ကြီးသောသူလည်း ဖြစ်ပါ၏"-

ဟု အကျိုးအကြောင်းကိုပြလျက် ဆုံးမစကား ပြောကြားလေ၏။

ထိုအခါအလုံးစုံသော မင်းတို့သည် ကြွင်းသောသားချင်းတို့ကား အစ်ကိုကြီး၏ တာဝန်ဖြစ်ကြောင်း ငါတို့ယနေ့မှ သိရပေသည်ဟု အလွန်ဝမ်းမြောက် ဝမ်းသာရှိကုန်လျက် နန္ဒရသေ့ကိုစွန့်လွှတ်ကာ သောဏရသေ့ကို ဝန်းရံကြကုန်လျက် ကောင်းချီးပေးကြကုန်၏။

**ညီတော်ဝန်ချ ကန်တော့ရ**

ထိုအခါ နန္ဒရသေ့သည် ငါ၏နောင် တော်ကား ပညာရှိပေ၏၊ ဥပါယ်တ မျဉ်၌ လိမ္မာတော်မူပေ၏၊ ငါ၏အလုံး စုံသောပရိသတ်တို့ကို မိမိအသင်းအပင်းဖြစ်အောင် ပြုနိုင် ပေ၏၊ ငါ့နောင်တော်ကိုထား၍ ငါ့အားတပါးသောကိုး ကွယ်ရာ မရှိတော့ပြီဟု နှလုံးသွင်းလျက်–

"အို-နောင်တော်.... အကျွန်ုပ်သည် နောင် တော်အား တောင်းပန်ကန်တော့ပါ၏၊ အကျွန်ုပ် ပြစ်မှားကျူးလွန်သမျှ အပြစ်တို့ကို အနာမယူသည်း ခံတော်မူပါ၊ အကယ်၍သည်းခံပါအံ့၊ အမိအဘတို့ ကိုလည်း နောင်တော်သာ လုပ်ကျွေးတော်မူပါ၊ အကျွန်ုပ်ကား နောင်တော်ကို လုပ်ကျွေးပါအံ့"–

ဟု ပရိသတ်အလယ်၌ ကိုယ်တိုင် တောင်းပန်ကန် တော့ပြန်၏။

**နောင်တော်သည်းခံ မြွက်ဆိုပြန်**

နောင်တော် သောဏရသေ့ကား ညီ တော်အပေါ်၌ ရေးအခါကပင်အမျက် ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း ရှိတော်မမူ၊ ညီတော်နန္ဒ၏မာနကိုနှိမ်နင်း၍သာ ဤသို့ပြုလုပ်ခဲ့၏၊ ယခု အခါ နန္ဒတောင်းပန်သော စကားကိုကြားရသောကြောင့် အလွန် နှစ်သက်သောစိတ်ရှိရကား ညီတော်နန္ဒ၌ ကြည်ညို ခြင်းကိုဖြစ်စေ၍ "ညီတော်နန္ဒ.... ယခုအခါ သင့်အားငါ သည်းခံ၏၊အပြစ်မယူ၊ သင်သည်မယ်တော်ခမည်းတော်တို့ အားလည်း လုပ်ကျွေးရမည်"ဟု ခွင့်ပြုပြီးလျှင်ညီတော်နန္ဒ အား–

“ညီတော်….သင်သည် မချွတ်သူတော်ကောင်းတို့ ဟောအပ်သော တရားကို အထူးသိပေ၏၊ ကောင်းပေစွ၊ ကောင်းသောအကျင့်ရှိပေ၏၊ ညီတော်သည်ငါ့အား လွန်စွာ နှစ်သက်စေ၏၊ မယ်တော် ခမည်းတော်တို့ကို အကျွန်ုပ် လျှောက်ကြားပါအံ့၊ အကျွန်ုပ်၏ စကားကို နားထောင်တော်မူကြပါ၊ မယ်တော် ခမည်းတော်တို့အား လုပ်ကျွေးရသော တာဝန်ကို ဘယ်အခါမျှ တာဝန်ဟုမမှတ်ပါ။

ထိုတာဝန်ကို တာဝန်ဟု မအောက်မေ့မူ၍ မယ်တော် ခမည်းတော်တို့ ချမ်းသာကို ဆောင်ရွက်လျက် မြတ်နိုးတနာလုပ်ကျွေးသော အကျွန်ုပ်ကို ညီတော်နန္ဒသည် ပြစ်မှားကျူးလွန်ပြီး၍ လုပ်ကျွေးလိုကြောင်းကို တောင်းပန်ပြန်၏။

ငြိမ်သက် တည်ကြည်၍ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော မယ်တော် ခမည်းတော်နှစ်ဦးတို့တွင် တဦးဦးသည် ညီတော်နန္ဒကို အကယ်၍လုပ်ကျွေးစေလိုသည်ဖြစ်ပါအံ့၊ သင်မယ်တော် ခမည်းတော်တို့သည် ညီတော်နန္ဒကို ပြောဆိုတော်မူပါကုန်၊ အဘယ်သူကို လုပ်ကျွေးစေရအံ့နည်း”—

ဟု မယ်တော်ခမည်းတော်တို့ကို မေးလျှောက်လေ၏။

**မယ်တော်ဝမ်းမြောက် အလွှမ်းပြေဖျောက်**

ထိုအခါ မယ်တော်သည် နေရာမှထ၍ “ချစ်သား သောဏ…. ငါတို့သည် ညီတော်နန္ဒနှင့် ကြာမြင့်စွာ ကွေကွင်းနေရသော်လည်း သင်ချစ်သားကို မတောင်းပန် ဝံ့ကုန်း

သင်ချစ်သားကိုသာမှီ၍ နေရကုန်၏၊ ယခုမူကား သင်ချစ်သားခွင့်ပြုအပ်ပေပြီ၊ ငါသည်ညီတော်နန္ဒကို လည်ဘက်ကာ ဦးခေါင်း၌ နမ်းလိုပါ၏၊ မယ်တော်သဘောအတိုင်း နမ်းတော်မူလော့၊ နမ်း၍အလွှမ်းဖြေတော်မူလော့၊ ထိုအခါ မယ်တော်သည်ထ၍ ပရိသတ်အလယ်၌ ညီတော်နန္ဒ၏ ဦးခေါင်းကို အကြိမ်ကြိမ်နမ်း၍ အလွမ်းဖြေပြီးလျှင် သားတော်သောဏအား—

"ချစ်သားသောဏ···· လေတိုက်ခတ်အပ်သော ညောင်ဗုဒ္ဓဟေပင်၏ ရွက်နုတို့သည် တုန်လှုပ်ကုန်ဘိသကဲ့သို့ ထို့အတူ ရောက်လာသောနန္ဒကို မြင်ရသဖြင့်ငါ၏နှလုံးသည် တုန်လှုပ်ဘိ၏"။

"ချစ်သားသောဏ···· ငါသည် အိပ်ပျော်နေသောအခါ သားတော်နန္ဒ ပြန်လာသည်ဟု အိပ်မက်မြင်မက်၏၊ အိပ်မက်မြင်မက်သည်ကို အဟုတ်မှတ်ထင်ကာ သားတော်နန္ဒလာပြီဟု နှစ်သက်ဝမ်းမြောက်ဘိ၏"။

"ချစ်သား သောဏ···· နိုးလာပြန်သောအခါ သားတော်နန္ဒကိုမမြင်ရ ထိုအခါလွန်စွာလွမ်းဆွတ်စိုးရိမ်ပါ၏၊ လွန်စွာနှလုံးမသာယာခြင်းဖြစ်ပါ၏"။

"ချစ်သား သောဏ····ငါသည် ယနေ့အလွန်ကြာမြင့်မှ သားတော်နန္ဒလာသည်ကို မြင်ရပါ၏၊ ငါသည်ဖင်း, ခမည်းတော်သည်ဖင်း သားတော်နန္ဒကိုချစ်အပ်ကုန်၏၊ သားတော်နန္ဒသည် ငါ့ကျောင်းတွင်းသို့ ဝင်လာ၏"။

"ချစ်သားသောဏာ.... ငါ့သားနန္ဒကို ခမည်းတော်သည်လည်း အလွန်ချစ်မြတ်နိုးပါ၏၊ နောက်တဖန် ဤကျောင်းမှ မသွားပါစေလင့်၊ ငါ့သားနန္ဒသည် လုပ်ကျွေးလိုသူကိုလုပ်ကျွေးပါစေ၊ ချစ်သားနန္ဒသည် ငါ့ကိုလုပ်ကျွေးပါစေ"—

ဟု အကြောင်းကြောင်းကို ပြန်မပြောင်း ကာပြောကြားလေ၏။

မိဘကျေးဇူး မိန့်မြွက်ကျူး

ထိုနောက် နောင်တော် သောဏာသည် မယ်တော်စကားကို ဝန်ခံပြီးလျှင် ညီတော်အား"ညီတော်....သင်ကားအမိကိုလုပ်ကျွေးလော၊အမိကို လုပ်ကျွေးခွင့်ရသဖြင့် ကြီးမြတ်သောအစုကိုရစေ၏၊ သို့အတွက် အမိ၏ကျေးဇူးအလွန်ကြီးကြောင်းကို ညီတော်အား ပြောကြားဆိုးမလေ၏။

### အမိကျေးဇူးဂုဏ်ကိုချီးကျူးခြင်း

"ညီတော် နန္ဒ.... အမိ၏ကျေးဇူးကို ငါဟောမည်၊ နားထောင်လော၊ အမိသည်သားသမီးရရန် ရှေးဦးစွာနတ်တို့ကိုပူဇော်ပသ၍သားဆုကိုတောင်းရသည်၊ နောက် နက္ခတ်ဗေဒင်ဆရာတို့ထံသွား၍ သက်ရောက်, ဂြိုဟ်စား, ဂြိုဟ်အိပ်, အစီး,အနင်းစသော ဂြိုဟ် နက္ခတ်တို့ ကောင်းမကောင်းကို မေးမြန်းရသည်၊ နေ့, ရက်, လ, ရာသီ,ဥတု,ရတုစသည်တို့ ကောင်းမကောင်း ကိုလည်း မေးမြန်းရသည်"။

"ညီတော်နန္ဒ…. ထိုနောက် ဥတုပန်းပွင့်၍ သားအိမ် စင်ကြယ်သည်ကို ကြည့်ရှုရသည်၊ သားအိမ် စင်ကြယ်သော အခါမှ ပဋိသန္ဓေ ကိုယ်ဝန် တည်နိုင်သည်၊ ကိုယ်ဝန် တည်ပြီး ပြန်လျှင်လည်း ချင်ခြင်းဖြစ်ရသည်၊ ကိုယ်ဝန်ကို မပျက်စီးရအောင် အထူးသဖြင့် စောင့်ရှောက်ရသည်၊ အသွားအလာ အနေ အထိုင် အစား အသောက် အပြုအမူတို့ကိုလည်း ဆင်ခြင်ရသည်"။

"ညီတော်နန္ဒ ··ပဋိသန္ဓေကိုယ်ဝန်ကို ဆယ်လ တိုင်အောင် ဝမ်းဖြင့် လွယ်ထားရသည်၊ ဆယ်လ လွန်၍ ရင့်သောအခါ မွေးဘွားရသည်၊ မွေးဘွား သောအခါ ခါးနာခြင်း, ရနအောင့်ခြင်း စသော ဒုက္ခအမျိုးအမျိုးကို သေလုမျောပါး ခံစားရသည်၊ ထိုနောက် ခုနစ်ရက်ပတ်လုံး မီးနေရသည်"။

"ညီတော်နန္ဒ…. အမိတို့သဘောမှာ ဘယ်လိုပင် ဆင်းရဲစေကာမူ မွေးဘွားပြီးသော သားသမီးတို့မျက်နှာ ကလေးကို မြင်လိုက်ရလျှင် အလွန်ဝမ်းမြောက်ကြသည်၊ နို့ချိုကို အချိန် မှန်မှန်တိုက်ကျွေးရသည်၊ ကျင်ကြီးကျင်ငယ် အညစ်အကြေးကိုသုတ်သင်ရသည်၊ အချိန် မှန်မှန် ရေချိုး ပေးရ သည်၊ ဆေးဝါး ကုသ ပေးရသည်၊ သားငယ်ကို သားမြတ်ကြားရင်ခွင်ကြား၌ထား၍ ကိုယ်ငွေ့ပေးကာအိပ်စေရသည်၊ အအိပ်ပျက် အစားပျက် ခံရသည်၊ သားသမီးတို့ကျန်းမာအောင် မိမိလည်းကျန်းမာအောင်

အစား အသောက်ကို အထူး ရှောင်ကြဉ်ရသည်၊ သင့်မြတ်သော အစာကိုသာ စားရသည်၊မှက်,ခြင်, ယင်,ကြမ်းပိုး, သန်း,နေပူ, လေပူ,မိုးရွာ စသည်တို့ မနှိပ်စက်ရအောင် အမြဲစောင့်ရှောက် ရသည်''။

''ညီတော်နန္ဒ····သုံးလေးလအရွယ်ကာစ၌ ထမင်းကို ဝါး၍ခွံ့ရသည်၊ သင့်လျော်သော အစာကို ကျွေးမွေးရသည်၊ သင့်လျော်သော အဝတ်တန်ဆာတို့ကို ဆင်ယင်ရသည်၊တော်တော်ကြီးပြင်း၍ အမေအဘေခေါ်တတ်သော အချိန်ကာစ၌ စကားသင်ပေးရသည်၊ အရာရာ၌ လိမ်မာ ရေးခြားရှိအောင် ဆုံးမရသည်၊တားမြစ်ရသည်၊ ခြောက်နှစ်,ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ပညာသင်ကြားစေရသည်၊ အရွယ်နှင့်လိုက်အောင် အဝတ်တန်ဆာတို့ကို ဆင်ရသည်''။

''ညီတော်နန္ဒ···· ဆယ့်ခြောက်နှစ်,ဆယ့်ခုနစ်နှစ်အရွယ်သို့ရောက်သောအခါ အရွယ်တူ အမျိုးတူ ဂုဏ်တူ သားသမီးများနှင့် လက်ထပ် ထိမ်းမြားပေးရသည်၊ ပစ္စည်းရှာနည်း, ပစ္စည်းသိမ်းနည်း, ပစ္စည်းသုံးစွဲနည်းတို့ကို လက်ထပ်သင်ကြားရသည်၊ တအိုးတအိမ်နေနိုင်အောင် အရင်းအနှီးအမွေဥစ္စာကိုပေးရသည်၊ လူမှုရေးရာကို ကျွမ်းကျင် လိမ်မာအောင် သင်ကြားရသည်''။

''ညီတော်နန္ဒ ···· အမိ အဘတို့မှာ သားတယောက် သမီးတယောက် လူလားမြောက်

အောင် ဘယ်လောက် အပြုံးပြင်အဆင်းရဲ ခံရသည်၊ ဘယ်လောက် ကျွေးမွေးသုတ်သင် ရသည်၊ ဘယ်လောက် ပြုစုပျိုးထောင်ရသည်၊ ဘယ်လောက် သင်ကြား ဆုံးမရသည်ကို ကြည့်ရှုပါ၊ အင်မတန် သည်းခံနိုင်မှ ကြိုးစားနိုင်မှ သားတယောက် သမီးတယောက် လူလားမြောက်နိုင်သည်”။

“ညီတော်နန္ဒ…. သို့အတွက်အမိအဘတို့မှာ မြင်းမိုရ်တောင်မျှမက ကျေးဇူးကြီးလှသည် တသက်လုံး တဘဝလုံး တကမ္ဘာလုံးပေးဆပ်၍ မကုန်နိုင်လောက်အောင် ကျေးဇူးကြီးလှသည်”။

“ညီတော်နန္ဒ…. အလွန်ကျေးဇူးကြီးလှသော အမိအဘတို့ကို မလုပ်ကျွေး ကျေးဇူးမဆပ်သောသူသည် ဤဘဝမှာ ဂုဏ်ကြက်သရေ ကင်းတတ်၏၊ မရသေးသော စည်းစိမ်ဥစ္စာကိုလည်း မရတတ်၊ ရပြီးသော စည်းစိမ်ဥစ္စာလည်း ပျက်စီးတတ်၏၊ အလွန်ဆင်းရဲ ပြုံပြင်တတ်၏၊ သေလွန်သောအခါ ငရဲသို့ ကျတတ်၏”။

“ညီတော်နန္ဒ…. အလွန်ကျေးဇူးကြီးလှသော အမိအဘတို့ကို လုပ်ကျွေးမွေးမြူသောသူ ကျေးဇူးဆပ်သောသူသည် ဤဘဝမှာ ဂုဏ်ကြက်သရေတိုးပွား၏၊ မရသေးသော စည်းစိမ်ဥစ္စာကို ရ၏၊ ရပြီးသော စည်းစိမ်ဥစ္စာမပျက်စီး၊ အလွန်ချမ်းသာသုခရှိ၏၊ သေလွန်သောအခါ နတ်ပြည်သို့ ရောက်ရ၏”။

"ညီတော်နန္ဒ…. ထို့ကြောင့် ပညာရှိသော သားသမီးသည် အမိအဘတို့ကို ရိုသေစွာလုပ်ကျွေး မွေးမြူအပ်၏၊ အမိအဘတို့ကို လုပ်ကျွေး မွေးမြူသောသူသည် ဤဘဝ၌ အချီးမွမ်းခံရ၏၊ တမလွန်ဘဝ၌ နတ်ပြည်တွင် ပျော်မွေ့ရ၏"။

ဤသို့လျှင် သောဏပညာရှိသည် အမိအဘတို့ကျေးဇူးကြီးကြောင်းကို ဟောကြားဆုံးမလေ၏။

**တရားပြသ ဆိုဆုံးမ**

ထိုအခါတရားတော်ကိုကြားနာရသော တရာ့တပါးသောမင်းတို့နှင့်တကွရောက်လာသော ပရိသတ် အလုံးစုံတို့သည် သောဏပညာရှိအား အတိုင်းထက်အလွန် ကြည်ညိုကုန်၏၊ ထို့နောက် သောဏပညာရှိသည်တရာ့တပါးသောခင်းတို့ကို ငါးပါးသီလ၌တည်စေ၍ အလှူပေးခြင်း,ဥပုသ်ဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်အားထုတ်ကုန်လောဟု အဆုံးအမပေး၍ လွှတ်လိုက်၏။

တရာ့တပါးသော မင်းတို့လည်း မိမိတို့တိုင်းပြည်သို့ ရောက်ကြလျှင် တရားနှင့်အညီမင်းပြုကာ ကုသိုလ်ကောင်းမှုကို ပြုကြသဖြင့် အသက်၏အဆုံး၌ နတ်ပြည်သို့ရောက်ကြကုန်၏၊ သောဏပညာရှိနှင့် နန္ဒပညာရှိတို့လည်း အသက်ထက်ဆုံး မယ်တော်ခမည်းတော်တို့ကို လုပ်ကျွေး၍ ဗြဟ္မာပြည်သို့ လားရကုန်၏။

ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြသည်အဆုံး၌ အမိအဘကို လုပ်ကျွေးသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမယ်တော်ခမည်းတော်တို့သည်-ယခုအခါ မယ်တော်မာယာနှင့် ခမည်းတော်သုဒ္ဓေါဒန။

※ နန္ဒပညာရှိသည်-အာနန္ဒာ။

※ မနောဇမင်းသည်- သာရိပုတ္တရာ။

※ တရာ့တပါးသော မင်းတို့သည်- ရှစ်ကျိပ်သော မထေရ်တို့နှင့် တပါးသော မထေရ်တို့။

※ နှစ်ဆယ့်လေးခေါဘိဏီ ပရိသတ်သည်- ဘုရား ပရိသတ်။

※ သောဏပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မိဘနှစ်ပါး၊ ကျေးဇူးကား၊ ကြီးမားလှလေသည်။
(၂) မြင့်မိုရ်တောင်ဦး၊ မကကျူး၊ အထူးပိုလိမ့်မည်။
(၃) ငယ်စဉ်တောင်ကျေး၊အကလေး၊ကျွေးမွေးသုတ်သင်သည်။
(၄) ၀တ်စားတန်ဆာ၊ ဆင်ယင်ကာ၊ ပညာပေးခဲ့သည်။
(၅) ဘေးရန်ကိုကာ၊ သွင်းမေတ္တာ၊ ခါခါစောင့်ရှောက်သည်။
(၆) အရွယ်ရောက်ငြား၊ သမီးသား၊ ထိမ်းမြားလက်ထပ်သည်။
(၇) ရင်းနှီးထုတ်ပေး၊ အမွေပေး၊ ဖေးမသက်ဆုံးတည်။
(၈) ပညာရှိသူ၊ သူတော်မူ၊ ချေးမြူကြလေသည်။
(၉) မသူတော်လှေး၊ ငမိုက်ခွေး၊ ကျေးဇူးကန်းလှသည်။
(၁၀) ကျွေးမွေးသူမှာ၊ ဂုဏ်ဥစ္စာ၊ လွန်စွာ၀ပြောသည်။

(၁၁) သေလွန်ပြန်က၊ နတ်ပြည်ကျ၊ မုချပျော်မွေ့မည်။
(၁၂) မကျွေးမွေးရာ၊ ဂုဏ်ဥစ္စာ၊ လွန်ဖွာပျက်စီးသည်။
(၁၃) သေလွန်ပြန်က၊ ငရဲကျ၊ ဒုက္ခရောက်တော့မည်။

သောဏနန္ဒဇာတ်ပြီး၏။

သတ္တတိနိပါတ်စကားပြေပြီး၏။

---

# အသီတိနိပါတ်

## ၅၃၃-စူဠဟံသဇာတ်

ပဉ္စပြန်ဝဏ္ဏ၊

**ဘုရားသတ်ရန် ဒေဝဒတ်ကြံ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအတွက် ကိုယ်အသက်ကိုစွန့်တော်မူ၏၊ ထိုစကားကို ခြုံငုံအံ့ ဒေဝဒတ်သည် လေးသမားတို့ကို စေလွှတ်၍ မြတ်စွာဘုရားကို သတ်စေ၏၊ မရပြန်သော် ကိုယ်တိုင်ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်လုံးကို လှိမ့်ချ၍ သတ်ပြန်၏၊ မရပြန်သော် ဆင်ခြင်စဉ်းစားသည်မှာ ဂေါတမဘုရားကား အဆင်းအင်္ဂါ အခြွေအရံတို့ဖြင့် တင့်တယ်ခြင်းအစုသို့ ရောက်ရ၏၊လူစင်စစ်ဖြစ်သူတို့ကား ချဉ်းကပ်ခြင်းငှာပင် မတတ်နိုင်ကုန်၊အဇာတသတ်မင်း၏ နာဠာဂိရိဆင်ကား အလွန်ကြမ်းကြုတ်၏၊ လူကိုသတ်၏၊ ဘုရား, တရား,သံဃာ၏ ဂုဏ်ကျေးဇူးကိုလည်းမသိ၊ ထိုနာဠာဂိရိဆင်ကိုလွှတ်၍ သတ်ရန်သင့်လျော်သည် ဟု ကြံစည်စဉ်းစားလေ၏။

**နာဠှာဂိရိဆင်မိုက်မင်းလွှတ်လိုက်**

ဒေဝဒတ်သည် ဤသို့ကြံစည်စဉ်းစားပြီးလျှင် အဇာတသတ်မင်းထံ သွား၍ ထိုအကြောင်းကို ပြောကြား၏၊ အဇာတသတ်မင်းလည်း ကောင်းပြီ ဟု ဝန်ခံပြီးလျှင် ဆင်ထိန်းကိုခေါ်၍ "အချင်း....နက်ဖြန်နံနက်အခါ ဂေါတမဘုရားဆွမ်းခံကြွအလာတွင် နာဠာဂိရိဆင်ကို မူးယစ်အောင်သေအရက်တိုက်၍ ဂေါတမဘုရားကြွလာမည့်လမ်းဖြင့် ရင်ဆိုင်လွှတ်လော့" ဟု အမိန့်ပေးလေ၏၊ ဒေဝဒတ်လည်း ဆင်ထိန်းအား- "အချင်း.... နေ့စဉ် နာဠာဂိရိဆင်ကို သေအရက် ဘယ်မျှလောက်တိုက်သနည်း" ဟု မေး၏၊ "အရှင်ဘုရား.... ရှစ်ပေါင်းအိုးတိုက်ပါ၏" ဟု ပြော၏၊ "အချင်း.... နက်ဖြန် တဆယ့်ခြောက်ပေါင်းအိုးတိုက်၍ လွှတ်လော့" ဟု တိုက်တွန်း၏၊ အဇာတသတ်မင်းလည်း အမတ်တို့အား နက်ဖြန်နံနက်နာဠာဂိရိဆင်ကို သေအရက်တိုက်ပြီးလျှင် မြို့တွင်း၌လွှတ်မည်၊ ခရီးလမ်းသို့ မသွားကြကုန်လင့် ဟု မြို့တော်၌ စည်လည်စေ၏။

**ဆွမ်းခံမကြွရန်လျှောက်ထားပြန်**

ထိုအကြောင်းသည် တမြို့လုံးပျံ့နှံ့သွားလေ၏၊ ထိုအခါ ရတနာသုံးပါးကို ကြည်ညိုသောဒါယကာတို့သည် မြတ်စွာဘုရားထံချဉ်းကပ်၍ အရှင်ဘုရား ဒေဝဒတ်နှင့်အဇာတသတ်မင်းတို့တိုင်ပင်၍ နက်ဖြန်နံနက် အရှင်ဘုရားတို့ကြွလာမည့်လမ်း၌ နာဠာဂိရိဆင်ကို လွှတ်ပါလိမ့်မည်၊ ကျောင်းတော်၌သာ သီတင်းသုံးတော်မူပါ၊ အကျွန်ုပ်တို့လာ၍ ဆွမ်းလုပ်ကျွေးပါမည်"ဟု လျှောက်ထားကုန်၏။

မြတ်စွာဘုရားလည်း ငါမသွားအံ့ဟု မိန့်တော်မမူဘဲ နက်ဖြန် နာဠာဂိရိဆင်ကြမ်းကို ဆုံးမတော်မူသဖြင့် တန်ခိုးပြာဋိဟာကိုပြ၍ တိတ္ထိတို့ကိုနှိမ်နင်းလျက် ရာဇဂြိုဟ်ပြည်၌ ဆွမ်းမခံတော့ဘဲ သံဃာအပေါင်းခြံရံကာ ကျောင်းတော်သို့ပြန်၍ ကျောင်းတော်၌သာ ဆွမ်းဘုဉ်းပေးတော်မူမည်ဟု မိန့်တော်မူ၏၊ ဒါယကာတို့လည်း မြတ်စွာဘုရားခွင့်ပြုတော်မူသောအဖြစ်ကိုသိလျှင် ပြန်၍ အသီးအသီး စီမံကြကုန်၏။

**ကရုဏာရှေ့ထား ဆွမ်းခံသွား**

မြတ်စွာဘုရားလည်း ညဉ့်ပစ္ဆိမယာမ်တတိယအစု၌ မဟာကရုဏာသမာပတ်ကို ဝင်စား၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်ရှုတော်မူလတ်သော် နာဠာဂိရိဆင်ကြမ်းကို ဆုံးမရာ၌ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့ အကျွတ်တရား ရကြမည်ကို မြင်တော်မူ၏၊ မိုးသောက်ထအခါ အာနန္ဒာကို ခေါ်တော်မူ၍ ရာဇဂြိုဟ်ပြည်ကျောင်းကြီးတဆယ့်ရှစ်ရပ်၌နေသော ရဟန်းတို့ကို ဝေဠုဝန်ကျောင်းတော်၌ စည်းဝေး၏၊ သံဃာစုံညီစည်းဝေးမိလျှင် မြတ်စွာဘုရားသည် သံဃာအပေါင်းခြံရံလျက် ရာဇဂြိုဟ်၌ ဆွမ်းခံကြွတော်မူ၏။

ဆင်ထိန်းလည်း ဒေဝဒတ်စီမံထားသည့်အတိုင်း နာဠာဂိရိဆင်ကို သေအရက်များစွာတိုက်၍ မြတ်စွာဘုရားကြွလာမည့်လမ်းသို့လွှတ်လေ၏၊ သဒ္ဓါတရားသောသူတို့သည် ယနေ့ နာဠာဂိရိဆင်ကြမ်းကိုဆုံးမတော်မူသည်ကို ကြည့်ရှုကြမည် ဟု ပြာသာဒ်အိမ်မိုးစသည်တို့၌တက်၍ နေကြကုန်၏၊ မိစ္ဆာအယူရှိသောသူတို့ကား ယနေ့ ရဟန်းဂေါတမကို

နာဠဂိရိဆင် သတ်လိမ့်မည်၊ ငါတို့ရန်သူ ပျက်စီးသည်ကို ကြည့်ရှုကြမည် ဟု ပြာသာဒ် အိမ်မိုးစသည်တို့၌ တက်၍ နေကြကုန်၏။

**အမုန်ယစ်ကာ ဘုရားထံလာ**

နာဠဂိရိဆင်လည်း မြတ်စွာဘုရားကြွလာသည်ကို မြင်လျှင် လူတို့ကို ခြိမ်းခြောက်၍ တွေ့မြင်သမျှကို ဖျက်ဆီးလျက် အမြီးနားရွက်တို့ကို ထောင်ကာ တောင်ကြီးလှိမ့်၍ လာသည့်အလား ဘုရားရှိရာသို့ တည့်တည့်ပြေးလာ၏၊ထိုအခါ ရဟန်းတို့သည်“အရှင်ဘုရား····နာဠဂိရိဆင်ကား ကြမ်းကြုတ်၏၊ လူကိုသတ်၏၊ ဂုဏ်ကျေးဇူးကို မသိ၊ ယခုလာလတ်ပြီ၊ နောက်သို့ အမြန်ဆုတ်တော်မူပါ၊ နောက်သို့အမြန်ဆုတ်တော်မူပါ”ဟု ကြောင့်လန့်တကြား လျှောက်ထားကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် “ရဟန်းတို့···· မကြောက်ကြကုန်လင့်၊ငါဘုရား နာဠဂိရိဆင်ကြမ်းကို ဆုံးမမည်”ဟု မိန့်တော်မူ၏။

ထိုအခါ အာနန္ဒာသည် ဘုရားရှင်၌ အလွန် ချစ်ခြင်းရှိသည်ဖြစ်၍ သည်းမခံနိုင်တော့ဘဲ၊ ငါ့ကိုသာ ရှေးဦးစွာ သတ်ပါစေ၊ ဘုရားရှင်အတွက် အသက်ကို စွန့်တော့မည် ဟု မြတ်စွာဘုရား ရှေ့တော်မှ ဝင်၍ရပ်၏၊ ထိုအခါမြတ်စွာဘုရားသည် အာနန္ဒာ ဖဲလော့၊ မရပ်လင့်ဟုတားမြစ်တော်မူ၏၊ အာနန္ဒာကား မဖဲလေ၊သုံးကြိမ်တိုင်အောင် တားမြစ်တော်မူ၍ မရလျှင် တန်ခိုးတော်ဖြင့် ဆုတ်စေပြီးလျှင်သံဃာအလယ်၌ ချထားတော်မူ၏၊ ထိုအခိုက် မိန်းမ တယောက်သည် နာဠဂိရိ ဆင်ကိုမြင်လျှင် သေဘေးမှ ကြောက်

သဖြင့် ချိခဲ့သောကလေးကို နာဠာဂိရိဆင်နှင့်မြတ်စွာဘုရား၏အကြား၌ စွန့်ပစ်ကာ ကိုယ်လွတ်ပြေးလေ၏၊ သူငယ်လည်း သည်းစွာ သ အသံဖြင့် ငိုကြွေး၏။

မေတ္တာစိတ်ပြဆိုဆုံးမ

မြတ်စွာဘုရားသည် နာဠာဂိရိဆင်ကို မေတ္တာဖြင့်ပျံ့နှံ့စေ၍ သာယာစွာသော အသံဖြင့် "အို–နာဠာဂိရိဆင်·· သင့်ကို လွှတ်ခြင်းကား သူတပါးကို သတ်ရန်မဟုတ်၊ ငါဘုရားကို သတ်ရန်ဖြစ်သည်၊ငါဘုရားအထံသို့ လာလှည့်ဟုခေါ်တော်မူ၏၊ နာဠာဂိရိဆင်သည် မြတ်စွာဘုရား၏ အသံတော်ကို ကြားလျှင် မျက်စိကို ဖွင့်၍ကြည့်ရာ၊ အဆင်းတော်ကိုမြင်ရလျှင် ထိတ်လန့်တုန်လှုပ်လျက် ဘုရား၏တန်ခိုးတော်ကြောင့် အမူးပြေကာ နှာမောင်း နားရွက်တို့ကိုချ၍ မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်လေ၏။

မြတ်စွာဘုရားသည် နာဠာဂိရိဆင်အား"အို-နာဠာဂိရိဆင်····သင်ကား ဤနေ့မှစ၍ မကြမ်းကြုတ်လင့်၊ လူတို့ကို မသတ်လင့်၊ သတ္တဝါအလုံးစုံတို့၌ မေတ္တာစိတ်ကို အဖန်ဖန်ပွားများစေလော့"ဟု မိန့်တော်မူပြီးလျှင် လက်ျာလက်ဖြင့် ဦးကင်းကို သုံးသပ်လျက် ကြမ်းကြုတ်ခြင်း သူတပါးကို သတ်ဖြတ်ညှဉ်းဆဲခြင်းကား ဆင်းရဲခြင်း၏အကြောင်းဖြစ်၏၊ သေလွန်သော အခါ ဒုဂ္ဂတိဘဝသို့ လားရ၏"ဟု တရားဟောတော်မူ၏။

လိမ်မာယဉ်ကျေးကောင်းချီးပေး

တရားတော်ကို ကြားနာရလျှင် နာဠာဂိရိဆင် တကိုယ်လုံး ပီတိဖြင့် ပျံ့နှံ့၍သွားလေ၏၊ အကယ်၍ တိရစ္ဆာန်မဖြစ်

ပြွားအံ့၊ သောတာပတ္တိဖိုလ်၌ တည်လေရာ၏၊ လူတို့လည်း တန်ခိုးပြာဋိဟာကို ဖူးမြင်ရလျှင် လက်ပန်းပေါက်ခတ်ကြကုန်၏၊ပွဲတင်ထပ်အောင် ကောင်းချီးပေးကုန်၏၊အထူးထူးသော တန်ဆာတို့ကို ပစ်ကြကုန်၏၊ ရွှေငွေရတနာတို့သည် နာဋ္ဌာဂါရိဆင်ကို ဖုံးအုပ်မိကုန်၏၊ ထိုအခါမှစ၍ ဓနပါလဆင်ဟု အမည်တွင်လေ၏၊ ဓနပါလဆင်ကြမ်းကို ဆုံးမသော အစည်းအဝေး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည် အကျွတ်တရားရကြကုန်၏၊ ဓနပါလ ဆင်ကိုလည်း ငါးပါးသီလ၌တည်စေ၏၊ ဓနပါလဆင်လည်း မြတ်စွာဘုရားကိုရှိခိုး၍ ဖဲခွါပြီးလျှင် ဆင်တင်းကုပ်သို့ ဝင်လေ၏၊ မြတ်စွာဘုရားလည်း ဥစ္စာရှင်တို့လက်သို့ ပြန်ရောက်စေသတည်းဟု မိန့်တော်မူသဖြင့် ရွှေငွေစသော တန်ဆာတို့သည် အသီးအသီး ဥစ္စာရှင်တို့လက်သို့ ပြန်ရောက်ကုန်၏။

**ဆင်ကို ဆုံးမ ကျောင်းတော်ကြွ**

မြတ်စွာဘုရားလည်း ဓနပါလ ဆင်ကြမ်းကို ဆုံးမပြီးလျှင် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံမကြွတော့ပြီဟု နှလုံးသွင်းကာ သံဃာအပေါင်းခြံရံလျက် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏၊ ကျောင်းတော်၌ ကြီးစွာသောအလှူကို ဖြစ်စေကုန်၏၊ သံဃာတော်တို့လည်း ကျောင်းတော်၌သာ ဆွမ်းဘုဉ်းပေးရကုန်၏။

ညချမ်းသောအခါ တရားသဘင်ဝယ် ရဟန်းတို့သည် "ငါ့ရှင်တို့···· အရှင်အာနန္ဒာသည် မြတ်စွာဘုရားအကျိုးငှါ အသက်ကိုစွန့်၍ ပြုနိုင်ခဲသောအမှုကို ပြုပေ၏"ဟု ချီး

ကျူးစကားပြောကြားနေခိုက် မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင်"ရဟန်းတို့.... အာနန္ဒာသည် ယခုအခါ၌သာ ငါဘုရားအကျိုးငှါ အသက်ကို စွန့်သည်မဟုတ်၊ ရှေးအခါ၌လည်း စွန့်ခဲ့ဘူးပြီ"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**ငှက်ကိုထောင်စား မုဆိုးများ**

လွန်လေပြီးသော အခါ မဟိံသကတိုင်း သာဂလမြို့၌ သာဂလမင်း မင်းပြုသည်ရှိသော် မြို့နှင့်မနီးမဝေး အရပ်၌ တခုသော မုဆိုးရွာဝယ် မုဆိုးတယောက်သည် ကျော့ကွင်းတို့ဖြင့် ငှက်တို့ကို ထောင်ပြီးလျှင် မြို့၌ရောင်းချကာအသက်မွေး၏။

ထိုသာဂလမြို့မှ မနီးမဝေးသော အရပ်မှာပင် အဝန်းတဆယ့်နှစ်ယူဇနာမျှရှိသော မာနုသိယမည်သော အိုင်ကြီးသည် တည်ရှိလေ၏၊အဆင်းငါးမျိုးရှိသော ပဒုမာကြာတို့ဖြင့် ဖုံးလွှမ်းအပ်၏၊ ထိုအိုင်ကြီး၌ ငှက်အပေါင်းတို့သည် ကျက်စားကြကုန်၏၊ ငှက်မုဆိုးလည်း ကျော့ကွင်းကို အမြဲထောင်၍ထားလေ့ရှိ၏။

**အိုင်ကြီးကြောင်းအင် လျှောက်ထားလျှင်**

ထိုအခါ ဓတရဋ္ဌဟံသာမင်းသည် ကိုးသောင်း ခြောက်ထောင်သော ဟံသာအပေါင်း ခြံရံလျက် စိတ္တကုဋ်တောင်ဝယ်ရွှေဂူ၌နေ၏၊ထိုဟံသာမင်းအား သုမုခမည်သောဟံသာစစ်သူကြီးတကောင်လည်း ရှိခဲ့၏၊

တနေ့သ၌ ဟသ်ာသုံးကောင်တို့သည် မာနုသိယမည်သောအိုင်ကြီးသို့သွားကာ အလိုရှိတိုင်းကျက်စား၍ ဝကုန်လတ်သော် စိတ္တကုဋ်တောင်သို့ပြန်ခဲ့၍ ဓတရဋ္ဌ ဟသ်ာမင်းကို အိုင်ကြီးအကြောင်း အစာအာဟာရပေါများကြောင်းကို လျှောက်ထားလေ၏၊ ဟသ်ာမင်းလည်း လူ့ပြည်၌ဘေးရန်များ၍ ရှုံရှာဘွယ်ရှိကြောင်း ပြောဆိုကာ တားမြစ်၏၊ ဟသ်ာတို့သည် အဖန်တလဲလဲ လျှောက်ထားကြကုန်၏။

**ဟသ်ာမင်းသွားဘိ ကျော့ကွင်းမိ**

ထိုအခါ ဓတရဋ္ဌဟသ်ာမင်းသည် အခြံအရံနှင့်တကွ သွား၍ ထိုအိုင်ကြီး၌ ကျက်စားရန် ဆင်းသက်လေ၏၊ ဆင်းသက်လျှင်ဆင်းသက်ချင်း ဟသ်ာမင်း၏ခြေ၌ ကျော့ကွင်းမိလေ၏၊ ဟသ်ာမင်းလည်း ကျော့ကွင်းမိသည်ကို သိလျှင် ကျော့ကွင်းကို ဖြတ်မည်ဟု ရှေးဦးစွာ ဆွဲငင်လတ်သော် အရေ ပြတ်လေ၏၊ နှစ်ကြိမ်မြောက် ဆွဲငင် လတ်သော် အသားပြတ်လေ၏၊ သုံးကြိမ် မြောက် ဆွဲငင်လတ်သော် အကြောပြတ်လေ၏၊ ထိုအခါ ကျော့ကွင်းသည် အရိုးတိုင်အောင်ထိလေ၏၊ သွေးယိုစီးလျက် သည်းထန်သော ဝေဒနာဖြစ်လေ၏။

**ဟသ်ာမင်းအသံပေး ကြောက်လန့်ပြေး**

ထိုအခါ ဟသ်ာ မင်းသည် ငါကား ကျော့ကွင်းမိသောအသံကိုမြည်ဖြားအံ့၊ ငါ၏ ဆွေမျိုးတို့သည် ထိတ်လန့် တုန်လှုပ်လျက် အစာကိုမစားဘဲ ပျံကြသည်ရှိသော် အားနည်းသည်၏အဖြစ်ကြောင့် မဟာသမုဒ္ဒရာသို့ကျကာ ပျက်စီးကြကုန်လတ္တံ့ဟု နှလုံးသွင်းပြီးလျှင် ဆင်းရဲဝေဒနာကို သည်း

ခံတော်မူ၏၊ ဟင်္သာတို့သည် အလိုရှိတိုင်း စားကြပြီးလျှင် ကစား မြူးထူးနေကြသောအခါ အချိန်တော်ပြီဟု ကျော့ ကွင်းမိသောအသံကို မြည်လေ၏၊ မြည်သံကိုကြား၍ သေ ဘေးမှကြောက်သော ဟင်္သာတို့သည် အစုအစု ပြုကာ စိတ္တကူဋ်တောင်သို့ ပျံသွားကြကုန်၏။

**ဟင်္သာမင်းကူညီကာ အနားလာ**

ဟင်္သာတို့ ပျံသွားသည်ရှိသော် သုမုခ စစ်သူကြီးသည် အဘယ်သို့နည်း၊ မည်သူ့၌ ဖြစ်သောဘေးနည်း သိရအောင်စုံစမ်း မည်ဟု ကြံစည်လျက် လျင်မြန်စွာပျံသွား၍ ကြည့်ရှုလတ် သော် မည်သည့်အစုမှ ဟင်္သာမင်းကိုမမြင်ရလျှင် ဤဘေး ကား စင်စစ်လျှင် ဟင်္သာမင်း၌ဖြစ်သော ဘေးဘည်း ဟု သိ၍ လျင်မြန်စွာပျံလာ၍ကျော့ကွင်းမိလျက် သွေးအလိမ်း လိမ်းကပ်သော ဆင်းရဲဝေဒနာကို ခံစားနေရသောဟင်္သာ မင်းကိုမြင်လျှင်"အရှင်မင်းမြတ်..မကြောက်လင့်၊အကျွန်ုပ် အသက်ကိုစွန့်၍ ကျော့ကွင်းမှ လွတ်စေမည်ဟု အားပေး စကား ပြောကြားလျက် ဆင်းသက်ပြီးလျှင် ဟင်္သာမင်း အနီးတွင် ညွှန်ပျောင်း၌ သာနေ၏။

**သေတူပေါင်းအစ် သူတော်ကျင့်မြတ်**

ထိုနောက် ဟင်္သာမင်းနှင့် သုမုခစစ် သူကြီးတို့သည် အချင်းချင်းစကားပြော ကြားကာ နေကြကုန်၏။

"အမောင်သုမုခ....ချစ်ခင်ခြင်းမရှိသောဟင်္သာ ကိုးသောင်း ခြောက်ထောင်တို့သည် ငါ့ကိုစွန့်၍ ပျံကြလေကုန်ပြီ၊ကျော့ကွင်းမိနေသောငါ့မှာအဆွေ ခင်ပွန်းမရှိ၊ သင်သွားလော့၊ ငါ့ထံမှာမနေလိုနှင့်"

"အရှင်မင်းကြီး.... အကျွန်ုပ်သည် သွားမူလည်းသွားအံ့၊ မသွားဘဲမူလည်းနေအံ့၊ အရှင်မင်းကြီးကို စွန့်၍သွားသဖြင့်လည်း မသေရမည်မဟုတ်၊ ချမ်းသာသောအရှင်မင်းကို မှီဝဲပြီး၍ ဆင်းရဲသောအရှင်မင်းကြီးကို အဘယ်ကြောင့် စွန့်ရအံ့နည်း"။

"အရှင်မင်းကြီး.... အရှင်မင်းကြီးနှင့် အတူတကွ သေခြင်း,အရှင်မင်းကြီးနှင့်ကင်း၍ အသက်ရှင်ခြင်း ဤနှစ်မျိုးတို့တွင် အရှင်မင်းကြီးနှင့်တကွ သေခြင်းသည်သာ မြတ်ပါ၏၊ အရှင်မင်းကြီးနှင့် ကင်း၍ အသက်ရှင်ခြင်းကား မမြတ်ပါ"။

"အရှင်မင်းကြီး.... ကျေးဇူးရှိသောအရှင်မင်းကြီးကို အကယ်၍စွန့်သွားငြားအံ့၊ ထိုသို့စွန့်သွားခြင်းသည် သူတော်ကောင်းသဘောမဟုတ်၊ အရှင်မင်းကြီးနှင့် ဖြစ်ရခြင်းကိုသာလျှင် အကျွန်ုပ်နှစ်သက်ပါ၏"။

"အမောင်သုမုခ.... ကျော့ကွင်းမိနေသောငါ့အား စဖိုအိမ်မှတပါး လားရာအဘယ်မှာရှိအံ့နည်း၊ ကျော့ကွင်းမိနေမှန်းသိလျက် ကျော့ကွင်းမှလွတ်သောသင်သည် စဖိုအိမ်သို့ သွားရမည်ကို အဘယ်ကြောင့် နှစ်သက်ဘိသနည်း"။

"အမောင်သုမုခ.... နှစ်ယောက်ကုန်သောငါတို့၏အသက်သေခြင်း၌ သင်၏ရင်း၊ ငါ၏ရင်း၊ ကြွင်းသောဆွေမျိုးတို့၏ရင်း၊ အဘယ်အကျိုးကို သင်မြင်ဘိသနည်း"။

"အမောင်သုမုခ.... လုံ့လပြု၍ အကျိုးမရှိသောအရာ၌ အသက်ကိုစွန့်သောသင်သည်အဘယ်အကျိုးကို ပြုနိုင်မည်နည်း၊ ဥပမာကား သူကန်းသည် အမိုက်တိုက်၌ ဆီမီးညှိထွန်းသည်နှင့်တူ၏"။

"အရှင်မင်းကြီး....အရှင်မင်းကြီးသည် ကျင့်အပ်သောတရား၌ အဘယ်ကြောင့်အကျိုးကို မသိသနည်း၊ အကျွန်ုပ်သည် သူတော်ကောင်းတို့ကျင့်အပ်သောတရားကို ပူဇော်ပါ၏၊ ကျင့်အပ်သောကုသိုလ်တရားသည် သတ္တဝါတို့အကျိုးစီးပွားကိုပေးတတ်၏"။

"အရှင်မင်းကြီး.... အကျွန်ုပ်သည် ကျင့်အပ်သော ကုသိုလ်တရားကို ကြည့်ရှုလျက် ကျင့်အပ်သောကုသိုလ်တရားကြောင့်ဖြစ်သောအကျိုးစီးပွားကိုရင်း၊ အရှင်မင်းကြီး၌ ချစ်ခြင်းကိုရင်း ရှုကြည့်လျက် အသက်ကိုစွန့်ပါ၏"။

"အမောင်သုမုခ.... အကြင် အဆွေခင်ပွန်းသည် အဆွေခင်ပွန်း၏ကျင့်ဝတ်တရားကို အောက်မေ့သည်ဖြစ်၍ အသက်ဟူသောအကြောင်းကြောင့်လည်း ဘေးရန်ရှိလတ်သော် အဆွေခင်ပွန်းကို မစွန့်လေ၊ ထိုသို့မစွန့်ခြင်းသည် စင်စစ်သူတော်ကောင်းတို့ သဘောတည်း"။

"အမောင်သုမုခ.... သင်သည် အကယ်၍ အဆွေခင်ပွန်းတို့ကျင့်ဝတ်တရားကို ကျင့်လိုအံ့၊ ငါ၌ချစ်အံ့၊ ငါ့စကားကိုလိုက်နာပါ၊ ငါသည်ခွင့်ပြုပါ၏၊ သင်သွားပါလော့"။



P. 221 ဟင်္သာမင်း ကျော့ကွင်းမိနေသဖြင့် ဟင်္သာစစ်သူကြီးမပြေးဘဲ အမိခံနေသည်ကို မုဆိုးအံ့အားသင့်စွာ မေးမြန်းနေပုံ

"အမောင်သုမုခ….စင်စစ် ဤသို့ဖြစ်လာသော အခါ၌ ငါသည် ဆွေမျိုးတို့အား အပိုင်းအခြားကို ပြုအပ်ပြီ၊ ထိုအပိုင်းအခြားကို ပညာရှိသောသင် သည် လွန်စွာစောင့်ရှောက်ပါ"။

မှုဆိုးရောက်လာ
မေးမြန်းကာ

ဤသို့ ဟံသာမင်းနှင့် စစ်သူကြီးသုမုခ တို့ အချေအတင်စကားပြောနေကြစဉ် ၌ မုဆိုးသည် မြင်လေ၏၊ ဟံသာ မင်းနှင့် စစ်သူကြီးသို့လည်း ရန်သူမုဆိုးကိုကြည့်လျက် ဆိတ် ဆိတ်သာနေကုန်၏၊ မတုန်လှုပ်ကြကုန်၊ မုဆိုးလည်း လျင်မြန်စွာ ချဉ်းကပ်လာပြီးလျှင် ဟံသာနှစ်ကောင်မိနေ သလော ဟု ဆင်ခြင်ပြန်လျှင် တကောင်တည်းသာ မိနေ သည်ကို သိသဖြင့် ဟံသာမင်းအား—

"အို-ဟံသာမင်း…. သင့်မှာ ကြီးစွာသော ကျော့ကွင်းဖြင့် မိနေသောကြောင့် အရပ်တပါးသို့ မသွားနိုင်သည်ကား သင့်တန်စေ၊ ကျော့ကွင်းမမိ သောဟံသာမင်းကား အရပ်တပါးသို့ သွားနိုင် သည်မဟုတ်ပါလော၊ ခွန်အားကြီးသောသင်သည် ကျော့ကွင်းမမိပါဘဲလျက် အဘယ်ကြောင့်မသွား ဘိသနည်း"။

"အို-ဟံသာမင်း…. ကျော့ကွင်းမိနေသော ဟံသာမင်းနှင့် သင်သည် အသို့စပ်တော်သနည်း၊ ကျော့ကွင်းမမိသော သင်သည် ကျော့ကွင်းမိနေ သောဟံသာမင်းသို့ ကပ်ဘိ၏၊ သင်မှ တပါးသော

ဟင်္သာတို့သည် စွန့်၍ ပျံကြကုန်ပြီ၊ အဘယ်ကြောင့် တယောက်ထီးတည်း ကျန်ရစ်သနည်း"—
ဟု သုမုခဟင်္သာအား မေးမြန်းလေ၏။

**သေခြင်းနီးလျှင် ဘေးမမြင်**

ထိုအခါ သုမုခဟင်္သာ စစ်သူကြီးသည် မုဆိုးအား ဤဟင်္သာမင်းကို အလွန်ချစ်ခင်လှသဖြင့် အသက်နှင့် လဲလှယ်ရသော်လည်း မစွန့်ခွါပါဟု ပြောဆိုလျက်—

"အဆွေမုဆိုး....ဤဟင်္သာကား အကျွန်ုပ်၏ အရှင်မင်းကြီးတည်း၊ အသက်နှင့်တူသော အဆွေခင်ပွန်းတည်း၊ အကျွန်ုပ်သည် သေသည်ကာလတိုင်အောင် ထိုဟင်္သာမင်းကို မစွန့်တော့အံ့"—
ဟု ပြောကြားလေ၏၊ ထိုနောက်မုဆိုးသည် သုမုခစစ်သူကြီးအား—

"အဆွေဟင်္သာ.... ဤဟင်္သာမင်းကား အခြံအရံများသောသူ, ပညာကြီးသောသူ တို့တွင် တယောက် အပါအဝင် ဖြစ်ပါလျက် အဘယ်ကြောင့် မိမိတို့ထောင်ထားသော ကျော့ကွင်းကို မမြင်သနည်း၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိခြင်းငှါထိုက်ပါ၏"-
ဟုမေးပြန်၏၊ထိုအခါ သုမုခစစ်သူကြီးသည်မုဆိုးအား-

"အဆွေမုဆိုး....အကြင်သတ္တဝါကား အသက်ကုန်၍ ပျက်စီးခြင်းသို့ ရောက်လိုသည် ဖြစ်အံ့၊ ပျက်စီးခြင်းသို့ ရောက်လိုသောအခါ ထိုသတ္တဝါ

သည် ကျော့ကွင်းပိုက်ကွန်အနီးသို့ ရောက်၍လည်း မသိတော့ချေ”–

ကျော့ကွင်းကို မမြင်မသိခြင်းအကြောင်းကို ပြောဆို၏၊ ထိုအခါ မူဆိုးသည်–

“ပညာကြီးသောဟသ်ာ.... အကျွန်ုပ်သည် စင်စစ်များစွာသော ကျော့ကွင်းတို့ကို ထောင်အပ်ကုန်၏၊ ထိုထောင်အပ်သော ကျော့ကွင်းတို့တွင် အသက်ကုန်လိုသော သတ္တဝါသည် လျှို့ဝှက်အပ်သော ကျော့ကွင်းသို့ရောက်၍ မိတတ်ပါ၏”–

ဟု ဝန်ခံစကား ပြောကြားပြန်၏။

**ဟသ်ာမင်းလွှတ်ရန် သုမုခပြောပြန်**

ထိုအခါ သုမုခသည် မိမိပြောဆိုသော စကားဖြင့် မူဆိုးစိတ်နူးညံ့သည် အဖြစ်ကိုသိလျှင်–

“အဆွေမူဆိုး.... ဤဟသ်ာမင်းသည် သင်နှင့် တကွပေါင်းဘော်ခြင်းကြောင့် စင်စစ်ချမ်းသာသော အကျိုးရှိသည်ဖြစ်ပေ၏၊ အကျွန်ုပ်တို့အား ခွင့်ပြုပါ၊ အကျွန်ုပ်တို့၏ အသက်ကိုပေးပါ”-

ဟု အသက်ကို တောင်းလေ၏၊ မူဆိုးလည်း သုမုခ၏ သာယာစွာသော တရားစကားကို ကြားရသည်ဖြစ်၍–

“အဆွေဟသ်ာ....သင်ကားအကျွန်ုပ်၏ ကျော့ကွင်း၌ မမိပေ၊ သင့်အား သတ်ခြင်းကိုလည်း ငါ အလိုမရှိ၊ ဤအရပ်မှ အမြန်သွား၍ ချမ်းသာသည်ဖြစ်၍ကြာမြင့်စွာ အသက်ရှည်ပါလော့”-

ဟု ပြောဆိုလျက် လွှတ်လေ၏။

အသက်ပေးလျှက်
တောင်းပန်ချက်

သုမုခလည်းမိမိအားလွှတ်ခြင်းကိုအလိုမရှိ၊ ဟသ်ာမင်းအား လွှတ်ခြင်းကိုသာ အလိုရှိသည်ဖြစ်၍ တဖန်—

"အဆွေမုဆိုး····အကျွန်ုပ်ကား ဟသ်ာမင်း၏အသက်ရှည်ခြင်းကိုထား၍ အကျွန်ုပ်၏ အသက်ရှည်ခြင်းကို အလိုမရှိပါ၊ သင်သည်အကယ်၍ဟသ်ာတကောင်ဖြင့် ရောင့်ရဲတင်းတိမ်ပါအံ့၊ ထိုဟသ်ာမင်းကိုလွှတ်ပါ၊ ကျွန်ုပ်ကိုသာစားပါ"။

"အဆွေမုဆိုး···· သင့်ကို တောင်းပန်ပါ၏၊ အကျွန်ုပ်တို့ကို အညီအမျှရှုပါ၊ အကျွန်ုပ်တို့၌ တပ်မက်မောခြင်း ဖြစ်ပါအံ့၊ အကျွန်ုပ်ကို ရှေးဦးစွာ ကျော့ကွင်းဖြင့် ဘွဲ့ဦးလော့၊ နောက်မှဟသ်ာမင်းကိုလွှတ်ပါ"။

"အဆွေမုဆိုး···· အကျွန်ုပ် တောင်းပန်ခြင်းကိုပြုသည်ဖြစ်ရာ၏၊ ဓတရဋ္ဌဟသ်ာမင်းနှင့် အဆွေခင်ပွန်းလည်းဖြစ်ရာ၏၊ သင့်အားအသက် ရှည်ခြင်းငှာအလိုရှိသလောက် အသက်ရှည်ပါစေ"-

ဟု တောင်းပန်ပြန်၏။

မိတ်ကောင်းလုံ့လ
လွှတ်မြောက်ရ

မုဆိုးသည် ဆီ၌ချအပ်သော ဝါဂွမ်းစိုင်ကဲ့သို့ အလွန်နူးညံ့သော စိတ်ရှိသည်ဖြစ်၍—

"အဆွေဟသ်ာ···· သင်လွှတ်စေအပ်သည်ဖြစ်၍ ဤအရပ်မှသွားသော ဟသ်ာမင်းကိုသားမယား

ဆွေမျိုး ဉာတိ အမတ် အလုပ် အကျွေးစသော ဟံသာ အပေါင်းတို့သည် တွေ့ဆုံဖူးမြင်ကြစေကုန် သတည်း"။

"အဆွေဟံသာ....သင်သည် ဓတရဋ္ဌဟံသာ မင်း၏ အသက်နှင့်တူသော အဆွေခင်ပွန်းဖြစ်သကဲ့ သို့ ထိုအတူ ဤလောက၌ များစွာသော သူတို့ အား သင်နှင့်တူသော အဆွေခင်ပွန်းတို့သည် မရှိ ကုန်သည်သာတည်း"။

"အဆွေ ဟံသာ.... အကျွန်ုပ်သည် သင်၏ အဆွေခင်ပွန်းဖြစ်သော ဟံသာမင်းကိုလွှတ်ပါအံ့၊ ဟံသာမင်းသည် သင်၏ အလိုသို့ လိုက်ပါစေ၊ ဤ အရပ်မှ အလိုရှိရာသို့ လျင်မြန်စွာသွား၍ သင်တို့ ဟံသာနှစ်ကောင်တို့သည် ဆွေချိုးတို့ အလယ်၌ တင့်တယ်ပါစေ"—

ဟု ပြောကြားပြီးလျှင် မုဆိုးသည် ဟံသာမင်း၌ ချစ်ခင် ကြင်နာသော မေတ္တာစိတ်ဖြင့် ကျော့ကွင်းမှ ဖြေပြီးလျှင် သွေးစေးတို့ကို ရေဖြင့်ဆေး၍ အသာအယာ ဆုပ်နယ်ပေး လျှင် မေတ္တာ၏အာနုဘော်ကြောင့် အကြော အကြောချင်း, အသား အသားချင်း, အရေ အရေချင်း ဆက်စပ်ကာ ပကတိချမ်းသာသော အဖြစ်သို့ရောက်လေ၏။

ကျေးဇူးဆပ်ရန် ပြောဆိုပြန်

ထိုအခါသုမုခစစ်သူကြီးသည်မုဆိုးအား ကျွန်ုပ်တို့၏ ကျေးဇူးများသော အဖြစ် ကိုဟံသာမင်းကို ပြောကြားလျက်—

"အဆွေမုဆိုး…ယခု အခါ၌ အကျွန်ုပ်သည် ကျော့ကွင်းမှ လွတ်လေပြီးသော ဟံသာမင်းကို မြင်ရ၍ နှစ်သက် ဝမ်းမြောက် သကဲ့သို့ ထို့အတူ သင်မုဆိုးသည် အလုံးစုံသော ဆွေမျိုးတို့နှင့်တကွ နှစ်သက် ဝမ်းမြောက်ပါစေ"—

ဟု အနုမောဒနာ ပြုလေ၏၊ထိုနောက် သုမုခစစ်သူကြီးသည် ဟံသာမင်းအား "အရှင်မင်းကြီး…. ဤမုဆိုးကား အကျွန်ုပ်တို့အား အလွန်ကျေးဇူးများပေ၏၊ မိမိအကျိုးစီးပွားကို မကြည့်ဘဲ အကျွန်ုပ်တို့စကားကို လိုက်နာပေ၏၊ အကျွန်ုပ်တို့ကို မင်းကြီးထံသို့ ယူဆောင်စေ၍ မင်းကြီးထံမှ ဆုလာဘ်ရကာ ချမ်းသာစွာ အသက် မွေးရသည်ကို ပြုကြမည်ဟု လျှောက်ထား၏၊ ဟံသာမင်းလည်း ဝန်ခံ၏၊ ဤသို့လျှင်သုမုခသည် မိမိတို့ ဘာသာ စကားဖြင့် ဟံသာမင်းနှင့် တိုင်ပင်ပြီးလျှင် လူတို့ ဘာသာစကားဖြင့် မုဆိုးအား "အဆွေမုဆိုး..သင်သည် အဘယ်အကျိုးငှါ ကျော့ကွင်းကို ထောင်သနည်း"ဟုမေး၏၊ "ဥစ္စာအကျိုးငှါ ထောင်ပါ၏" ဟု ပြော၏၊ "ဥစ္စာအကျိုးငှါ ထောင်ခဲ့သော် အကျွန်ုပ်တို့ နှစ်ကောင်ကို ယူဆောင်၍ မင်းကြီးအားပြလော့၊သင့်အား များစွာသော ဥစ္စာကို ပေးလိမ့်မည်"ဟု ပြောဆိုလေ၏။

**ဟံသာနှစ်ကောင် မင်းထံဆောင်**

ထိုစကားကို ကြားလျှင် မုဆိုးသည် "အရှင်တို့..အရှင်တို့သည်မင်းကြီးအား ပြခြင်းကို မနှစ်သက်ပါလင့်၊ မင်းမည်သည်ကား ဖေါက်ပြန်တုန်လှုပ်သောစိတ်ရှိပါ၏၊ အရှင်တို့ကို ညှဉ်းဆဲမှုလည်း ညှဉ်းဆဲရာ၏၊ သတ်မှုလည်း

သတ်ရာ၏”ဟုပြော၏၊ အဆွေမှူဆိုး သင်မကြောက်ပါလင့်၊ အကျွန်ုပ်တို့ကား သင်ကဲ့သို့ ရက်စက်ကြမ်းကြုတ်၍ သတ္တဝါတို့အသွေးအသားကို သောက်စားသော မှူဆိုးကိုစင်လျက် တရားစကားဖြင့် နူးညံ့သည်ကိုပြု၍ ခြေရင်း၌ ဝပ်စေနိုင်သေး၏၊မင်းမည်သည်ကားဘုန်းကံနှင့်ပြည့်စုံ၏၊ပညာကြီး၏၊ ကောင်းသောစကား မကောင်းသောစကားကို သိတတ်၏၊ လျင်စွာ အကျွန်ုပ်တို့ကို မင်းအားပြပါလော့”ဟု ပြောဆိုလေ၏၊မှူဆိုးသည် “အရှင်တို့….ကောင်းပါပြီ၊ အကျွန်ုပ်အား အမျက်မထွက်ပါလင့်၊ အရှင်တို့ အလိုအားဖြင့် ဆောင်ယူ၍ ပြပါမည်ဟု”ပြောကြားကာ ဟင်္သာနှစ်ကောင်တို့ကိုထမ်းပိုးပေါ်၌ နားစေလျက် အိမ်သို့ယူဆောင်ပြီးလျှင် မင်းကြီးထံသွား၍ ဆက်သလေ၏။

**ဟင်္သာအကြောင်းများ မင်းလျှောက်ထား**

မင်းကြီးသည် ဟင်္သာနှစ်ကောင်တို့ကို မြင်ရလျှင်“အမောင်မှူဆိုး…သင်ကား ဤဟင်္သာနှစ်ကောင်တို့ကို မဖွဲ့ မချည်ဘဲ ထမ်းပိုးပေါ်၌တင်ကာ ယူဆောင်၍လာ၏၊အဘယ်နည်းဖြင့် ဖမ်း၍ရခဲ့သနည်း”ဟုမေးလေ၏၊ ထိုအခါ မှူဆိုးသည် “မြတ်သောမင်းကြီး‥အကျွန်ုပ်သည် မာနုသိယအိုင်ကြီး၌ ကျော့ကွင်းတို့ကိုထောင်၍ထားပါ၏၊ဟင်္သာတို့လာ၍ကျက်စားရာ ဤဟင်္သာကိုမိပါ၏၊ ဤဟင်္သာကား သာမန်မဟုတ်ပါ၊ ဟင်္သာကိုးသောင်း ခြောက်ထောင်တို့ အရှင်မင်းမြတ်ဖြစ်ပါ၏၊ ဤဟင်္သာကား ထိုဟင်္သာမင်း၏ သုမုခမည်သော စစ်သူကြီးဖြစ်ပါ၏၊ ကျော့ကွင်းမမိပါ၊ မမိသော်လည်း အရှင်ဖြစ်သော ဟင်္သာမင်းကို စွန့်၍မသွားပါ၊ အနားတွင်ကပ်၍နေပါ၏၊ ဟင်္သာမင်းအတွက် အသက်

နှင့်လဲ၍ ကျေးဇူးကို ဆောင်ရွက်ပါ၏၊ အကျွန်ုပ်သည် ကျော့ကွင်း မိနေမှန်းသိ၍ သွားသောအခါ ဟံသာမင်း၏ ဂုဏ်ကျေးဇူးတို့ကို ပြောကြားကာတရားဟော၍ အကျွန်ုပ် အားလွှတ်ရန် တောင်းပန်ပါ၏၊ အကယ်၍ အလိုရှိပါမူ အကျွန်ုပ်ကို သတ်၍ ဟံသာမင်းကို လွှတ်ပါဟု အကျိုး အကြောင်းပြကာ တောင်းပန်ပါ၏၊ အကျွန်ုပ်လည်း တရား စကားကိုကြားရလျှင် စိတ်နူးညံ့ကာကြင်နာသနားလှသဖြင့် ဟံသာမင်းအား ကျော့ကွင်းမှလွှတ်၍ အလိုရှိရာသို့ပျံကြ ပါဟု ပြောဆိုပါ၏၊ ထိုစစ်သူကြီးသည် အကျွန်ုပ်အား သင်သည် ငါတို့အပေါ်မှာ ကျေးဇူးကြီးလှသည်၊ သင့်ကို ကျေးဇူးဆပ်လိုသည်၊ ငါတို့ကို ယူဆောင်၍ မင်းကြီးထံ ဆက်ပါ၊ သင့်အားများစွာသောဥစ္စာကို ပေးပေါ်မည်ပြော ဆို ဆုံးမသဖြင့် အကျွန်ုပ်အရှင်မင်းကြီးထံ ဆက်သပါ၏" ဟုအကြောင်းစုံပြန်ပြောင်း၍ လျှောက်ထားလေ၏။

**တရားဟောရန် မင်းတောင်းပန်**

မင်းကြီး လည်း မုဆိုး လျှောက်ထား သောစကားကိုကြားလျှင် အလွန်အား ရ နှစ်သက်တော်မူသဖြင့် ဟံသာမင်း အား မွန်မြတ်သောနေရာ၌ နေစေ၍ သုမုခစစ်သူကြီးအား အင်းပျဉ်၌ နေစေ၍ ပေါက်ပေါက် တင်လဲသကာ စသည် တို့ကို ရွှေခွက်၌ထည့်ကာ ကျွေးမွေး ညွှတ်ခံလေ၏၊ စား သောက်ပြီးလျှင် မင်းကြီးသည် ရွှေဟံသာမင်းကို ရိုသေစွာ ရှိခိုး၍ တရားစကားဟောကြားရန် တောင်းပန်၏၊ထိုအခါ ဓတရဋ္ဌဟံသာမင်းသည် မင်းကြီးအား အစေ့အစပ်ပဋိ သန္ဓာရစကား ပြောကြားပြီးလျှင် တရားဟောလေ၏။

"အရှင်မင်းမြတ်····အသို့နည်း၊အရှင်မင်းမြတ်အား အနာကင်းပါ၏လော၊ ဆင်းရဲကင်းပါ၏လော၊ ဤတိုင်းပြည်ကြီးသည် ဝပြောသာယာပါ၏လော၊ အရှင်မင်းမြတ်သည် တရားနှင့်အညီ ဆုံးမပါ၏လော"။

"ရွှေဟင်္သာမင်း····အကျွန်ုပ်အားအနာလည်းကင်းပါ၏၊ ဆင်းရဲလည်းကင်းပါ၏၊ ဤမဟိသကတိုင်းကြီးလည်း သာယာဝပြောပါ၏၊ အကျွန်ုပ်လည်း တရားနှင့်အညီ ဆုံးမပါ၏"။

"အရှင်မင်းမြတ်····အသို့နည်း၊အရှင်မင်းမြတ်အား မှူးတော်မတ်တော်တို့၌ တစုံတခုသောအပြစ်မရှိ ကင်းပါ၏လော၊ထိုမှူးတော်မတ်တော်တို့သည် အရှင်မင်းမြတ်၏ အကျိုးစီးပွားး၌ အသက်ကိုစွန့်၍ ထမ်းရွက်ပါ၏လော"။

"ရွှေဟင်္သာမင်း···အကျွန်ုပ်အား မှူးတော်မတ်တော်တို့၌ တစုံတခုသော အပြစ်မရှိ ကင်းပါ၏၊ အကျွန်ုပ်၏ မှူးတော်မတ်တော်တို့သည် အကျွန်ုပ်၏ အကျိုးစီးပွားတို့၌ အသက်ကိုစွန့်၍ ထမ်းရွက်ကြပါကုန်၏"။

"အရှင်မင်းမြတ်····အသို့နည်းအမျိုးဇာတ်တူ မိဖုရားတို့သည် အရှင်မင်းမြတ်၏ စကားကို နားထောင်ကြပါကုန်၏လော၊ ချစ်ဘွယ်သောစကားကို ပြောဆိုကြပါကုန်၏လော၊သားသမီး အဆင်းအခြံအရံနှင့် ပြည့်စုံကြပါကုန်၏လော၊အလိုသို့လိုက်ကြပါကုန်၏လော"။

"ရွှေဟင်္သာမင်း…အကျွန်ုပ်၏ အမျိုးဇာတ်တူ မိဖုရားတို့သည် အကျွန်ုပ်၏စကားကို နားထောင် ကြပါကုန်၏၊ ချစ်ဘွယ်သောစကားကို ပြောဆိုကြ ပါကုန်၏၊ သားသမီး အဆင်းအခြံအရံနှင့်လည်း ပြည့်စုံကြပါကုန်၏၊ အလိုသို့လည်း လိုက်ကြပါ ကုန်၏"။

ချင်းချင်းတွေ့မြင် ချစ်ကျွမ်းဝင်

ဤသို့ ရွှေဟင်္သာမင်းသည် စေ့စပ်သော စကား ပြောဟောသည်ရှိသော် တဖန် သာဂလမင်းကြီးသည် ရွှေဟင်္သာမင်း အား အကြောင်းအရာစကား မေးမြန်း ပြောပြန်၍–

"ရွှေဟင်္သာမင်း‥ အသို့နည်း၊သင်သည်ကြီးစွာ သောရန်သူ၏လက်သို့ ရောက်ခဲ့ရသည်မဟုတ်လော၊ ထိုဘေးရန်ကြောင့် ရှေးဦးစွာ ကြီးစွာသောဆင်း ရဲသို့ ရောက်ခဲ့ရသည် မဟုတ်လော"။

"ရွှေဟင်္သာမင်း…အသို့နည်း၊ယန္တရားထောင် တတ်သောမုဆိုးသည် ပြေးလာတည့်၍ လှန်ကန်ဖြင့် ပုတ်ခတ်ဘိ၏၊ဤသို့ပုတ်ခတ်ခြင်းမှာလည်း ယုတ်မာ သော မုဆိုးတို့ အလေ့သဘောဖြစ်၏"။

"အရှင်မင်းမြတ်‥ဤသို့မိန့်တော်မူတိုင်း ဘေး ရန်ရှိသော်လည်း ဘေးမရှိခြင်းသို့ ရောက်ရပေ၏၊ ရန်သူနှင့်တူသော မုဆိုးလက်သို့ ရောက်ရသော် လည်း အကျွန်ုပ်တို့၌ တစုံတခုသော ဆင်းရဲကိုမျှ မပြုပေ"။

"အရှင်မင်းမြတ်… မုဆိုးသည် စုံစမ်း၍ကပ် လာပါ၏၊ ရှေးဦးစွာကလျှင် နူးညံ့သော စကား

ကိုဆိုပေ၏၊ ထိုအခါ ပညာရှိသော ဤသုမုခစစ်သူကြီးသည် စကားတို့ပြန်၍ ပြောဆိုပေ၏”။

“အရှင်မင်းမြတ်….ထိုအခါ စစ်သူကြီး သုမုခ၏ စကားကိုကြားရ၍ ဤမူဆိုးသည် ကြည်ညိုခြင်းသို့ရောက်ပေ၏၊ ထို့ကြောင့် အကျွန်ုပ်ကို ကျော့ကွင်းမှ လွှတ်ပေ၏၊ ချမ်းသာစွာ ခွင့်ပြုပေ၏”။

“အရှင်မင်းမြတ်….ဤမူဆိုးအား ဥစ္စာရစေလိုသော စစ်သူကြီး သုမုခသည်ပင်လျှင် ဤအရပ်သို့ ပို့စေရန်ကြံစည်၍ မူဆိုးကိုပြောဆိုကာ ပို့စေသဖြင့် အရှင်မင်းကြီးထံ ရောက်လာပါကုန်၏”။

“ရွှေဟသ်ာမင်း…. ရွှေဟသ်ာမင်း လာခြင်းသည် ကောင်းသော လာခြင်းဖြစ်ပါ၏၊ ရွှေဟသ်ာမင်းကို ဖူးမြင်ရခြင်းကြောင့် အကျွန်ုပ်သည် အလွန်ဝမ်းမြောက်လှပါ၏၊ ဤမူဆိုးအားလည်း အလိုရှိသလောက် ဥစ္စာကိုရပါစေအံ့”။

**မင်းတို့ထံမှောက်**
**မူဆိုးချီးမြှောက်**

ဤသို့စကား ပြောဆိုပြီးလျှင် သာဂလမင်းသည် အမတ်တယောက်ကို ခေါ်၍ ဤမူဆိုးကို ဆံမှုတ်ဆိတ်တို့ကို ပြုပြင်ရေချိုးနံ့သာလိမ်းပြီးလျှင် တန်ဆာဆင်၍ ဆောင်ယူခဲ့လောဟု မိန့်တော်မူ၏၊ အမတ်လည်း မင်းကြီးစေခိုင်းတိုင်းပြု၍ မူဆိုးကိုဆောင်ယူခဲ့၏၊ ထိုအခါမင်းကြီးသည် မူဆိုးအား တနှစ်တနှစ်၌ အခွန်တသိန်းထွက်သော ရွာကိုရင်း, မိန်းမ

နှစ်ယောက်ကိုငင်း, ကြီးစွာသောအိမ်ကိုငင်း, မြတ်သော ရထားကိုငင်း, များစွာသော ရွှေငွေဥစ္စာတို့ကိုငင်း ပေး၍ ချီးမြှောက်တော်မူ၏။

ဤသို့လျှင်မင်းကြီးသည် မှူးဆိုးအား ချီးမြှောက် ပြီးလျှင် ရွှေဟာသ်ာမင်းအား နားချမ်းသာသောစကားတို့ဖြင့်တရား ဟောပေ၏ဟု ချီးကျူးကာအလုံးစုံသော ထီးနန်းစည်း စိမ်ကို ပေးအပ်ပူဇော်လေ၏၊ရွှေဟာသ်ာမင်းလည်း လက်မ ခံဘဲ သာဂလမင်းအားသာ ပြန်၍အပ်နှင်းလေ၏။

သုမုခတရား နာလိုခြင်း

ထိုနောက် သာဂလမင်းသည် ငါကား ရွှေဟာသ်ာမင်း၏ တရားစကားကိုကြား နာရပေပြီ၊ မှူးဆိုးကား သုမုခစစ်သူကြီး သည် သာယာစွာသော စကားကိုပြောကြားတတ်၏ဟု အလွန်ချီးကျူးပေ၏၊ ငါလည်းကြားနာလို၏၊ ဟု ကြံစည် ပြီးလျှင် သုမုခအား–

"အို-သုမုခ···· အသိဉာဏ်ပညာနှင့် ပြည့်စုံ သော ဤသုမုခစစ်သူကြီးသည် မိမိအလိုအားဖြင့် သာ အကျွန်ုပ်အားတရားစကားဟောကြားခဲ့ရာ၏၊ ထိုဟောကြားသော တရားစကားကို အကျွန်ုပ် သည် အလွန်နှစ်သက်ရာ၏"–

ဟု တရားနာလိုသဖြင့် စတင်၍ပဋိသန္ထာရစကား ပြော ကြားလေ၏၊ ထိုအခါ သုမုခစစ်သူကြီးသည် မင်းကြီးအား-

"အရှင်မင်းကြီး···· ဤရွှေဟာသ်ာ မင်းကား စင်စစ် ပခြုပ်တွင်း၌ ဝင်နေသော နဂါးမင်းကဲ့သို့

စကားတို့ကို ပြန်လှန်ပြောဆိုခြင်းငှာမဝံ့၊ ဤသို့ပြန်လှန်ပြောဆိုချေသော် ထိုရွှေဟင်္သာ မင်းသည် အကျွန်ုပ်အား ဆုံးမသည် မဖြစ်ရာ"။

"အရှင်မင်းကြီး.... ရွှေဟင်္သာ မင်းသည် အကျွန်ုပ်တို့ထက် မြတ်တော်မူပေ၏၊ လူတို့ကိုအစိုးရသော အရှင်မင်းကြီးလည်း မြတ်သော ပုဂ္ဂိုလ်ပေတည်း၊ များစွာသောအကြောင်းတို့ဖြင့် ပူဇော်ထိုက်ကုန်၏"။

"အရှင်မင်းကြီး.... အချင်းချင်း ပြောဆိုကြသော မင်းမြတ်နှစ်ပါးတို့၏ အဆုံးအဖြတ်ဖြစ်လတ်သော် မင်းမြတ်နှစ်ပါးတို့အကြား၌အမှုကြီးငယ်ကို ရွက်ဆောင်ရသောသူသည် စကားတို့ပြန်၍မဆိုပေရာ"—

ဟု စကားမပြောခြင်း အကြောင်းကို ပြောဆို၏။

**သုမုခဟောချက် လွန်နှစ်သက်**

မင်းကြီးသည် သုမုခ၏စကားကိုကြားရလျှင် အလွန်နှစ်သက် တော်မူသဖြင့် မူဆိုးချီးကျူး ပြောဆိုသည်ကား မှန်ပေ၏၊ ပုဂ္ဂိုလ်မြတ်ပေတည်း၊ ငါမြင်ဘူးသူတို့တွင် သုမုခနှင့်တူသောသူကို မမြင်စဘူး-ဟု သုမုခစစ်သူကြီး၏ ကျေးဇူးစကားတို့ကိုပြောကြားချီးကျူးပြီးလျှင်"အို-ဟင်္သာမင်းတို့.... အကျွန်ုပ်သည် သင်တို့အားအလွန်နှစ်သက်ကြည်ညိုပါ၏၊ နှစ်ဦးလုံးကိုပင် ကြာမြင့်စွာ မြင်နေလိုပါကုန်၏"ဟု ပြောကြားပြန်၏။

ထိုအခါ ရွှေဟင်္သာမင်းသည် မင်းကြီးအား "အရှင်မင်းမြတ်....အရှင်မင်းမြတ်သည် အကျွန်ုပ်တို့နှင့် မွန်မြတ်သော အဆွေခင်ပွန်းဖြစ်ရပါပြီ၊ ဆွေမျိုးဟင်္သာအပေါင်းတို့သည် အကျွန်ုပ်တို့ကို မမြင်ရသည်ရှိသော် စိုးရိမ်ပူဆွေးကြကုန်လတ့ံ၊ ပျက်စီးကြကုန်လတ့ံ၊ သို့အတွက်ပြန်လိုပါကုန်၏၊ အရှင်မင်းမြတ်သည် ငါးပါးသီလကို စောင့်ရှောက်တော်မူပါ၊ တရားနှင့်အညီ မင်းပြုတော်မူပါ၊လေးပါးသောသင်္ဂဟဝတ္ထုတို့ဖြင့် လူအပေါင်းကို သင်္ဂြိုဟ်ချီးမြှောက်တော်မူပါဟု ဆိုးမပြီးလျှင် စိတ္တကုဋ်တောင်သို့ ပြန်ကြကုန်၏။

စိတ္တကုဋ်ပြန်ရောက်
လွန်ဝမ်းမြောက်

ရွှေဟင်္သာမင်းနှင့် သုမုခ စစ်သူကြီးတို့ ရောက်လာလျှင် ဟင်္သာအပေါင်းတို့သည် ခစားဝိုင်းအုံလျက် လွတ်မြောက်ခဲ့သောအကြောင်းကို မေးလျှောက်ကုန်၏၊ ထိုအခါ ဟင်္သာမင်းသည် သုမုခစစ်သူကြီးကိုမှီ၍ လွတ်မြောက်ရခြင်းအကြောင်းကိုငင်း၊သာဂလမင်းနှင့်မုဆိုးတို့အကြောင်းကိုငင်း ပြောကြားတော်မူ၏၊ ဟင်္သာအပေါင်းတို့သည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ သုမုခစစ်သူကြီး, သာဂလမင်း,မုဆိုး တို့သည် ချမ်းသာကြပါစေ၊ အသက်ရှည်ကြပါစေ ဟု ဆုတောင်းမေတ္တာ ပို့ကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ မုဆိုးသည်-ယခုအခါ ဆန္ဒထေရ်။

※ သာဂလမင်းသည်-သာရိပုတ္တရာ။
※ သုမုခသည်- အာနန္ဒာ။
※ ကိုးသောင်းခြောက်ထောင်သော ဟင်္သာအပေါင်းသည်-ဘုရား ပရိသတ်။
※ ဓတရဋ္ဌဟင်္သာမင်းသည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) တု,စစ်နှစ်ပါး၊ ခင်ပွန်းကား၊ ပြားလျက်ရှိသည်သာ။
(၂) ခင်ပွန်းစစ်ကား၊ ကျိုးစီးပွား၊ မမှားဆောင်သည်သာ။
(၃) ဘေးရန်ကြုံလျက်၊ ခင်ပွန်းတွက်၊ အသက်စွန့်ရဲစွာ။
(၄) ကောင်း,ဆိုးနှစ်တန်၊ မခွဲပြန်၊ ခံစံအတူသာ။

စူဠဟံသဇာတ်ပြီး၏။

## ၅၃၄-မဟာဟံသဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ဘုရားရှင်အတွက် အသက်ပေးလျက်**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအတွက် အသက်ကို စွန့်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**တရားနာရ အိပ်မက်က**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် သံယမမင်း မင်းပြုသည်ရှိသော် ထိုမင်းအား ခေမာမည်သော

မိဖုရားကြီးရှိလေ၏၊ ထိုအခါ ဘုရားအလောင်းရွှေဟင်္သာမင်းသည် ကိုးသောင်းသော ဟင်္သာအပေါင်းခြံရံလျက် စိတ္တကုဋ်တောင်၌ နေ၏။

တနေ့သ၌ ခေမာမိဖုရားကြီးသည် မိုးသောက်ထခါနီး၌ အိပ်မက်မြင်မက်လေ၏၊ ရွှေဟင်္သာတို့သည် လာလတ်ကုန်၍ပလ္လင်ထက်၌နေကုန်လျက် သာယာစွာသောအသံဖြင့် တရားဟောကုန်၏၊ ခေမာမိဖုရားကြီးသည် ကောင်းချီးပေးလျက် တရားကိုနာနေစဉ် မရောင့်ရဲမီလျှင် မိုးသောက်လင်းလတ်၏၊ ရွှေဟင်္သာတို့လည်း လေသွန်နန်းတံခါးဖြင့် ထွက်သွားကုန်၏၊ ထိုအခါ မိဖုရားကြီးသည် လျင်မြန်စွာ သွားကုန်သော ရွှေဟင်္သာတို့ကို ဖမ်းကြပါကုန်၊ ဖမ်းကြပါကုန်”ဟု ဆို၍ လက်ကိုဆန့်စဉ်လျှင် အိပ်ရာမှ လန့်၍နိုးလေ၏။

**ချင်ခြင်းဖြစ်မှု လျှောက်တင်ပြ**

ကိုယ်လုပ် မောင်းမတို့လည်း မိဖုရားကြီးယောင်ယမ်းမြည်တမ်းသောစကားကို ကြားကြလျှင် ရွှေဟင်္သာအဘယ်မှာနည်း၊ အတန်ငယ်ပြက်ရယ်ပြုကြကုန်၏၊ ထိုအခါ ခေမာမိဖုရားကြီးသည် ဆင်ခြင်ရာ အိပ်မက်မှန်းသိ၏၊ မဟုတ်မမှန်မမြင်မက်တန်ရာ၊မချွတ်လျှင် ရွှေဟင်္သာတို့ရှိကုန်လတံ့၊ ငါသည် အကယ်၍ ရွှေဟင်္သာမင်း၏တရားကို နာလိုပါသည် ဟု မင်းကြီးကို တင်လျှောက်ငြားအံ့၊ ရွှေဟင်္သာကို ငါတို့မမြင်စဘူးကုန်၊ ရွှေဟင်္သာတို့ တရားစကားမည်သည်လည်း မဖြစ်ဘူးကုန်ဟု ပြောဆိုကာ အားထုတ်၍ ရှာဖွေပေးမည်မဟုတ်၊ သို့အတွက် တနည်းနည်းဖြင့် မရမရှိအောင် ရှာဖွေပေးစေရန် ချင်ခြင်းဖြစ်သည်ဟု ပြောမှ

တော်မည်ဟု ကြံစည်၍၊ ဖျားနာဟန်ပြုလျက် ကိုယ်လုပ် မောင်းမတို့ကို မှာထားပြီးလျှင် အိပ်လျက်သာနေ၏။

မင်းကြီးလည်း မိဖုရားကြီးကို မမြင်၍ မေးတော်မူရာ ဖျားနာကြောင်းကို လျှောက်တင်ကြလျှင် ကိုယ်တိုင် မိဖုရားကြီးထံလာ၍ ကျောကိုသုံးသပ်လျက် "အရှင်မိဖုရား.... ဘယ်ရောဂါဖြစ်သနည်း"ဟု မေး၏၊ "အရှင်မင်းကြီး.... အခြားရောဂါမရှိပါ၊ ချင်ခြင်းဖြစ်ပါ၏" ဟု လျှောက်၏၊ "အရှင်မိဖုရား.... ဖြစ်သောချင်ခြင်းကို ပြောကြားပါ၊ ရအောင်ရှာ၍ပေးမည်"ဟု ပြော၏၊ "အရှင်မင်းကြီး.... ရွှေဟင်္သာမင်းကိုပလ္လင်ပေါ်၌တင်၍ ပူဇော်ကာ ကောင်းချီးပေးလျက် တရားတော်ကို နာကြားလိုပါ၏၊ အကယ်၍ ရလျှင်ကောင်းပါ၏၊ မရလျှင်သေပါအံ့"ဟု လျှောက်တင်လေ၏။

**ဟင်္သာဖမ်းရန် မင်းကြီးကြံ**

ထိုအခါ မင်းကြီးသည် မိဖုရားကို နှစ်သိမ့် ကျေနပ်စေပြီးလျှင် အခန်းတွင်းမှ ထွက်ခဲ့၍ မှူးတော်မတ်တော်တို့ကို ခေါ်ပြီးလျှင် ခေမာမိဖုရားကြီး၏ ချင်ခြင်းကို ပြောကြား၍ "အမတ်တို့..ရွှေဟင်္သာမည်သည် ရှိပါသလော"ဟု မေး၏၊ "အရှင်မင်းကြီး.... အကျွန်ုပ်တို့ မမြင်ဘူးပါကုန်" ဟု လျှောက်ထားကုန်၏၊ မင်းကြီးသည် တဖန်ပုဏ္ဏားတို့ကို ခေါ်၍မေးပြန်၏၊ ဗေဒင်ကျမ်းတို့၌ ငါး, ပုဇွန်, လိပ်, သမင်, ဥဒေါင်း, ဟင်္သာတို့သည် တိရစ္ဆာန် ဖြစ်ကုန်သော်လည်း ရွှေအဆင်းရှိကုန်၏၊ ထိုတွင် ဓတရဋ္ဌဟင်္သာမျိုးတို့သည် ပညာဉာဏ်နှင့် ပြည့်စုံကုန်၏" ဟု လျှောက်ထား

ကုန်၏၊ "ဆရာတို့…. အဘယ်အရပ်၌ နေကုန်သနည်း" ဟုမေးပြန်၏၊ "အရှင်မင်းကြီး….မသိပါကုန်"ဟု လျှောက်ထားကုန်၏။

တဖန် မင်းကြီးသည် မုဆိုးတို့ကို စည်းဝေးစေ၍ "အမောင်တို့….ဓတရဋ္ဌ ရွှေဟင်္သာတို့သည် ဘယ်အရပ်၌ နေကြကုန်သနည်း"ဟု မေးပြန်၏၊ ထိုမုဆိုးတို့တွင် မုဆိုး တယောက်သည် "အရှင်မင်းကြီး…. ဟိမဝန္တာ အရပ် ဝယ် စိတ္တကုဋ်တောင်၌ နေကြသည် ဟု အကျွန်ုပ်တို့ အမျိုး စဉ်ဆက် ပြောသံ ကြားဘူးပါ၏"ဟု လျှောက်၏၊ "အမောင်….ထိုရွှေဟင်္သာတို့ကို ဖမ်းယူရန် အကြောင်းကို သိပါသလော"ဟုမေးပြန်၏၊ "အရှင်မင်းကြီး….အကျွန်ုပ် မသိပါ" ဟု လျှောက်ထားလေ၏။

**ပုဏ္ဏားလျှောက်ချက်**
**လွန်နှစ်သက်**

ထိုအခါ မင်းကြီးသည် ပုဏ္ဏားတို့ကို မေးပြန်၏၊ ပုဏ္ဏားတို့သည် "အရှင်မင်း ကြီး….သွား၍ဖမ်းရန်မလိုပါ၊ ဥပါယ် တမျဉ်ဖြင့် မြို့တော်အနီးသို့ ရောက်အောင် သွေးဆောင်၍ ဖမ်းယူသင့်ပါ၏"ဟုလျှောက်၏၊ "ဆရာတို့….ဥပါယ်တမျဉ် ကား အဘယ်နည်း"ဟုမေး၏၊ "အရှင်မင်းကြီး…မြို့တော်မှ သုံးဂါဝုတ်အကွာတွင် သုံးဂါဝုတ်မျှကျယ်ဝန်းသော ခေမာ မည်သောရေကန်ကြီးကိုတူးစေ၍ကြာမျိုးငါးပါးတို့ဖြင့် တင့် တယ်စေလျက် စပါးအမျိုးမျိုးတို့ကိုလည်း စိုက်ပျိုးကာ မုဆိုးတယောက်ကို အပ်နှင်းပြီးလျှင် အခြားသူတို့ကိုမလာ စေဘဲ ကန်လေးထောင့်၌ နေသောသူတို့ကို သားငှက်တို့ကို ဘေးမဲ့ပေးထားကြောင်း ကြွေးကြော်စေရမည်၊ငှက်တို့သည်

ကြားလျှင်လာ၍ ကျက်စားကြပါလိမ့်မည်၊ ထိုဌက်တို့မှ အဆင့်ဆင့်ကြားလျှင် စိတ္တကုဋ်တောင်၌နေသောရွှေဟင်္သာ တို့လည်းလာ၍ ကျက်စားကြပါလိမ့်မည်၊ထိုအခါ မှုဆိုးကို ကျော့ကွင်းထောင်ကာဖမ်းစေရမည်''ဟုပြုလုပ်ရန်ဥပါယ် တမျဉ်ကို လျှောက်ထားကုန်၏။

**ဘေးမဲ့ရေကန် တူးစေပြန်**

မင်းကြီးလည်း ပုဏ္ဏားတို့လျှောက်ထားသောဥပါယ်တမျဉ်ကို နှစ်သက်တော်မူသဖြင့် လျှောက်ထားသော အတိုင်း ရေကန်ကြီးတူး၍ ကြာမျိုး စပါးမျိုးတို့ကို စိုက်ပျိုးစေပြီးလျှင် လျှောက်ထားသော နည်းအတိုင်းပြုစေ၍ အသပြာ တထောင်ပေးကာ ကျော့ကွင်းထောင်၍ ဓတရဋ္ဌရွှေဟင်္သာ မင်းကို ဖမ်းရန်မှာထား၍ မုဆိုးတယောက်ကို အစောင့် ထားတော်မူ၏၊ မုဆိုးလည်း မင်းကြီးစေခိုင်းသော အတိုင်း ပြုလုပ်၍ ခေမာကန်ကြီးကို စောင့်ရှောက်ရလေ၏၊ သို့အတွက် မုဆိုးအားလည်း ခေမာမုဆိုးဟူ၍ ထင်ရှားလေ၏၊ ဘေးမဲ့ပေးထားကြောင်းကိုသိလျှင် ဌက်တို့လည်း လာကြကုန်၏၊ ကြွေးကြော်သံကို အဆင့်ဆင့်ကြားကြလျှင် ရှေးဦးစွာ တိဏဟင်္သာမျိုး၊ နောက် အဆင့်ဆင့် ပဏ္ဍုဟင်္သာမျိုး၊ မနောသိလာဟင်္သာမျိုး၊ သေတဟင်္သာမျိုး၊ ပါကဟင်္သာမျိုး တို့သည်လာကြကုန်၏၊ ထိုအခါခေမာမုဆိုးသည် မင်းကြီး အားပါကဟင်္သာမျိုးတို့လာကြပြီ၊မကြာမီဓတရဋ္ဌရွှေဟင်္သာ မျိုးတို့ လာကြကုန်လတ္တံ့ ဟု လျှောက်ထား၏၊ မင်းကြီး လည်း မုဆိုးစကားကိုကြားရလျှင် အလွန်ဝမ်းမြောက်တော်မူ၏၊ ရေကန်နားသို့ မည်သူမျှမသွားရန် အကြပ် အတည်း တားမြစ်တော်မူ၏။

ဟံသာ ခတရဋ္ဌ ကြားသိလတ်

ပါကဟံသာမျိုးတို့သည်ကား စိတ္တကုဋ်တောင်ဝယ် ဓတရဋ္ဌဟံသာမျိုးတို့ အနီး၌နေကုန်၏၊ ခွန်အားကြီးကုန်၏၊ ပါကဟံသာမင်း၏ သမီးကား ရွှေအဆင်းနှင့်တူ၏၊ ထိုသမီးကို ဓတရဋ္ဌဟံသာမင်းအား ဆက်သသဖြင့် မိဖုရားကြီးပြု၍ထား၏၊ သို့အတွက် တမျိုးနှင့်တမျိုး အလွန်အကျွမ်းဝင်ကုန်၏၊ ထိုအခါဓတရဋ္ဌဟံသာမျိုးတို့သည် ပါကဟံသာမျိုးတို့ထံမှ ခေမာရေကန်ကြီး အကြောင်းကိုကြားရလျှင် သွားလိုကြသဖြင့် သုမုခစစ်သူကြီးကို လျှောက်ထားကုန်၏၊သုမုခစစ်သူကြီးလည်း ဓတရဋ္ဌဟံသာမင်းကို လျှောက်ထား၏၊ ဓတရဋ္ဌဟံသာမင်းသည် ခေမာရေကန်ကြီး အကြောင်းကို ကြားရလျှင် သုမုခစစ်သူကြီးအား "အမောင်သုမုခ.... ခေမာရေကန်ကြီးသို့ မသွားလင့်၊ ရေးအခါ ငါတို့မကြားစဘူး၊ လူတို့သည် ကုသိုလ်ကောင်းမှုအလို့ငှာ ပြုထားသည်မဟုတ်၊ ငါတို့ကိုဖမ်းရန် ပြုထားလိမ့်မည်၊ လူတို့မည်သည် မာယာများ၏၊ ကြမ်းတမ်းသော အတိုင်အပင်ရှိ၏၊ ဥပါယ်တမျဉ်၌ လိမ်မာ၏၊ မသွားကြလင့်"ဟု မိန့်ကြား၍ တားမြစ်တော်မူ၏။

ဟံသာလာရောက် မူဆိုးလျှောက်

ဟံသာတို့လည်း သုံးကြိမ်တိုင်အောင် သုမုခစစ်သူကြီးကို လျှောက်ထားကြကုန်၏၊ သုမုခစစ်သူကြီးလည်း ဟံသာမင်းကို လျှောက်ထားပြန်၏၊ ထိုအခါ ဟံသာမင်းသည် ငါ့ဆွေမျိုးတို့သည် ငါ့အတွက်မပင်ပန်းစေလင့် ဟု နှလုံးသွင်း၍ ကောင်းပြီ သွားကြကုန်အံ့ ဟု ခွင့်ပြုပြီးလျှင် ဟံသာကိုးသောင်းခြံရံလျက် ခေမာရေကန်ကြီးသို့ သွား၍

အလိုရှိတိုင်းကျက်စား၍ မြူးထူးပျော်ပါးကစားပြီးလျှင် စိတ္တကုဋ်တောင်သို့ ပြန်ခဲ့ကြ၏၊ ခေမာမှုဆိုးလည်း မင်းကြီးအား ဓတရဋ္ဌရွှေဟံသာမျိုးတို့ လာကြောင်းကို လျှောက်ထားလေ၏၊ မင်းကြီးလည်း တကောင်တန်သည့်, နှစ်ကောင်တန်သည် မိအောင်ဖမ်း၍ ဆက်သလော့၊ သင့်အား များစွာသော စည်းစိမ်ဥစ္စာကိုပေးမည်ဟု မှာထား၍ လွှတ်လိုက်၏။

**ခြောက်ရက်တိုင်မျှ စုံစမ်းရ**

မှုဆိုးလည်း ခေမာရေကန်ကြီးသို့ သွား၍ အိုးစရည်းမျှရှိသော ချိုင့်တခု၌နေ၍ ဟံသာတို့ ကျက်စားရာအရပ်ကိုစုံစမ်းလတ်သော် ဟံသာမင်းကျက်စားရာအရပ်၌ အစဉ်အတိုင်း ကျက်စားထားသည်ကိုမြင်လျှင် ဤဟံသာကား လျှပ်ပေါ်လော်လည်ခြင်းမရှိ အကြီးအကဲဖြစ်တန်ရာ၏၊ ထိုဟံသာကိုပင် ရအောင်ဖမ်းမည်ဟုကြံစည်၏၊ နက်ဖြန် ဟံသာတို့ မလာမီ ချိုင့်၌ ပုန်းလျှိုး၍နေလင့်၏၊ ထိုခဏ၌ ဟံသာမင်းလည်း ဟံသာကိုးသောင်းခြံရံလျက်လာလတ်၍ ကျက်စားနေကျနေရာမှာပင် ကျက်စား၏၊ မှုဆိုးလည်း ဟံသာမင်းကိုမြင်ရလျှင် အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာကိုကြည့်ရှု၍ မင်းဖြစ်ရာ၏၊ ထိုဟံသာကိုပင် ဖမ်းမည်ဟုကြံစည်ထား၏၊ ဟံသာမင်းလည်း ကျက်စားပြီးလျှင် ဟံသာအပေါင်းခြံရံကာ ပြန်လေ၏၊ မှုဆိုးလည်း ခြောက်ရက်တိုင်အောင်ကြည့်ရှု၍သာနေ၏။

**မှုဆိုး ထောင်ဘိ ဟံသာမင်းမိ**

ခုနစ်ရက်မြောက်၌ကား စောစောကပင်လျှင် ရွှေဟံသာမင်း ကျက်စားရာအရပ်၌ ဖုံးလွှမ်းသော ကျော့ကွင်းကို

ထောင်၍ထား၏၊ ဟံသာမင်းလည်း ဟံသာအပေါင်းခြံရံ လျက်လာ၍ မိမိ ကျက်စားနေကျအရပ်မှာပင် ကျက်စား ရန် ဆင်းသက်လတ်လျှင် ခြေ၌ကျော့ကွင်းမိလေ၏၊ ကျော့ ကွင်းမိမှန်းသိလျှင် ကျော့ကွင်းကိုဖြတ်မည်ဟု တအားရုန်း ၏၊ အရေတို့သည်ပြတ်ကုန်၏၊တဖန်ရုန်းပြန်၏၊ အသားတို့ သည်ပြတ်ကုန်၏၊ တဖန်ရုန်းပြန်၏၊ အကြောတို့သည်ပြတ် ကုန်လျက် အရိုးတိုင်ထိလေ၏၊ ကြီးစွာသော ဆင်းရဲဝေဒ နာသို့ရောက်ခဲ့၏။

**မြည်သံကြားက ပျံကုန်ကြ**

ထိုအခါ ရွှေဟံသာမင်းသည် ငါကား အကယ်၍ကျော့ကွင်းမိသောမြည်သံကို မြည်ငြားအံ့၊ ငါ့ဆွေမျိုး ဖြစ်သော ဟံသာတို့သည် ကြောက်ရွံ့ ထိတ်လန့်ကုန်လျက် အစာ ကိုမစားကြဘဲ ပျံသည်ရှိသော် သမုဒ္ဒရာ၌ သေကြေပျက် စီးကြကုန်လတံ့ဟု ကြံစည်ကာ ဆင်းရဲဝေဒနာကို အောင့် အီး သည်းခံလျက် နေ၏၊ ဟံသာ အပေါင်းတို့လည်း အလိုရှိသလောက် အစာကိုစား၍ ဝသည်ရှိသော် မြူးထူး ပျော်ပါး ကစားလျက် နေကြကုန်၏၊ ထိုအခိုက် ရွှေ ဟံသာမင်းသည် သည်းထန်စွာ ကျော့ကွင်းမိသောမြည် သံကို မြည်လေ၏၊ ဟံသာတို့သည် ရွှေဟံသာမင်း၏အသံ ကိုကြားလျှင် သေဘေးမှ ကြောက်သည်ဖြစ်၍ သုံးစုကွဲကာ စိတ္တကုဋ်တောင်သို့ ပျံသွားကုန်၏။

**မိတ်ကောင်းစစ်မှန် စောင့်ရှောက်ပြန်**

သုမုခစစ်သူကြီးလည်း လျင်မြန်စွာပျံ၍ သုံးစုသော ဟံသာတို့၌ စုံစမ်းရှာဖွေရာ မိမိအရှင်ဖြစ်သော ရွှေဟံသာ မင်းကို

မမြင်၍ စင်စစ်လျှင် ဤဘေးကား ငါတို့အရှင်မင်း၌ရောက်သော ဘေးတည်းဟု နှလုံးသွင်း၍ ခေမာ ရေကန်ကြီးသို့ တဖန်လာသောအခါ ကျော့ကွင်းမိနေသဖြင့် သွေးအလိမ်းအလိမ်း ကပ်လျက် ညွှန်ပျောင်း၌ လျောင်းနေသောရွှေဟံသာမင်းကိုမြင်လျှင် "အရှင်မင်းကြီး.... စိုးရိမ်တော်မမူလင့်၊ အကျွန်ုပ်သည် အသက်ကိုစွန့်၍ အရှင်မင်းကြီးကို လွတ်စေမည်" ဟုအားပေးစကားပြောကြားကာ ကောင်းကင်မှဆင်းသက်၍ ညွှန်ပျောင်း၌ နေလာ၏။

**ခင်ပွန်းစစ်ကို ချီးကျူးဆို**

ရွှေဟံသာ မင်းသည် သုမုခ စစ်သူကြီးပြန်လာလျှင် "အမောင်သုမုခ.... ကိုးသောင်းသော ဟံသာတို့သည် သေဘေးမှ ကြောက်သောကြောင့် ပျံသွားကြကုန်ပြီ၊အဘယ်ကြောင့် ငါ့ထံသို့လာနေဘိသနည်း၊အလိုရှိရာသို့ပျံသွားပါလော့" ဟု မိန့်ဆိုလေ၏၊ ထိုအခါ သုမုခစစ်သူကြီးသည် ဤရွှေဟံသာမင်းကား ငါ့ကိုအဆွေခင်ပွန်းတု မှတ်ထင်၍နေသည်၊အစစ်ဖြစ်ကြောင်းကို ငါပြမည်ဟု ကြံစည်လျက် "အရှင်မင်းကြီး.... အကျွန်ုပ်ကား ကိုးသောင်းသော ဟံသာတို့နှင့် အလျဉ်းမတူပါ၊ အဆွေခင်ပွန်းတုမဟုတ်ပါ၊ အဆွေခင်ပွန်းစစ်ဖြစ်ပါ၏၊ အရှင်မင်းကြီးတို့၌ သေဘေးဒုက္ခ ရောက်နေသောအခါ မစွန့်လွှတ်ပါ၊ သေလည်းအတူ ရှင်လည်းအတူဖြစ်ပါ၏၊ အရှင်မင်းကြီးအတွက် အသက်ကို စွန့်ပါအံ့၊ သူယုတ်မာတို့ အကျင့်ကို မကျင့်လိုပါ" ဟု ရဲဝံ့စွာ လျှောက်ထားလေ၏၊ ရွှေဟံသာမင်းလည်း သုမုခစစ်သူကြီးအား အလွန်ချီးကျူးစကား ပြောကြားလေ၏။

**မုဆိုးရောက်က ဟောပြောပြ**

ဤသို့လျှင် ရွှေဟင်္သာ မင်းနှစ်ပါးတို့ စကားပြောနေစဉ် ခေမာ မုဆိုးလည်း ရေကန်နားသို့ကပ်လျက် သုံးစုကွဲ၍ ပျံသွားသောဟင်္သာတို့ကိုမြင်လျှင် အသို့နည်းဟု မိမိထောင်ထားသော ကျော့ကွင်းကို ကြည့်လတ်သော် မိနေသော ရွှေဟင်္သာမင်းကိုမြင်လျှင် အလွန် ဝမ်းမြောက်လျက် ခါးတောင်းကို မြဲမြံစွာကျိုက်လျက် ဆောက်ပုတ်ကိုကိုင်လျက် ကမ္ဘာမီးလောင်သကဲ့သို့ လွှမ်းမိုးလျက် လျင်မြန်စွာသွား၍ အနားသို့ ချဉ်းကပ်လေ၏။

ထိုအခါ သုမုခစစ်သူကြီးသည် မုဆိုးထံသွား၍ သာယာစွာသော လူတို့ဘာသာစကားဖြင့် “အဆွေမုဆိုး....ကျော့ကွင်းတွင် မိနေသော ဟင်္သာကား သာမန်မဟုတ်ပါ၊ ဟင်္သာကိုးသောင်းတို့၏ အရှင်သခင် ဓတရဋ္ဌ ရွှေဟင်္သာမင်းဖြစ်ပါ၏၊ ဉာဏ်ပညာနှင့် ပြည့်စုံပါ၏၊ မင်းကျင့်တရား ဆယ်ပါး,သင်္ဂဟတရားလေးပါးနှင့် ပြည့်စုံပါ၏၊ အကျင့်သီလနှင့်ပြည့်စုံပါ၏၊ ထိုရွှေဟင်္သာမင်းကို မသတ်ပါလင့်၊ သင်သတ်လျှင် ငရဲသို့ကျလိမ့်မည်၊ အကယ်၍ သတ်လိုပါလျှင် ငါ့ကိုသတ်ပါ၊ ဟင်္သာမင်းကို လွှတ်ပါ၊ အတောင်ကိုလိုလျှင် ငါ့အတောင်ကိုယူပါ၊ အသားကိုလိုလျှင် ငါ့အသားကိုယူပါ၊ အရိုးကိုလိုလျှင် ငါ့အရိုးကိုယူပါ၊ ဟင်္သာမင်း၏ ဂုဏ်ကျေးဇူး တို့ကို ပြောဆိုကာ လွှတ်ရန် တောင်းပန်လေ၏။

**မုဆိုးနှစ်သက် ချီးကျူးလျက်**

မုဆိုးသည် သုမုခစစ်သူကြီး ပြောဆိုသော တရားစကားကို ကြားရလျှင် အံ့အားသင့်လျက် ကြက်သီး မွေးညှင်း

ထလျက် ဤဟင်္သာကား တိရစ္ဆာန်ဖြစ်လျက် လူတို့ဘာသာစကားကို ပြောကြားတတ်ပေသည်၊ ရှေးအခါ လူ့ဘာသာ စကားကို ပြောကြားတတ်သော တိရစ္ဆာန်ကို ငါသည် မြင်လည်းမမြင်စဘူး၊ ကြားလည်းမကြားစဘူး၊ လူ့ပြုပင်မပြုနိုင်သောအမှုကို ပြုပေ၏၊ အရှင်သခင် အဆွေခင်ပွန်းဖြစ်သော ရွှေဟင်္သာမင်းအတွက် ရဲရဲဝံ့ဝံ့အသက်ကိုစွန့်ဝံ့ပေ၏၊ သူတော်ကောင်းတရား၌ တည်ပေစွဟု ဆင်ခြင်အောက်မေ့ကာ တကိုယ်လုံးပီတိဖြင့် ပျံ့နှံ့လျက် ယူဆောင်လာခဲ့သော ဆောက်ပုတ် လှံကန်တို့ကို စွန့်ပစ်ကာ လက်အုပ်ချီမိုး ရှိခိုးလျက် စစ်သူကြီး၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုချီးကျူးလေ၏။

**ဟင်္သာမင်းကို လွှတ်ရန်ဆို**

တဖန် သုမုခစစ်သူကြီးသည် မုဆိုး၏စိတ်နူးညံ့လာသည်ကို သိလျှင် "အဆွေမုဆိုး.... ဤရွှေဟင်္သာကား ငါတို့၏မင်းပေတည်း၊ ငါကား ထိုရွှေဟင်္သာမင်း၏ အလုပ်အကျွေးစစ်သူကြီးပေတည်း၊ ငါကား အရှင်သခင်၌ ဘေးရန်ရောက်သောအခါ စွန့်လွှတ်၍ မသွားနိုင်ပါ၊ အသက်ကိုစွန့်၍ ဆောင်ရွက်ရပါမည်၊ အကျွန်ုပ်တို့ အရှင်သခင်ဖြစ်သော ရွှေဟင်္သာမင်းကို မသတ်ပါလင့်၊ လွှတ်ပါ" ဟု တောင်းပန်ပြန်၏။

**မုဆိုးမေတ္တာ ချမ်းသာစွာ**

ထိုအခါ မုဆိုးသည် သုမုခ၏တရားစကားကို ကြားရလျှင် သံဝေဂရလျက် ငါသည် ဤမျှလောက်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ရွှေဟင်္သာမင်းကို အကယ်၍ သတ်ငြားအံ့၊

အပါယ်လေးပါးမှလွတ်ရာ၊ငါတို့မင်းကြီးသည် ရွှေဟင်္သာ မင်းကို လွှတ်သည့်အတွက် ငါ့အား ပြုလိုရာပြုစေတော့၊ ငါလွှတ်တော့မည် ဟု ကြံစည်ဆုံးဖြတ်ပြီးလျှင် သုမုခအား "အို-ရွှေဟင်္သာမြတ်....သင်ကား အရှင်သခင်ကို အလွန်ရို သေဘိ၏၊သူတော်ကောင်းတို့ သဘောသွတည်ပေ၏၊ သင်၏ အရှင်သခင်ဖြစ်သော ရွှေဟင်္သာမင်းကို ယခုပင် ငါလွှတ် ပါအံ့၊ သင်တို့နှစ်ဦးသည် အလိုရှိရာကြွတော်မူပါကုန်"ဟု ပြောဆိုပြီးလျှင် ရွှေဟင်္သာမင်းကို အသာအယာကိုင်၍ ကျော့ကွင်းမှလွှတ်ပြီးလျှင် သွေးတို့ကိုရေဖြင့် ဆေးကြော၍ ရွှေဟင်္သာမင်း၏ ခြေ၌ရှိသောအနာကို မေတ္တာစိတ်ကို ထားလျက် လက်ဖြင့်အဖန်ဖန်သုံးသပ်၏၊ မုဆိုး၏မေတ္တာ စိတ်တန်ခိုးကြောင့် ပြတ်နေသော အရေ,အသား,အကြော တို့သည် အချင်းချင်းဆက်စပ်မိကာ ရွှေဟင်္သာမင်းသည် အနာမရှိ ပကတိကျန်းမာခြင်းသို့ ရောက်လေ၏။

**မင်းကြီးအလိုကျ ဖမ်းဆီးရ**

သုမုခစစ်သူကြီးသည် တဖန်မုဆိုးအား မေးပြန်၏၊ "အဆွေမုဆိုး.... ဤရေ ကန်ကြီးကား ဘေးမဲ့ပေးထားသော ရေကန်ကြီးတည်း၊ သို့ပါလျက် သင်သည် ငါတို့ကို ဘယ် အကျိုးငှါဖမ်းသနည်း၊ သင့်အတွက်ပင် ဖမ်းသလော၊ သို့ တည်းမဟုတ် သူတပါးအတွက်ပင် ဖမ်းသလော"ဟု မေး ပြန်၏၊ ခေမာမုဆိုးသည် သုမုခစစ်သူကြီးအား သံယမမင်း ကြီး၏ ခေမာမိဖုရားကြီးသည် ရွှေဟင်္သာမင်းတရားကို နာ ရသည်ဟု အိပ်မက်မြင်မက်သည့်မှစ၍ ရွှေဟင်္သာမင်းကို ဖမ်းသည်တိုင်အောင် အကြောင်းစုံ အကျယ်တဝင့် ပြော

ကြားပြီးလျှင် "အို-ရွှေဟင်္သာမြတ်.... ဤရွှေဟင်္သာမင်းကို ဖမ်းခြင်းကားအကျွန်ုပ်အတွက်မဟုတ် သံယမမင်းကြီးစေခိုင်း၍ ဖမ်းရပါသည်"ဟု ဟုတ်မှန်သောအတိုင်း ပြောကြားလေ၏။

**မင်းထံပို့ရန်ပြောဆိုပြန်**

ထိုအခါ သုမုခစစ်သူကြီးသည် ဖမ်းခြင်းအကြောင်းစုံကို ကြားသိရလျှင်ဤမုဆိုးကား မိမိ၏ စည်းစိမ်ဥစ္စာ အသက်ကိုပင်မရေတွက်ဘဲ ငါတို့ကိုလွှတ်သဖြင့် အလွန်ပြုနိုင်ခဲသောအမှုကိုပြုပေသည်၊ ငါတို့အား အသက်ကိုပေးသော ကျေးဇူးရှင် အဆွေခင်ပွန်းစစ်ကြီးလည်းဖြစ်ပေသည်၊ ငါတို့သည် ဤအရပ်မှ စိတ္တကုဋ်တောင်သို့ အကယ်၍ပြန်ငြားအံ့၊ ရွှေဟင်္သာမင်း၏ ပညာဉာဏ်စွမ်းကိုလည်း မသိရာ၊ ငါ၏အဆွေခင်ပွန်းစစ် သဘောလည်း မထင်ရှားရာ၊ မုဆိုးအားလည်း စည်းစိမ်ချမ်းသာကို မရပေရာ၊ သံယမမင်းကြီးလည်း ငါးပါးသီလ၌ မတည်ရာ၊ ခေမာမိဖုရားကြီးလည်း တရားမနာရသဖြင့် အလိုမပြည့်ရာ၊ ထို့အတွက် ငါတို့သည် သံယမမင်းကြီးထံသို့ လိုက်မည်ဟု ကြံစည်ဆုံးဖြတ်ပြီးလျှင် "အဆွေမုဆိုး....သင်ပြောကြား၍အကြောင်းစုံသိရပေပြီ၊ ငါတို့ကို မလွှတ်ပါလင့်၊ သံယမမင်းကြီးထံပို့ပါလော့"ဟု ပြောကြားလေ၏။

**မင်းထံရောက်လျှက်မိတ်ချင်းဆက်**

မုဆိုးလည်း သုမုခစစ်သူကြီးအား မင်းတို့မည်သည် တုန်လှုပ် ကြမ်းကြုတ်ကြောင်းကို ပြောကြား၍ အဖန်ဖန် တားမြစ်ပါသော်လည်း မရသဖြင့် ရွှေဟင်္သာ နှစ်ဦးကို

ချိုင့်၌ထည့်ပြီးလျှင် ဆောင်ယူကာ မင်းကြီးထံ သွား၍ ဆက်သလေ၏၊ ထိုအခါ သံယမ မင်းကြီးသည် ရွှေ ဟင်္သာမင်း နှစ်ဦးကို ကြည့်ရှုတော်မူလျက် အလွန်ဝမ်း မြောက်တော်မူ၏၊ ခေမာမှုဆိုးလည်း မင်းကြီးအား "အရှင် မင်းကြီး.... ဤဟင်္သာနှစ်ပါးတို့ကား သာမန်ရွှေဟင်္သာ မည်ကာမဟုတ်ကုန်၊ ဤဟင်္သာကား ဟင်္သာကိုးသောင်း တို့၏အရှင်သခင်ဖြစ်သော အသိဉာဏ်ပညာနှင့်ပြည့်စုံသော ဓတရဋ္ဌရွှေဟင်္သာမင်းပေတည်း၊ ဤဟင်္သာကား ထိုဓတရဋ္ဌ ရွှေဟင်္သာမင်း၏ အမှုကြီးငယ်ကို သက်စွန့်ကြိုးပမ်း ထမ်း ရွက်လျက် အသိဉာဏ်ပညာနှင့် ပြည့်စုံသော သုမုခမည် သော စစ်သူကြီးပေတည်း"ဟု ချီးကျူးကာ လျှောက်တင် လေ၏။

**ဆုလာဘ်တော်ချ ဝမ်းမြောက်လှ**

သံယမမင်းကြီးလည်း ဓတရဋ္ဌ ဟင်္သာ မင်းနှင့် သုမုခစစ်သူကြီးတို့ကို ဆက်သ သဖြင့် အလွန် အားရ နှစ်သက်တော်မူ ၍ ခေမာမှုဆိုးကိုလည်း ရေချိုး၍ တန်ဆာဆင်စေပြီး လျှင် တနှစ်တနှစ်လျှင် အခွန်တသိန်း တသိန်း ထွက်သော ရွာကြီး ဆယ့်နှစ်ရွာ၊ အာဇာနည်မြင်းကသောရထား၊ တန် ဆာဆင်အပ်သော ကြီးစွာသောအိမ် စသော များစွာ သော စည်းစိမ်အခြံအရံကိုပေး၍ ချီးမြှောက်တော်မူ၏။

ခေမာမှုဆိုးအား ချီးမြှောက်နေစဉ်လျှင် နေသည်ဝင် ခဲ့၏၊ နန်းတော်၌ ဆီမီးညှိထွန်းကြကုန်၏၊ များစွာသော လူတို့သည် စည်းဝေးကုန်၏၊ ခေမာမိဖုရားကြီးလည်း အသူးထူးသောကချေသည် ကိုယ်လုပ်မောင်းမတို့ဖြင့် ခြံရံ

လျက် မင်းကြီး၏နံပါးတဘက်၌ နေတော်မူ၏၊ ထိုခဏ၌ မင်းကြီးသည် သုမုခစစ်သူကြီးအား—

"အို-သုမုခ···· သင်သည် သာယာစွာသော တရားစကားကိုပြောကြားတတ်ပါလျက်၊ယခုအခါ ခံတွင်းကို အဘယ်ကြောင့် ပိတ်၍ နေဘိသနည်း၊ ငါ၏ပရိသတ်ကို ကြောက်၍ စကားမပြောဘဲနေ သလော"—

ဟု စကားပြောစေလို၍ မေးမြန်းလေ၏၊ သုမုခလည်း မင်းကြီးအား—

"မြတ်သောမင်းကြီး····အကျွန်ုပ်ကား သင်မင်း ကြီး၏ ပရိသတ်ကို မကြောက်ပါ၊ ပရိသတ်ကို ကြောက်၍ နေသည် မဟုတ်ပါ၊ အကျိုးစီးပွားများ လတ်သော် ပြောဆိုပါမည်"—

ဟု ပြောကြားလေ၏၊ ထိုအခါ မင်းကြီးသည် တဖန်—

အို-သုမုခ····သင်၏ လက်နက်ကိုင်တို့ကိုလည်း ငါမမြင်၊ သူရဲကောင်းတို့ကိုလည်း ငါမမြင်၊ ရွှေငွေ ရတနာ ပစ္စည်း ဉစ္စာမြို့ရွာကျုံးမြောင်းတို့ကိုလည်း ငါမမြင်၊ သင်ကား မကြောက် ဟု ဆိုဘိ၏၊ သင်မ ကြောက်ခြင်း အကြောင်းကိုငါမမြင်"—

ဟု ပြက်ရယ်ပြုလေ၏၊ ထိုအခါ သုမုခသည် မင်းကြီး အား—

"မြတ်သောမင်းကြီး····အကျွန်ုပ်တို့အား အခြံ အရံ ပရိသတ်ကိုလည်း အလိုမရှိပါ၊ ပစ္စည်းဉစ္စာ

မြို့ရွာ ကျုံးမြောင်းကိုလည်း အလိုမရှိပါ၊ ကောင်းကင် ခရီးဖြင့်သွားပါကုန်၏"။

"မြတ်သော မင်းကြီး.... အကျွန်ုပ်တို့ကား ပညာရှိကုန်၏၊အကြားအမြင်များကုန်၏၊ သိမ်မွေ့သော အနက်ကိုကြံနိုင်ကုန်၏၊ ကတိသစ္စာ၌ တည်သည်ဖြစ်ပါအံ့၊ အကျိုးရှိသော စကားကိုပြောဆိုပါကုန်အံ့"။

"မြတ်သောမင်းကြီး.... သစ္စာမရှိ ယုတ်မာ၍ မဟုတ် မမှန်သော စကားကို ပြောဆိုကာ ကြမ်းကြုတ်သော သင်မင်းကြီးအား ကောင်းစွာဆိုအပ်သောစကားဖြင့် အဘယ်အကျိုးရှိအံ့နည်း"– ဟု ရဲဝံ့စွာ ပြောဆိုလေ၏။

စွပ်စွဲသည့်အရေး မင်းကမေး

ထိုအခါမင်းကြီးသည် "အို-သုမုခ.... ငါ့ကို အဘယ်ကြောင့် မုသားဆိုတတ်သောသူယုတ်ဟု ဆိုဘိသနည်း၊ငါသည် အဘယ်သို့ပြုသနည်း" ဟု မေးပြန်၏၊ထိုအခါ သုမုခစစ်သူကြီးသည် မင်းကြီးအား–

"မြတ်သောမင်းကြီး.... သင်မင်းကြီးတို့သည် ပုဏ္ဏားတို့စကားကို နားထောင်ကာ ဥ္ခေမာ ရေကန်ကြီးကိုတူးကုန်၏၊သားငှက်တို့ကို ဖြားယောင်းရန် စပါးမျိုး,ကြာမျိုးတို့ကို စိုက်ပျိုးကုန်၏၊ထောင့်လေးထောင့်၌ သားငှက်တို့ကို ဘေးမဲ့ပေးသည်ဟု မဟုတ်မမှန် ကြွေးကြော်စေကုန်၏၊ အကျွန်ုပ်တို့သည် ဘေးမဲ့ပေးသည်မှတ်၍ လာသော အခါ

မှုဆိုးကို ကျော့ကွင်းဖြင့် ဖမ်းစေကုန်၏၊ မုသားဆိုခြင်း, လောဘကို ရှေးသွားပြုခြင်းကား ငရဲသို့ကျတတ်၏”–

ဟု ပြောဆိုကာ ပရိသတ်အလယ် မင်းကြီးကိုအရှက်ကွဲစေ၏၊ ထိုအခါမင်းကြီးသည် “အို-သုမုခ····မှန်ပေ၏၊ သို့သော်လည်း သင်တို့ကို အသားကိုစားလို၍ ဖမ်းစေသည်မဟုတ်ပါ၊ သင်တို့ကို ပညာဉာဏ်ရှိသည်၏ အဖြစ်ကို ကြားသိရ၍ သင်တို့၏တရားစကားကို ကြားနာလိုသောကြောင့်သာ ဖမ်းရပါသည်”ဟု ဟုတ်မှန်သောအတိုင်း ပြောဆိုလေ၏။

**သုမုခပြေချက် မင်းနှစ်သက်**

ထိုအခါ သုမုခစစ်သူကြီးသည် သံယမမင်းကြီးအား ကဲ့ရဲ့အပြစ်တင်စကား ပြောဆိုလျက်–

“မြတ်သောမင်းကြီး···· သတ္တဝါတို့သည် သေရအံ့သော အလှည့်သို့ရောက်သော်ငြား, သေမင်း၏နိုင်ငံသို့ လိုက်ရအံ့သည်သော်ငြား, အကြောင်းအကျိုးနှင့် စပ်ယှဉ်သောတရားစကားကို မဟောပြောနိုင်ကုန်”။

“မြတ်သောမင်းကြီး···· သမင် တိန်ညင် ဖြင့် တောသမင်ကိုဖမ်း၍ သတ်သကဲ့သို့ငြား, ငှက်တိန်ညင်ဖြင့် တောငှက်တို့ကိုဖမ်း၍ သတ်သကဲ့သို့ငြား, သင်မင်းကြီးသည် ခေမာရေကန်ကြီးဖြင့် ပညာရှိတရားဟောပုဂ္ဂိုလ်ကို ဝယ်ယူဘိ၏၊ ဤအမှုထက်ယုတ်မာသောအမှု အဘယ်မှာရှိအံ့နည်း”။

"မြတ်သောမင်းကြီး.... နူတ်ဖြင့်သာ ကောင်းမြတ်သောတရားစကားကိုပြောဆိုလျက် ကိုယ်ဖြင့် ယုတ်မာသောအကျင့်ကိုကျင့်သောသူသည် ပစ္စုပ္ပန်ဂုဏ်မလွှန် နှစ်ပါးသောလောကမှ ပျက်စီးတတ်၏"။

"မြတ်သောမင်းကြီး.... စည်းစိမ်ချမ်းသာ အခြံအရံသို့ ရောက်သောသူသည် မမေ့မလျော့ရာ၊ အသက်သေအံ့သော်ငါ ယုံမှားခြင်းသို့ရောက်သော် မပင်ပန်းရာ၊ အမှုကိစ္စတို့၌သာလုံ့လပြုရာ၏၊ တံခါးပေါက်တို့ကိုလည်း ပိတ်ရာ၏"။

"မြတ်သောမင်းကြီး.... ပညာဂုဏ်ကြီးသောသူတို့သည် ဤပစ္စုပ္ပန်လောကကို လွန်ကုန်၏၊ သေရအံ့သောအလှည့်သို့ ရောက်သော်လည်း ကုသိုလ်တရားကိုကျင့်ကြသောကြောင့် နတ်ပြည်သို့ ရောက်ရကုန်၏"။

"မြတ်သောမင်းကြီး....ဤအကျွန်ုပ်ဟောအပ်သောတရားစကားကို နာရ၍ မိမိကိုယ်၌ တရားကိုစောင့်တော်မူပါလော့၊ ဟင်္သာအပေါင်းတို့ထက် မြတ်သောဟင်္သာမင်းကို လွှတ်တော်မူပါလော့"–

ဟု တရားဟောပြန်၏၊ ထိုအခါ သံဃမင်းကြီးသည် အမတ်တို့ကိုခေါ်၍ ဓတရဋ္ဌဟင်္သာမင်းနှင့် ရွှေဟင်္သာမင်း၏ အကျိုးကိုသာလိုလား၍ အဆွေခင်ပွန်းစစ်ဖြစ်သောသုမုခစစ်သူကြီးတို့ကို ချိုင့်မှလွှတ်စေ၍ အရိုအသေ ဝတ်ကြီးဝတ်ငယ်ကိုပြုစေပြီးလျှင် မွန်မြတ်သောသူတို့သာ ထိုက်တန်

သော မွန်မြတ်သောနေရာကိုပေးတော်မူ၍ မွန်မြတ်သော ခဲဘွယ် ဘောဇဉ် ပျား ပေါက်ပေါက်တို့ကို ရွှေခွက်၌ ထည့်စေပြီးလျှင်ကျွေးမွေးညှော့ခံစေ၏၊မွန်မြတ်သောရေကိုလည်း သောက်စေ၏။

**ရွှေဟသ်ာမင်း မေးမြန်းခြင်း**

ရွှေဟသ်ာမင်းလည်း ပျူငှာလောကွတ်ပြုသည်ကိုမြင်လျှင် သံယမမင်းကြီးအား အလုံးစုံသော အကြောင်းတို့ကို မေးမြန်းလေ၏၊ သံယမမင်းကြီးလည်း ပြောဆို ဖြေကြားလေ၏။

"မြတ်သောမင်းကြီး····အသို့နည်း၊အနာကင်းပါ၏လော, ဆင်းရဲကင်းပါ၏လော, ဤကာသိတိုင်းကြီးသည် ဝပြောသာယာပါ၏လော, တရားနှင့်အညီ ဆုံးမပါ၏လော"။

"ရွှေဟသ်ာမင်း···· အနာကင်းပါ၏၊ ဆင်းရဲလည်းကင်းပါ၏၊ ဤကာသိတိုင်းကြီးလည်း ဝပြောသာယာပါ၏၊ တရားနှင့်အညီ ဆုံးမပါ၏"။

"မြတ်သောမင်းကြီး···· အသို့နည်း၊ မှူးမတ်တို့၌ အနည်းငယ်မျှသော အပြစ်မရှိကင်းပါ၏လော၊ ထိုမှူးမတ်တို့သည် သင်မင်းကြီး၏ အမှုကိစ္စတို့၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြပါကုန်၏လော"။

"ရွှေဟသ်ာမင်း····မှူးမတ်တို့၌ အနည်းငယ်မျှသောအပြစ်မရှိကင်းပါ၏၊မှူးမတ်တို့သည် အကျွန်ုပ်၏ အမှုကိစ္စတို့၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြပါကုန်၏"။

"မြတ်သောမင်းကြီး…. အမျိုးဇာတ်တူသော မယားတို့သည် သင်မင်းကြီး၏စကားကိုနားထောင် ကြပါကုန်၏လော၊ ချစ်ဘွယ်သောစကားကို ဆိုကြ ပါကုန်၏လော၊ သားသမီး အဆင်းစည်းစိမ်အခြံ အရံနှင့် ပြည့်စုံကြပါကုန်၏လော၊ အလိုသို့ လိုက် ကြပါကုန်၏လော"။

"ရွှေဟင်္သာမင်း ..အမျိုးဇာတ်တူသောမယား တို့သည် အကျွန်ုပ်၏စကားကို နားထောင်ကြပါ ကုန်၏၊ ချစ်ဘွယ်သောစကားကို ဆိုကြပါကုန်၏၊ သားသမီးအဆင်း စည်းစိမ်အခြံအရံနှင့် ပြည့်စုံကြ ပါကုန်၏၊ အလိုသို့ လိုက်ကြပါကုန်၏"။

"မြတ်သောမင်းကြီး….တိုင်းနိုင်ငံကို မညှဉ်းဆဲ ဘဲ ရှိပါ၏လော၊တစုံတခုဘေးမရှိ ကင်းပါ၏လော၊ နိုင်ထက်က လူမပြုဘဲ တရားနှင့်အညီ ဆုံးမပါ၏ လော"။

"ရွှေဟင်္သာမင်း…. အကျွန်ုပ်သည် တိုင်းနိုင်ငံ ကို မညှဉ်းဆဲပါ၊ တစုံတခုသောဘေးမရှိပါ၊ နိုင် ထက်ကလူ မပြုဘဲ တရားနှင့်အညီ ဆုံးမပါ၏"။

"မြတ်သောမင်းကြီး…. သူတော်ကောင်းတို့ကို ရှိသေစွာ ဆည်းကပ်ပါ၏လော၊ သူယုတ်မာ တို့ကို ရှောင်ကြဉ်ပါ၏လော၊ ကုသိုလ်တရား တို့ကို ကျင့်ပါ၏လော၊ အကုသိုလ်တရားတို့ကို စွန့် ပစ်ပါ၏လော"။

"ရွှေဟင်္သာမင်း…. သူတော်ကောင်း တို့ကို ရှိသေစွာ ဆည်းကပ်ပါ၏၊ သူယုတ်မာတို့ကို

ရှောင်ကြဉ်ပါ၏၊ ကုသိုလ်တရားကို ကျင့်ပါ၏၊ အကုသိုလ်တရားကို ပယ်စွန့်ပါ၏''။

''မြတ်သော မင်းကြီး...., နောင်လာလတံ့ဖြစ်သော အရှည်ကို ရှုပါ၏လော၊ မမေ့လျော့ခြင်းအကြောင်း၌ မေ့လျော့ ပါသလော၊ တမလွန်လောကကို မကြောက်လန့်ပါသလော''။

''ရွှေဟင်္သာမင်း.... အကျွန်ုပ်သည် နောင်လာလတံ့ဖြစ်သော အရှည်ကိုရှုပါ၏၊ ရာဇဓမ်တရားတို့၌ တည်ပါ၏၊ ထိုရာဇဓမ်တရားတို့၌ တည်ခြင်းကြောင့် တမလွန်လောကကို မကြောက်ပါ''။

''ရွှေဟင်္သာမင်း.... သုမုခသည် မကြံစည်မူ၍ ငါတို့စိတ်၌ အပြစ်ဒေါသကို မသိဘဲလျက် ကြမ်းကြုတ်သော စကားကို ဆိုဘိ၏၊အမျက်ထွက်ဘိ၏၊ ငါတို့၌မရှိသောအပြစ်တို့ကို ပြောဆိုဘိ၏၊ဤသုမုခ၏စကားကို ပညာရှိသော သူတို့စကားကဲ့သို့ မထင်မြင်နိုင်ပါ''။

ဤသို့ မေးမြန်းသမျှ ပြောကြားပြီးလျှင် သုမုခစစ်သူကြီးကို ရှုတ်ချကဲ့ရဲ့၍ ပြောဆိုလေ၏။

**သုမုခ ကန်တော့လေ မင်းအမျက်ပြေ**

သုမုခသည် သံယမမင်းကြီး၏စကားကို ကြားလျှင် ငါကား ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောမင်းကြီးကို ကဲ့ရဲ့ပြစ်တင်မိပေ၏၊ မင်းကြီးသည် ငါ့အား အမျက်ထွက်၏၊ ကန်တော့တောင်းပန်မည်ဟု ကြံစည်ပြီးလျှင် နေရာအင်းပျဉ်မှ ဆင်းသက်၍ မင်းကြီးကို အတောင်နှစ်ဘက်ဖြင့် ရှိကာဦးညွှတ်လျက်—

"မြတ်သောမင်းကြီး····ကျေးဇူးရှင်ရွှေဟင်္သာ
မင်းကို ကျော့ကွင်းမိနေ၍ ဆင်းရဲရသောကြောင့်
လျင်စွာ ချွတ်ချော်၍ ကွဲရှဲပြစ်တင်သော စကားကို
ပြောဆိုမိပါ၏၊ အဘနှင့်ရင်း, မြေကြီးနှင့်ရင်းတူ
သော အရှင်မင်းမြတ်သည် သားသမီးနှင့်တူသော
အကျွန်ုပ်တို့၏အပြစ်ဒေါသကိုသည်းခံတော်မူပါ"-

ဟု ကန်တော့တောင်းပန်၏၊ သံယမ မင်းကြီးလည်း
သုမုခကို ပိုက်ဘက်ပြီးလျှင် ရွှေအင်းပျဉ်၌ပင် နေစေ၍—

"အမောင်သုမုခ···· မိမိ၌ရှိသော အပြစ်ဒေါ
သကို မဖုံးလွှမ်းဘဲ ထုတ်ဖော်မြွက်ကြား၍ ကန်
တော့တောင်းပန်ခြင်းကို ငါတို့ဝမ်းမြောက်ပါကုန်
၏၊ စိတ်နှလုံး၌ရှိသော ပြောင့်တံသင်းကို ပယ်နုတ်
ခြင်းကိုလည်း ငါတို့ဝမ်းမြောက်ပါကုန်၏"—
ဟုပြောဆိုကာ အနာမယူ သည်းခံတော်မူ၏။

**စည်းစိမ်နှင်းအပ်ပယ်မြစ်လတ်**

ထိုနောက် သံယမမင်းကြီးသည် ရွှေဟင်္သာမင်း၏ တရားတော်၌ရင်း, သုမုခ၏ ဖြောင့်မှန်ခြင်း၌ရင်း အလွန်ကြည်ညိုသည်ဖြစ်၍ ရွှေဟင်္သာမင်းနှစ်ပါးတို့အား စည်းစိမ်ဥစ္စာအခြွေအရံနှင့်တကွ မင်းအဖြစ်ကိုအပ်နှင်း၍ ပူဇော်သက္ကာရပြုလေ၏၊ ထိုအခါ ရွှေဟင်္သာမင်းနှစ်ပါးတို့သည် မြစ်ပယ်ကာ မိမိတို့နေရာ စိတ္တကုဋ်တောင်သို့ ပြန်ခွင့်ပြုရန်တောင်းပန်ကုန်၏၊ မင်းကြီးလည်း တညဉ့်လုံးရွှေဟင်္သာမင်းနှစ်ပါးတို့နှင့် အလိုရှိတိုင်း စကားပြောဆိုကာ တရားတော်ကို ကြားနာရပြီးလျှင် ပြန်ရန်ခွင့်ပြုလေ၏။

ဟံသာမင်းတရားပြ ချင်ခြင်းပြေရ

ရွှေဟံသာမင်း နှစ်ပါးတို့လည်း နေ ထွက်လတ်သော် မင်းကြီးနှင့်မိဖုရားကြီး တို့ကို မမေ့မလျော့ နေရစ်လော့ဟု အဆုံးအမပေးပြီးလျှင် စိတ္တကုဋ်တောင်သို့ ပျံကြကုန်၏၊ စိတ္တကုဋ်တောင်သို့ရောက်လျှင် ကိုးသောင်းသော ဟံသာတို့ သည် အရှင်နှစ်ပါးတို့ဘေးရန်မရှိ ကြွလာသည်ကိုအလွန် ဝမ်းမြောက်ကုန်လျက် ခစားခြံရံကြကုန်၏၊ ခေမာမိဖုရား ကြီးလည်း ဓတရဋ္ဌရွှေဟံသာမင်း၏တရားတော်ကို ကြားနာ ရသဖြင့် ချင်ခြင်းငြိမ်းလေ၏။

[မှတ်ချက်။ ။ဤမဟာဟံသဇာတ်ကား စူဠဟံသဇာတ်နှင့်တူပြီ၊ အနည်းငယ်မျှသာထူး၏။]

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ခေမာမူဆိုးသည်-ယခုအခါဆန္နထေရ်။

※ ခေမာမိဖုရားကြီးသည်-ခေမာဘိက္ခုနီမ။

※ သံယမမင်းကြီးသည်-သာရိပုတ္တရာ။

※ သုမုခသည်-အာနန္ဒာ။

※ ကြွင်းသောပရိသတ်သည်-ငါဘုရားပရိသတ်။

※ ဓတရဋ္ဌရွှေဟံသာမင်းသည်- ငါဘုရားဖြစ်လာပြီ— ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကျေးဖုးရှင်တွက်၊ ကိုယ့်အသက်၊ ငဲ့ကွက်မပြုရာ။
(၂) ချမ်းသာဆင်းရဲ၊ တူမကွဲ၊ တွဲ၍ခံစားရာ။
(၃) သေဘေးနှင့်တွေ့၊ ဆင်းရဲတွေ့၊ စွန့်၍မသွားရာ၊
မဟာဟံသဇာတ်ပြီး၏။

## ၅၃၅—သုဓာဘောဇနဇာတ်

ပဏ္ဍိပဏ္ဏာသ။

လှူဒါန်းမှုတွက် သဒ္ဓါထက်

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဂတ္ထိပြည်သား ရဟန်းတပါးသည် အလှူဒါနကို အလိုရှိ၏၊ မိမိရအပ်သောပစ္စည်းကို အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်း၍ သုံးဆောင်လေ့ရှိ၏၊ အယုတ်ဆုံး တလက်ဖက်မျှသောရေကိုပင်ဖြစ်စေ လှူဒါန်း၍ သုံးဆောင်လေ့ရှိ၏၊ ထိုရဟန်း၏အကြောင်းသည် သံဃာဘောင်၌ နေလအသွင် ထင်ရှားလှ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏အလှူ၌ ဒါနကို အလိုရှိခြင်း အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင်“ရဟန်းတို့··ဤရဟန်းကား ရှေးအခါ၌ လှူဒါန်းလေ့မရှိ၊ အလွန်ဝန်တိုလှ၏၊ ငါဘုရားဆုံးမတော်မူသဖြင့် အလှူဒါနကို အလိုရှိခဲ့သည်ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**စည်းစိမ်ဆင်ခြင်**
**သဒ္ဓါစိတ်ဝင်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် သူကြွယ်တယောက်သည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥစ္စာရှိ၏၊ မင်းကြီးသည် ထိုသူကြွယ်အား သူဌေးရာထူးကိုပေး၏၊ မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့၏ ပူဇော်ခြင်းကိုခံယူရ၏၊ တနေ့သ၌ သူဌေးသည် မိမိ၏ စည်းစိမ်ဥစ္စာ အခြံအရံကို ကြည့်ရှုဆင်ခြင်လျက် ငါကား ဤစည်းစိမ်ဥစ္စာ အခြံအရံကို ရှေးဘဝက အိပ်နေသဖြင့် ရအပ်သည် မဟုတ်၊ ဒုစရိုက်ကိုပြုလုပ်သဖြင့်လည်း ရအပ်သည်မဟုတ်၊ စင်စစ်ကား သုစရိုက်ကို ပြုလုပ်ခဲ့၍သာ ရအပ်ပေ၏၊ ထိုကြောင့် ငါ၏ ထောက်တည်ရာကို ပြုသင့်၏ ကြံစည်စိတ်ကူးလေ၏။

ထိုနောက် မင်းကြီးထံခစား၍ “အရှင်မင်းကြီး.... အကျွန်ုပ်မှာ ဥစ္စာများလှ၏၊ ကုဋေရှစ်ဆယ် ကြွယ်ဝပါ၏၊ အရှင်မင်းကြီးယူတော်မူပါ”ဟုလျှောက်၏၊ “သူဌေးကြီး... ငါ့မှာလည်းဥစ္စာများလှ၏၊ မယူလိုပါ၊ သင်ယူလိုလျှင် ငါ့နန်းတော်၌ သင်လိုရာ ဥစ္စာကိုယူလော့”ဟု ပေးလေ၏၊ “အရှင်မင်းကြီး.... အကျွန်ုပ် လှူဒါန်းလိုပါ၏၊ ခွင့်ရပါမည်လော”ဟု လျှောက်၏၊ “သူဌေးကြီး.... သင့်ဥစ္စာကို သင်အလိုရှိတိုင်း ပြုလော့”ဟု ခွင့်ပေးလေ၏။

**လှူဒါန်းပြုက**
**သုဂတိရ**

သူဌေးကြီးသည် အိမ်သို့ ရောက်လျှင် မိမိနေအိမ် တံခါး, မြို့တံခါးလေးခု, မြို့လယ်အားဖြင့် ခြောက်ဌာနတို့၌ အလှူ

တင်းကုပ်ကြီးတို့ကို ဆောက်လုပ်ပြီးလျှင် နေ့စဉ်နေ့စဉ် ခြောက်သိန်း, ခြောက်သိန်းသော အသပြာတို့ကို အကုန် အကျခံ၍ အလှူကြီးကို ပေးလေ၏၊ အသက်ထက်ဆုံးလှူ၏၊ သေလွန်ခါနီးတွင် သားသမီးတို့ကို ဤအလှူအစဉ်အဆက် မပြတ်ကုန်လင့် ဟု မှာထားဆုံးမကာ သေလွန်သဖြင့် တာဝတိံသာ နတ်ပြည်ဝယ် သိကြားမင်းဖြစ်လေ၏။

ထိုသူဌေးကြီး၏သားလည်း ထိုအတူ အလှူပေး၍ စန္ဒ နတ်သားဖြစ်၏၊ထိုသူဌေး၏သားလည်း အလှူပေး၍ သူရိယ နတ်သားဖြစ်၏၊ ထိုသူဌေး၏သားလည်း အလှူပေး၍ မာတ လိနတ်သားဖြစ်၏၊ ထိုသူဌေး၏သားလည်း အလှူပေး၍ ပဉ္စ သိခနတ်သားဖြစ်၏၊ ထိုသူဌေး၏သား ခြောက်ယောက် မြောက်သူဌေးကား မစ္ဆရိယကောသိယမည်၏၊ဥစ္စာလည်း ကုဋေရှစ်ဆယ် ကြွယ်ဝသည်သာတည်း။

သဒ္ဓါပိတ်ကန်း မလှူဒါန်း

ထိုမစ္ဆရိယကောသိယ သူဌေးသည် ငါ့ အဘ, အဘိုး, အဘေး စသည်တို့ကား အလွန် မိုက်ကုန်၏၊ ငြိုငြင် ဆင်းရဲစွာ ဆည်းပူးထားသော ဥစ္စာတို့ကို စွန့်ကုန်၏၊ လှူဒါန်းကုန်၏၊ ငါမူကား ဥစ္စာကို စောင့်ရှောက်မည်၊ အနည်းငယ်မျှသော ဥစ္စာကိုလည်း မပေးလှူအံ့ ဟု ကြံစည်ပြီးလျှင် အလှူတင်း ကုပ်တို့ကို ဖျက်စီး၍ မီးတိုက်၏၊ ဝန်တို၏၊ ခက်ထန်ကြမ်း ကြုတ်၏၊အစောင့်အရှောက်ထား၍ လာနေကြအလှူခံ ပုန်း တောင်းယာစကာတို့ကို နှင်ထုတ်စေ၏၊အလှူခံပုန်းတောင်း ယာစကာတို့လည်း မလာဝံ့ကြကုန်၊ အဘ,အဘိုး,အဘေး စသည်တို့၏ အလှူအစဉ်အဆက်လည်း ပြတ်လေတော့၏။

ထိုအခါမှစ၍ မစ္ဆရိယကောသိယ သူဌေးသည် ဥစ္စာကိုသာ ဆည်းပူးစုဆောင်း၏၊ဥစ္စာစောင့်ပြိတ္တာကဲ့သို့ မိမိကိုယ်တိုင်လည်း မသုံးဆောင်ရက်၊ သားမယား ဆွေမျိုးစသည်တို့ကိုလည်း မပေးကမ်းရက်၊ ပုန်းရေနှင့် ဆန်ကွဲထမင်းကိုသာ စား၏၊ ဝါချည်အဝတ်ကြမ်းကိုသာ ဝတ်၏၊ သစ်ရွက် ထီးကိုသာ ဆောင်း၏၊ နွားအို ကသောလှည်းဟောင်း လှည်းဆွေးကိုသာစီး၏၊ ဤသူဌေးယုတ်၏ ဥစ္စာသည် ခွေးရအပ်သော အုန်းသီးကဲ့သို့ ဖြစ်လေတော့၏။

**မစ္ဆေ နှိပ်စက်**
**မပေးရက်**

တနေ့သ၌ မင်းကြီးထံအခစားသွားရာ သူဌေးငယ်ကို ခေါ်၍ သွားမည်ဟု ကြံစည်လျက် သူဌေးငယ်အိမ်သို့ ဝင်၏၊ ထိုခဏ၌ သူဌေးငယ်လည်း ထောပတ်ပျားသကာဖြင့် စီရင်ထားသော ဃနာထမင်းကို သား သမီး အခြွေအရံနှင့်တကွ စားဆဲဖြစ်၏၊သူဌေးငယ်လည်း မစ္ဆရိယကောသိယ သူဌေးကြီးကိုမြင်လျှင် နေရာမှထ၍ "အရှင်သူဌေးကြီး···· ကြွတော်မူပါ၊ ဤပလ္လင်၌နေ၍ ဃနာထမင်းကို သုံးဆောင်တော်မူပါ"ဟု ဖိတ်လေ၏၊ သူဌေးကြီးလည်း ဃနာထမင်းကိုမြင်ရလျှင် အလွန်စားလိုသဖြင့် သွားရည်တများများနှင့် ဇလွန်မဆည်နိုင်အောင် ဖြစ်သော်လည်း ငါအကယ်၍စားငြားအံ့၊ သူဌေးငယ် ငါ့အိမ်သို့ လာသောအခါ အတုံ့အလှည့်ပြု၍ပြန်ပူဇော်သက္ကာရပြုရလျှင် ငါ့ပစ္စည်းဥစ္စာကုန်ခမ်းလိမ့်မည်ဟု ကြံစည်ပြီးလျှင် "အမောင်····ငါမစားပါ"ဟု ပြောဆိုလေ၏။

**ဆင်းရဲပြင်းစွာ အိပ်လျက်သာ**

သူဌေးငယ်လည်း ထမင်းစားခြင်းကိစ္စပြီးလျှင် သူဌေးကြီးခေါ်၍ မင်းကြီးထံ အခစားသွားလေ၏၊ နန်းတော်မှအိမ်သို့ ပြန်ရောက်သောအခါ၌လည်း စားလိုသော တဏှာ နှိပ်စက်လှသဖြင့် ငါသည် အကယ်၍ ဃနာထမင်းစားလိုသည် ဟု ပြောငြားအံ့၊ တအိမ်လုံး စားလိုကြပေလိမ့်မည်၊ ထိုအခါ ငါ့မှာ ပစ္စည်းဥစ္စာ ကုန်ခမ်းလိမ့်မည် ဟု ချီတုံချတုံဖြင့်မပြောဘဲ အောင့်အီးသည်းခံ၍လာခဲ့၏၊ နေ့ရက်ကြာလတ်သော် သည်းမခံနိုင်တော့ဘဲ ဖက်ရွက်လျော်ကဲ့သို့ ဖြော့တော့သော အဆင်းရှိသည်ဖြစ်၍ ပိန်ကြုံ အားနည်းလျက် အိပ်ရာညောင်စောင်း အပေါင်ကိုသာ ဘက်၍ အိပ်လေ၏။

**ဖန်ဖန်မေးမှ မယားပြောပြ**

ထိုအခါ သူဌေးကြီး၏ မယားသည် သူဌေးကြီးထံချဉ်းကပ်လျက် ကျောကို လက်ဖြင့်သပ်ကာ "အရှင်....ဘယ်အတွက် မချမ်းသာသနည်း" ဟု မေး၏၊ "ရှင်မ.... ငါ့မှာ မချမ်းသာသော အရာမရှိ"ဟု ပြော၏၊ "အရှင်....ပိန်ကြုံ အားနည်းလှ၏၊တစုံတရာ ချင်ခြင်းဖြစ်သလော" ဟု မေးပြန်၏၊"ရှင်မ....ချင်ခြင်းဖြစ်ပါ၏"ဟု ပြော၏၊"အရှင်.... ပြောပါ" ဟုမေး၏၊ "ရှင်မ....ငါမပြောလိုပါ"ဟု ဆို၏၊ မယားသည် တဖန်တလဲလဲမေးလေတော့၏၊ ထိုအခါ အရဲစွန့်၍ "ရှင်မ.... တနေ့သ၌ သူဌေးငယ်အိမ်သွားရာ ထောပတ်, ပျား, သကာတို့ဖြင့် ချက်၍စားနေသော ဃနာထမင်းကိုမြင်၍ စားလိုသော ချင်ခြင်းဖြစ်ပါ၏၊ "အို-သူယုတ်....သင့်မှာ ဆင်းရဲမွဲတေ၍နေသလော၊ဗာရာ

ဏာသီတမြို့လုံး စားလောက်အောင် ဃနာထမင်းကို ချက်ပေးမည်” ဟု ပြော၏၊ ထိုအခါသူဌေးကြီးသည် ဦးခေါင်းကို တုတ်ဖြင့် ရိုက်လိုက်သကဲ့သို့ဖြစ်၍ အမျက်ထွက်လျက် “ဟယ်-အယုတ်မ···· သင့်မှာ ဥစ္စာများသောအဖြစ်ကို ငါသိ၏၊သင့်မိဘအိမ်မှ ဘယ်လောက်ယူလာခဲ့သနည်း၊ သင့်ဥစ္စာဖြင့် တမြို့လုံးကျွေးလော့” ဟု ပြောလေ၏။

**တယောက်အတွက် ပုန်းနိုး၍ချက်**

သူဌေးကြီး၏ မယားလည်း တမြို့လုံးအတွက်မဟုတ်၊ တလမ်းအတွက်၊ ခုနစ်အိမ်အတွက်၊ အိမ်သားများ အတွက်စသည်ဖြင့် တောင်းပန်၍လာခဲ့ရာ သူဌေးကြီးသည် အလွန်နှစ်မြေ့ဝန်တိုလှသဖြင့် ခွင့်မပြုဘဲ သူတယောက်စာမျှချက်ရန် ခွင့်ပြုပြီးလျှင် “ရှင်မ····သင်တို့မချက်လင့်၊ငါကိုယ်တိုင်တနေရာမှာ ပုန်းလျှိုး၍ ချက်စားမည်” ဟု ပြောဆို၍ တယောက်စာဆန်နှင့်သင့်တော်ရုံ ထောပတ်ပျားသကာတို့ကို ဝယ်စေ၍ အိုးတလုံးကိုယူကာ မြစ်အနီး ချုံတခုသို့ရောက်အောင် အလုပ်အကျွေး တယောက်ကို လိုက်၍ပို့စေပြီးလျှင် ကိုယ်တိုင် ပုန်းလျှို်း၍ ချက်လေ၏။

**သူဌေးချက်ရာ အရှုခံလာ**

ထိုခဏ၌ သိကြားမင်းသည် ကြီးကျယ်ခမ်းနားလှသော မိမိ၏စည်းစိမ်ကိုကြည့်၍ မည်သည့်ကောင်းမှုကြောင့်ရသနည်းဟု ဆင်ခြင်လတ်သော်ရှေးဘဝက ဗာရာဏသီပြည်၌ သူဌေးကြီးဖြစ်၍ ပြုခဲ့ဘူးသော အလှူဒါနကို မြင်လေ၏၊ တဖန်သားစဉ်မြေးဆက်ကို ဆင်ခြင်ပြန်လျှင် စန္ဒနတ်သား,သူရိယနတ်သား,မာတလိနတ်သား, ပဉ္စသိခနတ်သားတို့ကိုမြင်ပြန်

၏၊ တဖန်ဆင်ခြင်ပြန်လျှင် မိမိ၏အနွယ်အဆက်ကိုဖျက်ဆီးသောမစ္ဆရိယကောသိယသူဌေးကြီးကိုမြင်ပြန်၏၊ဤသူယုတ်ကား မိမိလည်းမသုံးရက်၊ သူတပါးအားလည်း မလှူရက်၊ နှစ်မြောဝန်တိုလှ၏၊ ငါ၏အနွယ်ကိုဖျက်ဆီးဘိ၏၊ သေလျှင်ငရဲ၌ဖြစ်ရလတံ့၊ငါသွား၍ဆုံးမပြီးလျှင်ငါ၏အနွယ်အဆက်ကိုတည်စေမည်ဟုကြံစည်ပြီးလျှင်စန္ဒနတ်သားစသည်တို့ကိုခေါ်၍ "အမောင်တို့…. လာကြကုန်၊ လူ့ပြည်သို့သွားကြကုန်အံ့၊ မစ္ဆရိယကောသိယသူဌေးကား ငါ၏အနွယ်အဆက်ကို ဖျက်ဆီးဘိ၏၊ အလှူတင်းကုပ်တို့ကို မီးတိုက်ဘိ၏၊ ပစ္စည်းဥစ္စာတို့ကိုမိမိလည်းမသုံးရက်၊သူတပါးအားလည်း မပေးလှူရက်၊ယခုအခါ ဃနာထမင်းစားလိုသဖြင့် အိမ်၌ချက်လျှင် သူတပါးစားမည်စိုးရိမ်၍ တောထဲ၌ ပုန်းလျှိုး၍ချက်ဘိ၏၊ထိုသူယုတ်ကိုဆုံးမ၍ အလှူ၏အကျိုးကို သိစေအံ့၊ ငါတို့ ငါးယောက်လုံး တပေါင်းတည်းသွားလျှင် ထိုအရပ်မှာပင် လဲ၍သေရာ၏၊သို့အတွက် အမောင်တို့နောက်မှ တယောက်စီလာကြကုန်" ဟု မှာထားခဲ့၍ ပုဏ္ဏားအသွင်ဖြင့် မစ္ဆရိယကောသိယ သူဌေးထံသို့ သွားလေ၏။

**ဂါထာဆိုပြ သဘောကျ**

သိကြားမင်းသည် အနီးသို့ရောက်လျှင် ချဉ်းကပ်၍ "အို-သူဌေးကြီး…. ဗာရာဏသီပြည်သို့ သွားသောလမ်းခရီးကား အဘယ်နည်း" ဟု မေး၏၊ "ပုဏ္ဏား…. သင်ရူးသလား၊ လမ်းခရီးကိုမျှမသိ၊ အဘယ်ကြောင့် ဤအရပ်သို့လာသနည်း၊သွားလော" ဟု နှင်ထုတ်လေ၏၊ သိကြားမင်းလည်း မကြားဟန်ပြု၍ အတင်းချဉ်းကပ်၏၊ သူဌေးကြီးလည်း "ဟယ်ပုဏ္ဏား…. နားပင်း သွားလော့" ဟု ဆိုမြည်ရေ

ရှုတ်၏၊ "အို-သူဌေးကြီး ···· အဘယ်ကြောင့် နှင်ထုတ် ရေ ရှုတ်သနည်း၊မီးခိုးနှင့်မီးကိုမြင်ရ၍ ပုဏ္ဏားတို့ကို ဆွမ်းကျွေး ရာဖြစ်လိမ့်မည်၊ ကျွေးလျှင် အနည်းငယ်ရလိမ့်မည်" ဟု လာပါ၏၊ "ဟယ်ပုဏ္ဏား····ပင့်ဘိတ်သော နေရာမဟုတ်၊ ရှေ့သို့သွားလော့" ဟု ပြောပြန်၏၊ "အို-သူဌေးကြီး···· အဘယ်ကြောင့် အမျက်ထွက်သနည်း၊ သင်စားသောအခါ အနည်းငယ်ရလိုပါ၏" ဟု ပြော၏၊ "ပုဏ္ဏား···· ထမင်းတ လုပ်စာမျှ ပါမပေးနိုင်၊ ဤယနာကား အနည်းငယ်တ ယောက်စာသာချက်၏၊ ငါလည်း တောင်း၍သာရအပ်၏၊ တော်ရာသွားတောင်းချေ" ဟုပြောလိုက်၏၊ "သူဌေးကြီး··· ငါသည်သာယာစွာသောအသံဖြင့် ဂါထာတပုဒ်ကိုဟော မည်" ဟု ပြော၏၊ "ပုဏ္ဏား····ငါ့ဂါထာဖြင့် အလိုမရှိ" ဟု တားမြစ်နေစဉ်လျှင်—

"အို-သူဌေးကြီး···· အနည်းငယ်သောဝတ္ထုမှ အနည်းငယ်သောဝတ္ထုကို လှူရာ၏၊ အနည်းငယ် သောဝတ္ထုထက်ဝက်မှ၊ အနည်းငယ်ထက်ဝက်ကို လှူရာ၏၊များသောဝတ္ထုမှ များသောဝတ္ထုကို လှူရာ ၏၊ မပေးလှူဘဲ မနေရာ"။

"အို-သူဌေးကြီး···· ထို့ကြောင့်ငါသည် သင့်ကို ပြောဆိုပါ၏၊ ပုဂ္ဂိုလ်မြတ်တို့သွားရာလမ်းခရီးသို့ ကောင်းစွာသက်၍ အလှူကို ပေးလှူပါ၊မိမိလည်းသုံး ဆောင်ပါ၊ တယောက်ထည်း သုံးဆောင်သူအား ချမ်းသာကို မရပေရာ"—

ဟု ဟောလေ၏၊ သူဌေးကြီးလည်း သာယာစွာသော တရားစကားကို ကြားနာရလျှင် နှစ်သက်ဘွယ်သောစကား

ကိုဆိုပေ၏၊ ဃနာကျက်လျှင် အတန်ငယ်ရလတ့ံ၊ နေပါလော့၊ သိကြားမင်းလည်း သင့်တင့်သော အရပ်၌ နေလင့်၏။

စန္ဒလာပြန်အလှူခံ

ထိုနောက် စန္ဒနတ်သားသည် လာပြန်၏၊ ရှေးနည်းတူ စကားကို ဖြစ်စေ၍ သူဌေးကြီးတားမြစ်စဉ်လျှင်—

"အို-သူဌေးကြီး···· ညှော်သည်ထင်ရှားရှိပါလျက် တယောက်ထည်း ဘောဇဉ်ကို စားသောသူအား လှူအပ်သောအလှူသည် အကျိုးမရှိ၊ ဥစ္စာဆည်းပူးအပ်သော လုံ့လသည်လည်း အကျိုးမရှိ၊ ထို့ကြောင့် ငါသည် သင့်ကိုပြောဆိုပါ၏၊ ပုဂ္ဂိုလ်မြတ်တို့ သွားရာလမ်းခရီးသို့ ကောင်းစွာသက်၍ အလှူကို ပေးလှူပါ၊ မိမိလည်း သုံးဆောင်ပါ၊ တယောက်ထည်း သုံးဆောင်သူအား ချမ်းသာကို မရပေ"—

ဟု တရားဟောပြန်၏၊ သူဌေးကြီးလည်း ခွင့်ပြုရပြန်၏၊ စန္ဒနတ်သားလည်း သွား၍ သိကြားမင်းထံ နေလင့်၏။

သူရိယတဖန်ခွင့်ပြုပြန်

ထိုနောက် သူရိယနတ်သားလာပြန်၍ သူဌေးကြီးတားမြစ်စဉ်လျှင်—

"အို-သူဌေးကြီး···· ညှော်သည် ထင်ရှားရှိပါလျက် တယောက်ထည်း ဘောဇဉ်ကို စားသောသူအား လှူအပ်သောအလှူသည် မှန်ကန်၏၊ ဥစ္စာဆည်းပူးသော လုံ့လသည်လည်း မှန်ကန်၏။ ။

ထို့ကြောင့် ငါသည် သင့်ကို ပြောဆိုပါ၏၊ ပုဂ္ဂိုလ်မြတ်တို့ သွားရာလမ်းခရီးသို့ ကောင်းစွာသက်၍ အလှူကို ပေးလှူပါ၊ မိမိလည်း သုံးဆောင်ပါ၊ တယောက်ထည်း သုံးဆောင်သူအား ချမ်းသာကို မရပေရာ”–

ဟု တရားဟောပြန်၏၊ သူဌေးကြီးလည်း ခွင့်ပြုရပြန်၏၊ သူရိယနတ်သားလည်း သွား၍ စန္ဒနတ်သားထံ၌ နေလင့်၏။

မာတလိကို ပေးဘို့ဆို

ထိုနောက် မာတလိနတ်သားသည် လာပြန်၍ သူဌေးကြီးတားမြစ်စဉ်–

“အို-သူဌေးကြီး....ကန့်,အိုင်, မြစ်ချောင်းတို့၌ ပူဇော်သောသူ၊ ဩ့သည် ထင်ရှား ရှိပါလျက် တယောက်ထည်း မစားသောသူတို့အား ထိုကန့်, အိုင်,မြစ်,ချောင်း တို့၌ ပူဇော်ခြင်းသည် ပူဇော်အပ်သည်မည်၏၊ လို့လ ပြုခြင်းလည်း လို့လပြုသည်မည်၏။

ထိုကြောင့် ငါသည် သင့်ကိုပြောဆိုပါ၏၊ပုဂ္ဂိုလ်မြတ်တို့ သွားရာလမ်းခရီးသို့ ကောင်းစွာသက်၍ အလှူကို ပေးလှူပါ၊ မိမိလည်း သုံးဆောင်ပါ၊ တယောက်ထည်း သုံးဆောင်သူအား ချမ်းသာကို မရပေရာ”–

ဟု တရားဟော၏၊ သူဌေးကြီးလည်း ခွင့်ပြုရပြန်၏၊ မာတလိ နတ်သားလည်း သွား၍ သူရိယ နတ်သားထံနေလင့်၏။

**ပဉ္စသိခ တဖန် လာရောက်ပြန်**

ထိုနောက် ပဉ္စသိခနတ်သားသည်လာ၍ သူဌေးကြီး တားမြစ်စဉ်လျှင်—

"အို-သူဌေးကြီး···· ညွှတ်သည် ထင်ရှားရှိပါ လျက် တယောက်ထည်း စားသူအား ရှည်စွာသော ကြိုးဖြင့် ဖွဲ့အပ်သော ငါးမျှားချိတ်ကို မျိုသည်နှင့်တူ၏၊ ထိုကြောင့် ငါသည်သင့်ကိုပြောဆိုပါ၏၊ပုဂ္ဂိုလ် မြတ်တို့ သွားရာလမ်းခရီးသို့ ကောင်းစွာ သက်၍ အလှူကို ပေးလှူပါ၊ မိမိလည်း သုံးဆောင်ပါ၊ တယောက်ထည်း သုံးဆောင်သူအား ချမ်းသာကို မရပေရာ"—

ဟု တရားဟောပြန်၏၊ သူဌေးကြီးလည်း ခွင့်ပြုရပြန်၏၊ ပဉ္စသိခနတ်သားလည်း သွား၍ မာတလိ နတ်သားထံ နေလင့်၏။

**အနည်းငယ်ပေးကာ စားစေရာ**

ဤသို့ သိကြားမင်းနှင့် နတ်သား ငါးယောက်တို့ အစုံအညီ နေကာမျှလျှင် ဃနာထမင်းလည်း ကျက်လေ၏၊ ထိုအခါ သူဌေးကြီးသည် အိုးကိုချ၍ ပုဏ္ဏားတို့အားသစ်ရွက်တို့ကိုယူခဲ့ရန် ပြောကြားလေ၏၊ထိုအခါ ပုဏ္ဏားငါးယောက်တို့သည် နေရာမှ မထကုန်ဘဲထိုင်ကုန်လျက်လက်တို့ဖြင့်ဆန့်ကာ ဟိမဝန္တာမှ အင်ဖက်ကြီးတို့ကို ဆောင်ယူကုန်၏၊ သူဌေးကြီးလည်း အင်ဖက်တို့ကိုမြင်လျှင်ဤဖက်တို့၌ထည့်၍ ပေးစရာ ဃနာမရှိဟုပြော၍ ရှားရွက်တို့ကို ဆောင်ယူခဲ့လောဟု ပြောပြန်၏၊ဆောင်ယူကြပြန်သောအခါ ရှားရွက်တို့သည် ရထားပျဉ်ချပ်မျှကြီး မားကုန်၏၊သူဌေးကြီးလည်း



P. 269 ပဉ္စသိခခွေးနက်ကြီးသည် မဏ္ဍရိယသူဌေးအားလိုက်နေစဉ် နတ်ပုဏ္ဏား ၄-ဦးတို့ကောင်းကင်တွင်ရပ်တည်နေပုံ

ယောက်မဖြင့်ကော်၍ အတန်ငယ်စီ ဃနာထမင်းကိုပေးလေ၏၊ အိုး၌ အနည်းငယ်မျှသာ အရာထင်၏၊ ပုဏ္ဏားတို့အား ပေးပြီးလျှင် ဃနာထမင်းအိုးကို ကိုင်၍နေလင့်၏။

ပဉ္စသိခက ခွေးဟန်ပြ

ထိုခဏ၌ ပဉ္စသိခ နတ်သားသည် ခွေးအဟန်ဖန်ဆင်း၍ ထိုသူတို့ရှေ့၌ ကျင်ငယ်ကို စွန့်လျက်သွား၏၊ ပုဏ္ဏားတို့သည် မိမိတို့ ဃနာထမင်းကို သစ်ရွက်ဖြင့် ပိတ်ကုန်၏၊ သူဌေးကြီး လက်ဘမိုး၌ ကျင်ငယ် ပေါက်သည် ကျလေ၏၊ ပုဏ္ဏားတို့လည်း ကရားမှရေကိုယူ၍ ဃနာထမင်းကိုကြဲ၍ စားဟန်ပြုကုန်၏၊ သူဌေးကြီးလည်း စားမည်ဟု ပုဏ္ဏားတို့ထံရေတောင်း၏၊ ပုဏ္ဏားတို့လည်း ငါတို့သည် အတုံ့ပြန်၍ပေးလေ့မရှိကုန်ဟု ပြောဆိုကုန်၏၊ သူဌေးကြီးလည်း ဃနာထမင်းကို ကြည့်ရှုပါဆို၍ မြစ်သို့ လက်ဆေးရန်သွား၏၊ ထိုခဏ၌ ခွေးသည် ဃနာထမင်းအိုးကို ပြည့်အောင်ကျင်ငယ်စွန့်ပြန်၏။

သိကြားမင်းက ဆိုဆုံးမ

သူဌေးကြီးမြင်လျှင် လုံကန်ကြီးကို ယူလျက် ခွေးကို ခြိမ်းချောက်ကာ အမြန်လာ၏၊ ခွေးလည်း အာဇာနည်မြင်းပမာဏရှိလျက် အဆင်းအမျိုးမျိုးဖြစ်ကာ နိမ့်တုံ မြင့်တုံပြုလျက် သူဌေးကြီးကို အတင်းလိုက်၏၊ သူဌေးကြီးလည်း သေဘေးမှ ကြောက်သဖြင့် ပုဏ္ဏားတို့ထံ ချဉ်းကပ်၏၊ ပုဏ္ဏားတို့လည်း ကောင်းကင်သို့ ပျံတက်၍ နေကြကုန်၏၊ သူဌေးကြီးလည်း ပုဏ္ဏားတို့၏ တန်ခိုးအာနုဘော်ကို မြင်ရလျှင်—

"အို–ပုဏ္ဏားတို့····အရှင်တို့ကား အလွန်တင့်တယ်သော အဆင်းရှိကုန်၏၊ အရှင်တို့၏ ခွေးကြီးကား အဘယ်ကြောင့် အမျိုးမျိုးသောအဆင်းသဏ္ဍာန်ကို ပြုဘိသနည်း၊ သင်တို့ကား အဘယ်သူတို့နည်း"–

ဟု မေးမြန်းလေ၏၊ထိုအခါ သိကြားမင်းသည် သူဌေးကြီးအား–

"အို-သူဌေးကြီး···· ဤသူကား စန္ဒနတ်သား, ဤသူကား သူရိယနတ်သား, ဤသူကား မာတလိနတ်သား, ဤသူကား ပဉ္စသိခနတ်သားဖြစ်၍ ငါကား သိကြားမင်းဖြစ်၏"။

"အို-သူဌေးကြီး···· အလွန်ကြီးကျယ် မွန်မြတ်လှသော သိကြားမင်း၏ စည်းစိမ်ချမ်းသာ, နတ်တို့၏ စည်းစိမ်ချမ်းသာကိုရ၍ ငါတို့မှာ အလွန်နှစ်သက် ဝမ်းမြောက်ရကုန်၏"။

"အို-သူဌေးကြီး····မလှူရက် မစားရက် ဝန်တိုသောသူ,ကောက်ကျစ်စဉ်းလဲသော သူတို့သည်ငင်း, ရဟန်း ပုဏ္ဏားတို့ကို ဆဲရေးသောသူတို့သည်ငင်း သေလွန်သောအခါ ငရဲသို့ရောက်ရကုန်၏"။

"အို-သူဌေးကြီး····သုဂတိဘဝကို တောင့်တ၍ ကုသိုလ် ကမ္မပထတရားဆယ်ပါး ပွားများအားထုတ်သောသူ, ကိုယ် နှုတ် နှလုံးကို စောင့်သုံးသောသူ, ခွဲခြမ်းဝေဘန်၍ သုံးဆောင်သောသူတို့သည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ရကုန်၏"။

"အို-သူဌေးကြီး····ငါတို့ကား ရှေးရှေးသော ဘဝတို့၌ သင်၏အဘ,အဘိုး,အဘေး,အဘီ,အဘင် ဆွေမျိုးအနွယ်အဆက်တို့ ဖြစ်ကုန်၏၊ ငါတို့သည် ကုသိုလ် ကောင်းမှုကိုပြု၍ နတ်ပြည်သို့ ရောက်ရကုန်၏"။

"အို-သူဌေးကြီး···· ယုတ်မာ၍ စဉ်းလဲဝန်တိုသောသင့်အား ငရဲသို့မရောက်စေဘဲ၊ ကုသိုလ်ကောင်းမှုကိုပြုကာ နတ်ပြည်သို့ ရောက်ပါစေဟု နှလုံးသွင်းကာ သင့်ကို ဆုံးမရန် လာကြကုန်၏၊ သင်၏အကျိုးစီးပွားအတွက် လာကြကုန်၏"–

ဟု အကျိုးအကြောင်းကို ပြောဆိုကာ ဆုံးမလေ၏။

ရသေ့ပြုလျက် တောသို့ထွက်

ထိုအခါသူဌေးကြီးသည် သြော်···ငါ့ကို ဆုံးမရန် လာကြသတဲ့၊ ငါ၏အကျိုးစီးပွားအတွက် လာကြသတဲ့ဟု သိရလျှင် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်–

"အို-သိကြားမင်း···· အရှင်သိကြားမင်းဆုံးမသောအတိုင်း လိုက်နာပါမည်၊ ယနေ့မှစ၍ စဉ်းလဲခြင်း ဝန်တိုခြင်းကို ရှောင်ကြဉ်ပါမည်၊ မကောင်းမှုကို အပြုတော့ပါ၊ ပေးလှူပါတော့အံ့၊ အယုတ်ဆုံးရေကိုပင်ဖြစ်စေ မလှူဘဲမသောက်ပါအံ့၊ ယနေ့ပင်လျှင် ဥစ္စာစည်းစိမ်တို့ကို စွန့်၍ တောထွက်ကာ ရသေ့ရဟန်းပြုပါအံ့"–

ဟု ဝန်ခံလေ၏၊ သိကြားမင်းလည်း ကောသိယသူဌေးကြီးကို ယဉ်ကျေးအောင် ဆုံးမ၍ သီလ၌တည်စေပြီးလျှင်

နတ်သားလေးယောက်နှင့် တကွ မိမိနေရာတာဝတိံသာသို့ သွားလေ၏။

မစ္ဆရိယ ကောသိယ သူဌေးကြီးလည်း အိမ်သို့ရောက်လျှင် မင်းကြီးထံခွင့်ပန်၍ ရှိရှိသမျှ ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲလှူဒါန်းပြီးလျှင် ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြု၍ ဟိမဝန္တာတောင်၏ နံပါးတဘက်ရှိဂင်္ဂါမြစ်နှင့် ဇာတဿရ အိုင်ကြီး အကြားတွင် သစ်ရွက်မိုးကျောင်းဆောက်လုပ်၍ တောသစ်သီး သစ်ဥတို့ဖြင့် မျှတကာနေလေ၏။

**ရသေ့ပန်းပေးမှု မြတ်သောသူ**

ထိုအခါ သိကြားမင်း၌ အာသာမည်သောနတ်သမီး, သဒ္ဓါမည်သော နတ်သမီး, သိရီမည်သောနတ်သမီး, ဟိရီမည်သော နတ်သမီးအားဖြင့် သမီးတော်လေးယောက်တို့ သည်ရှိကုန်၏၊ထိုသမီးတော်လေးယောက်တို့သည်တနေ့သ၌ အနဝတတ်အိုင်၌ ရေကစားပြီးလျှင် ဆေးဒါန်း မြင်းသီလာ ကျောက်ဖျာအပြင်၌ နေကြကုန်၏၊ ထိုခဏ၌ နာရဒရသေ့ သည် တာဝတိံသာနတ်ပြည် စိတ္တလတာဉယျာဉ်၌ နေ့သန့် စင်ပြီးလျှင် ပင်လယ်ကသစ်ပွင့်ကြီးကို ထိုးဆောင်းလျက် နတ်သမီး လေးယောက်တို့ နေရာ ကျောက်ဖျာ အပြင် အထက်ကောင်းကင်ဖြင့် ကြွသွားသည်ရှိသော် နတ်သမီး တို့မြင်လျှင် ပင်လယ်ကသစ်ပွင့်ကြီးကို အသီးသီးတောင်း ကြကုန်၏၊ ထိုအခါ နာရဒရသေ့သည် နတ်သမီးတို့အား "အို-နတ်သမီးတို့.... ဤပင်လယ်ကသစ်ပွင့်ကြီးကား မြတ် သောသူတို့သာ ပန်ဆင်ထိုက်သည် သို့အတွက် သင်တို့ လေးယောက်တို့တွင် မြတ်သော နတ်သမီး ပန်ဆင်လော၊

အရှင်ဘုရား…အရှင်ဘုရားသည်ပင် အမြတ်ကိုစုံစမ်း ရွေးချယ်၍ ပေးတော်မူပါ၊ အရှင်ဘုရားပေးသောနတ်သမီးကို အကျွန်ုပ်တို့သည် အမြတ်ဟုမှတ်ထင်ပါမည်''ဟု လျှောက်ထားကုန်၏။

**သိကြားမင်းထံ ခေါ်သွားပြန်**

နာရဒရသေ့သည် မိမိ မရွေးချယ်လိုသဖြင့် နတ်သမီးလေးယောက်လုံးကို ခေါ်၍ သိကြားမင်းထံ ခေါ်၍ သွားလေ၏၊ သိကြားမင်းလည်း နတ်သမီးတို့ကိုမြင်၍မေးရာ အကြောင်းကိုသိရလျှင် "ချစ်သမီးတို့‥အဘယ်ကြောင့် အငြင်းအခုံကို ပြုကြသနည်း၊ သင်တို့အား ငါမဆုံးဖြတ်လို၊ ဟိမဝန္တာဝယ် ကောသိယရသေ့ကြီးသည် ရှိလေ၏၊ ထိုရသေ့ကြီးကား မည်သည့်ဝတ္ထုပစ္စည်းကိုမျှ မပေးလှူဘဲစားတော်မမူ၊ အလှူကိုလည်း ရွေးချယ်စိစစ်၍ လှူတတ်၏၊ သင်တို့ရသေ့ကြီးထံသွား၍ နေနှင့်ကြကုန်၊ ငါသည် မာတလိနတ်သားကို နတ်သုဓာဘုတ်ကို လှူရန်လွှတ်လိုက်မည်၊ ထိုရသေ့ကြီးပေးလှူသော နတ်သမီးကို အမြတ်ဆုံးဟု မှတ်ပါလော့''ဟု ဆုံးဖြတ်ရန် ညွှန်ပြလေ၏။

**သိကြားညွှန်ပြ ကောသိယ**

သမီးတော် လေးယောက် တို့လည်း ကောသိယရသေ့ကြီးထံသွား၍ ဆည်းကပ်ကာ နေလင့်ကုန်၏၊ ထိုအခိုက် မာတလိနတ်သားသည် သိကြားမင်း စေခိုင်းသဖြင့် ကောသိယရသေ့ကြီးထံ အမြန်သွား၍ နတ်သုဓာဘုတ်ကို လှူဒါန်းလေ၏၊ လှူဒါန်းသောအခါ "အရှင်ဘုရား…. ဤနတ်သုဓာဘုတ်ကား ဘုဉ်းပေးတော်မူလျှင် ထမင်းဆာခြင်း, ရေငတ်ခြင်း, မမွေ့လျော်ခြင်း,ပူပန်ခြင်း, ပင်ပန်းခြင်း,

အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, ငြင်းခုံခြင်း, ချောပစ် ကုန်းတိုက်ခြင်း, အေးခြင်း, ပူခြင်း, ပျင်းရိခြင်း ဤတဆယ့် နှစ်ပါးသော မကောင်းကျိုးတို့ကို ပယ်ဖျောက်တတ်သဖြင့် မွန်မြတ်သော သူဓာဘုတ်ဖြစ်ပါ၏ဘုရား''ဟု လျှောက် ထားပြန်၏။

**သူယုတ်သူမြတ် ခွဲခြားလတ်**

ထိုအခါ ကောသိယ ရသေ့ကြီး သည် "အမောင်··ငါကား မည်သည့်ပစ္စည်း ကိုမဆို ရှေးဦးစွာ သူတပါးအားမပေး လျှုဘဲ မစားခြင်းဟူသော မြတ်သောကျင့်ဝတ်ကို ဆောက် တည်၍ထား၏''ဟု ပြော၏၊ "အရှင်ဘုရား····မပေးလှူဘဲ စားခြင်း၌ဘယ်အပြစ်ကိုမြင်၍ဤကျင့်ဝတ်မြတ်ကို ဆောက် တည်ပါသနည်း''ဟု လျှောက်ထား၏၊ ထိုအခါရသေ့ကြီး သည် အောက်ပါအတိုင်း မိန့်ကြားလေ၏။

"အမောင်····မိန်းမကို ညှဉ်းဆဲသောသူ, သူ့ မယားကိုပြစ်မှားသောသူ, အဆွေခင်ပွန်းကိုပြစ်မှား သောသူ, ကောင်းသော အကျင့်ရှိသော ရသေ့ ရဟန်းတို့ကို ဆဲရေးသောသူ,ဝန်တိုသောသူ ဤသူ တို့ကား သူယုတ်တို့တည်း။

"အမောင်····မိန်းမအားဖြစ်စေ, ယောကျ်ား အားဖြစ်စေ သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အလှူကိုပေးလှူသောသူ, သဒ္ဓါတရားနှင့်ပြည့်စုံသော သူ,ဉာဏ်ပညာနှင့် ပြည့်စုံသောသူ, ဝန်တိုခြင်းကင်း သောသူ ဤသူတို့ကား သူမြတ်တို့တည်း၊ ထိုကြောင့် ငါသည် ရေမျှပင်ဖြစ်သော်လည်း သူတပါးအား မပေးလှူဘဲမသုံးဆောင်''။

**နတ်သမီးလေးဘော် မေးစစ်သော်**

မာတလိ နတ်သားသည် ရသေ့ကြီး၏ စကားကို ကြားလျှင် မထင်ရှားသော ကိုယ်ဖြင့် တည်လေ၏။

ထိုအခိုက် နတ်သမီး လေးယောက်တို့တွင် သိရီနတ်သမီးကား အရှေ့အရပ်၊ အာသာနတ်သမီးကား တောင်အရပ်၊ သဒ္ဓါနတ်သမီးကား အနောက်အရပ်၊ ဟိရီနတ်သမီးကား မြောက်အရပ် ဤသို့အသီးအသီး ရပ်လာကြကုန်၏။

**သိရီအကျင့်ပျက် မနှစ်သက်**

အခါ ထိုကောသိယ ရသေ့ကြီးသည် အရှေ့အရပ်၌ နေသော နတ်သမီးကို "အို-နတ်သမီး.... သင်ကား အဘယ် အမည်ရှိသော နတ်သမီးနည်း" ဟု မေးလေ၏၊ ထိုအခါ သိရီနတ်သမီးသည် ရသေ့ကြီးအား—

"အရှင်ဘုရား....အကျွန်ုပ်ကား သိရီနတ်သမီး ဖြစ်ပါ၏၊ လူတို့သည် ပူဇော်အပ်ကုန်၏၊ အခါခပ်သိမ်း မြတ်သောသူတို့သည် ဆည်းကပ်အပ်ကုန်၏၊ နတ်သုဓာဘုတ်အတွက် ဤအရပ်သို့ လာပါ၏၊ အကျွန်ုပ်အား နတ်သုဓာဘုတ်ကိုပေးတော်မူပါ"—

ဟု လျှောက်ထား၍ တောင်းလေ၏၊ ရသေ့ကြီးသည် သိရီနတ်သမီး၏အကျင့်စာရိတ္တကို မနှစ်သက်၍ မပေးလေ၊ သိရီနတ်သမီးလည်း ထိုအရပ်မှ ကွယ်လေ၏။

**မမြဲအာသာ မပေးရှာ**

ထိုနောက် တောင်အရပ်၌ နေသော နတ်သမီးကို "အို— နတ်သမီး.... သင်ကား အဘယ်အမည်ရှိသော နတ်သမီး

နည်း''ဟုမေးပြန်၏၊ ထိုအခါ အာသာ နတ်သမီးသည် ရသေ့ကြီးအား—

''အရှင်ဘုရား.... အကျွန်ုပ်ကား အာသာနတ်သမီးဖြစ်ပါ၏၊ နတ်သုဓာဘုတ်အတွက် ဤအရပ်သို့လာပါ၏၊အကျွန်ုပ်အား နတ်သုဓာဘုတ်ကို ပေးတော်မူပါ''—

ဟု လျှောက်ထား၍ တောင်းလေ၏၊ ရသေ့ကြီးလည်း မပေးလေ၊ အာသာနတ်သမီးလည်း ထိုအရပ်မှ ကွယ်လေ၏။

သဒ္ဓါ-မတည်မရှိ

ထိုနောက် အနောက်အရပ်၌နေသော နတ်သမီးကို ''အို-နတ်သမီး....သင်ကား အဘယ်အမည်ရှိသောနတ်သမီးနည်း'' ဟု မေးပြန်၏၊ ထိုသဒ္ဓါနတ်သမီးသည် ရသေ့ကြီးအား—

''အရှင်ဘုရား.... အကျွန်ုပ်ကား သဒ္ဓါနတ်သမီးဖြစ်ပါ၏၊ နတ်သုဓာဘုတ်အတွက် ဤအရပ်သို့လာပါ၏၊ အကျွန်ုပ်အား နတ်သုဓာဘုတ်ကို ပေးတော်မူပါ''—

ဟု လျှောက်၍ တောင်းပြန်၏၊ ရသေ့ကြီးလည်း မပေးလေ၊ သဒ္ဓါနတ်သမီးလည်း ထိုအရပ်မှ ကွယ်လေ၏။

ဟိရီ-ဂုဏ်မြတ်ချီးကျူးလတ်

ထိုနောက် မြောက်အရပ်၌ နေသော နတ်သမီးကို''အို-နတ်သမီး....သင်ကား အဘယ်အမည်ရှိသောနတ်သမီးနည်း''

ဟု မေးပြန်၏၊ ထိုအခါ ဟိရီနတ်သမီးသည် ရသေ့ကြီးအား—

"အရှင်ဘုရား… အကျွန်ုပ်ကား ဟိရီနတ်သမီးဖြစ်ပါ၏၊ လူတို့ပူဇော်အပ်ကုန်၏၊ မြတ်သောသူတို့ဆည်းကပ်အပ်ကုန်၏၊ နတ်သုဓာဘုတ်အတွက် ဤအရပ်သို့ လာပါ၏၊ အကျွန်ုပ်အား နတ်သုဓာဘုတ်ကိုပေးတော်မူပါ"—

ဟု လျှောက်ထား၍ တောင်းပြန်၏၊ ထိုအခါ ရသေ့ကြီးသည် ချီးမွမ်း ထောမနာလျက် နတ်သုဓာဘုတ်ကိုပေးရန် ကျောင်းတွင်းသို့ ဝင်စေ၏၊ ဟိရီနတ်သမီးလည်း ကျောင်းတွင်းသို့ဝင်၍ ခင်းထားအပ်သော နေရာ၌နေ၏၊ ကောသိယ ရသေ့ကြီးလည်း နတ်သုဓာဘုတ်ကို ဟိရီနတ်သမီးလက်သို့ ပေးလေ၏၊ ဟိရီနတ်သမီးလည်း နတ်သုဓာဘုတ်ကိုရခဲ့လျှင် ရသေ့ကြီးကို ရှိခိုးခွင့်ပန်၍ အဘသိကြားမင်းထံ သွားပြီးလျှင် "ဘခင်…. ဤနတ်သုဓာဘုတ်ကားကောသိယ ရသေ့ကြီးပေးသော နတ်သုဓာဘုတ်ဖြစ်၏၊ ထို့အတွက် အကျွန်ုပ်အား အနိုင်ပေးတော်မူပါ" ဟု လျှောက်ထား၏၊ သိကြားမင်းလည်း နတ်တို့နှင့်တကွ ဟိရီနတ်သမီးကို ပင်လယ်ကသစ်ပွင့်ဖြင့် ပူဇော်လေ၏။

**အကြောင်းသိရန် လျှောက်စေပြန်**

သိကြားမင်းသည် တဖန်မာတလိ နတ်သားကိုခေါ်ပြန်၍ ဟိရီနတ်သမီး နတ်သုဓာဘုတ် ရခြင်း၏ အကြောင်းကို ကောသိယ ရသေ့ကြီးထံသွား၍ လျှောက်ထား မေးမြန်းချေဟု စေလွှတ်ပြန်၏၊ မာတလိနတ်သားလည်း သိကြား

မင်းအမိန့်အရ ဝေဇယန္တာ ရထားဖြင့် သွားပြန်၍ ကောသိယရသေ့ကြီးထံ ဆည်းကပ်လျက်—

"အရှင်ဘုရား…. နတ်သုဓာဘုတ်ကို လာ၍ တောင်းကြရာ သိရီ,အာသာ, သဒ္ဓါနတ်သမီး သုံးယောက်တို့ မရခြင်း အကြောင်းနှင့် ဟိရီနတ်သမီး ရခြင်း၏အကြောင်းကို အမိန့်ရှိတော်မူပါ"—

ဟု မာတလိနတ်သား လျှောက်ထားပြန်၏။

ရသေ့ပြောပြ သိကုန်ကြ

ထိုအခါ ကောသိယ ရသေ့ကြီးသည် ဟိရီနတ်သမီး၏ ဂုဏ်ကို ချီးမွမ်းလျက် မာတလိနတ်သားအား—

"အမောင်….သိရီနတ်သမီးကားမိုက်၏၊သဒ္ဓါ နတ်သမီးကား အဖြစ်မမြဲ၊ အာသာ နတ်သမီး ကား ချွတ်ယွင်းသောစကားကိုဆို၏၊ ဟိရီနတ်သမီး ကား မြတ်သောဂုဏ်ကျေးဇူး၌ အမြဲတည်၏ဟု ငါမှတ်ထင်ပေ၏"—

ဟု ပြောဆိုပြီးလျှင် ဟိရီနတ်သမီး၏ဂုဏ်ကျေးဇူးတို့ကို ပြောဆိုပြန်၏။

"အမောင်…. အမျိုးအနွယ်ကို စောင့်ကုန်သောအရွယ်ရှိသောမိန်းမပျို, အရွယ် လွန်သော မိန်းမအို, လင်ကွာမုဆိုးမ, လင်ရှိမိန်းမ- ၌ အလုံးစုံသော မိန်းမတို့သည် ယောကျာ်းတို့၌ ပြင်းစွာ တပ်စွန်းသော ဆန္ဒရာဂကို အရှက်ဖြင့် တားမြစ်ကြရကုန်၏"။

"အမောင်..မြွားချင်း ဓားလှံချင်း ရှက်အောင် တိုက်ခိုက်နေသော စစ်မြေပြင်၌ရှုံးနိမ့်သဖြင့် ဆုတ် နစ်၍ပြေးကုန်သော သူတို့သည် ရှက်သောစိတ်ဖြင့် အသက်ကို စွန့်၍ တဖန်ပြန်၍ ခုခံ တိုက်ခိုက်ကြ ကုန်၏"။

"အမောင်.... သမုဒ္ဒရာ၏ကမ်းသည် လှိုင်းတံ ပိုးအဟုန်ကို တားမြစ်သကဲ့သို့ ဤဟိရိနတ်သမီး ကား လူအပေါင်းကို မကောင်းမှုမှ တားမြစ်၏၊ အလုံးစုံသောလူ့ပြည် နတ်ပြည်၌ ဟိရိနတ်သမီးကို သူတော်ကောင်းတို့ ချီးမွမ်းအပ်၏၊ ထိုကြောင့် နတ်သုဓာဘုတ် ပေးသည်ကို သိကြားမင်းအား လျှောက်ထားလော့"–

ဟု ကောသိယရသေ့ကြီး မိန့်ဆိုတော်မူ၏။

**ရသေ့စုတေခြင်း နတ်ရွာလား**

ဤသို့လျှင် ကောသိယ ရသေ့ကြီးအား မာတလိ နတ်သားနှင့် စကားပြောဆို စဉ်လျှင် ပျက်စီးကွယ်လွန်ခြင်းသဘော သည် ဖြစ်လာ၏၊ထိုအခါ မာတလိနတ်သားသိ၍ "အရှင် ဘုရား....အရှင်ဘုရားအား အာယုသင်္ခါရသည် စွန့်လွှတ် ခဲ့ပြီ၊ စုတေရခြင်းသဘောသည် ရောက်လာခဲ့ပြီ၊ လူ့ပြည် ဖြင့် အကျိုးမရှိ၊ နတ်ပြည်သို့ကြွတော်မူပါ"ဟု ပင့်လျှောက် လေ၏၊ရသေ့ကြီးလည်းစုတေ၍ ဥပပါတ်နတ်သားဖြစ်ကာ ဝေဇယန္တာရထား၌ တည်လေ၏၊ မာတလိနတ်သားလည်း ကောသိယနတ်သားကို သိကြားမင်းထံ ဆောင်ယူလေ၏၊ သိကြားမင်းလည်း ကောသိယ နတ်သားကို မြင်ရလျှင်

အလွန် ဝမ်းမြောက်သည်ဖြစ်၍ သမီးတော် ဟိရိနတ်သမီး နှင့် ထိမ်းမြားလက်ထပ်လေ၏၊ ကောသိယနတ်သားအား နတ်ပြည်၌ အတိုင်းမသိသော စည်းစိမ် အခြံအရံသည် ဖြစ်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါဟိရိနတ်သမီးသည်-ယခုအခါဥပ္ပလဝဏ်။

※ ကောသိယ ရသေ့သည်- အလှူ၌ မွေ့လျော်သော ရဟန်း။

※ ပဉ္စသိခနတ်သားသည်-အနုရုဒ္ဓါ။

※ မာတလိနတ်သားသည်-အာနန္ဒာ။

※ သူရိယနတ်သားသည်-မဟာကဿပ။

※ စန္ဒနတ်သားသည်-မောဂ္ဂလာန်။

※ နာရဒရသေ့သည်-သာရိပုတ္တရာ။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခင်ပွန်းမယား၊ ပြစ်မှားငြား၊ ညှဉ်းလားမိန်းမကို။

(၂) ရဟန်းဆဲရေး၊ ဝန်တိုသေး၊ မိုက်လှေးသူယုတ်ကို။

(၃) သဒ္ဓါပြည့်သူ၊ ဉာဏ်ပြည့်သူ၊ ပေးလှူသူတို့ကို။

(၄) ဝန်တိုကင်းလတ်၊ လှူ့အမြတ်၊ သိမှတ်စေဘို့လို။

သုဓာဘောဇနဇာတ်ပြီး၏။

# ၅၃၆- မဟာကုဏာလဇာတ်

ပဉ္စနိပါတ်၀ဏ္ဏနာ၊

ငြိုးငွေ့ခြင်းအမှု အကြောင်းပြု

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုဏာလဒိုင်၌ သီတင်းသုံးတော်မူစဉ် သာကီဝင် မင်းသားဖြစ်ကုန်သော ရဟန်းငါးရာတို့သည် သာသနာတော်၌ ငြိုးငွေ့ ပျင်းရိကုန်၏။

ထိုစကားကို အကျယ်ချဲ့ဦးအံ့၊ ကပိလဝတ်မင်း, ကောလိယမင်းတို့သည်, ကပိလဝတ်ပြည်, ကောလိယပြည် အကြား၌ရှိသော ရောဟိနီမြစ်ကို တခုသောဆည်ဖြင့် ဆည်၍ စပါးတို့ကို စိုက်ပျိုးကြကုန်၏၊ နယုန်လအခါ ကောက်ပင်တို့ ညှိုးကုန်လတ်သော် လယ်သမားတို့သည် စည်းဝေးကြကုန်၏။

ရေကိုကြောင်းပြု စစ်ပြိုင်မှု

ထိုအခါ ရေသည် နှစ်ပြည်သားလယ်သမားတို့အား မလောက်၊အနည်းငယ်သာရှိ၏၊ ထိုရေကို သူတို့ပြည်သားယူမည်, ငါတို့ပြည်သားယူမည်ဟု အငြင်းအခုံဖြစ်၍ တဦးနှင့်တဦး ဆဲရေးကြကုန်လျက် မိမိတို့တိုင်းပြည်သို့ဝင်ကာ မင်းအမတ်စသည်တို့ကို လျှောက်ထားကြကုန်၏၊ ထိုအခါ နှစ်ပြည်ထောင် သာကီဝင်မင်းတို့သည် အချင်းချင်းအမျက်ထွက်ကုန်လျက် စစ်အင်္ဂါလေးပါးဖြင့် ပြည်မှ စစ်သိုးရန်ထွက်ကြရာ အချင်းချင်း ရင်ဆိုင်မိကြကုန်၏၊

ဘုရားရှင်သိ
ဆင်ခြင်ဘိ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် မိုးသောက်ထအခါ၌ သတ္တလောကကို ကြည့်ရှုဆင်ခြင်တော်မူလတ်သော် စစ်ထိုးရန်အချင်းချင်း ရင်ဆိုင်မိနေသော သာကီဝင်မင်းတို့ကို မြင်တော်မူ၏၊ တဖန်ငါကိုယ်တော်မြတ်သွား၍ တရားဟောသည်ရှိသော် ခိုက်ရန်သည် ငြိမ်းလတ္တံ့လော၊ မငြိမ်းလတ္တံ့လောဟု ဆင်ခြင်ပြန်သော် ခိုက်ရန်ငြိမ်း၍ သာကီဝင်မင်းသားငါးရာ ရဟန်းပြုကြသဖြင့် များစွာသောအစည်းအဝေးဖြစ်လတ္တံ့ဟု မြင်တော်မူပြန်၏။

အမှောင်ချကာ
ရောင်ခြည်ဖြာ

ညချမ်းသောအခါ မြတ်စွာဘုရားသည် တစုံတယောက်သော သူကိုမျှ ပြောကြားတော်မမူဘဲ တကိုယ်တော်ထည်းကြွတော်မူ၍ စစ်သည်နှစ်ဦးတို့ အကြားဖြစ်သော အထက်ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် ထိတ်လန့်စေခြင်းငှာ ညိုသောရောင်ခြည်ကိုလွှတ်တော်မူ၏၊ ထိုခဏ၌ အမိုက်တိုက်သည်ဖြစ်လေ၏၊ နှစ်ဦးသော စစ်သည်တို့သည် အလွန်ထိတ်လန့် တုန်လှုပ်ကုန်၏၊ မြတ်စွာဘုရားသည် ထိုအခါ ကိုယ်တော်ကိုပြ၍ ခြောက်ပါးသော ရောင်ခြည်တို့ကို လွှတ်တော်မူပြန်၏။

စစ်ပြေငြိမ်းရန်
တရားဟောပြန်

ထိုအခါနှစ်ဦးသော စစ်သည်တို့သည် ငါတို့အမျိုး မြတ်ဖြစ်သော မြတ်စွာဘုရား ကြွလာတော်မူသည်ဟု ပါရှိသော လက်နက်တို့ကို စွန့်ပစ်ကြကုန်၏၊ မြတ်စွာဘုရား

သည် ကောင်းကင်မှ ဆင်းသက်တော်မူ၍ ခင်းထားအပ် သောနေရာ၌ နေတော်မူ၏၊ နှစ်ဦးသော မင်းတို့လည်း ချဉ်းကပ်ကာ ရှိခိုးလျက်နေကုန်၏၊ မြတ်စွာဘုရားသည် ရောက်လာသော ပရိသတ်တို့အား အချင်းချင်းအမျက်ဒေါသ ပြေငြိမ်း၍ သင့်တင့်ညီညွတ်ကြရန် ဖန္ဒနဇာတ်,ဒဒ္ဒဘာယဇာတ်, လဋုကိကာဇာတ်, ရုက္ခဓမ္မဇာတ်, ဝဋ္ဋကဇာတ် ဒေသနာတို့ကို ဟောတော်မူ၏။

**ညီညွတ်မှုရ ရဟန်းပြုကြ**

ဒေသနာတော်၏ အဆုံး၌ သာကီဝင်မင်းတို့သည် အချင်းချင်း အမျက်ဒေါသပြေငြိမ်းကြလျက် သင့်တင့်ညီညွတ်ကြ၍ နှစ်ပြည်ထောင်မှ တဘက်နှစ်ရာ့ငါးဆယ်စီအားဖြင့် သာကီဝင်မင်းသား ငါးရာတို့ကို မြတ်စွာဘုရားအား အလုပ်အကျွေးပြုရန် လှူဒါန်းကြကုန်၏၊ မြတ်စွာဘုရားလည်း ငါးရာသော သာကီဝင်မင်းသားတို့ကို ရဟန်းပြုပြီးလျှင် မဟာဝုန်တောသို့ကြွတော်မူ၏၊ သာကီဝင်မင်းသားငါးရာသောရဟန်းတို့သည် သာသနာတော်၌ မွေ့လျော်ကြကုန်၏။

**ငြီးငွေ့ပျောက်အောင် တောသို့ဆောင်**

မယားဟောင်းဖြစ်ကုန်သော သာကီဝင်မင်းသမီးတို့သည် အထူးထူးသော သတင်းစကားကို ရဟန်းတို့ထံပေးပို့ကုန်၏၊ ရဟန်းတို့သည် မယားဟောင်းတို့ကို ငဲ့ကွက်ကြလျက် သာသနာတော်၌ ငြီးငွေ့ပျင်းရိကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် သိတော်မူ၍ လျောက်ပတ်သောဒေသနာကို ဆင်ခြင်လတ်သော် ကုဏာလဇာတ် ဒေသနာကို

မြင်တော်မူ၏၊ ထိုကုဏာလဇာတ် ဒေသနာဖြင့် မိန်းမတို့အပြစ်ကို ပြ၍ဟောလျှင် သောတာပတ္တိဖိုလ်သို့ ရောက်ကြမည်ကို မြင်တော်မူ၏။

မြတ်စွာဘုရားသည် ညနေချမ်းအခါ မမွေ့လျော်သော ရဟန်းငါးရာတို့ကို ခေါ်တော်မူ၍ ဟိမဝန္တာ၏သာယာဘွယ်ရှိသောအကြောင်းကို မိန့်ကြားပြီးလျှင် မိမိတန်ခိုးတော်ဖြင့် ရဟန်းငါးရာတို့ကို ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်ကြွသွားတော်မူရာ ဟိမဝန္တာသို့ရောက်လျှင် အထပ်ထပ်သော တောင်စဉ်တောင်ဌမ်းတို့ကိုငင်း, မြစ်ကြီးငါးသွယ်တို့ကိုငင်း, အိုင်ကြီးခုနစ်အိုင်တို့ကိုငင်း အစပြု၍မွေ့လျော်ဘွယ်တို့ကို ပြတော်မူ၏၊ အသီးအပွင့်ရှိသောသစ်ပင်မျိုးစုံ သားမျိုးစုံတို့ကိုလည်း ပြတော်မူ၏၊ရဟန်းတို့သည် မယားဟောင်းတို့၌ တပ်စွန်းခြင်းရာဂကို ပယ်ဖျောက်နိုင်ကြကုန်၏။

**ထူးဆန်းမြင်က လျှောက်မေးကြ**

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့်တကွဟိမဝန္တာ၏အနောက်ဘက်နံပါးတွင် ယူဇနာခြောက်ဆယ်ရှိသော ကျောက်ဖျာအပြင်သို့ ကောင်းကင်မှသက်ဆင်းကာ ခုနစ်ယူဇနာရှိသော အင်ကြင်းပင်ကြီးရင်း၌ သီတင်းသုံးတော်မူလျက် ရဟန်းတို့အား-"ရဟန်းတို့....ဟိမဝန္တာ၌ သင်တို့မမြင်ဘူးသော ထူးဆန်းသော အရာဟူသမျှကိုမြင်ရလျှင် ငါဘုရားကို မေးလျှောက်ကုန်လော့" ဟု မိန့်တော်မူ၏။

ထိုအခိုက် ရဟန်းတို့သည် ဥဩမနှစ်ကောင်တို့သည် လှံတံစွန်းတဘက်စီကိုက်ချီလျက် ဥဩမင်းကို လှံတံပေါ်

၌နားနေစေ၍ ရွှေ,နောက်, ဝဲ, ယာ, အထက်, အောက် အရပ်ခြောက်မျက်နှာတို့မှ ဆန်းကြယ်သော ဥဩရှစ်ကောင်စီဖြင့် လေးဆယ့်ရှစ်ကောင်ခြံရံကာလာသောဥဩမင်းကို မြင်ကုန်၏၊ ထိုအခါ ရဟန်းတို့သည် အလွန်အံ့ဩကြလျက် မြတ်စွာဘုရားကိုလျှောက်ထားကြကုန်၏၊မြတ်စွာဘုရားသည် ရဟန်းတို့အား "ချစ်သားရဟန်းတို့....ဥဩငှက်တို့ဖြစ်ကုန်၏၊ ငါဘုရား၏ အနွယ်အဆက်တို့တည်း၊ ရှေးအခါ ငါဘုရားကို လုပ်ကျွေးဘူးကုန်ပြီ၊ သုံးထောင့်ငါးရာသောငှက်မတို့သည် ရှိကုန်၏၊ ယခုအခါ ဆုတ်ယုတ်လာသဖြင့် ဤမျှသာကျန်ရှိတော့သည်" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**ကုဏာလဥဩ ခြွေရံပေါ်**

လွန်လေပြီးသောအခါ ဟိမဝန္တာဝယ် အသီးအပွင့်အကိုင်းအခက်တို့နှင့် ပြည့်စုံ၍ သားအပေါင်း ငှက်အပေါင်းတို့ ပျော်မွေ့ရာ ရွှေ,ငွေ,ကျောက်သံ,ပတ္တမြား စသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သဖြင့် အလွန်မွေ့လျော်ဘွယ်ရှိသော တောအုပ်၌ လှပတင့်တယ်သော အမွေးအတောင်နှင့်ပြည့်စုံသော ကုဏာလမည်သော ဥဩမင်းသည် နေသတတ်၊ ထိုဥဩမင်းအား အလုပ်အကျွေးမယားတို့သည် သုံးထောင်ငါးရာ ရှိကုန်၏။

**ဥဩဆန်းကြယ် သိမှတ်ဘွယ်**

ဥဩမင်းသွားလာသောအခါတို့၌ ဥဩမ နှစ်ကောင်တို့သည် တုတ်လုံးတံစွန်းနှစ်ဘက်တို့၌ တကောင်စီ နှုတ်သီးဖြင့်

ချိမလျက် ဥဩမင်းကို လှံတံပေါ်၌နှားကာ အလယ်ကနေစေလျက် ပျံကုန်၏၊ ငါးရာသော ဥဩမတို့သည် အကယ်၍ ဥဩမင်းကျလာခဲ့သော် အတောင်တို့ဖြင့်ခံထားနိုင်ရန် အောက်အရပ်မှ ပျံကုန်၏၊ ငါးရာသောဥဩမတို့သည် ဥဩမင်းကို နေမပူစေရန် အထက်အရပ်မှအဆင့်ဆင့်ပျံကုန်၏၊ ငါးရာစီဖြစ်သော ဥဩမတို့သည် အချမ်းအပူ မြူ ဆီးနှင်းတို့ ဥဩမင်းကို မထိပါးစေရန် နံပါးနှစ်ဘက်မှ ပျံကုန်၏၊ ငါးရာသော ဥဩမတို့သည် တစုံတရာ လက်နက် သစ်ပင် ခြုံနွယ်တို့မသိခိုက်စေရန် ရှေ့မှပျံကုန်၏၊ ငါးရာသော ဥဩမတို့သည် သွားလာရင်း ဥဩမင်းမပျင်းရိစေရန် ချစ်ဘွယ်သောစကားကို ပြောဆိုကာ နောက်မှ ပျံကုန်၏၊ ငါးရာသော ဥဩမတို့သည် သွားလာရင်း ဥဩမင်း ဆာမွတ်ခြင်း မဖြစ်စေရန် သစ်သီးတို့ကို ရှာဖွေ၍ ဆက်သကာ ပတ်ဝန်းကျင်မှ ပျံကုန်၏၊ ဤသို့လျှင်တနေရာမှ တနေရာသို့ ပြောင်းရွှေ့သွားလာသောအခါ သုံးထောင့်ငါးရာသော ဥဩမတို့သည် ခြံရံကာ လုပ်ကျွေး၍ လိုက်ကြကုန်၏။

**လုပ်ကျွေးပါလဲ ကြိမ်းမောင်းမဲ**

ကုဏာလ ဥဩမင်းသည် သာယာနှစ်သက်ဘွယ်ကောင်းသော အာရုံငါးပါး ကာမဂုဏ်တရားဖြင့် အမြဲခစား လုပ်ကျွေးပါသော်ငြားလည်း မိန်းမတို့အပေါ်၌ မျက်နှာသာပေးလေ့မရှိ၊ အရေးပေးတော်မမူ၊ မြှောက်ပင့်ကာ သာယာနာပျော်ဘွယ်သော စကားကို ပြောဆိုလေ့မရှိ၊ မိမိထံ အမြဲခြံရံ ခစားလုပ်ကျွေးနေသော ဥဩမတို့ကိုပင် ''ဟယ်·· အယုတ်မတို့··· ဟယ်သူခိုးမတို့···· ဟယ်အလေမတို့····

သွားကြကုန်၊ ပျက်ကြကုန်”ဟု ခြိမ်းချောက် ကြိမ်းမောင်း လေ့ရှိ၏။

“ရဟန်းတို့····ငါဘုရားသည် တိရစ္ဆာန်မျိုး၌ဖြစ်သော်လည်း မိန်းမတို့၏ သူ့ကျေးဇူးကို မသိတတ်သောအဖြစ်၊ မာယာများသောအဖြစ်၊ အကျင့် မကောင်းသောအဖြစ်၊ သီလမရှိသောအဖြစ်ကို သိတော်မူ၍၊ မိန်းမတို့အလိုသို့ မလိုက်၊ မိမိအလိုသို့သာ လိုက်စေ၏။

ဖုဿ ဥဒြကား မယားမြောက်စား

တဘန်ရဟန်းတို့သည် ထိုခဏမှာပင် ဥဒြမနှစ်ကောင်တို့ ချီမကာ ရှေ့ နောက်, ဝဲ, ယာ, ထက်အောက် မြောက်မျက်နှာတို့၌ ဥဒြမလေးကောင်စီ ခြံရံ၍ပျံသွားသောဥဒြမင်းကိုမြင်ကြကုန်ပြန်၏၊ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ထားကြပြန်ကုန်၏၊ မြတ်စွာဘုရားလည်း “ရဟန်းတို့···· ဤဥဒြမင်းကား ရှေးအခါ ငါ၏ အဆွေတော် ပုဏ္ဏမုခမည်သော ဖုဿဥဒြမင်း၏ အနွယ်အဆက်တည်း။

ရှေးအခါ ပုဏ္ဏမုခ မည်သောဖုဿဥဒြကား ကုဏ္ဍာလ အိုင်အနီးတွင် မွှေလျော်ဘွယ်ရှိသော တောအုပ်တခု၌ နေသတတ်၊ ထိုပုဏ္ဏမုခ ဥဒြ၏ အလုပ်အကျွေး မယားတို့ သည် သုံးရာ့ငါးဆယ်ရှိကုန်၏၊ ထိုဥဒြမင်းလည်း တနေရာမှ တနေရာသို့ ပြောင်းရွှေ့သွားလာသောအခါ ဥဒြမနှစ်ကောင်သည် လှံတံဖြင့် ချီမ၍ ရှေ့,နောက်,ဝဲ,ယာ,ထက်, အောက်,ထက်ဝန်းကျင် ဤခုနစ်ပါးသော အရပ်တို့မှ ငါးဆယ်စီဖြစ်သော ဥဒြမတို့သည် ခြံရံလိုက်ပါရကုန်၏။

ထိုဖုသဉ္စြကား မိမိထံ၌ လုပ်ကျွေးသော ဥည္ဒြမတို့ကို မျက်နှာသာပေးလေ့ရှိ၏၊ "အို-နှမတို့….၊အို–အမျိုးကောင်းသမီးတို့… ကောင်းစွ၊ကောင်းစွ"ဟု မြှောက်ပင့်ချီးကျူးကာ ပြောဆိုလေ့ရှိ၏၊ ကုဏာလ ဥည္ဒြမင်းထံသို့ မကြာ မကြာ သွားလေ့ရှိ၏။

**လင်သယ်ကြမ်းလှ တောင်းပန်ကြ**

တနေ့သ၌ ဖုသဉ္စြသည် အဆွေတော် ကုဏာလ ဥည္ဒြခင်းထံ သွားလေ၏၊ ထိုအခါ ကုဏာလ ဥည္ဒြမင်း၏ အလုပ်အကျွေး ဥည္ဒြမတို့သည် ဖုသဉ္စြမင်း လာသည်ကို မြင်လျှင် ချဉ်းကပ်ကြကုန်၍ "အရှင် ပုဏ္ဏမုခ…. အကျွန်ုပ်တို့ အရှင် ကုဏာလ ဥည္ဒြမင်းသည် အလွန် ကြမ်းကြုတ်၏၊ အလွန်ကြမ်းမောင်းဘိ၏၊ လုပ်ကျွေးရသော်လည်း မျက်နှာကောင်းမရပါ၊ အရှင်တောင်းပန်ပေးလျှင် အကျွန်ုပ်တို့ သက်သာရာကို ရပါလိမ့်မည်"ဟု ပြောကြား တောင်းပန်ကြကုန်၏။

**အဆွေတောင်းပန်မှု မောင်းမဲပြု**

ဖုသဉ္စြလည်း ဥည္ဒြမတို့ အလိုသို့ လိုက်၍ ဝန်ခံပြီးလျှင် ကုဏာလ ဥည္ဒြမင်းထံသို့ကပ်၍"အဆွေကုဏာလ…. သင်သည် အမျိုးဇာတ်တူဖြစ်လျက် ကောင်းစွာ လုပ်ကျွေးနေသော ဥည္ဒြမတို့၏အပေါ်၌ အဘယ်ကြောင့် ကြမ်းကြုတ်သောစကားကို ဆိုဘိသနည်း၊အဘယ်ကြောင့်ကြမ်းမောင်းဘိသနည်း၊ ယောကျ်ားတို့မည်သည် မနှစ်သက်ဘွယ်သော စကားပင်ဖြစ်သော်လည်း နှစ်သက်ဘွယ်သော စကားကဲ့သို့ ပြောဆိုရာသည် မဟုတ်ပါလော"ဟု တောင်းပန်ပြောဆိုလေ၏။

ထိုအခါ ကုဏာလဥဩသည် ဖုဿဥဩအား"ဟယ်.. အခွေခင်ပွန်းယုတ် သင်ယခုသွားလော့၊ ပျက်လော့၊ မယားနိုင်သော သင်နှင့်တူသော လူလိမ်မာ အဘယ်မှာရှိတော့အံ့နည်း" ဟု ကြိမ်းမောင်း နှင်ထုတ်လေ၏၊ ထိုအခါ ဖုဿဥဩသည်စကားဆိုဘွယ်ရာမရှိသဖြင့် ထိုအရပ်မှပင် ပြန်လေ၏။

ဖုဿသေွးသွန်
စွန့်ကြပြန်

နောက် မကြာမြင့်မီပင် ပုဏ္ဏမုခမည်သော ဖုဿဥ ဩအား ပြင်းထန်စွာ ဝမ်းသွေးသွန်သောအနာသည် ဖြစ်လေ၏၊ သေလုပါးနီး ဒုက္ခဝေဒနာကိုခံစားရ၏၊ထိုအခါအလုပ်အကျွေး ဥဩမတို့သည် ဤဖုဿဥဩကား သေဝပါးနီး အနာနှိပ်စက်ခဲ့ပြီ၊ ပျောက်မည်သေမည်ကိုလည်း မသိနိုင်၊ ဝေဒနာ နှိပ်စက်နေသူနှင့် အတူတကွ နေခြင်းဖြင့်လည်း အကျိုးမရှိ၊ဖုဿဥဩကိုစွန့်ထားကာ ကုဏာလ ဥဩမင်းထံသွားကြမည်ဟု တိုင်ပင် ညီညွတ်ပြီးလျှင် အနာနှိပ်စက်သောလင်ကို မကြင်နာတော့ဘဲ စွန့်လွှတ်ကာ ကုဏာလ ဥဩမင်းထံသို့သွားကြကုန်၏။

လင်ကို စွန့်လာ
ကြိမ်းမောင်းကာ

ထိုဥဩမတို့ကို ကုဏာလ ဥဩမင်းမြင်လျှင်"ဟယ်-အယုတ်မတို့.. သူခိုးမတို့.. ဘယ်အတွက် လာကြသနည်း၊ သင်တို့လင်ကို အဘယ်အရပ်မှာ ထားခဲ့သနည်း"ဟု မေးလေ၏၊ ထိုအခါ ဥဩမတို့သည်"အရှင်....အကျွန်ုပ်ကို လင် ဖုဿဥဩသည် ဝမ်းသွေးသွန်သောအနာဖြစ်၍ သေဝပါးနီး ဒုက္ခဝေဒနာကိုခံစားနေရပါ၏၊ အကျွန်ုပ်တို့ကားမြှော်လင့်

ဘွယ်မရှိတော့သဖြင့် စွန့်ပစ်ကာ အရှင့်ထံ လုပ်ကျွေးမည်ဟု လာခဲ့ပါသည်”ဟုပြောကြားကုန်၏

ထိုအခါ ကုဏာလ ဥဩမင်းသည် ဥဩမတို့အား “ဟယ်-အမိုက်မတို့....နင်တို့အလွန်ယုတ်မာကုန်၏၊ သူခိုးနှင့်တူကုန်၏၊ ကျေးဇူးကိုမသိကုန်၊ သတိမရှိကုန်၊ မာယာများကုန်၏၊ လေကဲ့သို့ လိုရာသို့သွားတတ်ကုန်၏၊ မိမိကျေးဇူးရှင် လင်ယောကျ်ားမကျန်းမာသည်ကို ကျန်းမာအောင်ပြုစုလုပ်ကျွေးရမည်မဟုတ်ပါလား၊ သို့ပါလျက် ရက်ရက်စက်စက် မငဲ့မကွက်စွန့်ပစ်၍လာကြကုန်၏၊ အယုတ်မတို့ သွားကြကုန်၊ပျက်ကြကုန်”ဟုခြိမ်းချောက်မောင်းမဲနှင်ထုတ်လေ၏။

**မိတ်ဆွေကူမ ချမ်းသာရ**

ဥဩမတို့ကို မောင်းမဲနှင်ထုတ်ပြီးလျှင် ဖုဿဥဩရှိရာအရပ်သို့ အမြန်သွား၍ အနီးသို့ချဉ်းကပ်လျက် ပြုယုကြင်နာစွာပြုစုလျက် “အဆွေ.... အသက်ရှင်ပါသေး၏ လော” ဟုမေး၏၊ ဖုဿဥဩလည်း လုပ်ကျွေးပြုစုသူမရှိတော့၍ အလွန်ဝမ်းနည်းနေခိုက် အဆွေကုဏာလဥဩ ရောက်လာလျှင် အလွန်ဝမ်းမြောက် ရွှင်လန်းလျက် တအားရှိကာ “အဆွေ....အသက်ရှင်ပါသေး၏၊ စောင့်ရှောက်ပါ” ဟု ပြောလေ၏။

ထိုအခါ ကုဏာလဥဩမင်းသည် အဆွေတော်ဖုဿဥဩကို အတောင်နှစ်ဘက် နှုတ်သီးတို့ဖြင့် ပိုက်ဘက်ချီပွေ့ကာ အသာအယာထစေ၍သင့်လျော်ရာဆေးနှင့်အစာတို့ကို ကျွေးမွေးပြုစု ကုသလေ၏၊ ဖုဿဥဩ၏ရောဂါသည်



P. 291 ရသေ့,ဝိဇ္ဇာဓိုရ်,ဂဠုန်,နဂါး,နတ်နှင့်လင်းတစသည်တို့ မဟာကုဏာလ ဥဩငှက်မင်း၏တရားကို နာကြားနေပုံ

မကြာမီ ပျောက်ငြိမ်း ချမ်းသာလေ၏၊ မယားဖြစ်သော ဥဩမတို့လည်း ဖုဿဥဩရောဂါ ပျောက်ငြိမ်းချမ်းသာ ကြောင်းကိုသိကြလျှင် ပြန်၍လာကြကုန်၏။

**မိန်းမတို့ယုတ်ပုံ ခြင်းရာစုံ**

ကုဏာလဥဩလည်း နှစ်ရက်သုံးရက် နေ၍ အားရှိလာလျှင် ဖုဿဥဩအား "အဆွေ....သင်လည်းကျန်းမာ၍အား ရှိခဲ့ပြီ၊ သင့်မယားဥဩမတို့လည်း ရောက်လာကြပြီ၊ မြန် မည်" ဟု ပြောဆိုလေ၏၊ ထိုအခါ ဖုဿဥဩသည် "အဆွေ....ပြင်းထန်စွာ ရောဂါဝေဒနာ ဖြစ်သောအခါ ငါ့ကိုပစ်၍ ပြေးကြသည်၊ ငါ့အား ကာမကြူးသောမိန်းမ တို့ဖြင့် အလိုမရှိ"ဟုပြောဆိုလေ၏။

ထိုစကားကိုကြားလျှင် ကုဏာလဥဩသည်"အဆွေ.. ကောင်းပြီ သင့်အား မိန်းမတို့ယုတ်မာသောအဖြစ်ကို ငါ ဟောပြောမည်၊ လိုက်ခဲ့ဟုဖုဿဥဩကိုခေါ်၍ဟိမဝန္တာ၏ နံပါးဝယ် ဆေးဒန်းမြင်းသီလာဖြင့်ပြီးသော ကျောက်ဖျာ အပြင် ခုနစ်ယူဇနာရှိသော အင်ကြင်းပင်ကြီး၏အရိပ်ဝယ် နေ၏၊ ပုဏ္ဏမုခလည်း တခုသောနံပါးအပြင်၌ မိမိအခြွေ အရံပရိသတ်နှင့်တကွနေ၏။

**နတ်ပရိသတ် စည်းဝေးလာ**

ထိုအခိုက်တွင် ဟိမဝန္တာ၌နေကုန်သော နတ်အပေါင်းတို့သည် "အချင်းတို့.... ယခုအခါ ကုဏာလ ဥဩ မင်းသည် ဟိမဝန္တာဝယ် ဆေးဒန်း မြင်းသီလာ ကျောက်ဖျာအပြင် ၌နေလျက် မြတ်စွာဘုရားကဲ့သို့ တင့်တယ်ခြင်းဖြင့် တရား တော်ကို ဟောပြော ပါလိမ့်မည်၊ ထိုတရားတော်ကို နာ

ကြားရန်လာကြကုန်လော”ဟု ကြွေးကြော်ကုန်၏၊ ကြား တိုင်းကြားတိုင်းသော အရပ်မှ အဆင့်ဆင့်ကြွေးကြော်ကြ ကုန်၏၊ ကြားကြားသမျှ နတ်ပြည်ခြောက်ထပ်ရှိ နတ်တို့ နှင့်တကွ နဂါးဂဠုန်ဝိဇ္ဇာဓိုရ်တို့သည် စည်းဝေးရောက် လာကြကုန်၏၊ အာနန္ဒဝမည်သော လင်းတ မင်းလည်း ကြွေးကြော်သံကို ကြားလျှင် လင်းတတသောင်းခြံရံလျက် တရားနာရန်လာ၏၊ နာရဒမည်သော ရသေ့လည်းကြွေး ကြော်သံကို ကြားရလျှင် အဘိညာဉ်ရ ရသေ့တသောင်း ခြံရံလျက် တရားနာရန် ရောက်လာ၏၊ များစွာသော အစည်းအဝေးသည် ဖြစ်လေ၏။

ပရိသတ်စုံညီရောက်လာသောအခါ ကုဏာလဥဩမင်း သည် ဇာတိဿရဉာဏ်ဖြင့် ရှေးဘဝက မြင်ခဲ့ဘူး၊ ကြားသိခဲ့ ဘူးသော မိန်းမတို့အပြစ်ကို ပုဏ္ဏမုခမည်သော အဆွေ ဖုဿဥဩကို သက်သေပြုကာ ဟောပြောလေ၏။

## ကဏှာဒေဝီ

လင်ယူရန်ဆု
သမီးခွင့်ပြု

“အဆွေပုဏ္ဏမုခ.... လွန်လေပြီးသော အခါ ဗြဟ္မဒတ်မင်းကြီးသည် ကောသ လမင်းကြီးကိုသတ်၍ ကိုယ်ဝန်ရှိသော မိဖုရားကြီးကို သိမ်းပိုက်ကာ မိဖုရားပြုလေ၏၊ နောက် အခါ သမီးတော်ကို ဖွားမြင်၏၊ ကဏှာဒေဝီ ဟု အမည် မှည့်၏၊ ဗြဟ္မဒတ်မင်းကြီးသည် သားသမီးမရှိခဲ့သဖြင့်သမီး တော်ကိုရလျှင် အလွန်နှစ်သက်တော်မူ၍ မိဖုရားကြီးအား လိုရာဆုကို ယူလော့ ဆုပေး၍ထား၏။

ကဏှာဒေဝီသည် အရွယ်သို့ရောက်သောအခါ မိခင် မိဖုရားကြီးသည် "ချစ်သမီး.... သင့်ခမည်းတော်သည် ဆုကိုပေးထား၏၊ လိုရာဆုကို ယူလော" ဟု တိုက်တွန်း ပြောဆို၏၊ ကဏှာဒေဝီသည် ကိလေသာရာဂ အားကြီး လှသဖြင့်အရှက်အကြောက်မရှိဘဲမိဖုရားကြီးအား"မိခင်.... လင်ကိုအလိုရှိသမျှယူလို၏၊ ထိုဆုကိုပေးပါ" ဟု လျှောက် ထား၏၊ မိဖုရားကြီးလည်း မင်းကြီးကို လျှောက်ထား၏၊ မင်းကြီးလည်း သမီးတော်ကို အလွန်ချစ်သဖြင့် သမီးတော် လိုသမျှလင်ကို ယူလေ ဆုပေးတော်မူ၏။

**မင်းရင်ပြင်ဝယ် လင်ရွေးချယ်**

ကဏှာဒေဝီလည်း မင်းကြီးထံမှဆုရ လျှင် လင်ကိုလိုသမျှယူမည်၊ယောကျ်ား တို့မင်းရင်ပြင်၌ စည်းဝေးကြကုန် ဟု တမြို့လုံးစည်လည်စေ၏၊များစွာသော ယောကျ်ားတို့သည် တန်ဆာဆင်၍ မင်းရင်ပြင်၌စည်းဝေးကုန်၏၊ ကဏှာဒေဝီ သည် ပန်းပခြုပ်ကိုကိုင်၍ ယောကျ်ားတို့ကို ကြည့်လတ် သော် မိမိနှစ်သက်သောယောကျ်ားကိုမမြင်၊ ထိုအခိုက် တက္ကသိုလ်ပြည်မှ ပညာသင်ကြားပြီးလျှင် ဒေသန္တရ ဗဟုဿုတ အလို့ငှာ လှည့်လည်လာကြသော ပဏ္ဍုမင်း မျိုးမှ အဇ္ဇုနမင်းသား, နကုလမင်းသား, ဘီမသေနမင်း သား, ယုဓိဋ္ဌိလမင်းသား, သဟဒေဝမင်းသား ဤမင်း သားငါးယောက်တို့သည် မင်းရင်ပြင်သို့ ရောက်လာကြ ကုန်၏။

**မင်းသားငါးယော် လင်ရွေးကောက်**

ထိုမင်းသား ငါးယောက်တို့ကို မြင်လျှင် ငါးယောက်လုံး၌ အလွန် တပ်စွန်း သော စိတ်ရှိသဖြင့် ငါးယောက်လုံး

ကိုပင် ပန်းကုံးစွပ်လေ၏၊ "မိခင်.... ဤငါးယောက်လုံးကို ပင် လင်ပြုလိုသည်" ဟု လျှောက်ထား၏၊ မိဖုရားကြီး လည်း မင်းကြီးအား လျှောက်ထား၏၊ မင်းကြီးလည်း နှလုံးမသာသော်လည်း ဆုပေးပြီးဖြစ်သဖြင့် မတားမြစ် တော့ဘဲ အမျိုးအမည်တို့ကို မေးမြန်းတော်မူပြီးလျှင် ပူဇော်သက္ကာရပြု၍ မင်းသားငါးယောက်တို့အား ကဏှာ ဒေဝီမင်းသမီးကို ပေးတော်မူ၏။

**လင်ငါးယောက်ပြင် ခွေ့နှင့်ပင်**

ကဏှာဒေဝီလည်း ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၌ထား၍မင်းသားငါးယောက် တို့အား ကာမဂုဏ်ဖြင့် အစွမ်းကုန် လုပ်ကျွေးလေ၏၊ထိုမင်းသမီးအား ကုန်းကွသော ခွေ့မည် သော အလုပ်အကျွေးတယောက်လည်းရှိခဲ့၏၊ ထိုမင်းသမီး သည် မင်းသားငါးယောက်နှင့် အလဲအလှယ်ပေါင်းဘော် နေရသော်လည်း အားရတင်းတိမ်ခြင်းမရှိ၊ မင်းသားတို့ အလစ်အခွင့်ရသောအခါ ကိလေသာပူပန်လှသဖြင့် ရွံရှာ ဘွယ်ကောင်းသော ခွေ့နှင့်ပင် ပေါင်းဘော်ကာ ယုတ်မာ သောအကျင့်ကို ကျင့်ဘိ၏၊ ခွေ့နှင့်တွေ့သောအခါ နင့်သာ ချစ်သည်၊မင်းသားကြီး,မင်းသားလတ်,မင်းသားငယ်တို့နှင့် တွေ့သောအခါလည်း အရှင့်သားသာချစ်သည် စသည်တို့ ဖြင့် ပလီပလာပြောဆိုလေ့ရှိ၏၊ ထိုသူခြောက်ယောက် တို့ကားအသီးအသီး မိမိတယောက်ကိုသာ ချစ်သည် ဟု မှတ်ထင်ကြကုန်၏။

**ရောဂါဖြစ်မှ ချိန်းချက်ပြ**

တနေ့သ၌ ကဏှာဒေဝီသည် အနာ ရောဂါနှိပ်စက်လေ၏၊ထိုအခါ အဇ္ဇုန မင်းသားသည် ဦးခေါင်းကိုဆုပ်နယ်

၍ပေး၏၊ အခြားလေးယောက်တို့လည်း ခြေလက်တို့၌ အသီးအသီး ဆုပ်နယ်၍ပေးကုန်၏၊ ငွေ့ကား ခြေရင်း၌ နေ၏၊ ထိုအခါ ကဏှာဒေဝီမိန်းမယုတ်သည် ဦးခေါင်း၌ ဆုပ်နယ်သောမင်းသားအား သင့်သာချစ်သည်ဟု ခေါင်း ဖြင့်အမှတ်ပေး၏၊ ခြေလက်၌ဆုပ်နယ်သော မင်းသားတို့ အားလည်း ခြေလက်တို့ဖြင့် အမှတ်ပေး၏၊ ငွေ့ကိုကား လျှာဖြင့်အမှတ်ပေး၏၊ အလုံးစုံသောသူတို့သည် ရှေးအခါ ပြောဘူးသောစကားကို ထောက်၍ အသီးအသီး သိကြ ကုန်၏။

ထိုအခါ အစ်ကိုကြီး အဇ္ဇုနမင်းသားသည် ညီတော်တို့ ကို လက်တို့၍ခေါ်ပြီးလျှင် အပြင်သို့ထွက်၍ ဤမိန်းမကား ဦးခေါင်း လက် ခြေတို့ဖြင့် အမှတ်ပေး၏၊ငွေ့အားလျှာဖြင့် အမှတ်ပေး၏၊ သိကြ၏လောဟုမေး၏၊ ညီတော်တို့လည်း သိကြကုန်၏ဟု လျှောက်ထားကုန်၏၊ ထိုအခါအစ်ကိုကြီး သည် ဤမိန်းမသည် ငွေ့နှင့်ပင် ယုတ်မာသောအကျင့်ကို ကျင့်ကြောင်း ပြောဆို၏၊ ညီတော်တို့ မယုံကြည်သဖြင့် ငွေ့ကိုခေါ်၍မေးက အကြောင်းစုံ လျှောက်ထားသဖြင့် သိကြရကုန်၏။

**အပြစ်မြင်လျက် တောသို့ထွက်**

မင်းသား ငါးယောက်တို့သည် ငွေ့၏ စကားကိုကြားရလျှင် မင်းသမီး၌ တပ်စွန်းခြင်းကင်းကုန်လျက် မိန်းမတို့မည် သည်ကား ဩော်-ယုတ်မာစွ၊ ဩော်- သီလမရှိစွ၊ အမျိုး ဇာတ်နှင့်ပြည့်စုံသော မင်းသားတို့ကိုစွန့်၍ စက်ဆုပ်ရွံရှာ ဘွယ်ကောင်းသော ငွေ့နှင့်ပင် ယုတ်မာသောအကျင့်ကို ကျင့်ပေသေး၏၊ ပညာရှိသောသူသည် အရက်အကြောက်

မရှိ ယုတ်မာသောအကျင့်ရှိသော မိန်းမတို့နှင့် အဘယ်မှာ မွေ့လျော်မည်နည်း၊ အိမ်ရာထောင်ခြင်း၌ အပြစ်ကိုမြင်ကာ တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် ကံအားလျော်စွာ လားရကုန်၏။

### သစ္စကပါဠိပရိဗိုဇ်မ

**အကျင့်ကောင်းလှ ပရိဗိုဇ်မ**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် သစ္စကပါဠိမည်သော ပရိဗိုဇ်မတယောက်သည်ရှိသတတ်၊ ထိုပရိဗိုဇ်မသည် သုသာန်၌နေ၍ လေးရက်လွန်မှ ထမင်းကိုစား၏၊ အကျင့်ကောင်းသည်၊ တပြည်လုံးထင်ရှား၏၊ လူတို့သည် ချေဆတ်သောအခါမှာပင် (နမော သစ္စကပါဠိယာ) ဟု ဆိုလေ့ရှိကုန်၏။

ထိုအခါ ဗာရာဏသီပြည်ဝယ် လူတို့သည် ခုနစ်ရက်ပတ်လုံး ပွဲသဘင်ခံကုန်၏၊ ရွှေပန်းထိမ်သည်တို့လည်း အသင်းဖွဲ့ကာ မဏ္ဍပ်ဆောက်ပြီးလျှင် ပျော်ရွှင်မြူးထူးကြရန် ငါး, အမဲ, သေအရက်, ပန်းနံ့သာတို့ကို ယူဆောင်၍ သေသောက်ရန် ပြင်ဆင်ကြကုန်၏၊ ထိုအခိုက် ရွှေပန်းထိမ်သည်တယောက်သည် သေအိုးကိုစွန့်၍ (နမော သစ္စကပါဠိယာ)ဟု ဆိုလိုက်၏၊ ထိုအခါ တယောက်သောပညာရှိသည် "ဟယ်-လူမိုက်....မိန်းမကို ရှိခိုးရာသလော"ဟု ပြော၏၊ "အချင်း....မဆိုလင့် ငရဲကျလိမ့်မည်"ဟုပြော၏၊ "လူမိုက် သင် အသာနေ၊ မယုံလျှင် ဥစ္စာတထောင်ဖြင့် လောင်းတမ်းပြုလော၊ ငါသည် ခုနစ်ရက်နေ့၌ ဤမဏ္ဍပ်သို့ သစ္စကပါဠိကိုသေအိုးကိုရွက်စေ၍လာပြီးလျှင် သေသောက်

မည်၊ မိန်းမတို့မည်သည် မမြဲသောသီလရှိ၏”ဟု ပြော ဆို၏၊ “အချင်း….သင်မတတ်နိုင်”ဟု ဆို၍ အရှုံးအနိုင် လောင်းတမ်းပြုလေ၏။

**သစ္စက ဖျက်ရန် သေးသေးကြံကြံ**

ပညာရှိသည် အခြားရွှေပန်းထိမ်သည် တယောက်ကို ပန်ကြား၍ သက်သေပြု ပြီးလျှင် နက်ဖြန်နံနက်စောစောကလျှင် ရသေ့အသွင်ကိုယူ၍ သုသာန်ဝင်ကာ သစ္စကပါပီ၏ မနီး မဝေးအရပ်တွင် နေကိုရှိခိုးလျက် ရပ်၍နေလင့်၏၊ ပရိဗိုဇ် မဆွမ်းခံသွားသောအခါမြင်လျှင် တန်ခိုးကြီးသော ရသေ့ ဖြစ်လိမ့်မည်၊ သုသာန်လယ်၌ နေဝံ့သည်၊ ကိုယ်တွင်း၌ နိဗ္ဗာန်တရားရှိပေလိမ့်မည်ဟု နှလုံးသွင်း၍ ချဉ်းကပ်ကာ ရှိခိုး၏၊ ရသေ့သည်မကြည့်၊ စကားမပြော၊ နှစ်ရက်မြောက် နေ့၌လည်းမကြည့်၊ စကားမပြော၊ သုံးရက်မြောက်နေ့၌ ကား မျက်နှာကိုငုံ့လျက်သွားလော့ဟု ဆိုလိုက်၏၊ လေး ရက်မြောက်နေ့၌ ဆွမ်းခံရတာ ပင်ပန်းသလောဟု မေး လိုက်၏၊ ပရိဗိုဇ်မလည်း စကားရပေပြီဟု ဝမ်းမြောက်၏၊ ငါးရက်မြောက်နေ့၌ အလွန်စကားပြော၍ အနည်းငယ် နေ၏။

**ခြောက်ရက်မြောက်က ဖြားယောင်းရ**

ခြောက်ရက်မြောက်နေ့၌ကား သစ္စ ကပါပီ ပရိဗိုဇ်မကို “နှမ…. ဗာရာ ဏသီပြည်၌ တီးသံမှုတ်သံကြားရသည် အသို့နည်း”ဟုမေး၏၊ “အရှင်…. အရှင်တို့မသိကုန်၊ ပွဲသ ဘင်ခံကြသည်”ဟုပြော၏၊ ရသေ့သည် မသိဟန်ဆောင်၍ “နှမ….သင်သည် ဘယ်နှစ်ရက်လွန်မှထမင်းစားသနည်း” ဟု မေးပြန်၏၊ “အရှင်…. လေးရက်လွန်မှ ထမင်းစားပါ

၏”ဟု ပြော၏၊ “အရှင်တို့…. ဘယ်နှစ်ရက်မှ စားသနည်း”ဟုမေး၏၊ “နှမ…. ငါတို့ကား ခုနစ်ရက်မှစားသည်”ဟု ပြောလေ၏၊ ရသေ့သည် နေ့တိုင်းနေ့တိုင်း ညအခါ၌သာစား၏၊ “နှမ…. ဘယ်နှစ်ဝါ ရပြီနည်း”ဟု မေး၏၊“အရှင်…. ဆယ့်နှစ်ဝါရပါပြီ”ဟုပြော၏၊ “အရှင်တို့….ဘယ်နှစ်ဝါရပြီနည်း”ဟုမေး၏၊ “နှမ…. ခြောက်ခုမြောက် ပါဖြစ်ပါသည်၊ သင်နိဗ္ဗာန်တရားကိုရပြီလော”ဟု မေး၏၊“အရှင်….မရပါ”ဟု ပြော၏၊ “အရှင်တို့ ရပါပြီလော”ဟုမေး၏၊ “နှမ….မရပါ”ဟု ပြောဆိုလေ၏။

**သေအိုးရှက်လျက် ထူစုံထွက်**

နောက်တဖန် ရသေ့သည် ဆက်၍ “နှမ‥ငါတို့နှစ်ဦးမှာကား ကာမချမ်းသာကိုလည်း မရကုန်၊ ရဟာန်းချမ်းသာကိုလည်းမရကုန်၊ငါတို့မှာသာငရဲမီးပူသလော၊လူထွက်အံ့၊ မိဘအမွေအနှစ် ဥစ္စာရှိ၏၊ ဆင်းရဲကို မခံနိုင်”ဟု ပြောဆိုလေ၏၊ ပရိဗိုဇ်မလည်း တန်လှုပ်ဖေါက်ပြန်သော စိတ်ရှိလျက် ရသေ့၌ တပ်စွန်းသည်ဖြစ်၍၊ “အရှင်….အကျွန်ုပ်လည်း ငြီးငွေ့ ပျင်းရိပါ၏၊ အကယ်၍ အရှင်သည် အကျွန်ုပ်ကိုမစွန့်ပါအံ့၊ အကျွန်ုပ်လည်း လူထွက်၍လိုက်ပါအံ့”ဟု တောင်းပန်၏၊ ထိုအခါ ရသေ့ယောင်သည် ဝန်ခံကာ ပရိဗိုဇ်မကို မြို့တွင်းသို့သွင်းပြီးလျှင် သေအိုးကို ရှက်စေ၍ မိမိချိန်းချက်ထားသော မဏ္ဍပ်သို့သွား၍ လင်မယားနှစ်ယောက်လုံး ပျော်ရွှင်စွာ သေအရက်တို့ကို သောက်ကြကုန်၏၊ အလောင်းအစား ပြုသော ပန်းထိမ်သည်လည်း ဥစ္စာတထောင်ရှုံးလေ၏။

### ကာကဝတီမိဖုရား

**လုံခြုံထားလျက် အကျင့်ပျက်**

ထိုကာကဝတီ မိဖုရားကြီးကား ဂဠုန် မင်းသည် သမုဒ္ဒရာ အလယ် ဗိမာန်၌ လုံခြုံစွာထားပါလျက် စောင်းသမား နှင့် ယုတ်မာသော အကျင့်ကို ကျင့်၏၊ သိသောအခါ ဂဠုန် မင်းသည် ဗာရာဏသီမင်းကြီးထံ ပြန်၍ပို့၏၊ [စတုက္ကနိပါတ် ၌ဆိုခဲ့ပြီ။]

### ကုရုင်္ဂဒေဝီမိဖုရား

**သားငယ်ကိုချစ် သုသာန်ပစ်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် ကောသလမင်း ကြီးကိုသတ်၍ တပြည်လုံး သိမ်းကာ ကိုယ်ဝန်ရှိသော မိဖုရားကြီးကိုယူ၍ ကိုယ်ဝန်ရှိမှန်းသိတော် မူလျက်ပင် မိဖုရားကြီးအရာ၌ထား၏၊ ကိုယ်ဝန်ရင့်၍ ဘွား မြင်သောအခါ မိဖုရားကြီးသည် သတို့သားကို မင်းကြီးသိ ပါလျှင် ရန်သူသားဖြစ်၏ဟု သတ်ရာသည်၊ငါ့သားကလေး သူတပါးလက်မှာမသေစေလင့်ဟု နှလုံးသွင်းကာ အထိန်း တယောက်ကို ပုဆိုးနွမ်းဖြင့်ထုတ်၍ သုသာန်သို့ပစ်ချေဟု ခိုင်း၏၊ အထိန်းမိန်းမလည်း သူငယ်ကိုယူကာ သုသာန်သို့ သွား၍ပစ်၏။

**ဆိတ်ကျောင်းသားမွေး မင်းသားကလေး**

သူငယ်၏ အဘဖြစ်သော ကောသလ မင်းကြီးကား သူငယ်၏ ကိုယ်စောင့် နတ်ဖြစ်လေ၏၊ ထိုနတ်သည် သူငယ် ကို စောင့်ရှောက်၏၊ မိမိ၏ အာနုဘော်ဖြင့် သုသာန်၌ ကျက်စားလာသော ဆိတ်မတကောင်ကို ချစ်ခင်စေ၍

နှိုတိုက်စေ၏၊ ဆိတ်မလည်း သူငယ်ကို နှစ်ကြိမ် သုံးကြိမ် လာ၍ နှိုတိုက်၏၊ ဆိတ်ကျောင်းသား မြင်တွေ့၍ ကြည့်ရှုရာ သူငယ်ကို မြင်လျှင် သားဟူသော ချစ်ခြင်းဖြင့် ကောက်ယူလျက် မယားကိုပေး၍ မွေးမြူစေ၏၊ မယား၌ လည်းသားမရှိ၊ ဆိတ်နို့ဖြင့်သာမွေးရ၏၊ ထိုနောက်မှစ၍ တနေ့နှစ်ကောင်သုံးကောင်သောဆိတ်မတို့သည်သေကုန်၏။

ဒွန်းစဏ္ဍားတမန် မွေးစားပြန်

ထိုအခါ ဆိတ်ကျောင်းသားသည် ဤသူငယ်ကို မွေးမြူသည့် အတွက် ဤလိုသာ သေနေလျှင် ငါ့ဆိတ်တွေ ကုန်ခဲ့ရာ၏၊ သူငယ်ဖြင့်အဘယ်အကျိုးရှိအံ့နည်းဟုကြံစည်ပြီးလျှင်သူငယ်ကို အိုး၌ထည့်၍ စလောင်းဖုံးလျက် မြစ်၌မျှော၏၊ အဘကိုယ်စောင့်နတ် အမြဲစောင့်ရှောက်သဖြင့် ဘေးရန်မရှိ၊ အစဉ်အတိုင်းမျောသွားရာ မင်းအိမ်နန်းတော်၌ ဆွေးမြည့်သောအရာတို့ကို ပြင်ဆင်သော ဒွန်းစဏ္ဍားလင်မယားခဝါဖွပ်နေရာ ရေဆိတ်သို့ရောက်လေ၏၊ ဒွန်းစဏ္ဍားမယား မြင်၍ အိုးကိုဆယ်ယူပြီးလျှင် ဖွင့်၍ကြည့်ရှုရာ သူငယ်ကို မြင်လျှင် သားဟူသောချစ်ခြင်းဖြင့်မွေးမြူလေ၏၊ဒွန်းစဏ္ဍားတို့သည် သူငယ်ခုနစ်နှစ် ရှစ်နှစ် ရှိသောအခါ မင်းအိမ်သို့ ခေါ်၍သွားကုန်၏၊ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သော အခါ ထိုသူငယ်ပင် မင်းအိမ်သို့သွား၍ ဟောင်းနွမ်း ဆွေးမြည့်သော အရာတို့ကို ပြုပြင်ရလေ၏။

မင်းသမီးပြစ်မှား ဒွန်းစဏ္ဍားသား

မင်းကြီး မိဖုရားကြီးတို့၌ ကုရင်္ဂဒေဝီ မည်သော သမီးတော်တယောက်ရှိခဲ့၏၊ မြတ်သော အဆင်းကိုဆောင်၏၊ ထို ကုရင်္ဂဒေဝီသည် သတို့သားကို မြင်ရသော အခါမှစ၍ တပ်

စွန်းသောစိတ်ရှိသည်ဖြစ်၍ သတ္တိသားအမှုလုပ်ရာအရပ်သို့ သာလာ၍နေ၏၊ သတ္တိသားနှင့် မင်းသမီးတို့သည် တဦးနှင့် တဦး မပြတ်မြင်လတ်သော် အလွန်တပ်စွန်းသောစိတ် ရှိကြသဖြင့် ဖုံးလွှမ်းသောအရပ်၌ လွန်ကြူး ယုတ်မာသော အကျင့်ကို ကျင့်ကုန်၏၊ ကာလကြာမြင့်လတ်သော် အလုပ် အကျွေးတို့သိ၍ မင်းကြီးအား လျှောက်ထားကြကုန်၏။

**မင်း၏အမျက် ဒဏ်ကွပ်မျက်**

မင်းကြီးသိလတ်သော် ယမ်းပုံကိုမီးကျသည့် အလား အလွန် အမျက်ထွက်လျက် ဒွန်းစဏ္ဍားသားကား ငါ့သမီးတော်ကိုစင်လျက် ပြစ်မှားဘိသည် အလွန်အပြစ်ကြီးသည့်အတွက် ကြီးစွာသော မင်းဒဏ်ကိုပေး၍ ညှဉ်းဆဲပြီးမှ သတ်ရမည်ဟု အမိန့်ပေးလေ၏၊ ထိုခဏ၌ အဘဖြစ်သော ကိုယ်စောင့်နတ်သည် မိဖုရားကိုဝင်၍ပူးလေ၏၊ မိဖုရားကြီးသည် မင်းကြီးထံသွားပြီးလျှင် "အရှင်မင်းကြီး····ဤသတ္တိသားကား ဒွန်းစဏ္ဍား သားမဟုတ်ပါ၊ အကျွန်ုပ်မွေးဘွားသောကောသလမင်းကြီး၏ သားပါတည်း၊ မွေးဘွားသောအခါ သူသာန်သို့ပစ်စေ၍ သေပြီဟု အရှင်မင်းကြီး အား လျှောက်ခဲ့ဘူးပါ၏၊ ၎င်းကို ဆိတ်ကျောင်းသားမြင်၍ ယူပြီးမွေးရာ ဆိတ်တွေသေသဖြင့် အိုး၌ထည့်၍ မြစ်၌ မျှောပြန်ရာ ခဝါဖွပ်သော ဤဒွန်းစဏ္ဍား လင်မယားလက်သို့ရောက်ရပါ၏၊ ယုံတော်မမူလျှင် အလုံးစုံသောသူတို့ကို ခေါ်၍ မေးမြန်းတော်မူပါ"ဟု လျှောက်ထားလေ၏။

**မိန်းမကျင့်ပျက် ဖောက်ပြန်လျက်**

မင်းကြီး လည်း အထိန်းတော်မှ စ၍ အလုံးစုံသောသူတို့ကို ခေါ်စေ၍ မေးမြန်းစုံစမ်းရာ အဟုတ်အမှန်ကို သိရ၍

ယုံကြည်တော် မူသဖြင့် ဤသူငယ်ကား အမျိုးဇာတ်နှင့် ပြည့်စုံပေသည်ဟု နှစ်သက်တော်မူရကား သမီးတော်ကုရုင်ဒေဝီနှင့် လက်ထပ်တော်မူ၍၊ အမည်ကိုလည်း ဆိတ်မတို့သေသည်ကို အစွဲပြု၍ ဧဠကကုမာရဟုမှည့်ကုန်၏၊ နောက်အခါ မင်းသားအား သူ့ခမည်းတော်၏ အရိပ်အရာဖြစ်သော ကောသလတိုင်းကိုပေး၍ မင်းပြုစေ၏၊ပညာသင်ရန် ဆဥ္ဇဂ်ကုမာရဆရာကိုလည်း စေလွှတ်လိုက်၏၊ ကုရုင်ဒေဝီသည် ဆဥ္ဇဂ်ကုမာရဆရာနှင့်လည်း ယုတ်မာသောအကျင့်ကိုကျင့်၏၊ ထိုဆရာ၏ အလုပ်အကျွေးဖြစ်သော မနဒ္ဒဝါသီနှင့်လည်း ယုတ်မာသောအကျင့်ကို ကျင့်လေ၏။

## ဗြဟ္မဒတ်မင်းမယ်တော်

**ပုဏ္ဏားနှင့်တွေ့ပြား ကျင့်ဖောက်ပြား**

လွန်လေပြီးသောအခါ ကောသလမင်းသည် ဗာရာဏသီပြည်ကို သိမ်းယူပြီးလျှင် ထိုမင်း၏ကိုယ်ဝန်ရှိသော မိဖုရားကိုပင် မိဖုရားကြီးပြု၍ တိုင်းပြည်သို့ပြန်ခဲ့၏၊ နောက်အဘို့၌ကား သားယောကျ်ားဘွားမြင်၏၊ ကောသလမင်းလည်း သားမရှိ၍ သားဟူသောချစ်ခြင်းဖြင့် မွေးမြူလျက်အရွယ်သို့ ရောက်သောအခါ အဘ၏ဥစ္စာဖြစ်သော ဗာရာဏသီပြည်၌ မင်းပြုစေ၏။

မယ်တော်မိဖုရားကြီးသည် မင်းကြီးကို ပန်ကြားပြီးလျှင် သားတော်ထံ သွားရာ ခရီးအကြား၌ရှိသော နိဂုံးရွာ၌ အခြံအရံနှင့်တကွ တည်းခို၏၊ ထိုရွာ၌ ပဉ္စာလစန္ဒာမည်သော ပုဏ္ဏားလုလင်သည် အလွန်အဆင်းလှ၏၊ ထိုလုလင်သည် မိဖုရားကြီးထံ လက်ဆောင်ပဏ္ဏာကို ဆက်သ၏၊

မိဖုရားကြီးသည် မြင်လျှင်မြင်ခြင်း တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ထိုလုလင်နှင့် ယုတ်မာသောအကျင့်ကို ကျင့်၏၊ နှစ်ရက်သုံးရက် နေပြီးလျှင် ဗာရာဏသီပြည် သားတော်မင်းကြီးထံသွား၍ ဖူးမြင်ပြီး ပြန်လာသောအခါ၌ ပဉ္စာလစန္ဒာနှင့် ယုတ်မာသောအကျင့်ကိုကျင့်၍ နှစ်ရက်သုံးရက်နေပြီးမှ ကောသလမင်းကြီးထံသို့သွား၏၊ ထိုအခါမှစ၍ မယ်တော်မိဖုရားကြီးသည် မင်းကြီးကို သားတော်ထံသွားမည်ဟု ပန်ကြားကာ ထိုနိဂုံး၌ လခွဲကြာအောင်ယုတ်မာသော အကျင့်ကိုသာ ကျင့်လေ၏။

**မိန်းမအပြစ်ပြ ဆိုဆုံးမ**

ထိုနောက် ကုဏာလ ဥသြမင်းသည် "အဆွေပုဏ္ဏမုခ.... ယခုငါပြောဆိုခဲ့ပြီးသော မိန်းမငါးယောက် တို့သာ ယုတ်မာသောအကျင့်ကို ကျင့်သည်မဟုတ်ကုန်၊ တပါးသော မိန်းမတို့လည်း ယုတ်မာသောအကျင့်ကို ကျင့်ကြကုန်သည်သာတည်း"။

"အဆွေပုဏ္ဏမုခ.... မိန်းမတို့သည် မြေကြီးနှင့်တူကုန်၏၊ မြေကြီးသည် အလုံးစုံသောဝတ္ထုတို့၌ တပ်ခြင်းတူမျှသဖြင့် တည်ရာဖြစ်သကဲ့သို့ မိန်းမတို့လည်း အယုတ် အလတ် အမြတ်မရွေး အလုံးစုံသောယောကျ်ားတို့၌ တပ်ခြင်းတူမျှသဖြင့် တည်ရာဖြစ်ကုန်၏။

မိန်းမတို့သည် ခြင်္သေ့နှင့်တူကုန်၏၊ ခြင်္သေ့တို့သည် သားကောင်ကို ဖမ်းသောအခါ နှုတ်သီး,လက်နှစ်ဘက်, ခြေနှစ်ဘက်, ဤလက်နက်ငါးမျိုးဖြင့် ဖမ်းသကဲ့သို့ မိန်းမတို့သည် ယောကျ်ားတို့ကို ဖမ်းသောအခါ ရုပ်အဆင်း

ရူပါရုံ, အသံ သဒ္ဒါရုံ,အနံ့ ဂန္ဓာရုံ,အရသာရသာရုံ,အထိအတွေ့ ဖောဋ္ဌဗ္ဗာရုံ ဤအာရုံငါးမျိုးတို့ဖြင့် ဖမ်းယူကုန်၏။

မိန်းမတို့သည် သေမင်း၏ကျော့ကွင်းမည်ကုန်၏၊ လှည့်ပတ်တတ်ကုန်၏၊ တံလှပ်နှင့်တူကုန်၏၊ စိုးရိမ်ခြင်းကို ပြုတတ်ကုန်၏၊ ဘေးဥပဒ္ဒဝေါကို ပြုတတ်ကုန်၏၊ အနာရောဂါကိုပြုတတ်ကုန်၏၊ သတ်ခြင်း,နှောင်ဖွဲ့ခြင်းကိုပြုတတ်ကုန်၏၊ ကိုယ်တည်းဟူသော လိုဏ်ဂူကိုမှီကုန်၏၊ ထိုမိန်းမတို့ကို အကျွမ်းမဝင်ရာ၊ အကျွမ်းဝင်သော ယောကျ်ားသည် ယောကျ်ားတို့တွင် အယုတ်ဆုံးယောကျ်ားဖြစ်၏။

မိန်းမတို့သည် သူခိုးနှင့်တူကုန်၏၊ သူခိုးတို့သည် ဥစ္စာကိုလုယက်ဖျက်ဆီးသကဲ့သို့ ယောကျ်ားတို့ကို ကိလေသာနိုင်ငံသို့ဆောင်ယူ၍ လုယက်ဖျက်ဆီးတတ်ကုန်၏၊ မိန်းမတို့သည် အဆိပ်ရှောသော သူရာသည် ဘောက်ပြန်ခြင်းကို ပြုသကဲ့သို့ ယောကျ်ားတပါးတို့၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ပြုအပ်သည်မပြုအပ်သည်ကို မသိကုန်၊ ဘောက်ပြန်ခြင်းကို ပြုတတ်ကုန်၏။

မိန်းမတို့သည် ကုန်သည်နှင့်တူကုန်၏၊ ကုန်သည်တို့သည် မိမိတို့ကုန်၏ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုကုန်သကဲ့သို့ မိမိတို့အပြစ်ကိုဖုံးလွှမ်း၍ ဂုဏ်ကျေးဇူးကိုသာ ပြောတတ်ကုန်၏၊ ပြောင်းလဲဘောက်ပြန်လွယ်သော စိတ်ရှိသဖြင့် ဝံနှင့်တူကုန်၏၊ မဟုတ်မမှန် မုသားစကားကိုဆိုတတ်သဖြင့် လျှာနှစ်ခွရှိသော မြွေဟောက်နှင့်တူကုန်၏၊ မိမိကိုယ်ကို အဝတ်တန်ဆာဖုံးလွှမ်း၍ သွားတတ်သောကြောင့် ပျဉ်ဖုံး၍ထားသော မစင်တွင်းနှင့် တူကုန်၏။

မိန်းမတို့သည် အမှိုက်ဖုံးနေသော တွင်းနှင့်တူကုန်၏၊ အမှိုက်ဖုံးသောတွင်းသည် နင်းသွားသောသူတို့၏ ဆင်းရဲကိုဖြစ်စေသကဲ့သို့ အကျွမ်းဝင်သောသူတို့၏ ဆင်းရဲကိုဖြစ်စေကုန်၏၊ ဗလဝါမုခဝဲနှင့်တူကုန်၏၊ ဗလဝါမုခဝဲသည် စီးဝင်နေသော ရေတို့ဖြင့် မပြည့်နိုင်သကဲ့သို့ မေထုန်အကျင့်, သားဘွားခြင်း, တန်ဆာဆင်ခြင်း ဤသုံးပါးတို့ဖြင့် မပြည့်နိုင်ကုန်၊ မရောင့်ရဲနိုင်ကုန်။

မိန်းမတို့သည် ရက္ခိုသ်ဘီလူးမနှင့်တူကုန်၏၊ ရက္ခိုသ်ဘီလူးမတို့သည် ဥစ္စာဖြင့်မရောင့်ရဲနိုင်ဘဲ စွန့်ပစ်ကာ သားဟင်းမျိုးကိုသာ တောင့်တသကဲ့သို့ မိန်းမတို့သည် ဥစ္စာဖြင့် မရောင့်ရဲနိုင်ဘဲ ဥစ္စာကိုစွန့်ပစ်ကာ မေထုန်အကျင့်ကိုသာ တောင့်တကုန်၏။

မိန်းမတို့သည် ယမမင်းနှင့် တူကုန်၏၊ ယမမင်းသည် စိစစ်သည်ဖြစ်၍ တစုံတယောက်သောသူကိုမျှ မရှောင်ကြဉ်သကဲ့သို့ မိန်းမတို့သည် တစုံတယောက်သောယောကျ်ားကိုမျှ မရှောင်ကြဉ်ဘဲ ကိလေသာ၏အစွမ်းဖြင့် သီလကိုဖျက်ဆီးကာ သေလွန်သောအခါ ငရဲသို့ဆောင်တတ်ကုန်၏၊ မီးသည် ကောင်းမကောင်းကို မရွေးချယ်ဘဲ အလုံးစုံသော ဝတ္ထုတို့ကို လောင်ကျွမ်းတတ်သကဲ့သို့ မိန်းမတို့သည် ကောင်းမကောင်းကိုမရွေးချယ်ဘဲအလုံးစုံသောယောကျ်ားတို့ကို မှီဝဲတတ်ကုန်၏။

မြစ်သည် အလုံးစုံသောဝတ္ထုတို့ကို မျှောသကဲ့သို့ မိန်းမတို့သည် အလုံးစုံသောယောကျ်ားတို့နှင့် ဆက်ဆံကုန်၏၊ လေသည် အလိုရှိရာအရပ်သို့ပြေးသွားတတ်သကဲ့သို့ မိန်းမ

တို့သည် အလိုရှိရာအရပ်သို့ ပြေးသွားတတ်ကုန်၏၊ နေ ရှရွေတောင်သည် မိမိထံရောက်လာသော သားငှက်တို့ကို အတူအမျှ ပြုသကဲ့သို့ မိန်းမတို့သည် မိမိထံရောက်လာ သောယောကျ်ားတို့ကို အတူအမျှပြုတတ်ကုန်၏။

သရက်သီးနှင့်တူသော ကိံပက္ကမည်သော အဆိပ်သီး သည် အဆင်းအနံ့အရသာနှင့်ပြည့်စုံသည်ဖြစ်၍ စားသော သူတို့ကို သေစေသကဲ့သို့ မိန်းမတို့သည် အဆင်းအနံ့အရ သာအထိအတွေ့နှင့် ပြည့်စုံသည်ဖြစ်၍ မှီဝဲသောယောကျ်ား တို့ကို အပါယ်သို့ ကျစေတတ်ကုန်၏။

မိန်းမတို့သည် လင်ယောကျ်ားတို့ ဆင်းရဲငြိုငြင်စွာ ရှာမှီး၍ ထားသော ဥစ္စာတို့ကို သူတပါးတို့အား ပေး၍ ယုတ်မာသော အကျင့်ကို ကျင့်တတ်ကုန်၏။

**သူတပါးအိမ် မထားအပ်သော**
**ပဏ္ဍုလေးပါး**

(၁) ခိုင်းနွား,
(၂) နို့ညှစ်နွားမ,
(၃) ယာဉ်ရထား,
(၄) မယား—

ဟု လေးပါးဖြစ်သည်၊ ထိုလေးပါးတို့ကို သူတပါးအိမ် ၌မထားရာ၊ ထားလတ်သော် အကြောင်းကိစ္စပေါ်လာ သောအခါ အသုံးမပြုနိုင်ကုန်၊ ပျက်စီးတတ်ကုန်၏။

ခိုင်းနွားကို သူတပါးအိမ်ထားသော် သူတပါးတို့ခိုင်း သဖြင့် ပျက်စီးတတ်သည်၊ နို့ညှစ်နွားမကို ထားသော် သူတ ပါးတို့ နို့ညှစ်စားသဖြင့် ပျက်စီးတတ်သည်၊ ယာဉ်ရထားကို

ထားသော် သူတပါးတို့ သုံးစွဲသဖြင့် ပျက်စီးတတ်သည်၊ မယားကိုထားသော် သူတပါးတို့ ဖျက်ဆီးသဖြင့် ပျက်စီးတတ်သည်။

**အကျိုးမပြီးသော ဝဏ္ဏ၊**
**ခြောက်ပါး**

(၁) အညို့မရှိသောလေး,
(၂) သူတပါးအိမ်၌ နေသော မယား,
(၃) တဘက်ကမ်းမှာရှိသော လှေ,
(၄) ဝင်ရိုးကျိုးနေသော လှည်း ရထား,
(၅) အဝေး၌ရှိသော အဆွေခင်ပွန်း,
(၆) မကောင်းသော အဆွေခင်ပွန်း,

ဤခြောက်ပါးတို့သည် မိမိ၌ တစုံတခုပြုဘွယ်ကိစ္စဖြစ်လတ်သော် အကျိုးစီးပွားကို မပြီးစေနိုင်ကုန်။

**လင်ကို မထေမဲ့မြင်ပြုခြင်းရှစ်ပါး**

(၁) ဆင်းရဲခြင်း,
(၂) အနာရောဂါနှိပ်စက်ခြင်း,
(၃) အိုခင်းခြင်း,
(၄) သေသောက်ကြူးခြင်း,
(၅) တွေဝေမိန်းမောခြင်း,
(၆) သုရာယစ်မူးခြင်း,
(၇) ကိစ္စအလုံးစုံ၌ မိန်းမအလိုသို့ လိုက်ခြင်း,
(၈) အလုံးစုံသောဥစ္စာကို ပေးခြင်း—

ဤရှစ်ပါးသော အကြောင်းတို့ဖြင့် မိန်းမတို့သည် လင်ယောကျ်ားကို မထေမဲ့မြင် ပြုတတ်ကုန်၏။

လင်ကိုအပြစ်ပြုခြင်းကိုးပါး

(၁) ပန်းအရံသို့သွားလေ့ရှိခြင်း,
(၂) ဥယျာဉ်သို့သွားလေ့ရှိခြင်း,
(၃) မြစ်ဆိပ်သို့သွားလေ့ရှိခြင်း,
(၄) ဆွေမျိုးတို့အိမ်သို့ သွားလေ့ရှိခြင်း,
(၅) သူတပါးအိမ်သို့ သွားလေ့ရှိခြင်း,
(၆) မှန်ကြည့်ခြင်း အဝတ်တန်ဆာဆင်ခြင်း,
(၇) သေအရက်သောက်ခြင်း,
(၈) အိမ်ပြူတင်းပေါက်မှ ကြည့်ရှုလေ့ရှိခြင်း,
(၉) မိမိကိုယ်အင်္ဂါ ကြီးငယ်တို့ဖြင့် အရာမဟုတ်သည်၌ တည်လေ့ရှိခြင်း—

ဤကိုးပါးသော အကြောင်းတို့ဖြင့် မိန်းမတို့သည်လင်ကို အပြစ် ပြုတတ်ကုန်၏။

မိန်းမတို့မာယာလေးဆယ်

(၁) ကိုယ်လက်ကို ဆန့်ခြင်း,
(၂) ကိုယ်ကို ကိုင်းညွတ်ခြင်း,
(၃) တင့်တယ်စမ္ပယ်ခြင်း,
(၄) ရှက်စနိုးပြုခြင်း,
(၅) လက်သည်းချင်းခြစ်ခြင်း,
(၆) ခြေချင်းနင်းခြင်း,
(၇) တုတ်ဖြင့်မြေကို ရေးခြစ်ခြင်း,
(၈) သူငယ်ကိုမြှောက်ခြင်း,
(၉) သူငယ်ကိုမြှောက်စေခြင်း,
(၁၀) သူငယ်ကိုချီပွေ့ခြင်း,

(၁၁) သူငယ်ကို ကစားခြင်း,
(၁၂) ကစား စေခြင်း,
(၁၃) နမ်းရှုတ်ခြင်း,
(၁၄) နမ်းရှုတ် စေခြင်း,
(၁၅) နိုင်နိုင်စားခြင်း,
(၁၆) နိုင်နိုင်စားစေခြင်း,
(၁၇) ပေးခြင်း,
(၁၈) တောင်းခြင်း,
(၁၉) အတုပြုခြင်း,
(၂၀) ကျယ်စွာ ပြောခြင်း,
(၂၁) တိုးတိုးသာသာ ပြောခြင်း,
(၂၂) ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း, ငိုကြွေးခြင်း, စမ္ပယ်ခြင်း, တန်ဆာဆင်ခြင်းဖြင့် ထင်ရှားစွာ ပြောဆိုခြင်း,
(၂၃) ပုန်းကွယ်၍ ပြောဆိုခြင်း,
(၂၄) ပြင်းစွာ ရယ်ခြင်း,
(၂၅) စောင်း၍ ကြည့်ခြင်း,
(၂၆) ခါးကို လှုပ်ခြင်း,
(၂၇) လျှို့ဝှက်သော အင်္ဂါကိုလှုပ်ခြင်း,
(၂၈) ပေါင်ကို ဖွင့်ပြခြင်း,
(၂၉) ပေါင်ကိုဖုံးခြင်း,
(၃၀) သားမြတ်ကို ပြခြင်း,
(၃၁) လက်ကတီးကြားကို ပြခြင်း,
(၃၂) ချက်ကို ပြခြင်း,
(၃၃) မျက်စိကို မှိတ်ခြင်း,

(၃၃) မျက်မှောင်ကို ချိုခြင်း,
(၃၅) နှုတ်ခမ်းကို ကိုက်ခြင်း,
(၃၆) လျှာကို ထုတ်ခြင်း,
(၃၇) အဝတ်ကို ကျွတ်ဟန်ပြုခြင်း,
(၃၈) အဝတ်ကို ပြင်၍ဝတ်ခြင်း,
(၃၉) ဆံပင်ကို ဖြေခြင်း,
(၄၀) ဆံပင်ကို ထုံးခြင်း—

ဤလေးဆယ်သော အကြောင်းတို့ဖြင့် မိန်းမတို့သည် ယောက်ျားကို လွှမ်းကျူး၍ ကျင့်ကုန်၏။

### မိန်းမတို့ပျက်စီးခြင်း နှစ်ဆယ့်ငါးပါး

(၁) လင်အရပ်တပါးသို့ သွားသည်ကို ဝမ်းသာခြင်း,
(၂) အရပ်တပါးသို့ သွားနေသောလင်ကို အမှတ်မရခြင်း,
(၃) အရပ်တပါးမှ ပြန်လာသော လင်ကို မနှစ်သက်ခြင်း,
(၄) လင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း,
(၅) လင်၏ကျေးဇူးကို မပြောဆိုခြင်း,
(၆) လင်၏အကျိုးမဲ့ကို ပြုခြင်း,
(၇) လင်၏အကျိုးကို မပြုလုပ်ခြင်း,
(၈) လင်မပြုလုပ်အပ်သောကိစ္စကို ပြုလုပ်ခြင်း,
(၉) လင်ပြုလုပ်အပ်သောကိစ္စကို မပြုလုပ်ခြင်း,
(၁၀) အဝတ်ကို ခြုံခြုံစွာဝတ်၍ အိပ်ခြင်း,
(၁၁) လင်ကို ကျောပေး၍ အိပ်ခြင်း,
(၁၂) တပြောင်းပြန်ပြန် လူးလည်း၍ အိပ်ခြင်း,

(၁၃) အုတ်အုတ် ကျက်ကျက်ဖြစ်ကာ အသက်ရှူပြင်း ပြင်းရှူခြင်း,
(၁၄) အနာရောဂါကို ပြောကြားခြင်း,
(၁၅) ကျင်ကြီးကျင်ငယ်ကို မပြတ်စွန့်ခြင်း,
(၁၆) ဘောက်ပြန်သောအကျင့်ကို ပြုကျင့်ခြင်း,
(၁၇) တပါးသော ယောက်ျား၏ အသံကို နားထောင်ခြင်း,
(၁၈) စည်းစိမ်ဥစ္စာကို ဖျက်ဆီးခြင်း,
(၁၉) အိမ်နီးချင်း ယောက်ျားတို့နှင့် ကိလေသာဖြင့် ရောယှက်ခြင်း,
(၂၀) အိမ်မှ ထွက်သွားတတ်ခြင်း,
(၂၁) ညအခါမှ သွားလေ့ရှိခြင်း,
(၂၂) သယောက်လင်စောင် ထားခြင်း,
(၂၃) လင်ကို မရှိသောဘဲ ပြစ်မှားလိုသောစိတ်ဖြင့် အိမ်တံခါးပေါက်၌ မပြတ်နေလေ့ရှိခြင်း,
(၂၄) လက်ကတီးကြား စသော အင်္ဂါကြီးငယ်ကို ပြတတ်ခြင်း,
(၂၅) ဟိုဟိုသည်သည် ကြည့်တတ်ခြင်း—

ဤနှစ်ဆယ့်ငါးပါးသော အကြောင်းတို့ဖြင့် မိန်းမတို့၏ ပျက်စီးခြင်းကို သိကုန်ရာ၏။

အလုံးစုံသော မြစ်ချောင်းတို့သည် ကောက်ကုန်၏၊ အလုံးစုံသော တောတို့သည် ထင်းဖြစ်ကုန်၏၊ အလုံးစုံသော မိန်းမတို့သည် ဆိတ်ကွယ်ရာအရပ်ကို ရသည်ရှိသော် ယုတ်မာသောအမှုကို ပြုကြကုန်၏။

မိန်းမတို့သည် အခွင့်အခါကောင်း, ဆိတ်ကွယ်ရာ အရပ်, ဖျက်ဆီးအံ့သောသူကို ရသည်ရှိသော် ယုတ်မာသောအမှုကို ပြုကြကုန်၏၊ အကယ်၍ မရသည်ရှိသော် ဆွံ့အသောသူတို့နှင့်ပင် ယုတ်မာသောအမှုကို ပြုကြကုန်၏။

မိန်းမတို့သည် ယောကျ်ားတို့မမွေ့လျော်ခြင်းကို ပြုတတ်ကုန်၏၊ စိတ်များကုန်၏၊ အဆုံးမခက်ကုန်၏၊ မိန်းမတို့၌ အလုံးစုံ နှစ်သက်ခြင်းကို မပြုငြားအံ့၊ အကျွမ်းမဝင်ရာ၊ မိန်းမတို့သည် မြစ်ဆိပ်နှင့်တူကုန်၏။

### ကိန္နရာဒေဝီမိဖုရားကြီး

**မိဖုရားဖြစ်လျက် ကျင့်ပေါက်ဖျက်**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ကိန္နရာမင်းကြီး မင်းပြုတော်မူ၏၊ မိဖုရားကြီးကား ကိန္နရာဒေဝီ အမည်ရှိ၏၊ အလွန်အဆင်းလှ၏၊ မင်းကြီးနှင့်အရွယ်တူ၍ ပညာဉာဏ်နှင့်ပြည့်စုံသော ပဉ္စာလစန္ဒာမည်သော ပုရောဟိတ်လည်းရှိ၏၊ နန်းတော်ပြာသာဒ်ကို မှီ၍ပေါက်လျက် မြို့ရိုးပေါ်သို့အကိုင်း အခက် တို့ကျနေသော သပြေပင်ကြီးလည်းရှိ၏၊ မြို့ရိုးပြင်ဘက် သပြေပင်ရိပ်၌ မကောင်းသောအဆင်းသဏ္ဌာန် ရှိ၍ စက်ဆုပ်ဘွယ် ကောင်းသော ဆွံ့သည်နေခဲ့၏။

**မြို့ရိုးကျော်တက် ဆွံ့ထံထွက်**

တနေ့သ၌ မိဖုရားကြီးသည် လေသာတံခါးဖြင့် ကြည့်လတ်သော် ဆွံ့ကိုမြင်လျှင် အလွန်တပ်စွန်းသော စိတ်ရှိလေ၏၊ ညအခါ မိဖုရားကြီးသည် မင်းကြီးအိပ်ပျော်နေခိုက် မွှန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ရွှေခွက်တွင်ထည့်၍

ခါးပိုက်၌ထည့်လျက် ကြိုးဖြင့် လေသာတံခါးမှ ဆင်းသက်၍ သပြေပင်ပေါ်သို့တက်ပြီးလျှင် သပြေခက်ကိုကိုင်၍ ဆင်းကာ ငွေ့ထံသွား၍ ခဲဘွယ်ဘောဇဉ်တို့ကို ကျွေးမွေးပြီးလျှင် အလိုရှိတိုင်းပျော်ပါး၍ လာသောလမ်းဖြင့်ပြန်၍ တက်ပြီးလျှင် နံ့သာလိမ်းကျံ၍ အိပ်၏၊ ဤနည်းဖြင့်မပြတ် ငွေ့နှင့် ယုတ်မာသော အကျင့်ကို ကျင့်လေ၏၊ မင်းကြီး မသိလေ။

ငွေ့မာန်တက်မှ သိကုန်ကြ

မင်းကြီးသည် တနေ့သောအခါ မြို့ကို လက်ျာရစ်လှည့်၍ နန်းတွင်းသို့ဝင်ရာ သပြေပင်ရိပ်တွင် ငွေ့ကိုမြင်၍ ပုရောဟိတ်ကို “ဆရာ…. ဤလူပြိတ္တာကို မြင်၏လော၊ စက်ဆုပ်ရွံရှာဘွယ်ကောင်းလှ၏၊အဘယ်မည်သော မိန်းမသည်ဆန္ဒရာဂဖြင့် ချဉ်းကပ်နိုင်မည်နည်း” ဟု ပြောဆိုတော်မူ၏၊ ငွေ့ကြားလျှင် မာန်တက်လျက် ဤမင်းကား မသိလေ၊ သူ့မယား ကိန္နရာဒေဝီပင် ငါ့ထံသို့လာ၍ပျော်ပါးရ၏ဟု သပြေပင်ကိုရှိခိုးကာ အရှင်နတ်မင်းသာ သိပါ၏၊ တပါးသောသူတို့ မသိပါဟု ပြောဆို တိုင်တယ်လေ၏။

မိဖုရားအကြံ စုံစမ်းပြန်

ပုရောဟိတ်သည် ငွေ့၏ အခြင်းအရာကို မြင်လျှင် မဧ္ဈတ်မိဖုရားကြီးသည် သပြေခက်ဖြင့်ဆင်း၍ ငွေ့နှင့်ပျော်ပါးရာ၏ဟု နှလုံးသွင်းလျက် “အရှင်မင်းကြီး….ညအခါ မိဖုရားကြီး၏ကိုယ်အတွေ့သည် အသို့နည်း” ဟု မေး၏၊ “ဆရာ…. သန်းခေါင်ယာမ်၌ အလွန်အေးလှ၏” ဟုပြော၏၊ “အရှင်မင်းကြီး….မိဖုရားကြီးသည် ငွေ့နှင့်ယုတ်မာသောအကျင့်

ကိုကျင့်လိမ့်မည်” ဟု ပြော၏၊ “ဆရာ…. မဟုတ်နိုင်ပါ၊ အထွတ်အထိပ်သို့ရောက်နေသောမိဖုရားကြီးသည် အဘယ်မှာလျှင် ဤလိုလူပြိန္တာနှင့် ယုတ်မာသောအကျင့်ကို ကျင့်နိုင်မည်နည်း”ဟု ပြော၏၊ “အရှင်မင်းကြီး….မယုံလျှင် ညဉ့်အခါ စုံစမ်းတော်မူပါ”ဟု လျှောက်ထားလေ၏။

**မိဖုရား ပါးချ နားခေါင်းကျ**

မင်းကြီးလည်း ညဉ့်အခါ မိဖုရားကြီးနှင့်အိပ်လတ်သော်အိပ်ချင်ဟန်ဆောင်၍နေ၏၊ မိဖုရားကြီးလည်း မင်းကြီးအိပ်ပြီမှတ်ထင်၍ ခွံ့ထံသွားမြဲလမ်းဖြင့်သွား၏၊ မင်းကြီးလည်း မိဖုရားကြီးသွားသောလမ်းဖြင့် အသာလိုက်ကာ သပြေပင်ရင်း မှောင်ကွယ်မှပုန်း၍နေ၏၊ ခွံ့လည်းမိဖုရားကြီးကိုအမျက်ထွက်သဖြင့်“နင်ယနေ့ကြာလှချည့်လား”ဟု ပြော၏၊“အရှင်….မင်းကြီး အိပ်ပျော်သည်ကို စောင့်ရပါ၏”ဟုပြော၏၊ ထိုအခါခွံ့သည် မိမိမယားပမာ မိဖုရားကြီး၏ပါးကို လက်ဖြင့်ရိုက်လိုက်၏၊ နားခေါင်းတဘက်သည်ကျွတ်၍ လွင့်စင်ကာ မင်းကြီး၏ခြေရင်း၌ ကျလေ၏၊ မင်းကြီးလည်း သက်သေရပြီဟု အသာကောက်၍ပြန်၏။

**မိဖုရားခေါ် မေးစစ်သော်**

မိဖုရားကြီးလည်း ခွံ့နှင့် အလိုရှိတိုင်းပျော်ပါး၍ လာသောလမ်းဖြင့် ပြန်၍ မင်းကြီးထံသွား၏၊ အိပ်မည်အပြုတွင် မင်းကြီးသည်နှင်ချလေ၏၊ နက်ဖြန်မင်းကြီးသည် ကိန္နရာဒေဝီသည် ငါဆင်မြန်းထားသော အဝတ်တန်ဆာတို့ကိုဝတ်ဆင်၍ခစားရမည်ဟု အမိန့်ပေးလေ၏၊ ကိန္နရာဒေဝီလည်း နားခေါင်း တဘက်ဖြင့် လာ၍ခစား၏၊ မင်းကြီးသည်

နားချောင်းကိုမေး၏၊ ပန်းထိမ်သည်ထံမှာ ရှိကြောင်းကို လျှောက်ထား၏၊ ပန်းထိမ်သည်ကိုခေါ်၍ မေးပြန်ရာ မရှိကြောင်းကိုလျှောက်ပြန်၏၊ ထိုအခါမင်းကြီးသည် အလွန်အမျက်ထွက်သဖြင့် "ဟယ်-ဒွန်းစဏ္ဍားမ အယုတ်မ.... ငါကဲ့သို့သောမင်းသည် သင်၏ရွှေပန်းထိမ်သည် ဖြစ်ရမည်လော"ဟုဆို၍ မိဖုရားရှေ့တွင်နားချောင်းကို ပစ်ချလိုက်ပြီးလျှင် ပုရောဟိတ်ကို "ဆရာ.... ဆရာ၏စကားမှန်ပေ၏၊ ယခုသွား၍ မိဖုရားကိုသတ်ချေ"ဟု မိန့်တော်မူ၏။

**ပုရောဟိတ်ပြောပြ ချမ်းသာရ**

ပုရောဟိတ်လည်း မိဖုရားကြီးကို နန်းတော်တနေရာ၌ ထားပြီးလျှင် မင်းကြီးထံလာ၍ "အရှင်မင်းကြီး.... ကိန္နရာဒေဝီကို အမျက်မထွက်ပါလင့်၊ မိန်းမတို့မည်သည် ဤနည်းပင်ယုတ်မာကြသည်၊ ယုံတော်မမူလျှင် လှည့်လည်၍စုံစမ်းမည်"ဟု လျှောက်ထား၏၊ "ဆရာ.... ကောင်းပြီ"ဟုဆို၍ မယ်တော်အား တိုင်းပြည်ကိုအပ်နှင်းပြီးလျှင် ပုရောဟိတ်နှင့် မြို့မှထွက်၍ စုံစမ်းရန်သွားကြရာ တယူဇနာမျှ ခရီးသို့ရောက်လျှင် တနေရာ၌ တည်းခိုကာနေကြကုန်၏။

**မိန်းမကြောင်းစုံ သက်သေပြ**

ထိုအခိုက်သူကြွယ်တယောက်သည် မိမိသားအတွက် အမျိုးသမီး တယောက်ကိုအခြံအရံနှင့်တကွ ခေါ်ဆောင်လာရာ မင်းကြီးနှင့် ပုဏ္ဏားတို့အနီးသို့ ရောက်လေ၏၊ ပုရောဟိတ်သည် မင်းကြီးကိုအမျိုးသမီးနှင့် ပေါင်းဖော်ရအောင်ဆောင်ရွက်မည်ဟု တင်လျှောက်ပြီးလျှင် မင်းကြီးကိုတင်းတိမ်ကာ ပြီးလျှင် သူကြွယ်အနီးသို့ သွား၍ ငိုကြွေး၏၊

သူကြွယ်သည်"အဘယ်ကြောင့် ငိုကြွေးသနည်း"ဟု မေး၏၊ ထိုအခါ ပုရောဟိတ်သည် "သူကြွယ်.... ခရီးသွားခိုက် အကျွန်ုပ်မယား မွေးဖွားရန် ကမ္ဗဇလေလှုပ်၍ပန်းလှုပါ၏၊ မိန်းမဘော်လည်းမရှိပါ၊ ဤလက်ထပ်ခဲ့သော အမျိုးသမီး လည်း စီးပွားချမ်းသာမင်္ဂလာဖြစ်ပါလတ့်၊ အမျိုးသမီးကို လွှတ်ပါ"ဟု ပြောဆိုတောင်းပန်၏၊ သူကြွယ်လည်းဟုတ် ပေသည်ဟု အမျိုးသမီးကို လွှတ်လိုက်၏။

**ကန့်လန့်ကာတွင်း ပေါက်ပြန်ခြင်း** အမျိုးသမီးလည်း အဟုတ်မှတ်၍လိုက် သွားရာ တင်းတိမ်တွင်းသို့ ရောက်၍မင်း ကြီးကိုမြင်လျှင် တပ်စွန်းသောစိတ် ရှိ သဖြင့် မင်းကြီးနှင့်အလိုရှိတိုင်း ပျော်ပါးပြီးလျှင် မင်းကြီး ပေးလိုက်သော လက်စွပ်ကို ယူ၍သွား၏၊ အမျိုးသမီးကို သူကြွယ်က မေးမြန်းရာ ရွှေအဆင်းနှင့်တူသော သား ယောကျ်ားကလေး ဖွားမြင်ကြောင်းကို ပြောဆို၏၊ ပုရော ဟိတ်လည်း မင်းကြီးထံသွား၍ လက်စွပ်ပေးလိုက်ကြောင်း သိပြန်လျှင် လိုက်၍ အကျွန်ုပ်မယားလက်စွပ်ကို ယူသွား ကြောင်းပြောပြန်ရာ သူကြွယ်က ပြန်၍ပေးစေ၏၊ အမျိုး သမီးလည်း သူခိုးယူလော ဟု ပြောဆိုကာ လက်ကိုဆိတ် လိုက်၏။

ပုရောဟိတ်လည်း မင်းကြီးကို ရှေ့သို့တဖန် စုံစမ်းရန် လျှောက်ထား၏၊ မင်းကြီးလည်း သိရပေပြီ ဟု ပြောဆိုကာ ရှေ့သို့ မသွားကြတော့ဘဲ နန်းတော်သို့ပြန်၍ ကိန္နရာဒေဝီ မိဖုရားကြီးကို ရာထူးမှချကာ အခြားမိန်းမ တယောက် ကို မိဖုယားကြီးမြှောက်လေ၏၊ ဆွံ့ကိုလည်း ဤနေရာမှ နှင်ထုတ်စေ၍ သပြေကိုင်းကိုလည်း ဖြတ်စေတော်မူ၏။

## ပဉ္စပါဒီ မိဖုရားကြီး

**အတွေ့ကောင်းလျက် အကြီးတန်ခဲ့**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗကမင်း မင်းပြုလေ၏၊ ထိုအခါ မြို့အရှေ့ တံခါးနေသော သူဆင်းရဲ တယောက်အား ပဉ္စပါဒီမည်သော သမီးတယောက်ရှိ၏၊ ထိုပဉ္စပါဒီသည် ရှေးဘဝက ပစ္စေက ဗုဒ္ဓါအား မြေစိုင်ခဲကို လှူခဲ့ဘူးသော ကောင်းမှုကြောင့် ကိုယ်အတွေ့ အလွန်နူးညံ့၏၊ အမျက်ထွက်၍ ကြည့်ဘူးသော မကောင်းမှုကြောင့် အဆင်းမလှ၊ လက်,ခြေ,ခံတွင်း,မျက်စိ,နှာခေါင်းတို့ကား ယုတ်မာကုန်၏၊ ထိုကြောင့် ထိုသတို့သမီးကို ပဉ္စပါဒီဟု မှည့်ခေါ်ကြ၏။

**လက်ကိုင်မိ၍ မင်းကြီးမေ့**

တနေ့သ၌ မင်းကြီးသည် စုံစမ်းရန် ညအခါမထင်ရှားသော အသွင်ဖြင့် မြို့တွင်းသို့လှည့်လေ၏၊ ပဉ္စပါဒီလည်းသူငယ်မဘော်တို့နှင့် ကစားစဉ် မသိသဖြင့် မင်းကြီး၏ လက်ကို ကိုင်မိ၏၊ မင်းကြီးလည်း အထိအတွေ့ကောင်းလှသဖြင့် မိန်းမော၍သွား၏၊ သတိရလျှင် မေး၍လင်မရှိသော အဖြစ်ကိုသိလျှင် မင်းကြီးသည် အိမ်သို့လိုက်၍ မိဘတို့ထံတောင်း၏၊မိဘတို့လည်း မိမိတို့သမီး အရုပ်ဆိုးလှသဖြင့် လိုချင်သူဝေးစွ၊မေးမြန်းသူမျှမရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ ပေးစားကြကုန်၏။

**မင်းကြီးရွေးကောက် မိဖုရားမြှောက်**

မင်းကြီးသည် နန်းတော်သို့ရောက်လျှင် အမတ်ကြီးတို့ ပဉ္စပါဒီ၏ ကိုယ်အတွေ့ ကိုသိရအောင် ပရိယာယ် ပြုပြီးလျှင်

ခေါ်ဆောင်ကာ မိဖုရားကြီးမြှောက်လေ၏၊ ထိုအခါမှစ၍ မင်းကြီးသည် တရားလည်းမဆုံးဖြတ်နိုင်၊ ပဉ္စပါဒီနှင့်သာ နေတော်မူ၏၊ အခြားမိဖုရားတို့ကို မိန်းမဟူ၍ပင် မမှတ်ထင်လေ၊ ထိုအခါ မိဖုရားတို့သည် ပဉ္စပါဒီကို နှင်ထုတ်စေရန် အခွင့်ကိုရှာ၍သာ နေကုန်၏။

**ပုဏ္ဏားတင်လျှောက် မင်းကြီးကြောက်**

တနေ့သ၌ ပဉ္စပါဒီ မိဖုရားကြီးသည် ဆင်ဖြူတော်သို့ တက်၍ လကိုသုံးသပ်ရသည်ဟု မင်းနှစ်ပါးတို့၏ မိဖုရားကြီးဖြစ်ရန်အကြောင်း နိမိတ်ကို အိပ်မက်မြင်၏၊ မင်းကြီးအား လျှောက်ထားလျှင် ပုဏ္ဏားတို့ကို ခေါ်၍မေး၏၊ မိဖုရားတို့ထံမှ တံစိုးလက်ဆောင်ကိုရသောပုဏ္ဏားတို့လည်း အဟုတ်အမှန်ကို မဘတ်ကြဘဲ "အရှင်မင်းကြီး.... ဆင်ဖြူတော်သို့ တက်ရ၏မက်ခြင်းကား မင်းကြီးနတ်ရွာစံအံ့သော နိမိတ်တည်း၊ လကိုသုံးသပ်ရ၏ မက်ခြင်းကား မင်း၏ရန်သူဖြစ်အံ့သော နိမိတ်တည်း"ဟု ပြော၏၊ "ဆရာတို့....အသို ပြုရအံ့နည်း"ဟု မေး၏၊ "အရှင်မင်းကြီး....မိဖုရားကြီးကို သတ်ခြင်းငှါ မတတ်ကောင်း၊ လှေပေါ်တင်၍ မြစ်ထဲ၌ မျှောတော်မူပါ"ဟု လျှောက်ထားကုန်၏။

**ဗာဝရိယမင်း ရွေးကောက်ခြင်း**

မင်းကြီးလည်း ချစ်လျက်ပင် ကြောက်ရွံ့သဖြင့် ပုဏ္ဏားတို့စကားကို နားထောင်၍ ညအခါ အစားအစာ အဝတ်တန်ဆာ အပြည့်အစုံနှင့် မိဖုရားကြီးကို လှေ၌တင်၍ မျှောလိုက်၏၊ မြစ်၌မျှောလတ်သော် ဗာဝရိယမင်းကြီးသည် အခြွေအရံနှင့် ရေသဘင်ကစားရာသို့ ရောက်လေ၏၊မင်းကြီးမြင်လျှင်

ရက်ခွဲသလောဟု လန့်ဖြတ်၍နေ၏၊ ပဉ္စပါပီသည် ပြုံးရယ်ကာ အကြောင်းစုံကို လျှောက်ထားလေ၏၊ မင်းကြီးသည် ပဉ္စပါပီကို လက်၌ကိုင်၍ ချီပွေ့၏၊ မင်းကြီးသည် အလွန်ကောင်းသော အတွေ့ကိုသိရလျှင် မိဖုရားကြီးမြှောက်၍ စံစားလေ၏၊ အခြားမိဖုရားတို့၌ ဂရုမစိုက်လေ။

**မင်းကြီးနှစ်ပါး ပျော်စံစား**

ဗကမင်းကြီး ထိုအကြောင်းကို ကြားလတ်သော် အလွန် အမျက်ထွက်၍ ဗိုလ်ပါဖြင့် စစ်ထိုးရန် မြစ်ဆိပ်သို့လာ၏၊ ဗာဝရိယမင်းကြီးကြားလျှင် စစ်ထိုးရန် မြစ်ဆိပ်သို့လာ၏၊ မင်းနှစ်ပါးတို့သည် ရင်ဆိုင်မိကြကုန်၏၊ ထိုအခါ မင်းနှစ်ပါးတို့၏ ပညာရှိ မှူးမတ်တို့သည် မင်းနှစ်ပါးတို့ မိန်းမအတွက် စစ်ဖြစ်ရန် ကိစ္စမရှိ၊ မင်းနှစ်ပါးလုံးပင် သက်ဆိုင်၏၊ သို့အတွက် ခုနစ်ရက်စီစံစားရန် ဖြန်ဖြေကြကုန်၏၊ မင်းနှစ်ပါးတို့လည်း နှစ်သက်၍ ခုနစ်ရက်စီစံစားရန် သဘောတူညီကြကုန်၏၊ ပဉ္စပါပီလည်း အိပ်မက်နိမိတ်အတိုင်း မင်းနှစ်ပါးတို့ မိဖုရားကြီးဖြစ်လေ၏။

**မြစ်လယ်လှေပေါ် ငကုံးနှင့်ပျော်**

ထိုအခါ မင်းတပါးမှတပါးထံသို့ ခုနစ်ရက်စေ့သောအခါ လှေဖြင့်ပို့ရသော သူကား အိုမင်းလှသော ငကုန်းဖြစ်လေ၏၊ ထိုငကုန်းသည် မင်းတပါးတို့ထံ လှေဖြင့် မိဖုရားကြီးကိုတင်ဆောင်ကာ ပို့ရ၏၊ မိဖုရားကြီးသည် မင်းနှစ်ပါးတို့ မိဖုရားကြီးဖြစ်၍ ကာမဂုဏ်ကိုခံစားရသော်လည်း တင်းတိမ်ခြင်းမရှိဘဲ မြစ်လယ်တွင် ငကုန်းနှင့်အလိုရှိတိုင်း ပျော်ပါးကာ ယုတ်မာသောအကျင့်ကို ကျင့်လေ၏။

## ဝိယင်္ဂါနီမိဖုရားကြီး

**မြင်းထိန်းနှင့်ပျော်ပါး မိဖုရား**

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်း၏မိဖုရားကြီးသည် ဝိယင်္ဂါနီ အမည်ရှိ၏၊ ထိုမိဖုရားကြီးသည် တနေ့သ၌ လေသွန်တံခါးဖြင့်ကြည့်ရာ မြင်းထိန်းကိုမြင်လျှင် တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ ညအခါ မင်းကြီးအိပ်ခန်းလေသွန်တံခါးမှဆင်း၍ မြင်းထိန်းနှင့် အလိုရှိတိုင်းပျော်ပါးပြီးမှ ပြန်၍အိပ်၏။

မင်းကြီးသည် အကြိမ်များသဖြင့် သိတော်မူလျှင် နံနက်အခါ မှူးမတ်တို့စုံညီ၍ မိဖုရားကြီးအမှုကို ထင်ရှားအောင်ပြုပြီးလျှင် မိန်းမတို့မည်သည် ယုတ်မာသောသဘောရှိ၏၊ ပညာရှိတို့ အမျက်မထွက်ရာဟု နှလုံးသွင်း၍သည်းခံတော်မူလျက် အပြစ်မပြုဘဲ ရာထူးမှချကာ အခြားမိန်းမကို မိဖုရားကြီးအရာ၌ ထားတော်မူ၏။

**မိန်းမတို့အပြစ်စု ဆုံးမမှု**

ထို့နောက် ကုဏာလဥဩ မင်းသည် တဖန် မိန်းမတို့အပြစ်ကို ဆက်၍ဟောပြန်၏။

မိန်းမတို့သည် တပ်မက်မောတတ် ကုန်၏၊ စိတ်မြန်ကုန်၏၊ သူ့ကျေးဇူးကိုမသိတတ်ကုန်၊ အဆွေခင်ပွန်းကိုပြစ်မှားတတ်ကုန်၏၊ မိန်းမတို့သီလရှိ၏ဟူသောစကားကို ရာဂနတ် မဖမ်းစားသောသူတို့သည် ယုံကြည်ခြင်းငှါ မထိုက်ကုန်။

မိန်းမတို့သည် မိမိအား ပြုဘူးသောကျေးဇူးကို မသိကုန်၊ အတုံ့ပြန်၍ ပြုရမည့်ကျေးဇူးကိုလည်း မသိကုန်၊

အမိ,အဘ, မောင်ကြီး,မောင်ငယ်, အစ်မကြီး,အစ်မငယ်, တို့ကိုလည်း မသိကုန်၊ ယုတ်မာသောအကျင့်ကိုကျင့်ရာ၌ အရှက်မရှိကုန်၊ ယောက်ျားကိုလွန်ကျူး၍ ကျင့်ကုန်၏၊ စိတ်အလိုသို့ လိုက်တတ်ကုန်၏။

ကြာမြင့်စွာ ပေါင်းသင်းနေထိုင်၍လည်း ချစ်ခင်အပ်, မြတ်နိုးအပ်, နှစ်သက်အပ်၍ အသက်နှင့်တူသော လင်ယောက်ျားကိုသော်လည်း ထိုထိုကိစ္စတို့ကြောင့်၎င်း, ဘေးရန်တို့ကြောင့်၎င်း စွန့်ပစ်တတ်ကုန်၏၊ ထို့ကြောင့် ငါမူကား မိန်းမ၌ အကျွမ်းမဝင်။

အမှန်အားဖြင့် မိန်းမတို့စိတ်သည် မျောက်စိတ်နှင့်တူကုန်၏၊ သစ်ပင်ရိပ်သည် ခိုနားသူတိုင်း ခိုနားသူတိုင်းကို လွှမ်းမိုးသကဲ့သို့ဖြစ်၏၊ မိန်းမတို့စိတ်သည် အလွန်တုန်လှုပ်တတ်၏၊ လှည်းဘီး၏အကွပ်ကဲ့သို့ လည်တတ်၏။

မိန်းမတို့သည် ယောက်ျားတို့ထံ၌ ယူစရာပစ္စည်းဥစ္စာကိုတွေ့မြင်သောအခါ သိမ်မွေ့နူးညံ့သောစကားတို့ဖြင့်ပြောကာ ပလီကာ ယူတတ်ကုန်၏၊ ကမ္ဘောဇတိုင်းသားတို့သည် ရေ၌ဖြစ်သောမှော် ပင်ဖြင့် မြင်းတို့ကို ဆောင်ယူသကဲ့သို့တည်း၊ ယူစရာ ပစ္စည်းဥစ္စာ မတွေ့မမြင်သောအခါ ဝေးစွာရှောင်ကြဉ်ကုန်၏၊ မြစ်တဘက်သို့ ကူးမြောက်ပြီးသောသူသည် ကမ်းကို မကြည့်သကဲ့သို့တည်း။

မိန်းမတို့သည် ကပ်ငြိတတ်သော မျောက်နွဲ့စေးနှင့်တူကုန်၏၊ အလုံးစုံ ကောင်းမကောင်းကို လောင်ကျွမ်းတတ်သောမီးနှင့် တူကုန်၏၊ လျင်မြန်သောအယဉ်ရှိသော မြစ်

နှင့်တူကုန်၏၊ ထက်သောမာယာရှိကုန်၏၊ ချစ်သူ မုန်းသူ နှစ်မျိုးလုံးကိုမှီဝဲတတ်သဖြင့် ကမ်းနှစ်ဘက်လုံးကို မှီဝဲသော လှေနှင့်တူကုန်၏။

မိန်းမတို့သည် တယောက်နှင့်လည်း တင်းမတိမ်ကုန်၊ နှစ်ယောက်နှင့်လည်း တင်းမတိမ်ကုန်၊ လူအများနှင့်ဆက်ဆံသော အိမ်ဈေး နှင့်တူကုန်၏၊ မိန်းမတို့ကို ငါ့မယားဟု မှတ်ထင်သော ယောကျ်ားသည် လေကိုပိုက်ကွန်နှင့် ဖမ်းသကဲ့သို့တည်း။

လောက၌ မိန်းမတို့သည် မြစ်ဆိပ်နှင့် တူကုန်၏၊ ခရီးလမ်းနှင့်တူကုန်၏၊ သေတင်းကုပ်နှင့်တူကုန်၏၊ ရေအိုးစင်နှင့်တူကုန်၏၊ ပွဲသဘင်နှင့် တူကုန်၏၊ မိန်းမတို့အား အချိန်အခါမည်သည် မရှိကုန်။

မိန်းမတို့သည် မီးနှင့်တူကုန်၏၊ မြွေဟောက်ဦးခေါင်းနှင့်တူကုန်၏၊ နွားတို့သည် ကောင်းနိုးရာရာမြက်ကို ရှာ၍စားကုန်သကဲ့သို့ ကောင်းနိုးရာရာကိုရှာ၍ ခံစားကုန်၏။

မီး,ဆင်,မြွေ,မင်း,မိန်းမ ဤငါးဦးတို့ကိုမမှီဝဲရာ၊ ဤငါးဦးတို့အလိုဆန္ဒသဘောကို အလွန်သိနိုင်ခဲ၏။

**မမှီဝဲအပ်သောမိန်းမငါးယောက်**

(၁) အလွန်အဆင်းလှသောမိန်းမကိုမမှီဝဲအပ်။
(၂) အလွန် ချစ်ခင်နှစ်သက်သူ များသောမိန်းမကို မမှီဝဲအပ်။
(၃) ကချေသည် သီချင်းသည်မကို မမှီဝဲအပ်။
(၄) သူတပါး၏မယားကို မမှီဝဲအပ်။
(၅) ဥစ္စာကိုလို၍ မိမိထံဆည်းကပ်လာသော မိန်းမကို အရှင်မရှိသော်လည်း မမှီဝဲအပ်။

ဤငါးယောက်သောမိန်းမတို့ကို မမှီဝဲအပ်ကုန်၊ ဤသို့ဟောအပ်သည်ရှိသော် များစွာသောလူတို့သည် ကောင်းချီးပေးကြကုန်၏၊ ကုဏာလဥဩမင်းလည်း မိန်းမတို့ကျေးဇူးမဲ့ကိုဟောပြောပြီးလျှင် ဆိတ်ဆိတ်သာနေ၏။

**အာနန္ဒာလင်းတမင်း၏တရား**

ကုဏာလဥဩမင်းမိန်းမတို့ကျေးဇူးမဲ့ကို ပြောဟောပြီးနောက် အာနန္ဒာလင်းတမင်းသည် မိမိဉာဏ်စွမ်းဖြင့်မိန်းမတို့ကျေးဇူးမဲ့ကို အောက်ပါအတိုင်း ဟောပြောပြန်၏။

မိန်းမတို့သည် ချစ်မြတ်နိုးသဖြင့် ဥစ္စာ အလုံးစုံဖြင့် ပြည့်သော မြေကြီးကိုပေးသောယောကျာ်းကိုသော်လည်း အခွင့်ရသည်ရှိသော် မထေမဲ့မြင်ပြုကုန်၏၊ ယုတ်မာသော မိန်းမတို့အလိုသို့ မလိုက်ရာ။

အကယ်၍လည်း မတွန့်မတိုသည်ဖြစ်၍ လုံ့လပြုရာ၏၊ ချစ်နှစ်သက်ဘွယ်ကောင်း၍ အသက်အရွယ် နုနယ်သော ယောကျာ်းကိုသော်လည်း ထိုထိုကိစ္စ ဘေးရန်တို့ကြောင့် စွန့်တတ်ကုန်၏၊ ထို့ကြောင့် အကျွမ်းမဝင်ပါ။

ယောကျာ်းသည် မိန်းမတို့ကို ငါ့ကိုချစ်နှစ်သက်၏ဟု မှတ်ထင်၍ငင်း, ငါ၌ကြင်နာ၏ဟု မှတ်ထင်၍ငင်း အကျွမ်းမဝင်ရာ၊ လှေသည် ဟိုဘက်ကမ်း သည်ဘက်ကမ်းကို မှီဝဲသကဲ့သို့ ချစ်သူမုန်းသူတို့ကို မှီဝဲတတ်ကုန်၏။

ဟောင်းနွမ်းပြီးသော သစ်ရွက်အခင်း ၊အဆွေခင်ပွန်းကောင်းဖြစ်သော သူခိုး၊ အဘိသိက်သွန်းပြီးသော မင်း၊ သားတကျိပ်၏ အမိဖြစ်သော မိန်းမ၊ ဤလေးဦးတို့ကို အကျွမ်းမဝင်ရာ။

မိန်းမတို့သည် လူမိုက်တို့မွေလျော်ခြင်းကို ပြုတတ်ကုန်၏၊လွန်ကျူး၍ကျင့်တတ်ကုန်၏၊ကိုယ်နှုတ်နှလုံးကို မစောင့်ကုန်၊ ထိုကြောင့်အကျွမ်းမဝင်ရာ၊ မိမိနှင့် အချစ်တူသောမယားကိုသော်လည်း အကျွမ်းမဝင်ရာ၊ စင်စစ် မိန်းမတို့သည် မြွေဆိပ်နှင့် တူကုန်၏။

မိန်းမတို့သည် လင်ကို ကိုယ်တိုင်လည်း သတ်ဖြတ်ညှဉ်းဆဲတတ်ကုန်၏၊ သူတပါးတို့ကိုလည်း သတ်ဖြတ် ညှဉ်းဆဲစေကုန်၏၊ လည်ပင်းကိုဖြတ်၍ သွေးကို သောက်တတ်ကုန်၏၊ ယုတ်မာကုန်၏၊ဂင်္ဂါမြွေဆိပ်နှင့် တူကုန်၏၊ ထိုကြောင့် မိန်းမတို့ကို မချစ်ခင်ရာ။

မိန်းမတို့၏ မုသားသည် သစ္စာနှင့်တူ၏၊ သစ္စာသည် မုသားနှင့်တူ၏၊ကောင်းနိုးရာရာ မြက်ကိုရှာ၍စားသောနွားတို့ကဲ့သို့ ကောင်းနိုးရာရာကိုရှာ၍ ခံစားတတ်ကုန်၏၊ မိန်းမတို့သည် သွားခြင်းဖြင့်၎င်း, ကြည့်ရှုခြင်းဖြင့်၎င်း, ပြုံးရယ်ခြင်းဖြင့်၎င်း, အဝတ်ကို မကောင်းသော ဝတ်ခြင်းဖြင့်၎င်း, သာယာစွာပြောဆိုခြင်းဖြင့်၎င်း ဖြားယောင်းသွေးဆောင်တတ်ကုန်၏။

မိန်းမတို့သည် သူခိုးနှင့်တူကုန်၏၊ ခက်ထန်ကုန်၏၊ ကြမ်းကြုတ်ကုန်၏၊ အကျိုးမဲ့ကိုပြောဆိုရာ၌ သကာခဲကို စားရသကဲ့သို့ သာယာကုန်၏၊ စိုးစဉ်းမျှသော အကြံအစည်ကို မသိကုန်၊ လှည့်ပတ်ခြင်းကို မသိကုန်။

မိန်းမတို့သည် သတိမရှိသည်ဖြစ်၍ ယုတ်မာကုန်၏၊ အပိုင်းအခြားမသိကုန်၊အမြဲတပ်စွန်းကုန်၏၊မာန်မူတတ်ကုန်၏၊ အလုံးစုံကောင်းမကောင်းကို လောင်ကျွမ်းတတ်သော မီးနှင့်တူကုန်၏။

မိန်းမတို့သည် ဆင်ထိန်း, မြင်းထိန်း, နွားထိန်း, သူကောင်ဖုတ်, ဒွန်းစဏ္ဍား, ပန်းမှိုက်သွန်၊ ဤအလုံးစုံသောယောကျ်ားတို့ကို ဥစ္စာပစ္စည်းရှိသောအခါ အစဥ်လိုက်တတ်ကုန်၏၊ ဥစ္စာပစ္စည်းမရှိသောအခါ အမျိုးကောင်းသားကိုသော်လည်း စွန့်ပစ်တတ်ကုန်၏။

ဤသို့လျှင် အာနန္ဒာမည်သော လင်းတမင်းသည် မိမိဉာဏ်စွမ်းဖြင့် မိန်းမတို့ ကျေးဇူးမဲ့ကို ဟောပြောပြီးလျှင် ဆိတ်ဆိတ်နေ၏။

နာရဒရသေ့တရား

ထိုနောက်နာရဒရသေ့သည် မိမိဉာဏ်စွမ်းဖြင့် မိန်းမတို့ကျေးဇူးမဲ့ကို အောက်ပါအတိုင်း ဟောပြောပြန်၏။

(၁) မဟာသမုဒ္ဒရာ,
(၂) ပုဏ္ဏား,
(၃) မင်း,
(၄) မိန်းမ,
ဤလေးယောက်သောသူတို့သည် မပြည့်နိုင်ကုန်။

မဟာသမုဒ္ဒရာသည် မြေပြင်ရှိမြစ်ကြီးငါးသွယ်,မြစ်ငယ်ငါးရာတို့မှစီးဝင်သောရေတို့ဖြင့် မပြည့်နိုင်၊ ယုတ်လျော့၍သာနေ၏။

ပုဏ္ဏားသည် ဗုတိဟာသကျမ်းလျှင် ငါးခုမြောက်ဖြစ်သော ဗေဒင်လေးပုံကို သင်ကြားရသော်လည်း အကြားအမြင် ပညာဖြင့်မပြည့်နိုင်၊ ယုတ်လျော့၍သာနေ၏။

မင်းသည် စကြဝဠာတောင်ဖြင့် ပိုင်းခြားအပ်သော ကျွန်းငယ်နှစ်ထောင် အရံရှိသော ကျွန်းကြီးလေးကျွန်းကို အောင်နိုင် အုပ်စိုးရသော်လည်း မပြည့်နိုင်၊ ယုတ်လျော့၍ သာနေ၏။

မိန်းမသည် ကာမဂုဏ်၌ရဲရင့်အားကြီး၍ ကာမဂုဏ် အရသာအလုံးစုံကို ဆောင်စွမ်းနိုင်သော ယောကျာ်းရှစ် ယောက်၌ ပေါင်းဘော်ရသော်လည်း ကိုးယောက်မြောက် ယောကျာ်းကို တောင့်တပြန်၏၊ မပြည့်နိုင် ယုတ်လျော့၍ သာနေ၏။

အလုံးစုံသောမိန်းမတို့သည် အလုံးစုံကို လောင်ကျွမ်း တတ်သော မီးနှင့်တူကုန်၏၊ အလုံးစုံကိုမျောတတ်သော မြစ်နှင့်တူကုန်၏၊ အဆူးရှိသော သစ်ခက်နှင့် တူကုန်၏၊ ဥစ္စာကိုလိုချင်သဖြင့် ယောကျာ်းတပါးသို့ကပ်တတ်ကုန်၏။

အလုံးစုံသောအလိုကို မိန်းမတို့၌ စွန့်လွှတ်၍ထားအပ် သော ယောကျာ်းသည် လေကို ပိုက်ကွန်ဖြင့်ဖမ်းသည်နှင့် တူ၏၊ သမုဒ္ဒရာရေကို လက်တဘက်ဖြင့်ခတ်၍ သွန်သည်နှင့် တူ၏၊ လက်တဘက်ထည်းဖြင့် အသံမြည်အောင် တီးသည် နှင့်တူ၏။

မိန်းမတို့၌ မှန်သောစကားကို အလွန်ရခဲ၏လျှ၊ သူခိုး နှင့်တူ၍ ဥပါယ်တမျဉ်များသော မိန်းမတို့အလိုကို သိနိုင် ခဲ့ကုန်၏၊ ရေ၌သွားသောငါးကို သိနိုင်ခဲသကဲ့သို့တည်း။

မိန်းမတို့သည် သုံးပါးသောတရားဖြင့် မရောင့်ရဲနိုင် ကုန်၊ နူးညံ့ချိုသာသောစကားကို ဆိုကုန်၏၊ ကိလေသာ ဖြင့်မပြည့်နိုင်သဖြင့် မြစ်နှင့်တူကုန်၏၊မိန်းမတို့သည် အပါယ်

လေးပါးသို့ နစ်မြုပ်စေတတ်ကုန်၏ဟုသိ၍ ဝေးစွာရှောင်ကြဉ်ရာ၏။

မိန်းမတို့သည် များသောမာယာရှိကုန်သဖြင့် မျက်လှည့်သည်နှင့်တူကုန်၏၊ မြတ်သောအကျင့်ကို ဖျက်ဆီးတတ်ကုန်၏၊ အပါယ်လေးပါးသို့ နစ်မြုပ်စေတတ်ကုန်၏ဟု သိ၍ ဝေးစွာရှောင်ကြဉ်ရာ၏။

မိန်းမတို့သည် ချစ်ခင် နှစ်သက်သောကြောင့်၎င်း,ဥစ္စာကြောင့်၎င်း, ယောကျ်ားကိုမှီဝဲတတ်ကုန်၏၊ မီးသည် မိမိ၏ မှီရာဝတ္ထုကို လောင်ကျွမ်းသကဲ့သို့ ထို့အတူ မိမိမှီရာယောကျ်ားကို လျင်စွာ လောင်ကျွမ်းတတ်ကုန်၏။

ဤသို့လျှင် နာရဒရသေ့သည် မိမိဉာဏ်စွမ်းဖြင့် မိန်းမတို့ကျေးဇူးမဲ့ကိုဟောပြောပြီး၍ ဆိတ်ဆိတ်သာနေ၏၊ ထိုနောက် တဖန် ကုဏာလငှက်မင်းသည် အထူးအားဖြင့် မိန်းမတို့ကျေးဇူးမဲ့တို့ကို တဖန်ဟောပြောပြန်၏။

ပညာရှိသော ယောကျ်ားသည် ထက်စွာ သွေးအပ်ပြီးသော သန်လျက်လက်၌ ရှိသောသူနှင့်၎င်း, အမျက်ဒေါသ ဟုန်းဟုန်းထနေသော ဘီလူးနှင့်၎င်း စကားပြောရာ၏၊ လတ်တလော သေစေသော အဆိပ်ရှိသော မြွေကိုလည်း ကိုင်ရာ၏၊ မိန်းမတို့နှင့် တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ စကားမပြောရာ။

အမှန်အားဖြင့် မိန်းမတို့သည် လူတို့၏ စိတ်ကိုညှဉ်းဆဲတတ်ကုန်၏၊ ကခြင်း,သီခြင်း,တီးမှုတ်ခြင်း ပြုံးရယ်ခြင်းစသောလက်နက်ရှိကုန်၏၊ သတိကင်းသော ယောကျ်ားကို နှိပ်စက်တတ်ကုန်၏၊ ရက္ခိုသ်ဘီလူးသည် သမုဒ္ဒရာ ကျွန်းငယ်၌ ကုန်သည်တို့ကို ဖမ်းစားသကဲ့သို့တည်း။

မိန်းမတို့အား ကောင်းသော အကျင့်မည်သည်မရှိ၊ စောင့်စည်းခြင်းမည်သည်မရှိ၊ သေရည်အရက် ငါးအမဲနှင့် မွေ့လျော်ကုန်၏၊ကိုယ်နှုတ်နှလုံးကိုမစောင့်ကုန်၊ယောကျ်ားတို့ ဆောင်ယူ ရှာဖွေထားသော ပစ္စည်းဥစ္စာကို ဖျက်ဆီးတတ်ကုန်၏၊ တိမိင်္ဂလမည်သော ငါးကြီးသည် သမုဒ္ဒရာ၌ မကာရ်းကို စားမျိုသကဲ့သို့တည်း။

မိန်းမတို့သည် ကာမဂုဏ် ငါးပါး၌ သာယာဘွယ် အာရုံဖြစ်ကုန်၏၊ တက်ကြွသောစိတ်ရှိကုန်၏၊ မမြဲကုန်၊ မစောင့်စည်းကုန်၊ မွေ့လျော့သော ယောကျ်ားအနီးသို့ ကပ်တတ်ကုန်၏၊ မြစ်တို့သည် သမုဒ္ဒရာသို့ စီးဝင်ကုန်သကဲ့သို့တည်း။

မိန်းမတို့သည် ချစ်ခင်နှစ်သက်သဖြင့်၎င်း, ကာမဂုဏ်ဖြင့် မွေ့လျော် လိုသဖြင့်၎င်း, ဥစ္စာကို လိုသဖြင့်၎င်း၊ ယောကျ်ားကို သွေးဆောင်ဖြားယောင်းတတ်ကုန်၏၊ ရာဂဒေါသဖြင့်နှိပ်စက်ကုန်သော မိန်းမတို့သည် မီးကဲ့သို့ မှီရာယောကျ်ားကို လောင်တတ်ကုန်၏။

မိန်းမတို့သည် ပစ္စည်းဥစ္စာ ကုံလုံ ကြွယ်ဝသော ယောကျ်ားကိုသိ၍ မိမိဥစ္စာကိုပေး၍ ကိုယ်အတ္တဘောနှင့်တကွ အနီးသို့ ချဉ်းကပ်တတ်ကုန်၏၊ တပ်စွန်းသော စိတ်ရှိသောယောကျ်ားကို အလွန်ရစ်ပတ် တတ်ကုန်၏၊ တောတွင်း၌ပြိတ်နွယ်သည် အင်ကြင်းပင်ကို ရစ်ပတ်သကဲ့သို့တည်း။

မိန်းမတို့သည် တန်ဆာ ဆင်ကုန်သောကြောင့် ဆန်းကြယ်သော ကိုယ်မျက်နှာရှိကုန်သည်ဖြစ်၍ အထူးထူးသော အလိုဆန္ဒဖြင့် ယောကျ်ားကို ကပ်ကုန်၏၊ ပြင်းစွာရယ်

တတ်ကုန်၏၊ ညှင်းညှင်းရယ်တတ်ကုန်၏၊ မျက်လှည့်သည် ရာဟုအသူရိန်နှင့် တူကုန်၏၊ မာယာများစွာ၌ လိမ်မာကုန်၏။

မိန်းမတို့သည် ရွှေငွေ ပတ္တမြား ပုလဲစသည်တို့ဖြင့် တန်ဆာ ဆင်အပ်ကုန်သည်ဖြစ်၍ လင်အိမ်တို့၌ အရိုအသေပြု အပ်ကုန်သော်လည်း မစောင့်ရှောက်ကုန်၊ လင်ကိုကြုံးလွန်၍ ကျင့်တတ်ကုန်၏၊ ဒါနေဘတီလူး၏ဝမ်း၌ ထားသော မိန်းမသည် ဒါနေဘတီလူးကို ကြုံးလွန်၍ ကျင့်သကဲ့သို့ တည်း။

အမှန်အားဖြင့် တန်ခိုးကြီး၍ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံလျက် များစွာသော လူတို့အရိုအသေ ပြုအပ်ပူဇော်အပ်သော ယောကျ်ားသည်လည်း မိန်းမတို့၏ အလိုသို့ လိုက်သည်ရှိသော် မတင့်တယ်၊ ရာဟုအသူရိန် ဖမ်းအပ်သော လကဲ့သို့တည်း။

အမျက်ထွက်ကာ ပျက်စီးသော စိတ်ရှိသော သူသည် အရပ်ထက်ဝန်းကျင်မှ မိမိအလိုသို့ ရောက်လာသောရန်သူကို ပျက်စီးခြင်းသို့ ရောက်စေရာ၏၊ ထိုရန်သူ ပျက်စီးသော ထက် တဏှာဖြင့် ငဲ့ကာ မိန်းမအလိုသို့လိုက်သောသူသည် လွန်စွာ ပျက်စီးခြင်းသို့ ရောက်ရာ၏။

မိန်းမတို့သည် ဆံပင်ကိုနုတ်ခြင်း လက်သည်း ခြေသည်းတို့ကိုချိုးဖဲ့ခြင်းတို့ဖြင့် မြိမ်းချောက်ကာ ခြေလက်တတောင်ကြိုး လှံတံတို့ဖြင့် ရိုက်နှက် ပုတ်ခတ် ကုန်သော်လည်း ယုတ်မာကုန်သည်သာတည်း၊ယင်တို့သည်အပုပ်၌မွေ့လျော်ကုန်သကဲ့သို့ အယုတ်တရား၌သာ မွေ့လျော်ကြကုန်၏။

မိန်းမတို့သည် လင်အိမ်, ခရီးလမ်းမ, မင်းနေပြည်, ရွာ, နိဂုံးတို့၌ ထောင်မြဲဖြစ်သော ကိလေသာတည်းဟူသော ကျော့ကွင်း, ကုတ်, ညွှတ်ကို ထောင်ကြကုန်၏၊ ထိုကျော့ကွင်း, ကုတ်, ညွှတ်တို့ကို ချမ်းသာကို အလိုရှိလျက် ပညာမျက်စိရှိသောသူတို့သည် ရှောင်ကြဉ်ကုန်ရာ၏။

ကုသိုလ်ဟုဆိုအပ်သော မြိုးမြီသော အကျင့်တည်းဟူသော ဂုဏ်ကျေးဇူးကို စွန့်လွှတ်၍ ကာမဂုဏ်ဟူသော ယုတ်မာသော အကျင့်တို့ကို ကျင့်သောသူကို နတ်တို့သည် ငရဲသို့ ဆောင်ယူကုန်လတ့်၊ ကုန်သည်သည် အဘိုး ဥစ္စာပေး၍ စဉ့်ကျောက်ကို ဝယ်ယူသကဲ့သို့တည်း။

ဉာဏ် ပညာနည်းသောသူသည် ဤပစ္စုပ္ပန်ဘဝ၌လည်း ကဲ့ရဲ့အပ်သည်ဖြစ်၍ တမလွန်ဘဝ၌လည်း မိမိပြုအပ်သော အကုသိုလ်သည် ဖျက်ဆီးအပ်သည်ဖြစ်၍ လူ့ပြည်နတ်ပြည်မှ ဆုံးရှုံးလျောကျကာ မြင့်ရှည်စွာ အပါယ်လေးပါး၌ ဖြစ်ရလတ့်၊ မြင်းပျက်ကသောရထားသည် ခရီးလမ်းမဟုတ်သည်၌ သွားသကဲ့သို့တည်း။

ကာမဂုဏ်၌ စွဲလမ်းမက်မောသူသည် ပတာပနရဲသို့ ရောက်ရ၏၊ သံအတိပြီး၍ လှံသွားကဲ့သို့အဆူးရှိသော လက်ပံတောသို့ရောက်ရ၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်ပြီး၍ ပြိတ္တာအသုရကာယ်မှ မလွတ်နိုင်။

မိန်းမတို့သည် မေ့လျော့သော ယောက်ျားတို့အား နတ်ပြည် နန္ဒဝန်ဥယျာဉ်၌ မွေ့လျော်ခြင်းကိုငင်း၊ လူ့ပြည်၌ စကြဝတေးမင်း၏စည်းစိမ်ချမ်းသာကိုငင်း ဖျက်ဆီးတတ်ကုန်၏၊ ထိုမေ့လျော့သောယောက်ျားကို အပါယ်လေးပါးသို့ ရောက်စေတတ်ကုန်၏။

မိန်းမတို့ကို အလိုမရှိ စွန့်လွှတ်ကာ မြတ်သောအကျင့်ကို ကျင့်သောယောကျ်ားတို့သည် နတ်ပြည်၌ဖြစ်သော မွေးထုံးခြင်း,မွေ့လျော်ခြင်းတို့ကို ရလွယ်ကုန်၏၊ လူ့ပြည်၌ဖြစ်သော စကြဝတေးမင်းစည်းစိမ်ကိုလည်း ရလွယ်ကုန်၏၊ ရွှေဗိမာန်၌နေသော နတ်သမီးတို့ကိုလည်း ရလွယ်ကုန်၏။

မိန်းမတို့ကို အလိုမရှိ စွန့်လွှတ်ကာ မြတ်သောအကျင့်ကို ကျင့်ကုန်သောယောကျ်ားတို့သည် ကာမဘုံကို လွန်မြောက်၍ ရူပဘုံကို ရလွယ်ကုန်၏၊ သုဒ္ဓါဝါသဘုံကို ရလွယ်ကုန်၏။

မိန်းမတို့ကို အလိုမရှိ စွန့်လွှတ်ကာ မြတ်သောအကျင့်ကို ကျင့်ကုန်၍ ကိလေသာငြိမ်းအေးသဖြင့် စင်ကြယ်သော ယောကျ်ားတို့သည် အလုံးစုံသော ဆင်းရဲမှ လွန်မြောက်ရာ စင်စစ်မတုန်လှုပ်ရာ၊ အကြောင်းတရား လေးပါးတို့ကင်းရာ၊နိဗ္ဗာန်ကို ရလွယ်ကုန်၏။

**ဥဒြေမင်းဆုံးမချီးမွမ်းကြ**

ဤသို့လျှင် ကုဏာလ ဥဒြေမင်းသည် အမြိုက်နိဗ္ဗာန်သို့ရောက်စေသဖြင့် ဓမ္မဒေသနာကို ပြီးဆုံးစေတော်မူ၏၊ ထိုအခါရောက်လာကြသော ပရိသတ်တို့သည် ဩ....အံ့ဘွယ်ရှိပေစွ၊ သဗ္ဗညုဘုရား၏ တင့်တယ်စမ္ပယ်ခြင်းဖြင့် ဟောတော်မူပေ၏၊ ဟု ချီးမွမ်းကာ တခဲနက်ကောင်းချီးပေးကြကုန်၏။

တရားပွဲကြီး ပြီးဆုံးသောအခါ အာနန္ဒာ မည်သော လင်းတမင်း, နာရဒရသေ့, ပုဏ္ဏမုခ မည်သော ဖုဿဥဒြေတို့သည် မိမိတို့အခြွေအရံ ပရိသတ်နှင့်တကွ မိမိတို့နေရာသို့

ပြန်ကြကုန်၏၊ ကြိုးကြားကြိုးကြားလည်း ကုဏာလဥဒြ မင်းထံလာကြ၍ အဆုံးအမကို ခံယူကြကုန်၏၊ သေလွန်သောအခါ နတ်ပြည်သို့ လားကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏမုခမည်သော ဖုဿဥဒြသည်-ယခုအခါ ဥဒါယီ။

※ အာနန္ဒာမည်သော လင်းတမင်းသည်-အာနန္ဒာ။

※ နာရဒရသေ့သည်-သာရိပုတ္တရာ။

※ ကုဏာလငှက်မင်း၏ ပရိသတ်- ဘုရားပရိသတ်။

※ ကုဏာလငှက်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမပြစ်တွဲ၊ ကျေးဇူးမဲ့၊ ချွဲ၍မကုန်ပြန်။
(၂) အကောင်းမပါ၊ အဆိုးသာ၊ သေချာမိန့်မြွက်ပြန်။
(၃) ပရိယာယ်များ၊ မာယာများ၊ ဆန်းပြားမိန်းမဟန်။
(၄) သူတွေ့တိုင်းဖမ်း၊ အကျင့်ရမ်း၊ သွမ်း၍ဆိုးတတ်ပြန်။
(၅) ကျင့်မြတ်ကိုဖျက်၊ ပါယ်တွင်းနက်၊ ပျက်၍အကျင့်တန်။
(၆) ပညာရှင်ကား၊ မိန်းမနား၊ သွားဘို့မထိုက်တန်။
(၇) မိန်းမလိုလိုက်၊ လူငမိုက်၊ စရိုက်ဆိုးလိမ့်မှန်။
(၈) ဆင်းရဲကြောက်သူ၊ မိန်းမဟူ၊ မယူရှောင်ကွင်းရန်။
(၉) မိန်းမစွန့်ပယ်၊ ကျင့်မြတ်ဘွယ်၊ ရောက်လွယ်ပြည်နိဗ္ဗာန်။

မဟာကုဏာလ ဇာတ်ပြီး၏။

# ၅၃၇–မဟာသုတသောမဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ယဉ်ကျေးအောင်ပြုဆုံးမမှု

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အင်္ဂုလိမာလမထေရ်သည် သစ္စာပြုသဖြင့် သားမဖွားနိုင်သော မိန်းမတို့အား ချမ်းသာစွာ သားဖွားနိုင်သည်ကို ပြုသောအခါမှစ၍ ရလွယ်သော ဆွမ်းရှိသည်ဖြစ်၍ နောက်အဘို့၌ ရဟန္တာအဖြစ်သို့ရောက်၍ ရှစ်ကျိပ်သော သာဝကကြီးတို့တွင် တပါးအပါအဝင်ဖြစ်လေ၏။

တနေ့သ၌ ရဟန်းတို့သည်တရားသဘင်၌ "ငါ့ရှင်တို့•• အံ့ဩဘွယ်ရှိပေစွ၊ မြတ်စွာဘုရားသည် ရုန့်ရင်းကြမ်းကြုတ်သဖြင့် ရက်စက်စွာ လူတို့ကိုသတ်ဖြတ်နေသော သူခိုးကြီးအင်္ဂုလိမာလကို စဉ်လျက်လည်း လက်နက်မပါဘဲ ယဉ်ကျေးအောင်ဆုံးမတော်မူနိုင်ပေ၏၊ အဆိပ်မရှိသည်ကို ပြုတော်မူနိုင်ပေ၏"ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့···· ယခုအခါ၌သာ အင်္ဂုလိမာလကို ဆုံးမတော်မူနိုင်သည်မဟုတ်၊ ရှေးအခါ၌လည်း ဆုံးမတော် မူနိုင်ပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မင်းသားနှစ်ပါး ပညာသင်သွား

လွန်လေ ပြီးသောအခါ ကုရုတိုင်းဣန္ဒပတ္ထနဂိုရ်ပြည်ဝယ် ကောရဗျမင်းသည် ဆယ်ပါးသော ရာဇဓမ္မနှင့်အညီ

မင်းပြုတော်မူ၏၊ ထိုအခါ ဘုရားအလောင်းသည် မိဖုရားကြီးဝမ်း၌ဖြစ်၍ ဖွားမြင်သောအခါ ရွှေအဆင်းနှင့် တူသော ဝါဝင်းသောအဆင်း, အကြားအမြင်ဟူသော နှစ်သက်ဘွယ်ဥစ္စာရှိသောကြောင့် သုတသောမဟု အမည်မှည့်ကုန်၏။

ထိုသုတသောမ မင်းသားသည် အရွယ်သို့ရောက်သောအခါ ဆရာစားအလို့ငှါ ရွှေစင်နိက္ခ တထောင်ကိုယူ၍ အတတ်ပညာသင်ကြားရန် တက္ကသိုလ်ပြည်သို့သွား၏၊ ထိုအခိုက် ဗာရာဏသီပြည် ကာသိကမင်း၏ သားတော် ဗြဟ္မဒတ်မင်းသားလည်း အတတ်ပညာ သင်ကြားရန် တက္ကသိုလ်ပြည်သို့သွား၏၊ ထိုမင်းသား နှစ်ပါးတို့သည် တက္ကသိုလ်မြို့ တံခါးသို့တပြိုင်နက်ရောက်ကြကုန်၏၊စရပ်သို့ဝင်၍ ပျဉ်ချပ်တခုထည်း၌ ထိုင်ကြကုန်၏။

**မျိုးဇာတ်တူမှ မိတ်ဆွေပြု**

ရှေးဦးစွာ သုတသောမ မင်းသားသည် ဗြဟ္မဒတ်မင်းသားကို အကြောင်းအရာကိုမေး၏၊ ဗြဟ္မဒတ် မင်းသားသည် ဗြဟ္မဒတ်မည်ကြောင်း ကာသိကမင်းကြီး၏သားတော်ဖြစ်ကြောင်း အတတ်ပညာ သင်ကြားရန် လာကြောင်းတို့ကို ပြောဆို၏၊ နောက်ဗြဟ္မဒတ်မင်းသားသည် အကြောင်းအရာကို မေးပြန်၏၊ သုတသောမ မင်းသားသည်လည်း သုတသောမမည်ကြောင်း ကောရဗျမင်းကြီး၏ သားတော်ဖြစ်ကြောင်း အတတ်ပညာသင်ကြားရန်လာကြောင်းတို့ကို ပြောဆိုပြန်၏၊ ထိုအခါ မင်းသားတို့သည် အမျိုးဇာတ် တူကြောင်းကို သိ၍ အချင်းချင်း အဆွေခင်ပွန်းဖွဲ့ကြကုန်၏။

**ပညာတတ်မြောက်**
**အပြီးသို့ရောက်**

ထိုနောက် မင်းသား နှစ်ပါးတို့သည် မြို့တွင်းသို့ဝင်၍ ဒိသာပါမောက္ခ ဆရာကြီးထံသို့သွားပြီးလျှင် ဆရာစား ပေးကာ အတူတကွအတတ်ပညာကိုသင်ကြားကုန်၏၊ ထိုအခါ ဒိသာပါမောက္ခဆရာကြီးထံ၌ ထိုမင်းသား နှစ်ပါးတို့သာမဟုတ်ကုန်၊ဇမ္ဗူဒိပ်ကျွန်းတွင် တရာ့တပါးသောမင်းတို့၏ သားတော်တို့လည်း ပညာသင်ကြားလျက် ရှိကြကုန်၏၊ သုတသောမ မင်းသား တပည့်တို့တွင် အကြီးဆုံးတပည့် ဖြစ်၏၊ မကြာမီ အတတ်ပညာအပြီးသို့ရောက်၏၊ တပါးသောမင်းသားတို့လည်း အစဉ်သဖြင့် အပြီးသို့ ရောက်ကြကုန်၏။

**သုတသောမ**
**ဆိုဆုံးမ**

အတတ်ပညာ အပြီးသို့ ရောက်လျှင် မင်းသားတို့သည် ဆရာကြီးကို ရှိခိုးခွင့်ပန်ကာ မိဘရပ်ထံသို့ ပြန်အံ့သောငှါ အတူတကွ တက္ကသိုလ်ပြည်မှထွက်ကြကုန်၏၊ သုတသောမ မင်းသားသည် လမ်းခရီးအလယ်၌ရပ်၍ မင်းသားတို့အား “အဆွေတို့.... သင်တို့မိဘတို့ထံ ရောက်ကြသောအခါ မင်းအဖြစ်ကို ရကြကုန်လတ့်၊ ငါ၏အဆုံးအမကို လိုက်နာကြကုန်လော့၊ လဆန်းပက္ခ လဆုတ်ပက္ခ ဥပုသ်နေ့တို့၌ ဥပုသ်ကိုစောင့်သုံးကြကုန်၊ အသက်သတ်ခြင်းကို မပြုကြလင့်၊ စည်လည်စေ၍ဥပုသ်နေ့တို့၌ သားငါးမပေါ်ရန်ပိတ်ပင်ကြကုန်လော” ဟုဆုံးမ၏၊ မင်းသားတို့လည်း ကောင်းပြီဟုဝန်ခံ၍ မိဘရပ်ထံသို့ အသီးအသီး သွားကြကုန်၏၊ [သုတသောမ မင်းသားသည် အင်္ဂဝိဇ္ဇာအတတ်ဖြင့် ကြည့်

ရှုဆင်ခြင်ကာ ဗြဟ္မဒတ်မင်းသားကိုမှီ၍ ကြီးစွာသော ဘေးဖြစ်လတံ့သည်ကိုမြင်၍ ဆိုးမခြင်းဖြစ်၏။]

အလုံးစုံသော မင်းသားတို့သည် မိမိတို့တိုင်းပြည်သို့ ရောက်ကြလျှင် အသီးသီးမင်းအဖြစ်ကို ရကြကုန်၏၊ထိုအခါ သုတသောမ မင်းသား၏ အဆုံးအမဩဝါဒ၌ တည်ကြောင်းကို သုတသောမ မင်းကြီးထံ အသီးအသီးသဝဏ်လွှာ ပို့ကြကုန်၏၊သုတသောမ မင်းကြီးလည်း မမေ့မလျော့နေကြကုန်လော ဟု မင်းအသီးအသီးထံသို့ သဝဏ်လွှာ ပြန်ကြားလေ၏။

**ဗြဟ္မဒတ်မင်းအတွက် လူသားဆက်**

ထိုမင်းတို့တွင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကား အမဲသားနှင့် ကင်း၍ ပွဲတော်မတည်နိုင်၊စားတော်ချက် ဥပုသ်နေ့အတွက် အဖိတ်နေ့ကပင် အမဲသားကိုဝယ်၍ အသင့်ထားရ၏၊ တနေ့သ၌ ဥပုသ်နေ့အတွက်ဝယ်ထားသောအမဲသားကို ခွေးစားလေ၏၊ စားတော်ချက်သိလျှင် အသပြာထုပ်ကိုကိုင်၍ ဝယ်ခြမ်းရှာဖွေသော်လည်းမရ၊ ထိုအခါ စားတော်ချက်သည် အမဲမပါသောစားတော်ပွဲကို ဆက်ငြားအံ့၊ ငါမုချအသက်သေရတော့မည်၊ ဟု ကြံစည်ပြီးလျှင် ညသို့ရောက်သောအခါ အကြံတခုရပြန်၍ သုသာန်သို့သွားကာ လတ်တလောသေသော လူသားကို ယူခဲ့ပြီးလျှင် ကောင်းစွာချက်၍ မင်းကြီးအား စားတော်ပွဲကို ဆက်သ၏။

**မင်းကြီးမြိမ်းချောက် မှန်တိုင်းလျှောက်**

မင်းကြီးသည် အမဲသားတတုံးကို လျှာပေါ်တင်ကာမျှ၌လျှင် ရှေးဘဝက ဘီလူးဖြစ်စဉ် လူသားကို အမြဲစားခဲ့ဘူး

ရကား အကြောပေါင်းခုနစ်ရာစိမ့်ကာ တကိုယ်လုံးချောက်ချား၍သွား၏၊ ထိုအခါ ဗြဟ္မဒတ်မင်းသည် ငါကား ဆိတ်ဆိတ်နေ၍ သုံးဆောင်လျှင် ဤအမဲသားကို ပြောမည်မဟုတ်ဟု ကြံစည်လျက် အမြန်ထွေးထုတ်လိုက်၏၊ထိုအခါ စားတော်ချက်သည်"အရှင်မင်းကြီး..အမဲသည် အပြစ်မရှိပါ၊ သုံးဆောင်တော်မူပါ"ဟု လျှောက်ထားလတ်သော် လူတို့ကိုဘဲစေ၍ "ဟယ်-ရသက.... အပြစ်မရှိမှန်းသိ၏၊ ဤအသားသည် အဘယ်အသားနည်း"ဟု မေး၏၊ "သုံးဆောင်နေကျအမဲသားပါ" ဟု လျှောက်၏၊ "တပါးသော နေ့တို့၌ ဤအမဲသားလိုအရသာမရှိ" ဟုမေးပြန်၏၊"ယနေ့ အချက်ကောင်းလို့ပါ" ဟု ပြောပြန်၏၊"နေ့တိုင်းလည်းဤနည်းတူချက်သည်မဟုတ်လော" ဟု မိန့်ဆိုကာ စားတော်ချက် ဆိတ်ဆိတ်နေမှန်းသိလျှင် "ဟုတ်မှန်ရာ ပြောလော၊ မပြောလျှင်သတ်ပစ်မည်"ဟု ခြိမ်းချောက်လေ၏၊စားတော်ချက်လည်း ဘေးမဲ့ပေးရန် ခွင့်ပန်ပြီးလျှင် လူသားဖြစ်ကြောင်း ဟုတ်မှန်သောအတိုင်း လျှောက်ထားလေ၏။

**နေ့စဉ် နေ့တိုင်း လူသားဆက်ခိုင်း**

ထိုအခါ ဗြဟ္မဒတ်မင်းသည် "ရသက.. ဆိတ်ဆိတ်နေ၊ လူမသိစေလင့်၊ စားနေကျအမဲသားကို သင်စားလော့၊ ငါ့အား နေ့တိုင်းလူသားကိုသာလျှင်ချက်၍ဆက်သလော့"ဟု ပြော၏၊"လူသားကိုအလွန်ရခဲပါ၏"ဟု လျှောက်၏၊"သင်မကြောက်လင့်ရလွယ်၏"ဟု ပြော၏၊ "မပြတ်အဘယ်မှာ ရပါအံ့နည်း"ဟု လျှောက်သောအခါ၊ "နှောင်အိမ်တို့၌ လူများစွာရှိသည်မဟုတ်လော" ဟု မိန့်တော်မူ၏၊ စား

တော်ချက်လည်း မင်းကြီးအမိန့်အတိုင်း နှောင်အိမ်မှလူတို့ကိုသတ်၍ လူသားဖြင့် နေ့စဉ် ပွဲတော်ဆက်သရ၏။

နှောင်အိမ်တို့၌ လူကုန်လတ်သော် မင်းကြီးကိုလျှောက်ထားပြန်ရာ မင်းကြီးပေးသောနည်းအတိုင်း ခရီးလမ်းတို့၌ အသပြာထောင်ထုပ်ကို ချထားလျက် ယူသောသူတို့ကို ဖမ်း၍ သတ်ပြီးလျှင် ပွဲတော်ဆက်သရ၏၊ နောက်အခါ မင်းဘေးကိုကြောက်သဖြင့် အသပြာထောင်ထုပ်ကို ကောက်ယူသူမရှိပြန်သော် မင်းကြီးပေးသောနည်းအတိုင်း ညသန်းခေါင်ယာမ်၌ သူခိုး လမ်းသွား လမ်းလာတို့ကို ဖမ်း၍သတ်ပြီးလျှင် ပွဲတော်ဆက်ရပြန်၏။

**ပြည်သူသားကြောက်**
**မင်းထံလျှောက်**

လမ်းခရီး၌ လူတို့ကိုသတ်၍ လိုသမျှအသားလောက်ကိုသာ ယူ၍သွားသောအခါ လူသေကောင်တို့သည် ကျန်ရစ်ကုန်၏၊ ထိုအခါ လူတို့သည် ငါ့အမိကိုမမြင်, အဘကိုမမြင်, သားကိုမမြင်,ဟု မြည်တမ်းကာ ငိုကြွေးကြကုန်၏၊ လူတို့သည် ကျန်ရစ်သောအလောင်းတို့ကို မြင်လျှင် လူသားစားသော သူခိုးသည် မုချရှိလိမ့်မည်ဟု အလွန် ထိတ်လန့်ကုန်၏၊ လမ်းကိုပင် မထွက်ဝံ့အောင်ရှိကုန်၏၊ ထိုအခါ လူတို့သည် မင်းရင်ပြင်၌ စည်းဝေးကုန်၍ လူသားစားသူခိုးကို ဖမ်းဆီးရန် မင်းကြီးအား လျှောက်ထားကုန်၏၊ မင်းကြီးလည်း "အမောင်တို့.... ငါသည် သူခိုးကို အဘယ်မှာ သိနိုင်အံ့နည်း၊ ငါကိုယ်တိုင် မြို့ကိုလှည့်လည်၍စောင့်ရှောက်မည်"ဟု မိန့်ဆိုလိုက်၏။

**စစ်သူကြီးထံသွား ပြောကြခြင်း**

ထိုအခါ လူတို့သည် ဤမင်းကား တိုင်းပြည်၏အကျိုးကို အလိုမရှိ၊ ကာဠဟတ် စစ်သူကြီးကို လျှောက်ထား ကုန်အံ့ဟု တိုင်ပင်ပြီးလျှင် စစ်သူကြီးထံသွား၍ "အရှင် စစ်သူကြီး.... လူသားစား သူခိုးရှိပါ၏၊ သူခိုးကို ဖမ်းတော်မူပါ" ဟု လျှောက်ထားကုန်၏၊ ကာဠဟတ် စစ်သူကြီးလည်း "အမောင်တို့....ကောင်းပြီ၊ ခုနစ်ရက်လောက် ငံ့ကြဦးလော၊သူခိုးကိုဖမ်းပေးမည်"ဟု ဝန်ခံ၍ လူအများကိုလွှတ်လိုက်ပြီးလျှင် မင်းချင်းတို့ကိုခေါ်၍ "အမောင်တို့....ဤမြို့၌ လူသားစား သူခိုးရှိသတဲ့၊ အမြန် ဖမ်းကြကုန်ဟု စေလိုက်၏၊

**မင်းစားတော်ချက် ဖမ်းဆီးလျက်**

မင်းချင်းတို့လည်း ထိုနေ့မှစ၍ နေ့ညဉ့်မပြတ် အစောင့်ချကာ စုံစမ်းရှာဖွေကြကုန်၏၊ ညဉ့်အခါ စားတော်ချက်သည် မြို့တွင်းအိမ်ခြံစပ်တခုမှနေ၍ ကူးသန်းသွားလာသောမိန်းမတယောက်ကိုသတ်၍ အလိုရှိသော အသားတို့ကို လှီးယူကာ တောင်း၌ထည့်၏၊ ထိုအခါ မင်းချင်းတို့နှင့် ပက်ပင်းပါတွေ့၍ ရိုက်ပုတ်ထောင်းထုကာ လက်ပြန်ကြိုး ချည်ပြီးလျှင် အမဲတောင်းကို လည်ပင်းတွင်ဆွဲလျက် (လူသားစား သူခိုးကို မိပြီ)ဟု ကြွေးကြော်၍ စစ်သူကြီးထံ ပို့ကြကုန်၏၊ လူတို့လည်း ကြွေးကြော်သံကို ကြားလျှင် ဝိုင်းအုံကြည့်ရှုကြကုန်၏။

**ရသကပြောချက် မင်းကြီးတွက်**

စစ်သူကြီးသည် ဖမ်းဆီးလာ သော ရသက စားတော်ချက်နှင့် တကွ လူသားများကိုမြင်လျှင်—

"အချင်းရသက···· သင်သည် အဘယ်ကြောင့် ဤလိုကြမ်းကြုတ်သောအမှုကို ပြုဘိသနည်း၊ မိုက်မဲလျက် မိန်းမယောက်ျားတို့ကို သတ်ဘိ၏၊ အသားကိုစားလို၍သတ်သလော၊ သို့တည်းမဟုတ် ဥစ္စာကို လို၍ သတ်သလော"–

ဟု စစ်ဆေး မေးမြန်းလေ၏၊ ထိုအခါ စားတော်ချက်ရသကသည် စစ်သူကြီးအား–

"အရှင်···· အရှင်အား ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ၊ အကျွန်ုပ်သည် အကျွန်ုပ်အတွက်မသတ်ပါ၊ သား မယား ဆွေမျိုး ဉာတိ အဆွေခင်ပွန်းအတွက်လည်း မသတ်ပါ၊ ဥစ္စာ ရဘို့အတွက်လည်း မသတ်ပါ၊ ဘုန်းတန်ခိုး ကြီးမားလှသော ထမင်းသခင် ပြည့်ရှင်မင်းကြီး ပွဲတော်တည်ရန် သတ်ရပါ၏"–

ဟု မကွယ်မဝှက် ဟုတ်မှန်သောအတိုင်း လျှောက်ထားလေ၏၊ထိုအခါ စစ်သူကြီးသည် တဖန်စားတော်ချက်အား "အချင်းရသက···· ထမင်းသခင် အရှင်မင်းကြီး အတွက် ပြုလုပ်ရိုးမှန်လျှင် နံနက်မိုး လင်းသောအခါ မင်းကြီးရှေ့တော်တွင် အဟုတ်အမှန်အတိုင်း သင်လျှောက်ထားဝံ့ပါမည်လော"ဟု မေး၏၊ "အရှင်စစ်သူကြီး···· အကျွန်ုပ် လျှောက်ထားဝံ့ပါသည်"ဟု ဝန်ခံလေ၏။

ရသက ခေါင်ငင်
မင်းထံငင်

ကာဠဟတ် စစ်သူကြီးလည်း မိုးသောက်အခါ မှူးတော် မတ်တော် ပြည်သူ အပေါင်းတို့နှင့် စည်းလုံး

ညီညွတ်၍ တမြို့လုံးလက်ရသိမ်းပိုက်ပြီးလျှင် ထကြွသောင်း ကျန်းမရှိရလေအောင် စစ်ဘပ်အစောင့်အရှောက် တို့ကို ခိုင်လုံစွာချထား၍ အမဲတောင်းနှင့်တကွ စားတော်ချက် ရသကကို ယူဆောင်လျက် နန်းတော်သို့ သွားသေ၏။

မင်းကြီးလည်း လွန်ခဲ့သော ညဉ့်အခါကပင် ညဉ့်စာ မစားရသဖြင့် ရသက ယခုပင်လာလိမ့်မည်၊ ရသကယခု ပင်လာလိမ့်မည်ဟု တညဉ့်လုံး တမြှော်မြှော်ဖြင့်သာ နေ ၏၊ နံနက်မိုးသောက်သောအခါ လူဘို့အုတ်အုတ် ကျက် ကျက်အသံကို ကြားရပြန်သောအခါ အကြောင်းအသို့နည်း ဟု စုံစမ်းရန် နန်းတော်လေသာတံခါးကိုဖွင့်၍ ကြည့်လတ် သော် အမဲတောင်းနှင့်တကွ ရသကကို ဖမ်းလာသည်ကို မြင်လျှင် ငါတို့အကြောင်းကားထင်ရှားဖြစ်ချေပြီဟုကြံစည် ကာ သတိတရားကို ဖြစ်စေလျက် ရာဇပလ္လင်၌ နေလင့်၏၊

**မင်းကိုလျှော့ထား မှန်တိုင်းကြား**

စစ်သူကြီးလည်း အမဲတောင်းနှင့်တကွ ရသကကို မင်းကြီးရှေတော်သို့ ဆောင် ယူပြီးလျှင် မင်းကြီးအား "အရှင်ခင်း ကြီး····ရသကကို စေခိုင်းသည်မှန်သလော၊ ဤရသကသည် ရက်စက်စွာ မိန်းမ ယောက်ျားတို့ကို သတ်ဘိ၏၊ အရှင် မင်းကြီးသည် လူသားကို စားသည်ဟု ကြားသိရသည် မှန်သလော" ဟု လျှောက်ထားမေးမြန်းလေ၏၊ ထိုအခါ မင်းကြီးသည် "အို-ကာဠဟတ်စစ်သူကြီး···· ရသကကို ငါခိုင်းသည်မှာ မှန်ပေ၏၊ လူသားကို စားသည် ဟု ဆိုသည်မှာလည်း မှန်ပေ၏၊ ငါ၏အကျိုးစီးပွားကို ပြုလုပ် သော ဤရသကကို အဘယ့်ကြောင့် ပုတ်ခတ်ဆဲရေးဘိ

သနည်း” ဟု မကွယ်မဝှက် ဟုတ်မှန်တိုင်း ပြောကြားလေ၏။

**လူသားရှောင်အောင် ပုံထုတ်ဆောင်**

မင်းကြီးစကားကိုကြားလျှင် ကာဠဟတ်စစ်သူကြီးသည် ဤမင်းကြီးကား မိမိကိုယ်တိုင် နှုတ်မြွက်၍ ဝန်ခံဘိ၏၊ ငါ၏အဆွေဖြစ်သောမင်းကြီးကား အံ့ဘွယ်ရှိပေစွတကား၊ ဤမျှကာလပတ်လုံး လူတို့ကို သတ်၍စားဘိ၏၊မင်းကြီးကို ငါတားမြစ်မည် ဟု ကြံစည်လျက် “အရှင်မင်းကြီး····လူသားကို စားတော်မမူပါလင့်” ဟု လျှောက်ထား၏၊“ကာဠဟတ်····သင်အဘယ်သို့ပြောဆိုဘိသနည်း၊ ငါလူသားကို မကြဉ်ရှောင်နိုင်” ဟု ပြော၏၊ “အရှင်မင်းကြီး····လူသားကိုမကြဉ်ရှောင်သည်ရှိသော် ကိုယ်တော်ကိုရင်း, တိုင်းပြည်အလုံးစုံကိုရင်း ဖျက်ဆီးသည် မည်ပါလိမ့်မည်” ဟု လျှောက်၏၊ “ကာဠဟတ်···· ပျက်စီးပါစေ၊ ငါလူသားကို မကြဉ်ရှောင်နိုင်” ဟု တင်းတင်းမာမာ ပြောဆိုလေ၏၊ ထိုအခါ ကာဠဟတ်စစ်သူကြီးသည် မင်းကြီးအား လူသားကိုကြဉ်ရှောင်စေရန် ပုံဝတ္ထုအမျိုးမျိုးတို့ကို ထုတ်ဆောင်၍ လျှောက်ထားလေ၏။

## ဇာတ်တူသားစား၍ပျက်စီးသော အာနန္ဒာငါးကြီး

**သမုဒ်တွင်နေငြား ငါးကြီးများ**

လွန်လေပြီးသောအခါ သမုဒ္ဒရာ၌ ငါးကြီးခြောက်ကောင်တို့ ရှိကုန်၏၊ ထိုငါးကြီး ခြောက်ကောင်တို့တွင် အာနန္ဒာငါးကြီး, တိမိနန္ဒာငါးကြီး, မဇ္ဈောရောဟငါးကြီး, ဤငါး

ကြီးသုံးကောင်တို့သည် ယူဇနာငါးရာစီရှိကုန်၏၊ တိမိင်္ဂလငါးကြီး,တိမိရပိင်္ဂလငါးကြီး, မဟာတိမိရပိင်္ဂလငါးကြီး ဤငါးကြီး သုံးကောင်တို့သည် ယူဇနာတထောင်စီရှိကုန်၏၊ အလုံးစုံသော ငါးကြီးတို့သည် ကျောက်စရစ်နှင့် ရေညှိကိုသာ စားကြကုန်၏၊ အာနန္ဒာငါးကြီးကား သမုဒ္ဒရာနံပါးတဘက်၌နေ၏၊ များစွာသော ငါးတို့သည် အာနန္ဒာငါးကြီးကိုဆည်းကပ် ဖူးမျှော်ကြကုန်၏။

**ငါးသားကို စားမိကောင်းမှန်းသိ**

တနေ့သ၌ ငါးတို့သည် မင်းမရှိသဖြင့် တိုင်ပင်ညီညွတ်ကုန်၍ အာနန္ဒာငါးကြီးကိုမင်းမြှောက်ကြကုန်၏၊ ထိုအခါမှစ၍ ညဉ့်နံနက် အာနန္ဒာငါးကြီးထံ ဆည်းကပ်ခစားကြကုန်၏၊ တနေ့သ၌ အာနန္ဒာငါးကြီးသည် စားနေကျဖြစ်သော ကျောက်စရစ်ရေညှိတို့ကို စားရာ မသိဘဲ ပါသွားသဖြင့် ငါးတကောင်ကို စားမိလေ၏၊ ထိုအခါ တကိုယ်လုံးချောက်ချားသွား၏၊ အဘယ်ကြောင့် ဤမျှလောက်အရသာရှိသနည်း ဟုအန်ထုတ်၍ ကြည့်လတ်သော် ငါးအသားတုံးကိုမြင်လျှင်ငါသည် ဤမျှလောက်ကာလပတ်လုံး ကောင်းမှန်းမသိ၍ မစားမိဟု ကြံစည်ပြီးလျှင် မိမိထံ ဆည်းကပ်ခစားလာသောငါးတို့အပြန်တွင် နောက်ဆုံးငါးကို နှေ့စဉ်ဖမ်း၍ စားလေ၏၊ ငါးတို့သည် တဖြည်းဖြည်း ကုန်ခန်းလျော့ပါးကုန်၏။

**ငါးတို့သိလတ်မဆည်းကပ်**

ထိုအခါ ငါးတို့သည် စည်းဝေးတိုင်ပင်ကြကုန်၏၊ ငါးပညာရှိတကောင်သည် ငါကား အာနန္ဒာငါးကြီးအမူအရာကို မနှစ်သက်၊ ငါစုံစမ်းမည်ဟု ပြောဆိုကာ ငါးတို့အခစား

သွားသောအခါ ထိုငါးသည် အာနန္ဒာငါးကြီး၏နားရွက်ကြား၌ ပုန်းကွယ်ကာနေ၏၊ငါးတို့ပြန်လတ်သော် အာနန္ဒာငါးကြီးသည် နောက်ဆုံးငါးကို ဖမ်း၍စား၏၊ ငါးပညာရှိကိုယ်တိုင်မြင်ရလျှင် တပါးသောငါးတို့ကို ထိုအကြောင်းကို ပြောကြားလေ၏၊ ငါးတို့သည် သေဘေးမှကြောက်သဖြင့် ပြေးကုန်၏၊ နောက်တဖန် အာနန္ဒာငါးကြီးထံ မဆည်းကပ်ကြကုန်။

ဇာတ်တူသားစား ပျက်စီးပြား

အာနန္ဒာငါးကြီးလည်း တပါးသောအစာကို မစားတော့ဘဲ ဇာတ်တူငါးသားကိုသာ တပ်မက်မောသဖြင့် စုံစမ်းရှာဖွေလတ်သော် တောင်ကိုမြင်၍ ငါးတို့ပုန်းအောင်းကြပေလိမ့်မည်အထင်ဖြင့် တောင်ကိုလှည့်ပတ်၏၊ မိမိအမြီးကိုမြင်လျှင် အခြားငါးမှတ်ထင်ကာ ယူဇနာငါးဆယ်မျှရှိသောအမြီးပိုင်းကို ဟတ်၍ အပိုင်းအပိုင်းဖြတ်ကာစားလေ၏၊ ထိုအခါအလွန်ပြင်းထန်သောဆင်းရဲဝေဒနာသည် ဖြစ်လေ၏၊ သွေးဘို့သည် ထွက်ကုန်၏၊ သွေးနံ့ကြောင့် အခြားငါးတို့သည် ဝိုင်းအုံကာ စားကြသဖြင့် ဦးခေါင်းတိုင်ရောက်လျက် ကြီးစွာ ပျက်စီးခြင်းသို့ရောက်ရ၏။

ပုံဆောင်ကောင်းလျက် မနှစ်သက်

"မြတ်သောမင်းကြီး… ယခုလျှောက်ဆိုအပ်သော အာနန္ဒာ ငါးကြီးကား ဇာတ်တူသားကိုစားမိ၍ သေဆုံးပျက်စီးရ၏၊ ထိုကြောင့် လူသားကိုစားခြင်းမှ ကြဉ်ရှောင်ပါ" ဟုလျှောက်ထားလေ၏။

မင်းကြီးသည် စစ်သူကြီးစကားကို ကြားလျှင် "အချင်းကာဠဟတ်….သင်သည်သာ ဥပမာကို သိသလော၊ ငါ

လည်းသိ၏၊ ရှေးအခါဇမ္ဗုသပြေသီးကိုမရသဖြင့် အသက်ကိုစွန့်သွားသော သူကြွယ်သားကဲ့သို့ ငါလည်း လူသားကို မစားရသည်ရှိသော် အသက်ကိုစွန့်မည်၊မရှောင်ကြဉ်နိုင်” ဟုအောက်ပါ ဝတ္ထုကို ထုတ်ဆော်၍ပြလေ၏။

### သုဇာတသူကြွယ်၏သား

**ဇမ္ဗုသပြေ စားရလေ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် သုဇာတမည်သော သူကြွယ်တယောက်ရှိသတတ်၊ ထိုသူကြွယ်သည် ဟိမဝန္တာမှ ကြွလာသော ရသေ့ငါးရာတို့ကို မိမိဥယျာဉ်၌ သီတင်း သုံးစေလျက် အမြဲလုပ်ကျွေးရ၏၊ ရသေ့တို့သည် ရံခါ ဇနပုဒ်၌ဆွမ်းခံ၍ စားကုန်၏၊ ရံခါဇမ္ဗုသပြေသီးကို ယူဆောင်၍ စားကုန်၏။

တနေ့သ၌ သူကြွယ်သည် သားငယ်ကို လက်ဆွဲလျက် ရသေ့ထံ ဆည်းကပ်ရန် သွားလေ၏၊ ထိုအခါ ရသေ့တို့ သည် ဇမ္ဗုသပြေသီးတို့ကိုစား၍ နေကုန်၏၊ သူကြွယ်သည် အဘယ်အသီးတို့နည်းဟု မေးလျှောက်၏၊ ရသေ့တို့သည် ဇမ္ဗုသပြေသီးတို့ဖြစ်ကြောင်းကို ပြောကြကုန်၏၊ ထိုစကား ကိုကြားလျှင် သူငယ်သည် စားလိုသော ချင်ခြင်းဖြစ်၏၊ ရသေ့ကြီးသည် အနည်းငယ်သောဇမ္ဗုသပြေသီးကိုသူငယ် အား ပေး၍စားစေ၏။

**အာသာစွဲမက် ပူဆာလျက်**

သူငယ်လည်း ဇမ္ဗုသပြေသီးကို စားရလျှင် အလွန်တပ်စွန်းသည်ဖြစ်၍ ဇမ္ဗုသပြေသီးပေး, ဇမ္ဗုသပြေသီးပေး- ဟု အဖန်ဖန် တောင်းရမ်းပူဆာလေတော့၏၊သူကြွယ်လည်း

ချစ်သား အိမ်သို့ရောက်လျှင် စားရလိမ့်မည်ဟု လှည့်စားကာ ရသေ့တို့ကို မပန်ကြားတော့ဘဲ အိမ်သို့ပြန်ခဲ့၏၊ သူငယ်လည်း အိမ်သို့ရောက်လျှင် ဇမ္ဗူသပြေသီးပေး, ဇမ္ဗူသပြေသီးပေး-ဟု တောင်းရမ်းပူဆာလျက် ငိုကြွေးကာသာ နေ၏။

**တောင့်တလျက်ပေ သေဆုံးလေ**

ထိုအခါ သူကြွယ်လည်း ကြံရာမရတော့သဖြင့် ရသေ့တို့ထံ သွား၍ ပြောကြားဦးမည်ဟု ဥယျာဉ်သို့သွားပြန်၏၊ ရသေ့တို့လည်း ဟိမဝန္တာသို့ ပြန်နှင့်ကြသောကြောင့် မတွေ့မြင်တော့ချေ၊ ထိုအခါသူကြွယ်သည် အိမ်သို့ပြန်ခဲ့၍ သူငယ်ကို ချော့မော့ကာ သပြေသီး,သရက်သီး,ပိန္နဲသီး,ငှက်ပျောသီးစသည်တို့ကို ပျားသကာနှင့် နယ်၍ကျွေး၏၊ သူငယ်ကား မစားချေ၊ ဇမ္ဗူသပြေသီးကိုသာ တောင်း၍နေ၏၊ ဤနည်းဖြင့် ခုနစ်ရက်တိုင် မစားဘဲ အစာပြတ်၍ သေဆုံးလေ၏။

ကာဠုဟတ် စစ်သူကြီးသည် မင်းကြီးစကားကို ကြားရလျှင် ဤမင်းကြီးကား အလွန်တင်းမာ၏၊ ဝတ္ထုတခုကို ဆောင်၍ လျှောက်ထားဦးမည်ဟု ကြံစည်ကာအောက်ပါ ဝတ္ထုကို လျှောက်ထားပြန်၏။

## သောတ္ထိယအမျိုးသား

**ကိုယ်ကျင့်ကောင်းလှ သောတ္ထိယ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ငါးပါးသီလကို စောင့်ထိန်းသောသောတ္ထိယမည်သော အမျိုးသည် ရှိလေ၏၊ ထိုအမျိုး၌ လုလင်တယောက်လည်း ရှိလေ၏၊ ထို

လုလင်သည် မိဘတို့အား ချစ်မြတ်နိုး၏၊ ပညာရှိ၏၊ လိမ်မာ၏၊ ဗေဒင်သုံးပုံကို ကမ်းတဘက်ရောက် တတ်မြောက်၏၊ ထိုလုလင်သည် အရွယ်တူဖြစ်သော လုလင်တို့နှင့် အပေါင်းအသင်းဖွဲ့ကာနေ၏၊ အပေါင်းအသင်းဖြစ်သော လုလင်တို့သည် ငါးအမဲကိုလည်း စားကြကုန်၏၊ သေအရက်ကိုလည်း သောက်ကြကုန်၏၊ သောတ္ထိယအမျိုးသား လုလင်ကား ငါး အမဲ ကိုလည်း မစား၊ သေအရက် ကိုလည်း မသောက်။

**အပေါင်းကွက်ဥယျာဉ်ထွက်**

တနေ့သ၌ အပေါင်းအသင်း ဖြစ်သော လုလင် တို့ သည် "အ မောင် တို့ .... သောတ္ထိယလုလင်ကား သေအရက်ကို မသောက်သောကြောင့် ငါတို့အား အဘိုးငွေကို မပေးခဲ့၊ ဥပါယ် တမျဉ်ဖြင့် သောက်စေမည် " ဟု တိုင်ပင်ကာ သောတ္ထိယလုလင်အား "အဆွေ... ငါတို့ သဘင်ကစားသွားကြမည်"ဟုပြော၏၊ "အဆွေတို့....သင်တို့သာ သဘင်ကစားသွားကြကုန်၊ သေအရက်ကိုသောက်ကြကုန်၊ ငါကားသွားလည်းမသွားလို၊ သောက်လည်း မသောက်လို"ဟု ပြော၏၊ "အဆွေ.... လိုက်ခဲ့ပါ၊ သင့်အတွက် နို့ရည်ယူခဲ့ပါမည်"ဟုဆို၍ လုလင်တို့သည် ဥယျာဉ်သို့ခေါ်၍ သွားကြကုန်၏။

**ဥယျာဉ်ရောက်ကသေသောက်ကြ**

ဥယျာဉ်သို့ရောက်လျှင်သေသောက်ကြူး လုလင်တို့သည် ထက်လှစွာသော သေအရက်ကို ပဒုမာ ကြာရွက်ဖြင့်ထုပ်၍ ထားကုန်၏၊ သေအရက်သောက်သောအခါ သောတ္ထိယလုလင်အား နို့ရည်ကိုပေးကြကုန်၏၊ ထိုနောက် လုလင်

တယောက်သည် “အချင်းတို့....ကြာမှဖြစ်သော ပျားရည်ကိုယူခဲ့ကြကုန်”ဟုဆို၍ ပဒုမာကြာရွက်ထုပ်ကို အောက်မှဖေါက်၍လက်တို့ဖြင့် ခံတွင်း၌ထားကာ စုတ်ယူ၏၊ ဤအတူ တပါးသော လုလင်တို့လည်း စုတ်ယူကြကုန်၏။

သောတ္ထိယလုလင်သည် အပေါင်းအသင်း လုလင်တို့ အခြင်းအရာကိုမြင်လျှင် မေး၍ ကြာပျားရည်ဟု ပြောကြသောအခါ ငါ့အား အနည်းငယ်ပေးကြပါဟု တောင်း၍ လုလင်တို့လည်း ပေးကြကုန်၏၊ သောတ္ထိယ လုလင်လည်း ကြာမှဖြစ်သော ပျားရည်ဟူသော အမှတ်ဖြင့် သေအရက်ကိုသောက်မိလေ၏၊ ထိုအခါ လုလင်တို့သည် မီးကျီး၌ ကင်ထားသော အမဲသားကိုလည်း ပေးကြကုန်၏။

**မူးမော်ရမ်းကား အိမ်ပြန်သွား**

လုလင်တို့သည် အဖန်ဖန် သောက်၍ မူးယစ်လာသောအခါ ကြာမှဖြစ်သော ပျားရည်မဟုတ် သုရာ ဖြစ်ကြောင်းကို ပြောကြကုန်၏၊ထိုအခါ သောတ္ထိယလုလင်သည်“အမောင်တို့.... ဤမျှလောက်ကြာအောင် အရသာတို့တွင် အထူးမြတ်ဆုံးဖြစ်သော အရသာကို ငါမသိခဲ့ချေ၊သေအရက်ကို ပေးကြပါဦး”ဟု တောင်းပြန်၏၊ လုလင်တို့လည်း ပေးကြကုန်၏၊ သေအရက်ကုန်လတ်သော် ဝယ်ရန် မိမိလက်တွင် ဝတ်ထားသော လက်စွပ်ကို ချွတ်၍ပေး၏၊ ဤသို့လျှင် တနေ့လုံးသောက်ကြကုန်၏၊ ညနေချမ်းအခါ မူးယစ်ကြသဖြင့် ယိမ်းယိုင် တုန်လှုပ်ကုန်လျက် အထူးထူး အထွေထွေ ရေရွတ်မြည်တမ်း၍ မျက်ထောင့်နီတို့ဖြင့် အိမ်သို့ပြန်၍ အိပ်ကြကုန်၏။

ဘခင်ဆုံးမရာ
မလိုက်နာ

သောတ္တိယ လုလင်၏ အဘသည် သေ အရက်ကို သောက်လာမှန်းသိ၍ အမူး ပြေသောအခါ "ချစ်သား…သင်သည် သေအရက်ကို သောက်ဘိ၏၊ ငါတို့ သောတ္တိယ အမျိုး၌ သေအရက်ကိုသောက်သောသူ မည်သည်မရှိ၊ အမျိုးပျက် စီးလတံ့၊ မသောက်လင့်" ဟု တားမြစ်၏၊ သားလည်း ဘခင် သေအရက်ကိုသောက်သဖြင့် ဘယ်အပြစ်ရှိသနည်း၊ ဤမျှလောက် ကောင်းမြတ်သော အရသာထူးကို မစား သောက်ရဘူးပါ"ဟု ပြော၏၊ အဘလည်း အဖန်ဖန် တောင်းပန်၏၊ သားလည်း မစွန့်ပယ်နိုင်၊ အဘလည်း အမျိုးမျိုး အကြောင်းပြ၍ ဆုံးမ၏၊ သားလည်း ဇွတ် အတင်းသာ ခံနေလေ၏။

အထီးကျန်မွဲ
ခွက်လက်စွဲ

ထိုအခါ အဘသည် ဆုံးမ၍မရတော့ သဖြင့် သားကို တရားရုံးတော်သို့ခေါ်၍ တရားသူကြီးတို့ထံ၌ သားစာရင်းကို ပယ်ဖျက်ကာ သားမဟုတ်သော အဖြစ်ကို ပြောကြားပြီး လျှင် အိမ်မှနှင်ထုတ်လေ၏၊ လုလင်လည်း နောက်အဘို့၌ အထောက်အပံ့ အကူအညီ မရှိတော့သဖြင့် အထီးကျန်၍ အဝတ်နွမ်းကိုဝတ်လျက် ခွက်လက်စွဲ၍ တောင်းရမ်းအသက် မွေးပြီးလျှင် အိမ်နံရံတခုတွင်မှီ၍ သေဆုံးရလေ၏။

"အရှင်မင်းကြီး…အကျွန်ုပ် လျှောက်ထားခဲ့ပြီးသော သောတ္တိယလုလင်သည် သုရာကို မရှောင်ကြဉ်သဖြင့် အဘ သည် အိမ်မှနှင်ထုတ်ခြင်းကိုခံရ၍ ပျက်စီးသေဆုံးရသကဲ့သို့ သင်မင်းကြီးလည်း လူသားကို မရှောင်ကြဉ်လျှင်တိုင်းပြည်

မှ နှင်ထုတ်ခြင်းကို ခံရ၍ ပျက်စီးသေဆုံး ရလိမ့်မည်” ဟု လျှောက်ထားပြန်၏။

မင်းကြီးလည်း စစ်သူကြီးစကားကို ကြားလျှင် နတ်သမီးတို့ကိုမရသဖြင့်အသက်ကိုစွန့်သော သုဇာတသူကြွယ်ဝတ္ထုကို ထုတ်ဆောင်၍ ပြပြန်၏။

### သုဇာတသူကြွယ်

နတ်သမီးမြင်ရ သုဇာတ

အောက်၌ပြဆိုခဲ့ပြီးသော ဗာရာဏသီပြည် သုဇာတသူကြွယ်သည် တနေ့သ၌ ဉယျာဉ်သို့ ဆရာရသေ့တို့ ပြန်၍ကြွလာသည်မလာသည်ကို စုံစမ်းရန်သွားပြန်ရာ ဆရာရသေ့တို့ ပြန်ကြွလာသည်ကို အဆင်သင့်တွေ့နေသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိခိုးဝတ်ပြု၍ တရားတော်ကိုနာလေ၏၊ တရားတော်ကိုနာစဉ် နေဝင်သဖြင့် အိမ်သို့ မပြန်နိုင်တော့ဘဲ ရသေ့ကျောင်းမှာပင် အိပ်ရလေ၏။

ညဥ့်အခါသိကြားမင်းသည် အလုပ်အကျွေး နတ်သမီးအပေါင်းခြံရံလျက် ရသေ့တို့ထံ ဖူးမျှော်ရန်လာ၏၊ နတ်တို့၏အရောင်အလင်းဖြင့် ရသေ့ကျောင်းအလုံးစုံသည် တပြိုင်နက်လင်းလေ၏၊ ထိုအခါ သုဇာတ သူကြွယ်သည် ဤအလင်းရောင်ကား အဘယ်အလင်းရောင်နည်းဟု ထ၍ကြည့်လတ်သော် သိကြားမင်းနှင့်တကွ နတ်သမီးတို့ကို မြင်လျှင် နတ်သမီးတို့၌ ရာဂဖြင့်အလွန်တပ်စွန်းသော စိတ်သည်ဖြစ်လေ၏၊ သိကြားမင်းလည်း တရားတော်ကို ကြားနာပြီးလျှင် အခြွေအရံနှင့် တကွ မိမိနေရာ တာဝတိံသာသို့ သွားလေ၏။

အာသာခွဲမက် အသက်ထွက်

သုဇာတလည်း မိုးသောက်ထ အခါ ညဉ့်အခါလာသောသူကား အဘယ်သူနည်းဟု မေးရာ ရသေ့တို့သည် သိကြားမင်းနှင့် နတ်သမီးတို့ဖြစ်ကြောင်း ပြောဆိုလေ၏၊ သုဇာတသည် ရသေ့တို့ကို ရှိခိုးပြီးလျှင် အိမ်သို့ပြန်၍ ငါ့အားနတ်သမီးပေး၊ ငါ့အား နတ်သမီးပေးဟု တစာစာတောင်း၍သာနေ၏၊ ဆွေမျိုးတို့သည်ခြံရံကာ ဖုတ်ဝင်နေသလောဟု လက်ဖျစ်တီးကုန်၏၊ ထိုအခါ သုဇာတသည် ငါကားဖုတ်မဝင်၊ ဤနတ်သမီးမဟုတ် တာဝတိံသာက နတ်သမီးကို ရလို၏ဟု ပြောဆိုလေ၏၊ ဆွေမျိုးတို့လည်း သူ့ကြွယ်မယားကိုဖင်း ပြည့်တန်ဆာမကို ဖင်း, နတ်သမီးကဲ့သို့ တန်ဆာဆင်၍ ပေးကြကုန်၏၊ သုဇာတသည် ဤသူတို့ကား နတ်သမီးမဟုတ်ကုန်၊ ဘီလူးမတို့သာဖြစ်ကြသည် ဟုပြောဆိုကာ နတ်သမီးကိုသာ တစာစာတောင်းလျက် အစာအာဟာရ ကင်းပြတ်လျက် အသက်ကို စွန့်ရရှာလေ၏။

"ကာဠဟတ်... ငါပြောဆိုအပ်သော ဝတ္ထုကိုကြားပြီမဟုတ်လော၊ သုဇာတသူကြွယ်သည် နတ်သမီးကိုမရသဖြင့် အသက်ကိုစွန့်သကဲ့သို့ ငါသည်လည်း အရသာတကာတို့ထက် မွန်မြတ်သော လူသားအရသာကို မရသည်ရှိသော် အသက်ကို စွန့်တော့အံ့ဟု"တင်းမာစွာပြောကြားပြန်၏။

ထိုအခါ ကာဠဟတ်စစ်သူကြီးသည် တဖန်ဇာတ်တူသားကိုစား၍ ဟသ်ာကိုးသောင်းတို့ ပျက်စီးခဲ့ဘူးသော ဝတ္ထုကို ထုတ်၍ ပြောက်ထားပြန်၏။

## ဟသ်ာကိုးသောင်း

ရွှေဂူပျော်ညောင်း ဟသ်ာပေါင်း

လွန်လေပြီးသောအခါ စိတ္တကုဋ်တောင် ရတနာရွှေဂူ၌ ဓတရဋ္ဌ ဟသ်ာမျိုးဖြစ်သော ဟသ်ာကိုးသောင်းတို့သည် နေကြကုန်သတတ်၊ ထိုဟသ်ာတို့သည် မိုးလပတ်လုံး ရေပြည့်နေသဖြင့် ရေထဲသို့ကျမည်ကို စိုးရိမ်သောကြောင့် ပြင်ပသို့ မထွက်ကြကုန်၊ မိုးလနီးသောအခါ ဇာတဿရအိုင်မှ အလိုလိုပေါက်သောသလေးစပါးတို့ကို ဆောင်ယူ၍ထားကာ တမိုးတွင်းလုံး စားကြကုန်၏။

ထိုဟသ်ာတို့နေရာ ရွှေဂူတံခါးဝ၌ လှည်းဘီးပမာဏရှိသော ပင့်ကူကြီးတကောင်သည် ရှိလေ၏၊ ထိုပင့်ကူကြီးသည် တလတလ၌ တခုတခုသော အမြှေးချည်မျှင်တို့ဘွဲ၏၊ ထိုချည်မျှင်သည် နွားချည်သောကြိုး ပမာဏရှိ၏၊ ဟသ်ာတို့သည် ပင့်ကူမြှေးကွန်ရက်ကို ဘောက်ရန်ဟသ်ာပျိုနှစ်ကောင်းတို့ကို အစာနှစ်ဆပေး၍ မွေးထားကြကုန်၏၊ထိုဟသ်ာပျို တို့သည် မိုးလကုန်လတ်သော် ပင့်ကူမြှေးကွန်ရက်ကို ဘောက်ကြကုန်၏၊ဟသ်ာတို့သည် ထိုအပေါက်ဖြင့် ထွက်ကြကုန်၏။

ဇာတ်ဘူသားစား ပျက်စီးပြား

တပါးသောကာလ၌ ငါးလတို့ပတ်လုံး မိုးရွာပြန်၏၊ ဟသ်ာတို့သည် အစာအာဟာရ ကုန်လတ်သော် အဘယ်သို့ပြုရမည်နည်း ဟု တိုင်ပင်ကြရာ ငါတို့အသက် ရှင်ကုန်လတ်သော်ဥတို့ကိုရပါကုန်လတ့ံဟု ရှေးဦးစွာဥတို့ကိုစားကုန်၏၊ ကုန်လတ်သော် ဟသ်ာငယ်တို့ကို စားကြကုန်၏၊ ကုန်လတ်

သော် ဟင်္သာအိုတို့ကို စားကုန်၏၊ ကာလလွန်သဖြင့် ပင့်ကူသည် ငါးခုသော အမြွေးကွန်ရက်တို့ကို ဖွဲ့မိ၏။

ဟင်္သာတို့သည် ဇာတ်တူသားကိုစား၍ အားနည်းကြသောကြောင့် နှစ်ဆစားထားသော ဟင်္သာပျိုတို့ပင် ပင့်ကူကွန်ရက်ကို ဖေါက်သောအခါ လေးထပ်သော ပေါက်၏၊ ငါးထပ်ရောက်သောအခါ မဖောက်နိုင်တော့ဘဲ မိလေ၏၊ ထိုအခါ ပင့်ကူကြီးသည် ဟင်္သာပျိုတို့၏ ခေါင်းကိုဖြတ်ကာ အသွေးကိုသောက်လေ၏၊ အခြားဟင်္သာတို့လည်း ကွန်ရက်ကို ဖေါက်ကြသော်လည်း မပေါက်နိုင်ဘဲ မိကြကုန်၏၊ ပင့်ကူကြီးသည် အလုံးစုံသော ဟင်္သာတို့၏သွေးကို သောက်၏၊ ထိုအခါ ဓတရဋ္ဌ ဟင်္သာမျိုးသည် ပြတ်လေ၏။

**တိုင်းပြည်လူများ နှင်ထုတ်ခြင်း**

"အရှင်မင်းကြီး··ယခု လျှောက်ဆိုအပ်သော ဟင်္သာကိုးသောင်း ဝတ္ထုကို မှတ်တော်မူပါ၊ ဇာတ်တူဖြစ်သော လူသားကို စားတော် မမူပါလင့်၊ ရှောင်ကြဉ်တော် မူပါ၊ မရှောင်ကြဉ်လျှင် အရှင်မင်းကြီးကို တိုင်းပြည်မှ နှင်ထုတ်ကြပါလိမ့်မည်"ဟု လျှောက်ထားပြန်၏။

ထိုအခါ ဗြဟ္မဒတ်မင်းသည် တပါးသော ပုံဝတ္ထုကို ဆိုလိုပြန်၏၊ ပြည်သူပြည်သားတို့သည် စည်းဝေးလာလတ်၍ "အရှင်စစ်သူကြီး···· လူသားစားသူခိုးကို အဘယ်သို့ပြုသနည်း၊ယခုလောက်ကြာမြင့်အောင် အဘယ်ကြောင့်ထားသနည်း၊လူသားကိုရှောင်ကြဉ်လျှင်ရှောင်ကြဉ်စေ၊မရှောင်ကြဉ်လျှင် သူခိုးမင်းကိုတိုင်းပြည်မှ ယခုအမြန်နှင်ထုတ်ပါ"

ဟု တင်းမာစွာ ပြောဆိုကြကုန်၏၊ မင်းကြီးလည်း ပြည်သူပြည်သားတို့စကားကို ကြားရလျှင် ကြောက်ရွံ့တုန်လှုပ်ကာ စကားမဆိုဝံ့ချေ။

**တင်းကျပ်ပြင်းထန် လျှောက်တင်ပြန်**

တဖန် စစ်သူကြီးသည် ဗြဟ္မဒတ်မင်းကြီးကို "အရှင်မင်းကြီး.... အသို့နည်း၊ လူသားကို ကြဉ်ရှောင် နိုင်သလော၊ မကြဉ်ရှောင်နိုင်သလော" ဟု မေးလျှောက်ပြန်၏၊ "ကာဠုဟတ်...ငါမကြဉ်ရှောင်နိုင်"ဟုပြော၏၊"အရှင်မင်းကြီး.. အလုံးစုံသောကိုယ်လုပ်မောင်းမတို့ကိုရင်း၊သားတော်,သမီးတော်တို့ကိုရင်း၊ ဆင်မြန်းထားသော တန်ဆာတို့ကိုရင်း၊ မှူးတော်မတ်တော်တို့ကိုရင်း၊ မင်းစည်းစိမ်ကိုရင်း ကြည့်ရှုတော်မူပါ၊ မပျက်စီးစေပါလင့်၊လူသားကိုရှောင်ကြဉ်တော်မူပါ"ဟု လျှောက်၏၊ "ကာဠုဟတ်....ဤစည်းစိမ်တို့ကို လူသားလောက် ငါမချစ်ကုန်"ဟု ပြော၏၊ "အရှင်မင်းကြီး....သည်လိုဖြစ်လျှင် ဤမြို့မှရင်း,ဤတိုင်းပြည်မှရင်း ယခု အမြန် ထွက်တော်မူပါ"ဟု တင်းမာစွာ လျှောက်ထားလေ၏။

**ရသကခေါင်း တောသို့ဝင်**

ထိုအခါ မင်းကြီးသည် ကာဠုဟတ်အား"အချင်းကာဠုဟတ်..ငါမင်းစည်းစိမ်ကို အလိုမရှိ၊ ယခုပင်ထွက်တော့အံ့၊ စင်စစ်ကား သန်လျက်တခု, လူသားချက်ရန် အိုးတလုံး, လူသားထည့်ရန် တောင်းတလုံးနှင့် စားတော်ချက် ရသကကိုသာ ပေးပါတော့"ဟုတောင်းရမ်းယူငင်ပြီးလျှင် ရသကနှင့်တကွ မြို့တော်မှထွက်၍ တောသို့ဝင်ကာ တခုသော ပညောင်ပင်ကြီးရင်း၌ နေရာထိုင်ခင်း ပြုလုပ်၍ နေလေ၏၊

တောအုပ်သို့လာသောလူတို့ကို ကိုယ်တိုင်ထွက်ကာ သတ်၍ ရသကအားပေး၏၊ ရသကလည်း လူသားကို ချက်၍ ပြုဟ္ဘဒတ်မင်းအား ဆက်သ၏၊ မိမိလည်း လူသားကိုပင် စား၏၊ဤသို့လျှင် နှစ်ယောက်သော သူတို့သည် အသက် မွေးကြကုန်၏။

**လူသားကင်းပြတ် ရသကသတ်**

ထိုမင်းကြီးသည် လူတို့ကိုမြင်၍ ဖမ်း သောအခါ၌ (ငါကားလူကို သတ်ဖြတ် ၍ စားသော ပေါရိသာဒတည်း)ဟု မိမိအမည်ကို ကြွေးကြော်၍ အတင်းလိုက်လတ်သော် တစုံ တယောက်သောသူမျှ မတည်တံ့နိုင်ဘဲ မြေကြီး၌ဗုန်းဗုန်း လည်းကြကုန်၏၊ ထိုလူတို့တွင် အလိုရှိရာလူကို ဖမ်း၍ ဦးခေါင်း စောက်ထိုး ခြေမိုးမျှော်ထားကာ သတ်ဖြတ်ပြီး လျှင် ရသကအားပေး၏၊

တနေ့သောအခါ ပေါရိသာဒသည် လူသားကို မရခဲ့ဘဲ ပြန်လာ၍ "အချင်း ရသက····အသို့နည်း" ဟု မေး၏၊ "အရှင်မင်းကြီး····အသို့နည်း"ဟု မေး၏၊"ရသက····မီး မွေး၍ ခုံလှောက်၌ အိုးကိုတယ်လော့"ဟု ပြော၏၊ "အရှင် မင်းကြီး··လူသားအဘယ်မှာနည်း"ဟု မေး၏၊"ရသက·· ရလိမ့်မည်၊ မီးမွေး၍တည်သာတည်ပါ"ဟုပြော၏၊ထိုအခါ ရသကသည် မုချငါ့ကို သတ်၍စားတော့မည်ဟု ရိပ်မိ၍ ကြောက်ရွံ့တုန်လှုပ်လျက် မီးမွေး၍ ခုံလှောက်၌ အိုးကို တည်လေ၏၊ မင်းကြီးလည်း ထိုနေ့ ရသကကိုသတ်၍ အသားကိုချက်၍စားလေ၏၊ ထိုနေ့မှစ၍ တယောက်ထည်း သာ ဖြစ်လေ၏၊ ပေါရိသာဒသည် ခရီးသွားသောလူတို့ကို သတ်၍စားသည်ဟု ဇမ္ဗူဒိပ်တကျွန်းလုံး ထင်ရှားလေ၏။

ခရီးသွားပုဏ္ဏား လိုက်ပြန်ပြေး

အခါတပါး စည်းစိမ် ဥစ္စာရှိသော ပုဏ္ဏားတယောက်သည် ကုန်သွယ်ရန် လှည်းငါးရာဖြင့်သွားလတ်သော် တောအုပ်၌ ပေါရိသာဒသူခိုးသည် လူကိုသတ်၍စားသတဲ့၊ဥစ္စာကိုပေး၍ တောအုပ်ကို လွန်စေမည် ဟု ကြံစည်ပြီးလျှင် တောအုပ်အဝသို့ရောက်လျှင် လူတို့ကို ဥစ္စာတထောင်ပေး ခေါ်ယူလျက် တောအုပ်သို့ဝင်လေ၏၊ထိုအခါ ပေါရိသာဒသည် သစ်ပင်သို့တက်၍ လူကိုစုံစမ်းလတ်သော် ပုဏ္ဏားကိုမြင်လျှင် သွားရည်တမျှားမျှားဖြင့် အလွန်စားလို၏၊ အနီးသို့ရောက်သောအခါ သစ်ပင်မှဆင်းသက်၍ (ငါပေါရိသာဒတည်း)ဟု သုံးကြိမ် ကြုံးဝါးလျက် သန်လျက်ပတ်ပတ်လှည့်ကာ အတင်းလိုက်လေ၏၊ အလုံးစုံသောလူတို့သည် မြေကြီး၌ ရင်ဖြင့် ဝပ်ကြကုန်၏။

ရှားငုတ်ရူးမှ ပြန်လွတ်ရ

ပေါရိသာဒလည်း ပုဏ္ဏားကို ဖမ်း၍ ခြေမိုးမျှော်ကိုင်ကာ ပြေးလေ၏၊ ထိုအခါ လူတို့သည် "အချင်းတို့…ငါတို့ကား ပုဏ္ဏား၏ ဥစ္စာတထောင်ကို ယူကြ၏၊ ငါတို့လည်း ယောကျ်ားတို့ မဟုတ်ကုန်လော၊ ရသည်ဖြစ်စေ, မရသည်ဖြစ်စေ လိုက်ရန်သင့်၍သည်"ဟု တိုင်ပင်ကာ နောက်မှလိုက်ကြကုန်၏၊ ရဲရင့်သောလူတယောက်သည် အတင်းဒလကြမ်းလိုက်ရာ ပေါရိသာဒကို မှီလေ၏၊ ပေါရိသာဒလည်း စောင်းရန်းတခုကို ခုန်လတ်သော် ရှားငုတ်တို့ကိုနင်းမိရာ ခြေဘဝါးမှ ဘမိုးတိုင်ပေါက်လေ၏၊ သွေးယိုစီးလျက် ခုန်၍သွားလေ၏၊ ရဲရင့်သောယောကျ်ားမြင်လျှင် အချင်းတို့ ငါပေါရိသာဒကို ထိုးသတ်အပ်ပြီ၊ လာကြကုန်၊ အရဖမ်း

မည် ဟု အော်ဟစ်၍ လိုက်ပြန်၏၊ ပေါရိသာဒလည်း ပုဏ္ဏားကို လွှတ်၍ ကိုယ်လွတ် ရုန်းကာ ပြေးရ ရှာလေ၏၊ အခစားတို့လည်း ပုဏ္ဏားကို ရသည်ရှိသော် ထိုအရပ်မှ ပြန်ကြကုန်၏။

**အနာပျောက်ရန် နတ်တောင်းပန်**

ပေါရိသာဒလည်း ပညောင်ပင်ရင်းသို့ သွားပြီးလျှင် ရှားငုတ်စူးသော အနာ အလွန် နာကျင်လှသဖြင့် ညောင်မြစ်ပါးပျဉ်းကြား၌ အိပ်လျက် "အရှင်နတ်မင်း.... အကယ်၍ ခုနစ်ရက်အတွင်း အနာပျောက်အောင် ကူသနိုင်လျှင် တရာ့တပါးသောမင်းတို့၏ လည်ချောင်းသွေးဖြင့် ပင်စည်ကိုဆေးမည်၊ အအူတို့ဖြင့်ရစ်ပတ်၍ လူသားတို့ဖြင့် ပူဇော်ပါမည်၊ ကူသပေးတော်မူပါ" ဟု တောင်းပန်ပသလေ၏၊ အနာကား အစာမစားရသဖြင့် ချောက်ကပ်၍ ခုနစ်ရက်ရှိလျှင် ချမ်းသာလေ၏၊ ပေါရိသာဒကား ပညောင်ပင်စောင့်နတ်မင်း၏ အာနုဘော်ကြောင့် ပျောက်ကင်းချမ်းသာ၏ ဟု မှတ်ထင်ယုံကြည်လေ၏။

**နတ်ပသရန် ကြံစည်ပြန်**

နှစ်ရက် သုံးရက်မျှ လူသားကိုစား၍ အားရှိလာလျှင် ငါကား နတ်မင်းအား ပူဇော်ပသမည် ဟု ဝန်ခံထားသည်၊ ဝန်ခံသောအတိုင်း ပြုလုပ်မည်ဟုကြံစည်ဆုံးဖြတ်ကာ ပညောင်ပင်မှထွက်ခဲ့၍ တရာ့တပါးသောမင်းတို့ကို ဖမ်းရန်သွား၏၊ ထိုအခါ ရှေးဘဝက ဘီလူးဖြစ်စဉ် လူသားစားဘက် အဆွေခင်ပွန်းဖြစ်သော ဘီလူးမြင်လျှင်သိ၍ "အဆွေ.... ငါ့ကို သိပါ၏လော" ဟု မေး၏၊ "မသိပါ" ဟု ပြော၏၊

ဘီလူးသည် ရှေးဘဝကအကြောင်းကို ပြောကြားသဖြင့် သိလေ၏။

ဘီလူးပေးအပ် မန္တရားမြတ်

ဘီလူးသည် ပေါရိသာဒ၏ အဖြစ်အပျက်ကို မေး၏၊ ပေါရိသာဒသည် ဖြစ်ခဲ့သမျှအကြောင်းစုံကို ပြောကြားပြီးလျှင် "အဆွေ.... အကျွန်ုပ်မှာ ပဉ္စောင်ပင်စောင့်နတ်အား ကတိထားမိသည့်အတွက် တရာ့တပါးသော မင်းတို့ဖြင့် ယဇ်ပူဇော်ရန် ကိစ္စကြီးတခုရှိပါ၏၊ကျေးဇူးပြု၍ကူညီပါ" ဟု ပြော၏၊ "အဆွေ....ကိုယ်တိုင်လိုက်၍ မကူညီနိုင်ပါ" သို့သော်လည်း ငါ့မှာ အဘိုး အနဂ္ဃထိုက်တန်သော ပဒလက္ခဏာ မန္တရားရှိပါ၏၊ ထိုမန္တရားကို ရွတ်ဖတ်မန်းမှုတ်လျှင် ခွန်အားကြီးခြင်း, လေကဲ့သို့လျှင်မြန်ခြင်း, ဘုန်းတန်ခိုးကြီးခြင်း,အသံဩဇာရှိခြင်း အကျိုးရှိပါ၏၊သင့်အား သင်၍ပေးပါမည်၊ သင့်ကိစ္စအမြန်ပြီးမြောက်ပါလိမ့်မည်" ဟု ပြောဆိုကာ မန္တရားကို သင်၍ပေးပြီးလျှင် မိမိလိုရှိရာသို့ သွားလေ၏။

တရာသောမင်း ဖမ်းဆီးခြင်း

ပေါရိသာဒလည်း မန္တရားကိုသင်ယူပြီးလျှင် ရွတ်ဖတ်သော အခါမှစ၍ ခွန်အားကြီး၏၊ ရဲရင့်၏၊ လျှင်မြန်၏၊ ဘုန်းတန်ခိုးကြီး၏၊ အသံဩဇာရှိ၏၊ ခုနစ်ရက်အတွင်းမှာပင် တရာသောမင်းတို့ကို ထိုထိုဥယျာဉ်စသည်တို့၌ လျင်သောအဟုန်ဖြင့် ဖမ်းယူလျက် လက်ဖဝါးတို့၌ဖောက်၍ ကြိုးဖြင့်ချည်ပြီးလျှင် ခြေတို့ကို မြေ၌ထိကာမျှထားလျက် ပဉ္စောင်ပင်၌ဆွဲ၍ထား၏၊ သုတသောမမင်းကား ဆရာဖြစ်၏၊ အကယ်၍ဖမ်းယူငြားအံ့၊ ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးဖြစ်

ရာ၏၊ ထို့အတွက် မဖမ်းတော့အံ့ဟု နှလုံးသွင်းလျက် နတ်ပူဇော်ရန် မီးကိုမွေး၍ တံစို့တို့ကို ချွန်၍နေ၏။

**သိကြားမင်းအား နတ်တိုင်ကြား**

ပညောင်ပင်စောင့်နတ်သည် ပေါရိသာဒ၏ အမူအရာကိုမြင်လျှင် ဤပေါရိသာဒကား ငါ့ကိုပူဇော်မည်တဲ့၊ ငါလည်း သူ့အနာကို ဆေးကု၍ပေးသည်မဟုတ်၊ မင်းတို့ပျက်စီးရတော့မည်၊ တားမြစ်စေမည်ဟု နှလုံးသွင်းပြီးလျှင် တားမြစ်ပေးရန် စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်ထံသွား၍ လျှောက်ထား၏၊ နတ်မင်းကြီးလေးယောက်တို့လည်း မတားမြစ်နိုင်ကြောင်းပြောကုန်၏၊ တဖန် သိကြားမင်းထံသွား၍ လျှောက်ထားပြန်၏၊ သိကြားမင်းလည်း ငါကား မတားမြစ်နိုင်ပေ၊ သို့သော် အတုမရှိသော သုတသောမမင်းတပါးသာ တားမြစ်နိုင်သည်၊ သုတသောမမင်းသည် ပေါရိသာဒကိုဆုံးမ၍ မင်းတို့အသက်ကိုပေးလိမ့်မည်၊ ထို့အတွက် သင်သည် ပေါရိသာဒအား သုတသောမမင်းပါမှ အပူဇော်ခံမည်ဟု ပြောကြားလေဟု မှာထား၍ လွှတ်လိုက်၏။

**သုတသောမကို ဖမ်းရန်ဆို**

ပညောင်ပင်စောင့်နတ်လည်း အမြန်ပြန်၍ ပေါရိသာဒရှေ့တွင် ရဟန်းအသွင်ဖြင့်သွား၏၊ မြင်လျှင် ရဟန်းလည်း မင်းပင်ဖြစ်၏၊ တရာ့တပါးပြည့်အောင် ဖမ်းမည်ဟု အတင်းလိုက်လေ၏၊ သုံးယူဇနာရှိသော်လည်း မမှီနိုင်၊ ထိုအခါ ပေါရိသာဒသည် ငါလိုက်လျှင် ဘယ်သတ္တဝါမျှ မလွတ်နိုင်၊ အကြောင်းအသို့နည်းဟု ကြံစည်ကာ—

"ရဟန်း…. ရပ်လော့"ဟုပြော၏၊"ပေါရိသာဒ…. ငါ ရပ်နေ၏၊သင်သာပြေးနေသည်"ဟုပြောလေ၏၊"ရဟန်း.. အဘယ့်ကြောင့် မှသားဆိုသနည်း"ဟု မေး၏၊ "ပေါရိ သာဒ…. ငါမှသားမဆို သူတော်ကောင်းတရား၌ တည် သောသူကား ရပ်သည်မည်၏၊ သူခိုးသာပြေးသည်မည်၏၊ ငါ့စကားကိုနားထောင် သုတသောမမင်းကိုဖမ်း၍ ယဇ်ပူ ဇော်လျှင် သင်နတ်ပြည်မှချရောက်မည်၊ ငါကား ရဟန်း မဟုတ် ပညောင်ပင်စောင့်နတ်ဖြစ်၏"ဟု ပြောဆိုပြီးလျှင် ရဟန်းအသွင်ကိုဖျောက်၍ နတ်အသွင်ဖြင့် ကောင်းကင်၌ တည်၏၊ "အရှင်နတ်မင်း…. မစိုးရိမ်လင့် ဖမ်းမည်" ဟု ပြောလေ၏၊ ပညောင်ပင်စောင့်နတ်သည် ပေါရိသာဒမြင် စဉ်လျှင် ပညောင်ပင်သို့ဝင်၍ ကွယ်လေ၏၊ ထိုခဏ၌နေဝင် ၍ လမင်းသည် ထွက်လေ၏။

**မင်းကိုဖမ်းရန် ပုန်းအောင်းမြန်**

ပေါရိသာဒလည်း နက္ခတ် ဗေဒင်၌ လိမ္မာသဖြင့် ကောင်းကင်သို့ ကြည့် လတ်သော် နက်ဖြန် ဖုသျှနက္ခတ်နှင့် ယှဉ်လျှင် သုတသောမမင်း မင်္ဂလာရေကန်၌ ခေါင်းဆေး လတ္တံ့၊ အစောင့်အရှောက်များပြားလှသည်၊ငါသည် ယခု ညဉ့်ပင်သွားမည်ဟု ကြံစည်ကာ အစောင့်အရှောက်တို့ကို မစီရင်မီ ညဉ့်ဦးယာမ်မှာပင်သွား၍မိဂါဇိန်ဥယျာဉ်အတွင်း မင်္ဂလာရေကန်၌ ဆင်းသက်ကာ ခေါင်းတွင် ကြာဖက် ဆောင်း၍ ပုန်းအောင်းကာ နေလင့်၏၊ ပေါရိသာဒ၏ တန်ခိုးကြောင့် ငါးလိပ်တို့ပင် မကပ်ဝံ့ဘဲ ကမ်း၌ရုံးစုကာ နေကြကုန်၏။

မင်းကြီးထွက်လာ
တောင်းဆုဖြာ

သုတသောမ မင်းလည်း နံနက် စောစောကပင် နံနက်စာစားပြီးလျှင် တန်ဆာဆင်၍ ဆင်တော်ကိုစီးကာ စစ်အင်္ဂါလေးပါးဖြင့် မိဂါဇိနုဉယျာဉ်သို့သွားလေ၏၊ ထိုအခိုက် တက္ကသိုလ်ပြည်မှ နန္ဒပုဏ္ဏားသည် သတာရဟ လေးဂါထာတို့ကို ယူ၍လာရာ ဣန္ဒပတ္ထနဂိုရ်ပြည်သို့ ရောက်လျှင် မြို့တံခါးရှာ၍ တည်းခို၍ နေထွက်လတ်သော် မြို့တွင်းသို့ဝင်ကာ အရှေ့တံခါးဖြင့် ထွက်တော်မူသော သုတသောမမင်းကိုမြင်လျှင် လက်ကိုဆန့်တန်းလျက် (အောင်စေသတည်း- အောင်စေသတည်း) ဟု အောင်ဆုကိုပေးကာ နေလင့်၏၊ သုတသောမမင်းမြင်လျှင်အနီးသို့ကပ်၍"အို-ပုဏ္ဏားကြီး… ဘယ်ဝတ္ထုကို အလိုရှိသနည်း၊ လိုရာဝတ္ထုကို ငါပေးမည်၊ လျှောက်တင်လော့"ဟု မိန့်တော်မူ၏၊ "အရှင်မင်းကြီး…. အလွန် နက်နဲ၍ မွန်မြတ်သော အကျိုးစီးပွါး ရှိသော သတာရဟလေးဂါထာတို့ကို အရှင်မင်းကြီးအတွက် ဆက်သရန် ဆောင်ယူခဲ့ပါ၏၊နာတော်မူပါ"ဟုလျှောက်တင်၏။

အစောင့်ချထား
ဉယျာဉ်ကစား

သုတသောမ မင်းလည်း အလွန်နှစ်သက်တော်မူသဖြင့် "ဆရာ…လာခြင်းကား ကောင်းပေ၏၊ သို့သော်လည်း ယခုခေါင်းဆေးမင်္ဂလာ ပြုဦးမည်၊ နက်ဖြန်နေ့၌ ဆရာ့ထံလာ၍ နာကြားပါမည်"ဟု မိန့်တော်မူပြီးလျှင် ပုဏ္ဏားကြီး တည်းခိုရန် အိမ်,အိပ်ရာနေရာ အစားအသောက် အလုံးစုံတို့ကို စီမံစေပြီးလျှင် မိဂါဇိနုဉယျာဉ်သို့ ဝင်တော်မူ၏၊ ဉယျာဉ်တော်ကား တဆယ့်ရှစ်တောင်မြင့်သော တံတိုင်းဖြင့် ကာရံထား၏၊ ထိုဉယျာဉ်ကို ခေါင်းချင်းထိနေသော

ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်တို့ဖြင့် အထပ်ထပ်ရံ၍ထား၏၊ သုတသောမမင်းသည် လေးသော တန်ဆာတို့ကို ချွတ်၍ ဆံမုတ်ဆိတ်တို့ကို ပြင်ဆင်ပြီးလျှင် မင်္ဂလာရေသဘင်သို့ ဆင်းသက်၍ရေချိုး၏၊ ပြီးလျှင်တက် ၍ ဝတ်လဲတော်ပုဆိုးကို ဝတ်လျက်နေ၏၊ အဝတ်တန်ဆာ ပန်းနံ့သာတို့ကို ဆက်သကြကုန်၏။

**ဟစ်သံကြားက ဝပ်ကုန်ကြ**

ထိုအခါ ပေါရိသာဒသည် ယခုအခါ အချိန်တော်ပြီ၊ တန်ဆာ ဆင်ပြီးလျှင် လေးလံတော့မည်ဟု ကြံစည် ပြီးလျှင် ရေထဲမှပြုန်းကနဲထ၍ (ငါပေါရိသာဒတည်း) ဟု ဟစ် ကြွေးကြော်ကြော်လျက် ခေါင်းထက်၌ သန်လျက်ကို ပတ်ပတ် လည်ဝှေ့ရမ်းကာ လျှပ်စစ်နွယ်ကဲ့သို့ လျင်မြန်စွာ ရေမှ တက်၏၊ မိုလ်ပါတို့သည် ပေါရိသာဒ၏ အသံကိုကြားလျှင် အလွန်ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် ဆင်ပေါ် မြင်းပေါ် ရထားပေါ်မှ မြေသို့ကျလျက် လက်နက်တို့ကို စွန့်ပစ်ပြီး လျှင် မြေ၌ရင်ဖြင့် ပြားပြားဝပ်ကြကုန်၏။

**မင်းကိုထမ်းပြေး စစ်၍မေး**

ပေါရိသာဒသည် သုတသောမ မင်းကို ပွေ့ချီကာ ပခုံးထက်၌ နေစေပြီးလျှင် တဆယ့်ရှစ်တောင် မြင့်သော ဥယျာဉ် တံတိုင်းကို ခုန်လွှား၍ ပညောင်ရွက်တို့ကို နင်းသည့်အလား ဆင်မြင်းရထားကိုနင်းကျော်ကာ သုံးယူဇနာခရီးကိုတဟုန် တည်းပြေးလွှားလျက် နောက်မှလိုက်သောသူတို့ကို မမြင်မှ ဖြေးဖြေးသွားလေ၏၊ ထိုအခါ သုတသောမမင်း၏ ဆံပင်မှ ရေပေါက်တို့သည် မိမိအပေါ်သို့ကျလတ်သော် သေဘေးမှ ကြောက်၍စိုးရိမ်ပူဆွေးကာငိုကြွေးသည်ဟုမှတ်ထင်လျက်—



P. ၃၆၂ ပေါရိသာဒသည် ဟစ်ကြွေးလျက် မဟာသုတသောမမင်းအား ဖမ်းရန်ပြုမူနေပုံ

"အို-သုတသောမမင်းမြတ်… သင်ကား ဆင်ခြင်တိုင်းထွာနိုင်သော ပညာဗဟုသုတ အကြားအမြင်ရှိပါလျက် အဘယ်ကြောင့် စိုးရိမ်ပူဆွေးငိုကြွေးဘိသနည်း၊ မိမိသေရမည်ကိုကြောက်၍လော၊ သို့မဟုတ် ဆွေမျိုးဉာတိ သားမယားတို့ အတွက်လော၊ သို့မဟုတ် ရွှေ ငွေ ရတနာ ဥစ္စာစီးပွားအတွက်လော"-

ဟု ရှေးဦးစွာ မေးမြန်းလေ၏။

**ပြန်ခွင့်ပြုရန် ပြောဆိုပြန်**

သုတသောမ မင်းသည် ပေါရိ သာဒစကားကိုကြားလျှင်ပေါရိသာဒအား-

"အဆွေ ပေါရိသာဒ… ငါသည် မိမိအတွက်ငှင်း, ဆွေမျိုး ဉာတိ သားမယားတို့ အတွက်ငှင်း, ရွှေ ငွေ ရတနာ ဥစ္စာစီးပွားအတွက်ငှင်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို မပြုပါ"။

စင်စစ်သော်ကား ငါသည် နန္ဒပုဏ္ဏားနှင့် နက်ဖြန် သတာရဟလေးဂါထာကို နာကြားမည် ဟု အချိန်းအချက်ပြု၍ ထားပါ၏၊ ထိုအချိန်းအချက်အတွက်သာ စိုးရိမ်မိပါ၏၊ သို့အတွက် ယခုငါ့ကို ပြန်ခွင့်ပြုပါ၊သတာရဟဂါထာကို နာကြားပြီးလျှင် သစ္စာကို စောင့်သောအားဖြင့် သင့်ထံသို့ ငါ ပြန်လာပါအံ့"-

ဟု ပြောကြား တောင်းပန်လေ၏။

ကျိန်စာဆိုမှ ပြန်ခွင့်ရ

ပေါရိသာဒသည် သုတသောမ မင်းအား ပြန်လာမည်ဆိုခြင်းကို မယုံကြည်နိုင်ဟု ပြောဆိုလျက်—

"အို-သုတသောမမင်းမြတ်···· သင့်စကားကို အကျွန်ုပ် မယုံကြည်နိုင်ပါ၊ သေမင်း၏ ခံတွင်းမှ လွတ်မြောက်ကာ မိမိနန်းတော်၌ ချမ်းချမ်းသာသာ အသက်ရှင်ခြင်းကို ရပါလျက် ဘယ်သူအသက်ကို စွန့်၍ သေမင်းခံတွင်းသို့လာ၍ ဝင်မည်နည်း"—

ဟု မယုံကြည်နိုင်ကြောင်း အသင့်ယုတ္တိ မရှိကြောင်းကို ပြောကြားလေ၏၊ ထိုအခါ သုတသောမ မင်းသည် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ ပေါရိသာဒ အား—

"အဆွေပေါရိသာဒ····သီလစင်ကြယ်သောသူသည် အသက်ဘေးကြောင့် မဟုတ်မမှန်သော စကားကိုပြောဆိုငြားအံ့၊ထိုသူကား သေရခြင်းသည် မွန်မြတ်လှ၏၊ အသက်ရှင်ခြင်းကား မမွန်မြတ်ပေ၊ ယုတ်မာသော သူသည် သူတပါးကြောင့် မဟုတ်မမှန်သောစကားကို ပြောဆိုရာ၏၊ သူတပါးသည် ထိုသူ့ကို ဒုဂ္ဂတိမှ မကယ်တင်ပေ"။

"အဆွေပေါရိသာဒ····လေပြင်း မုန်တိုင်းသည် တောင်ကြီးကို လွှင့်ပစ်နိုင်စေကာမူ, လ နေတို့သည် မြေသို့ကျစေကာမူ, မြစ်အလုံးစုံတို့သည် အညာသို့ စီးစေကာမူ, ငါသည် မဟုတ်မမှန်သောစကားကို မပြောဆိုရာ"။

"အဆွေပေါရိသာဒ.... ကောင်းကင်ကြီးသည် ကွဲစေကာမူ, သမုဒ္ဒရာသည် ခြောက်ကပ်စေကာမူ၊ မြေကြီး၏ မျက်နှာသည် အောက်အထက် ပြန်စေကာမူ, မြင့်မိုရ်တောင်သည် အမြစ်ပါလဲစေကာမူ ငါသည် မဟုတ်မမှန်သောစကားကိုမပြောဆိုရာ"-

ဟု မိမိ မုသားမဆိုခြင်းအကြောင်းကို ပြောဆိုလေ၏၊ ထိုသို့ပြောဆိုပါသော်လည်း ပေါရိသာဒသည် မယုံကြည်လေ၊ ထိုအခါ သုတသောမမင်းသည် ယုံကြည်စေခြင်းငှါ ပခုံးပေါ်မှ ချစေ၍တဖန်-

"အဆွေပေါရိသာဒ....ငါသည် သန်လျက်ကိုဍင်း, လှံကိုဍင်း သုံးသပ်ပါအံ့၊ ကျိန်စာဆိုခြင်းကိုပြုပါအံ့၊ လွှတ်လိုက်သောငါသည် မြီမရှိအောင်ပြုပြီးလျှင် သစ္စာကိုစောင့်သောအားဖြင့် တဖန်ပြန်လာပါအံ့"-

ဟု ယုံကြည် လောက်အောင် ကျိန်စာဆိုလေ၏၊ ထိုနောင်မှ ပေါရိသာဒသည် ဤသုတသောမမင်းကား မင်းတကာတို့ မပြုအပ်သော ကျိန်စာဆိုခြင်းကို ပြုပေ၏၊ လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ ငါလည်း ရေမြေကို အစိုးရသော မင်းပင်ဖြစ်သည်၊ငါ့လက်မောင်းသွေးကို ယူ၍ ထိုမင်းအစားပူဇော်အံ့၊ ဤမင်းလည်း အလွန်ပင်ပန်းလှ၏ ဟု ကြံစည်ကာ သုတသောမမင်းအား-

"အိုသုတသောမ မင်းမြတ်.... မိမိနိုင်ငံသို့ ပြန်၍ မင်းအဖြစ်၌တည်လျက် ပုဏ္ဏားနှင့် ပြုအပ်

သော အချိန်းအချက်ကို ပြည့်စုံစေပြီးလျှင် သစ္စာကို စောင့်သောအားဖြင့် တဖန်ပြန်လာခဲ့ပါ”–

ဟု မှာကြား၍ လွှတ်လေ၏။

**မှာကြားနှုတ်ဆက် ပြောဆိုလျက်**

ထိုအခါ သုတသောမမင်းသည် ပေါရိသာဒအား “အဆွေ ပေါရိသာဒ.... သင်မစိုးရိမ်နှင့်၊ ငါပြန်လာမည်” ဟု ပြောကြား၏၊“အို-သုတသောမမင်းမြတ်....မင်းတကာတို့ မပြုအပ်သော သစ္စာကို ပြုထားသည်ကို အောက်မေ့ပါလော့”ဟုပြော၏၊“အဆွေပေါရိသာဒ....သင်သည် ငါ့ ကိုငယ်စဉ်ကပင် သိသည်မဟုတ်လော၊ ရယ်မြူးလို၍လည်း မဟုတ်မမှန်သောစကားကို မဆိုခဲ့စဘူး၊အကျိုးအကြောင်း ကိုသိပါလျက် အဘယ်မှာ မဟုတ်မမှန်သောစကားကို ဆို အံ့နည်း၊ နက်ဖြန် နတ်ပူဇော်မှီအောင် ပြန်လာမည်”ဟု ပြောလေ၏၊ “အို-သုတသောမမင်းမြတ်....သင်မင်းမြတ် မပါလျှင် နတ်သည် အပူဇော်ခံမည်မဟုတ်ပါ၊ နတ်ပူဇော် ခြင်း ပျက်ပါလိမ့်မည်၊ဆက်ဆက်ပြန်လာပါ”ဟု မှာကြား ၍ သုတသောမမင်းကို လွှတ်လိုက်၏။

**ဂါထာလေးခု နာကြားမှု**

သုတသောမ မင်းလည်း ပေါရိသာဒ လက်မှလွတ်လျှင် မြို့တော်သို့အမြန်ပြန် ၍လာ၏၊ စစ်သည်တို့လည်း ငါတို့မင်း ကား ပညာရှိသည်၊မုချလွတ်လာရမည်ဟု စစ်တပ်ချကာ မြော်လင့်လျက်နေ၏၊ သုတသောမမင်းလည်း စစ်တပ်သို့ ရောက်လျှင် စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် မြို့တွင်းသို့ ဝင်လေ၏၊နန်းတော်သို့ရောက်လျှင် နန္ဒပုဏ္ဏားကိုခေါ်စေ၍

တန်ဆာဆင်စေပြီးလျှင် မြတ်သောသူတို့သာ ထိုက်တန်သော ပလ္လင်ထက်၌ နေစေ၏။

ထိုအခါ နန္ဒပုဏ္ဏားသည်လွယ်အိတ်မှ ရွှေပေကိုထုတ်၍ လက်နှစ်ဘက်တို့ဖြင့်ကိုင်လျက် "မြတ်သော မင်းကြီး.... ကဿပဘုရား ဟောကြားတော်မူအပ်သော နိဗ္ဗာန်သို့ ရောက်စေတတ်သော သတာရဟာ လေးဂါထာတို့ကို နာတော်မူလော့"ဟု တိုက်တွန်းပြီးလျှင်—

"မြတ်သောမင်းကြီး.... သူတော်ကောင်းတို့နှင့် တကြိမ်မျှသာ ပေါင်းဘော်၏၊ ထိုပေါင်းဘော်ခြင်းသည် ထိုသူကို စောင့်ရှောက်ပေ၏၊ သူယုတ်မာတို့နှင့် အကြိမ်များစွာပေါင်းဖေါ်၏၊ထိုပေါင်းဖေါ်ခြင်းသည် ထိုသူကိုမစောင့်ရှောက်ပါ"။

"မြတ်သော မင်းကြီး.... သူတော်ကောင်း တို့နှင့်သာ ပေါင်းဖေါ်ရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖေါ်ခြင်းကိုပြုရာ၏၊ သူတော်တို့၏ တရားကို သိ၍ အထူးသဖြင့်မြတ်၏၊ယုတ်မာခြင်း မဖြစ်နိုင်"။

"မြတ်သော မင်းကြီး.... ဆန်းကြယ်သော မင်းစီးရထားတို့သည် စင်စစ် ဆွေးမြေ့ပျက်စီးကုန်၏၊ ထိုမှတပါးခန္ဓာကိုယ်သည်လည်း အိုခြင်းသို့ ရောက်ရ၏၊ သူတော်ကောင်းတို့သည် နိဗ္ဗာန်တရားကို စင်စစ် ချီးမွမ်းကုန်၏၊ သူတော်ကောင်း တို့၏ နိဗ္ဗာန်တရားကား အိုခြင်းသို့မရောက်နိုင်"။

"မြတ်သော မင်းကြီး.... မြေကြီးနှင့် ကောင်းကင်တို့သည် အချင်းချင်းဝေးကုန်၏၊ သမုဒ္ဒရာကမ်း

နှစ်ဘက်တို့လည်း အချင်းချင်းဝေးကုန်၏၊ ထိုမြေကြီးနှင့် ကောင်းကင် သမုဒ္ဒရာ ကမ်းနှစ်ဘက်တို့ အချင်းချင်း ဝေးကုန်သည်ထက် သူတော်ကောင်းတို့ တရားနှင့် သူယုတ်မာတို့ တရားသည် အလွန်ဝေး လှ၏''—

ဟု ရွှေပေမှ ဖတ်ရွတ်ကာ ဟောကြားလေ၏။

**မင်းကြီးသဘောကျ ဆုတော်ချ**

မင်းကြီးသည်ထိုသတာရဟာလေးဂါထာတို့ကို နာကြားပြီးလျှင် ငါပြန်လာခြင်းကား အကျိုးများလှ၏၊ သဗ္ဗညုဘုရားကိုယ်တော်တိုင် ဟောကြားအပ်သော ဂါထာတို့ဖြစ်၍ ဖြူမွှားပြည်တိုင်အောင် စကြဝဠာတိုက်ပြည့်မျှ ရတနာတို့ကို ပေးငြားသော်လည်း ဂါထာတို့၏တန်ဘိုးကို ကြေနိုင်မည်မဟုတ်၊ စင်စစ်သော်ကား နန္ဒပုဏ္ဏားအား မင်းအဖြစ်ကို ပေးခြင်းငှါစွမ်းနိုင်၏၊ ဘုန်းကံရှိ-မရှိ အင်္ဂဝိဇ္ဇာအတတ်ဖြင့် ကြည့်ရှုလတ်သော် မင်းစည်းစိမ်,မြို့စား,ရွာစား,စစ်သူကြီး စသည်တို့နှင့် မထိုက်တန်၊ ဥစ္စာများစွာနှင့်လည်း မထိုက်တန်၊ အသပြာလေးထောင်ကိုသာ ရထိုက်သောပုဏ္ဏား၏ ဘုန်းကံကိုမြင်၍ တဂါထာကို တထောင်ထားကာ အသပြာလေးထောင်ကိုပေးလေ၏၊ သုတသောမ မင်းသည် အခြားမင်းတို့ကို ဟောသောအခါ အဘယ်မျှ ရသနည်း''ဟုမေးသောအခါလေးရာသာ ရ၍ သတာရဟာဂါထာမည်ကြောင်းကိုလျှောက်ထား၏။

တဘန် သုတသောမမင်းသည် ပုဏ္ဏားအား''ဆရာ····သင်တို့ကား ဂါထာ၏တန်ဘိုးကိုမသိ၊ယနေ့မှစ၍ တဂါကို

တထောင်စိ ရမှဟောပါ၊ (သဟဿရဟာဂါထာ) ဟု ခေါ်တွင်စေရမည်" ဟု မိန့်တော်မူပြီးလျှင် အသပြာ လေးထောင်ကိုပေး၍ တက္ကသိုလ်ပြည်သို့ ပြန်ပို့စေ၏။

**ပေါရိသာဒထံ သွားခွင့်ပန်**

မင်းကြီးလည်း မယ်တော် ခမည်းတော်တို့ထံ သွား၍ ရှိသေစွာ ရှိခိုးပြီးလျှင် "မယ်တော်ခမည်းတော်တို့....အကျွန်ုပ်သည် တရားနာလွှတ်ရန် လူသားစား ပေါရိသာဒထံမှ ကျိန်စာရွက်ရှ်လာရပါ၏၊ သစ္စာကို စောင့်သောအားဖြင့် ပေါရိသာဒထံ ပြန်၍သွားရပါမည်၊ သို့အတွက်မယ်တော် ခမည်းတော်တို့အား တိုင်းပြည်ကြီးကိုအပ်နှင်းပါ၏၊ စီရင် အုပ်ချုပ်တော်မူပါ"ဟုလျှောက်ထားတောင်းပန်လေ၏။

**တားမြစ်ပါလျက် အတင်းထွက်**

သုတ သောမမင်းစကားကို ကြားလျှင် မယ်တော်ခမည်းတော်တို့သည် အလွန် နှလုံးပူဆာကုန်၏၊ ခမည်းတော်သည် "ချစ်သား သုတသောမ.... အဘယ်ကြောင့် ဤစကားကို ဆိုဘိသနည်း၊ ငါတို့မှာ စစ်အင်္ဂါတို့သည် ပြည့်စုံကုန်၏၊ စစ်သည်ဗိုလ်ပါတို့ဖြင့် လူသားစားသူခိုးကို ဖမ်းယူပါမည်၊ မသွားပါလင့်"ဟု တားမြစ်တော်မူ၏၊ သားတော် သုတ သောမမင်းလည်း အဖန်ဖန်တားမြစ်သော်လည်း သူတော် ကောင်းတရား၌တည်၍ သစ္စာကိုစောင့်သော မင်းဖြစ်သည် အားလျော်စွာ မယ်တော်ခမည်းတော်တို့နှင့် တိုင်းသူပြည် သားတို့ ငိုကြွေး မြည်တမ်းစဉ်လျှင် မြို့တော်မှ ထွက်၍ မကြောက်မရွံ့ ပေါရိသာဒထံ သွားလေ၏၊ တိုင်းသူပြည် သားတို့လည်း ငိုကြွေးမြည်တမ်းကာ နောက်မှလိုက်ကြ

ဘုန်၏၊ မင်းကြီးလည်း မြေ၌ ရေးချစ်၍ စီးတားကာ မလိုက်ကြရန် အာဏာထားလေ၏၊ တိုင်းသူပြည်သားတို့လည်း ဘုန်းကြီးသောမင်း အာဏာကို မလွန်ဆန်ဝံ့သဖြင့် မလိုက်ဝံ့ဘဲ ကျန်ရစ်ကုန်၏။

**တရားကြားနာလို တောင်းပန်ဆို**

ပေါရိသာဒလည်း သုတ သောမ မင်း လာလို လာပါစေ၊ မလာလို လည်း နေပါစေ၊ ဤမင်းတို့ဖြင့် ပူဇော်မည်၊ ပသောင်ပင်စောင့်နတ်သည်ငါ့ကို ပြုလိုရာပြုစေတော့ဟု ကြံစည်လျက် မီးတို့ကိုမွှေးပြီးလျှင် တံစို့တို့ကိုချွန်၍နေ၏၊ ထိုအခိုက်သုတသောမမင်းလည်း ရောက်၍လာ၏၊ပေါရိသာဒသည် ရှေးဦးစွာ "အဆွေတော်.... ကိစ္စပြီးခဲ့ပြီလော" ဟု မေး၏၊ "အဆွေ.... ငါသည် ကဿပဘုရားဟောတော်မူအပ်သော ဂါထာတို့ကိုနာကြားရ၍ တရားဟောပုဂ္ဂိုလ်အားလည်း ပူဇော်ခဲ့ရသဖြင့် ကိစ္စပြီးပေပြီ၊ ငါ့ကိုစားလိုလျှင်စားလော့"ဟု ပြောကြားလေ၏၊ ထိုအခါပေါရိသာဒသည် ဤမင်းကား သေဘေးမှကြောက်ခြင်းကင်း၍ ပြောဆိုဘိ၏၊ မကြောက်သည်မှာ အဘယ်ဘုန်းတန်ခိုးပေနည်း၊ အခြားဘုန်းတန်ခိုးမရှိရာ နာကြားခံရသော ဂါထာတို့ဘုန်းတန်ခိုးဖြစ်လေရာ၏၊ ငါလည်း မကြောက်လေအောင် ထိုဂါထာကိုနာကြားရလျှင် ကောင်းမည်ဟု ကြံစည်ဆုံးဖြတ်ကာ—

"အဆွေသုတသောမ.... ငါမွှေးထားသောမီးသည် ယခုအခါ မီးကျီးမကျသေး၊ ငါ့အား ထိုဂါထာတို့ကို ဟောပါဦး နာကြားလိုပါ၏၊မီးကျီးကျမှ

ကင်သည်ရှိသော် အသားသည် ကောင်းစွာကျက်
ပါ၏”—

ဟု မီးကျီးမကျသေးမီ တရားဟောရန် တောင်းပန်
လေ၏။

နှိပ်နင်းဆိုလျက် ဟောပြချက်

သုတသောမမင်းသည် ဤပေါရိသာဒ
ကား ယုတ်မာသော အကျင့်ရှိ၏၊ အ
တန်ငယ်နှိပ်၍ ရှက်စေပြီးမှ ဟောမည်
ဟု ကြံစည်လျက်—

“အဆွေပေါရိသာဒ···· သင်ကား တရားကိုမ
စောင့်သည်ဖြစ်၍လူသားကိုစားဘိ၏၊ ဝမ်းအတွက်
ကြောင့် တိုင်းပြည်မှလျှောကျခဲ့၏၊ ငါဟောရမည့်
ဂါထာတို့ကား လောကုတ္တရာတရား ကိုးပါးကိုပြဆို
ကုန်၏၊ သူတော်ကောင်းတရားနှင့် သူယုတ်မာတို့
တရားကား အဘယ်မှာ ညီညွတ်နိုင်မည်နည်း”။

“အဆွေပေါရိသာဒ····သင်ကားတရားမစောင့်
ကြမ်းကြုတ်၏၊ လက်၌အမြဲသွေးလူး၍နေ၏၊ သစ္စာ
တရားမျှလည်းမရှိ၊ သူတော်ကောင်းတရား အဘယ်
မှာရှိအံ့နည်း၊ သင့်မှာ အကြားအမြင်ဖြင့် အဘယ်
သို့ပြုအံ့နည်း”—

ဟု နှိပ်၍ဆိုလေ၏၊ ပေါရိသာဒသည် မေတ္တာပွားပြီး
သည်ဖြစ်၍ နှိပ်၍ဆိုသော်လည်း အမျက်မထွက်၊ သုတ
သောမမင်းအား—

“အဆွေသုတသောမ···· ငါသည်ပင် တရားမ
စောင့်သလော၊ အချို့မင်းတို့သည် အမဲကိုလိုသော

ကြောင့် သားတို့ကိုသတ်ကုန်၏၊ အချို့မင်းတို့သည် မိမိအမှုကိစ္စအတွက် လူကိုသတ်ကုန်၏၊ ထိုမင်းတို့သည် တမလွန်ဘဝ၌ အကျိုးတူမျှကြကုန်၏၊ သို့ပါလျက် အဘယ်ကြောင့် ငါ့ကိုသာ တရားမစောင့်ဟု ဆိုဘိသနည်း''–

ဟု ပြောဆိုပြန်၏၊ သုတသောမမင်းသည် ပေါရိသာဒ စကားကို ကြားရလျှင်–

''အဆွေ ပေါရိသာဒ···· တရား စောင့်သော ပြည်ရှင်မင်းတို့အား ငါးပါးငါးပါးသော သတ္တဝါတို့သည် မစားအပ်သော အစာတို့တည်း၊ သို့ပါလျက် သင်သည်ကား မစားအပ်သောအစာကိုစားသောကြောင့် တရားမစောင့်သောသူ ဖြစ်ရ၏''–

ဟု ပြောဆိုပြန်၏၊ တဖန် ပေါရိသာဒသည် သုတသောမမင်းအား–

''အဆွေသုတသောမ···· လူသားစား ပေါရိသာဒလက်မှ လွတ်၍ မိမိနန်းတော်၌ အလိုရှိရာ ကာမဂုဏ်ကို ခံစား၍ နေနိုင်ပါလျက် လူသားစား ပေါရိသာဒထံသို့ ပြန်လာဘိ၏၊ သင်သည် ရာဇမာယာ၌ မလိမ်မာသူဖြစ်၏''–

ဟု ပြောဆိုပြန်၏၊ သုတသောမမင်းသည် ပေါရိသာဒအား–

''အဆွေပေါရိသာဒ···· ရာဇမာယာ၌ လိမ်မာသောမင်းတို့သည် အများအားဖြင့် ငရဲ၌ဖြစ်ရကုန်၏၊ ထို့ကြောင့် ငါသည် ရာဇမာယာကို စွန့်လွှတ်

ကာ သစ္စာကိုစောင့်လျက် သင့်ထံပြန်လာ၏၊ ငါ့ကို သတ်၍ ယဇ်ပူဇော်မူလည်း ပူဇော်လော့၊ စားမူ လည်း စားလော့”–

ဟု ပြောဆိုပြန်၏၊ တဖန် ပေါရိသာဒသည်–

“အဆွေသုတသောမ.... သင်၏နန်းပြာသာဒ်၌ အလုံးစုံသောကာမဂုဏ်တို့သည် ရှိကုန်၏၊ထိုကာမဂုဏ်တို့ကို အစိုးရခြင်းကြောင့် ခံစားခြင်းငှါလည်း ရခဲ့၏၊ ထိုသို့ရပါလျက် အဘယ်အကျိုးကိုမြင်၍ သစ္စာကို စောင့်သနည်း”–

ဟု ပြောဆိုပြန်၏၊ သုတသောမမင်းသည်–

“အဆွေပေါရိသာဒ.... သစ္စာဟူသော အရသာသည် မြေပြင်တခုလုံး၌ရှိသော အလုံးစုံသော အရသာတို့ထက် ကောင်းမြတ်လှ၏၊သစ္စာကိုစောင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည် ပဋိသန္ဓေနေခြင်း, သေခြင်း၏ တဘက်ကမ်းသို့ ကူးမြောက်နိုင်ကုန်၏”။

ဟု သစ္စာ၏ အကျိုးကို ပြလေ၏။

**ကြောက်ခြင်းကင်းပုံ မေးပြန်တုံ**

ထိုအခါ ပေါရိသာဒသည် အလွန်ကြည်လင်သော သုတသောမမင်း၏ မျက်နှာကို ကြည့်၍ ဤသုတသောမမင်းကား မီးပုံကြီးကိုလည်းမြင်ရ၏၊ တံစို့တွေချွန်နေသည်ကိုလည်း မြင်ရ၏၊ သို့ပါလျက် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိ၊ တရားဂါထာတို့၏ အာနုဘော်လေလော၊ သစ္စာ၏ အာနုဘော်လေလော၊ ဟုတ်မှန်သောစကားကို ဆိုလေ့ရှိ

သော သင်မင်းမြတ်သည် အဘယ်ကြောင့် သေဘေးမှ မကြောက်သနည်း၊ တုန်လှုပ်ခြင်းမရှိသနည်း ဟု မေး ပြန်၏။

သူတော်ကျင့်ရှိသူ မကြောက်ဟူ

သုတသောမမင်းသည် "အဆွေပေါရိသာဒ… ငါကား များစွာသောကောင်းမှုတို့ကို ပြုအပ်ပြီ၊ ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းအပ်သဖြင့် ပြန့်ပြောသော ယဇ်တို့ကို ပူဇော်အပ်ပြီ၊ တမလွန်လောက၏ ခရီးလမ်းကို သုတ်သင်အပ်ပြီ၊တရား၌တည်သော ငါကဲ့သို့သောသူသည် အဘယ်မှာသေဘေးမှကြောက်အံ့နည်း၊ငါ့ကိုသတ်၍ယဇ်ပူဇော်လိုမူ ပူဇော်လော့၊ စားလိုမူစားလော့"။

"အဆွေပေါရိသာဒ‥ငါသည် အမိ အဘတို့ကို ရိုသေစွာလုပ်ကျွေးမွေးမြူအပ်ပြီ၊ ရာဇဓိတရားဆယ်ပါးနှင့်အညီ တိုင်းပြည်ကို စီရင်အုပ်ချုပ်မင်းလုပ်အပ်ပြီ၊ ဆွေမျိုးဉာတိတို့၌၎င်း, အဆွေခင်ပွန်းတို့၌၎င်း ကျေးဇူးပြုအပ်ပြီ"။

"အဆွေပေါရိသာဒ…. ငါသည် များစွာသောသူတို့အား အလှူပေးလှူအပ်ပြီ၊ ရဟန်း ပုဏ္ဏားတို့ကိုလည်း ရောင့်ရဲစေအပ်ပြီ၊ ငါသည် နောင်တဖန် ပူပန်ခြင်းမရှိသည်ဖြစ်၍ တမလွန်လောကသို့သွားအံ့၊ ငါ့ကိုသတ်၍ယဇ်ပူဇော်လိုမူပူဇော်လော့၊ စားလိုမူ စားလော့" ဟု ပြောဆိုလေ၏။

တရားဟောရန် ထပ်တောင်းပန်

ထိုအခါ ပေါရိသာဒသည် သုတသောမမင်းကြီး တရားစကားကို ကြားနာရလျှင် ဤသုတသောမမင်းကား သူတော်

ကောင်းပေတည်း၊ ဉာဏ်ပညာနှင့် ပြည့်စုံပေ၏၊ သာယာစွာသော တရားစကားကို ဟောပြောတတ်လေ၏၊အကယ်၍ သုတသောမမင်းကို ငါစားငြားအံ့၊ ငါ၏ဦးခေါင်းသည်လည်း ခုနစ်စိတ်ကွဲရာ၏၊ ငါ့ကို မြေကြီးသော်လည်း မျိုရာ၏ ဟု ကြောက်ရွံ့ထိတ်လန့်လျက် သုတသောမမင်းအား “အဆွေသုတသောမ.... သင်ကဲ့သို့သော မင်းမြတ်ကို အဘယ်သူသည် စားဝံ့အံ့နည်းဟု ပြောဆိုပြီးလျှင် သတာရဟာဂါထာတို့ကို ကြားနာလို၏၊ ဟောတော်မူပါ” ဟု အကြိမ်ကြိမ် တောင်းပန်လေ၏။

**တရားမြတ်လေး ဆုတော်ပေး**

သုတသောမ မင်းလည်း ယခုအခါ ပေါရိသာဒသည် အလွန်ကြားနာလိုလှပြီ၊ ငါဟောတော့မည် ဟု ကြံစည်လျက် “အဆွေပေါရိသာဒ.... ကောင်းစွာနာယူလော့၊ ငါဟောမည်” ဟု ဝန်ခံခွင့်ပြုပြီးလျှင် နန္ဒပုဏ္ဏားဟောသည့် နည်းအတိုင်း ပေါရိသာဒအား ဟောကြားလေ၏၊ထိုအခါ နတ်တို့သည် တပြိုင်နက် အုတ်အုတ် ကျက်ကျက်ဖြစ်ကာ ကောင်းချီးပေးကုန်၏၊ ပေါရိသာဒ၏ ကိုယ်အလုံးလည်း ငါးပါးသောပီတိတို့ဖြင့် ပြည့်လေ၏၊ အလွန်နူးညံ့သော စိတ်ရှိလျက် သုတသောမမင်းကို ထီးနန်းစည်းစိမ်ကိုပေးသော အဘကဲ့သို့ မှတ်ထင်လေ၏၊ ထိုနောက် ငါကား သုတသောမမင်းအား ပူဇော်အပ်သော ဝတ္ထုတစုံတရာကို မမြင်၊ ဂါထာတပုဒ်ကို ဆုတခုစီအားဖြင့် ဆုလေးခုကိုပေးမည် ဟု ကြံစည်လျက် “အဆွေသုတသောမ.... အသင့်အား အကျွန်ုပ်သည် တစုံတရာပူဇော်ဘွယ်ဝတ္ထုကိုမမြင်

ပါ၊ လိုအပ်သော ဆုမြတ်လေးခုကို ပေးပါအံ့၊ အလိုရှိရာ ဆုမြတ်လေးခုကို ယူတော်မူပါ” ဟု တောင်းပန်လေ၏။

**သစ္စာတည်ရန် ထပ်ပြောပြန်**

ထိုအခါ သုတသောမမင်းသည် ပေါရိသာဒစကားကိုကြားလျှင် “အဆွေပေါရိသာဒ… သင်ကား ယုတ်မာသော အကျင့်ရှိ၏၊မိမိသေရမည်ကိုလည်းမသိ၊အကျိုးစီးပွားရှိသည်မရှိသည်၊ အပါယ်သို့သွားရမည် နတ်ပြည်သို့သွားရမည်ကိုလည်းမသိ၊ လူသား၌မက်မော၍ ယုတ်မာသောအကျင့်ရှိသောသင်သည် ဘယ်ဆုကို ပေးနိုင်မည်နည်း” ဟု ပြော၏၊ “အဆွေပေါရိသာဒ….ငါသည်လည်း ယုတ်မာသော အကျင့်ရှိသောသင့်အား ဆုမြတ်ကိုပေးလော့ဟု ဆိုချေအံ့၊ သင်သည်လည်း နှုတ်ဖြင့်သာပေးမည်ဆို၍ တောင်းတိုင်းမပေးအံ့၊ဤသို့တွန့်တိုသဖြင့် ငြင်းခုံခြင်းဖြစ်လတ်သော် ထိုငြင်းခုံရာအရပ်သို့ ဘယ်ပညာရှိလာ၍ ဆုံးဖြတ်မည်နည်း”ဟု ပြောဆိုပြန်၏။

**ပေါရိသာဒ ဝန်ခံရ**

ပေါရိသာဒသည် ဤသုတသောမမင်းကား ငါ့ကိုမယုံကြည်၊ ယုံကြည်အောင် ငါပြုမည် ဟု နှလုံးသွင်းလျက် “အဆွေသုတသောမ…. ဆုမြတ်ကိုပေးပြီးပါလျက် တောင်းတိုင်း မပေးသောသူသည် ဆုမြတ်ကိုပေးရန်မထိုက်ပါ”ဟု ပြော၏၊“အဆွေသုတသောမ‥တွန့်တိုခြင်းမရှိပါ၊ လိုရာဆုမြတ်ကိုယူတော်မူပါ၊ အသက်ကိုစွန့်၍သော်လည်းပေးပါမည်” ဟု ပြောဆိုပြန်၏။

အများချမ်းသာမှု ဆုတောင်းပြု

ထိုအခါ သုတသောမမင်းသည် ဤပေါရိသာဒကားအလွန်ရဲရင့်စွာဝန်ခံပေ၏၊ ငါ့စကားကို လိုက်နာ ပေလိမ့်မည်၊ ဆုမြတ်ကိုတောင်းတော့မည်၊ထိုသို့တောင်းရာ၌ လူသားကို မစားရန် ရှေးဦးစွာတောင်းငြားအံ့၊အလွန်ပင်ပန်းပေလိမ့်မည်၊ အခြားဆုမြတ်များကို တောင်းပြီးမှတောင်းမည် ဟု ကြံစည်လျက် "အဆွေပေါရိသာဒ…. မွန်မြတ်သောသူ အချင်းချင်း စိတ်သဘောညီညွတ်ကြ၏၊ ပညာရှိအချင်းချင်း စိတ်သဘောညီညွတ်ကြ၏၊ သို့အတွက် သင်ပေးအပ်သော ဆုမြတ်လေးပါးကို ငါယူတော့မည်"ဟုပြောဆိုပြီးလျှင်"—

(၁) အဆွေပေါရိသာဒ….သင့်ကို နှစ်ပေါင်းတရာ ပတ်လုံး အနာရောဂါကင်းနေသည်ကို မြင်ရလိုပါ၏၊ ဤပဌမဆုကို ငါယူပါ၏—

ဟု ပဌမဆုကို ယူလေ၏၊ ပေါရိသာဒသည် ဤသုတသောမမင်းကား မိမိစည်းစိမ်ချမ်းသာကိုဖျက်ဆီးလျက် လူသားကိုစားကာ အကျိုးစီးပွားမဲ့ကို ပြုလုပ်နေသော ငါ့၏ အသက်ရှည်ခြင်းကိုပင် အလိုရှိတုံသေး၏၊ အံ့ဘွယ်ရှိပေစွ၊ ငါ၏ အကျိုးစီးပွားကို အလိုရှိပေစွ ဟု အလွန် နှစ်သက်ဝမ်းမြောက်လျက်—

"အဆွေ သုတသောမ…. သင်သည် ငါ့ကိုနှစ်ပေါင်းတရာပတ်လုံး အနာရောဂါ ကင်းနေသည်ကို မြင်ပါလော့၊ ဤပဌမဆုကို ငါပေးပါ၏။

[မှတ်ချက်—သုတသောမမင်းသည် ဤပဌမဆုကို ယူခြင်းကား မိမိအသက်ကို မသတ်ရန် အသက်

ရှည်ရှည်နေခွင့်ရရန် ဝက်ဝတ္တိနည်းပရိယာယ်ဖြင့် လှည့်ပတ်၍ တောင်းခြင်းဖြစ်သည်]

ဟု ပဉ္စမဆုကိုပေးလေ၏၊ ထိုနောက် သုတသောမမင်းသည် တရာသောမင်းတို့ကို မသတ်ဘဲ ချမ်းသာခွင့်ပေးရန် ရည်သန်လျက်—

(၂) "အဆွေပေါရိသာဒ····အဘိသိက်သွန်းလောင်းပြီး၍ ရေမြေကိုအစိုးရသော ဤအရပ်၌ ဖမ်းဆီးထားသည့် တရာသောမင်းတို့၏ အသားကို မစားပါလင့်၊ ဤဒုတိယဆုလည်းငါယူပါ၏—

ဟု ဒုတိယဆုကိုလည်း ယူလေ၏၊ ပေါရိသာဒသည် သုတသောမမင်းအား—

"အဆွေ သုတသောမ···· အဘိသိက် သွန်းလောင်းပြီး၍ ရေမြေကို အစိုးရသော ဤအရပ်၌ ဖမ်းဆီးထားသည့် တရာသောမင်းတို့ကို သတ်၍ အသားကိုမစားပါ၊ ဤဒုတိယဆုကိုလည်း ငါပေးပါ၏"—

ဟု ဒုတိယဆုကိုလည်း ပေးလေ၏၊ ထိုအခိုက် သုတသောမမင်းနှင့် ပေါရိသာဒတို့ ဆုယူဆုပေး ပြုလုပ်လျက် ပြောဆိုနေသောစကားကို တရာသောမင်းတို့သည် အကုန်အစင်မကြားရကုန်၊ ထက်ဝက်မျှသာကြားရကုန်၏၊ ကြားသမျှစကားတို့ကို နားထောင်လျက် ဆင်ခြင်စဉ်းစားကာ တရာသောမင်းတို့သည် "အဆွေတို့···· ယခုအခါ သုတသောမမင်းမြတ်သည် ပေါရိသာဒအား တရားပြသ၍ ဆုံးမလိမ့်မည်၊ မကြောက်ကြလင့်" ဟု အချင်းချင်း အားပေးစကား ပြောကြားကုန်၏။

ထိုနောက် သုတသောမမင်းသည် ဤပေါရိသာဒကား မင်းတို့ကို မစားသော်လည်း ဘေးရန်ကို ကြောက်သော ကြောင့် ကျွန်ပြုလုပ်၍ တော၌သာ နေပေရာ၏၊ သတ်၍ လည်း စွန့်ပစ်ရာ၏၊ ရောင်းမူလည်း ရောင်းချရာ၏ဟု ကြံ စည်လျက်—

(၃) အဆွေပေါရိသာဒ···· သင်ဖမ်းယူကာကြိုးနှင့် သီထားသဖြင့် ငိုယိုနေသည့် တရာသော မင်းတို့ကို ၎င်းတို့၏တိုင်းပြည်အသီးအသီးသို့ ပြန်၍ပို့ပါ၊ ဤ တတိယဆုကို ငါယူပါ၏—

ဟု တတိယ ဆုကိုလည်း ယူလေ၏။

ပေါရိသာဒသည် သုတသောမ မင်းအား—

''အဆွေသုတ သောမ····ငါဖမ်းယူကာ ကြိုး နှင့်သီထားသဖြင့် ငိုယိုနေသည့် တရာသောမင်း တို့ကို ၎င်းတို့တိုင်းပြည်အသီးသီးသို့ ပြန်၍ပို့ပါမည်၊ ဤတတိယဆုကိုလည်း ပေးပါမည်''—

ဟု တတိယ ဆုကိုလည်း ပေးလေ၏။

ထိုနောက် သုတသောမမင်းသည် ဤပေါရိသာဒကား ဆုသုံးခုကို တောင်းတိုင်းပေး၏၊ နူးညံ့ ပြေပျောင်းလာ လေပြီ၊ ယခုအခါ ခက်ခဲဆုံးဖြစ်သောဆုကို တောင်းတော့ မည်ဟု နှလုံးသွင်းကာ—

(၄) အဆွေပေါရိသာဒ····လူသားစားသူခိုးကြီး လာပြီဟု ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် ချောက် ချားသျက် သင့်တိုင်းပြည်သည် ဟင်းလင်းကျန်ရစ်

ခဲ့ပြီ၊ လူများစွာတို့လည်း ပုန်းအောင်း၍ နေကြ
ကုန်၏၊သို့အတွက် သင်သည် လူသားကိုစားခြင်းမှ
ရှောင်ကြဉ်ပါ—

ဟု စုတသောမ ဆုကိုလည်း ယူလေ၏။

စုတသောမ
ခက်ခဲမှု

ထိုအခါပေါရိသာဒသည် ဆုသုံးပါးကဲ့သို့ ရှောရှောရှူရှူ မပေးဘဲ လက်ခုပ်လက်ဝါးတီးကာရယ်သွမ်းသွေးလျက်—

"အဆွေ သုတသောမမင်း.... အဘယ်သို့ဆိုသနည်း၊လူသားကားငါအလွန်နှစ်သက်သောအစာဖြစ်၏၊ ဤအစာကြောင့် ထီးနန်းကိုစွန့်ကာ တောသို့ဝင်ခဲ့ရ၏၊ အသို့ရှောင်ကြဉ်နိုင်မည်နည်း၊ တပါးသောဆုကိုယူပါ ပေးပါမည်"။

ဟု ပြန်ကြားပြောဆိုလေ၏၊ထိုအခါ သုတသောမ မင်းသည် ပေါရိသာဒအား—

"အဆွေ ပေါရိသာဒ.... သင်ကဲ့သို့သော သူသည် ဤဝတ္ထုကို အလွန်နှစ်သက်၏ဟု မိမိကိုယ်ကိုစွန့်၍မမှီဝဲရာ၊ မိမိသည်သာလျှင် ထိုအလွန်နှစ်သက်သော ဝတ္ထုထက် မွန်မြတ်လှ၏၊ မိမိကိုယ်ကိုသာ စောင့်ရှောက်ပါ၊ နှစ်သက်သောဝတ္ထုမှာ နောင်အခါရနိုင်ပါ၏"—

ဟု တရားပြကာ ဆုံးမလေ၏၊ ထိုအခါ ပေါရိသာဒသည် ကြောက်ရွံ့ထိတ်လန့်လျက် ငါသည်သုတသောမမင်းအား ဆုကိုပေးပြီးလျက် ယူလိုသောဆုကို မပေးဘဲနေခြင်းငှါရင်း,လူသားကို စားခြင်းမှ ရှောင်ကြဉ်ခြင်းငှါရင်း

မတတ်နိုင်၊ အသို့ပြုရပါအံ့နည်းဟု မထွေးနိုင် မအန်နိုင်ဖြစ်လျက် မျက်ရည်တို့ဖြင့် တဖြိုင်ဖြိုင်ကျဆင်း၍ ငိုကြွေးမြည်တမ်းလျက်—

"အဆွေသုတသောမ.... သိတော်မူလော့၊ ငါသည် လူသားကို အလွန်ချစ်မြတ်နိုးပါ၏၊ ရှောင်ကြဉ်ခြင်းငှါ မတတ်နိုင်ပါ၊ သို့အတွက် တပါးသောဆုကိုယူပါ"—

ဟု ခယ တောင်းပန်လေ၏၊ တဖန် သုတသောမမင်းသည် ပေါရိသာဒအား—

"အဆွေ ပေါရိသာဒ.... သေသောက် ကြူးသည် အဆိပ်နှင့်ရောသော သေကိုသောက်၍ထိုယုတ်မာသောအမှုကြောင့် တမလွန်ဘဝ၌ ဆင်းရဲရသကဲ့သို့ ထို့အတူ ဤဝတ္ထုကို ငါအလွန်ချစ်မြတ်နိုး၏ဟု မိမိကိုကိုယ် စွန့်ကာမှိုဝဲ၏၊ ထိုသူသည် ထိုယုတ်မာသောအမှုကြောင့် တမလွန်ဘဝ၌ ဆင်းရဲရ၏။

"အဆွေပေါရိသာဒ.... ဤလောက၌ ပညာဉာဏ်ဖြင့်ဆင်ခြင်၍ ချစ်မြတ်နိုးသောဝတ္ထုကို စွန့်လွှတ်၍ ရရသမျှသော ဝတ္ထုကို စားသောက်လျက် ဆင်းရဲငြိုငြင်စွာ မြတ်သောတရားကို မှီဝဲ၏၊ ထိုသူသည် ထိုကောင်းမှုကြောင့် တမလွန်ဘဝ၌ ချမ်းသာရ၏"—

ဟု တဖန် တရားပြ၍ ဆုံးမပြန်၏၊ ထိုအခါ ပေါရိသာဒသည် အလွန်သနားစဖွယ် မျက်နှာငယ်ဖြင့်—

"အဆွေသုတသောမ.... ငါသည် မယ်တော် ခမည်းတော်တို့ကိုငှင်း, အလွန်နှစ်သက်ဘွယ်ရှိသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုငှင်း စွန့်လွှတ်၍ လူသားဟူသောအကြောင်းကြောင့် တောသို့ဝင်ခဲ့ရပါလျက် ထိုဆုကို အဘယ်သို့ ပေးရပါအံ့နည်း"—

ဟု ပြောဆိုကာ ငိုကြွေးမြည်တမ်းလေ၏၊ တဖန် သုတသောမမင်းသည် ပေါရိသာဒအား—

"အဆွေပေါရိသာဒ.... ပညာရှိတို့မည်သည် နှစ်မျိုးသောစကားကို မဆိုကြကုန်၊ မှန်သောဝန်ခံခြင်းရှိကုန်၏၊ အဆွေသုတသောမ.... လိုရာဆုကို ယူလော ဟု ငါ့ကို သင်ဆိုဘိ၏၊ ဆိုပြီးလျက် မပေးနိုင် ဟုဆိုပြန်၏၊သင့်စကားသည် ရှေ့နောက် မညီ"—

ဟု ရှုတ်ချကဲ့ရဲ့လေ၏၊ ပေါရိသာဒသည် တဖန်သုတသောမအား—

"အဆွေသုတသောမ.... ဤ လူသား ကြောင့် မကောင်းမှုကိုရခြင်း၊ စည်းစိမ်အခြံအရံမှ ကင်းခြင်း၊ အကျော်စောမဲ့ခြင်း၊ ယုတ်မာသောအကျင့်ကို များစွာကျင့်ခြင်း၊ညစ်ညူးခြင်းသို့ရောက်ခဲ့ရချေပြီ၊ သို့ပါလျက် သင့်အား ထိုဆုကို အဘယ်မှာပေးနိုင်ပါအံ့နည်း"—

ဟု ပယ်ပြန်၏၊ တဖန် သုတသောမမင်းသည် ပေါရိသာဒအား—

"အဆွေပေါရိသာဒ···· လိုရာဆုကို ယူပါဟု ပေးပြီးပါလျက် တောင်းတိုင်းမပေးသောသင်သည် ဆုကို မပေးထိုက်ပေ၊ အဆွေပေါရိသာဒ···· သင်ကား မတိုက်တွန်းပါဘဲလျက် လိုရာဆုကို ယူပါ၊ အသက်ကိုစွန့်၍သော်ပေးမည် ဟု ဆိုပြီး၍ လည်း တဖန် မပေးနိုင် ဟု ဆိုပြန်၏၊သင့်စကား ရှေ့နောက်မညီလေ"။

"အဆွေပေါရိသာဒ···· သူတော်ကောင်းတို့ သည် အသက်ကိုစွန့်ကုန်၏၊သူတော်ကောင်းတရား ကို မစွန့်ကုန်၊ ဟုတ်မှန်သော ဝန်ခံခြင်းရှိကုန်၏၊ ငါ့ကိုလိုရာဆုကိုပေးပြီးဖြစ်သောကြောင့်ငါတောင်း တိုင်း အမြန်ပေးပါလော့၊ သစ္စာနှင့် ပြည့်စုံပါ လော"။

"အဆွေပေါရိသာဒ···· ပညာရှိသည် မြတ် သောအင်္ဂါကို စောင့်လိုသည်ဖြစ်၍ ဥစ္စာကိုစွန့်ရာ၏၊ အသက်ကို စောင့်လိုသည်ဖြစ်၍ မြတ်သောအင်္ဂါ ကို စွန့်ရာ၏၊ သူတော်ကောင်းသည် သူတော် ကောင်းတရားကို စောင့်လိုသည်ဖြစ်၍ ဥစ္စာကိုငင်း, မြတ်သောအင်္ဂါကိုငင်း အသက်ကိုငင်း စွန့်ရာ၏"။

"အဆွေပေါရိသာဒ···· ပညာရှိသည် အကြင် ပုဂ္ဂိုလ်ထံမှ တရားကို သိရာ၏၊ သူတော်ကောင်းတို့ သည်မူလည်း ပုဂ္ဂိုလ်တယောက်၏ ယုံမှားသံသယ ကိုပယ်ဖျောက်ကုန်၏၊ ထိုသူသည်သာလျှင် ထိုသူ၏

မှိုခိုလည်းလျောင်းရာဖြစ်၏၊ ထိုဆရာဖြစ်သောသူနှင့် အဆွေခင်ပွန်းသဘောကို မဖျက်ဆီးရာ"–

ဟု တရားပြသ ဆုံးမပြန်၏။

**ငိုယိုလျက်သာ ဝန်ခံရှာ**

ပေါရိသာသည် သုတသောမမင်း၏ တရားစကားကို ကြားနာ ရပြန်လျှင် စဉ်းစားဆင်ခြင်ပြန်၏၊ ဤသုတသောမမင်းကား ငါ၏ဆရာလည်းမှန်ပေ၏၊ ငါလည်းဆုပေးမိပြီ၊ အဘယ်သို့ပြုနိုင်အံ့နည်း၊ တခုသောကိုယ်အဖြစ်၌ သေခြင်းတရားကားမြဲ၏၊ ငါသည် သေရသော်လည်း လူသားကိုမစားတော့ပြီ၊ သုတသောမမင်းအား ဆုပေးတော့အံ့ ဆုံးဖြတ်ပြီးလျှင် မျက်ရည်အယဉ်ကို စီးလျက်ပင် နေရာမှထ၍ သုတသောမမင်း၏ ခြေရင်း၌ဝပ်ကာ–

"အိုု-သုတသောမမင်းမြတ်.... စင်စစ်လူသားဟူသောအစာကား အကျွန်ုပ် အလွန်မြတ်နိုးနှစ်သက်သော အစာဖြစ်ပါ၏၊ ဤအစာကြောင့်ပင် တောသို့ဝင်ခဲ့ရပါ၏၊ ဤအစာကို မစားခြင်းဆုကို တောင်းသည့်အတိုင်း ပေးပါ၏၊ လူသားကို မစားတော့ပါ"။

ဟု စတုတ္ထ ဆုကိုလည်း ပေးလေ၏။

**သီလငါးတွေ ခံယူစေ**

ထိုအခါသုတသောမမင်းသည် ပေါရိသာဒကို "အဆွေပေါရိသာဒ.... သီလ၌ တည်သောသူအား သေရခြင်းသည်မွန်မြတ်လှ၏၊ အဆွေပေါရိသာဒ သင်ပေးအပ်သောဆုတို့ကို ငါယူပါ၏၊ ဤနေ့မှစ၍သင်သည် မြတ်သော

အကျင့်၌ တည်သောသူဖြစ်ပေပြီ၊သို့သော်လည်း သင့်ကို ငါ တောင်းပန်ဦးအံ့၊ သင်သည်ငါ၌ အကယ်၍ချစ်ခြင်းရှိသည် ဖြစ်အံ့၊ ငါးပါးသီလကို ခံယူဆောက်တည်ပါဦးလော့”ဟု ပြောဆိုပြီးလျှင် ငါးပါးသီလကို ခံယူဆောက်တည်စေ၏၊ ပေါရိသာဒလည်း ငါးပါးသီလကို ခံယူဆောက်တည်ပြီး လျှင် ငါးပါးသောထိခြင်းဖြင့် ရှိခိုးလျက် လျောက်ပတ် သောအရပ်၌နေ၏။

**နတ်လူနှစ်သက်**
**ကောင်းချီးမြွက်**

ထိုခဏ၌ ဘုမ္မစိုးနတ်တို့သည် အလွန် နှစ်သက်ရွှင်လန်းကုန်လျက် “အချင်း တို့....အောက်အဝီစိမှ အထက်ဘဝဂ် တိုင်အောင် သုတသောမမင်းမှတပါး ဤပေါရိသာဒကို လူ သားစားခြင်းမှ တားမြစ်နိုင်သောသူမည်သည်မရှိ၊ အံ့ဘွယ် ရှိပေစွ၊ ဤသုတသောမမင်းမြတ်သည် ပြုနိုင်ခဲသောအမှု ကို ပြုပေစွတကား”ဟု သည်းစွာသော အသံဖြင့် တော အလုံးကို ပဲ့တင်ထပ်စေလျက် ကောင်းချီးပေးကာ ကြွေး ကြော်ကြကုန်၏။

ထိုအသံကိုကြား၍ စာတုမဟာရာဇ်နတ်တို့သည် တဆင့် ကြွေးကြော် ကြကုန်၏၊ ဤသို့လျှင် ဗြဟ္မာနှစ်ဆယ်တိုင် အောင် အဆင့်ဆင့် ကြွေးကြော်ကြကုန်၏၊ ထိုအခါ တခဲ နက် အုတ်အုတ် ကျက်ကျက်သော အသံသည် ဖြစ်လေ၏၊ ပညောင်ပင်၌ ဆွဲထားသော မင်းတို့လည်း နတ်ဗြဟ္မာတို့ ကောင်းချီးပေးကာ ကြွေးကြော်သောအသံကို ကြားကြ ကုန်၏၊ ပညောင်ပင်စောင့်နတ်လည်း မိမိဗိမာန်၌တည် လျက် ကောင်းချီးပေးကာ ကြွေးကြော်လေ၏၊နတ်တို့၏ရပ်

အဆင်းကိုကား မမြင်ရကုန်၊ အသံကိုသာ ကြားရကုန်၏၊ မင်းတို့လည်း ငါတို့မှာသုတသောမမင်းကို အမှီပြု၍ အသက်ကိုရကြကုန်ပြီဟု သုတသောမမင်းအား ချီးကျူးကြကုန်၏။

**တရားသောမင်းများ လွှတ်ရန်သွား**

ထို့နောက် သုတသောမမင်းသည် ပေါရိသာဒကို "အဆွေ ပေါရိသာဒ…. တရားသောမင်းတို့ကိုလွှတ်ပါ"ဟု တိုက်တွန်း၏၊ ပေါရိသာဒလည်း ကြံပြန်၏၊ "ငါကား ထိုမင်းတို့၏ ရန်သူတည်း၊ငါအကယ်၍ လွှတ်သည်ရှိသော် ငါ့ကို ဝိုင်းဝန်း၍ ဖမ်းပြီးလျှင် ညှဉ်းဆဲကုန်ရာ၏၊ ငါ့မှာ အသက်ကိုစွန့်ရသော်လည်း သီလကို မဖျက်ဆီးကောင်း၊ သုတသောမမင်းနှင့် အတူသွား၍ လွှတ်မည်၊ ဤသို့လွှတ်သည်ရှိသော် ငါ့အား ဘေးမရှိသည်ဖြစ်လတံ့"ဟု နှလုံးသွင်းကာ သုတသောမမင်းကိုခေါ်၍ တိုင်ပင်ပြီးလျှင် လွှတ်ရန် မင်းတို့ထံ သွားလေ၏။

**သုတသောမ မင်းများဆုံးမ**

တရားသော မင်းတို့သည် သုတသောမမင်းကိုမြင်လျှင် ယခုအခါ ငါတို့သည် ဘေးမရှိကုန်၊ အသက်ကိုရကြကုန်ပြီဟု သည်းစွာသော အသံဖြင့် တပြိုင်နက် ဟစ်ခေါ်ကြွးကုန်၏၊ ပေါရိသာဒနှင့် သုတသောမမင်းတို့ရောက်လျှင် သုတသောမမင်းသည် မင်းတို့ကိုပြစ်မှားသော ငါ့အဆွေပေါရိသာဒအား ဘေးမရှိစေလင့်၊ အချင်းချင်း ချစ်ကြည်လေးမြတ်ပါစေဟု နှလုံးသွင်းလျက် မင်းတို့အား "အိုမင်းမြတ်တို့…. မကြောက်ကြကုန်လင့်"ဟု အားပေးစကား ပြောကြား ပြီးလျှင် ငါသည် လူသားစားပေါရိသာဒကို ဆုံးမအပ်ပြီ၊ သင်မင်းမြတ်တို့အား ဘေးမရှိအောင်ပြုအပ်ပြီ၊ သို့အတွက်

သင်မင်းမြတ်တို့သည် လွှတ်လိုက်သောအခါ ဤပေါရိသာဒကား ငါတို့ကို နှိပ်စက်ညှဉ်းဆဲသောသူတည်းဟု ဝိုင်းဝန်းဖမ်းဆီးကာ သတ်ဖြတ် ညှဉ်းဆဲခြင်းကို မပြုကြပါဟု သင်တို့ဝန်ခံကြရမည်၊ ဝန်ခံကြလျှင် ငါလွှတ်စေမည်'' ဟု ပြောဆိုလေ၏။

**မင်းများတာဝန်ခံ လွှတ်ပစ်ပြန်**

ထိုအခါမင်းတို့သည် သုတသောမမင်းစကား ကြားလျှင် ''အို- အရှင်သုတသောမမင်းမြတ်.... အမိအဘတို့သည် အစဉ်သနားကုန်လျက် အကျိုးစီးပွားကို လိုလားသကဲ့သို့ ထို့အတူ ဤပေါရိသာဒသည် အကျွန်ုပ်တို့၏ အမိအဘကဲ့သို့ ဖြစ်ပါစေသတည်း၊ အကျွန်ုပ်တို့လည်း ထိုပေါရိသာဒ၏ သားသမီးတို့ကဲ့သို့ ဖြစ်ပါကုန်အံ့ဟု ဝန်ခံကတိပေးကြကုန်၏။

သုတသောမ မင်းသည် ထိုမင်းတို့၏ ဝန်ခံကတိကိုယူ၍ ပေါရိသာဒကို ခေါ်ပြီးလျှင် ချည်ထားသော ကြိုးတို့ကို ဖြတ်၍ လွှတ်စေ၏၊ ပေါရိသာဒလည်း အမှတ်မဲ့ဖြစ်၍ မင်းတပါး၏ ဖွဲ့ချည်ထားသောကြိုးကို သန်လျက်ဖြင့် ဖြတ်လိုက်၏၊ မင်းသည် ခုနစ်ရက် အစာနှင့်ကင်း၍ ဆင်းရဲခြင်းသို့ရောက်နေရကား ကြိုးပြတ်သည်နှင့်တပြိုင်နက် မိန်းမောတွေဝေလျက် မြေ၌လဲလေ၏၊ ထိုအခါ သုတသောမမင်းမြင်လျှင် အလွန်သနားလှသဖြင့် ပေါရိသာဒအား ဤလိုအရမ်းမဖြတ်ရန် တားမြစ်ပြီးလျှင် နောက်နောက်မင်းတို့၏ ကြိုးတို့ကိုဖြတ်ခါနီးတွင် မိမိကိုယ်တိုင် ရင်ကိုလက်တို့ဖြင့်ပိုက်၍ထား၏၊ ပေါရိသာဒလည်း အသာအယာဖြတ်ရ၏၊ဤနည်းဖြင့် အလုံးစုံသော မင်းတို့ကို လွှတ်လေ၏။

**ပြည်တော်ပြန်က နှုတ်ဆက်ကြ**

ထိုနောက် သုတသောမမင်းသည် မင်းတို့ကိုမြေ၌အိပ်စေ၍ လက်မှကြိုးတို့ကို နားဖောက်ထားသော ကလေး၏ နားကြီးကိုဖြုတ်သကဲ့သို့ အသာအယာဖြုတ်ပြီးလျှင် သွေးစေးပြည်စေးတို့ကို ဆေးကြော၍ ပေါရိသာဒအား သစ်ခေါက်ကိုသွေး၍ ယူခဲ့စေပြီးလျှင် အနာတို့၌ လိမ်းကျံကာ သစ္စာပြုလေ၏၊ သစ္စာပြုသောခဏ၌ မင်းတို့၏အနာသည် အသားနုတက်၍ ပျောက်ကင်း ချမ်းသာလေ၏၊ ပေါရိသာဒလည်း ဆန်ကိုယူ၍ထမင်းလုံးမရှိညက်ကြေအောင်ယက်မန်းရည်ကျဲကျဲကျို၍ တိုက်လေ၏၊ထိုအခါ နေသည်ဝင်ခဲ့လေ၏၊ ဤသို့လျှင် သုံးရက်တိုင်အောင် တိုက်လေ၏၊ ထိုနောက် ယာဂုပြစ်ပြစ်ကို တိုက်လေ၏၊ မင်းတို့သည် အားရှိ၍လာကုန်၏၊ သုတသောမမင်းသည် မင်းတို့ကို သွားနိုင်ကြကုန်ပြီလောဟု မေးလေ၏၊ တရာသောမင်းတို့လည်း သွားနိုင်ပါပြီဟု ပြောဆိုပြီးလျှင် သွားရန် ပြင်ဆင်ကြကုန်၏၊ ပေါရိသာဒကိုလည်း "အဆွေ ပေါရိသာဒ....လာလှည့်၊ မိမိတို့ တိုင်းပြည်သို့ ပြန်မည်"ဟု ပြောဆိုလေ၏။

**ပေါရိသာဒခေါ်ဆို ငြင်းဆန်လို**

ပေါရိသာဒသည် ငိုကြွေးလျက် သုတသောမမင်း၏ ခြေတို့၌ဝပ်၍ "အဆွေ သုတသောမ.... သင်သည် သာလျှင် မင်းတို့ကိုခေါ်၍သွားပါ၊ အကျွန်ုပ်မူကား ဤတောအရပ်၌သာလျှင် သစ်သီး သစ်ဥတို့ကိုစား၍ နေပါတော့အံ့" ဟုပြော၏၊"အဆွေ ပေါရိသာဒ....ဤတောအရပ်၌ အသို ပြုအံ့နည်း၊သင်၏တိုင်းပြည်သည် အလွန်မွေ့လျော်ဘွယ်ရှိ၏၊ မင်းပြုပါလော့"ဟု ပြော၏၊ "အဆွေ သုတသောမ....

အကျွန်ုပ်သည် ဗာရာဏသီပြည်သို့ မသွားဝံ့ပါ၊ အလုံးစုံသော မြို့သူတို့သည်အကျွန်ုပ်၏ရန်သူတို့တည်း၊ဤပေါရိသာဒကား ငါ့အမိကိုစား၏၊အဘကိုစား၏၊မောင်ကိုစား၏၊ နှမကိုစား၏၊ ဤသူခိုးကိုဖမ်းကြကုန် စသည်ဖြင့်ဆဲရေးကြကုန်လတ္တံ၊အယုတ်သဖြင့် လှံကန်တခုစီကိုင်၍၎င်း,ခဲတခုစီကိုင်၍၎င်း ရိုက်နှက်ပစ်သတ်ကြကုန်လတ္တံ၊ အကျွန်ုပ်သည်လည်း သီလဆောက်တည်အပ်ပြီ၊ အသက်ဟူသော အကြောင်းကြောင့်လည်း သူတပါးကို မသတ်ကောင်း၊ သို့အတွက် မလိုက်လိုပါ”ဟု ဗွတ်အတင်း ငြင်းပယ်လေ၏။

**ဖြောင်းဖြသွေးဆောင်လိုက်ချင်အောင်**

ထိုအခါ သုတသောမ မင်းသည် ပေါရိသာဒ၏ကျောကို လက်ဖြင့် သုံးသပ်၍ “အဆွေ ပေါရိသာဒ.... ငါသည် ရှန့်ရင်းကြမ်းကြုတ်သော သင့်ကိုစဉ်လျက် ဆုံးမနိုင်သေး၏၊ ဗာရာဏသီပြည်သားတို့ကို ဆုံးမရာ၌ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း၊ငါသည်သင့်ကို ဗာရာဏသီမင်းအဖြစ်၌တည်စေအံ့၊ အဘယ်၌ မဘတ်နိုင်လျှင် ငါ၏တိုင်းပြည်ကို ထက်ဝက်ခွဲ၍မင်းပြုစေအံ့”ဟုပြော၏၊“အဆွေ သုတသောမ...သင့်တိုင်းပြည်၌ ငါ့ရန်သူတွေများသည်သာတည်း”ဟု ပြောဆိုကာအတင်းငြင်းပယ်ပြန်လေ၏၊ထိုအခါ သုတသောမမင်းသည် ဗာရာဏသီပြည်၏ ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းကာ လိုက်စေမည်ဟု ကြံစည်ပြန်၍ပေါရိသာဒအား ဗာရာဏသီပြည်၏ ဂုဏ်ကျေးဇူးတို့တွင်ရှေးဦးစွာအစာဖြင့်ဖြားယောင်း၏၊နှစ်ကြိမ်မြောက် ကိလေသာဖြင့် ဖြားယောင်း၏၊ သုံးကြိမ်မြောက်အိပ်ရာနေရာဖြင့် ဖြားယောင်း၏၊လေးကြိမ်မြောက် ကခြင်း သီခြင်း တီးမှုတ်ခြင်းဖြင့် ဖြားယောင်း၏၊

ငါးကြိမ်မြောက် ဥယျာဉ်ရေကန်မြို့ရွာဖြင့် ဖြံ့းယောင်း၏၊ ဤသို့ ငါးပါးသော အကြောင်းတို့ဖြင့် မြို့၏ပြည့်စုံခြင်းကို ချီးမွမ်းပြီးလျှင် "အဆွေပေါရိသာဒ....လာလှည့်၊ငါသည် သင့်ကို ယူဆောင်၍သွားပြီးလျှင် မင်းအဖြစ်၌ တည်စေအံ့၊ အကယ်၍ ဗာရာဏသီပြည်ကို မရအံ့၊ ငါ၏တိုင်းပြည်ကို ထက်ဝက်ခွဲ၍ပေးအံ့၊ တော၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါ့စကားကို နားထောင်ပါ" ဟု ဖြောင်းဖြပြောပြန်၏။

**တိုင်းပြည်ပြန်မှု ဝန်ခံပြု** ပေါရိသာဒသည် သုတ သောမ မင်းစကားကို ကြားရလျှင် လိုက်လိုသောဆန္ဒဖြစ်၍လာ၏၊ ဤသုတသောမမင်းကား ငါ့အဘို့အစဉ်သနား၏၊အကျိုးစီးပွားကို လိုလား၏၊ ရှေးဦးစွာ ကောင်းမှု၌ တည်စေ၏၊ စည်းစိမ်ချမ်းသာ၌လည်း တည်စေနိုင်လတံ့၊ တတ်နိုင်လတံ့၊ ငါသည် ထိုမင်းနှင့်အတူသွားခြင်းငှါသင့်၏၊ ကြံစည်ဆုံးဖြတ်၍ သုတသောမမင်း၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူး ပြောဆိုပြီးလျှင် "အဆွေသုတသောမ....သင့်စကားကိုနားထောင်ပါမည်၊ သင်နှင့်အတူပင် လိုက်တော့မည်" ဟု ဝန်ခံလေ၏။

**ပေါရိသာဒခေါင်း မြိတ်တော်ဝင်** သုတသောမမင်းလည်း ပေါရိသာဒကို ၎င်း,တရာသောမင်းတို့ကို၎င်းယူဆောင်ပြီးလျှင် ဗာရာဏသီပြည်သို့ သွားလေ၏၊ ဇာနပုဒ်ပစ္စန္တရွာရှိမြို့ ဇနပုဒ်သို့ရောက်လျှင် ဇနပုဒ်သားတို့သည် မှူးမတ်တို့ထံလျှောက်ထားသဖြင့် မှူးမတ်တို့သည် ဗိုလ်ပါအပေါင်းကိုယူကာ လာခဲ့ကြ၍ သုတသောမမင်းကို

ခြံရံကုန်၏၊ သုတသောမမင်းလည်း များစွာသောအခြံ အရံဖြင့် ဗာရာဏသီမြို့တော်သို့ ရောက်လေ၏၊ ထိုအခါ ပေါရိသာဒ၏သားသည် မင်းပြုလျက်ရှိ၏၊ စစ်သူကြီးကား ကာဠဟတ်ပင်တည်း။

**သုတသောမမင်းသာ ဝင်စေရာ**

ပြည်သူတို့သည် မင်းကြီးကို သုတသောမမင်းသည် ပေါရိသာဒကို ဆုံးမ၍ ယူဆောင်ကာ မြို့တော်သို့ ရောက်လာသတတ် ဟု လျှောက်ထားကုန်၏၊ ပေါရိသာဒအား မြို့သို့ မဝင်ရ ဟု တံခါးတို့ကို လုံခြုံစွာပိတ်ကုန်လျက် လက်နက်စွဲကိုင်ကာ စောင့်ရှောက်ကြကုန်၏၊ သုတသောမမင်းသိလျှင် ပေါရိသာဒနှင့် တရာသောမင်းတို့ကိုထားခဲ့၍ အမတ်တယောက်နှစ်ယောက်ကို ခေါ်ယူကာ လာလတ်၍"အချင်းတို့····ငါကား သုတသောမမင်းတည်း၊ တံခါးကိုဖွင့်ကြပါကုန်" ဟု ပြောကြားလေ၏၊ မင်းချင်းတို့သွား၍ မင်းကြီးအား လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း လျင်မြန်စွာမြို့တံခါးကို ဖွင့်စေ၏၊ သုတသောမမင်းလည်း မြို့တွင်းသို့ ဝင်လေ၏။

**ပေါရိသာဒအရေး စစ်သူကြီးမေး**

မင်းနှင့် ကာဠဟတ်စစ်သူကြီးတို့လည်း ခရီးဦးကြိုဆိုကြလျက် နန်းတော်သို့ပင့်ဆောင် ပြီးလျှင် သုတသောမ မင်းကို မင်း၏နေရာ၌ နေစေ၏၊ သုတသောမမင်းလည်း ပေါရိသာဒ၏ မိဖုရားကြီးကိုင်း, မှူးမတ်တို့ကိုင်း ခေါ်စေ၏၊ ကာဠဟတ်စစ်သူကြီးကိုကား "အချင်းကာဠဟတ်····ပေါရိသာဒကို အဘယ်ကြောင့်မြို့တွင်းသို့ မဝင်စေသနည်း" ဟု

မေးလေ၏၊ "အရှင်မင်းမြတ်....ပေါရိသာဒသည် မင်းပြုသောအခါ များစွာသောလူတို့ကို စားဘိ၏၊ မင်းဘကာတို့မပြုကျင့်သော အမှုကို ပြုကျင့်ဘိ၏၊ ယုတ်မာသောအကျင့်ရှိ၏၊ ထို့အတွက် မြို့တွင်းသို့ မဝင်ခစေပါ" ဟု လျှောက်ထားလေ၏၊ "အချင်းကာဠဟတ်....ပေါရိသာဒသည် ဤသို့သဘောရှိသော အမှုကို မပြုလတံ့၊ ငါဆုံးမအပ်ပြီ၊သီလ၌တည်စေအပ်ပြီ၊ အသက်ဟူသောအကြောင်းကြောင့်လည်း သတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲတော့မည်မဟုတ်၊ သင်တို့အား ဘေးရန်မရှိပြီ၊ ဤသို့မပြုကြလင့် ဟု မိန့်ဆိုလေ၏။

**ကျိုးကြောင်းပြသ ဆိုဆုံးမ**

တဖန် သုတသောမမင်းသည်ပေါရိသာဒ၏သားတော်မင်းအား "မင်းမြတ်..သားတို့မည်သည် အမိအဘတို့ကိုလုပ်ကျွေးအပ်ကုန်၏၊ လုပ်ကျွေးသော သားသမီးတို့သည် နတ်ပြည်သို့ရောက်ရကုန်၏၊မလုပ်ကျွေးသောသားသမီးတို့သည် အပါယ်သို့ ရောက်ရကုန်၏"ဟု ဆုံးမ၏၊ တဖန် စစ်သူကြီးအား "အချင်းကာဠဟတ်.... သင်သည် မင်း၏အဆွေခင်ပွန်းလည်းဖြစ်၏၊ မင်းကို ခစားမှီခိုသော အမတ်လည်းဖြစ်၏၊ သင့်ကို မင်းသည်ပင် ကြီးမားသော စည်းစိမ် ချမ်းသာ၌ တည်စေ၏၊ သင်သည် မင်း၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်းငှါ သင့်၏ဟု ဆုံးမ၏၊ တဖန် မိဖုရားကြီးအားလည်း "အရှင်မိဖုရား....သင်သည်လည်း မိဘအိမ်မှလာ၍ ထိုမင်း အထံမှာပင် မိဖုရားကြီးဖြစ်ရ၏၊ ထိုမင်းကိုမှီ၍ သားသမီးတို့ တိုးပွားရ၏၊သင်လည်းမင်း၏ အကျိုးစီးပွားကို ကျင့်ခြင်းငှါသင့်၏" ဟု ဆုံးမ၏၊ထိုနောက်တဖန်—

"အို-မင်းများတို့.... မအောင်အပ် မအောင် ကောင်းသော မိဘတို့ကိုအောင်နိုင်သောမင်းသည် မင်းမမည်ပေ"။

"မအောင်အပ် မအောင်ကောင်းသောအဆွေ ခင်ပွန်းကို အောင်နိုင်သော အဆွေခင်ပွန်း သည် လည်း အဆွေခင်ပွန်း မမည်ပေ"။

"လင်အား မကြောက်ရွံ့ မရိုသေသောမယား သည်လည်း မယားမမည်ပေ"။

"အိုမင်းသော မိဘကို မလုပ်ကျွေး မမွေးမြူ သောသားသမီးသည်လည်းသားသမီးမမည်ပေ"။

"ပညာရှိ သူတော်ကောင်း မရှိသော သဘင် သည်လည်း သဘင်မမည်ပေ"။

"ဟုတ်မှန်သော တရားစကားကို မပြောဆို သောသူတော်ကောင်းသည်လည်း သူတော်ကောင်း မမည်ပေ"။

"ရာဂ, ဒေါသ, မောဟတို့ကို ပယ်စွန့်၍ဟုတ် မှန်သော တရားစကားကိုဆိုသော သူတော်ကောင်း တို့သည်သာ သူတော်ကောင်းတို့ မည်ကုန်၏"။

"အို-မင်းများတို့....သူမိုက်တို့နှင့် ပေါင်းဘော် ရောနှောသော ပညာရှိကို မပြောဆိုသည် ရှိသော် ပညာရှိဟု မသိကြကုန်"။

"သေခြင်းကင်းသော နိဗ္ဗာန်ကို ဟောကြား တတ်သော ပညာရှိကို ပြောဆိုမှသာလျှင် ပညာရှိ ဟုသိကြကုန်၏"။

"ထိုကြောင့် ဟုတ်မှန်သော သဘောတရားကို ပြောဆိုရာ၏၊ ထွန်းပစေရာ၏၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ကောင်းစွာ ဟောပြောအပ်သော တရားတော်တည်းဟူသော တံခွန်ရှိကြကုန်၏၊ ထိုတံခွန်ကို ချီးမြှောက်ရာ၏၊ အမှန်အားဖြင့် တရားတော်ကား ထိုသူတော်ကောင်း တို့၏ တံခွန်မည်၏"။

ဟု အကျိုးအကြောင်းကို ပြကာ တရားဟောပြန်၏။

**ပေါရိသာဒကို သွား၍ကြို**

ထိုအခါ ပေါရိသာဒ၏ သားတော်မင်းသည်၎င်း, စစ်သူကြီး ကာဠဟတ်သည်၎င်း, မိဖုရားကြီးသည်၎င်း မဟာသုတသောမ မင်းမြတ်၏တရားကို ကြားနာရလျှင် အလွန်နှစ်သက် ရွှင်လန်းသော စိတ်ရှိကြလျက် သုတသောမမင်းအား"အရှင်မင်းမြတ်····အကျွန်ုပ်တို့သွားပါကုန်အံ့၊ပေါရိသာဒကို ဆောင်ယူပါ ကုန်အံ့"ဟု လျှောက်ထား ပြီးလျှင် ဗာရာဏသီတမြို့လုံးကို စည်လည်စေပြီးလျှင် စည်းဝေးစေ၍"အမောင်တို့····သင်တို့သည် ပေါရိသာဒကိုမကြောက်ကြလင့်၊ ငါတို့အရှင်မင်းကြီးသည် တရားတော်၌ တည်ရှိပေပြီ၊ လာကြကုန်၊ ငါတို့မင်းကြီးကို ပင့်ဆောင်ကြကုန်အံ့" ဟု ခေါ်ယူပြီးလျှင် သုတသောမမင်းမြတ်ကို ရှေ့မှထား၍ ပေါရိသာဒထံ သွားကြကုန်၏။

**အဘိသိက်သွန်းလတ် ဝီးနန်းပြန်အပ်**

ပေါရိသာဒထံရောက်လျှင် ဆံမုတ်ဆိတ်တို့ကို ပြင်ဆင်ခြင်း, ရေချိုးခြင်း, နံ့သာလိမ်းခြင်း, တန်ဆာဆင်ခြင်း စသည်

တို့ကို ပြုလုပ်ပြီးလျှင် ရတနာအစု၌ထားကာ အဘိသိက် သွန်း၍ မင်းမြှောက်ကြကုန်၏၊ ထိုနောက်ပေါရိသာဒသည် မင်းအဖြစ်ကိုရပြီးလျှင် မြို့တွင်းသို့ဝင်တော်မူ၍ သုတသောမ မင်းအားရင်း, တရာသော မင်းတို့အားရင်း များစွာသော ပူဇော်သက္ကာရကို ပြုစေ၏၊ သုတသောမမင်းသည် လူသား စား ပေါရိသာဒကိုဆုံးမ၍ မင်းအဖြစ်ကို ပေးသတတ်ဟု ဇမ္ဗူဒိပ်တကျွန်းလုံး၌ ကြီးစွာသော အုတ်အုတ်ကျက်ကျက် သည် ထင်ရှားဖြစ်လေ၏၊ ဣန္ဒပတ္တနဂိုရ်ပြည် သူတို့လည်း သုတသောမမင်း ကြွလာတော်မူရန် တဖန် တမန် စေ လွှတ်ကြကုန်၏။

**ဆုံးမမှာကြား ပြည်ပြန်သွား**

သုတသောမမင်းမြတ်လည်း ဗာရာဏသီပြည်၌ တလကြာနေပြီးလျှင် ပေါရိသာဒမည်သော ဗြဟ္မဒတ် မင်းအား “အဆွေတော်ဗြဟ္မဒတ်.... ငါတို့သွားကုန်အံ့၊ မမေ့မလျော့ နေရစ်ပါလော့၊ မြို့တံခါး လေးမျက်နှာတို့၌ရင်း, နန်းတော်တံခါး၌ရင်း ဤငါးဌာနတို့၌ အလှူတင်းကုပ်ငါးဆောင်ကို ဆောက်လုပ်ပြီးလျှင် နေ့စဉ်မပြတ်အလှူကိုပေးလော့၊ သီလကိုဆောက်တည်လော့၊ ဥပုသ်ကိုစောင့်သုံးလော့၊ အဂတိမလိုက်စားဘဲ မင်းကျင့်တရားဆယ်ပါးနှင့် အညီ မင်းပြုလော့”ဟု ဆုံးမပြီးလျှင် တရာသောမင်းတို့နှင့် တကွ မှူးမတ်ဗိုလ်ပါ စစ်သည်များစွာခြံရံလျက် ဗာရာဏသီမြို့တော်မှ ထွက်တော်မူခဲ့၏၊ ပေါရိသာဒ မည်သော ဗြဟ္မဒတ်မင်းလည်း မြို့တော်မှထွက်၍ ခရီးထက်ဝက်တိုင်အောင် ပို့ပြီးမှပြန်ခဲ့၏၊ သုတသောမမင်းလည်း တရာ

သောမင်းတို့အား ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်တို့ကိုပေး၍ မိမိ မိမိတို့ မြို့တော်သို့ပြန်ကြရန် လွှတ်လိုက်၏၊ မင်းတို့လည်း သုတသောမမင်းကို ရှိခိုးကန်တော့ပြီးလျှင် မိမိ မိမိတို့မြို့တော်သို့ ပြန်ကြကုန်၏။

သုတသောမမင်းလည်း မြို့တော်သို့ရောက်လျှင် ဇမ္ဗူ ပတ္တနဂိုရ်တမြို့လုံးကို နတ်မြို့ကဲ့သို့ တန်ဆာဆင်စေ၍ မြို့တော်သို့ ဝင်လေ၏၊ မယ်တော် ခမည်းတော်တို့ကို ရှိခိုးပြီးလျှင် ရွှေနန်းပြာသာဒ်တော်သို့ တက်တော်မူ၏။

**ညောင်ပင်အနီးဝယ် ရွာကြီးတည်**

တနေ့သ၌ သုတသောမ မင်းသည် ပညောင်ပင်စောင့်နတ်ကား ငါ့အားများစွာ ကျေးဇူးပြုပေ၏၊ ထိုပညောင်ပင်စောင့်နတ်အား ပူဇော်သက္ကာရကို ပြုမည်ဟု ကြံစည်တော်မူပြီးလျှင် ပညောင်ပင်၏အနီး၌ ကြီးစွာသောကန်ကို တူးဖေါ်စေ၏၊လူမျိုးစုံနေရာ ကြီးစွာသောရွာကိုတည်စေ၏၊ ထိုရွာကြီးကား ကျယ်ဝန်း၍ ရှစ်သောင်းသောအိမ်ခြေတို့ဖြင့် တင့်တယ်စည်ကားလှ၏၊ ခြေကျားကိုဆိုးမရာ အရပ်၌တည်သောကြောင့် (ကမ္မာသ ဒမ္မနိဂုံး)ဟု ခေါ်တွင်လေ၏၊ ပညောင်ပင်အရင်းကိုလည်း အခက်ဖျားရောက်ရာတိုင်အောင် မြေကို ညီညွတ်သန့်ရှင်းအောင်ပြုပြင်စေ၏၊ အရပ်လေးမျက်နှာမှကာရံလျက် ပွတ်လုံး ပွတ်တိုင် တံခါးမုခ် တံခါးတိုင် တံခါးဖို့ကို ပြုလုပ်စီရင်၏၊ ပညောင်ပင်စောင့်နတ်လည်း အလွန်နှစ်သက်၏၊ ထိုနိဂုံးရွာသားတို့ကိုလည်း ပူဇော်သက္ကာရပြုစေ၏။

အလုံးစုံသောမင်းတို့လည်း သုတသောမမင်း၏ အဆုံးအမ၌တည်ကုန်၍ ဒါန,သီလစသော ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်ကြလျက် သေလွန်သောအခါ နတ်ပြည်သို့လားရကုန်၏။

ဇာတ်ပေါင်း

ဤသို့ လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပေါရိသာဒမင်းသည်- ယခုအခါ အင်္ဂုလိမာလ။

※ ကာဠုဟတ်စစ်သူကြီးသည်- သာရိပုတ္တရာ။

※ နန္ဒပုဏ္ဏားသည်- အာနန္ဒာ။

※ ပဉ္စောင်ပင်စောင့်နတ်သည်- မဟာကဿပ။

※ သိကြားမင်းသည်- အနုရုဒ္ဓါ။

※ ကြွင်းသောမင်းတို့သည်- ငါဘုရားပရိသတ်။

※ မယ်တော်ခမည်းတော်တို့သည်- သာကီဝင်မင်းမျိုးဖြစ်သော မယ်တော်ခမည်းတော်။

※ သုတသောမမင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မျိုးဇာတ်တူငြား၊ ယင်းအသား၊ မစားကောင်းသည်သာ။

(၂) ဇာတ်တူစားပြီး၊ သေပျက်စီး၊ ငါးကြီးအာနန္ဒာ။

(၃) ဟံသာကိုးသောင်း၊ ပျက်ဘူးကြောင်း၊ ထုံးဟောင်းတမျိုးလာ။

(၄) ဖြဟ္မဒတ်ကား၊ လူသားစား၊ တိုင်းကားစွန့်ရှေ့ရှာ။
(၅) ပေါရိသာဒ၊ အမည်ရ၊ ယုတ်လှကျင့်မူရာ။
(၆) သုဘသောမ၊ တရားပြ၊ ကျွတ်ရထိုစဉ်ခါ။
(၇) တရာ့တပါး၊ မင်းအများ၊ လားရနတ်တို့ရွာ။
(၈) ပညာရှိခေါ်၊ မြတ်သူတော်၊ ပေါင်းဘော်ကျိုးများစွာ။
(၉) ပစ္စုပ်တမလွန်၊ ပညာဝန်၊ ပြည့်လွန်ကျိုးရှိရာ။
(၁၀) ကုသိုလ်တရား၊ အားထုတ်ငြား၊ လားလိမ့်နိဗ္ဗာန်သာ။

မဟာသုတသောမဇာတ်ပြီး၏။

အသီတိနိပါတ်စကားပြေပြီး၏။

# နိပါတ်တော်စကားပြေ

# ဤတွင် ပြီးပြီ။

# နိဂုံး

(၁) ရမ္မဏီယ နဂရဿ၊
တိံ သုသဘော ပုရတ္ထိမေ။
ဂါမကေ သန္တနိဝါသော၊
(အလာတတ်)တိ သုပါကဋေ။ ။

(၂) ဂဟပ္ပတိကုလေ သုတော၊
ရတနတ္တယ မာမကော။
သုဇာတိယာ သုဇာတေန၊
အနေကသတ္ထကာရိနာ။ ။

(၃) (ပဌမကျော် ဦးကြီးဖေ)တိ၊
ရာဇဒတ္တိယလဒ္ဓိနာ။
တေပညာသဝဿေန၊
ပညာဗိဝေန ဓိမတာ။ ။

(၄) ကတေသော ပညာသာဓိကာ၊
ပဏ္ဏသတနိပါတကော။
စုဏ္ဏိယော သာရသံယုတ္တော၊
သန္တေဟိ မာနိတော သုဘော။ ။

(၅) ကေဝိသတိခဏ္ဍေဟိ၊
မဏ္ဍိတော အတ္ထသံဟိတော။
သတ္တတိံသ ပဏ္ဏသတ၊
ဇာတကေဟိ သုလင်္ကတော။ ။

(၆) ဝေါဟာရေတု နဝါဓိကာ၊
တိသတေကသဟဿကေ။
ဖုဿ မာသ ကာလပက္ခေ၊
ဒုတိယေ သောရိဝါရကေ။ ။

(၇) မြမ္မရဋ္ဌ ဝိပ္ပမုတ္တော၊
သကရာဇေန သောဘိတော။
အဋ္ဌာရသဟိ မာသေဟိ။
အနာယာသေဟိ နိဋ္ဌိတော။ ။

(၈) ကတေန တေန ပုညေန၊
ရမေ ပရတ္ထကာရိနာ။
န ကမ္မေ လောကဓမ္မေန၊
ကရေ ပညာယ ဇီဝိတံ။ ။

(၉) လဘေ ဇာတိသရညာဏံ၊
ခမေ ဣဋ္ဌ မနိဋ္ဌကံ။
ဇီဝိတံ စဇေ မာနောပိ၊
နစဇေ သန္တာဘာဝိကံ။ ။

(၁၀) ဘဝေယျံ ပုရိသာဇညံ၊
ကာယ ညာဏ ဗလာ ယုတံ။
တာရေယျံ ဒုက္ခတောသတ္တံ၊
ကရေယျံ ပရနိဿယံ။ ။

(၁၁) စရ ရာဇာ ရာဇဓမ္မံ၊
သဗ္ဗံ ရက္ခတု မေဒနိံ။
ဝိပ္ပမုတ္တံ မြမ္မရဋ္ဌံ၊
စိရံ ဌာတု သရာဇကံ။ ။